
www.burmeseclassic.com



www.burmeseclassic.com

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၅၊ ဇူလိုင်လ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ *Myat Min Han*
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
ဖြိုးဝေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
သစ္စာရှိသောရဲဘက်မှဆိုးများ/ထောင်မှူးကြီးသိန်းဝင်း။ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၄၆-စာ ၊ ၁၃ စင်တီ x ၂၀ . ၅စင်တီ။
(၁) သစ္စာရှိသောရဲဘက်မှဆိုးများ

BURMESE CLASSIC

## စာရေးသူ၏ အမှာစာ

စာရေးသူကျွန်တော်သည် အကျဉ်းထောင်နှင့် အလုပ်စခန်းများ၌ ၁၉၇၅ခုနှစ်မှ ၁၉၉၁ခုနှစ်အထိ အနှစ်(၂၀)ခန့် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ တွေ့သည့်လူနှင့် တည့်အောင်ပေါင်းပြီး ရောက်သည့်အရပ်တွင် အခြေချ၍ ပျော်ရွှင်အောင်နေတတ်သော ကျွန်တော်၏ အလေ့အထ၊ ထောင်အရာရှိ ဖြစ်သော်လည်း ဖိမ်ခံမနေတတ်ဘဲ လေ့လာဆည်းပူးတတ်သော မွေးရာပါ ဝါသနာဗီဇကြောင့်လည်း ဖော်ပြပါ အကျဉ်းဦးစီးဌာနတွင် အနှစ်(၂၀)ခန့် တာဝန်ထမ်းဆောင်ပေးရသည့် အချိန်အတွင်း အကျဉ်းထောင်များ၏ ယုဝ်ငန်းနှင့် ဘဝအကြောင်းအရာများ၊ အကျဉ်းသား၊ အကျဉ်းသူ၊ ထောင်ဝန်ထမ်း အရာရှိကြီးငယ်တို့ ဘဝဖြတ်လမ်းများအား ခံစားတွေ့ထိပြီး စာမျိုးစုံရေးသားခဲ့ဖူးပါသည်။

ကျွန်တော်နှင့်အတူ ထောင်ဝန်ထမ်းစာရေးဆရာများလည်း များစွာပေါ်ထွက်ခဲ့ဖူးပါသည်။ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာ မြောင်းမြမောင်တို့နှင့် ဆရာဦးရန်အောင်မောင်မောင်တို့၏ ထောင်ဝတ္ထုများကို ဖတ်ရသောအချိန်က



www.burmeseclassic.com

www.burmeseclassic.com

ထောင်အရာရှိလုပ်ရသည့်သူများမှာ လူပေါင်းစုံဖြင့်ဆက်ဆံရပြီး အတွေ့အကြုံနှင့် သင်ခန်းစာမျိုးစုံရကာ ၎င်းတို့၏ ဝတ္ထုဖြစ်လောက်သော အဖြစ်အပျက်များကို လှလှပပဖော်ပြ ချင်းအားဖြင့် ထိုခေတ်ထိုအခါများ အချုပ်၊ ထောင်ကျ အကျဉ်းသားကို ချုပ်နှောင်ထားရာ အကျဉ်းထောင်ဆိုသည့် အရာရှိကြီးများနှင့် အုပ်ချုပ်သူ ထောင်ပိုင်၊ ထောင်မှူး၊ အကျဉ်းသား၊ အချုပ်သားတို့၏ အကြောင်းအရာများမှာ အလွန်တရာ စိတ်ဝင်စားဖွယ်၊ ပျော်ရွှင်ဖွယ်၊ ကောင်းသည်ဟုပဲ ခံစားမှတ်ယူမိပါသည်။

ထို့ကြောင့်လည်း ကျွန်တော် အကျဉ်းထောင်လောကကြီးအား စိတ်ဝင်စားပြီး အကျဉ်းထောင်အရာရှိ ထောင်မှူးဘဝဖြင့် ဝင်ရောက်အလုပ်လုပ်ကိုင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ထက် စိတ်ဝင်စားသူများကတော့ တက္ကသိုလ်အသီးသီးမှ ဘွဲ့တစ်ခုခု ရှိပြီးသော်လည်း အကျဉ်းထောင်အရာရှိဘဝကို အလုပ်ဝင်သည့်နှင့် တန်းရှုံမရကြဘဲ ရိုးရိုးဝန်ထမ်း တပ်သားအဆင့်မှ နှစ်ပေါင်းအတော်ကြာ အနှစ်နာခံ၍ အတွေ့အကြုံယူ လုပ်ဆောင်ကြရပြီး အကျဉ်းထောင်အရာရှိများခေါ်သော အချိန်အခါနှင့် ကြုံမှသာလျှင် စာမေးပွဲ ဝင်ရောက်ဖြေဆိုရပြီး ထောင်အရာရှိများ ဖြစ်လာကြသူများဖြစ်ပါသည်။ ထိုသူများကို အကျဉ်းထောင်သန္ဓေဝန်ထမ်းများဟုလည်း ခေါ်ဆိုကြပါသည်။

ကျွန်တော်တို့ကတော့ ဘွဲ့ရပြီးနောက် ပြည်ထောင်စုရာထူးခန့်ထားရေးဝန်ရုံးက သတင်းစာများမှတစ်ဆင့် ခေါ်ယူခန့်ထားခံရပြီး ထောင်အရာရှိများ ဖြစ်လာကြခြင်းဖြစ်ပါသည်။

မိုးကျရွှေကိုယ်များဟူသော လူတန်းစားတစ်အုပ်စုလည်း ရှိပါသေးသည်။ ထိုသူများကတော့ ဌာနဆိုင်ရာ အသီးသီးမှ တစ်ဆင့်တိုးရာထူးဖြင့် ပြောင်းရွှေ့လာကြသော သူများဖြစ်ပါသည်။ အများအားဖြင့် ပြောင်းရွှေ့လာသူများမှာ သမဝါယမဦးစီးဌာန၊ ဗဟိုစာရင်းစစ်ရုံး၊ မီးသတ်နှင့် ရဲဌာန၊ တိရိစ္ဆာန်ဆေးကုနှင့် စစ်တပ်အဖွဲ့အစည်းအသီးသီးတို့မှ ဖြစ်ကြပါသည်။



ထိုခေတ်ထိုအချိန်က စစ်တပ်မှ ပြောင်းရွှေ့လာသူများမှာ တပ်ကြပ်ကြီးအဆင့်မှ ပြောင်းရွှေ့လာသူကို ကျွန်တော်တို့ဌာနတွင် ထောင်မှူးကြီးရာထူးကိုပေးပြီး ဗိုလ်ကြီးအဆင့်ဖြင့် ပြောင်းရွှေ့လာသူများကို အထူးအရာရှိအဆင့်မှ ညွှန်ကြားရေးမှူးရာထူးအထိလည်း ပေးတတ်ပါသည်။

ထို့အပြင် ထိုစဉ်ထိုကာလက လွှမ်းခြုံပင်ပန်းပြီး အလုပ်ကြမ်းလုပ်နိုင်သူ ဝန်ထမ်းများပါးသော လမ်းခင်းကျောက်တူးဖော်ရေးဌာနတစ်ခုဖြစ်သည့် ကျောက်မိုင်းကော်ပိုရေးရှင်းလုပ်ငန်းကြီးမှာ အရှုံးပေါ်နေသောကာလဖြစ်ခြင်းကြောင့် ကျောက်မိုင်းကော်ပိုရေးရှင်း လုပ်ငန်းကြီးကို ရပ်စဲပြီး အကျဉ်းဦးစီးဌာန လက်အောက်သို့ ရွှေ့ပြောင်းလိုက်ရာ ထိုဌာနများမှ ဝန်ထမ်းများအား ရာထူးနေရာများပေးရန် လိုအပ်လာပြန်ပါသည်။ ထို့ကြောင့် ထိုဌာနမှ ဝန်ထမ်းများအား တစ်ဆင့်တိုးနှစ်ဆင့်တိုး ရာထူးများဖြင့် အကျဉ်းဦးစီးဌာနသို့ ထောင်မှူးထောင်ပိုင်ရာထူးများဖြင့် ရောက်ရှိလာကြပါသည်။

သို့ မိုးကျရွှေကိုယ် ပုဂ္ဂိုလ်များ၏ နေရာဝင်မှုကြောင့် အကျဉ်းဦးစီးဌာနကြီးအား တိုးချဲ့ပြီး ဖွဲ့စည်းထားသော်လည်း ကျွန်တော်တို့ သန္ဓေများအနေဖြင့်ရာထူးတိုးရန်အတွက် အခြေအနေ မပေးတော့ပါ။ ပြင်ပမှ ပြောင်းရွှေ့လာသည့် ပုဂ္ဂိုလ်များက ရာထူးကြီးငယ် အသွယ်သွယ်တို့ကို အသီးသီး နေရာယူထားကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့ သန္ဓေလူဟောင်းများအနေဖြင့် အခံရခက်သည်မှာ ရာထူးမတိုးသည့်သာမက ပြင်ပဌာနအသီးသီးမှ ပြောင်းရွှေ့လာသော ပုဂ္ဂိုလ်များ၏ လက်အောက်တွင် အကျဉ်းထောင်ဥပဒေ ဂယနဏ တတ်ကျွမ်းနားလည်မှုမရှိသေးဘဲ ဆရာလုပ်ခံရခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှု အလွန်အားနည်းပြီး ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်နေရတော့သည်။ ထောင်တွင် ထောင်အလုပ်၊ စခန်းများတွင် စခန်းအလုပ်၊ လုပ်ငန်းသဘာဝခြင်း မတူပါ။ အုပ်ချုပ်ရခြင်းကိစ္စကတော့ အတူတူပင်ဖြစ်ပါသည်။

www.burmeseclassic.com

ကျွန်တော်တို့ အကျဉ်းဦးစီးဌာန၏ Burma jail manual အကျဉ်းထောင်အခြေခံ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ အပိုင်းနှစ်ပိုင်းရှိပါသည်။ ၎င်းဥပဒေများကို ကျေညက်ပါမှ အကျဉ်းထောင်အကြောင်း စုံစေ့စွာ နားလည်သဘောပေါက်ပါလိမ့်မည်။ ထိုဥပဒေများကို မသိနားမလည်ဘဲနဲ့ အကျဉ်းထောင်ကို အုပ်ချုပ်၍မရပါ။ အကျဉ်းထောင်ဆိုသည့် စက်ရုံကြီးတစ်ခု သို့မဟုတ် သင်တန်းကျောင်းလည်းမဟုတ်၊ စစ်တပ်လို ပုံစံလည်း မဟုတ်ပါ။ ပြစ်မှုမျိုးစုံဖြင့် အပြစ်ကျလာကြတော့ အကျဉ်းသားမျိုးစုံတို့အား အုပ်ချုပ်ရခြင်းဖြစ်သည်။

အကျဉ်းသားများမှာ သူလိုကိုယ်လိုလူများအပြင် ဉာဏ်ပညာနှင့် ဦးနှောက်ထက်မြက်သော ပုဂ္ဂိုလ်များလည်း ပါရှိပါသည်။ လူအချင်းချင်း အုပ်ချုပ်ရသောကြောင့် လူ့သဘော လူ့မနောကို နားမလည်ဘဲ ကိုယ်က အုပ်ချုပ်သူလူတန်းစားဟု အပေါ်စီးကနေ၍ နိုင်ထက်စီးနင်း အုပ်ချုပ်၍လည်း မရပါ။ ထိုအကြောင်းများကို အကျဉ်းထောင် သန္တေဝန်ထမ်းနှင့် အရာရှိများကသာ နားလည်သဘောပေါက်ပြီး စာနာတတ်ကြပါသည်။

ထို့ကြောင့် လူအချင်းချင်း အုပ်ချုပ်ရသော အကျဉ်းထောင်အုပ်ချုပ်ရေးမှာ ပညာများစွာပါပါသည်။ ပြင်ပအဖွဲ့အစည်း ပြင်ပဌာနများတွင် လုပ်ကိုင်ခဲ့ဖူးရုံဖြင့် အကျဉ်းထောင်အုပ်ချုပ်ရေးကို မစူးစမ်းမလေ့လာ ပြည့်စုံမှုသော အတွေ့အကြုံမရှိဘဲ ပရမ်းပတာ အုပ်ချုပ်၍ မရနိုင်ပါ။ ထိုသို့ အုပ်ချုပ်သည်နှင့် ထောင်ထ ပုန်ကန်မှုများ၊ ဆူပူမှုများနှင့် ထောင်တွင်းအရေးအခင်းများ မလွဲမသွေ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက အကျဉ်းထောင်ကို ငြိမ်ဝပ်ပိပြားစေရန်အတွက် အုပ်ချုပ်နိုင်သူများမှာ အတွေ့အကြုံရင့်ကျက်သော အကျဉ်းထောင် အရာရှိဟောင်းကြီးများသာ ဖြစ်ပါသည်။

ထို့ကြောင့်လည်း နောက်မှဝင်ရောက်လာကြသော မိုးကျရွှေကိုယ် အရာရှိများကို ထောင်သန္တေအရာရှိဟောင်းများနှင့် တွဲဖက်၍ တာဝန်ချထားပေးရပါသည်။ အချို့သော မိုးကျရွှေကိုယ် အရာရှိများက သဘောပေါက်နားလည်၍ ထောင်အရာရှိဟောင်းများကို ဆရာတင်၍ ကျိုးနွံစွာ အကျဉ်းထောင်



လုပ်ငန်းနှင့် ဥပဒေများကို လေ့လာသင်ယူကြသော်လည်း အချို့သော မနေမနစ် အရာရှိများက ဆရာ မတင်လိုကြပါ။ ထို့ကြောင့်လည်း ပြဿနာမျိုးစုံ ဖြစ်ပွားပြီး အကျဉ်းထောင်သို့ရောက် အရာရှိဖြစ်ပြီး နှစ်မပေါက်မီမှာပင် လာဘ်စားမှုနှင့် အခြား တိုင်တန်းမှုမျိုးစုံတို့ဖြင့် ပြုတ်သူများ ပြုတ်ကြသည်။ တရားဥပဒေအရ ထောင်အရာရှိဖြစ်ပြီး ထောင်အတွင်းသို့ ထောင်ပြန်ကျသူများလည်း ရှိကြသည်။ ထိုသူများမှာ အကျဉ်းထောင်ဥပဒေအား အထင်မကြီးကြသူများနှင့် လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ လေ့လာဆန်းစစ်သင်ယူခြင်းမပြုဘဲ မိမိကိုယ်မိမိ အထင်ကြီးပြီး အောက်ခြေလွတ်နေသူများဖြစ်ပါသည်။

စာရေးသူ ကျွန်တော့်အမြင်မှာတော့ မည်သည့်ပညာရပ်မဆို မွေးဖွားကတည်းက ဝမ်းတွင်းပါ တတ်ကျွမ်းနားလည်ခဲ့ကြသူများ မဟုတ်ကြ အသက်အရွယ်ကလေး၍ သူ့အရွယ်နှင့်သူ လေ့လာသင်ယူပါမှ ပညာဆိုသည်မှာ တစ်ဆင့်ပြီးတစ်ဆင့် နားလည်သဘောပေါက်ပြီး လက်တွေ့နှင့်ယှဉ်ပြီး လုပ်ဆောင်ပါမှ ကျွမ်းကျင်စွာ တတ်မြောက်ရခြင်းဖြစ်ပါသည်။ မည်သည့်ပညာရပ်ကမှ အလွယ်တကူနှင့် တတ်ကျွမ်းနိုင်မည်မဟုတ်။ သင်ယူလိုသူ၏ စိတ်ဓာတ်နှင့် တတ်မြောက်လိုသည့်စိတ်ရှိမှသာ တတ်ကျွမ်းနားလည်ပြီး သဘောတရားများ တဖြည်းဖြည်း ပြည့်ဝလာမည် ဖြစ်ပါသည်။

ထိုအခြေခံသဘောသဘာဝများကို စာတွေ့လက်တွေ့ သင်ယူလေ့လာပါမှ ပြည့်စုံကျွမ်းကျင်သော ထောင်အရာရှိကောင်းတစ်ဦး ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် မိမိထက်ကျွမ်းကျင်သော မိမိထက် အတွေ့အကြုံရှိသော ထောင်ဝန်ထမ်းနှင့် သန္တေဆရာကြီးများကို ယုံသည်ကြီးသည်မဟုတ် ဆရာတင်ပြီး အောက်ကျခံ၍ စာတွေ့လက်တွေ့ လေ့လာနိုင်ပါမှ ထောင်အရာရှိကောင်းတစ်ဦး ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် ကျွန်တော် တင်ပြလိုသည်မှာ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့်အညီ မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းမဆို



www.burmeseclassic.com

www.burmeseclassic.com

မိမိထမ်းဆောင်ရမည့် အလုံးစုံသော တာဝန်ဝတ္တရားများအား အောက်ခြေဝန်ထမ်းအဆင့်မှ အရာရှိတာဝန်ခံဖြစ်လာသည်အထိ စာတွေ့လက်တွေ့ အတွေ့အကြုံဘက်ပေါင်းစုံကို လေ့လာသိရှိ သဘောပေါက် နားလည်ပါမှ ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာမည်မှာ မလွဲပါ။ အစိုးရဝန်ထမ်းဖြစ်စေ၊ ကုမ္ပဏီဝန်ထမ်းဖြစ်စေ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအား ပြည့်စုံကျွမ်းကျင်စွာ တတ်ကျွမ်းနားလည်မှုမရှိဘဲနှင့် ပေါ့လျော့စွာနေထိုင်ပါက ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာမည်မဟုတ်ပါ။ ထိုအချက်ကို နိုင်ငံ့တာဝန်အသီးသီးအား ထမ်းဆောင်ကြမည့် လူငယ်လူရွယ်တို့အား အဓိကထား၍ မှာကြားလိုပါသည်။

ပရိသတ်အား အစဉ်လေးစားစွာဖြင့်
ထောင်မှူးကြီးသိန်းဝင်း

# အခန်း [ ၁ ]

❑

ကျွန်တော်တို့ ငယ်စဉ်က စာရေးဆရာကြီးများ၏ အကျဉ်းထောင်နှင့်ပတ်သက်သော ဝတ္ထုများကို ဖတ်ဖူးပါသည်။ အများအားဖြင့် ဖတ်ရှုဖူးသည်က ဆရာကြီး ဒဂုန်ရွှေမျှားနှင့် ဆရာကြီး ရွှေဥဒေါင်းတို့၏ စွန့်စားခန်းများနှင့် ထောင်ဝတ္ထုများဖြစ်ကြပါသည်။

ကျွန်တော် ငယ်စဉ်ကပင် အမဲလိုက်ခြင်းနှင့် တောတွင်းစွန့်စားခန်းဝတ္ထုများ၊ မြန်မာပြည်တစ်ခွင် နယ်စဉ်လှည့်၍ လေ့လာရေးခရီးထွက်ခြင်း၊ ရှေးဟောင်းရှာဖွေခြင်း စသော ကိစ္စများကို အလွန်ဝါသနာပါလှသည်။ ထို့အပြင် ရှေးဟောင်းရှာဖွေ အဖြေရှာသော စွန့်စားခန်းနှင့် စုံထောက်ဝတ္ထုများကိုလည်း လွန်စွာဝါသနာပါ၍ ဖတ်ရှုခဲ့ပါသည်။

ကျွန်တော် ငယ်ရွယ်စဉ် ပဉ္စမတန်းကျောင်းသားဘဝကတည်းက စာဖတ်သော အလေ့အကျင့်ရခဲ့ပြီး ဆရာကြီး ဒဂုန်ရွှေမျှားနှင့် ဆရာကြီး ရွှေဥဒေါင်းတို့၏ ရတနာသိုက်တူးဖော်သော ဘာသာပြန်ဝတ္ထုများ၊ ဆရာကြီး ရွှေဥဒေါင်း၏ ဆာအာသာကိုနင်ဒွိုင်း၏ ဝတ္ထုများမှ ဖာတ်ကောင် ရှားလော့ဟုမ်းကို မြန်မာမှုပြုထားသော စုံထောက်ကြီး ဦးစံရှားဝတ္ထု

www.burmeseclassic.com



များ ဖြစ်ကြပါသည်။ ထိုမှတစ်ဆင့် သဘာဝဆန်သော အဖွဲ့အနွဲ့များပါရှိသည့် မြန်မာစကားပြေအရေးအသား ကောင်းမွန်လှသော ဆရာကြီး ဦးလတ်၏ စံယယ်ပင်ဝတ္ထု၊ ဆရာကြီးပီမိုးနင်း၏ နေရီရီဝတ္ထု၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ချည်ပေါင်ရွက်သည် မောင်မှိုင်းနှင့် ဆရာကြီးစပ်ဆိုခဲ့သော ဒွေးချိုး၊ လေးချိုး ကြီးများကို လွန်စွာသဘောကျသောကြောင့် မှီး၍ ခေတ်နှင့်ညီသော ဒွေးချိုး၊ လေးချိုးကဗျာများကိုလည်း စပ်ဆိုရေးသားခဲ့ဖူးပါသည်။

ကျွန်တော် ကိုးတန်း၊ ဆယ်တန်းနှစ်ရောက်သောအချိန်တွင် ဆရာ သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာ ဝတ္ထုတိုများအား ဖတ်ရှုလေ့လာပြီး အတုခိုး၍ စကားပြေများ ရေးသားခဲ့ဖူးပါသည်။ ထို့အပြင် အထက်တန်းတွင် သင်ရသည့် မြန်မာစကားပြေ လက်ရွေးစင် စာအုပ်တွင်ပါရှိသော ဆရာ မောင်ထင်နှင့် ဆရာကြီးဖေယျတို့၏ ဝတ္ထုတိုများဖြစ်သော ကောက်ရိုးနွယ်၊ ထားဝယ်လုံချည် စသည့်ဝတ္ထုတို စကားပြေအရေးအသားများကိုလည်း လွန်စွာ ကြိုက်နှစ်သက်သောကြောင့် အတုယူ၍ မှီငြမ်းပြီး ဝတ္ထုတိုကလေးများ အစမ်းလေ့ကျင့်ပြီး ရေးသားခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်တော် မြန်မာစာ အရေးအသားကို ထိုစဉ်ကတည်းက ဝါသနာပါခဲ့ခြင်းဖြစ်ပါသည်။ သို့သော် လက်တွေ့ဘဝတွင် ရေးသားခြင်းထက် စာပေဖတ်ရှုခြင်းက ပို၍နေပါ သည်။

ဆရာကြီး ဂျိမ်းလှကျော်၏ 'မောင်ရင်မောင်၊ မမယ်မ' ရှေးဟောင်း ဝတ္ထုများကို ဖတ်ရှုရင်းမှ ကျွန်တော်တို့ခေတ်တွင် ခေတ်နှင့်အညီ အရေးအသား ကောင်းလှသော ဆရာကြီး ဗန်းမော်တင်အောင်၏ တော်လှန်ရေးဝတ္ထုများ နှင့် 'မြိုင်'ကဲ့သို့သော လုံးချင်းဝတ္ထုကြီးများ၊ စာရေးဆရာ သိန်းဖေမြင့်၏ ဒုတိယကမ္ဘာစစ်အတွင်း လှုပ်ရှားခဲ့သည့် သမိုင်းဆိုင်ရာ နိုင်ငံရေးအဖြစ်အပျက် များပါဝင်သည့် 'အရှေ့ကနေဝန်းထွက်သည့်ပမာ'လို လုံးချင်းဝတ္ထုရှည်ကြီး များ၊ စာရေးဆရာ ကိုကို၏ စုံထောက်ဆန်ပြီး ရှုပ်ထွေးလှသော 'ခရုအိမ်' ဟူသော လုံးချင်းဝတ္ထုရှည်ကြီးမျိုးကိုလည်းကောင်း၊ ဆရာနတ်နွယ်၏ 'မြန်မာပြည်မြောက်ပိုင်း' ဟူသော ထူထဲကြီးမားလှသည့် ဝတ္ထုစာအုပ်ကြီး





များကိုလည်းကောင်း ဖတ်ရှုလေ့လာရင်းမှ ဆရာမင်းကျော်၏ ငါတို့ခေတ် နှင့်အပြိုင်၊ ဆရာတင့်တယ်၏ ကမ္ဘာ့ဖလနှင့် ဆရာရန်ကုန်ဘဆွေ၏ သေသော် မှတည့် ဩဇာ–ကောင်း၏၊ တက္ကသိုလ်ဘုန်းနိုင်၏ 'သူ့ကျွန်မခံပြီ' စသော သမိုင်းနောက်ခံဝတ္ထုများကို ဖတ်ရှုလေ့လာခဲ့ရာမှ ဆရာမြသန်းတင့်၏ 'တာတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်'၊ နောက် ဆရာကျော်မြ သန်း၏ 'သာယာဝတီထောင်မှ ငရဲခန်းများ' ဆရာကြီးဒဂုန်ရွှေမျှား၏ 'ထောင်မင်းသားဦးဖိုးထော်'နှင့် ကျွန်တော်တို့၏ ဆရာများဖြစ်ကြသော ဆရာကြီးဦးရန်အောင်မောင်မောင်၊ ဆရာကြီး မြောင်းမြမောင်ကိုတို့၏ ထောင် ဝတ္ထုများကို ဖတ်ရှုကြရာမှ အကျဉ်းထောင်ကို လွန်စွာ စိတ်ဝင်စားခဲ့ပါ သည်။

သို့သော် ထိုအချိန်အထိလည်း အကျဉ်းထောင်တွင် ဝင်ရောက် အမှုထမ်းမည်ဟု တစ်ကြိမ်တစ်ခါမျှ စိတ်ပင်မကူးခဲ့ပါ။ လူမစည်ကားအပ် သော၊ လူအများရှောင်ကြဉ်ကြသော သချိုင်း၊ ဆေးရုံနှင့် အကျဉ်းထောင်၊ ရဲဌာန တို့နှင့် ပတ်သက်ဆက်နွယ်သော အလုပ်များကို ဝေးဝေးကပင် ရှောင်ခဲ့ပါ သည်။ ထို့နောက်ပိုင်းတွင် ဆရာကြီး လူထုဦးလှ၏ 'ထောင်နှင့်လူသား' ဟူသော စာအုပ်များ၊ ဆရာဦးရန်အောင်မောင်မောင်နှင့် ဆရာမြောင်းမြ မောင်ကိုတို့၏ ထောင်ဝတ္ထုဇာတ်လမ်းများမှာ စာဖတ်သူအတွက် စိတ်ဝင်တစား နှင့် ပျော်ရွှင်စရာကောင်းလှသောကြောင့် အကျဉ်းထောင်လုပ်ငန်းများကို ထဲထဲဝင်ဝင် လေ့လာလိုစိတ်များ ကျွန်တော်၏ မသိစိတ်တွင် ကိန်းအောင်း ခိုဝင်ခဲ့သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။

ထို့အပြင် အထက်တွင် ကျွန်တော် ရေးသားခဲ့သလို အကျဉ်းထောင် လုပ်ငန်းများမှာ မြို့ကြီးပြကြီးများတွင်သာမက ရဲဘက်အလုပ်စခန်းများအား တောတောင်အတွင်း နေရာအနှံ့ ဖွင့်လှစ်ခဲ့သောကြောင့် တောတောင်များကို ဝါသနာပါ၍ အမဲလိုက်ခြင်းနှင့် ထူးဆန်းသော သစ်ပင်၊ ဆေးပင်များကိုရှာဖွေ ရန် ဝါသနာပါလှသော ကျွန်တော့်အတွက် စိတ်ဝင်စားစရာဖြစ်စေခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားစဉ် စာမတတ်သူ ပ,ပျောက်ရေး (အသုံးလုံး) လုပ်အားပေး ကျောင်းဆရာအဖြစ် ပညာဒါနလျှုဒါန်းခြင်းဖြင့် မြန်မာပြည်အနှံ့ နယ်တကာကို ရောက်ရှိခဲ့ရာ ကျွန်တော့်အနေဖြင့် နယ်စဉ်လှည့် ခရီးထွက်ပြီး ဒေသန္တရဗဟုသုတ ရှာဖွေလေ့လာရခြင်းကို နှစ်သက်သဘောကျမိပါသည်။ ထိုကဲ့သို့ပင် အကျဉ်းထောင်ဝန်ထမ်းအလုပ်မှာလည်း နယ်တကာလှည့်၍ တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပြီး တာဝန်ကျရာနေရာတွင် အနည်းဆုံး (၂)နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၏ ဝါသနာဖြင့် ကိုက်ညီနေပါသည်။

၁၉၆၈ ခုနှစ် (၁၀)တန်းအောင်စဉ်ကတစ်ကြိမ်၊ ၁၉၆၉ ခုနှစ် တက္ကသိုလ်ဒုတိယနှစ်၌တစ်ကြိမ် သတင်းစာမှ ထောင်မှူးလောင်းများ အလိုရှိကြောင်း ကြေညာ၍ ခေါ်စာပါခဲ့သော်လည်း ကျွန်တော် ဝင်ရောက်လျှောက်ထားခြင်း မပြုခဲ့မိပါ။ ရည်ရွယ်ချက်ကလည်း ဘွဲ့တစ်ခုခုရမှ အလုပ်ဝင်ရန် ရည်ရွယ်ထားခြင်းကြောင့် ဖြစ်ပါသည်။

၁၉၇၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီး သို့သော် ထိုအချိန်က အစိုးရဌာနတစ်ခုခုတွင် အောက်တန်းစာရေးရာထူးကိုပင် ဘွဲ့ရများ အလုအယက်တိုးဝှေ့လျှောက်ထားနေကြသော အချိန်အခါ ဖြစ်ပါသည်။ ထိုစဉ်က ပုဂ္ဂလိကကုမ္ပဏီများ ဖွံ့ဖြိုးခြင်းမရှိသေးပါ။ ထို့ကြောင့် ကျွန်တော် ၁၉၇၂ ခုနှစ် တက္ကသိုလ်နောက်ဆုံးနှစ်ပြီးသည်နှင့် မည်သည့်အလုပ်မျှ ဝင်ရောက်လျှောက်ထားခြင်း မပြုဘဲ မြန်မာပြည်အနှံ့ ခရီးဆန့်ပြီး လေ့လာခဲ့ပါသည်။

ကျွန်တော်၏ရည်ရွယ်ချက်က အစိုးရအလုပ်တွင် အရာရှိအဆင့်ဖြင့် ဝင်ရောက်နိုင်ပါမှ အလုပ်လုပ်ရန် စိတ်ကူးရှိသည်။ ထို့ကြောင့် မြန်မာပြည်တစ်ခွင် လေ့လာရေးခရီး ပြီးသောအခါ ၁၉၇၃ခုနှစ်၌ မည်သည့်အလုပ်ကိုမှ ဝင်ရောက်ခြင်းမရှိသေးဘဲ နိုင်ငံခြားဘာသာသိပ္ပံသို့ ဒီပလိုမာဘွဲ့တစ်ခုရရှိရန်အတွက် ဆက်လက်သင်ကြားပြီး နေခဲ့ပါသည်။





၁၉၇၅ခုနှစ်တွင် နိုင်ငံခြားသိပ္ပံဘာသာမှ ဂျပန်ဘာသာ ဒီပလိုမာ စာမေးပွဲဖြေအပြီး အကျဉ်းဦးစီးဌာနမှ ထောင်မှူးများ အလိုရှိကြောင်း ရာထူးခန့်ထားရေးဗဟိုအဖွဲ့ CPSC ခေါ်စာကို သတင်းစာများထဲ၌ တွေ့ရှိရပါသည်။ အပေါင်းအသင်းများကလည်း ကျွန်တော့်လို အလုပ်ရွေးပြီး အရာရှိအဆင့်ဖြင့် အလုပ်ဝင်ချင်သူအတွက် အကျဉ်းထောင်နှင့် ရဲဌာန၊ စစ်တပ်များတွင်သာ ဖြစ်နိုင်ကြောင်း အကြံပေးကြပါသည်။

မိဘများကတော့ လက်နက်ကိုင်ဆောင်ပြီး တိုက်ပွဲဝင်ရသည့် စစ်တပ်နှင့် ရဲဌာနများတွင် အမှုထမ်းမဖြစ်စေလိုပါ။ ထို့ကြောင့် တုတ်တိုသာကိုင်ရမည့် ထောင်အရာရှိလုပ်ရန် ပြောကြားသောအခါမှ ခွင့်ပြုကြပါသည်။ ခွင့်ပြုသော်ငြားလည်း ဆရာမြောင်းမြမောင်ကိုတို့လို မြို့ကြီးပြကြီးများပေါ်တွင်သာ တာဝန်ထမ်းဆောင်ရမည့် ထောင်မှူးလုပ်ရမည်ဟု အမိန့်ချပြန်ပါသည်။ မုန့်ဆီကြော်ဖြင့် ဘယ်မှာရှိမှန်းမသိ၊ နွတ်ခမ်းအနာဖြင့် တည့်ပါမလားဟူသော စကားပုံလို ထောင်မှူးအလုပ်က မရရှိသေးသော်လည်း မိဘများက ကြိုတင်၍ ပူပန်ပြီး စည်းကမ်းများ သတ်မှတ်နေကြပြီဖြစ်ပါသည်။

ကျွန်တော် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည်။ လူ (၂၀၀၀) ကျော် ရေးဖြေ၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့၌ ကျွန်တော်ပါဝင်ရွေးခံရပါသည်။ နောက်ဆုံး ဆန်ခါတင် (၆၆)ယောက် ရွေးချယ်ရာ၌လည်း အမှတ်စဉ် (၅၂)အဖြစ် ပါဝင်အရွေးခံရပါသည်။ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကျန်းမာရေး စသဖြင့် ဘက်စုံစစ်ဆေးခြင်းဖြစ်ရာ အတော်တော့ ကြိုးစားရပါသည်။ ထောင်မှူးတစ်ယောက် မဖြစ်မနေဖြစ်ချင်လွန်း၍ ကြိုးစားခြင်းတော့ မဟုတ်ပါ။ ကျွန်တော်၏ ဗီဇအတိုင်း အလုပ်တစ်ခုကို လုပ်မည်ဆိုလျှင် အောင်မြင်ပြီးစီးအောင် လုပ်တတ်သော ယှဉ်ပြိုင်လိုသည့် ဝါသနာဗီဇကြောင့်လည်းဖြစ်ပါသည်။

၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျွန်တော်တို့ ထောင်မှူးလောင်းသင်တန်းသား (၆၆) ယောက်တို့ အင်းစိန်ထောင်ပင်းအတွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းဦးစီးဌာနသင်တန်းကျောင်းကြီးတွင် သုံးလကြာ စာတွေ့၊ လက်တွေ့ စစ်ရေးပြခြင်းနှင့် လက်နက်ငယ်ဘာသာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ (ဦး) (ရေး) (ထောက်) ဘာသာရပ်များကို သင်ကြားဆည်းပူးပြီး စာမေးပွဲဖြေဆိုရပါသည်။ ထိုမှ စာမေးပွဲရမှတ်များအရ နေရာချထားရာတွင်ကျွန်တော်က အင်းစိန် ဗဟိုအကျဉ်းထောင်တွင် တာဝန်ချထားခြင်းခံရပြီး အပေါင်းအသင်းအများစု ကတော့ မြန်မာတစ်ပြည်လုံး ထောင်အသီးသီးသို့ တာဝန်ခွဲဝေချထားခြင်း ကို ခံရပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့ အလုပ်လျှောက်ထားစဉ်က အတူတွဲ၍ ဖြေဆိုရသော ဒုရဲအုပ်လောင်းခန့်စာများကလည်း ရောက်ရှိလာပါသည်။ သို့သော် ကျွန်တော်တို့က မူလအစကတည်းကပင် ရဲဌာနတွင် အမှုထမ်းဆောင်ခြင်းထက် အကျဉ်းဌာနတွင် အမှုထမ်းဆောင်ရခြင်းကို ပို၍ နှစ်သက်သောကြောင့် ရွေးချယ်လုပ်ကိုင်နေခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့အား မြန်မာတစ်ပြည်လုံး တာဝန်ခွဲ၍ ထောင်အသီးသီး၌ တာဝန်ချခန့်ထားခြင်းမှာ (၆)လအစမ်းခန့်ထားခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် ပထမဦးဆုံး တာဝန်ထမ်းဆောင်ရသည်က အင်းစိန်ထောင်တွင် အလွန်အလုပ်များသော ဘူးတံခါးကြီးဟုခေါ်သည့် အဝင်အထွက် တစ်ခုတည်းသာရှိသည့် တံခါးကြီးထောင်မှူးအဖြစ် တာဝန်ကျခြင်းဖြစ်သည်။ အတူတွဲ၍ တာဝန်ထမ်းဆောင်ရသည်က စာရေးကြီး ဦးစံညွှန့်ဆိုသူနှင့်ဖြစ်သည်။

ကျွန်တော်၏ တံခါးကြီးအဖွဲ့တွင် ထောင်ကြပ်တစ်ဦးပါသည်။ ဝန်ထမ်း (၄) ယောက် ရှိပါသည်။ ထောင်မှူးတံခါးကြီးတာဝန်မှာ ပထမဆုံး ဝန်ထမ်းနှင့် အရာရှိများ အဝင်အထွက်ကို မှတ်တမ်းတင်ခြင်း၊ ဒုတိယတာဝန်မှာ အပြင်တွင် အလုပ်လုပ်သည့် ရဲဘက်အပြင်ဘုတ်များ၊ အဝင်အထွက် ထုတ်ပေးခြင်း၊ တတိယတာဝန်မှာ ရုံးဖွင့်ရက်နေ့စဉ် ရန်ကုန်မြို့နယ် အသီးသီးရှိ တရားရုံးများသို့ နောက်မှုရှိ ထောင်ကျတရားခံများနှင့် အချုပ်သမားများအား ရုံးထုတ်၊ ရုံးပြန် စစ်ဆေးထုတ်ပေးခြင်း၊ စတုတ္ထတာဝန်မှာ ထောင်ဝင်





စာတွေ့သူများနှင့် အပြင်ညှိသည်များအား စိစစ်အဝင်အထွက် ပြုစေခြင်းနှင့် ပဉ္စမတာဝန်မှာ ထောင်တွင်းသို့ အချုပ်သား၊ အကျဉ်းသားများ စားသုံးရန်အတွက် ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ၊ ထင်းများအား သယ်ပို့သည့် မော်တော်ယာဉ်ကြီးများကို စစ်ဆေးခြင်းတို့ ဖြစ်ကြပါသည်။ ထို့အပြင် အခါအားလျော်စွာ ဖြစ်ပေါ်လာသည့် ကိစ္စများကိုလည်း အစဉ်ပြေသလို ဖြေရှင်းဆောင်ရွက်ပေးရပါသေးသည်။

ထောင်ဘူးဝအနီးတွင် ထောင်တာဝန်ခံ ထောင်ပိုင်ကြီးများနှင့် ညွှန်ကြားရေးမှူးပါ ရုံးထိုင်သောကြောင့် ထောင်တံခါးကြီးတွင် တာဝန်ကျသည့် ထောင်မှူး၏ အလုပ်တာဝန်များမှာ လွန်စွာ များပြားပါသည်။ လူကြီးများနှင့် အနေနီးသောကြောင့်လည်း အလုပ်တာဝန်များမှာ အမှားမခံပါ။ ချက်ချင်းဆောင်ရွက်ရသော လုပ်ငန်းများသာ ဖြစ်ကြပါသည်။

ထောင်ဘူးဝတံခါးကြီးတွင် ထောင်ပိုင်ကြီးများရုံး၊ ညွှန်ကြားရေးမှူးရုံးနှင့် တယ်လီဖုန်းအော်ပရေတာ အိတ်ချိန်းတို့အပြင် ထောင်ဝင်စာဌာနလည်း ရှိနေသောကြောင့် လွန်စွာ ရှုပ်ထွေးသောအတွက် အလုပ်များသောကြောင့် နေ့လယ်စာ ထမင်းစားချိန်ကိုတော့ ကျွန်တော်နှင့် စာရေးကြီး ဦးစံညွှန့်တို့ တစ်လှည့်စီ ထမင်းစားထွက်ပြီး နားကြရပါသည်။

အကျဉ်းထောင်သို့ ရောက်သည်နှင့် ထောင်စာရေးဆရာများ၏ ဝတ္ထုများထဲကလို ထောင်မှူးမှာ ဇိမ်ကျခြင်းမရှိပါ။ ယခင် ထောင်အရာရှိများ၏ ပြောစကားအရတော့ ထောင်စာရေးဆရာများတို့ ဝတ္ထုဇာတ်လမ်းဆင်၍ ရေးသားခဲ့ကြသည်မှာ နယ်ထောင်များ၌သာဖြစ်ပြီး ရန်ကုန်အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးများ၌ နယ်ထောင်များမှာလို ထောင်အရာရှိများ အားမြိန်ဘဲ ဇိမ်မကျကြောင်း အမှုထမ်းသက်ရလာ၍ နယ်ထောင်များသို့ တစ်လှည့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှသာလျှင် ဇိမ်နှင့် နေရမည်ဖြစ်ကြောင်း အတွေ့အကြုံများနှင့်ယှဉ်၍ ပြောကြားကြပါသည်။

ကျွန်တော်ကတော့ နယ်ထောင်သို့ မသွားလို၍ အင်းစိန်ဗဟို အကျဉ်းထောင်၌သာ တာဝန်ထမ်းဆောင်နိုင်စေရန်အတွက် အလွန်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါသည်။ ဘူးတံခါးကြီး၌ သုံးလကြာ တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်တော် အမှတ်(၁)အိပ်ဆောင်သို့ ပြောင်းရွှေ့ပြီး ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ရပြန်ပါသည်။ ထိုတွင်လည်း ကျွန်တော့်အထက်၌ အဆောင်မှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသော ထောင်မှူးကြီးဦးစံသိန်းဆိုသူ ရှိပါသေးသည်။ ထိုထောင်မှူးကြီးမှာ မျက်နှာရှည်ရှည်၊ အသားညိုညို၊ အညာသားကြီးဖြစ်ပြီး ရသေ့ကြီးဖြင့် တူသောကြောင့် သူ့အား နောက်ကွယ်တွင် ရသေ့ကြီးဦးစံသိန်းဟု ခေါ်ဝေါ်ကြပါသည်။

ဖြတ်၍ပြောရပါဦးမည်။ အင်းစိန်ထောင်တွင် ကျွန်တော်တို့ ထောင်မှူးသင်တန်းအပတ်စဉ် (၆)မှ တာဝန်ကျသူများမှာ ကျွန်တော်တစ်ဦးတည်း မဟုတ်ပါ။ ရိက္ခာဌာနတွင် ထောင်မှူးဦးမြင့်ဦး၊ (၂) ဆောင်အချုပ်ရုံးတွင် တာဝန်ကျသူမှာ ထောင်မှူး ဦးညွန့်သိန်းဖြစ်ပြီး အခြားထောင်မှူးများဖြစ်ကြသည့် ထောင်မှူး ဦးစိုးသိန်းနှင့် ဦးဝင်းဆန်း၊ ဦးစောလှိုင် စသူတို့ဖြစ်ကြပါသည်။ အင်းစိန်ထောင်ကြီးမှာ လွန်စွာ ကျယ်ဝန်းပြီး ဌာနပေါင်းစုံရှိပါသည်။ ကျွန်တော်တို့ အရှေ့ပိုင်းတွင် တံခါးကြီးထောင်မှူး၊ ထောင်ဝင်စာထောင်မှူး၊ ထောင်ကျရုံးထောင်မှူး၊ ညွှန်ကြားရေးမှူးရုံးထောင်မှူးနှင့် ထောင်ဆေးရုံထောင်မှူးတို့ ဖြစ်ကြသည်။

အမျိုးသမီးထောင်မှူးလည်း ရှိပါသေးသည်။ ထိုစဉ်က အမျိုးသမီးထောင်မှူးမှာ ဒေါ်တင်အေးဖြစ်ပြီး အမျိုးသမီးအချုပ်ဆောင်နှင့် အမျိုးသမီးထောင်ကျဆောင်တို့ကို တွဲ၍ တစ်ဦးတည်းအုပ်ချုပ်ရတာ လွန်စွာတာဝန်ကြီးသလို လုပ်ပိုင်ခွင့်လည်း ကြီးမားပါသည်။ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် ထိုသို့ မအားမလပ်နိုင်အောင် ပြေးလွှားလှုပ်ရှားပြီး တာဝန်ထမ်းဆောင်ကြရသော်လည်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမများလို ခင်မင်တွယ်တာကြပြီး အားလပ်သော အချိန်များတွင် တစ်ဦးနှင့်တစ်ဦး စားသောက်ဖွယ်ရာ ဝေငှစားသောက်ကြရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။





ကျွန်တော် ထောင်မှူးဖြစ်စအချိန်က ၁၉၅၅–၅၆ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရ ခေတ်ဖြစ်သောကြောင့် ဘူဖွားစစ်ဆင်ရေးဖြင့် ဖမ်းဆီးပြီး ထောင်တွင်းအကျဉ်းချထားသော မြန်မာနိုင်ငံ လုပ်ငန်းရှင်ကြီးများဖြစ်ကြသည့် ဆီစက်၊ ဆန်စက်ပိုင်ရှင်၊ သူဌေးကြီးများ၊ ဦးရှုပ်တို့လို အလွန်ချမ်းသာသည့် လုပ်ငန်းရှင်ကြီးများတို့အပြင် အလွန်နာမည်ကြီးသည့် သိမ်ဖြူဆရာတော်လို ပုဂ္ဂိုလ်မျိုး၊ လူသားစားသည်ဟုဆိုသော ဘုန်းကြီးဦးလာဘလို ပုဂ္ဂိုလ်မျိုး၊ ရကွစိုးမော်အောင်ပြီး မျက်လှည့်ပညာတတ်သော ဘိုးတော်တင်ဦးလို ပုဂ္ဂိုလ်မျိုး၊ နာမည်ကျော် ရုပ်ရှင်မင်းသားဇော်ဝမ်းနှင့် အဆိုတော် စိုင်းထီးဆိုင်တို့လို ပုဂ္ဂိုလ်မျိုး၊ ဘိန်းဘုရင် လော်စစ်ဟန်နှင့် ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ ကုန်သည်၊ ပွဲစားနဲ့ အနုပညာရှင်များ၊ နိုင်ငံကျော် လူသတ်သမားများ စသည်တို့ဖြင့် အင်းစိန်ထောင်ကြီးမှာ လွန်စွာစည်ကားပြီး ရှုပ်ထွေးလှပါသည်။

ကျွန်တော်တာဝန်ကျသော အမှတ်(၁) အိပ်ဆောင်မှာ ထိုစဉ်က အင်္ဂလိပ်လက်ရာမပျက် ခိုင်ခံ့သော နှစ်ထပ်အဆောက်အအုံဖြစ်ပါသည်။ နှစ်ထပ်အဆောက်အအုံဟု ဆိုသော်လည်း ကျွန်းတိုင်ကြီးများမှာ တစ်ပေပတ်လည်ခန့်ရှိပြီး အဆက်အစပ်မရှိဘဲ တစ်ဖြောင့်တည်းဖြစ်သည်။ ဘာယာတန်းများက ပျဉ်းကတိုး (၄ ပေ၊ ၂ ပေ) အသားများဖြစ်ပြီး အကျဉ်းသားများ၏ လုပ်အားဖြင့် နေ့စဉ် ဒီဇယ်ဆီများ၊ လိမ်းကျံ၍ ပွတ်တိုက်ပေးရခြင်းကြောင့် ပြောင်လက်ချောမွတ်နေပါသည်။

ကျွန်တော်၏ (၁) ဆောင် အဆောင်မှူးရုံးခန်းမှာ အိပ်ဆောင်အမှတ်(၁)အောက်လေးခန်းတွင် တည်ရှိပြီး အဆောင်မှူးချုပ် ထောင်မှူးကြီးဦးစံသိန်း၏ရုံးမှ ရဲဘက်ဘာယာများအပြင် ထောင်ပိုင်ထောင်မှူးကြီးတို့၏ အပ်ထည်ဟုခေါ်သော အကျဉ်းသားများလည်း ရှိသောကြောင့် ကျွန်တော်၏ ရုံးခန်းမှာ နာမည်ကြီးလှသည့် စီးပွားရေးသမားများ နေထိုင်ခိုလှုံကြသည့် ဇရပ်ကြီးနှင့် တူလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အဆောင်တွင်း စောင်ယာမှ အသီးအနှံများကလည်း လွန်စွာ ပေါပါသည်။ ထို့အပြင် အစောက တင်ပြခဲ့သလို နာမည်ကျော် အကျဉ်းသားများ၏ စုဝေးရာနေရာဖြစ်သောကြောင့်လည်း အစားအသောက်များမှာ လွန်စွာပေါပါသည်။ အဆောင်မှူးဖြစ်သူ ကျွန်တော့်အတွက် လုံချည်၊ အင်္ကျီ၊ အစားအသောက် မုန့်မျိုးစုံနှင့် (ငါးသုံးလုံး) နိုင်ငံခြားစီးကရက်များက အလွန်ပေါပါသည်။ အချိုမုန့်နှင့် ကော်ဖီမှုန့်များ စသည်တို့မှာ သုံးမကုန်သဖြင့် လွှင့်ပစ်ရသည်ကလည်း ရှိသည်။

ပြောရပါဦးမည်။ ထိုစဉ်အခါက ရန်ကုန်တွင် ဒူးယား၊ ခပေါင်းစီးကရက် မှောင်ခိုရောင်းဝယ်သည့် ကုန်သည်ကြီးများ ရှုပ်ရှင်လက်မှတ်မှောင်ခိုပြီး ရောင်းဝယ်ကြသည့် ကုလားရေခဲ၊ မြန်မာရေခဲဟူသော မှောင်ခိုအဖွဲ့များ၊ ဖဲဝိုင်းနှင့် လေးကောင်ဂျင် ဒိုင်ခံ၍ လွန်စွာ နာမည်ကြီးသည့် လောင်းကစားသူဌေးကြီးများဖြစ်ကြသော ဦးမိုကေတို့လိုလူမျိုးများ ရှားမီးနှင့် ပြည်သူ့မုန့်တိုက် မှောင်ခိုရောင်းဝယ်မှုကြောင့် ထောင်ဒဏ်အသီးသီးကျခံနေရသော ပွဲစားများနှင့် ဝန်ထမ်းအမျိုးသမီးများ၊ မျက်မှန်ကျွမ်းကျင်ပြည်သူ့မျက်မှန်ဆိုင်မှ မှောင်ခိုအဖွဲ့များ စသဖြင့် ဘဝတက္ကသိုလ်ကြီးသို့ လူတန်းစား အလွှာစုံ ရောက်ရှိနေကြသော အချိန်လည်းဖြစ်ပါသည်။

ကျွန်တော် ထောင်မှူးအလုပ်ဝင်စဉ်က အင်းစိန်ထောင်ဘူးတံခါးကြီးတွင် လှုပ်ရှားပြေးလွှား အလုပ်များခဲ့သမျှ အမှတ် (၁) အိပ်ဆောင်၊ အဆောင်မှူးဖြစ်သောအခါတွင် လွန်စွာအေးချမ်းပြီး ဖိမ်ကျလှသည်။ ထို့ကြောင့် ဆရာမြောင်းမြမောင်ကိုတို့က သူတို့ခေတ် သူတို့အခါတွင် အကျဉ်းထောင် ထောင်မှူးလုပ်သည်မှာ လွန်စွာပျော်စရာကောင်းကြောင်း ဖွဲ့နွဲ့ရေးသားခဲ့ကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ အင်းစိန်ထောင်ရှိ ထောင်မှူးများ တစ်ပတ်တစ်ခါခန့်တာဝန်မှူးတာဝန်ကို ထမ်းဆောင်ကြရပါသည်။ တာဝန်မှူးတာဝန်မှာ နေ့ပိုင်းတွင်တော့ သာမန် မိမိတာဝန်ကျရာ အလုပ်ကို မိမိတာဝန်ထမ်းဆောင်ရခြင်းသာဖြစ်သော်လည်း ည (၆)နာရီခန့် အကျဉ်းသား အချုပ်သားများအား





အဆောင်အသီးသီးအတွင်းသို့ ထည့်သွင်းပိတ်ပြီးသည်နှင့် ထောင်တာဝန်ခံထောင်ပိုင်ကြီး၏ တာဝန်အားလုံးကိုယူပြီး ဖြစ်လာသည့် ပြဿနာအားလုံးတို့အား ဖြေရှင်းရခြင်းဖြစ်ပါသည်။ မဖြေရှင်းနိုင်သည့် ကြီးမားသော ကိစ္စကြီးများကိုသာ ထောင်တာဝန်ခံ ထောင်ပိုင်ကြီးထံ ဖုန်းဆက်သတင်းပို့ပြီး ဖြေရှင်းရခြင်းများသာ ရှိပါသည်။

တာဝန်မှူး ထောင်မှူးလက်အောက်တွင် တာဝန်ကျ တပ်ကြပ်ကြီးနှင့် ဆေးမှူးတို့ရှိကြပါသည်။ ၎င်းသုံးဦးတို့မှာ တလှည့်စီ တစ်ညလုံးကင်းလှည့်၍ ညတာဝန်ခံ၊ ညတာဝန်ကျ ဝန်ထမ်းများနှင့်အတူ ယောကျ်ားအချုပ်ဆောင်၊ အကျဉ်းဆောင် တိုက်ခန်းများ၊ ဆေးရုံနှင့် အမျိုးသမီးထောင်ကျဆောင်၊ အချုပ်ဆောင်တို့တွင် မှိုတင်းနေထိုင်ကြကုန်သော မိန်းမတို့ ကိစ္စမှန်သမျှကျန်းမာရေးကအစ တစ်ညလုံး လိုက်လံဖြေရှင်းပေးရသည့်အပြင် ညပိုင်းတွင် (၂)နာရီခြားတစ်ခါ ထောင်အုတ်ရိုး အတွင်းအပြင် သီးသန့်ထောင်ပါမကျန် ကင်းလှည့်၍ စစ်ဆေးရပါသေးသည်။

ကျွန်တော့်မှာ နဂိုဗီဇအရ သရဲ တစ္ဆေကြောက်တတ်သူ ဖြစ်ပါသည်။ သို့သော် ထိုသို့ တာဝန်အရ လှည့်ပတ်သွားလာ စစ်ဆေးနေရသောအချိန်တွင်တော့ ကြောက်ရမှန်း၊ လန့်ရမှန်း ကိစ္စများကို သတိမရတော့ပါ။ တာဝန်ကျေပွန်ရန်နှင့် အမြဲတမ်း နိုးကြားတက်ကြွနေရန်နှင့် အိပ်မငိုက်စေရန်တို့အတွက်သာ လုံးပန်းနေရပါတော့သည်။

တစ်ခါတစ်ရံ ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့ကလည်း လုံခြုံရေးအတွက် ကင်းပတ်တတ်ကြပါသေးသည်။ ထို့အပြင် စစ်ဆေးတိုက်ရှိ စစ်ဆေးကြီးများဖြင့်လည်း စစ်ဆေးတပ်စွဲ၍ ထောင်အတွင်း၊ အုတ်ရိုးကိုပတ်၍ ကင်းလှည့်တတ်ကြပါသေးသည်။ ထို့ကြောင့် ထောင်အတွင်း၌ ပြဿနာတစ်ခုခုဖြစ်ပွားလျှင် တာဝန်မှူးလုပ်သူ ထောင်မှူးက အလျင်ဦးဆုံး သိရှိ၍ ဖြေရှင်းနိုင်ရန် အဓိကအရေးကြီးဆုံးဖြစ်ပါသည်။ အချို့ကိစ္စကြီးများတွင် နောက်က တာဝန်ခံထောင်ပိုင်ကြီးတို့ သိရှိပြီးမှသာ တာဝန်ကျထောင်မှူး

www.burmeseclassic.com

www.burmeseclassic.com



အား သိရှိရသည်ဟု ဆိုပါလျှင် ထိုတာဝန်ကျထောင်မှူး အရေးယူခံရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် တစ်ပတ်တစ်ခါ တာဝန်မှူးတာဝန် ထမ်းဆောင်ရမည်ဟုဆိုပါလျှင် ကျွန်တော်တို့တစ်တွေ မအိပ်မနေ အသက်ရှည်ဟူသော မောင်ပေါက်ကျိုင်း စကားပုံလို မျက်စိဖွင့်၊ နားစွင့်၍ စက်ဘီးတစ်စီးဖြင့် ထောင်တွင်းထောင်ပြင် (၂)နာရီခြားတစ်ခါ ကင်းပတ်ပြီး စစ်ဆေးရသည်မှာ လွန်စွာ တာဝန်ကြီးလှပါသည်။ မတစ်ထောင်သားများအား ထိန်းသိမ်း၍ အုပ်ချုပ်ရသော ဌာနဖြစ်သောကြောင့် လွန်စွာတာဝန်ကြီးလှပါသည်။

အကျဉ်းသားဆိုသည်မှာ ထောင်အတွင်း၌ လူက အငြိမ်နေသော်လည်း ဦးနှောက်က မည်သို့မည်ပုံ ထွက်ပေါက်ရှာ၍ ရနိုင်သည်ဟု အမြဲတမ်း စဉ်းစား၍ ကြိုးပမ်းနေသူများ ဖြစ်ကြပါသည်။ နေ့တစ်မျိုး၊ ညတစ်မျိုး မရိုးနိုင်အောင် ကြံစည်တတ်သူများ ဖြစ်သောကြောင့် တစ်ပတ်တစ်ခါ၊ တာဝန်ကျလျှင် မျက်စိကို ဒေါင့်ထောက်၍ သတိထားကြရသည်မှာ ကျွန်တော်တို့ အကျဉ်းထောင်ဝန်ထမ်းများ၏ အလုပ်ပင်ဖြစ်ပါတော့သည်။ ကြာလာတော့လည်း အတွေ့အကြုံရလာကြပြီး ပြဿနာဖြစ်မလာခင် ကြိုတင်ကာကွယ်ခြင်း၊ ပြဿနာဖြစ်လာလျှင် ဖြေရှင်းနည်းတို့ကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့ကြပါတော့သည်။

ထို့ကြောင့် နှစ်ပေါက်လာပြီး လုပ်ငန်းအတွေ့အကြုံ ရလာသည်နှင့်အမျှ ထောင်အရာရှိလုပ်ရသည်မှာ အသက်ရှူချောင်လာရပါတော့သည်။ ထို့ကြောင့် ထောင်လောကမှာ နေပျော်စားပျော် လုပ်ပျော်သော ဌာနကြီးတစ်ခုအဖြစ် ထဲထဲဝင်ဝင် လုပ်ကိုင်ရင်း သိရှိလာရပါတော့သည်။ ထို့ကြောင့်လည်း ရှေးထောင်အရာရှိကြီးများ သွန်သင်ဆုံးမသလို အမြဲတမ်း ပွင့်လင်းသောကနှင့် စိုးရိမ်စိတ်များကို ဖယ်ရှားပြီး ဖြစ်လာသမျှ ငါ့ကံဟူ၍သာ ကံကိုပုံ၍ ဖြေသိမ့်ရန်နည်းများကို လုပ်ငန်းအတွေ့အကြုံအရ သိရှိလာရပါတော့သည်။



အကျဉ်းသား၊ အချုပ်သားများသည်လည်း လူများသာဖြစ်ကြပါသည်။ ထောင်တွင်းသို့ရောက်ရှိပြီး ဖြစ်ပျက်လာခဲ့သော အမှုကိစ္စများကြောင့် အပြစ်ဒဏ် ခံနေခြင်းဖြစ်သော်လည်း စိတ်သာ အဓိကဖြစ်ကြောင်း တဖြည်းဖြည်း သဘောပေါက်လာခဲ့ရပါသည်။ အင်္ဂလိပ်ခေတ်က အင်းစိန်ထောင်ကြီးမှာ ကမ္ဘာပေါ်တွင် အရှေ့တောင်အာရှတွင် အကြီးဆုံးထောင်ကြီးဟု နာမည်ကြီးခဲ့ပါသည်။ ထိုစဉ်က အကျဉ်းသား၊ အချုပ်သား (၃၀၀၀)မှ (၅၀၀၀)ထိသာ အများဆုံး ထားရှိနိုင်သည်ဟု တွက်ချက်ထားသော်လည်း ကျွန်တော်တို့ ရောက်ရှိသည့် အချိန်တွင် အမျိုးသမီး အမျိုးသား အချုပ်ထောင်ကျ လူဦးရေမှာ (၁၀၀၀၀)ကျော်နေပြီဖြစ်ပါသည်။

ထို့ကြောင့် တစ်ပတ်တစ်ခါ တာဝန်မှူးတာဝန် ထမ်းဆောင်ရသော ကျွန်တော်တို့ ထောင်မှူးများမှာ လွန်စွာမှ တာဝန်ကြီးပြီး ပင်ပန်းဆင်းရဲကြပါသည်။ သို့သော် (၂၄) နာရီ တာဝန်ရှိသော ယူနီဖောင်းဝတ်ဌာနတစ်ခုဖြစ်သောကြောင့် အလုပ်တာဝန်အား ရှောင်ရှားငြင်းပယ်ခြင်း မပြုနိုင်ပါ။ မလုပ်နိုင်လျှင် အလုပ်မှ ထွက်ရုံသာရှိပါတော့သည်။

သို့သော် ထိုစဉ်က လူငယ်များပီပီ အလုပ်များ၍ စိတ်ညစ်စရာရှိလည်း ညစ်လိုက်ပါသည်။ ပျော်စရာရှိရင်လည်း ပျော်လိုက်ပါသည်။ နှစ်ပေါက်၍ အတွေ့အကြုံရလာတော့ စိတ်ညစ်စရာ စိုးရိမ်စရာများကို ရင်ထဲတွင် သိမ်းမထားတော့ဘဲ ဖြစ်လိုရာဖြစ်စေဟုသာ ကံကို ရိုးမယ်ဖွဲ့ရပါတော့သည်။ ပြဿနာတစ်စုံတစ်ရာအတွက် ရှေ့ရေးကို တွေးပူနေမိပါလျှင် ဆံပင်ဖြူ၍ အသက်တိုရုံသာ ရှိပါတော့သည်။

ထောင်၏ လုံခြုံရေးကိစ္စများမှာ အသေအချာ စဉ်းစားတွေးခေါ်ကြည့်ပါက လွန်စွာမှ ကြောက်စရာကောင်းလှပါသည်။ လူသားအချင်းချင်း ဖြစ်ကြသည့် ဦးနှောက်ဉာဏ်ရည်တူသူများ ဖြစ်ကြသောကြောင့် လွန်စွာမှ သတိထားကြရပါသည်။ အကျဉ်းသားများထဲ၌လည်း လွန်စွာ ပညာတော်သူများ ရှိကြသောကြောင့် တာဝန်ကျ အုပ်ချုပ်သူက ထိုသူများကိုလည်း အလစ်ပေး၍မရ။ မျက်စိဒေါင့်ထောင့်၍ ဝန်ထမ်းနှင့်ရဲဘက်များ၏အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အမြဲတမ်း စောင့်ကြည့်နေရခြင်း တာဝန်များကလည်း ပိုလာပါတော့သည်။

ထို့ကြောင့် ရှေ့ထောင်အရာရှိကြီးများက ရှေ့ရေးကို မတွေးနှင့် မပူနှင့် မျက်မှောက်အရေးသည်သာ ကိုယ့်အရေး မျက်မှောက်တွေ့ဆုံနေသူသာ ကိုယ်နှင့်ဆိုင်သူဖြစ်သည်။ ဖြစ်ပျက်သမျှ ကံစွမ်းသမျှ ရင်ဆိုင်ရန်သာရှိသည်။ တွေး၍ မကြောက်နှင့်ဟု အမြဲတမ်း ဆုံးမသြဝါဒပေးလေ့ရှိပါသည်။

ထို့ကြောင့် လုပ်သက်ကလေး နစ်ပေါက်လာတော့ ကျွန်တော့်တွင် စိုးရိမ်စိတ်များ လွင့်ပျယ်သွားသည်။ ကြောက်လန့်စိတ်များလည်း မရှိတော့ပါ။ နောင်အခါလာ နောင်ခါချေးဟု သဘောထားပြီး မျက်မှောက်ကို တည့်တည့်ရှု၍ ဖြစ်လာသမျှအကြောင်း အကောင်းဟူ၍သာ ကံစီမံရာကို နာခံပြီး စိတ်ကို သက်သာအောင် ပြု၍နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ စားတတ်၊ လုပ်ကိုင်တတ်သော ထောင်သန္တေတစ်ဦး ဖြစ်လာရပါတော့သည်။

✿ ✿ ✿

❑

တတိယအကြိမ် ကျွန်တော် ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရသည့် နေရာက အလုပ်ဘက်ဌာနအတွင်း ဈေးတိုက်ထောင်မှူးတာဝန်ဖြစ်ပါသည်။ ထိုတာဝန်မှာ ကြီးလေးလှခြင်းမရှိပါ။ ထောင်အတွင်းရှိ အလုပ်ရုံများဖြစ်ကြသော စက်ချုပ်ဌာန၊ ယက်ကန်းဌာန၊ လက်သမားဌာန၊ သံဖြူဌာနနှင့် ကြိမ်လုပ်ငန်းဌာန၊ ပန်းပဲ၊ ပန်းရံဌာန၊ ဖိနပ်ချုပ်ဌာန မွေ့ယာချုပ်ဌာန စသည်တို့မှ ထုတ်လုပ်သော ပစ္စည်းများနှင့် လက်ခများကို ပြင်ပဌာန စသည်တို့မှ ထုတ်လုပ်သော ပစ္စည်းများနှင့် လက်ခများကို ပြင်ပဌာနများနှင့် ဝန်ထမ်းများက ဝယ်ယူကြသော ပစ္စည်းဈေးနှုန်းများကို တွက်ချက်ပေးရသည်။

ပစ္စည်းလာရောက်ထုတ်ယူပါက ကျသင့်ငွေအပေါ် လက်ခကို အမြတ်တင်၍ တွက်ချက်ပေးရသော အရောင်းအဝယ်အတွင်း၊ ဈေးတိုက်ဌာနဖြစ်ပါသည်။ ပြင်ပနှင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ဆေးရုံသုံး၊ တပ်မတော်သုံး၊ အစိုးရရုံးသုံး၊ ပရိဘောဂပစ္စည်းများ၊ အုန်းဆံ မွေ့ယာများ၊ ဝန်ထမ်းနှင့် ရဲဌာနသုံး လည်ရှည်သရေဖိနပ်များနှင့် ရှူးဖိနပ်အမျိုးမျိုး၊ လက်ဆွဲသားရေအိတ်များ၊ ဝန်ထမ်းများ၏ ယူနီဖောင်းများ၊ ကော်ဖောနှင့် ခြေသုတ်ခုံအမျိုးမျိုး စသည်တို့ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သစ်သားဖြင့် ပြုလုပ်သော ပရိဘောဂ အလုပ်ရုံတွင် တရုတ်လက်သမားကြီးများ ရှိကြသောကြောင့် ပရိဘောဂပစ္စည်းများမှာ လွန်စွာ လက်ရာမြောက်ပြီး စာရေးစားပွဲနှင့် ကုလားထိုင်များ၊ ဘီဒိုအမျိုးမျိုးနှင့် ကျွန်းသေတ္တာများ၊ ဆက်တီခုံစားပွဲနှင့် ကြိမ်ကုလားထိုင်များမှာ လွန်စွာ လက်ရာမြောက်ပြီး ဈေးလည်း အလွန်ချိုသာပါသည်။ ထိုစဉ်က ကျွန်းခွဲသားများကို မန္တလေးမြို့ဝန်းကျင်ရှိ သစ်စက်ရုံများမှ အစိုးရဈေးဖြင့် လိုအပ်သလောက် ဝယ်ယူရရှိသောကြောင့်လည်း ဈေးနှုန်းချိုသာ၍ ပစ္စည်းကောင်းရရှိခြင်း ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင် မန္တလေးမြို့သို့ သွားရောက်၍ ပတ်ဝန်းကျင်သစ်စက်များမှ ဒုတိယတန်းစား ကျွန်းခွဲသားများကို ဝယ်ယူပေးရခြင်းမျိုးလည်း ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ထောင်မှူးအလုပ်တာဝန်မှာ စာရေးစာချီ တာဝန်လည်း လုပ်ရသည်။ ဈေးနှုန်းအတွက်အချက်နှင့် လက်တွေ့လုပ်ရသော လက်မှုပညာတာဝန်ကိုလည်း နားလည်ရမည်။ တန်ချိန်ပေါင်းများစွာသော အဖိုးတန် ကျွန်းသစ်များကို လန်ချီ၍သစ်ခွဲစက်ရုံများတွင် လိုက်လံစုဆောင်းဝယ်ယူပြီး ဧရာဝတီမြစ်အတွင်း သင်္ဘောကြီးဖြင့် သယ်ဆောင်၍ မပြောက်မရှ အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်တာဝန်ခံရသော အလုပ်မျိုးလည်း လုပ်ရပါသည်။

ထို့အပြင် လူမှုပေါင်းသင်းဆက်ဆံရေး ခရီးသည်နှင့် အတွေ့အကြုံဗဟုသုတ ရှာဖွေစုဆောင်းခြင်းများလည်း ရှိပါသေးသည်။ ထို့ကြောင့် အကျဉ်းထောင်အရာရှိ ထောင်မှူးတစ်ဦး၏ လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားများမှာ လွန်စွာများပြားပြီး အခြားဌာနများနှင့် မတူဘဲ စုံလှပါသည်။ အတွေ့အကြုံ အစုံရသော ဌာနတစ်ခုလည်း ဖြစ်ပါသည်။ လုပ်ရင်းကိုင်ရင်း သူတစ်ပါးအားအားမကိုးဘဲ မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန် သင်ပေးသော ဌာနကြီးတစ်ခုဟု ဆိုလျှင်လည်း မမှားပါဘူး။ ထိုအတွေ့အကြုံများကို အခြေခံပြီး ကျွန်တော်တို့ ဘက်စုံသိမြင်နားလည်သော ဝန်ထမ်းများဘဝသို့ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။





စတုတ္ထ ကျွန်တော် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော ဌာနက အလွန်အလုပ်များသော အချုပ်ရုံးဟူ၍လည်းကောင်း၊ အချုပ်ရုံးဟူ၍လည်းကောင်း ခေါ်ဆိုအပ်သော အင်းစိန်အကျဉ်းထောင်အတွင်း လူအများစုကို ကိုင်တွယ်အုပ်ချုပ်ရသည့် နေရာဌာနတစ်ခု ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်နှင့်အတူ တွဲဖက်တာဝန်ကျသူမှာ ထောင်မှူးကြီး ဦးတင်ထွန်းဖြစ်ပါသည်။ ၎င်းဆရာကြီးမှာ စစ်တပ်မှ အသွင်ကူးပြောင်း၍ ထောင်မှူးကြီးဖြစ်လာပြီးပြည် အကျဉ်းထောင်မှတစ်ဆင့် ပြောင်းရွှေ့လာသူ တစ်ဦးဖြစ်သည်။ လွန်စွာသဘောကောင်း၍ ကျွန်တော်နှင့် လက်တွဲရသူက လွန်စွာ ဘက်ညီပါသည်။ သူက အထိုင်နေရာကို တာဝန်ယူပြီး လူငယ်ပီပီ ပြေးလွှားသောတာဝန်ကို ယူရသူမှာ ကျွန်တော်သာ ဖြစ်ပါသည်။

ထိုစဉ်က အင်းစိန်ထောင်တွင် အချုပ်ထောင်ကျ၊ ကျားမ လူဦးရေတစ်သောင်းကျော်ရှိပြီး နေ့စဉ် ရုံးထွက်သူများက လူဦးရေ (၆၀၀) (၁၀၀၀) အတွင်း ရှိပါသည်။ မြောက်မြားလှစွာသော အချုပ်သားများ၏ ရုံးထွက်ရက်မှန်ကန်စေရန်နှင့် ကျန်ရစ်မနေစေရန် စစ်ဆေးရသည်ကတစ်မျိုး။ နေ့စဉ်အချုပ်လူသစ် ဦးရေ (၂၀၀)ကျော်ခန့်မှာ လူသစ်မှတ်ပုံတင် စစ်ဆေးရသည်ကတစ်လီ၊ ညနေပိုင်းတွင် အချုပ်အာမခံ လွှတ်သူများအား လိုက်လံရှာဖွေပြီး တရားရုံး၏ လွှတ်ဝရမ်းနှင့် အကျဉ်းထောင် မှတ်ပုံတင်စာအုပ်ကြီးများအား တိုက်ဆိုင်စစ်ဆေးပြီး ဘူးဝရှိ ထောင်ပိုင်ကြီးရုံးကို ခေါ်ဆောင်ပြီးအသေအချာ လူမမှားစေရန် စစ်ဆေးရသည်မှာလည်း တစ်သွယ်၊ အလုပ်များ၍ တာဝန်အလွန်ကြီးမားသော ဌာနတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့အချုပ်ရုံးတွင် တာဝန်ခံ ထောင်မှူးကြီးနှင့် ကျွန်တော့်အပြင် အခြားဝန်ထမ်း (၄)ဦးလည်း ရှိသေးသည်။ ထို့အပြင် အကျဉ်းသား စာရေးစာချီများကလက်နှိပ်စက်စာရေး၊ ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးအသီးသီးမှ ပေးပို့လာသည့်စာများအား ပြန်ကြားရသည့် စာရေးများ စသဖြင့် လူအင်အားကလည်း လွန်စွာ များပြားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်နှင့် ထောင်မှူးကြီးဦးတင်ထွန်းတို့မှာ နေ့လယ်ပိုင်း အခြားဝန်ထမ်းနှင့် အရာရှိများ ကိုယ့်အိမ်ကို ပြန်၍ နေ့လယ်စာစားသောက်အနားယူနိုင်သော်လည်း ကျွန်တော်တို့နှစ်ဦးမှာ ထောင်တွင်းရုံးမှ ရဲဘက်တပည့်များ အဆောင်တွင်းရှိ စိုက်ပျိုးခင်းမှ ခူးဆွတ်ရရှိသည့် အသီးအနှံများဖြင့်သာ ချက်ပြုတ်ကာ နေ့လယ်စာကိုစားရင်း အလုပ်လုပ်နေရသည့်က များပါသည်။

တစ်ခါတစ်ရံ ကျွန်တော်တို့နှစ်ဦးအနက် တစ်ဦးက ထောင်အပြင်ထွက်၍ တရားရုံးနှင့် ရဲစခန်းကိစ္စ၊ အချုပ်သား ဆေးရုံပို့ခြင်းနှင့် နာရေးကိစ္စများ ရှိလာပါက နောက်ပိုင်းတွင် ကျန်ရစ်ခဲ့သည့် အရာရှိမှာ သေချာစေ်နံအောင် လက်မလည်ဘဲ အလုပ်များတော့သည်။ ထိုအတွင်း၌ ရုံးထုတ် မှားယွင်း၊ လွတ်လူ မှားယွင်းနှင့် ချုပ်ဝရမ်း အမှားအယွင်းကိစ္စများ ဖြစ်ပေါ်လာပါက ထောင်တာဝန်ခံအရာရှိ၏ အထုအထောင်း အကြိမ်းအမောင်းကိုလည်း ရင်စည်း၍ ခံရပါသေးသည်။

ထို့ကြောင့်လည်း အင်းစိန်ထောင် အချုပ်ရုံးအား အရှုပ်ရုံးဟုခေါ်ဆိုသမုတ်ကြခြင်းလည်း ဖြစ်ပါလိမ့်မည်။ အလုပ်များသလောက် ရှုပ်ထွေးသောအချုပ်ရုံးတွင် ကျွန်တော် တာဝန်ထမ်းဆောင်ရသည့်ကာလမှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့သောကြောင့် အကြာဆုံးဖြစ်ပါသည်။ ထိုရုံးတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပြဿနာအမျိုးမျိုးကို ဖြေရှင်းရသည့်သာမက ထိုစဉ်ကာလက ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ရက်စက်စွာလူသတ်မှု ကျူးလွန်ခဲ့ကြသူများအား တကိုမ်းကိုမ်း ကြိုးဒဏ်စီရင်နေရာ မြင်တွေ့နေရသော ကျွန်တော်တို့အဖို့ ယခင် ငယ်စဉ်ဘဝ ဖတ်ဖူးမှတ်ဖူးသောစာများမှ အကြောင်းအရာများနှင့်မတူဘဲ လက်တွေ့လုပ်ဆောင်ရသောအခါ လွန်စွာ စိတ်ပျက်စရာ ကောင်းလှပါသည်။

အကျဉ်းတင်ပြရလျှင် အကျဉ်းသားတစ်ဦးအား သေစားသေစေရန် သေဒဏ်အမိန့်ချပြီး အကျဉ်းထောင်ကြိုးတိုက်သို့ ရောက်ရှိလာသောအချိန်တွင် ကြိုးသမားအား ကြိုးတိုက်ခန်းအတွင်း သီးသန့်ထားရသည်။





အစောင့်အကြပ်များအား နေ့ဆိုင်းညဆိုင်းခွဲပြီး ကြိုးသမားတစ်ဦးလျှင် ဝန်ထမ်းအစောင့်တစ်ဦး အသင့်အနေအထားဖြင့် အမြဲတမ်း ချထားရပါသည်။

ထိုဝန်ထမ်းအပြင် ကြိုးတိုက်မှ ထောင်မှူးနှင့် နေ့စဉ်တာဝန်ကျသော ထောင်မှူးထောင်ကြပ်တို့ကလည်း (၂၄)နာရီ အလှည့်ဖြင့် စစ်ဆေးရပါသေးသည်။ ထို့အပြင် အကျဉ်းထောင်ဆရာဝန်နှင့် တာဝန်ကျဆေးမှူးတို့က နေ့စဉ် မနက်၊ နေ့လယ်၊ ည ၎င်းကြိုးသမား၏ ရေသောက်နှုန်း၊ အစာစားနှုန်း၊ ဆီး၊ ဝမ်းသွားခြင်းကအစ မှတ်တမ်းပြုရသည်။ သွေးခုန်နှုန်းနှင့် ပေါင်ချိန်ကိုလည်း နေ့စဉ်ချိန်တွယ်ရပြီး ကြိုးသမားကျန်းမာစေရန် စစ်ဆေးရသည်။ စားသောက်ရာတွင်လည်း အာဟာရဖြစ်စေရန် ဆေးရုံအစားအစာနှင့် တစ်ခါတစ်ရံ ကြိုးသမားတောင်းဆိုသော အစားအစာတို့အား ဆရာဝန်က တိုက်ထောင်မှူးမှတစ်ဆင့် စီစဉ်ပေးရပါသည်။

အကျဉ်းထောင်မှ ဒုတိယထောင်ပိုင်နှင့် ထောင်ပိုင်ကြီးတို့ကလည်း အလှည့်စီ မကြာခဏ လာရောက်စစ်ဆေးရပါသည်။ ထို့ကြောင့် သေဒဏ်ကြိုးသမား ထောင်တွင်းသို့ ရောက်ရှိလာပြီဆိုလျှင် ကျွန်တော်တို့ ထောင်ထောင်ပိုင်နှင့်၊ ဝန်ထမ်းများ အလွန်အလုပ်များလှပါသည်။ ထောင်ကျရုံးထောင်မှူးလည်း မနေသာပါ။ နေ့စဉ် ပုံမှန်လုပ်ငန်းများအပြင် ကြိုးသမားအတွက် အယူခံအဆင့်ဆင့် ရေးသားတင်ပေးရခြင်း၊ သက်ဆိုင်ရာ မိသားစုနှင့် တွေ့ဆုံပေးရခြင်း၊ တရားသူကြီးနှင့် ရဲစခန်းများ၏ ကြိုးသမားတရားခံနှင့် ပတ်သက်သော အချက်အလက်များကို မှတ်တမ်းတင်၍ ပြုစုပေးရခြင်းဖြင့် လွန်စွာ အလုပ်များလှပါသည်။

ထိုအချိန်တွင် မုဂ္ဂါဟာစ်ခေါ် ရခိုင်ဘက်မှ ကုလားဆိုးသူပုန်များအား ဖမ်းဆီးချုပ်နှောင်ထားရာမှ နှစ်ရှည်လများစွာ အချုပ်ခံနေရသော ထိုအထဲတွင်ပါဝင်သည့် ကုလားကြီးများမှာ အသက်အရွယ်ပင် အိုမင်းလာကြ၍ ၎င်းတို့၏ လွတ်မြောက်ရေးကိစ္စမှာ ထောင်ဒဏ်နှစ်ရှည် ကျခံနေရခြင်း မဟုတ်ဘဲ အချုပ်ဖြင့်သာ ရက်အကန့်အသတ်မရှိ ချုပ်ထားခြင်းဖြစ်၍ ၎င်းတို့ ထောင်အပြင်ထုတ်၍ ကုန်းမြင့်သာစစ်တပ်အတွင်း သန့်ရှင်းရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန်အတွက် စစ်ကားကြီးများဖြင့်လာခေါ်၍ အပြင်ဘုတ်ထုတ်ပေးရသလို ကျွန်တော်တို့ ထောင်မှူးနှင့် ထောင်ပိုင်အရာရှိ အိမ်များတွင်လည်း အိမ်၊ ခြံ ဝန်းသန့်ရှင်းရေးလုပ်ရန်အတွက တစ်အိမ်လျှင်တစ်ဦး၊ နှစ်ဦးစ တာဝန်ချပေးထားခြင်းလည်း ရှိပါသည်။

တကယ်တမ်းတော့ ထို မှုကျကြီးများအား တာဝန်ကျရာ ထောင်မှူး ထောင်ပိုင်အိမ်များက အလုပ်ကြမ်းခိုင်းစေခြင်း မရှိပါ။ အသက်အရွယ်ကြီးသော (၅၀ကျော် ၆၀)ခန့် အဘိုးကြီးများဖြစ်သောကြောင့် အိမ်ခြံ သန့်ရှင်းရေးလုပ်ရုံလောက်သာ ခိုင်းစေကြပြီး အိမ်မှ ချက်ပြုတ်စားသောက်၍ ပိုလျှံသော ထမင်းဟင်းများကိုလည်း၊ နေ့စဉ် ကျွေးမွေးကြသည့်အပြင် ဆေးလိပ်၊ မုန့်ဖိုးအနေဖြင့်လည်း တတ်နိုင်သမျှ ပေးကမ်းကြပါသည်။ ထို့ကြောင့် ထို မှုကျကုလားကြီးများက မနက်ပိုင်းဘုတ်ထုတ်၍ ထောင်မှူးထောင်ပိုင်အိမ်များသို့ ရောက်သည်နှင့် အမှိုက်ကောက်၊ တံမြက်စည်းလှည်းသော အလုပ်ကလေးကို ဟန်ပြလုပ်ပြီး ၎င်းတို့၏ အသုံးစရိတ်ရှာဖွေရန်အတွက် ပြင်ပမှ အသီးအနှံများကို ရှာဖွေချက်ပြုတ်ကြသည်။

ကုန်းမြင့်သာ စစ်တပ်များသို့ ဘုတ်ထုတ်၍ အလုပ်လုပ်ရသော မှုကျကုလားကြီးများမှာ မနက်ဘုတ်ထုတ်သည်နှင့် လာရောက်ခေါ်ဆောင်သူ စစ်သားများက အင်းစိန်ဈေးရှေ့တွင် စစ်ကားကိုရပ်ပေးပြီး ၎င်းတို့စားသောက် ချက်ပြုတ်ရန်အတွက် ဝယ်လိုရာကို ဝယ်ခွင့်ပြုသည်။ ထိုအခွင့်အရေးကြောင့် မှုကျဟစ်ကုလားကြီးများက တာဝန်ကျရာတွင် လုပ်ငန်းပြီးသည်နှင့် ချက်ပြုတ် ကြော်လှော်၍ ထောင်တွင်းသို့ သယ်ယူခဲ့ကြသည်။ ထောင်ဝန်ထမ်းများ ကလည်း သနားသဖြင့် ခွင့်ပြုကြသည်။ ထို့ကြောင့်မှုကျကုလားကြီးများမှာ ထောင်တွင်း၌ ဆေးလိပ်၊ ကွမ်းယာ၊ ဟင်းအမျိုးမျိုး ချက်၍ ရောင်းချရင်း ဝင်ငွေရှာတော့သည်။

ထို့ကြောင့် တာဝန်ကျသော အိမ်တွင် အမြဲတမ်းအလုပ်ဆင်းသော မှုကျကုလားကြီးများ၏ နေထိုင်ရာ အိမ်ဘေးအိမ်အောက် လုံခြုံရာနေရာ များတွင် ၎င်းတို့၏ ပိုင်ဆိုင်သော ပစ္စည်းများကို ထားလေ့ရှိသည်။ ငွေကြေး





များကိုလည်း အလိပ်လိုက် ကျစ်လစ်စွာ ခေါက်ပြီး ဒန်ချိုင့်ကြီးများဖြင့် ထည့်ပြီး စုဆောင်းထားလေ့ရှိပါသည်။ တာဝန်ကျရာ အရာရှိအိမ်များကလည်း ၎င်းတို့၏ ပစ္စည်းများအား ရှာဖွေမေးမြန်းခြင်း မရှိကြပါ။ ၎င်းတို့အား ဘေးမဲ့ပေးထားသော သဘောပင်ဖြစ်ပါသည်။

၁၉၇၈ခုနှစ်တွင် မူအရ ကြာရှည်စွာဖမ်းဆီးခြင်းခံထားရသည့် မှုကျဟစ်ကြီးများအား လွတ်ငြိမ်းချမ်းသာခွင့် ပြုပေး၍ နေရပ်သို့ ပြန်ပို့ရန် အကျဉ်းထောင်သို့ စီစဉ်ပေးရန် အမိန့်ရောက်ရှိလာပါသည်။ ယင်းမှုကျကုလားကြီးများမှာ ထောင်ရက်ရှည်ကျခြင်းမဟုတ်ဘဲ အကန့်အသတ်မရှိ အချုပ်သားများသာဖြစ်သောကြောင့် အချုပ်ရုံးကို ကိုင်တွယ်ရသော ကျွန်တော်၏တာဝန် ဖြစ်လာပါသည်။

လုပ်ရိုးလုပ်စဉ်အပြင် အလုပ်ပိုတစ်ခုဖြစ်သောကြောင့် တာဝန်ရှိသော ကျွန်တော်တို့အချုပ်ရုံးက ညနေပိုင်း ထောင်ပိတ်ပြီးမှသာ ကျွန်တော် ဦးဆောင်ပြီး ရုံးအဖွဲ့က မှုကျကုလားကြီးများ၏ စာရင်းကို အသေးစိတ် ကောက်ယူပြီး မှတ်တမ်းပြုစုရပါသည်။ မှုကျကုလားကြီးများမှာ အင်းစိန်ထောင် အတွင်း၌ ၎င်းတို့၏ တည်းခိုအိမ်လို နေသားကျနေကြပြီး အသက်အရွယ်ကြီး၍ သေဆုံးသူ၊ ဆေးရုံတက်၍ ဆေးဝါးကုသမှု ခံနေရသူများလည်း ရှိကြသည်။

ထို့ကြောင့် ကျွန်တော်တို့က ပထမဆုံး ဖမ်းဆီးစဉ်က စာရင်းနှင့် သေဆုံးသွားသူ၊ နာမကျန်း၍ ဆေးရုံတက်ရသည့် လက်ကျန်မှုကျများစာရင်း ကို အထက်အဖွဲ့အစည်းမှ ပေးပို့လာသော ပုံစံများဖြင့် စနစ်တကျဖြည့်သွင်း၍ စာရင်းကောက်ယူခဲ့ပါသည်။ မကြာခဏလည်း အထက်အဖွဲ့အစည်းမှ တစ်မျိုးပြီးတစ်မျိုး ညွှန်ကြားချက်များပေးနေရာ ကျွန်တော်တို့ လက်တွေ့လုပ်ရသူများအတွက် ညစဉ် အိပ်ရေးပျက်ခံ၍ ပြုစုရခြင်းဖြစ်ပါသည်။

ရက်မှလသို့တိုင်လာသည့်တိုင် မှုကျစာရင်းများ မပြီးဆုံးနိုင်သေး၍ ကျွန်တော်တို့လည်း နေ့ပိုင်း အချုပ်ရုံးတာဝန် ပုံမှန်အလုပ်များအပြင် ညပိုင်း တွင်လည်း မနားရဘဲ မှုကျများ၏ အသေးစိတ်စာရင်းကို ရှာဖွေမေးမြန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူနေရသောကြောင့် လွန်စွာ ပင်ပန်းလှပါသည်။ အခြားဌာနမှ အပေါင်းအသင်းထောင်မှူးများမှ ကိုယ်ချင်းစာ၍ လာရောက်ဝိုင်းဝန်းကူညီကြသော်လည်း ရက်ကြာလာတော့ အချိန်တွင် ဒဏ်မခံနိုင်ဘဲ ပြေးကြတော့သည်။ သို့သော် ဖွဲ့ရှိရှိဖြင့် ကျွန်တော့်အား ညစဉ် အကူအညီပေးနေသူတစ်ဦးကတော့ ရှိပါသည်။ ထိုသူမှာ အမျိုးသမီးဆောင် ထောင်မှူးဒေါ်တင်အေးအစား ရောက်ရှိလာသည့် အမျိုးသမီးထောင်မှူးအသစ် ဒေါ်ခင်မြကြွယ်ဖြစ်ပါသည်။ သူမက အကျဉ်းဦးစီးဌာန ရုံးချုပ်စာရေးဘဝမှ ထောင်မှူးဖြစ်လာသူဖြစ်ပါသည်။

အကျဉ်းထောင်သန္ဓေတစ်ဦး ဖြစ်သောကြောင့် အကျဉ်းထောင်လုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ကိုယ်ချင်းစာနာတတ်သူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် မနိုင်မနင်းဖြစ်နေသော ကျွန်တော့်အား ဝိုင်းဝန်းကူညီပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူမနှင့် ကျွန်တော် အနေနီးသည်။ ရက်ကြာလာတော့ သံယောဇဉ်ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ဦးအား အပေါင်းအသင်းထောင်မှူးများက ‘မှုဂျာဟစ်ဖူးစာ’ ဟူ၍ နောက်ပြောင်ပြီး ကင်ပွန်းတပ်ကြပါသည်။

ထိုမှုဂျာဟစ်များကိုစွဲမှာလည်း ရက်နဲ့လနဲ့ချီ၍ စစ်တမ်းကောက်ယူပြီး အထက်အဖွဲ့အစည်းမှ တောင်းဆိုသော အချက်အလက်များကို ကျွန်တော်တို့ ရက်နှင့်လနဲ့ချီ၍ အိပ်ရေးပျက် အပင်ပန်းခံကာ ပြုစုပေးခဲ့သော်ငြားလည်း ကံဆိုးသော မှုဂျာဟစ်ကုလားကြီးများအတွက် လွတ်မြောက်ရေးလမ်းစက ချက်ချင်း ဖြစ်ပေါ်မလာပါ။ အထက်အဖွဲ့အစည်းများ အဆင့်ဆင့်သုံးသပ်ဆုံးဖြတ်နေဟန် တူပါသည်။

ထို့ကြောင့် ထို မှုဂျာကုလားကြီးများ အပြင်ဘုတ်ထွက်ရင်း ဟင်းချက်၍ ဈေးရောင်းရင်း အကျဉ်းထောင်မှထုတ်ပေးသည့် လုံချည်အဝါကြားကြီးများကိုဝတ်ဆင်ရင်း နေ့စဉ်ပုံမှန်အတိုင်း သွားလာနေကြသည်ကို တွေ့မြင်ရပါသည်။

✿ ✿ ✿

❑

၁၉၇၈ ခုနှစ်ထဲတွင် ကျွန်တော်နှင့် ဒေါ်ခင်မြကြွယ်တို့ ချစ်သူများဖြစ်ကြပြီးနောက် အမိန့်စာ ထွက်လာပါသည်။ ကျွန်တော် ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်ရေးစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာပင်ဖြစ်ပါတော့သည်။ ဝန်ထမ်းအနေဖြင့် အလုပ်တာဝန် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းမှာ လုပ်ရိုးလုပ်စဉ်ကိစ္စ ဖြစ်သော်လည်း ကျွန်တော်တို့နှစ်ဦး၏ ချစ်စ၊ ခင်စ ကြင်နာစအချိန်တွင် ခွဲခွာပြီး ပြောင်းရွှေ့ရခြင်းဖြစ်သောကြောင့် လွန်စွာမှ စိတ်မကောင်းဖြစ်မိပါသည်။

၁၉၇၈ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် ကျွန်တော် ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်ရေးစခန်း ကွပ်ကဲမှုဌာနသို့ (မင်းကုန်း)သို့ ပြောင်းရွှေ့ရရာ အမျိုးသမီးထောင်မှူး ဒေါ်ခင်မြကြွယ်က သူမ၏ဦးလေးကားဖြင့် ကျွန်တော့်အား လိုက်လံပို့ဆောင်ပေးပါသည်။ ထိုအချိန်က အမြန်လမ်းမကြီးစခန်းကို ကွပ်ကဲအုပ်ချုပ်သူမှာ ညွှန်ကြားရေးမှူး ဗိုလ်မှူးသာဒိုးနှင့် အထူးအရာရှိဗိုလ်ကြီး ထွန်းလွင်၊ ထောင်ပိုင်ကြီးများဖြစ်ကြသော ဦးအုန်းကျော်နှင့် ဦးဗိုလ်နီတို့ဖြစ်ကြပါသည်။ ထိုနေ့ နေ့လယ်က ကျွန်တော်တို့အား ထောင်ပိုင်ကြီး ဦးအုန်းကျော်နှင့် အဖွဲ့က ကြိုဆိုကြပြီး ထမင်းလက်ဆုံစားကြရသည်။

www.burmeseclassic.com



ညနေစောင်း ဒေါ်ခင်မြကြွယ်ပြန်ပြီးနောက် ကျွန်တော့်အား မင်းကုန်းစခန်း၌ပင် နေရာတစ်နေရာပေးရန် ထောင်ပိုင်ကြီး ဦးအုန်းကျော်နှင့်အဖွဲ့က စီစဉ်ကြပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ရန်ကုန်မြို့နှင့် မဝေးလှသော ဖောင်ကြီး မင်းကုန်းစခန်းတွင် တာဝန်ကျပြီဖြစ်သောကြောင့် အလုပ် အလွန်များလှသော အင်းစိန်ထောင် အချုပ်ရုံးကိုစွန့်ခွာ၍ ရန်ကုန် –မန္တလေး အမြန်လမ်း ဖောက်လုပ်ရာ မင်းကုန်းဟူသော တောစခန်းကလေးကို ပိုမိုနှစ်မြို့ကာပြီး သဘောကျနေမိပါတော့သည်။ ထိုညက ကျွန်တော်တို့ ထောင်အရာရှိများအဖွဲ့ ညစာစားသောက်ကြပြီးနောက် စကားစမြည်ပြောကြရင်း အတွေ့အကြုံများကို ဖလှယ်ကြသည်။ ထို့နောက် ည (၉)နာရီခန့်တွင် မအိပ်ကြသေးဘဲ အချို့အတွဲက ချက်ထိုးကစားကြသည်။ ကျွန်တော်နှင့် ထောင်မှူးကြီးတစ်ဦးကတော့ အင်္ဂလိပ်စာလုံးစီသော ကစားနည်းကို ကစားကြသည်။ ကစားနေစဉ် စိတ်ဝင်စားမှုကြောင့် အချိန်ကာလကိုပင် မမှန်းဆမိကြပါ။

ထိုစဉ်တွင် ရှေ့တန်းမှ ဝန်ထမ်းနှင့် ရဲဘက်များအဖွဲ့ မီးတုတ်ကိုယ်စီဖြင့် အရေးပေါ် ရောက်ရှိလာကြပါတော့သည်။ ၎င်းတို့မှာ အလွန်ပင်ပန်းကြီးစွာဖြင့် ထမင်းပင် မစားကြရသေးပါ။ မင်းကုန်းကွပ်ကဲမှုစခန်းမှ အထူးအရာရှိ ဗိုလ်ကြီးထွန်းလွင်နှင့် အထူးအဖွဲ့ နောက်ထပ် စခန်းသစ်ဖွင့်မည့် သုံးတန်ကူးဟူသော စခန်းနေရာကို ရှာဖွေနေရင်း လူစုကွဲ၍ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့နှင့် မျက်ခြည်ပြတ်သွားကြောင်း၊ တောထဲ၌ တစ်နေ့လုံးတစ်ညလုံး ရှာဖွေသော်လည်း ရှာဖွေတွေ့ရှိခြင်း မရှိ၊ အဆက်အသွယ်မရသောကြောင့် နောက်တန်း ကွပ်ကဲမှုရုံးသို့ ညတွင်းချင်းပြန်လာကြပြီး အရေးပေါ်အကူအညီ တောင်းခြင်းဖြစ်ပါကြောင်း၊ တင်ပြကြပါသည်။

ထိုအချိန်မှ ကျွန်တော်တို့ နာရီကိုကြည့်မိတော့ ညဉ့်သန်းခေါင်ယံ (၁၂)နာရီထိုးပြီဖြစ်ပါသည်။ ထောင်ပိုင်ကြီးဦးအုန်းကျော်က ရှေ့တန်းမှပြန်လာပြီး ဝန်ထမ်းနှစ်ဦးနှင့် ရဲဘက်ကြီးဆယ်ယောက်တို့အား မေးမြန်းပါတော့သည်။





"မင်းတို့သွားတုန်းက ရဲဘက် (၂၀)၊ ဝန်ထမ်း လေးယောက်နဲ့ ဗိုလ်ကြီးတို့ လက်နက်ကိုင်အဖွဲ့နဲ့ မဟုတ်လား"

ဝန်ထမ်းတစ်ဦးက . . .

"ဟုတ်ပါတယ် . . . ထောင်ပိုင်ကြီး။ ကျွန်တော်တို့ သွားတုန်းက ရဲဘက်ကြီး (၂၀)၊ လက်နက်ကိုင်ဝန်ထမ်း (၄)ယောက်နဲ့ ဗိုလ်ကြီးတို့အဖွဲ့ပါ။ ကျွန်တော်တို့အဖွဲ့ ထောင်မှူးကြီးဦးထွန်းရီတို့ရဲ့ ကျွန်းတစ်စုစခန်းကနေ ထွက်ကြပြီး (၂)စုခွဲလို့ စခန်းသစ်ဆောက်မယ့် သုံးတန်ကူးစခန်းကို ရှာပါတယ်။ ကျွန်တော်တို့ဆုံရပ်က ကညင်နှစ်ပင်စခန်းဖြစ်ပါတယ်။ သုံးတန်ကူးစခန်းဆိုတာ ကညင်နှစ်ပင်စခန်းနဲ့ မနီးမဝေးမှာ ရှိတယ်လို့ သိထားရပါတယ်။ နေ့လယ်ပိုင်း ကျွန်တော်တို့အဖွဲ့နှစ်ဖွဲ့ ဆုံရပ် ကညင်နှစ်ပင်စခန်းကို ရောက်တော့ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ ပေါ်မလာကြသေးပါဘူး။

အဲဒါနဲ့ ကျွန်တော်တို့တွေ ကျွန်းတစ်စုစခန်းက ထောင်မှူးကြီး ဦးထွန်းရီကို ထုတ်ပေးလိုက်တဲ့ ထမင်းထုပ်တွေကိုစားရင်း ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကို စောင့်ဆိုင်းကြပါတယ်။ ညနေစောင်းသည်အထိ ဗိုလ်ကြီးတို့အဖွဲ့ ပေါ်မလာကြတာကြောင့် ကျွန်တော်တို့ အနီးပတ်ဝန်းကျင်ကို တောနင်းပြီး ရှာကြပါတယ်။ ဒါပေမဲ့ သုံးတန်ကူးစခန်းကို ရှာမရသလို ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကိုလည်း အရိပ်အယောင်မျှ မတွေ့ရပါဘူး။ နေဝင်သွားပြီး မှောင်စလည်း ပျိုးလာပြီဖြစ်တာကြောင့် ကျွန်တော်တို့ လူစုပြီး ထောင်မှူးကြီးဦးထွန်းရီတို့ရဲ့ ကျွန်းတစ်စုစခန်းကို ပြန်လာခဲ့ကြပါတယ်"

"ဒါပေမဲ့ အဲဒီစခန်းမှာလည်း ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ ပြန်မရောက်သေးပါဘူး။ စောင့်ရင်းစောင့်ရင်း မိုးချုပ်လာခဲ့ပေမယ့် ဗိုလ်ကြီးတို့အဖွဲ့ ပြန်ရောက်မလာကြသေးပါဘူး။ ဒါကြောင့် ကျွန်းတစ်စုစခန်းက ထောင်မှူးကြီး ဦးထွန်းရီက မင်းကုန်းစခန်းပြန်ပြီး ထောင်ပိုင်ကြီးတို့ကို သတင်းပို့ခိုင်းတာပါ။ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ သောင်းကျန်းသူကပဲ ဖမ်းသွားသလား။ ကျားကိုက်ဆင်ရန်ကြောင့် ထိခိုက်ကုန်ကျတာလား၊ စိုးရိမ်လို့ နောက်တန်းပြန်လာပြီး ဗိုလ်ကြီးတို့အဖွဲ့နဲ့ ညတွင်းချင်း ပြန်ရှာဖွေဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ကြီးက . . .

''အေး . . . အဲဒါတော့ ဟုတ်တယ်။ တို့စခန်းမှာ ညွှန်မှူးပိုလ်မှူး သာဒိုးကလည်း ရန်ကုန်ပြန်နေတော့ ညဥ့်နက်သန်းခေါင်ဆိုတော့ လူစုဖို့လည်း အခက်သား။ ရဲဘက်တွေကတော့ ဆူးကြိုးဝင်းထဲက ထုတ်ပေးရင် ရတယ်။ ဝန်ထမ်းအင်အားစုဖို့အတွက် အခက်အခဲရှိတယ်။ နောက်ပြီးတို့ ဆီမှာက အသက်ကြီးတဲ့ အရာရှိတွေဘဲ ကျန်ခဲ့တာ။ ဒီကထောင်မှူးကလည်း ဒီနေ့ညနေမှ ပြောင်းရွှေ့လာရသူဖြစ်သော အခက်ပဲ။ ဒီစခန်းမှာ ညအိပ် အနားတောင်မယူရသေးဘဲ ရှေ့တန်းထွက်နိုင်းရမလို ဖြစ်နေပြီ''

မင်းကုန်းစခန်းတာဝန်ခံ ထောင်ပိုင်ကြီးဦးအုန်းကျော်က ညည်းတွားသလိုဖြင့် ကျွန်တော့်ဘက်သို့ မျက်စောင်းထိုးလာပါသည်။ တကယ်တမ်း ကျွန်တော့်အမြင်ကတော့ ညဥ့်နက်သန်းခေါင်တွင် ရိုးမတောကြီးအတွင်းသို့ ဝင်ရောက်၍ လူပျောက်ရှာရသည်မှာ မလိုအပ်သောကိစ္စဟု မြင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပျောက်ဆုံးသွားသည်ဟုဆိုသော ဗိုလ်ကြီး ထွန်းလွင်တို့အဖွဲ့မှာ လက်နက်ကိုယ်စီဖြင့် ရဲဘော်များလည်း (၁၀)ဦးခန့် ပါသောကြောင့် အင်အားလည်း တောင့်ပါသည်။ ထို့ကြောင့် ပူပန်စိုးရိမ်စရာ မရှိလှပါ။ တောနက်ကြီးအတွင်း၌ ညတွင်းချင်းရှာဖွေရန်လည်း အရေးတကြီး လိုအပ်မည် မထင်ပါ။ မြင်သာထင်သာသော မနက်ခင်းတွင်မှ ရှာဖွေလျှင်လည်း နောက်ကျမည်မထင်ပါ။ သို့သော် ကျွန်တော်က ယူနီဖောင်းဝတ်ဝန်ထမ်း ထောင်မှူးတစ်ဦးဖြစ်သောကြောင့် အထက်က တာဝန်ပေးလျှင် အလျင်အမြန် သွားရောက်ရမည်မှာ ကျွန်တော်၏တာဝန်ဟု ခံယူထားပါသည်။

ထောင်ပိုင်ကြီး ဦးအုန်းကျော်က . . .

''ကဲ . . . ဦးသိန်းဝင်းရေ၊ အားတော့နာပါရဲ့။ ခင်ဗျားက ဒီနေ့ပဲ ရောက်လာပြီး အနားတောင်မယူရသေးဘဲ ဗိုလ်ကြီးတို့အဖွဲ့ကို အရေးတကြီး ညတွင်းချင်း ရှာဖွေရမှာမို့ ရှာဖွေရေးအဖွဲ့ကို ဦးဆောင်ပြီး သွားပေတော့ဗျာ။ ဒီစခန်းမှာလည်း ခင်ဗျားကလွဲပြီး အရေးပေါ်စေနိုင်းစရာ လူငယ်အရာရှိ မရှိလို့ပါ''





ကျွန်တော့်အား ထောင်ပိုင်ကြီးက အချိုသပ်၍ တာဝန်ပေးခြင်းဖြစ်ပါသည်။ တကယ်တမ်းဆို ကျွန်တော် ငြင်းဆိုပိုင်ခွင့် ရှိမည်ထင်ပါသည်။ သို့သော် လက်နက်ကိုင်တပ်ဖွဲ့မှ ယူနီဖောင်းဝတ်ဝန်ထမ်းတစ်ဦး ဖြစ်သောကြောင့် ပေးအပ်သည့်တာဝန်ကို မငြင်းဆန်လိုတော့ပါ။ ထို့ကြောင့် ညအိပ် ယာဝင်ရန် ဖြန့်ခင်းထားသော အိပ်ရာခင်းနှင့် ခြင်ထောင်ကိုဖြုတ်ပြီး ညတွင်းချင်း ရှေ့တန်းသို့ထွက်ရန် ပြင်ဆင်ရပါတော့သည်။ ထိုစဉ်တွင် လက်နက်ကိုင်ဝန်ထမ်းသုံးဦးနှင့် ရဲဘက်ကြီး (၁၀) ယောက်ကိုလည်း ရှာဖွေ၍ စခန်းအတွင်းမှ ထုတ်လာခဲ့ကြပါသည်။ ကျွန်တော် အသင့်ဖြစ်တော့ ရဲဘက်ကြီး (၂၀)နှင့် လက်နက်ကိုင်ဝန်ထမ်း (၅)ဦး စုစည်းမိပါတော့သည်။

ကျွန်တော့်တွင် လက်နက်မရှိပါ။ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီး (၁)ခုနှင့် ရေဘူးတစ်လုံးသာ ရှိပါသည်။ သို့နှင့် ကျွန်တော်တို့ ညဥ့်သန်းခေါင်ကျော်အချိန်တွင် ရှေ့တန်းစခန်းများသို့ ကုန်းကြောင်းလျှောက်၍ မီးတုတ်များ ထွန်းကာ လျှောက်လှမ်းခဲ့ကြပါတော့သည်။ ကျွန်တော့်ပစ္စည်းများ အနေဖြင့် ကြီးမားလေးလံသော အဝတ်အစားနဲ့ အသုံးအဆောင်ထည့်သည့် သစ်သားသေတ္တာကြီးတစ်လုံး၊ ပလပ်စတစ်စဖြင့် ထုပ်ပိုးထားသည့် အိပ်ရာလိပ်တစ်ခုသာ ပါပါသည်။ ထိုပစ္စည်းများကိုလည်း ရဲဘက်ကြီးများက တစ်လှည့်စီ တာဝန်ခွဲဝေ၍ ထမ်းကြပါသည်။

ညဥ့်သန်းခေါင်ယံအချိန်တွင် ကိုယ်နှင့် အကျွမ်းဝင်ရင်းနှီးခြင်း မရှိသေးသော လူများနှင့် ပဲခူးရိုးမ တောနက်ကြီးအတွင်းသို့ ညဥ့်သန်းခေါင်ယံအချိန် လှုပ်ရှားသွားလာရမည်ဆိုမည်မှာ တကယ်တမ်းတော့ လုပ်ဆောင်ရန် မသင့်သော၊ အန္တရာယ်အလွန်ကြီးမားသော ကိစ္စရပ်သာဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့အဖွဲ့ နောက်မတွန့်ဘဲ မင်းကုန်းစခန်းမှ ရေနက်ကြီး စခန်းအထိ ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်မည့် လမ်းအူကြောင်းအတိုင်း ခရီးထွက်ခွာခဲ့ကြပါသည်။ ထိုခရီးစဉ်အတွင်း၌ သစ်ပင်ကြီးများ ခုတ်ရှင်း လင်းပြီးဖြစ်သောကြောင့် ပတ်ဝန်းကျင်တွင် ဝါးရုံများနှင့် ချုံပုတ်ပေါက်သာ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေနက်ကြီးစခန်းကို လွန်သောအခါမှ မခုတ်ထွင်ရသေးသော ပဲခူးရိုးမတောနက်ကြီးအတွင်းသို့ စတင်ဝင်ရောက်လာကြရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ ကံဆိုးသည်က တောနက်ကြီးအတွင်းသို့ ခြေလှမ်းချသည်နှင့် အောက်တိုဘာလကြီးဖြစ်လင့်ကစား မိုးကျလာခြင်းပင်ဖြစ်ပါသည်။ မိုးကြီးမှာ သဲသဲမဲမဲရွာသည်။ မီးတုတ်များလည်း ငြိမ်းကုန်ပြီ။ ဦးဆောင်သော ရှေ့က ရဲဘက်ပောင်းများအဖွဲ့ ပါလာသော လက်နှိပ်ဓာတ်မီးတစ်လက်နှင့် နောက်အဖွဲ့က ကပ်လိုက်လာသော ကျွန်တော်၏ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးကလေးသာ လမ်းပြအဖြစ် အသုံးပြု၍ ရပါတော့သည်။ လမ်းဟူသည်မှာလည်း တောလမ်းတောင်လမ်း၊ မုဆိုးလမ်းဖြစ်သောကြောင့် ကျယ်ဝန်းခြင်းမရှိ တောတိုး၍ သွားလာခဲ့ရခြင်းသာဖြစ်ပါသည်။

လမ်းပေါ်က ဆူးချုံ၊ တောချုံ၊ ဝါးလက်၊ ဝါးခက်၊ တောနွယ်များကိုလည်း ဖယ်ရှားရင်း မိုးသဲသဲရွာစဉ်အတွင်း ခရီးသွားရခြင်းကြောင့် ခရီးကမတွင်ပါ။ ရဲဘက်ကြီးများ တမိုင်းမိုင်း ချော်လဲကြသည်။ တောလမ်းခရီးမှာ ချုံများ တိုးဝှေ့ပြီးသွားရသလို လဲကျနေသော သစ်ပင်ကြီးများ၏ အောက်မှ လျှို၍သွားရခြင်း၊ အပေါ်မှ ကျော်လွှား၍ သွားရခြင်း စသဖြင့် လွန်စွာ ခက်ခဲကြမ်းတမ်းပါသည်။ မိုးကလည်း မတိတ်။ စွေပြီး သဲသဲမဲမဲ ရွာနေပါသည်။ ကျွန်တော်တို့ အဖွဲ့သားအားလုံးလည်း မိုးရာသီမဟုတ်သောကြောင့် မိုးကာလည်း မပါလာကြပါ။ ထို့ကြောင့် ယူနီဖောင်းများ၊ အဝတ်အစားများ မိုးရေကြောင့် စိုးစွတ်ရွှဲနစ်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလာကြပါသည်။ တစ်ဦးနှင့်တစ်ဦး တဂတ်ဂတ် မေးရိုက်သံကိုပင် ကြားနေကြရပါသည်။

ထိုနေ့မနက် (၃) နာရီခန့်တွင်မှ ကျွန်းတစိုဟူသော ယာယီရဲဘက်စခန်းကလေးသို့ ရောက်ရှိကြသည်။ ထိုစခန်းကလေးသို့ ရောက်ရှိပါမှ မိုးကတိတ်သွားတော့သည်။ ထိုစခန်းကလေး၌ ထောင်မှူးကြီးဦးထွန်းရီက တဲကလေးတစ်လုံးတွင် နေရာပေး၍ ကျွန်တော်တို့အဖွဲ့အား ကြိုဆိုပါသည်။ အလယ်တွင်လည်း မီးပုံကြီး ဖိုထားပေးတယ်။ ထိုအခါမှ ကျွန်တော်တို့အဖွဲ့





အအေးဒဏ်မှ ကာကွယ်နိုင်ကြပါသည်။ ယူနီဖောင်းများကို ချွတ်၍ မီးကင်ကြရသည်။ ခန္ဓာကိုယ်အား ရှေ့လှည့်၊ နောက်လှည့်လုပ်၍ မီးလှုံကြရသည်။ ထိုအခါတွင် ထောင်မှူးကြီး ဦးထွန်းရီက . . .

"ကိုသိန်းဝင်းရယ် . . . ဒီကိစ္စက ညည့်သန်းခေါင်ကြီး အရေးပေါ် လူပျောက်ရှာဖို့ လိုအပ်တဲ့ကိစ္စမှ မဟုတ်တာ။ တကယ်တမ်း လိုအပ်ရင်လည်း လူပျောက်ရှာဖွေဖို့ လုံထိန်းတပ်ရင်းနဲ့ လက်နက်ကိုင်စစ်တပ်ကိုသာ အကူအညီတောင်းဖို့ ကောင်းတာပေါ့။ နောက်ပြီး ခင်များလို ဒီနေ့မှ ရောက်လာတဲ့ လူသစ်အရာရှိကို ညတွင်းချင်း တောနင်းပြီး လူပျောက်ရှာခိုင်းတာတော့ မတရားဘူးဗျ။ ခင်ဗျားတော့ ဘယ့်နှယ့်နေမယ် မသိဘူး။ ကျွန်တော်တော့ လုံးဝ မကျေနပ်ဘူးဗျာ။ ကျွန်တော်ကတော့ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ လူစုကွဲပြီး ပျောက်ဆုံးနေကြောင်းသာ သတင်းပို့ခိုင်းတာပါ။ ညတွင်းချင်း တောနင်းရှာဖွေခိုင်းဖို့ မဟုတ်ပါဘူးဗျာ"

ကျွန်တော်လည်း လူကြီးတွေနဲ့ အဆင်မပြေလို့ မခံချင်စိတ်နဲ့ ပြန်ပြောမိရာက အခုလို တောနက်ထဲမှာ တာဝန်ပေးခံရပြီး စွန့်ပစ်ခြင်းခံရတာပေါ့ဗျာ။ အုပ်ချုပ်သူ လူကြီးတွေဆိုတာက လူတွေဖြစ်ပေမယ့် ကိုယ်ချင်းမစာတတ်ကြဘူးဗျ။ သူတို့ကတော့ နောက်တန်းစခန်းရုံးမှာ ဝက်အူချောင်းကြော်ကလေးနဲ့ အရက်ကို မြည်းလိုက်၊ ဘီယာနဲ့ ဒိန်ခဲကိုစားလိုက် ရန်ကုန်ပြန်ပြီး အနားယူလိုက်နဲ့ ဖိမ်ကိုကျလို့ ကျွန်တော်တို့မှာတော့ အခု မြင်တဲ့အတိုင်း အမိုးရှိပြီး အကာမရှိတဲ့ တဲထဲမှာ နေရတယ်။ တောစာ၊ တောင်စာဖြစ်သလို ရှာဖွေစားသောက်ရတယ်။

ငှက်ဖျားရောဂါနဲ့ နပန်းလုံး နေရတာဗျ။ ရှေ့ဆက်သွားရင် တောနက်ထဲမှာ ကျား၊ ဆင်၊ ဝက်ဝံ၊ တောကောင်ကြီးတွေရန်နဲ့လည်း ကြုံကြရဦးမှာ ခင်ဗျားကိုလည်း အမြင်ကပ်တဲ့ပုဒ်မနဲ့ မဲဇာပို့တာပဲဗျို့။ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ပြီး ကျန်းမာအောင်တော့နေဗျို့။ ဒီရှေ့တန်းတောထဲမှာ မိမိကိုယ်မိမိ ဂရုတစိုက်နေရုံကလွဲပြီး တခြား ဘယ်လူကြီးကမှ အလေးထား ဂရုစိုက်မှာမဟုတ်ဘူး . . . ကိုသိန်းဝင်းရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဆရာဦးထွန်းရီ၊ ကျွန်တော်လည်း သဘောပေါက်ပါတယ်။ ညဉ့်နက်သန်းခေါင်အချိန်ကြီး တောနက်ထဲကို လွှတ်တာလည်း သဘာဝမကျပါဘူး။ ဒါပေမဲ့ပေါ့ဗျာ . . . မသွားပြန်ရင်လည်း အမိန့်မနာခံတာနဲ့ သတ္တိနည်းရာကျမယ်။ ဒါကြောင့်လည်း ကျွန်တော် ယောက်ျားပဲ ဖြစ်လိုရာဖြစ်စေဆိုပြီး ထွက်လာခဲ့တာ။ တစ်ချိန်ချိန် အထိုင်ကျလို့ အနားရတော့လည်း ကျွန်တော်တို့က တောတောင်ထဲမှာပျော်တဲ့ တောပျော်မုဆိုးလောင်းတွေပါ"

"ကဲ . . . ကိုသိန်းဝင်းရေ၊ နောက်နေ့ ညကျမှပဲ ဆွေမျိုးစပ်ပြီး ဝါသနာပါရာတွေကို လုပ်ကြကိုင်ကြ၊ ပြောကြဆိုကြတာပေါ့။ အခုလောလောဆယ် အခြေအနေတော့ ဒီစခန်းမှာ ခေတ္တနားကြပြီး မနက်မိုးလင်းတာနဲ့ ရှာဖွေရေးကိစ္စတွေကို လွှဲခွဲပြီး ဆောင်ရွက်ကြရုံပေါ့ဗျာ"

"ကောင်းပါပေ့ . . . ဆရာဦးထွန်းရီရယ်၊ ကျွန်တော်တို့လည်း ညဉ့်သန်းခေါင်ကတည်းက မနားတမ်းတောတိုးပြီး လာခဲ့ကြရလို့ ပင်ပန်းလှပြီဗျာ။ ခေတ္တခဏ မီးလှုံရင်း နားကြတာပေါ့"

သို့နှင့် ကျွန်တော်နှင့် ဝန်ထမ်းရဲဘော်များအဖွဲ့ အနားယူကြရပါသည်။ အိပ်ချင်စိတ်ရှိသော်လည်း ရှာဖွေရေးတာဝန်ကြီးက ပခုံးပေါ်တွင် ပိနေသောကြောင့် မအိပ်ရဲပါ။ တခြားလူများကိုလည်း အိပ်ခွင့်မပေးနိုင်ပါ။ အကယ်၍ အိပ်လိုက်လျှင်လည်း မနက်မိုးလင်း အချိန်မီ အိပ်ရာက နိုးထနိုင်ကြမည်ဟု မထင်ပါ။ ထို့ကြောင့် ရေနွေးကြမ်းပူပူကို ကျိုသောက်ရင်း ခေတ္တခဏ အနားယူကြရပါသည်။

မနက်(၄) နာရီခန့်တွင် တောကြက်များတွန်၍ မျောက်အော်သံများနှင့် ဒေါင်းတွန်သံများ၊ အခြားသော တောတိရစ္ဆာန်များ၏ အော်မြည်သံများအပြင် အဝေးဆီမှ ကျားဟိန်းသံများနှင့် ဆင်အော်သံများကိုလည်း သဲ့သဲ့ကြားကြရပါသည်။ ဤအခါမှ ကျွန်တော်တို့ ရောက်ရှိနေသော နေရာမှာ ရိုးမအလယ်ခေါင် တောနက်ကြီးအတွင်းဖြစ်ကြောင်း သတိရမိကြပါတော့သည်။





နံနက်(၅) နာရီခန့်အချိန်တွင် ထောင်မှူးကြီး ဦးထွန်းရီမှ . . . .

"ကဲ . . . ကိုသိန်းဝင်းရေ၊ ရှိတာလေးနဲ့ ဗိုက်ဖြည့်ပြီး ရှာဖွေရေးလုပ်ငန်း စလိုက်ကြရအောင်။ ရဲဘော်ကြီးတွေအတွက်တော့ ဒီစခန်းက ရဲဘော်တွေအတွက် လုပ်ထားတဲ့ ဆန်ပြုတ်တွေ ရှိပါတယ်။ အဆာပြေစားကြပြီး ယှဉ်လိုက်ကြဦးစို့။ ကျွန်တော်နဲ့ခင်ဗျား ဝန်ထမ်းတွေအတွက်တော့ ကျွန်တော် အရေးပေါ်ဆောင်ထားတဲ့ မုန့်ကလေးများစားပြီး ယှဉ်လိုက်ကြဦးစို့"

ထို့ကြောင့် မနက် (၅) နာရီခွဲခန့်တွင် အလင်းရောင်ရသည်နှင့် ကျွန်တော်တို့အဖွဲ့နှင့် ထောင်မှူးကြီးဦးထွန်းရီတို့အဖွဲ့ နှစ်ဖွဲ့ခွဲကာ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့အား ရှာဖွေရေးစတင်ကြပါပြီ။ စုရပ်ဆုံမှတ်က ကညင်နှစ်ပင်စခန်းဖြစ်ပါသည်။ ကျွန်းတစ်ရိုစခန်းမှ ထွက်ခွာသည်နှင့် နတ်ရေတွင်းစခန်းသို့ တောတွင်းခရီးသွားများနှင့် မုဆိုးများ ခေတ္တယာယီစခန်းချရာ စခန်းလေးတစ်ခုသို့ ရောက်ကြသည်။ ထိုမှ တောတိုး၍ ကျွန်တော်တို့အဖွဲ့ တောအနှံ့တောင်အနှံ့ ရှာဖွေကြပါသည်။ လှူသံပေး၍လည်း အော်ဟစ်ပြီး အသံပြုကြသည်။ တောကြီးမှာ ပိုမို၍ နက်ရှိုင်းလာပါသည်။ အချို့နေရာများတွင် ရေစပ်စပ်ဖြင့် ရေငန်းဆူးပင်များ ကြိမ်ရုံ၊ ကြခတ်ဝါးရုံးများက လူတို့မပေါက်နိုင်အောင် ကာဆီးနေသောကြောင့် ကွေ့ရှောင်၍ ချုံရှင်းပြီး လမ်းထွင်ကြရသည်။

ထိုတောတွင် လူကြီးလေးငါးဖက်စာခန့်ရှိ ပျဉ်းမပင်ကြီးများ၊ အမြဲစိမ်းလန်းသည့် ရွက်ဖားကြီးများဖြင့် ကွဲညောင်းပင်ကြီးများ၊ ပျဉ်းကတိုးနှင့် သစ်မာပင်ကြီးများ ပေါက်ရောက်နေသောကြောင့် လွန်စွာနက်ရှိုင်းသည့် တောနက်ကြီးဖြစ်ပေသည်။ ကျွန်တော်တို့အဖွဲ့ တောတိုးရင်း၊ လှူအသံပေး၍ သွားကြရာ အုပ်စုတောင့်သောကြောင့် အန္တရာယ်ပေးမည့် တောကောင်ကြီးများကို မတွေ့ရှိရသော်လည်း တောမျောက်များနှင့် တောဝက်အုပ်များကိုတော့ မလှမ်းမကမ်းတွင် မကြာခဏ တွေ့ရှိရပါသည်။

ထိုအခါတွင် ကျွန်တော့်အဖွဲ့မှ လက်နက်ကိုင်ဝန်ထမ်းများက



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာအတွက် ပစ်ခွင့်တောင်းသောကြောင့် အသံပေးသည့်သဘောဖြင့် ကျွန်တော်က ပစ်ခွင့်ပေးလိုက်ပါသည်။ မကြာပါ ရိုင်ဖယ်သေနတ်သံ နှစ်ချက်၊ သုံးချက်ကြားရသည်။ ကျွန်တော်၏ လက်ဝဲဘက်အစွန်နေရာဘက်မှ 'တောဝက်ကြီးနှစ်ကောင်ရပြီ ဆရာကြီးရေ' ဟု ဝန်ထမ်းများ၏ အော်သံကိုကြားရပါသည်။ ထို့ကြောင့် ထိုတောဝက်သေနှစ်ကောင်ကို ရဲဘက်များက ဝိုင်းဝန်းထမ်းကြပြီး တောတွင်းခရီး ဆက်ခဲ့ကြပါတော့သည်။

✿ ✿ ✿

❑

ကညင်နှစ်ပင်စခန်း တည်ရှိရာသို့ မှန်းဆပြီး လှမ်းခဲ့ကြပါတော့သည်။ နေ့လယ် (၁၂) နာရီခန့်တွင် ကျွန်တော်တို့အဖွဲ့ ကညင်နှစ်ပင်စခန်းဟု ခေါ်ဆိုသော တစ်ဖက်ရပ်မှဆိုးတဲကလေး ထိုးထားရာ လူကြီးသုံးဖက်စာခန့်ရှိ ကညင်ပင်ကြီးနှစ်ပင်ခြေရင်းသို့ ရောက်ရှိခဲ့ကြပါသည်။ တစ်ဖက်၌လည်း ရေကန်ငယ်တစ်ခုကို တွေ့ရသည်။ ငါးများလည်း ရှိနေဟန်တူသည်။ ပလုံစီ၍ ရေပွက်သံများကို ကြားရသည်။ ထို့ကြောင့် ကျွန်တော်နှင့်အတူ ပါလာသည့် ရဲဘက်ကြီးများအဖွဲ့က အထိုင်စခန်းချ၍ ပါလာသည့် ရိက္ခာများနှင့် ထမင်းချက်ရန်ပြင်ဆင်ကြသည်။ တချို့ရဲဘက်ကြီးများကလည်း ပစ်ခတ်ရရှိလာသော တောဝက်ကြီးနှစ်ကောင်အား ဖျက်အသင့်ပါလာသည့် အိုး၊ ခွက်များဖြင့် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်နေကြပါတော့သည်။

ထိုအချိန်တွင် ကျွန်တော် အနားရသည်။ ပတ်ဝန်းကျင်ကို လေ့လာတော့ တောဆိုးသစ်ပင်ကြီးများစုဝေးရာ ကညင်နှစ်ပင်စခန်းမှာ အသုံးပြု





ရန်၊ ရေကန်နှင့် စတည်းချရန် ကောင်းမွန်သော စခန်းကလေးတစ်ခုဖြစ်ကြောင်း တွေ့ရှိရတော့သည်။ ရဲဘက်ကြီးများမှာ အလွန်အားကိုးရပါသည်။ ထင်းရှာသူ၊ ရေခပ်သူ၊ မီးမွှေးသူ ချက်ပြုတ်လုပ်ကိုင်သူများဖြင့် တစ်ယောက်တစ်လှည့် ဝိုင်းဝန်းပြီး လုပ်ဆောင်ကြရာ အချိန်တစ်နာရီခန့်အတွင်း ကျွန်တော်တို့ နေ့လယ်စာစားသုံးရန် အဆင်သင့်ဖြစ်ပါသည်။ လက်ရာကောင်းသည် မကောင်းသည် မသိသော်လည်း ထမင်းပူပူဟင်းပူပူဖြင့် ဆာလောင်လှသောကြောင့် တဝစားကြရာ လွန်စွာမြိန်လှပါသည်။ ကျွန်တော်နှင့်အတူလာကြသော ဝန်ထမ်းနှင့်ရဲဘက်များမှာလည်း ဗိုက်လေးအောင်စားကြသည်။ ဗိုက်ပြည့်သည်နှင့် အနားယူအပန်းဖြေရင်း တစ်ဖက်မှ ထောင်မှူးကြီးဦးထွန်းရီတို့အဖွဲ့ကို စောင့်ဆိုင်းရင်း အနားယူကြရပါသည်။

ကျွန်တော်တို့အဖွဲ့ စားသောက်ပြီး အနားယူနေကြစဉ် မွန်းလွဲ (၂) နာရီအချိန်ခန့်၌ ထောင်မှူးကြီးဦးထွန်းရီတို့အဖွဲ့ ကညင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြပါသည်။

"ဟေး . . . ကိုသိန်းဝင်းတို့ အဆင်ပြေကြရဲ့လား။ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကို တွေ့ပြီဗျ။ ကျွန်တော်တို့နဲ့ လမ်းမှာဆုံကြတာပဲ။ ဗိုလ်ကြီးထွန်းလွင်က သုံးတန်ကူးစခန်းရှာရင်း ငှက်ဖျားမိလို့ နောက်တန်းစခန်းကို ပြန်ကြရင်းလမ်းမှားပြီး သူတို့ ပထမအဖွဲ့နှင့် လွဲသွားကြတာ။ ဗိုလ်ကြီးထွန်းလွင်က တပ်ထဲမှာကတည်းက ငှက်ဖျားရောဂါအခံရှိတာမို့ ရောဂါပြင်းပြီး လုံခြုံရာ တစ်နေရာမှာ နားနေကြတုန်း ပထမအဖွဲ့နဲ့ လွဲချော်သွားတာထင်ပါရဲ့။ အခုတော့ မင်းကုန်းစခန်းကို ပြန်ကြပြီ။ ဟော့ဒီမှာ မြေနီကွင်းရွာက လမ်းပြမှဆိုး ကိုနေပဲ။ သူက သုံးတန်ကူးလို့ခေါ်တဲ့ မှဆိုးစခန်းနေရာကို သိတယ်။ သူပဲ လမ်းပြလိမ့်မယ်"

"အဲဒါ ကိုသိန်းဝင်းက ဦးဆောင်ပြီး သုံးတန်ကူးစခန်းကို ရှာပါ။ ရှာလို့တွေ့ရင် အဲဒီမှာပဲ စတည်းချပြီး တောရှင်းပါ။ ပြီးရင် ရဲဘက်(၅၀၀)ဆံ့စခန်းကြီးတစ်ခုကို ဦးဆောင်ပြီး ဆောက်ပါ။ ရဲဘက်အင်အားနဲ့ ဝန်ထမ်းအင်အား ရိက္ခာတွေကို နောက်တန်းက ပို့ပေးမယ်လို့ ဗိုလ်ကြီးထွန်းလွင်က



www.burmeseclassic.com

www.burmeseclassic.com



မှာသွားပါတယ်။ ကျွန်တော်နေတဲ့ ကျွန်းတစ်စိုစခန်းနဲ့လည်း မဝေးတာကြောင့် ကျွန်တော်လည်း မကြာခဏလာပြီး ခင်ဗျားကို ကူညီအားပေးပါ့မယ်''

''ဟုတ်ကဲ့ပါ ... ဆရာ။ နေ့လယ်စာ ထမင်းမစားရသေးရင်လည်း ကျွန်တော်တို့အဖွဲ့က တောဝက်ကြီးနှစ်ကောင်ရထားလို့ ချက်ပြုတ်ကြော်လှော်ထားပါတယ်။ စားသွားကြပါဦး''

''ကောင်းပါ့ဗျာ ... ကျွန်တော်တို့လည်း နေ့လယ်စာ ဘယ်နေမှန်းမသိပါဘူး။ ကျွန်းတစ်စိုစခန်း ရောက်ပါမှ စားကြမယ်လို့ ကြံရွယ်ထားကြတာ။ အခုတော့ အဆင်ပြေတာပေါ့။ မနက်အစောပိုင်းက ညှိသည့်ဖြစ်တဲ့ ခင်ဗျားက အခုတော့ အိမ်ရှင်ဖြစ်ပြီပေါ့။ ကျွန်တော့်ကိုတောင် တောထဲတောင်ထဲမှာ ဖြစ်သလို ကျွေးမွေးတာမဟုတ်ဘဲ တောဝက်သားဟင်းနဲ့ ကျွေးမွေးနိုင်တာဆိုတော့ အလွန်ပဲ ကျေးဇူးတင်ပါရဲ့ဗျား။ ခင်ဗျားတို့အဖွဲ့ ပွဲဦးထွက်လာဘ်ကောင်းတယ်လို့ပဲ ဆိုရမှာပဲ။ တောထဲတောင်ထဲဆိုဓာ နေတတ်ရင် ပျော်စရာကောင်းမှာပါပဲ။ လိုအပ်တာရှိရင်လည်း ကျွန်တော့်စခန်းကို ဆက်သားလွှတ်ပြီး အကူအညီ တောင်းခံနိုင်ပါတယ်ဗျာ''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... ဆရာဦးထွန်းရီ။ ကျွန်တော်ကလည်း မုဆိုးဝါသနာပါတော့ တောထဲတောင်ထဲမှာ နေရတာ ပျော်မှာပါ။ ရောက်တဲ့နေရာမှာ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းပြီး ပျော်အောင်နေရမှာက ကျွန်တော်တို့တာဝန်ပါ''

''ကဲ ... အဲဒါဆိုရင် နေမဝင်ခင် ကျွန်တော်တို့ ကျွန်းတစ်စိုစခန်းကို ပြန်ဦးမယ်ဗျာ။ တောတောင်ထဲမှာဆိုတော့ နေဝင်တာ စောတယ်ဗျ။ ခင်ဗျားတို့ရော ဒီမှာပဲ စခန်းချမှာလား။ နောက်နေ့မှ သုံးတန်ကူးစခန်းကို ရှာကြမှာလား''

''မဟုတ်ဘူး ... ဆရာ။ ကျွန်တော်တို့ ဒီနေ့ပဲ သုံးတန်ကူးစခန်းနေရာကို လမ်းပြမုဆိုးနဲ့ရှာပြီး အဲဒီမှာပဲ ညအိပ်စခန်းချတော့မယ်။ ဒီ ကညင်နှစ်ပင်စခန်းနဲ့ သုံးတန်ကူးစခန်းက သိပ်ဝေးလှမယ် မထင်ပါဘူး''

ထိုအခါတွင် မုဆိုးကိုနေဆိုသူက ...



''မဝေးလှပါဘူး ဆရာ။ ဒီကနဲ့ မလှမ်းမကမ်းမှာပါပဲ။ သုံးတန်ကူးစခန်းဆိုတာက ဒီ ကညင်နှစ်ပင်စခန်းလို မုဆိုးတွေ စတည်းချတဲ့ စခန်းကလေးပါပဲ။ သုံးတန်ကူးစခန်းဆိုတာကလည်း ချောင်းကလေးသုံးခု ပေါင်းဆုံရာနေရာဖြစ်လို့ ရှေးယခင်မုဆိုးတွေက ပေးထားခဲ့တဲ့ မုဆိုးတောစခန်းနာမည်ကလေးပါ။ ကျွန်တော်တောင် မရောက်တာကြာလို့ အတော်ကလေး ရှာကြည့်ရဦးမယ်။ ဒါပေမဲ့ ချောင်းကလေးသုံးခု ဆုံတာဆိုတော့ ရှာရ၊ ဖွေရ လွယ်ကူမှာပါ''

သို့နှင့် ထောင်မှူးကြီးဦးထွန်းရီတို့အဖွဲ့ ကညင်နှစ်ပင်စခန်းမှ စားသောက်ပြီး၍ ပြန်ကြပြီးနောက် ဒေသခံမုဆိုးကိုနေ ဦးဆောင်သည့် ကျွန်တော်တို့အဖွဲ့ ကညင်နှစ်ပင်စခန်း၏ မြောက်ဘက်သို့ တောတိုး၍ ရှာဖွေကြပါတော့သည်။ သုံးတန်ကူးစခန်းဆိုသည်မှာ ဒေသခံမုဆိုးများပင် အသွားအလာ မရှိခြင်းကြောင့် မုဆိုးလမ်းပင် ပျောက်နေပါသည်။ ထို့ကြောင့် ညနေ (၃) နာရီကျော်ခန့်မှ ဒေသခံမုဆိုးကိုနေ ညွှန်ပြသော သုံးတန်ကူးစခန်းဟုခေါ်ဆိုသည့် နေရာကလေးသို့ ကျွန်တော်တို့အဖွဲ့ ရောက်ရှိကြပါသည်။ ကိုနေတို့ပြောသော ချောင်းကလေးသုံးတန်ဆိုသည်မှာလည်း ယခုအခါတွင် မိုးကုန်ပြီဖြစ်၍ ရေစပ်စပ်သာရှိသော ချောင်းကောကလေးများသာ ဖြစ်ပါသည်။

ချောင်းကလေးများအတွင်း၌ အချို့နေရာများတွင် ရေအိုင်ကလေးများ ကျန်ရှိနေသည်။ ချောင်းနှုတ်ခမ်း၌ ဝါးရုံပင်အုပ်များက ဖုံးလွှမ်းမင်းမိုးနေပါသည်။ ကျွန်တော်တို့အဖွဲ့ ချောင်းကလေးများအလယ် ဧက (၁)မတ်ခန့်ရှိသော သစ်ပင်များလွတ်ကင်းရာ မြေကွက်လပ်တစ်ခုတွင် နေရာယူကြပါသည်။ ကောင်းကင်၌လည်း မိုးတိမ်များ မရှိသောကြောင့် သာယာနေပါသည်။ သို့သော် တောတွင်းဖြစ်၍ နေဝင်စောပါသည်။ အလင်းရောင်ကလေးရှိတုန်း ကျွန်တော်တို့အဖွဲ့ ရဲဘက်စခန်းက သယ်လာသော အမိုးလုပ်ရန် မိုးကာဖျင်ထည်များကို မြေကြီးပေါ်တွင်ခင်း၍ အိပ်ယာလိပ်များ ချထားပြီး တည်းစီ၍အိပ်ရန် လုံခြုံရေးနှင့် ညစာချက်ပြုတ်ရေးတို့အတွက် နေ့ထမ်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်ကြီးများအား တာဝန်အသီးသီး ခွဲဝေပေးပြီး ကျွန်တော် ပတ်ဝန်းကျင်ကို လေ့လာရပါသည်။

ဒေသခံမုဆိုးကိုနေ ညွှန်ပြသော သုံးတန်ကူးစခန်းနေရာမှာ ရဲဘက် (၅၀၀)ခန့် အဆောက်အအုံများ ဆောက်လုပ်ရန် ကျယ်ပြန့်ခြင်းမရှိပါ။ ထို့ကြောင့် အနီးတဝိုက်သို့ ရှာဖွေကြည့်ရာ မြေပြန့်ရှိသော်လည်း တောပင်ကြီးများဖြင့် ဖုံးလွှမ်းနေသော တစ်ဧကခန့်ကျယ်သည့် မြေနေရာကို တွေ့ရှိရပါသည်။ ထို့ကြောင့် နောက်နေ့ မနက်မှ အသေအချာကြည့်ရှုပြီး တိုင်းတာရန် ကြံရွယ်မိပါသည်။ ကျွန်တော် ယာယီစခန်းချရာသို့ ပြန်ရောက်သောအခါ ရဲဘက်ကြီးများက ချက်ရေးပြုတ်ရေးကို အလျင်အမြန် ဆောင်ရွက်နေကြသည်။ ဝန်ထမ်းများက ကျွန်တော်မှာကြားခဲ့သလို တာဝန်ခွဲ၍ ကင်းစောင့်ရန် ဂျူတီဆွဲနေကြပါသည်။

ထိုအချိန်တွင် ကျွန်တော်၏ သစ္စာရှိသော တပည့်မုဆိုးများ ဖြစ်လာကြမည့် ရဲဘက်ကြီး ရအောင်သန်းနှင့် တင်သောင်းတို့မှာ ငါးပေါက်ကလေးများအားဖမ်း၍ ချက်ပြုတ်ရန် ပြင်ဆင်နေကြသည်ကို တွေ့ရှိရပါသည်။

"ဟဲ့ကောင်တွေ . . မင်းတို့ ဒီငါးကလေးတွေ ဘယ်ကရတာလဲ"

"ဆရာရေ . . . ဒီစခန်းက လောလောဆယ် လူနဲ့ဝေးတော့ သားငါးပေါတယ်ဗျ။ ဒီငါးပေါက်ကလေးတွေက ကျွန်တော်တို့ အခု စခန်းချတဲ့ ပတ်ဝန်းကျင်က ဆင်ခြေရာခွက်တွေထဲက ရခဲ့တာ။ ဆင်ခြေရာခွက်တစ်ခုကို တစ်အိုးချက်တော့ ကောင်းကောင်းရတယ်။ ပတ်ဝန်းကျင်က ချောင်းကလေးတွေအထဲမှာလည်း ငါးမျိုးစုံက ပေါမှပေါပဲဗျာ။ ပတ်ဝန်းကျင်မှာလည်း တောစာတောင်စာ၊ တောသီးနှံတွေက အများကြီးပဲ။ နောက်နေ့တွေပါ ဆရာစားဖို့အတွက် ကျွန်တော် ရှာဖွေပေးပါ့မယ်။ အသားရိက္ခာအတွက်တော့ မပူနဲ့ ဆရာရေ . . . လုံလုံလောက်လောက် ရှိပါတယ်၊ တောကြက်၊ တောငှက်လည်း ပေါပါတယ်။ ကျွန်တော်တို့က သာယာဝတီသားတွေပါ။ ဆရာ့အလံတောင်ခြေက လှည်းလမ်းကူးရွာသား မုဆိုးကလေးတွေပါ။ ကျွန်တော်တို့ ရှာတတ်ဖွေတတ်ပါတယ်"





"အေးကွာ . . . ကျေးဇူးပဲ။ တောတောင်ထဲမှာနေပြီး ရှာတတ်ဖွေတတ်ရင် အသားဟင်းလျာက မငတ်ပါဘူး။ ပေါပါတယ်။ ငါလည်း မုဆိုးလုပ်တာ ဝါသနာ ပါပါတယ်။ လေးခွနဲ့ လေသေနတ်နဲ့ ငှက်ပစ်တဲ့ ငှက်မုဆိုးလောက်တော့ လုပ်ဖူးပါတယ်။ ဒီတောထဲ ရောက်တော့လည်း တို့မှာ နိုင်ငံမယ် သေနတ်ကြီးတွေနဲ့ တောကောင်ကြီးတွေပေါတာကြောင့် မင်းတို့နဲ့တွဲပြီး အမဲလိုက်တဲ့ တောပျော်မုဆိုး လုပ်ရတော့မှာပေါ့ကွာ။ တို့အလုပ်ကလည်း တောတောင်ဆင်းပြီး စခန်းဆောက်ရင်း တောကောင်ရှာရမှာဆိုတော့ ငါ့ဝါသနာ၊ ဗီဇနဲ့လည်း ကိုက်ပါတယ်။ ပျော်ရာမှာ မနေရပေမယ့် တော်ရာမှာနေပြီး ပျော်အောင်ကြံဖန်နေရတော့မှာပေါ့"

"ဒီမှာနေရတာ ကောင်းပါတယ် . . . ဆရာရယ်။ စိတ်လွတ်လူလွတ်ပေါ့။ ကျွန်တော်တို့ သာယာဝတီထောင်ထဲမှာ နေရတုန်းက အလွန်ပဲ စိတ်ကောကိုယ်ပါ ကျပ်တည်းပြီး ဆင်းရဲခဲ့ပါတယ်။ ဪ . . . အခုတော့ တောထဲ တောင်ထဲရောက်ပြီး နဂိုဗီဇဝါသနာအတိုင်း ကိုယ့်ရုပ်ကိုယ့်ရှာ ပြန်ရောက်နေရသလိုပါပဲ။ ကျွန်တော်တို့က တောပျော်မုဆိုးတွေလေ ဆရာရဲ့။ သေနတ်မရှိလို့ တောကောင်ကြီးတွေ မပစ်နိုင်ပေမယ့် ကြက်၊ ငှက်နဲ့ တောကောင်ကလေးတွေကိုတော့ ရှာဖွေပြီး ဖမ်းဆီးတတ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့က တောသူတောင်သားပီပီ သစ်၊ ဝါးနဲ့ဆောက်တဲ့ သစ်အိမ်၊ ဝါးအိမ်လောက်တော့ မိရိုးဖလာ တောသူတောင်သားတွေပဲ ဆောက်တတ်ပါတယ် ဆရာ"

"အေးကွာ . . . ငါလည်း ဆောက်တာပြုတာ ဝါသနာပါပါတယ်။ လက်သမားပညာတော့ မတတ်ပါဘူး။ အဲ . . . ဒါပေမဲ့ စိတ်ဝင်စားလို့ လေ့လာထားတော့ အခြေခံကိုတော့ နားလည်ပါတယ်။ စုပေါင်းပြီး လုပ်ကြတော့လည်း ဖြစ်ရမှာပေါ့ကွာ"

"ဟုတ်ကဲ့ပါ . . . ဆရာ။ ကျွန်တော်တို့လည်း ကြိုးစားပမ်းစား လုပ်ပါ့မယ်၊ နိုင်းချင်ရာ နိုင်းပါ။ ဆရာ့တပည့်အရင်းတွေလို ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ သုံးပါ။ ကျွန်တော်တို့ သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်ပါ့မယ်''

ထိုအချိန်မှစ၍ မုဆိုးအောင်သန်းနဲ့ တင်သောင်းတို့မှာ ကျွန်တော်၏ တပည့်များ ဖြစ်လာကြခြင်း ဖြစ်ပါသည်။ ထိုညက ကျွန်တော်တို့ တောဝက်သားဟင်းအပြင် မုဆိုးအောင်သန်းနှင့် တင်သောင်းတို့ ရှာဖွေရှာပြုတ်ပေးသော ငါးကလေးနှင့် အသီးအရွက်ဟင်းများဖြင့် တောစာတောင်စာ စားရင်း လွန်စွာ ထမင်းမြိန်လှပါသည်။ ညမိုးချုပ်တော့ မီးပုံမီးကိုဖိုကြပြီး မီးပုံကြီးကို အလယ်တွင်ထားပြီး ကျွန်တော်တို့ အဖွဲ့တန်းစီ၍ အိပ်ကြရာ ကင်းစောင့်သူက စောင့်ကြရန် စီစဉ်ကြပါတော့သည်။

ည (၈) နာရီခန့်တွင် အောက်တိုဘာလ မိုးက မထင်မှတ်ဘဲ ရွာချတော့သည်။ ဖွဲ့ရာမှ သဲ၍လာရာ မတိတ်တော့ပါ။ ထို့ကြောင့် မြေခင်းဖွေ့ရာအဖြစ် ခင်းထားသော မိုးကာစများကို အမိုးအဖြစ် နီးရာဝါးရုံများမှာ ဝါးများခုတ်၍ အရေးပေါ် အမိုးလုပ်ရပါတော့သည်။ အောက်ခံမြေသားမှာ မိုးရေရိုပြီး ရေပါစီးနေသောကြောင့် ထိုညက အိပ်၍မရတော့။ ငုတ်တုတ်ထိုင်ပြီး ငိုက်မြည်းရတော့သည်။ မိုရေကြောင့် မီးပုံကြီးကလည်း မီးငြိမ်းသွားလေသည်။ ရှီးမတောခြင်ရိုင်းကြီးများကလည်း တဝီဝီနဲ့ အုပ်စုလိုက်ပျံသန်းပြီး ကိုက်ကြသည်။

ပတ်ဝန်းကျင်၌လည်း တောဆင်ရိုင်းများနှင့် ကျားဟိန်းသံများကို အနီးကပ် ကြားနေရပါသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ မအိပ်မနေ အသက်ရှည်ဟူသော စကားပုံအတိုင်း ငုတ်တုတ်ထိုင်ချ ကင်းစောင့်ရင်း မိုးလင်းကြရတော့သည်။ မနက်မိုးလင်း အရုဏ်ဦးတွင် တောဆင်ရိုင်းနှင့် ရှီးမကျားကြီးများ၏ အော်သံ ဟစ်သံ ဟိန်းသံများကို မကြားရတော့ဘဲ မနက်စောစောအိပ်တန်းတက်စ ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကြွေးသံများနှင့် အတူ တောကြက်နှင့် တောမျောက်များ ဒေါင်းတွန်သံများဖြင့် ရှီးမတောကြီးမှာ အသက်ဝင်လာပြီး လွန်စွာမှ သာယာလှပါသည်။





တဖြည်းဖြည်းနှင့် နေထွက်လာရာ နေမင်း၏ အလင်းရောင်ကြောင့် ညကရွာသွန်းထားသော မိုးရေစက်များ ပက်ဖျန်းထားသည့် ဝါးရွက်၊ သစ်ရွက်တို့မှာ နေရောင်တွင်ပြောင်လက်ပြီး တောက်ပရွှန်းစိုနေပါတော့သည်။

ကျွန်တော်တို့ ပထမဦးဆုံးလုပ်ရမည့် အလုပ်မှာ ကျွန်တော်တို့ ဝန်ထမ်းများနှင့် ရဲဘက်များ ယာယီ လုံခြုံစွာ နေထိုင်နိုင်ရန်အတွက် ခိုင်ခံ့သော တဲကြီးတစ်လုံးဆောက်လုပ်ရန် အရေးတကြီးလိုအပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ထိုနေ့က ဝန်ထမ်းနှင့် ရဲဘက်များ အဆောက်အအုံဆောက်နေစဉ် ကျွန်တော်နှင့် မုဆိုးအောင်သန်းနှင့် တင်သောင်းတို့အဖွဲ့က စခန်းကြီးဆောက်လုပ်ရန် မြေနေရာကို တောတိုး၍ ရှာဖွေတိုင်းတာရသည်။ တဲစခန်းကြီးဆောက်မည့်မြေနေရာမှာ တစ်ဧကခန့် ကျယ်ဝန်းသော်လည်း ကြိမ်ရုံ၊ ရေငန်းရုံနှင့် သစ်ပင်ကြီးများ ပေါများသော နေရာဖြစ်ခြင်းကြောင့် အတော်ပင် ရှင်းလင်းရမည်ဖြစ်ပါသည်။

သစ်ပင်ကြီးများမှာ ထွာဆိုင်မှ လူကြီးတစ်ဖက်စာခန့်ရှိသော တောပင်ကြီးများဖြစ်သည်။ ရေငန်းရုံကြီးများကလည်း တစ်လံခန့်မြင့်မားပြီး ကြီးထွားသည်။ ကြိမ်ရုံကြီးများ၏ အုံကျင်းဖွဲ့ထားသည်မှာလည်း အလွန်ကြီးမားသည်။ အချို့ ကြိမ်နွယ်ကြီးများမှာ လက်မောင်းလုံးခန့်ရှိသည်။ နီးစပ်ရာသစ်ပင်ကြီးများ၏ ခေါင်ဖျားအထိ တက်၍နေကြသည်။ ကြခတ်ဝါး၊ ဝါးနက်နှင့် ဝါးခေါက်၊ အိမ်ဆောက်ရာတွင် အသုံးပြုနိုင်သည့် ကြသောင်းဝါးနှင့် မျှင်ဝါးများကလည်း လွန်စွာပေါများလှသည်။

ထို့ကြောင့် ကျွန်တော်က ရင်ကွဲဘားတိုက်ဆောက်လုပ်ရန် လိုအပ်သည့် တိုင်များအတွက် ထွာဆိုင်ခန့် အပင်များကို မျောတိုင်လုပ်ရန် ရွေးချယ်ပြီး ကြသောင်းဝါးနှင့် မျှင်ဝါးများကိုတော့ အမိုးအကာအတွက် သုံးရန် စသဖြင့် စီစဉ်ရပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ထိုနေ့ညနေစောင်းတော့ ရဲဘက်ကြီးများနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုကြောင့်လည်းကောင်း၊ ကျွမ်းကျင်ကြသောကြောင့်လည်းကောင်း၊ ကျွန်တော်တို့အဖွဲ့ လူပေါင်း (၂၆) ယောက် နေထိုင်နိုင်သော တောင့်တင်းခိုင်မာသည့် တဲကြီးတစ်လုံးကို ထိုးနိုင်ပါသည်။ ရဲဘက်ကြီးအများစုမှာ တောသူတောင်သားများ ဖြစ်ကြသောကြောင့် တဲအိမ်က သစ်များဝါးများဖြင့် စနစ်တကျ လျင်မြန်စွာ တည်ဆောက်နိုင်ကြခြင်းဖြစ်ပါသည်။ အိမ်ပတ်လည် ခြံစည်းရိုးအကာအရံကိုလည်း မျောတိုင်များကိုစိုက်ပြီး ဝါးလုံးများနှင့် ခိုင်ခံ့စွာ ကာရံထားပါသည်။

ထို့ကြောင့် ဒုတိယညတွင် ကျွန်တော်တို့ လုံခြုံစွာ စိတ်ချလက်ချ အိပ်ကြရပါသည်။ တဲအိမ်အတွင်း မြေကြီးပေါ်၌လည်း၊ တဲအိမ်အပြင်ဘက်၌လည်းကောင်း မီးပုံကြီးများ ဖိုထားပါသည်။ ထိုညက မိုးမရွာပါ။ ဆန်းစလက မပြည့်မဝ သာနေပါသည်။ လုံခြုံစိတ်ချရပြီဖြစ်သော်လည်း ကျွန်တော်တို့အဖွဲ့ တောနက်အတွင်း နေရခြင်းဖြစ်သောကြောင့် သတိမပြတ်စေရပါ။

လက်နက်ကိုင်ဝန်ထမ်း (၈)ဦးအား တစ်ဦးလျှင် နှစ်နာရီစီ လက်နက်ကိုင်၍ ကင်းစောင့်စေပြီး အကူအညီအနေဖြင့် ရဲဘက်ကြီးနှစ်ဦးအား အရံကင်းစောင့်ကြရပါသည်။ ထိုဒုတိယညတွင် မီးပုံကြီးများကြောင့်လည်းကောင်း၊ ကျွန်တော်တို့အဖွဲ့ လုံလုံခြုံခြုံ တဲအဆောက်အအုံဖြင့် နေထိုင်ကြခြင်းကြောင့်





လားတော့ မပြောတတ်ပါ။ ညအချိန်တွင် ညဘက်အစာရှာထွက်သော ငှက်ငယ်များနှင့် တောကောင်ကလေးများ၏ အသံကိုသာ ကြားကြရသည်။ ကျားနှင့်ဆင်တို့ အော်သံများကို အနီးကပ်၍ မကြားကြရတော့ပါ။ အဝေးဆီမှာတော့ ခပ်သဲ့သဲ့ ကြားနေရပါသေးသည်။

မနက် (၅)နာရီခန့်တွင် ရဲဘက်ကြီးများ အိပ်ရာကထကြပြီး မနက်စောစာစားရန်အတွက် ထမင်းကြော်ပြီး ရေနွေးအိုးတည်ကြသည်။ ထိုအထဲတွင် သာသနာ့ဝတီသား ရဲဘက်ကြီးဦးအောင်မြတ်ကတော့ ဘုရားစာများ ရွတ်ဆို၍ ဘုရားဝတ်ပြုပြီး၊ ပြီးနောက် တောစောင့်နတ်၊ တောင်စောင့်နတ်များအား တိုင်တည်ပြီး မေတ္တာပို့၍ အမျှဝေပါသည်။ ပြီးမှ သူက ကျွန်တော်နှင့် ဝန်ထမ်းများ မနက်စောစာစားသုံးကြရန် စီစဉ်ပေးပြီးနောက် ၎င်းတို့ ရဲဘက်ကြီးများ အချင်းချင်း ဝေမျှသောက်ကြပါသည်။

ထမင်းကြော်ဆိုသည်မှာလည်း ဘာအစာမှ မပါပါ။ ထမင်းကို ဆီပူလိမ့်၍ ကြော်ရုံသာကြော်ထားပြီး ညဘက်ကကျန်သော ဟင်းကျန်ဖြင့် ဝေမျှစားသုံးကြရခြင်းသာ ဖြစ်ပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ညှာတာပြီး ညီအစ်ကိုရင်းများသဖွယ် ဝေမျှစားသုံးကြရခြင်းဖြစ်သောကြောင့် ရောင့်ရဲတင်းတိမ်ပြီး ကျေနပ်နှစ်သိမ့်ကြပါသည်။

စားသောက်ကြပြီးသောအခါ ကျွန်တော်က တာဝန်ခွဲပေးရသည်။

"ကဲ . . . ငါတို့ ဒီနေ့ အလုပ်စလုပ်ကြရအောင်။ ရဲဘက်ကြီးတွေက ပြေးမှာလည်း မဟုတ်ဘူး။ ဒါကြောင့် ဝန်ထမ်းတွေက စောင့်ကြည့်စရာမလိုဘူး။ အဲ . . . ဒါပေမဲ့ စခန်းသစ်ချမယ့် နေရာမှာ သစ်တောနဲ့ ချုံပုတ်တွေ ရှိတာကြောင့် အချိန်မရွေး အကောင်ပလောင်တွေ ထွက်ပြီး အန္တရာယ်ပြုနိုင်တယ်။ ဒါကြောင့် မင်းတို့က ရဲဘက်ကြီးတွေ ခုတ်ထွင်ရှင်းလင်းသည့်နေရာတွေမှာ လက်နက်ကိုင်ပြီး သတိဝီရိယနဲ့ စောင့်ရှောက်ပါ။ အချိန်မရွေး ရန်ပြုနိုင်တဲ့ အကောင်ပလောင်တွေက ထွက်လာတတ်လို့ပါ။

အဲ . . . နေရာကို ရဲဘက်ကြီး (၁၅) ယောက်က တာဝန်ယူပြီး သစ်ဝါးတွေကို ခုတ်၊ အဆောက်အအုံဆောက်နိုင်အောင် ရှင်းလင်းပြီး ခုတ်ထွင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလည်း မျောသားနဲ့ အခြားသစ်ဝါးတွေကို အဆောက်အအုံဆောက်ရာမှာ အသုံးပြုဖို့အတွက် သူ့နေရာနဲ့သူ သီးခြားစီပုံထားပါ။ အကိုင်းအခက်၊ အလက်တွေကို ရှင်းရာမှာလည်း သစ်ကိုင်းက သက်သက်၊ ဝါးကိုင်းက သက်သက်၊ သီးခြားစီ၊ ထင်းလုပ်ဖို့အတွက် ပုံထားပါ''

''ရဲဘက်ကြီး (၅) ယောက် ကျန်တဲ့အနက် မုဆိုးအောင်သန်းနဲ့ တင်သောင်းက ဒီကအဖွဲ့တွေ အားလုံးစားဖို့အတွက် အသီးအရွက်နဲ့ သားငါး ရှာဖွေတဲ့တာဝန်ကို ယူပါ။ အကောင်ပလောင်ကြီးကြီးတွေ့လို့ ပစ်ရာ၊ ခုတ်ရာရှိရင်လည်း စခန်းက လက်နက်ကိုင်ဝန်ထမ်းတစ်ယောက်ကို ခေါ်ပြီး ရှင်းလင်းပါ။ ကျန်တဲ့ရဲဘက်ကြီး သုံးဦးအနက် ဦးအောင်မြတ်က ဖိုခေါင်းလုပ်ပြီး ကျန်တဲ့နှစ်ဦးက ထင်းရှာ၊ ရေခပ်၊ စုပေါင်းပြီး ချက်ပြုတ်ကြပါ။ လောလောဆယ် အခြေအနေအရတော့ လူစုမကွဲဖို့နဲ့ ဝေးဝေးကို တစ်ဦးတစ်ယောက်ထဲ မသွားကြဖို့ သတိထားကြပါ။ ကျွန်တော်လည်း စခန်းဆောက်ဖို့အတွက် အစီအစဉ် ပြေးဆွဲပြီး ခင်ဗျားတို့နဲ့ အနီးအနားမှာတင်ရှိနေမှာပါ။ ကဲ ... ကျွန်တော်ပြောတာကို နားလည်ကြရင် တာဝန်ခွဲဝေပေးထားတဲ့အတိုင်း စလုပ်ကြပါတော့''

ထို့ကြောင့် ထိုမနက်ခင်းတွင် ယမန်နေ့က ကျွန်တော်နှင့် မုဆိုးအောင်သန်းနဲ့ တင်သောင်းတို့ စခန်းဧရိယာအား ဝါးလုံးစိုက်၍ သတ်မှတ်ထားသည့်အတွင်း၌ ခုတ်ထွင်ရှင်းလင်း၍ လုပ်ကြပါတော့သည်။ တောခုတ်ရာ၌လည်း အလွန်လိုအပ်သော ငါးမန်းလှွနဲ့ သစ်ခုတ်ပုဆိန်များ မပါကြပါ။ ကိုင်းခုတ်ဓားရှည်နှင့် ဓားမကြီးအချို့လောက်သာ ပါလာကြသောကြောင့် လုပ်ငန်းက မတွင်ကျယ်။ သို့သော် နေ့လယ်ပိုင်း ထမင်းစားနားချိန်အတွင်း၌ ရဲဘက်ကြီးများ၏ လုပ်အားကြောင့် စနစ်တကျ အတော်အတန် ပြီးစီးပါသည်။ သားငါးရှာဖွေသော မုဆိုးအောင်သန်းနှင့် တင်သောင်းတို့အဖွဲ့ကလည်း ချောင်းကလေးများထဲမှ ငါးမျိုးစုံကို ရအောင်ဖမ်းကြသည်။

ထို့ကြောင့် ဖိုခေါင်းဦးအောင်မြတ်တို့က လတ်ဆတ်သော ငါးဟင်း၊ အပြင်၊ ငါးခေါင်းများဖြင့် ဖင်ပြွန်းသီးချဉ်ရည်ဟင်း၊ မျှစ်နှင့် ကြောင်လျှာသီး





မလှော်သီးပြုတ် တို့စရာများကို စီစဉ်ပေးပါသည်။ ငါးပိအံစား ရောက်သီးဆားထောင်း ဖြစ်ပါသည်။ ထိုနေ့ နေ့လယ်စာမှာလည်း အလုပ်ပင်ပန်းသောကြောင့်လား မသိ စား၍ကောင်းလှပါသည်။

ကျွန်တော်တို့အဖွဲ့ ခေတ္တနား၍ စားသောက်နေကြစဉ်၌ပင် ကျွန်းတစ္ဆိစခန်းမှ ထောင်မှူးကြီးဦးထွန်းရီနှင့် ရဲဘက်(၁၀)ဦး ရောက်ရှိလာပါသည်။

''ကိုသိန်းဝင်းရေ ... အဆင်ပြေကြရဲ့လား။ ညကကော ကောင်းကောင်းအိပ်ကြရရဲ့လား''

''အိပ်ရပါတယ် ... ဆရာရယ်။ ကျွန်တော်တို့အဖွဲ့ ဟောဟိုဘက်မှာ တဲကြီးကို လုံလုံခြုံခြုံထိုးထားပြီး ကင်းချအိပ်တာကြောင့် ညက စိတ်ချလက်ချ အိပ်ကြရပါတယ်။ အန္တရာယ်မရှိပါဘူး''

''ဟုတ်ကဲ့ဗျာ ... ခင်ဗျားက လုပ်တတ်ကိုင်တတ်ပါတယ်။ အခုလည်း ကျွန်တော်တို့ ရိက္ခာဖြေရှင်းဖို့ ငါးခြောက်၊ ငါးခြမ်း၊ လက်နက်တန်ဆာပလာတွေနဲ့ ရဲဘက်ကြီး(၁၀)ယောက်ကို အားဖြည့်ပြီး ပို့ပေးတာပါ။ နောက်ရက်တွေမှာ မင်းကုန်းစခန်းကလည်း ရဲဘက်တွေပို့ပေးမယ်လို့ အကြောင်းကြားထားပါတယ်။ အခု ကိုသိန်းဝင်းတို့ အမှန်တကယ်လိုအပ်တာက ဘာတွေရှိလဲ''

''ကျွန်တော်တို့ သစ်ပင်ကြီးတွေရှင်းဖို့ အဆောက်အအုံတွေဆောက်ဖို့ ငါးမန်းလှွနဲ့ သစ်ခုတ်ပုဆိန်၊ တိုင်တွင်းတူးဖို့ တူရွင်းပြားနဲ့ လက်သမားကိရိယာတွေ၊ ထက်မြက်တဲ့ဓားတွေ လိုတယ်ဆရာ။ အစားအသောက်ကိစ္စအတွက်တော့ ဆန်၊ ဆီ၊ ဆားပဲရှိရင် လုံလောက်ပါတယ်။ ကျွန်တော်တို့ ဒီမှာက အသီးအနှံနဲ့ သားငါးရှာဖွေရတာ လွယ်ကူပြီး ပေါ်များပါတယ်''

''ဟုတ်ပါပြီဗျာ ... ကျွန်တော် ဒီနေ့ပဲ လိုအပ်တဲ့ပစ္စည်းတွေကို စာရင်းဇယားလုပ်ပြီး ဆက်သားနဲ့ မင်းကုန်းစခန်းကို လူလွှတ်ပါ့မယ်၊ တခြားလိုအပ်တာရှိရင် ပြောပါ။ အားမနာတမ်းပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"တခြားလိုအပ်တာကတော့ ဆရာရယ် . . . ဆေးဝါးလောက်ပါပဲ။ ဒီမှာက တောတွင်းစခန်းကိုး။ ငှက်ဖျားကာကွယ်ဆေးနဲ့ ကုသဆေးလိုပါလိမ့်မယ်။ နောက်ပြီးတော့ ထိခိုက်ရှနာရင် အရေးပေါ်သုံးဖို့ ဆေးဝါးတွေနဲ့ ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်ရင်သုံးဖို့ ဆေးဝါးတွေလိုပါတယ်"

"ရပါတယ် . . . ကိုသိန်းဝင်းရယ်။ အဲဒီဆေးဝါးတွေက မနက်ဖြန် သန်ဘက်ခါ ဒီစခန်းကိုပို့မယ်။ ဝန်ထမ်းနဲ့ ရဲဘက်အသစ်တွေနဲ့အတူ ပါလာမှာပါ။ ခင်ဗျားတို့အဆောက်အအုံ ဆောက်ပြီးရင်လည်း ရဲဘက်အသစ်တွေနဲ့ ဝန်ထမ်းတွေအပြင် ဆေးမှူးနဲ့ ဆရာဝန်ကြီးတောင်ပါလာမယ်လို့ ကျွန်တော် သိထားပါတယ်"

"အေးဗျာ . . . ဆရာဦးထွန်းရှိရယ်၊ အဲဒီအချိန်ကျရင်တော့ အလွန် ပျော်စရာကောင်းမှာပါ။ တောနက်ခေါင်ခေါင်မှာ လူသံသူသံတွေနဲ့ အလွန်စည်ကားပြီး တောကောင်တွေ အန္တရာယ်က ကင်းဝေးတော့ တောတွင်းစခန်းမှာ ပျော်စရာကောင်းတော့မှာပေါ့ဗျာ။ အဲဒီအချိန်ရောက်ဖို့လည်း တစ်လလောက်တော့ အနည်းဆုံး အချိန်ယူရဦးမှာပါ။ ကျွန်တော်တို့က စခန်းဆောက်တဲ့ အလုပ်ကိုလည်း လုပ်ကြရမှာမို့ ဘယ်လိုဘယ်ပုံ ဆောက်ရမယ်ဆိုတာကိုလည်း ပြောပါဦးဗျာ"

"ကိုသိန်းဝင်းရေ . . . အခိုင်အခံ့ စခန်းကြီးဆောက်တာ မဟုတ်ဘူးဗျ။ တောထဲတောင်ထဲမှာ ဝန်ထမ်းနဲ့ ရဲဘက်တွေ ယာယီနေနိုင်အောင် သစ်ဝါးနဲ့ အဆင်ပြေသလိုဆောက်ရင် ပြီးတာပါပဲဗျာ။ အဓိက လိုအပ်ချက်ကတော့ ရဲဘက် (၅၀၀)ဆံ့ နေထိုင်နိုင်ဖို့အတွက် တဲကြီးငါးလုံးနဲ့ ထမင်းဟင်းချက်ဖို့ ဖိုကြီး၊ ရိက္ခာကိုဒေါင်တစ်လုံးနဲ့ ဝန်ထမ်းဘားတိုက်တစ်လုံး၊ ကျန်တာကတော့ ခင်ဗျားတို့ အရာရှိတွေနေဖို့အတွက် စုပေါင်းရုံးကြီးနဲ့ အနားယူအိပ်စက်ဖို့ အိပ်ခန်းတွေပါရင် ပြီးတာပါပဲဗျာ။ နောက်မှတော့လည်း အရာရှိတွေ ကိုယ့်သဘောနဲ့ကိုယ် သီးခြားအိမ်ဆောက်ပြီး နေချင်လည်းနေကြပေါ့။ ဒီတောထဲ တောင်ထဲမှာ သစ်ဝါးနဲ့မြေနေရာ ပေါတာပဲ။ အလုပ်သမားအတွက် ရဲဘက်တွေလည်း ပေါပါ့ဗျာ"





"ဟုတ်ကဲ့ပါ . . . ဆရာ၊ ကျွန်တော် စိတ်ကူးထားတာကတော့ မြေရှင်းပြီးတာနဲ့ ရဲဘက်(၅၀၀)ဆံ့ ရင်ကွဲဘားတိုက်ကြီး ငါးလုံးဆောက်မယ်။ အိပ်စင်တွေကိုလည်း စနစ်တကျ ဝါးခြမ်းခင်းပေးမယ်။ အကာကတော့ ဝါးထရံ၊ အမိုးကတော့ ဓောင်ထန်းရွက်တွေ မိုးမယ်လို့ စိတ်ကူးထားပါတယ်။ ပြီးတော့ ဝန်ထမ်းဘားတိုက်တစ်လုံးနဲ့ ဆေးမှူးနဲ့ ဆရာဝန်ကြီးပါလာမယ်ဆိုတော့ ဆေးရုံတဲကြီး တစ်လုံးရယ်၊ ဆရာဝန်နဲ့ ဆေးမှူးအတွက် တဲတစ်လုံးစီ သီးသန့်ထိုးပေးပြီး အုပ်ချုပ်သူ စခန်းတာဝန်ခံနဲ့ ထောင်မှူးတို့အတွက်တော့ ဟိုရှေ့နားက တောင်ကုန်းကို မြေညှိပြီး အပေါ်စီးက ရုံးအဆောက်အဦတစ်ခု ဆောက်မယ်လို့ စီစဉ်ထားပါတယ်။ အရေးကြီးတာကတော့ ရဲဘက်နဲ့ ဝန်ထမ်းဘားတိုက်၊ ထမင်းချက်ဖိုကြီးတို့ပဲ မဟုတ်လား ဆရာ"

"ဟုတ်ပါ့ဗျာ . . . ခင်ဗျားမှာ အတွေးအမြင်ရှိပါတယ်။ လွတ်လွတ်လပ်လပ် ကြိုက်သလိုသာ ပုံဖော်ပြီး လုပ်ချင်သလိုလုပ်ဗျာ။ အခုအချိန်မှာ ခင်ဗျားကို ဆရာလာလုပ်ပြီး အပေါ်စီးက ညွှန်ကြားလာပေးမယ့်လူ တစ်ယောက်မှ မရှိပါဘူး"

"ဟဲ . . . ဟဲ . . . ကျွန်တော်ကတော့ အပေါင်းအသင်းကဏ္ဍနဲ့တော့ အကြံပေးတာပါ။ ဆရာလာလုပ်တာ မဟုတ်ပါဘူး"

"ရပါတယ် . . . ဆရာရယ်၊ ဆရာက ထောင်မှူးကြီးပဲ။ ကျွန်တော့်ထက်လည်း စခန်းကို အရင်ရောက်တာမို့ အတွေ့အကြုံ ပိုရှိမှာပါ။ ဒါကြောင့် ဆရာပြောသမျှ ကျွန်တော်က နာယူမှတ်သားပြီး လိုက်နာလုပ်ဆောင်ပါ့မယ်"

"ဟေ့လူ . . . ကိုသိန်းဝင်း၊ ကျွန်တော့်ကိုလည်း ထောင်မှူးကြီးဆိုပြီး အထင်မကြီးနဲ့ဗျ။ ကျွန်တော်လည်း ဒီစခန်းကိုရောက်တာ ခင်ဗျားထက်စောတယ်ဆိုပေမယ့် တစ်လတောင် မပြည့်သေးဘူး။ ဆိုလိုတာက လူပါးမဝသေးဘူး။ ဒါကြောင့် ချောင်ထိုးပြီး ရှေ့တန်းအပို့ခံရတာ။ ကျွန်တော့်နောက်မှ ရောက်တဲ့ထောင်မှူးကြီးတွေတောင် နောက်တန်းက နေရာကောင်းတွေမှာ အသီးသီး စမတ်ကျနေကြပြီ၊ ကျွန်တော့်သာ လူကြီးတွေနဲ့ အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



အောင် မပေါင်းတတ်လို့ ရှေ့တန်းစခန်းကို အပို့ခံရတာ။ ခင်ဗျားလည်း ကျွန်တော့်လိုပဲ အတူတူနေမှာပါ။ ဒါကြောင့် ကျွန်တော်တို့နှစ်ဦး ရှေ့သီအစ်ကို ဖွဲ့ကြရအောင်ဗျာ''

ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး လက်ဝါးခြင်းရိုက်၍ တစ်ဦးကို တစ်ဦး ဖက်လှဲတကင်း နှုတ်ဆက်ကြပါသည်။ ထိုနေ့ကတော့ ထောင်မှူးကြီး ဦးထွန်းရီမှာ နေ့လယ်စာ စားသောက်ပြီးမှ လာခြင်းဖြစ်သောကြောင့် ကျွန်တော် ထိုစခန်းတွင် နေ့လယ်စာ ထမင်းမစားပါ။

မွန်းလွဲပိုင်း၌ ကျွန်တော်တို့ အလုပ်ဆင်းကြတော့ ထောင်မှူးကြီး ဦးထွန်းရီပို့ပေးလာသော လက်နက်ကိရိယာများနှင့် အင်အားတိုးလာသော ရဲဘက်လူသစ် (၁၀)ဦးတို့ကြောင့် သစ်ပင်ကြီးများနှင့် ချုံရှင်းရာတွင် ပို၍ တွင်ကျယ်ပါသည်။ ထိုနေ့ ညနေက အန္တရာယ်ရှိသော ဆူးချုံများကို အရင် ရှင်းပြီး သစ်ပင်ကြီးများကိုတော့ ငါးမန်းလွှနဲ့ ပုဆိန်များရပါမှ ရှင်းလင်းရန် ချန်ထားရပါသည်။ ခြေသလုံး ပေါင်လုံးခန့်တုတ်သော သစ်ပင်များကိုတော့ အဆောက်အအုံတိုင်များလုပ်ရန် ဆင့်လုပ်ရန်တို့အတွက်တော့ ခုတ်ထွင်ကြရပါသည်။ ကျွန်တော်တို့အဖွဲ့ ညနေစောင်း အလုပ်သိမ်းတော့ စခန်းဆောက်မည့် မြေနေရာမှာ အတော်အတန် သရုပ်ပီပြင်လာပါသည်။

ထောင်မှူးကြီး ဦးထွန်းရီတို့အဖွဲ့ကတော့ ညနေမစောင်းမီ ပြန်သွားကြပါသည်။ ကျွန်တော်ရောက်ခဲ့ဖူးသော သူတို့၏ ကျွန်းတစ္ဆိယာယီစခန်းလေးကိုတော့ မသပ်မရပ်နှင့် ဖြစ်ကတတ်ဆန်း တဲအိမ်များ မဆောက်လိုပါ။ ကျွန်တော့်သဘောကတော့ သစ်ပေါဝါးပေါ၊ ကျွမ်းကျင်သူ လုပ်အား ပေါသော ဤကဲ့သို့သော အခြေအနေတွင် စေတနာထား၍ အကောင်းဆုံး ဖြစ်အောင် ဆောက်လုပ်မည်ဟု ကျွန်တော် ကြံရွယ်ထားပါသည်။ အရေးကြီး သည်က လိုအပ်သော လက်နက်ပစ္စည်းများဖြစ်ပါသည်။ ဝါးကိုခုတ်၍ နှီးထိုးသည်ကအစ ဓားမကောင်းလျှင် လိုအပ်သလို သုံးနိုင်သော နှီးဝါးကောင်း များကို ရရှိမည်မဟုတ်ပါ။





ယခု အခြေအနေအရ ရဲဘက်ကြီးများမှာ တောသူတောင်သားများ ဖြစ်ကြ၍ မိရိုးဖလာ လက်မှုလုပ်ငန်းများကို ကျွမ်းကျင်ကြသော်လည်း အသုံး ပြု၍ကောင်းသော လက်နက်ပစ္စည်းများက မပြည့်စုံပါ။ ထို့ကြောင့် ကျွန် တော်၏ စိတ်တိုင်းကျ ပုံဖော်၍ လုပ်ကိုင်နိုင်ခြင်းလည်း မရှိသေးပါ။

ညနေ (၄)နာရီကျော်တော့ တောနက်အတွင်းဖြစ်၍ မှောင်ရီသမ်း လာသောကြောင့် ရဲဘက်ကြီးများ အန္တရာယ်မရှိစေရန်အတွက် ကျွန် တော် အလုပ်ကိုနားပြီး စုစုဝေးဝေးဖြင့် တဲခိုရာတဲအိမ်ဆီကို ပြန်လာကြရ ပါသည်။ တဲအိမ်ကြီးအနီးတွင် ချောင်းကလေးများရှိသောကြောင့် ရေချိုးကြရ သည်။ သို့သော် သန့်ရှင်းရေးအတွက် သုံးစရာ ဆပ်ပြာက မရှိပါ။ ကျွန်တော် မေ့နေခြင်းဖြစ်၍ ထောင်မှူးကြီးဦးထွန်းရီတို့ကိုလည်း မမှာလိုက်မိပါ။ ထို့ ကြောင့် ဖြစ်သလိုရေချိုးပြီး ဖြစ်သလို အဝတ်လျှော်လိုက်ရသည်။ ကြာလျှင် ဂျပန်ခေတ်က ချွေးတပ်သားများလို သန်းမကြီးတွယ်၍ ဝဲစွဲပေတော့မည်။

ထိုနေ့ညနေက မုဆိုးအောင်သန်းနှင့် တင်သောင်းတို့က ချောင်း အတွင်းအိုင်ပက်သဖြင့် ငါးကျည်း၊ ငါးခူ၊ ငါးရံ့ စသော ငါးကြီးများ အတော် များများ ရသည်။ ရှာကြံ၍ကို ကျစ်၍ တောကြက်နဲ့ ရစ်ကြက်တို့ကိုလည်း သဖန်းသီးနီနီဖြင့် ပေါက်ကိုင်းထောင်ထားကြောင်း ကျွန်တော့်အား လာပြော ပါသည်။

တောကောင်များ ရေသောက်ဆင်းကြသည့် စားပင်အိုင်တစ်ခုကို တွေ့ရှိထားသောကြောင့် ချောင်းမြောင်းပစ်ခတ်ရန် လက်ဖြောင့်သည့် ဝန်ထမ်း တစ်ဦးအား မနက်ဖြန်မနက်တွင် ၎င်းတို့နဲ့အတူ ထည့်ပေးရန်လည်း တောင်း ဆိုထားပါသည်။ ဝန်ထမ်းနှင့် ရဲဘက်များမှာ ရှေ့လျှောက် ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရမည်ဖြစ်သောကြောင့် ပင်ပန်းသမျှ အတိုးချပြီး အစားကောင်း ကောင်း အသားဟင်းငါးဟင်းဖြင့် ကျွေးမွေးနိုင်ရန် ကျွန်တော်က ခေါင်းဆောင် တစ်ဦးအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ထိုနေ့က ညပိုင်း အနားယူ၍ ညစာ စားသုံးကြပြီးနောက် လူအင်အား တိုးလာသောကြောင့် လုပ်အားပြည့်စုံသော်လည်း လက်နက်ကိရိယာပစ္စည်းများ ရှေ့လျှောက်လိုအပ်မည်ဖြစ်ကြောင်း ရဲဘက်ကြီးများက တင်ပြပါသည်။ ထိုကိစ္စအတွက် နောက်တနေ့တွင် မှာယူထားပြီး နောက်နေ့များတွင် ဝန်ထမ်း ရဲဘက်အသစ်နှင့် လက်နက်ကိရိယာများ၊ ရိက္ခာများ၊ ဆေးဝါးများ ပြည့်စုံစွာ လာပို့ကြမည်ဖြစ်ကြောင်း၊ ၎င်းတို့အား အားပေးရပါသေးသည်။ ထို့ညက လည်း ကျွန်တော်တို့တည်းခိုရာ တဲကြီးမှာ လုံခြုံစိတ်ချရသောကြောင့် စိတ်ချ လက်ချ အိပ်ကြရပါသည်။ မီးပုံကြီးဖို၍ ကင်းစောင့်ခြင်းကိုတော့ သတိ ထားပြီး လုပ်ကိုင်ကြရဆဲဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့အဖွဲ့ အထိုင် ကျလာပြီး ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်လာသောကြောင့် ကြောက်လန့် စရာ အကြောင်း မရှိတော့ပါ။ တောကောင်ကြီးများကလည်း ရဲဘက်များ၏ သစ်ခုတ်သံ၊ ဝါးခုတ်သံများကြောင့် အနီးသို့ မကပ်ကြတော့ပါ။

နောက်တစ်နေ့ မနက်တွင် မနက်စော အဆာပြေ စားသောက်ပြီး ကြသည်နှင့် လုပ်ငန်းခွင်သို့ ဆင်းကြပါသည်။ အောင်သန်းနှင့် တင်သောင်းနှင့် မှဆိုးအဖွဲ့ကတော့ ဟင်းချက်စရာ ရှာဖွေရန် ထွက်သွားကြပါသည်။ ထိုနေ့ က သူတို့နှင့်အတူ လက်နက်ကိုင်ဝန်ထမ်းတစ်ဦးအားလည်း ထည့်ပေးလိုက်





ပါသည်။ ထိုနေ့က မနက်ပိုင်းတွင် စခန်းဆောက်မည့် မြေနေရာအား အောက် ခြေ တောချုံများကို အပြောင်ရှင်းလိုက်ပါသည်။

ရဲဘက်ကြီးများက ကျွန်တော့်အတွက် ကြိမ်ကုလားထိုင်လုပ်ပေး ရန် ကြိမ်နွယ်ကြီးများအား စုဆောင်း၍ ခုတ်ဖြတ်လာကြပါသည်။ ထိုနေ့ မနက်ပိုင်းက စခန်းဆောက်မည့် မြေနေရာအတွင်းရှိ တောချုံများအား ရှင်း လင်းနိုင်ပြီး ယမန်နေ့က ခုတ်တွင်ထားသော တောချုံများကိုလည်း မီးရှို့နိုင် သဖြင့် လုပ်ငန်းခွင်မှာ မီးခိုးငွေ့တလူလူဖြင့် တောင်ယာခုတ်သလို ပျော်စရာ ပင် ကောင်းပါသေးသည်။

နေ့လယ်ပိုင်း ထမင်းစားချိန်တွင် ကျွန်တော်တို့အုပ်စု တည်းခိုသည့် တဲကြီးသို့ နေ့လယ်စာစားရန် ပြန်လည်ရောက်ရှိကြတော့ မုဆိုးအဖွဲ့က ရှာ ဖွေလာသော ဖြူတစ်ကောင်နှင့် မျောက်ညိုတစ်ကောင်အား ချက်ပြုတ်ထား ပြီး ယနေ့တော့ ငါးဟင်းမဟုတ်တော့ဘဲ အသားဟင်းနှစ်မျိုးဖြင့် စားကြရပါ သည်။ ကျွန်တော်တို့ မစားဖူးသေးသော မျောက်ညိုသားမှာ အလွန်နူးညံ့ပါ သည်။ ဖြူသားကတော့ တောဝက်သားစားရသလို အလွန်ကောင်းပါသည်။ သို့သော် ဟင်းခတ်အမွှေးအကြိုင်အဖြစ် တောတွင်းမှရသော ကရဝေးရွက် နှင့် သစ်ဂျပိုးခေါက်များကို အမွှေးအကြိုင်အဖြစ် ထည့်ထားသော်လည်း အညှီနံ့က မပျောက်ပါ။ သို့သော်လည်း စားကောင်း၍ ထမင်းမြိန်ကြပါ သည်။

ထမင်းစားနေစဉ် မုဆိုးအောင်သန်းက . . .

"ဆရာ . . . ကျွန်တော်တို့ နေ့လယ်ခင်းကျရင် အတွင်းဘက် နည်း နည်းသွားမယ်။ လက်နက်ကိုင်ဆရာကိုလည်း ခေါ်သွားမယ်။ ဟိုးအတွင်း ဘက်မှာ ဆီးဖြူတောနဲ့ တောရွှေပင်တွေရှိတဲ့ စားကျက်တစ်ခု တွေ့ထား တယ်။ အဲဒီမှာ ချေနဲ့ တောဝက်တွေ ရှိတတ်တယ် ဆရာ။ ကျွန်တော်တို့ နောက်ကျရင်လည်း မပူနဲ့နော်"

"အေးပါ . . . မင်းတို့ပဲ အသားရိက္ခာပြည့်စုံအောင် ရှာကြကွာ"

www.burmeseclassic.com



"နောက်နေ့တွေမှာ ရဲဘက်နဲ့ ဝန်ထမ်းအင်အား တဖြည်းဖြည်းများလာမှ ငါကလည်း ငါ့ရဲဘက်နဲ့ ဝန်ထမ်းတွေ ပင်ပန်းတော့ အသားဟင်းကောင်းကို မနက်ညှ ကျွေးချင်တယ်။ တောကောင်သား မရရင်လည်း ငါးတွေပေါပါတယ်။ ပြည့်စုံအောင်တော့ ရှာခဲ့ကြကွာ။ နားရက်တစ်ရက်ကျရင်လည်း ငါကိုယ်တိုင် သေနတ်ထမ်းပြီး လိုက်ခဲ့ပါ့မယ်"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ မရ မရှိစေရပါဘူး။ ကျွန်တော်တို့ ကြိုးစားပါ့မယ်။ ဆရာကိုယ်တိုင် လိုက်တဲ့နေ့ကျရင်တော့ တောကောင်ကြီးကြီး ရအောင် ကျွန်တော်တို့ ထမင်းထုပ်နဲ့ တစ်နေကုန် တောလည်ကြတာပေါ့"

"အေး . . . အဲဒါကောင်းတယ်။ ဝန်ထမ်းတွေထဲက လက်ဖြောင့်တဲ့ တပ်သားကိုလည်း ရွေးပြီးခေါ်ခဲ့ကြတာပေါ့"

"ကောင်းပါတယ် . . . ဆရာ၊ ဒီတောထဲမှာ အမဲလိုက်မုဆိုးကရှားပြီး တောကောင်တွေက အလွန်ပေါပါတယ်၊ ဟိုတစ်နေ့ကလည်း လက်နက်ကိုင်ဆရာမပါတော့ ကျွန်တော်တို့ ဝက်ဝံကြီးနဲ့တိုးပြီး ပြေးခဲ့ကြရသေးတယ်။ ဒီတောထဲမှာ ထူးဆန်းတာကတော့ လက်နက်မပါရင် တောကောင်တွေ အများကြီးတွေ့ပြီး လက်နက်ကိုင် ဆရာပါမှတော့ ဒီနေ့မနက်လို မျောက်အုပ်လောက်ပဲ တွေ့ရတယ်ဆရာ"

"ဟ . . . အဲဒါက မင်းတို့လည်း တောမုဆိုး လုပ်ခဲ့ဖူးတာပဲ။ တောထုံးစံနဲ့အညီ တင်မြှောက်ပသတာတွေလည်း ရိုးရာမပျက် လုပ်ကြဦးလေကွာ။ ဆိုင်ရာပိုင်ရာဆိုတာ သူ့နေရာနဲ့သူ ရှိတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့လည်း ကိုယ့်ဒေသမဟုတ်တော့ မေ့သွားလို့ပါ။ ဒီနေ့ ညနေပိုင်း ထွက်ရင်တော့ ရှိတာလေးနဲ့ တောထုံးစံအတိုင်း ပူဇော်ပသပါ့မယ်"

သို့နှင့် နေ့လယ်စာ စားပြီး ကျွန်တော်နှင့် ရဲဘက်ကြီးများအဖွဲ့ လုပ်ငန်းခွင်သို့ ဆင်းကြရပြန်ပါသည်။ အောင်သန်းတို့ မုဆိုးအဖွဲ့ကတော့ လိုအပ်သည်များ ယူဆောင်ပြီး တောလည်ထွက်ကြပါသည်။ ထိုနေ့ ညနေပိုင်းတွင် ရဲဘက်ကြီးများအဖွဲ့က ကျွန်တော်တို့တွင်ရှိသည့် ဓားများဖြင့် နိုင်သည့်





တောပင်ငယ်များအား ရှင်းလင်းစေပြီး ဓား မ,နိုင်သည့် သစ်ပင်ကြီးများအား ချန်လှပ်ပြီး ခုတ်ထွင်စေရပါသည်။ ညနေစောင်းတော့ တော အတော်ရှင်းသွားသည်။ ခုတ်ထွင်ပြီးသော လက်မောင်းလုံးခန့် သစ်ပင်ကြီးများကို ဖြောင့်ဖြောင့်ရွေးချယ်၍ ဘားတိုက်ကြီးများ ဆောက်ရာတွင် တိုင်များပြုလုပ်ရန်အတွက် သီးသန့်ပုံထားပြီး၊ ကျန်သော အကိုင်းအခက်နှင့် အဆောက်အအုံဆောက်ရာတွင် အသုံးပြု၍ မရနိုင်သည့် သစ်ကောက်ဝါးကောက်များအား ထင်းအတွက် သီးသန့်တစ်ပုံစီ ပုံထားပါသည်။

ညနေပိုင်းတွင် လေးနာရီခန့် အလုပ်သိမ်းပြီး စခန်းချရာသို့ ပြန်တော့ မုဆိုးအဖွဲ့ ပြန်မရောက်ကြသေးပါ။ သို့သော် သေနတ်သံများကြားခဲ့ရသည်။ တောကောင်များနှင့် ရင်ဆိုင်တိုးပြီး ပစ်ခတ်နေကြကြောင်းကိုတော့ သိရှိရပါသည်။ ဖိုကြီးမှ ဦးအောင်မြတ်တို့အဖွဲ့ကလည်း အချိန်အားတုန်း အလကားမနေကြပါ။ ဟင်းချက်ရန် အသီးအနှံနှင့် ဖိုကြီးအနီးမှ ချောင်းငယ်အတွင်း အိုင်ကိုပက်ပြီး ငါးရှာထားကြရာ ငါးမျိုးစုံ၊ အရွယ်စုံကလည်း ညစာစားရန်အတွက် ပြင်ဆင်ချက်ပြုတ်နေကြပါသည်။ ကျွန်တော်တို့ တဲစခန်း ပြန်ရောက်တော့ ဖိုခေါင်းဦးအောင်မြတ်က . . .

"ဆရာထောင်မှူးရေ . . . ကျွန်တော်တို့ကတော့ မုဆိုးအဖွဲ့ကို မျှော်လင့်နေပေမယ့် သေချာအောင် အနီးအနားက အိုင်တွေထဲက ငါးရှာ ဖားရှာပြီး ချက်ပြုတ်လုပ်ကိုင်နေပါတယ်။ မုဆိုးအဖွဲ့ပြန်လာလို့ အကောင်ပလောင်ပါလာရင်လည်း အချိန်မီ ချက်ပြုတ်ဖို့ ရေတ်သီးထောင်းပြီး ကြိုဆိုနေပါတယ် ဆရာ"

"အေးဗျာ . . . ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲဘက် အဖွဲ့တွေက ပင်ပန်းကြတော့ အသားဟင်းတစ်မျိုးမျိုး စားရသောက်ရလျှင် ပြီးတာပါပဲ။ မုဆိုးအဖွဲ့ ပြန်လာလို့ တောကောင်ပါလာရင်လည်း ချက်ချင်း ချက်ပြုတ်ကြတော့ လတ်လတ်ဆတ်ဆတ် အသားဟင်းတစ်မျိုး တိုးတာပေါ့။ ကဲ . . . ကျွန်တော်တို့အဖွဲ့ အချိန်ကလေးရှိတုန်း ရေချိုးလိုက်ကြဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ရဲဘက်ကြီးများ ချောင်းထဲဆင်း၍ ရေအိုင်ကလေးတွင် ရေချိုးနေကြစဉ် မှဆိုးအဖွဲ့ ဆတ်ကြီးတစ်ကောင်ကို ရှေ့နောက်ထမ်းပြီး ပြန်လာကြသည်။ ရဲဘက်နှင့် ဝန်ထမ်းအားလုံးတို့က ယနေ့ညတွင် ငါးဟင်းအပြင် ဆတ်သားဟင်းနှင့်ပါ ညစာ စားရတော့မည်ဖြစ်သောကြောင့် ပျော်ရွှင်နေကြပါသည်။

ကျွန်တော်တို့ ရေမိုးချိုးပြီးတော့ ဝန်ထမ်းနှင့် ရဲဘက်များအားလုံး ဆတ်ကြီးအား ဖျက်၍ အလျှင်အမြန်ချက်ပြုတ်ရန် ပြင်ဆင်ကြသည်။ ဗိုလ်ခေါင်းဦးအောင်မြတ်က ထိုညစာအတွက် ဆတ်ကလီစာဟင်းနဲ့ ဆတ်ခြေထောက်ပြုတ်ဟင်းချို၊ ဆတ်ခေါင်းသုပ်တို့ကို စီစဉ်ပေးပါသည်။ ဆတ်အသားများကိုတော့ အချို့ကိုချက်၍ အချို့ကို ကျပ်ကင်ထားပါသည်။ အရေခွံကြီးကိုတော့ မီးဖိုကြီးအနီးတွင် ဖြန့်ကျက်၍ လှန်းထားသည်။ ဆတ်သရေကြီးမှာ နီညိုရောင်အဆင်းဖြင့် အတော်လှသည်။ ဆတ်ပေါက်ဖြစ်သောကြောင့် ဦးချိုက သေးပါသည်။ ခြောက်ဆထောင်ချိုကား၊ ဆတ်ဖားကြီးအရွယ် မဟုတ်သေးသော်လည်း ပိဿာချိန် လေးငါးဆယ်ခန့်တော့ ရှိပါသည်။

ထိုညက အသားဟင်း နှစ်မျိုးဖြင့် ကျွန်တော်နှင့်အတူ ဝန်ထမ်း ရဲဘက်များ ဗိုက်ကားအောင်စားပြီး ပင်ပန်းသောကြောင့် စောစီးစွာ အိပ်ရာဝင်ခဲ့ကြပါသည်။ ထူးဆန်းသည်မှာ ထိုညက ခြင်ကိုက် အလွန်သက်သာသည်။ စခန်းဆောက်ရန် တောချုံများအားရှင်းပြီး မီးရှို့သောကြောင့် တောခြင်ပုန်းများ အဝေးသို့ ပြေးကြဟန်တူပါသည်။ ရှူရှိုက်ရသောလေမှာလည်း သစ်ရွက်ခြောက်ကို မီးရှို့သော မီးခိုးနံ့ သင်းနေပါသည်။ ထို့ကြောင့် ထိုညက အနှောင့်အယှက်ကင်းစွာအိပ်၍ အလွန်ကောင်းသည်။

နောက်တစ်နေ့မနက် ကျွန်တော် မနက် (၆) နာရီခန့် အိပ်ရာကနိုးတော့ ဗိုလ်ခေါင်းဦးအောင်မြတ်တို့အဖွဲ့က ယနေ့ မနက်စောစာ ထမင်းကြော်ကို ဆတ်သားဖြင့် ကြော်ထားသောကြောင့် တစ်မူထူးခြား၍ စားကောင်းလှသည်။ ဝန်ထမ်းနှင့်ရဲဘက်အားလုံးတို့လည်း သဘောကျ နှစ်မြို့က်ကြပါ





သည်။ ထိုနေ့မနက်က ကျွန်တော်တို့အဖွဲ့ ယမန်နေ့က ခုတ်ထွင်ရန် ကျန်ရှိနေသည်။ လက်မောင်းလုံး၊ ပေါင်လုံးခန့် သစ်ပင်ငယ်များအား ဆက်လက်၍ ခုတ်ထွင်ရှင်းလင်းရပြန်ပါသည်။

နေ့လယ်(၁၁)နာရီခန့်အချိန်တွင် လှည်းများ ကြားရသည်။ ထောင်မှူးကြီးဦးထွန်းရီတို့အဖွဲ့ ဝန်ထမ်းသစ်၊ ရဲဘက်သစ်များနှင့် လက်နက်ကိရိယာ တန်ဆာပလာများ ရိက္ခာများထမ်း၍ ရောက်လာကြပြန်ပါသည်။

"ကိုသိန်းဝင်းရေ . . . ဒီနေ့တော့ ခင်ဗျားမှာတဲ့ လက်နက်ကိရိယာ တန်ဆာပလာအပြင် ဝန်ထမ်းသစ်ငါးဦးနဲ့ ရဲဘက်သစ်(၂၀) ထပ်ပြီး အင်အားတိုးလာကြတယ်။ ရိက္ခာတွေလည်း ပါပါတယ်။ ကားလမ်းက မပေါက်သေးတော့ ဒီလိုပဲ လူနဲ့ကဲ့ပြီး သယ်ကြရဦးမှာဘဲ။ အဲဒါ့အပြင် ခင်ဗျားမမှာပေမယ့် ဆပ်ပြာနဲ့ အာမီရမ်ပုလင်းနှစ်လုံး ကျွန်တော် ယူလာပါတယ်။ နောက်ပြီး ခင်ဗျားမှာတဲ့ ဆေးဝါးတွေကိုလည်း ယူခဲ့ပါတယ်။ လိုအပ်တာရှိရင်လည်း ပြောဗျာ။ မင်းကုန်းက ဆရာကြီးတွေက အခုမှ ခင်ဗျားလိုအပ်တာရှိရင်လည်း အကုန်ပံ့ပိုးပြီး မှာကြားဖို့ ကျွန်တော့်ကို အမိန့်ရှိတယ်ဗျာ"

"ကျေးဇူးပဲ . . . ဆရာ။ ကျွန်တော်တို့လုပ်ငန်းကတော့ အခု ဆရာ အမြင်ပါပဲ။ ငါးမန်းလွှနဲ့ ပုဆိန်တွေပါလာတော့ အပင်ကြီးတွေကို ရှင်းနိုင်ပြီး လုပ်ငန်းတွင်တာပေါ့။ ဒါပေမဲ့ အခု ခက်နေတာက ဆရာနဲ့ ပါလာတဲ့ ရဲဘက်တွေနဲ့ ဝန်ထမ်းတွေအတွက် နေစရာ အဆောက်အအုံပဲ။ အဲဒါက အလွန်အရေးကြီးပါပဲ။ ဒါကြောင့် ဒီည လုံလုံခြုံခြုံ နေထိုင်ကြဖို့အတွက် အခုကတည်းက တဲကြီးတစ်လုံး အမြန်ဆုံးထိုးဖို့ စီစဉ်ရတော့မယ်။ ဒါနဲ့ ဆရာတို့အဖွဲ့တွေ နေ့လယ်စာရော စားပြီးကြပြီလား"

"ရဲဘက်တွေကိုတော့ စောစောစီးစီး ကျွေးပြီးပါပြီ။ ကျွန်တော်နဲ့ ဝန်ထမ်းတွေကတော့ ခင်ဗျားတို့စခန်းမှာ ထမင်းစားရတာ မြိန်လွန်းလို့ ထမင်းမစားဘဲ အဆာခံပြီး လာကြတာ။ ဘာဟင်းတွေများ ချက်ထားသလဲ ကိုသိန်းဝင်းရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဆရာ၊ မနေ့က ဆတ်တစ်ကောင်ရလို့ ဆတ်သားဟင်း ချက်ထားပါတယ်။ မုဆိုးအဖွဲ့ တောလည်က ပြန်လာရင်လည်း အသားဟင်းအတွက် ပါလာကြဦးမှာပါ။ ကဲ ... ဆရာလည်း ကျွန်တော်တို့ တဲစခန်းကိုသွားပြီး အနားယူပါ။ ကျွန်တော်တို့လည်း လက်စသိမ်းပြီး လိုက်ခဲ့ကြပါ့မယ်"

ထိုနေ့က ဧည့်သည်များ ရောက်ရှိလာသောကြောင့် မွန်းတည့်ဆယ့်နှစ်နာရီအထိ မနေတော့ဘဲ (၁၁)နာရီ ကျော်ကျော်လောက်တွင် အလုပ်သိမ်း၍ ကျွန်တော်တို့ ရဲဘက်ဟောင်းများအဖွဲ့လည်း တဲစခန်းကြီးသို့ ပြန်ခဲ့ကြပါသည်။ နောက်ထပ်အသစ်ရောက်လာသော အဖွဲ့မှာ တဲစခန်းအတွင်း မဆံ့သောကြောင့် ကျွန်တော်တို့ အောက်ခြေရှင်းထားသည့် စခန်းသစ်ဆောက်မည့် မြေနေရာအတွင်းရှိ သစ်ပင်များအောက်တွင် အနားယူ၍ထိုင်ခိုင်ထားရပါသည်။

ထိုနေ့က ကျွန်တော်၏ ရဲဘက်ဟောင်းကြီးများမှာ အလျင် နေ့လယ်စာကျွေးပြီး ရဲဘက်သစ်များအတွက် တဲကြီးတစ်လုံး အလျှင်အမြန် ဆောက်လုပ်ရန် စီစဉ်ခိုင်းရသည်။ ကျွန်တော်၏ လူဟောင်းများက တဲဆောက်ရာတွင် လိုအပ်သည်များကို သိရှိကြပြီး လျင်မြန်၍ စိတ်ချရသော လူဟောင်းများဖြစ်ကြပါသည်။ ကျွန်တော် ထောင်မှူးကြီးဦးထွန်းရီ တို့အဖွဲ့အား ဧည့်ခံရင်း၊ ရေနွေးကြမ်းသောက်၍ စကားပြောနေကြစဉ် ကျွန်တော်၏ မုဆိုးအဖွဲ့မှ တောဝက်တစ်ကောင်နှင့် ချေတစ်ကောင်တို့အား ထမ်း၍ ပြန်လာကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ နေ့လယ်စာ မစားသေးဘဲ ဗိုလ်ခေါင်းကြီး ဦးအောင်မြတ်အား တောဝက်ကလီစာဟင်းနဲ့ ချေဝမ်းတွင်းသားဟင်းကို အလျင်အမြန်ချက်ခိုင်းပြီး စောင့်ဆိုင်း၍ နေကြပါသည်။ မွန်းလွဲတစ်နာရီခန့် ကျွန်တော်တို့ နေ့လယ်စာ စားပြီးတော့ ရဲဘက်ဟောင်းကြီးများအချို့နှင့် ရဲဘက်အသစ်များကိုတွဲကာ ဆရာဦးထွန်းရီတို့ပါလာသော ဝါးမန်းလွှနှင့် သစ်ခုတ်ပုဆိန်





တို့ဖြင့် စခန်းဆောက်မည့် မြေနေရာအတွင်းရှိ သစ်ပင်ကြီးများအား ခုတ်လှဲရှင်းလင်းကြရာ လွန်စွာ လျင်မြန်လှပါသည်။

ထို့ကြောင့် အလုပ်အမြန် ပြီးစီးစေရန်အတွက် တတ်ကျွမ်းသော လူအင်အားရှိရမည့်အပြင် အသုံးဝင်သော လက်နက်တန်ဆာပလာလည်း လိုအပ်ကြောင်း သဘောပေါက်ရပါတော့သည်။ လုပ်ငန်းခွင်တွင် လွှဆွဲသူများ၊ ပုဆိန်ဖြင့် ခုတ်သူများ၊ လှဲပြီးသား သစ်ပင်ကြီးများကို အကိုင်းအခက်ချိုင်သူများ၊ အခက်၊ အလက်၊ အရွက်များကို စုပုံသူများ စသဖြင့် ထိုညနေက အတော်အလုပ်တွင်ကျယ်ပါသည်။

ညနေစောင်း ကျွန်တော်တို့ အလုပ်သိမ်းချိန်တွင်တော့ နောက်ရောက်လာသည့် ရဲဘက်အသစ်နှင့် ဝန်ထမ်းများအတွက် လုံခြုံသော တဲကြီးတစ်လုံး ဆောက်လုပ်ပြီးစီးလုနီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က အလုပ်ပြန်လာကြသော ရဲဘက်သစ်များအား တဲကြီးကို ဝိုင်းဝန်းပြီး အပြီးသတ် လုပ်ကိုင်စေပြီး အရံအတားအနေဖြင့် တဲကြီးပတ်ဝန်းကျင်တွင် ဝါးစည်းရိုးများကိုလည်း အလျင်အမြန် ကာရံခိုင်းရပါသည်။

ထိုညနေက ထောင်မှူးကြီးဦးထွန်းရီတို့ အပြန်တွင် ကျွန်တော် တောဝက်သားနှင့် ချေသားတို့ကို လက်ဆောင်အဖြစ် ပြန်လည်ပေးလိုက်ပါသေးသည်။ ကျွန်တော်နှင့် ရဲဘက်များ ရေချိုးဆင်းတော့ ဆရာဦးထွန်းရီတို့ ယူလာသော ဆပ်ပြာများကြောင့် လူလိုသူလို ရေချိုးရပြီး အဝတ်အစားများကိုလည်း လျှော်နိုင်ဖွတ်နိုင်ပါတော့သည်။

ထိုညနေစာကိုတော့ ဗိုလ်ခေါင်းကြီး ဦးအောင်မြတ်နဲ့အဖွဲ့ လူအင်အားများလာသောကြောင့် အသည်းအသန် ချက်ပြုတ်ကြရသည်။ ဆရာဦးထွန်းရီတို့အဖွဲ့က အိုး၊ ခွက်ပန်းကန်အသစ်များပါ ယူဆောင်လာခြင်းကြောင့်သာ အဆင်ပြေခြင်းဖြစ်သည်။ နောက်ပိုင်းတွင် လူအင်အား ပို၍ များလာပါက ရဲဘက်နှင့် ဝန်ထမ်းဖိုတို့အား သီးခြားစီခွဲ၍ ဆောက်လုပ်ပါမှ အဆင်ပြေမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းနှင့် ရဲဘက်များ၏ ကိုကျွာနှန်းထား စကေးများမှာ မတူညီသောကြောင့် ဖြစ်ပါသည်။ ယခုအချိန်

www.burmeseclassic.com



ဝန်ထမ်းနှင့် ရဲဘက်အင်အားနည်းချိန်မှာတော့ ကျွန်တော်တို့တစ်တွေ တူညီစွာ စုပေါင်း၍ စားနိုင်သောက်နိုင်ပါသေးသည်။

ဌာနမှပေးသော ရိက္ခာအမယ်များတွင် ယခုလောလောဆယ် အခြေအနေ၌ အသားရိက္ခာ မပါပါ။ ထိုစဉ်အချိန်က ရဲဘက်များအတွက် တစ်ပတ်လျှင် တစ်ကြိမ်သာ အသားကျွေးခွင့်ပြုသည်။ ကုလားပဲဟင်းနှင့် နေ့စဉ်ကျွေးမွေးရခြင်းဖြစ်ပါသည်။ ဝန်ထမ်းများအတွက်တော့ နေ့စဉ် အသားရိက္ခာ ကျွေးမွေးရမည်ဖြစ်သော်လည်း ယခုအခါတွင် တောတွင်း ယာယီစခန်းဖြစ်သောကြောင့် ကျွန်တော်တို့က မုဆိုးအဖွဲ့ဖွဲ့ပြီး ဝန်ထမ်းရဲဘက် မခွဲခြားဘဲ အသားဟင်းဖြင့် ည၊ မနက် ကျွေးမွေးရခြင်းဖြစ်ပါသည်။

ဝန်ထမ်းနှင့် ရဲဘက်အင်အား များလာသော်လည်း ကျွန်တော့်တွင် ညှိနှိုင်းလုပ်ကိုင်ရာ၌ တိုင်ပင်စရာ အရာရှိများမရှိပါ။ ရဲဘက်ကြီးများဖြင့်သာ တတ်နိုင်သမျှ စိတ်ကူးဖြင့် အကောင်အထည် ဖော်နေရခြင်းဖြစ်ပါသည်။ တစ်နေ့တစ်နေ့ လုပ်ရမည့်အလုပ်တာဝန်များ ကျွန်တော်၏ ခေါင်းဖြင့် စဉ်းစား၍သာ အကောင်အထည် ဖော်နေရခြင်းဖြစ်ပါသည်။ တကယ်တမ်းတော့ ကျွန်တော်လည်း ဆောက်လုပ်ရေး ကျွမ်းကျင်သူ ပညာရှင်တစ်ယောက် မဟုတ်ပါ။ စခန်းတာဝန်ခံလည်း မလုပ်ဖူးပါ။ ထို့ကြောင့် ရဲဘက်ကြီးများနှင့် တိုင်ပင်ပြီး စိတ်ကူးတည့်ရာ စခန်းအဆောက်အအုံများကို ပုံဖော်၍ ဆောက်လုပ်ရမည်သာ ဖြစ်ပါသည်။

နောက်တစ်နေ့မနက်တွင် လူအင်အားနှင့် ပစ္စည်းအင်အားတောင့်သောကြောင့် စခန်းဆောက်မည့် မြေနေရာအတွင်း၊ ကြီးမားလှသော သစ်ပင်ကြီးများကို ချန်ထားပြီး ရင်ကွဲဘားတိုက်ကြီး (၅)လုံးစာ အစီအစဉ်ဆွဲ၍ တိုင်ရိုက်ပါသည်။ ထို့နောက် ရဲဘက်များကို ကျွမ်းကျင်သူများ ခေါင်းဆောင်စေ၍ (၁၀)ဦးစီခွဲကာ ရဲဘက်ဘားတိုက်ကြီး ငါးလုံးကို အပြိုင်ဆောက်စေရပါတော့သည်။

တိုင်ကျင်းတူးသူ၊ မလွတ်ကင်းသော နေရာများမှ သစ်ငုတ်များကို ဖော်သူ၊ အမိုးအကာအတွက် တောင်ထန်းနှင့် သစ်ဝါးရှာသူ လူတိုင်းအလုပ်





နှင့်လက် မပြတ်စေရပါ။ တစ်ကယ်တမ်းတော့ ကျွန်တော်၏ လက်အောက်တွင် လုပ်ငန်းစုံပြီး ကျွမ်းကျင်သော တပ်ကြပ်ကြီးအဆင့် လူဟောင်းကြီးများ အမြန်လိုအပ်နေပါတော့သည်။ ယခုအခါတွင်တော့ ချက်ရေးပြုတ်ရေးနှင့် သား၊ ငါးရှာဖွေရေးတွင်လည်း ကျွန်တော် ရဲဘက်နှင့် ဝန်ထမ်းများ၊ နေထိုင်စားသောက်ရေးတွင်လည်း ကျွန်တော့်လုပ်ငန်းတာဝန် ခွဲဝေလုပ်ကိုင်ရာ၌လည်း ကျွန်တော်သာလျှင် ဦးဆောင်နေရပါတော့သည်။

ဝန်ထမ်းများအထဲ၌လည်း အတွေ့အကြုံရှိသော အကြပ်များ မပါရှိသောကြောင့် ဦးဆောင်မှုမပေးနိုင်၊ စေခိုင်းသမျှသာ လုပ်ကိုင်တတ်ကြခြင်းဖြစ်ပါသည်။ သို့သော် အထက်က ဆိုခဲ့သည့်အတိုင်း ရဲဘက်ကြီးများမှာ အတွေ့အကြုံရှိသည့် တောသူတောင်သားများ ဖြစ်ကြသောကြောင့် ကျွန်တော် အားကိုး၍ရခြင်း ဖြစ်ပါသည်။ နောက်တစ်ပတ်ခန့်ကြတော့ ရင်ကွဲဘားတိုက်ကြီး (၅)လုံး အမိုးမိုးပြီး ရုပ်လုံးပေါ်လာပါသည်။ အခင်းအတွက် ဝါးကြမ်းနှင့် အကာအတွက် ဝါးထရံရက်ရန် အချိန်အတော် ပေးရသည်။ စခန်းတစ်ခုလုံးအတွက် ဝါးများမှာ အဓိကလိုအပ်သောကြောင့် ကြသောင်းဝါးနှင့် မြင်ဝါးများအား စခန်းသစ်အနီးတွင် ရှားပါးစပြုလာသောကြောင့် ခပ်လှမ်းလှမ်းသို့ သွား၍ ခုတ်ကြရသည်။

ထို့ကြောင့် ဆောက်လုပ်ရေး အဖွဲ့များကိုလည်း ရပ်တန့်မနေစေရန် အတွက် ဝါးခုတ်အဖွဲ့ကို သီးခြားဖွဲ့စည်းပေးရသည်။ အစောင့်အကြပ်လည်း ထည့်ပေးရပါသည်။ တတိယအပတ်အစတွင် ကျွန်တော့် တောင်းခံမှုကြောင့် တပ်ကြပ်ကြီးတစ်ဦး ရရှိပါသည်။ ထိုဆရာကြီးမှာ ဦးအုန်းမောင်ဟူသော အတွေ့အကြုံရင့်သည့် ဆရာကြီးဖြစ်သောကြောင့် အားကိုးရပါသည်။ စတုတ္ထအပတ်တွင် ရင်ကွဲဘားတိုက်ကြီး ငါးလုံး၊ အခင်း၊ အမိုး၊ အကာအရံတို့ ပြီးစီးသည်။ ထို့ကြောင့် ရင်ကွဲဘားတိုက်ကြီး ငါးလုံး၏ အနောက်ဘက်တွင် ဝန်ထမ်းဖိုကြီးနှင့် ရဲဘက်ဖိုကြီးတို့အပြင် ထင်းရုံကြီးများကိုလည်း ဆောက်လုပ်ပေးရပါသည်။ စခန်းအရှေ့ဘက်တွင် ကားလမ်းခြားလျက် ရိက္ခာ

www.burmeseclassic.com



ဂိုဒေါင်ကြီးနှင့် ဝန်ထမ်းဘားတိုက်များကိုလည်း ဆောက်လုပ်ရပါသေးသည်။

တစ်လပြည့်သောအချိန်တွင် ရဲဘက်သစ်များနှင့် စခန်းတာဝန်ခံလုပ်ကိုင်မည့် ထောင်မှူးကြီးဦးသိန်းမြင့်နှင့် ထောင်မှူးဦးအေးချို့တို့ ရဲဘက်အင်အား (၄၀၀)ခန့်ဖြင့် ရိက္ခာများကိုပါ ကားကြီးများဖြင့် သယ်ယူ၍ ရောက်ရှိလာကြပါသည်။ ကျွန်တော်တို့စခန်းအထိ တောတွင်းသားကားလမ်းပေါက်ပြီဖြစ်သောကြောင့် အလွန်အဆင်ပြေလှသည်။ ကားလမ်းကိစ္စကိုတော့ ကျွန်တော်တို့စခန်းက တာဝန်ယူ လုပ်ကိုင်ရခြင်း မဟုတ်ပါ။ လမ်းဖောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးဌာနက မြေထိုးစက်ကြီးများဖြင့် ရှင်းလင်း၍ မြေလမ်းဖော်ပေးခြင်းဖြစ်ပါသည်။

အရာရှိများ ရောက်လာကြသော်လည်း ကျွန်တော်တို့စခန်းတွင် ဆောက်လုပ်မည်ဟု ရည်မှန်းထားသော အရာရှိများနေထိုင်ရန် ရုံးအဆောက်အအုံကြီး မပြီးစီးသေးပါ။ ထို့ကြောင့် ပြောင်းရွှေ့လာသော ထောင်မှူးကြီးနဲ့ အဖွဲ့တို့ ဝန်ထမ်းဘားတိုက်ကြီး အတွင်း၌သာ ခေတ္တယာယီစုပေါင်းနေထိုင်ကြပြီး ၎င်းတို့ရောက်မှ ကျွန်တော် နေရာစီစဉ်ထားသော စခန်းအရှေ့ဘက်တောင်ကုန်းကလေးပေါ်တွင် ရုံးခန်းတည်ပြီး ဆောက်ကြပါသည်။ ထောင်မှူးကြီးဦးသိန်းမြင့်မှာလည်း ကျွန်တော့်လိုပင် အဆောက်အအုံဆောက်ရာ ဝါသနာပါသောကြောင့် ပုံစံအကြမ်းကို ညှိနှိုင်းဆွဲကြသည်။ ရုံးခန်းကြီး အနောက်၌ အဖီချ၍ အခန်းများဖွဲ့သည်။ တကယ်တမ်း အဆောက်အအုံများကို စနစ်ကျနစေရန် နေရာချထား၍ ဆောက်တော့လည်း တစ်ကောခန့်သာ ကျယ်ဝန်းသော မြေနေရာကလေးရှိသည်။ ကျွန်တော်တို့ စခန်းနေရာမှာ အဆောက်အအုံများဖြင့် ပြည့်ကျပ်၍ သွားတော့သည်။

ထို့ကြောင့် နောက်ထပ်ဆောက်လုပ်ရမည့် ဆေးရုံတဲကြီးနှင့် ပြောင်းရွှေ့လာမည့် ဆရာဝန်ကြီး၏ တဲအိမ်တို့အတွက် စခန်းတောင်ဘက် တောင်ကုန်းများပေါ်တွင် မြေနေရာရှင်းပြီး ဆောက်လုပ်ရတော့သည်။ ထို့အပြင်





ကွပ်ကဲမှု၊ ဌာနချုပ်မှလည်းကောင်း၊ အခြားသက်ဆိုင်ရာ ဌာနများမှလည်းကောင်း၊ ဧည့်သည်တော်ကြီးများ လာရောက်လျှင် တည်းခိုရန်အတွက်လည်းကောင်း၊ ဧည့်ဂေဟာတစ်ခုဆောက်လုပ်ရန် လိုအပ်လာပြန်သည်။ အဆောက်အအုံဆောက်လုပ်ရန် မြေနေရာက မရှိတော့။ ထို့ကြောင့် စခန်း၏မြောက်ဘက်တောင်ကုန်း[illegible] သစ်ပင်ကြီးများအား ရှင်းလင်း၍ ဧည့်သည်ဆောင်ဆောက်ရန် [illegible]ပြန်သည်။

ယခုအချိန်တွင်တော့ ကျွန်တော် အတော်အားလပ်ခွင့် ရနေပြီဖြစ်ပါသည်။ စခန်းတာဝန်ခံ ထောင်မှူးကြီးဦးသိန်းမြင့် ရောက်ရှိလာသောကြောင့် စခန်းတစ်ခုလုံးအတွက် ခေါင်းခံစရာ ကျွန်တော် တစ်ဦးတည်း မဟုတ်တော့ပါ။ ထို့ကြောင့် ကျွန်တော် ရိုင်ဖယ်သေနတ်ကြီးထမ်း၍ တောတွင်းဝင်ပြီး သစ်ခွပန်းများရှာ၊ အမဲလိုက်ခြင်းအမှုကိုလည်း ပြု၍ရနေပြီ ဖြစ်ပါသည်။

ထောင်မှူးကြီး ဦးသိန်းမြင့်က တာဝန်ခွဲဝေချထားရာ ကျွန်တော်က ထောက်ပံ့ရေးဌာနတာဝန်ခံထောင်မှူး၊ ထောင်မှူးကြီးဦးသိန်းမြင့်နှင့်အတူ ပါရှိလာသော ထောင်မှူးဦးအေးချို့က (ဦးဌာန)နှင့် (ရေး) ဌာနတို့၏ တာဝန်ခံထောင်မှူးအဖြစ် တာဝန်များ ခွဲဝေချထားပေးပါသည်။

ရဲဘက်အင်အား၊ ဝန်ထမ်းအင်အား များလာပြီး ကားလမ်းလည်း စခန်းအထိ ပေါက်သောကြောင့် နေ့စဉ်လာရောက်ကြသော ဝန်ထမ်းနှင့် ဧည့်သည်များ ရဲဘက်ထောင်ဝင်စာ တွေ့သူ ဧည့်သည်များဖြင့် စခန်းကြီးမှာ လွန်စွာ စည်ကားလှသည်။ တစ်ခါတစ်ရံ ကျွန်တော်နှင့် ရဲဘက်ဟောင်းကြီးများ တွေ့ဆုံသောအခါတွင် ယခင် ကျွန်တော်တို့ ဤစခန်းကြီးသို့ ရောက်ခါစကျားဝိုင်း၊ ဆင်ဝိုင်းခံရသည့် အခြေအနေ၊ နိုကိုးရာ၊ အမိုးအကာရှိသည့် တဲအိမ်တွေ မရှိသောကြောင့် မိုးရွာထဲ၌ ငုတ်တုတ်ထိုင်၍ ဆင်အော်သံ၊ ကျားအော်သံကြားမှာ မိုးလင်းခဲ့ရသည့် အခြေအနေများကို ပြောကြသည်။ တသောသောရယ်၍ စကားဝိုင်းဖွဲ့ကြသည်။ အမှန်တကယ်တော့ ယခုအချိန်တွင် ပျော်စရာ၊ ရယ်စရာဖြစ်သော်လည်း လွန်ခဲ့သော အချိန်များက လွန်စွာဒုက္ခရောက်ကြသော အချိန်ကာလများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော်နှင့် ထောင်မှူးကြီးဦးသိန်းမြင့်တို့ ညှိသည့်ဆောင် ဆောက်လုပ်ရန်အတွက် စခန်း၏ မြောက်ဘက်ရှိ တောင်ကုန်းပေါ်သို့ တက်ကြသည်။ လက်သမားအဖွဲ့များဖြင့် ပန္နက်ရိုက်ကြသည်။ မလွတ်ကင်းသော သစ်ပင်ကြီးများကိုလည်း ခုတ်လှဲစေရသည်။ ထိုတောင်ကုန်းပေါ်တွင် တောသရက်ပင်၊ ကျွဲညှောင်းပင်နှင့် မှောက်ချွေးပင်များအပြင် ထူးခြားခြား လုံကြီးနှစ်ဖက်စာခန့်ရှိပြီး ပေ (၁၀၀)ကျော်ခန့် မြင့်မားသည့်ဘာလည့်ပြင်ဖြူကြီး တစ်ပင်ပါရှိသည်။

အဆောက်အအုံဆောက်လုပ်ရန် မလွတ်ကင်းသောကြောင့် သစ်ခုတ်သမားများအား အပြောင်ရှင်းခိုင်းပြီး ကျွန်တော်တို့ စခန်းသို့ ပြန်လာကြသည်။ ထိုအချိန်တွင် စခန်းအရှေ့ဘက် တောင်ကုန်းပေါ်တွင် ဆောက်လုပ်နေကြသည့် ရုံးခန်းကြီးမှာ ပြီးစီးကာနီးပြီ ဖြစ်ပါသည်။ အရာရှိများအတွက် ရုံးခန်းကြီးအနောက်ဘက်တွင် အိပ်ခန်းကလေးများဖွဲ့နေရာ တောင်ကမူကလေးများ ခံနေသောကြောင့် မြေပြုပြင်သော အဖွဲ့က မြေညှိနေရသောကြောင့် အချိန်ကြာနေခြင်းဖြစ်သည်။

❁ ❁ ❁

❑

ရုံးခန်းအရှေ့ မျက်နှာစာကိုလည်း ထောင်မှူးကြီးဦးသိန်းမြင့်က အလှအပကြိုက်သူဖြစ်သောကြောင့် ရေငန်းရိုးများဖြင့် စီစီရီရီ ကာရံခိုင်းနေရာ လှပစွာလက်ဝင်လှသည်။ ထိုအပြင် ရုံးခန်းအတွင်း လိုအပ်သော စားပွဲ၊ ကုလားထိုင်များအတွက်၊ သစ်၊ ဝါး၊ ကြိမ်များကို ရှာဖွေ၍ သာယာဝတီဘက်မှ ထောင်မှူးကြီးဦးသိန်းမြင့်၏ တပည့်များက တတ်စွမ်းသမျှ လက်ရာမြောက်စွာ ပြုလုပ်နေကြသောကြောင့်လည်း အချိန်ကြာခြင်းဖြစ်ပါသည်။

ကျွန်တော်ကတော့ ရဲဘက်မှဆိုးတပည့် အောင်သန်း၊ တင်သောင်းတို့နှင့်အတူ ကညင်ပင်ကြီးတစ်ပင်အောက် ချောင်းကမ်းနဖူးတွင် တဲတစ်လုံးဆောက်၍ လွတ်လပ်စွာ နေပါသည်။ တာဝန်ကလည်း ထောက်ပံ့ရေး ရိက္ခာ တာဝန်ခံဖြစ်သောကြောင့် အလုပ်မများလှပါ။ ကျွန်တော့်အောက်တွင် ရိက္ခာ ဂိုဒေါင်တပိုကြပ်ကြီးနှင့် တပ်သားတစ်ယောက် စာရင်း၊ ဇယား ကိုင်တွယ်ရန် စာရေးတစ်ဦးလည်း ရှိနေပါသည်။ ကျွန်တော်၏ အလုပ်မှာ မနက်တိုင်း ထောင်ဖွင့်လျှင်အားအရ ဝန်ထမ်းနှင့် ရဲဘက်များအတွက် ရိက္ခာထုတ်ပေးခြင်း၊ ဗိုကြီးတွင် ချက်ပြုတ်ရာ၌ သန့်ရှင်းကောင်းမွန်စေရန် စစ်ဆေးရခြင်း၊ (၁)ပတ်တစ်ခါခန့် နောက်တန်း ကွပ်ကဲမှုစခန်းမှ ပေးပို့လာသော ဆန်၊ ဆီ၊ ပဲ စသည့် ရိက္ခာအိတ်များကို စနစ်တကျ စာရင်းဇယားဖြင့် ထားသိုရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အရာရှိများအတွက် စပေါင်းချက်ပြုတ်စားရာ အရာရှိဖို့တွင် စားကောင်းသောက်ဖွယ် ထွေထွေရာရာ ဟင်းလျာကလေးများ စီစဉ်ပေးရခြင်း၊ ထို့ကြောင့် အလုပ်များ ပြီးစီး၍ အားလပ်ချိန်တွင် ကျွန်တော်၏ မုဆိုးတပည့်များနှင့် သေနတ်ထမ်း၍ တောကောင်ရှာ အမဲလည်ရသည်မှာလည်း တာဝန်တစ်ခုဖြစ်လာပါသည်။

ထိုတာဝန်မှာ ကျွန်တော်၏ ကျန်းမာရေးနှင့် ဝါသနာပါသော အလုပ်ဖြစ်သောကြောင့် မညည်းညူမိပါ။ ကျွန်တော်က တောတောင်အတွင်း လှည့်ပတ်သွားလာခြင်းနဲ့ ရှားပါးသော သစ်ခွပန်းပင်များ စုဆောင်းခြင်းကို ဝါသနာပါသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နေ့စဉ် မဟုတ်သော်လည်း အားလပ်ချိန်ရသည်နှင့် ကျွန်တော်တို့အဖွဲ့ တောလည်တက်ကြပါသည်။ တောလည်သည် ဆိုရာ၌လည်း အခြားတောမုဆိုးများလို တကူးတက အဝေးမှလာ၍ လှုစုပြီး တောထဲကို သွားရခြင်းမဟုတ်ပါ။ ကျွန်တော်တို့ တောလည်ရခြင်းမှာ စခန်းမှ ဝန်းအပြင်သို့ ထွက်သည်နှင့် တောထဲသို့ ရောက်ပါသည်။ (၁၅)မိနစ်ခန့် ရောက်သည်နှင့် တောနက်ထဲသို့ ရောက်ရှိပါသည်။

ထိုနေ့ကလည်း မနက်ပိုင်း ထောင်မှူးကြီးနှင့် ညှိဂေဟာဆောက်လုပ်ရန် မြေနေရာ တောင်ကုန်းပေါ်တွင် ပန္နက်ရိုက်၍ သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခိုင်းပြီးနောက် စပေါင်းရုံးခန်းဆောက်လုပ်ရာကို ကြည့်ရှုစစ်ဆေးပြီးနောက် နေ့လယ်စာ စားပြီးသည်နှင့် ကျွန်တော်နှင့် မုဆိုးတပည့်များ သေနတ်ထမ်း၍ တောတွင်းသို့ ဝင်ခဲ့ကြခြင်းဖြစ်ပါသည်။ အချိန်က မွန်းလွဲချိန် တောနက်အတွင်းဖြစ်သောကြောင့် နေတော့ မပူပါ။ ကျွန်တော်တို့ ဦးတည်သည်က စခန်းသို့ ရောက်ခါစက ခေတ္တယာယီတည်းခိုခဲ့ဖူးသော ကညင်နှစ်ပင်စခန်းဘက်သို့ဖြစ်ပါသည်။

ထိုနေရာသို့ မရောက်ကြသည်မှာလည်း တစ်လကျော်ခန့် ရှိပြီဟုထင်ပါသည်။ ထို့ကြောင့် မုဆိုးအောင်သန်း လမ်းပြဦးဆောင်ပြီး ကျွန်တော်တို့ ထွက်ခဲ့ကြခြင်းဖြစ်ပါသည်။ မုဆိုးလမ်းမှာ ယခင်ကလို ခက်ခက်ခဲခဲ သွားလာရသော တောလမ်းကျဉ်းကလေး မဟုတ်တော့ပါ။ ကျွန်တော်တို့





ရဲဘက်စခန်းကြီးနဲ့ မနီးမဝေးဖြစ်သောကြောင့် မုဆိုးလမ်းကလေးမှာ အတော်ကျယ်ဝန်းပြီး ဖုံနေသည်။ ရဲဘက်များ အသွားအလာများကြဟန် တူပါသည်။ တောသီး၊ တောနံ့ ရှာဖွေရန်အတွက် ကျွန်တော်တို့ စခန်းကြီးပတ်ဝန်းကျင်မှာ ယခင်ကလို လွယ်လွယ်ကူကူ ရှာမရတော့ပါ။ လူဦးရေများလာသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ ကညင်နှစ်ပင်စခန်းအနီးရောက်တော့ ရေအိုင်ပက်သံကို ကြားနေရသည်။ စခန်းမှ ရဲဘက်ကြီးများ ကညင်နှစ်ပင်စခန်းအနီးရှိ ရေအိုင်ကိုပက်၍ ငါးဖော်နေကြဟန် တူပါသည်။ သို့သော် အလုပ်ပိတ်ရက် မဟုတ်သောကြောင့် ထူးဆန်း၍တော့ နေသည်။ အခြားပတ်ဝန်းကျင်ရှိ ရွာများမှ ရွာသားများလည်း ဖြစ်နိုင်ပါသည်။

သို့သော် ကျွန်တော်တို့ ကန်အနီးရောက်တော့ တွေ့ရှိရသောမြင်ကွင်းမှာ အလွန်ထူးဆန်းလှသည်။ ငါးပက်နေသည်မှာ လူမဟုတ်ပါ။ စပါးကြီးမြွေတစ်ကောင်ဖြစ်သည်။ ကန်ကလေး၏ တစ်ဖက်ကမ်းရှိ မျောက်ချောပင်ကလေးကို အမြီးနှင့်ပတ်ကာ အခြားတစ်ဖက်ကမ်းရှိ တောညောင်းပင်ကို ခေါင်းပိုင်းဖြင့်ပတ်၍ ခန္ဓာကိုယ် အလယ်ပိုင်းအား ပြား၍ ခွက်သဏ္ဍာန်ပြုလုပ်ပြီး လွှဲလွှဲ၍ ပက်နေခြင်းဖြစ်သည်။ ကန်အတွင်းရှိ ရေမှာ တစ်ဝက်ခန့်သာ ကျန်တော့ပြီး ငါးများမူးနောက်၍ ခုန်ပေါက်နေကြပြီဖြစ်သည်။

မကြာမီ ရေခမ်းသည်နှင့် ကန်အတွင်းရှိ ငါးများအား စပါးကြီးမြွေကြီးက အနားယူရင်း အားပါးတရ ဝါးမြိုနေတော့မည်။ လူကဲ့သို့ပင် အသိဉာဏ်ရှိသော ထိုစပါးကြီးမြွေကြီးအား ကျွန်တော်တို့ အလွန်အံ့ဩမိပါသည်။ ယခင်အချိန်များက စပါးကြီးမြွေကြီးများ ငါးဖော်သည်ဆိုသည်ကို လူကြီးသူမများ ပြောသောကြောင့် ကြားဖူးရုံသာ ရှိပါသည်။ ယခုကဲ့သို့ လက်တွေ့ မမြင်ခဲ့ဘူးပါ။ မုဆိုးအောင်သန်းက . . .

"ဆရာ . . . ဘယ်လိုလုပ်မလဲ ဒီမှာ မပင်မပန်းနဲ့ ငါးတွေလည်း ရမယ်။ စပါးကြီးမြွေကြီးလည်း ရမယ်။ ဟန်ကျလိုက်လေ . . . ဆရာလုပ်နော်။ ကျွန်တော် စပါးကြီးမြွေကြီး ငါးပက်တာကို မဲနေတုန်း သူ့ခေါင်းကို ဓားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ဖြတ်လိုက်ရင် အဲဒါဆို စပါးကြီးမြွေကြီးလည်းရ ငါးလည်းရပေါ့။ စပါးကြီးမြွေသည်းခြေက အလွန်တန်ဖိုးရှိတယ် ဆရာ။ အသားကလည်း အလွန်စားကောင်းတယ်။ သူ့အရေခွံကလည်း အလွန်တန်ဖိုးရှိပါတယ် ဆရာ''

''မလုပ်ပါနဲ့ကွာ . . . သူ့အလုပ်သူလုပ်၊ သူ့အစာသူ ရှာစားတာပါ။ သူပက်ပြီးလို့ ငါးတွေကို စားမယ်ဆိုရင်လည်း၊ ကုန်အောင်စားနိုင်မှာ မဟုတ်ပါဘူး။ ငါးတွေက အများကြီးပဲ။ သူစားပြီးလို့ ကုန်တော့လည်း တို့တွေ ယူကြတာပေါ့။ တောမှဆိုးချင်း အစာမလုကောင်းဘူးကွ။ သူ့စည်းကိုယ့်စည်း ထားရတယ်။ ကဲ . . . ကွင်းရှောင်ပြီး သွားကြစို့။ သူ့ကို မနှောင့်ယှက်ပါနဲ့ကွာ''

မုဆိုးအောင်သန်းနဲ့ တင်သောင်းတို့ကတော့ ဤကဲ့သို့ အချောင်ရမည့် ခွင်ကြီးကို လက်လွှတ်ချင်ပုံ မရပါ။ ကျွန်တော့်ကို ကြောက်သောကြောင့်သာ ကျွန်တော် ဦးဆောင်ရာသို့ မကျေမနပ်ဖြင့် လိုက်ခဲ့ကြဟန်တူပါသည်။ ကျွန်တော်က မြွေကြီးကို အနှောင့်အယှက် မပေးလိုသောကြောင့် လက်ယာဘက်မှ ကွင်းရှောင်၍ ရိုးမတောင်ကျောပေါ်သို့ တက်ရန်ဖြစ်ပါသည်။ ထိုအချိန်တွင် ရိုးမတောင်အလယ် တောင်ခုလပ်၌ရှိသော ဝါးတံမြက်စည်းပင်ရုံကလေးများ ပေါက်ရောက်နေသည့် တောင်ဆင်ခြေလျှောစောင်းပေါ်တွင် လှုပ်လှုပ်ရှားရှား သွားနေသည့် ချိုကားယားဖြင့် တောဆိတ်တစ်ကောင်ကို မြင်မိသည်။

ထို့ကြောင့် တပည့်များအား လက်ကာပြပြီး ကျွန်တော်တစ်ဦးတည်း ရိုင်ဖယ်သေနတ်ကြီးကို အသင့်ပြင်၍ ရှေ့သို့ တရွေ့ရွေ့တိုးကာ ပစ်ကွင်းကို ရှာမိသည်။ တောဆိတ်ကြီးမှာ ဝါးရုံမှ ဝါးရွက်အနုများကို စားနေသည်။ တစ်ချုံမှတစ်ချုံသို့ ကူးနေခြင်းဖြစ်သည်။ တောင်ပေါ်နှင့် တောင်အောက် အလှမ်းမဝေးသော်လည်း ပစ်ကွင်းက ချုံများခံနေ၍ တောဆိတ်ကြီး၏ ဦးခေါင်းလောက်ကိုသာ ရိပ်ခနဲရိပ်ခနဲ မြင်ရခြင်းဖြစ်ပါသည်။

တောကောင်က အပေါ်စီးကဖြစ်၍ ကျွန်တော့်ကို အလွယ်တကူ မြင်နိုင်ပါသည်။ ကျွန်တော်ကသာ တောင်ခြေမှ အပေါ်သို့မော့နေသော မြင်ကွင်း





ကို မနည်းရှာ၍ ကြည့်နေရပါသည်။ ထိုတောင်ခြေဆင်ခြေလျှောမှာလည်း သင်ပုန်းကျောက်လွှာ ဖြစ်ပါသည်။ တစ်ချိန်တွင် တောင်ဆိတ်ကြီးမှာ ဝါးရုံပင်မှ အရွက်နုများကို မမှိတမှိ လှမ်း၍စားနေစဉ် ကျွန်တော် လည်တိုင်ရင်းဘက်ကို မှန်း၍ ရိုင်ဖယ်သေနတ်ဖြင့် ပစ်လိုက်ပါသည်။

''ဒိုင်း . . .''

အကွာအဝေးမှာ ကိုက် (၅၀)ခန့်သာ ရှိသောကြောင့် လက်လှမ်းမီသော နေရာဖြစ်ပါသည်။ သို့သော် ဝါးရုံပင်အုပ်ကလေး ခံနေသောကြောင်း ချက်ကောင်းကို ထိဟန်မတူပါ။ ထို့ကြောင့် တောဆိတ်ကြီးမှာ တုံ့ခနဲ လဲဟန်ပြုပြီး လက်ယာဘက်ဆင်ခြေလျှောမှ တောင်ကြောပေါ်သို့ တက်ပြေးရာ ကျွန်တော် နောက်တစ်ဆင့် အလျင်အမြန် ကျည်ထိုး၍ ပစ်လိုက်ရပြန်ပါသည်။

''ဒိုင်း . . .''

လက်တန်းထိုးပစ်လိုက်ရသော ဒုတိယကျည်ဆန်မှာ တောဆိတ်ကြီး၏ လက်ယာဘက် လက်အနောက်ဘက်ကို ထိမှန်ဟန်တူပါသည်။ ထို့ကြောင့် တောင်ကြောပေါ်အတက် ပျဉ်းမပင်ကြီး၏ ခြေရင်းတွင် ပုံ့ခနဲ လဲကျသွားသည်ကို လှမ်းမြင်ရပါသည်။ ထို့ကြောင့် ကျွန်တော် အနောက်ဘက်တွင် ပုန်းအောင်းနေသည့် မုဆိုးတပည့်များအား လက်ပြ၍ ဆင်ခြေလျှောမှ လမ်းရှာပြီး တောင်ကြောပေါ်သို့ အပြေးတက်ကြပါသည်။ သို့သော် ဆင်ခြေလျှောမှာ မတ်စောက်ပြီး သင်ပုန်းကျောက်မြေ ဖြစ်သောကြောင့် ကျောက်တုံးကျောက်ချပ်များဖြင့် ချောလှသောကြောင့် ရုတ်တရက် အပြေးတက်၍ မရပါ။

ထို့ကြောင့် တစ်ဆင့်စီ လမ်းရှာ၍ ကျောက်ချပ်များ အတွင်းပေါက်ရောက်နေသော သစ်ပင်ကလေးများနှင့် ဝါးရုံပင်ကလေးများအား ကိုင်ဆွဲအမှီပြုပြီး ဖြည်းဖြည်းခြင်း တက်ရပါသည်။ အချိန်အတော်ကြာမှ တောဆိတ်ကြီး ကျည်ဆန်မှန်၍ လဲနေရာ ပျဉ်းမပင်ကြီးအောက်သို့ ရောက်သည်။ တောဆိတ်ကြီးမှာ ချက်ကောင်းမှန်၍ သေဆုံးနေပြီဖြစ်ပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပျဉ်းမပင်ကြီးခြေရင်း သင်ပုန်းကျောက်ဖျာကြီး တစ်ချပ်အပေါ်တွင် အနားယူ အပန်းဖြေကြရင်း ကျွန်တော် ခါးချိတ်ထားသည့် ရေဘူးအား ဖြုတ်၍မော့သောက်လိုက်စဉ် ပျဉ်းမပင်၏ ပင်စည်၌ နက်ရှိုင်းစွာ ထွင်းထုထားသော မြားတစ်စင်းပုံစံအား တွေ့ရပါသည်။

မြား၏အောက်ဘက်တွင် ထွင်းထုထားသော စာမှာ ဂျပန်စာလိုလို တရုတ်စာလိုလို မသဲကွဲလှပါ။ သို့သော် ကျွန်တော် အနီးကပ်၍ ဖတ်ကြည့်ပြီး အဓိပ္ပာယ်ဖော်ကြည့်တော့ ဂျပန်ဘာသာ ခန်းကြီးစာလုံးဖြင့် 'ဂေါ်ခုရှို ဂင်ဂိုး' ဟု ဖတ်ရှု၍ရပါသည်။ ကျွန်တော်က ဝတ္ထုအစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်တွင် နိုင်ငံခြားဘာသာသိပ္ပံ ဂျပန်ဘာသာအဓိက ဒီပလိုမာ ရရှိခဲ့သော ကျောင်းသားတစ်ဦး ဖြစ်ခဲ့ခြင်းကြောင့် ဂျပန်ဘာသာ စကားကို နားလည်ပါသည်။ 'ဂေါ်ခုရှို ဂင်ဂိုး' ဆိုတဲ့ အဓိပ္ပာယ်မှာ မြန်မာလို အဓိပ္ပါယ်ပြန်ရလျှင် 'တွင်းငါးပေါက် ရတနာသိုက်' ဟူ၍ အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဂျပန်များ စစ်ပြေးစဉ်က မြှုပ်နှံထားခဲ့သော ရတနာသိုက်ကြီးနှင့် ဆုံတွေ့နေရပြီဖြစ်ကြောင်း သဘောပေါက်မိပါသည်။ သို့သော် မည်သည့်နေရာတွင် မည်သို့ မြှုပ်နှံထားခဲ့သည်ကိုတော့ မသိရှိရသေးပါ။ ဂျပန်များကလည်း လွယ်လွယ်ကူကူနှင့်တော့ မြှုပ်နှံထားခဲ့ခြင်း မဖြစ်နိုင်ပါ။ ဂျပန်ရတနာသိုက်များ၏ ထုံးစံအတိုင်း လျှို့လျှို့ဝှက်ဝှက်ဖြင့် မြှုပ်နှံထားလေ့ရှိကြောင်းကိုတော့ ကျွန်တော် ရှေးလူကြီးတွေ ပြောစကားအရ ကြားဖူးနားဝ ရှိပါသည်။

✿ ✿ ✿

❑

ကျွန်တော် အတော်ကြာတော့ ပျဉ်းမပင် ပင်စည်ကြီးအား မော့ကြည့်နေသောကြောင့် တပည့်မုဆိုးများက လိုက်၍ကြည့်ကြသည်။

''ဆရာ . . . ဘာတွေ့လို့လဲ၊ ဒီမြားကြီးက ဘာကိုပြထားတာလဲ''

ကျွန်တော် မဖြေသေးပါ။ ထို့နောက် မြားပြထားရာ တောင်ဆင်းဆင်ခြေလျှောဘက်သို့ ငေးမောကြည့်ရင်း တစ်စုံတစ်ခုကို ရှာဖွေနေမိပါသည်။ ထို့နောက် မျောက်ကဲ့သို့ သစ်ပင်တက် ကျွမ်းကျင်၍ မျောက်တင်သောင်းဟူ၍ ကျွန်တော်က အမည်ပေးထားသော တပည့်မုဆိုးအား ခေါ်၍ . . .

''တင်သောင်းရေ . . . မင်းရဲ့အစွမ်းအစကို ပြစမ်းကွာ။ ဟော . . . ဟိုဘက်က တောင်ခြေဆင်ခြေလျှောကို ဖြည်းဖြည်းခြင်း ဆင်းစမ်းကွာ''

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဘာကိုရှာရမှာလဲ''

''အေး . . . အဲဒီ ဆင်ခြေလျှောအပေါ်ဆင့်ကိုရောက်ရင် ငါပြောမယ်။ မင်း အခုတော့ အဲဒီကျောက်လွှာပေါ်ကို ကုတ်တွယ်ပြီး ဆင်းစမ်းကွာ''

''ဟုတ်ကဲ့ ဆရာ''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို တပည့်မှဆိုး မျောက်တင်သောင်းက တောင်ခြေဆင်းခြေလျောအား အနီးရှိ သစ်ပင်၊ ဝါးပင်ကလေးများအား ကိုင်တွယ်၍ လျှင်မြန်စွာ ဆင်းသွားပါသည်။

''ဆရာ . . . . ကျွန်တော် ဘာကိုရှာရမလဲ''

''အေး . . . ထူးဆန်းတဲ့ ကျောက်တုံး၊ ဒါမှမဟုတ် ကျောက်တိုင်လိုဟာမျိုး လူတွေ ဖန်တီးထားတဲ့ အမှတ်အသားတစ်ခုခုပေါ့ကွာ''

မျောက်တင်သောင်းမှ ဟိုဟိုဒီဒီရှာဖွေရင်း ဝါးရုံပင်ကလေး တစ်ခုအရင်း၌ တစ်စုံတစ်ရာကို တွေ့ရှိဟန်ဖြင့် . . .

''ဆရာ . . . ဒီနားမှာ တစ်ထွာလောက်မြင့်တဲ့ ကျောက်တိုင်ကလေး တွေ့ရတယ် ဆရာ။ နံဘေးမှာလည်း အင်္ဂတေနဲ့ ကိုင်ထားတယ်''

''အဲဒီမှာ ဘာအမှတ်အသားတွေ ရေးထားသလဲ''

''ပျဉ်းမပင်ကြီးမှာ ရေးထားတဲ့ စာလိုဟာမျိုး ဆရာ။ ကျွန်တော် မဖတ်တတ်ဘူး''

''အေး . . . အေး . . . မင်း အဲဒီမှာပဲ ရပ်နေ။ ငါ ဆင်းလာခဲ့မယ်။ အဲဒီလို တိုင်ကလေးမျိုး အနီးအနားမှာ ရှိသေးသလား၊ ရှာကြည့်လိုက်ဦး''

''ဟုတ်ကဲ့ ဆရာ''

သို့နှင့် ကျွန်တော်လည်း မျောက်တင်သောင်းလိုပင် တောင်ကြောပေါ်မှ သစ်ပင်၊ ဝါးပင်ကလေးများအား ကိုင်တွယ်၍ မျောက်တင်သောင်းရှိရာ တောင်စောင်း ပထမအဆင့် ကျောက်လျှာပေါ်သို့ ကုတ်ကပ်၍ ခက်ခဲစွာ ဆင်းခဲ့ရပါသည်။ ကျွန်တော် မျောက်တင်သောင်းရပ်နေသော ကျောက်လျှာအနီးသို့ ရောက်သောအခါ မျောက်တင်သောင်းက . . .

''ဆရာ . . . ကျွန်တော်ရဲ့ လက်ယာဘက်နဲ့ လက်ဝဲဘက် ခပ်လှမ်းလှမ်းဆီမှာလဲ အခု ကျွန်တော်တို့ တွေးထားတဲ့ ကျောက်ငုပ်ပုံစံမျိုးလေး တစ်ခုစီ တွေ့ရတယ်ဆရာ ကျွန်တော် ဘာဆက်လုပ်ရမလဲ''

''အေး . . . အေး . . . မင်း အခုရောက်နေတဲ့ နေရာမှာသာ အသာရပ်နေ။ ငါ ဒီအရင်ဆုံး ကျောက်ငုပ်ကို ကြည့်လိုက်ဦးမယ်''





ကျွန်တော်တို့ မျောက်တင်သောင်း ပထမဆုံး တွေ့ရှိထားသည့် ကျောက်ငုပ်အား အသေအချာကြည့်တော့ တစ်ထွာခန့်ရှိသည့် ကျောက်ငုပ်ကလေးအား အင်္ဂတေကိုင်၍ စိုက်ထူထားခြင်းဖြစ်သည်။ တောင်ကြောပေါ်တွင် တွေ့ရသည့် သစ်ပင်ကြီးတွင် ရေးထိုးထားသော ဂျပန်စာအတိုင်း 'ဂေါ်ခုချိဂင်ဂိုး'ဟု ဂျပန်ဘာသာ ခန်းကြီးအက္ခရာအဖြစ် ကျောက်ငုပ်ကလေးပတ်လည်တွင် ကိုင်ထားသည့် အင်္ဂတေပေါ်တွင် ရေးထိုးထားပါသည်။

စာတန်း၏ ထိပ်တစ်ဖက်တွင်လည်း ဂျပန်ဘာသာဖြင့် ယွန်ဟု ရေးထိုးထားရာ မြန်မာလို အဓိပ္ပာယ် နံပါတ် (၄)ကျင်း'ဟု အဓိပ္ပာယ်ရပါသည်။ သို့နှင့် ကျွန်တော်တို့ မျောက်တင်သောင်း နောက်ထပ်တွေ့ရှိထားရာ ကျောက်ငုပ်များကို လိုက်ကြည့်သောအခါ လက်ယာဘက်အစွန်းက ကျောက်ငုပ်မှာ ဂျပန်အက္ခရာ 'ဂေါ်' ဟု ရေးထားသဖြင့် အမှတ် (၅)ကျင်း ဖြစ်ပါသည်။ လက်ဝဲဘက်က ကျောက်ငုပ်ကို သွားကြည့်ပြန်တော့ ဂျပန်အက္ခရာ 'ဆန်း' ဟူ၍ တွေ့ရှိကြရာ အမှတ်(၃)ကျင်း ဖြစ်ပါသည်။

ကျွန်တော် ခေတ္တရပ်၍ တွေးကြည့်မိသည်။ ဂျပန်စာဖြင့် 'ဂေါ်ခုချိဂင်ဂိုး'ဟု ဆိုသဖြင့် ကျွန်တော်တို့ တွေ့ရှိခဲ့သော ကျောက်ငုပ်မျိုး နောက်ထက် နှစ်ခုရှိနေရဦးမည် ဖြစ်ပါသည်။ သို့သော် ရှာမရပါ။ နှစ်ကာလကြာရှည်ပြီး ဝါးရုံပင်နှင့် ချုံပင်ကလေးများ ဖုံးလွှမ်းထားသောကြောင့် ပျောက်ကွယ်နေခြင်းလည်း ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် နောက်နေ့များတွင်မှ အချိန်ယူပြီး ဆက်စပ်၍ ရှာဖွေရန် ကျွန်တော် စဉ်းစားမိပါတော့သည်။

''ကဲ . . . မျောက်တင်သောင်းရေ အပေါ်ကို ပြန်တက်၊ အောင်သန်းနဲ့အတူ တောဆိတ်သေကြီးကိုထမ်းပြီး တောင်အောက်ဆင်းခဲ့ကြ။ ငါလည်း ဒီသေနတ်ကြီးကိုထမ်းပြီး တောင်အောက်ကို လမ်းရှာပြီး ဆင်းခဲ့မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

သို့နှင့် ကျွန်တော်လည်း နီးစပ်ရာ သစ်ပင်ကလေးများနှင့် ဝါးရုံပင်ကလေးများကို ကိုင်တွယ်ပြီး အောက်သို့ တရွေ့ရွေ့ ဆင်းခဲ့ပါသည်။ တောင်ဆင်ခြေလျောမှာ မြေသားမဟုတ်ဘဲ သင်ပုန်းကျောက်မြေဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းက ရေတိုက်စားထားရာ မြေသားမဟုတ်ဘဲ ကျောက်မြေဖြစ်သောကြောင့် ပြောင်ချော၍နေရာ ခြေကုပ်မမြဲပါ။ ထို့ကြောင့် ရှိုင်ဖယ်သေနတ်ကြီးလွယ်ပြီး လက်နှစ်ဖက်ကိုသာ အားကိုး၍ နီးစပ်ရာအပင်ကလေးများအား တွဲခို၍ တရွေ့ရွေ့ဆင်းခဲ့ရပါတော့သည်။

ဤနေရာမျိုးမှ အဆင်းခက်ခက် အတက်ကြမ်းကြမ်း မြေနေရာမျိုးဖြစ်ပါသည်။ ထို့ကြောင့် ဂျပန်များက အသေအချာ ရွေးချယ်၍ ရတနာပစ္စည်းများ မြှုပ်နှံထားခဲ့ဟန်တူပါသည်။ တောင်ခြေတွင် ဆရာတပည့်များဆုံမိကြသောအခါ မှဆိုးအောင်သန်းက . . .

"ဆရာ . . . အဲ့နေရာ ဘာနေရာလဲ။ ဂျပန်သချိုင်းလား"

"အေး . . . နောက်တော့ ငါ ရှင်းပြမယ်။ အခုတော့ အမြေကမရေမရာ ဖြစ်နေတုန်းပဲ"

သို့နှင့် ကျွန်တော်တို့ ဆရာတပည့် ပြန်လာကြရာမှ မျောက်တင်သောင်းက သတိရပြီး . . .

"ဆရာ . . . ကျွန်တော်တို့ စပါးကြီးမြွေကြီး ငါးပက်တဲ့အိုင်ဘက်က လှည့်ပြန်ရအောင်။ အဲဒီမှာ မြွေကြီးမစားနိုင်လို့ ကျန်ခဲ့တဲ့ငါးတွေ ရှိလိမ့်ဦးမယ် ထင်တယ်"

"အေး . . . ဟုတ်တယ်ကွ၊ ငါလည်း မေ့နေတယ်။ မင်းပြောမှ သတိရတယ်"

ထို့ကြောင့် ကျွန်တော်တို့ စပါးကြီးမြွေကြီး ငါးပက်သည့်အိုင်ဘက်သို့ သွားကြည့်သောအခါ စပါးကြီးမြွေကြီးက မရှိတော့ပါ။ သို့သော် ရေနည်းနေသည့် အိုင်အတွင်း၌ ငါးကြီးများ အတော်များများ ကျန်နေသေးသည်ကို တွေ့ရှိကြသောကြောင့် မုဆိုးတပည့်များ တောဆိတ်သေကြီးကို ကမ်းနဖူးအရိပ်ရသော မျောက်ချောပင်ကြီးအောက်၌ ချပြီး ကိုယ်စီ ပုဆိုးကို ခါးတောင်းကျိုက်ကြပြီ ကန်တွင်းသို့ ဆင်းဖမ်းကြတော့သည်။

ရသမျှငါးများကိုလည်း ကမ်းပေါ်သို့ ပစ်တင်ကြပြီး စုပုံကြသည်။ ငါးများမှာ မျိုးစုံသည်။ ငါးရံ့၊ ငါးခူနှင့် ငါးမြွေထိုးငါးများ အများစုပါဝင်ကြပြီး





နှစ်ချို့ငါးများဖြစ်သောကြောင့် ငါးရံ့ကြီးများမှာ တစ်ကောင်လျှင် (၅၀)သားကျော်မှ တစ်ပိဿာခန့်အထိ ရှိကြသည်။ ငါးမြွေထိုးကြီးများက တစ်တွာခန့်ရှိသည်။ ကျန်ငါးကလေးများကိုတော့ မျိုးမပြတ်စေရန်အတွက် ထားခဲ့ကြသည်။ ထည့်စရာအတွက် မရှိသောကြောင့် မျောက်တင်သောင်းမှ သူ၏ ပုဆိုးကို ချွတ်ပြီး၊ အဝတ်အိတ်လုပ်၍ ငါးများကို ထည့်သည်။

ငါးများမှာ စပါးကြီးမြွေကြီး စားပြီးအကျန် ငါးများဖြစ်သော်လည်း ပိဿချိန် (၅)ပိဿာကျော်ကျော် ရရှိပါသည်။ မျောက်တင်သောင်းက . .

"ဆရာရေ . . . နွံထဲထိုးနေတဲ့ ငါးကြီးတွေနဲ့ ကလေးလို အုပ်အုပ်ဝိုင်တတ်တဲ့ ငါးလင်ပန်းတွေ ရှိသေးတယ်။ ငါးရှဉ့်တွေလည်း ရှိတယ်။ နောက်တစ်နေ့မှ ကျွန်တော်တို့ နှစ်ယောက်ထဲလာပြီး ရေကုန်အောင် ပက်မယ်။ ပြီးမှ ကျင်းတူးပြီး ရှာကြဦးမယ်။ ငါးလင်ပန်းနဲ့ ငါးရှဉ့်က ယောက်ျားတွေ ဒူလာရောဂါအတွက် အလွန် ဆေးဖက်ဝင်တယ်"

"အေး . . . မျောက်တင်သောင်းရေ . . . လူကြီးတွေ ပြောပြောနေတဲ့ ဒူလာရောဂါဆိုတာ ငါလည်း ကြားဖူးတယ်။ ဒါပေမဲ့ အဲဒါ ဘယ်လိုရောဂါမျိုးလည်း မင်းသိသလောက် ပြောစမ်းပါဦး"

"ဟာ . . . ဆရာကလည်း ကျွန်တော်ကလည်း လူကြီးတွေပြောလို့ ကြားဖူးတာ။ ကျွန်တော်တို့ အသက်ငယ်တော့ မခံစားဘူးသေးပါ။ ဒူလာရောဂါဆိုတာ ခန္ဓာကိုယ် အရိုးအဆစ်နဲ့ ကြွက်သားတွေ ကိုက်တာခဲတာကို ကျွန်တော် ကြားဖူးတာပဲ"

"ဒါဆို မင်းပြောတဲ့ ငါးရှဉ့်နဲ့ ငါးလင်ပန်းကို ဟင်းချက်စားရင် အညောင်းအညာ အကိုက်အခဲပျောက်တယ်လို့ ဆိုလိုတဲ့သဘော မဟုတ်လား"

"ဟုတ်လိမ့်မယ် . . . ဆရာ။ ကျွန်တော်လည်း အဲလိုထင်တာပဲ"

ထိုအချိန်တွင် နံဘေးမှ စောင့်ကြည့်နားထောင်နေသော မုဆိုးအောင်သန်းက တဟားဟားရယ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . အောင်မလေး . . . ဆရာတပည့် နှစ်ယောက် ပြောနေလိုက်ကြတာ ကျွန်တော်က အဟုတ်မှတ်လို့ နားထောင်နေကြတာ ဒူလာရောဂါဆိုတာ အဆစ်အမြစ် ကြွက်သားတွေ ကိုက်တာခဲတာဆိုတော့ မှန်ပါတယ်။ အဲ . . . ဒါပေမဲ့ ကျွန်တော့်အမေ ပြောစကားအရတော့ ခဏတဖြုတ် ကိုက်တာခဲတာ မဟုတ်ဘူး။ တစ်ချိန်လုံး ကိုက်ခဲနာကျင်နေတတ်တာ ဒဏ်သဘောပေါ့။ အဲဒါကြောင့် ဒဏ်ကျေအောင် ငါးရှဉ့်နဲ့ ငါးလင်ပန်းဟင်းကို မကြာခဏ ချက်စားပေးတယ်လို့ ပြောတာ ကြားဖူးပါတယ်"

ထို့ကြောင့် ကျွန်တော်က . . .

"အေး . . . အောင်းသန်းရေ မင်းရှင်းတော့လည်း ရှုပ်သွားတာပဲ။ ငါးရှဉ့်နဲ့ ငါးလင်ပန်းသားကို စားရင် ဒဏ်ကျေတယ်။ ဒူလာရောဂါ ပျောက်တယ်ဆိုတာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ငါတို့မြို့ပေါ်က စားသောက်ဆိုင်နဲ့ ဟိုတယ်ကြီးတွေမှာတော့ ငါးရှဉ့်ဟင်းက အလွန်ဈေးကြီးတာ။ ငါးရှဉ့်ခြောက်စပ်နှင့် ငါးရှဉ့်ချဉ်စပ်တို့ပေါ့။ ငါးလင်ပန်းဟင်းကတော့ မရနိုင်ပါဘူး။ ရှားပါးတဲ့ အကောင်ပဲလေ။ သူက ခေါင်းမှာနားရွက်ကလေးပါဘူး။ ငါးရှဉ့်ထက် ပိုကြီးတယ်နော်။ သူ့ကိုဖမ်းမိရင်လည်း အူဝဲအူဝဲနဲ့ ကလေးငိုသံလို အော်တတ်တယ်။ ဒါကြောင့် တချို့လူတွေက သနားပြီး မစားကြဘူး"

"ဟုတ်ပါ့ . . . ဆရာရယ်။ တောကောင်သတ္တဝါတွေကတော့ အမျိုးမျိုးအဖုံဖုံပါပဲ။ ဒါနဲ့ ဆရာ၊ ဖွတ်သားနဲ့ သင်းခွေချပ်အသားကော စားဖူးသလား ဆရာ'

"ဟော့အေး . . . မစားဖူးသေးဘူး။ ငါ ဆူးတောင်တွေပါတဲ့ ဖြူသားတော့ စားဖူးတယ်။ အတော်ညှီတာပဲ။ သစ်မြစ်၊ သစ်ဥတွေ စားတယ်ဆိုတော့ ဆေးဖက်ဝင်အောင် စားဖူးတယ်ရှိအောင် စားတာပါ။ မင်းပြောတဲ့ ဖွတ်သားနဲ့ သင်းခွေချပ်အသားက ဘယ်လိုနေသလဲ စားဖူးတယ်ရှိအောင်တော့ စားကြည့်ချင်ပါတယ်"





"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့ သွားရင်းလာရင်း ကြုံတတ်ပါတယ်။ ဖွတ်ကတော့ ရနိုင်ဖို့ နီးစပ်ပေမယ့် သင်းခွေချပ်က ရှားတယ်ဆရာ။ ဒီကောင်မျိုးက ဂမ္ဘီရဆန်တယ်။ တချို့ ယုံကြည်တာကတော့ သင်းခွေချပ်ဆိုတာ သရဲ၊ တစ္ဆေ၊ ကျတ်၊ မျိုးနွယ်ဝင်တွေလို့ ယုံကြည်ကြပြီး သူ့အသားစားတာကို ရှောင်ကြတယ်"

ထိုအခါမှ မျောက်တင်သောင်းက . . .

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း ကြားဖူးတယ်။ သင်းခွေချပ်က တောထဲသွားတယ်။ လူတွေက တစ်ဦးနဲ့တစ်ဦး နာမည်ခေါ်ပြီး စကားပြောကြရင် အနီးအနားမှာပုန်းနေတဲ့ သင်းခွေချပ်ကောင်က မှတ်သားပြီး အဲဒီနာမည်ကို တကြော်ကြော် ခေါ်တော့တာပဲ။ အဲဒါကို လူအချင်းချင်းခေါ်တယ်မှတ်ပြီး တစ်ဖက်လူက ပြန်ပြီး ထူးမိရင် သေတတ်တယ်လို့ ကြားဖူးတယ် ဆရာ'''

"မင်းတို့ဟာက ဟုတ်ရဲ့လားကွာ။ သင်းခွေချပ်ဆိုတာ ကမာကောင်လို အခွံတွေ ဖုံးထားတယ်။ မိကျောင်းပေါက်စလို အကောင်မျိုးမဟုတ်လား။ လျှာကလည်း မြွေလျှာလို နှစ်ခွနဲ့။ သစ်ခေါင်းထဲက ပုရွက်ဆိတ်တွေ၊ ခါချဉ်တွေကိုဖမ်းစားတတ်တဲ့ အကောင်မျိုး မဟုတ်လား။ ဘယ်လိုလုပ်ပြီး လူစကားကို ပီသအောင် ပြောနိုင်မှာလဲ"

ထိုအခါမှ မုဆိုးအောင်သန်းက . . .

"ဆရာကလည်း ကျွန်တော် အစောကပဲ သင်းခွေချပ်ဆိုတာ ဂမ္ဘီရဆန်တဲ့ တောကောင်ရယ်လို့ ပြောခဲ့ပြီးပါပြီ။ ဖွတ်လည်း လျှာနှစ်ခွနဲ့ပဲ။ ဒါပေမဲ့ သင်းခွေချပ်လို လူနာမည် မခေါ်တတ်ပါဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့ . . ဆရာရယ်။ ကျွန်တော့်အမြင်တော့ ဖွတ်သားက ကြက်သားထက် နူးညံ့ပြီး ချိုတယ်။ သင်းခွေချပ်အသားကတော့ အရိုးနုကလေးတွေနဲ့ မွှဲ့စည်းထားပြီး အလွန်ညှီတယ်။ ချက်တတ်ရင်တော့ အလွန်အရသာရှိပြီး စားကောင်းပါတယ်။ သင်းခွေချပ်ရဲ့သွေးက ယောကျ်ားတွေအတွက် အားဆေးလို့ လူဟိုးကြီးတွေပြောတာကို ကျွန်တော် ကြားဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆရာတပည့်များ ငါးဖမ်းရင်း စကားပြောနေကြရာ နာရီကိုကြည့်မိတော့ ညနေ (၄) နာရီကျော်ခန့် ရှိပါပြီ။ တောနက်တွင်းသို့ အလင်းရောင်က တဖြည်းဖြည်း အားနည်းလာပါသည်။ စခန်းတွင်လည်း ရဲဘက်များ အလုပ်သိမ်းချိန်ဖြစ်သောကြောင့် ရရှိလာသော တောဆိတ်ကြီး နှင့် ငါးများအား ချက်ပြုတ်လုပ်ကိုင်ရန်အတွက် ကျွန်တော်တို့ ဆရာတပည့် များ တောကောင်များအားထမ်း၍ စခန်းသို့ လှမ်းခဲ့ကြပါသည်။

စခန်းသို့ရောက်သောအခါ တောဆိတ်သားကို မစားဘူးဘဲ အကောင် ကိုပင် မမြင်ဖူးကြသောကြောင့် ထောင်မှူးကြီးဦးသိန်းမြင့်နှင့် ထောင်မှူး ဦးအေးချိုတို့က သူတို့ကိုယ်တိုင် ကြီးကြပ်ပြီး စပါယ်ရှယ်ချက်ကြမည်ဟု ဆိုကာ အရာရှိဖိုမှ သူတို့ခေါ်လာသည့် သာယာဝတီသားများနှင့် ညှိနှိုင်း တိုင်ပင်တော့သည်။

ကျွန်တော်ကတော့ ရရှိလာသော ငါးများအား ဖိုမှ ဖိုခေါင်းဦးအောင် မြတ်တို့ထံအပ်ပြီး ရဲဘက်များအတွက် အသီးအရွက်များနှင့် ရောနှောပြီး ချက်ပြုတ်စေရန် ဖင်ပြွန်းသီးနှင့် ရော၍ချက်သော ချဉ်ရည်ဟင်းတစ်မယ် ရရှိ ပါသည်။ ယခင်လို ရဲဘက်အင်အားမှာ မနည်းဘဲ ရဲဘက်အင်အား (၄၀၀)ကျော် ရှိသောကြောင့် ကျွန်တော်တို့ ရရှိလာသော ငါး (၅)ပိဿာခန့်မှာ ဆီပြန် ဟင်းမရနိုင်တော့ဘဲ အများစားရန်အတွက် ငါးနှင့် ဖင်ပြွန်းသီးရောသော ချဉ်ရည် ဟင်းအဖြစ်သာ စားသောက်ရန် ရရှိနိုင်ပါတော့သည်။

ယခုအခါတွင် ရဲဘက်အင်အား များလာသောကြောင့် အသားရိက္ခာ အတွက် တစ်ပတ်တစ်ကြိမ် မင်းကုန်းစခန်းမှ အမဲသား၊ စည်သွတ်ဘူးနှင့် ဘဲဥများကို တစ်ပတ်တစ်မျိုး ပို့ပေးတတ်သောကြောင့် ရဲဘက်များအားလုံး အသားစားရိက္ခာ ရရှိနေပါသည်။ ကျန် ကြားရက်များတွင်တော့ ရဲဘက်ဖိုကြီး အတွင်းမှ စီစဉ်ကျွေးသော ကုလားပဲဟင်းနှင့် ညနေပိုင်းတွင် တောတွင်းထွက် အသီးအရွက် ချဉ်ရည်ဟင်းများသာ ဖြစ်ကြပါသည်။ ဝန်ထမ်းများအတွက် တော့ မနက်ပိုင်းတွင် ကုလားပဲဟင်းဖြစ်ပြီး ညနေပိုင်းတွင် အသားဟင်း အတွက် စည်သွတ်ဘူး (သို့) ဘဲဥဟင်းက များပါသည်။





ထို့ကြောင့် ဘဲဥဟင်းကို ဝန်ထမ်းများက ခတ်လုံးဟု၊ ရွှေခေါင်း ပြောင်ဟင်းဟု ခေါ်ကြပါသည်။ ဘဲဥချဉ်ရည်ဟင်း ချက်ရာတွင် ခွဲခြမ်းချက် လျှင် ကြေလွယ်သောကြောင့် ချက်ပြုတ်သည့် ဝန်ထမ်းဖို ရဲဘက်ကြီးများ က အလုံးလိုက်မပြုတ်စေရန် ထက်ခြမ်းမခွဲတော့ဘဲ ချက်ပြုတ်တတ်သော ကြောင့် ထိုသို့အမည်များ ပေးထားတတ်ခြင်း ဖြစ်ပါသည်။ ထိုနေ့ညစာကို ထောင်မှူးကြီး ဦးသိန်းမြင့်က ရုံးခန်းပေါ်တွင် အကျအန ဧည့်ခံကျွေးမွေး မည်ဟု ဖိတ်ကြားထားသဖြင့် ကျွန်တော် ရေမိုးချိုးပြီး အဝတ်အစားလဲ၍ ကျွန်တော် သီးခြားနေရာ တဲအိမ်ကလေးမှ ရုံးခန်းသစ်ကြီးပေါ်သို့ သွားရပါ သည်။

ရုံးခန်းပေါ်၌ ထောင်မှူးကြီး ဦးသိန်းမြင့် စီစဉ်ထားသော စားပွဲ ကုလားထိုင်များနှင့် ပြည့်စုံပြီး အဆင်ပြေလှပါသည်။ ကျွန်တော်တို့ နေ့လယ် ပိုင်းက တောတွင်းသွားနေစဉ် အသစ်ရောက်ရှိလာသော ဆေးမှူးသိန်းဆန်း နှင့် ဆရာဝန်ကြီး ဦးမောင်မောင်တို့လည်း စုံညီစွာ ရောက်ရှိနေသောကြောင့် ထောင်မှူးကြီး ဦးသိန်းမြင့်က ကျွန်တော်ရလာသော တောဆိတ်ကြီးကို အရင်း ပြု၍ ချက်ပြုတ်ပြီး ယနေ့ညတွင် ရုံးခန်းသစ်ကြီးဖွင့်ပွဲအဖြစ် စားသောက်ပွဲ လုပ်ခြင်းဖြစ်ပါသည်။ စခန်းရှိ ဝန်ထမ်းများအားလုံးကိုလည်း ဖိတ်၍ ကျွေး သည်။

ထို့ကြောင့် ရုံးခန်းထဲ၌ လူအတော်များပါသည်။ အသစ်ရောက်ရှိ လာသော ဆရာဝန်ကြီးနှင့် ဆေးမှူးတို့အား စခန်းအနေအထားနှင့် စခန်း အကြောင်းကိုရှင်းပြရင်း ဧည့်ခံစားသောက်ကြခြင်း ဖြစ်ပါသည်။ ဝန်ထမ်းများ ကိုတော့ ညစာထမင်းကျွေးပြီးသည်နှင့် ပြန်ခိုင်းပြီး ကျွန်တော်တို့အဖွဲ့က တော့ ထောင်မှူးဦးအေးချို စီစဉ်ပေးသော အာမီရမ်အရက်ဖြင့် တောဆိတ် သားကင်အား မြည်းကြပြီးမှ ညစာထမင်းစားကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ညစာထမင်းစား နောက်ကျရာ ည (၉)နာရီခန့်မှ ပြီးပါတော့သည်။

ထိုအချိန်တွင် ရဲဘက်စခန်းတစ်လုံး တုန်သွားအောင် သေနတ်ပင် ကြီးတစ်ပင်လဲသံကို ကြားကြရသည်။ လဲသံကြားရသောနေရာက စခန်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက် ကျွန်တော်တို့ မနက်ပိုင်းက ညှော်ဂေဟာဆောက်လုပ်ရန်အတွက် သစ်ပင်ကြီးများအား ရှင်းလင်းခိုင်းထားသော နေရာဘက်မှ ဖြစ်ပါသည်။ စခန်းနှင့် ချောင်းကလေးခြားနေသော သီးသန့်တောင်ကုန်းပေါ်မှ ဖြစ်သော ကြောင့် လူနေသော ရဲဘက်စခန်းနှင့် ဝန်ထမ်းနေရာများနှင့် လှမ်းပါသည်။ ထို့ကြောင့် လူအများ ထိခိုက်စရာ မရှိပါ။ သို့သော် သစ်ခုတ်သော ရဲဘက်မှာ ပေါ့ဆမှု တစ်ခုခုကြောင့် အပြတ်မလဲသော သစ်ပင်ကြီးတစ်ပင်ပင်က ယခု အချိန်မှ လဲဟန်တူပါသည်။

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ လက်နက်များဆောင်ယူ၍ လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ထိုညှော်ဂေဟာကုန်းဘက်သို့ သွားရောက်ကြည့်ကြပါသည်။ ကုန်းပေါ်သို့ ရောက်သောအခါ ညှော်ဂေဟာဆောက်ရန်အတွက် ရဲဘက်လက်သမားများက ပန္နက်ရိုက်၍ တိုင်ကျင်းတူးထားသော အဆင့်သာရှိသေးသည်။ ခုတ်လှဲထားသော သစ်ပင်၊ သစ်လုံးများကိုပင် ရှင်းလင်းနိုင်ခြင်း မရှိသေးပါ။ ခုတ်လှဲထားသော သစ်ပင်များပေါ်တွင် ကြီးမားသော ကညင်ဖြူပင်ကြီးများ လဲ၍ပိနေပါသည်။ ကညင်ဖြူပင်ကြီး အကိုင်းအခက်လောက်ကိုသာ ခုတ်တွင်ထားနိုင်ပြီး နှစ်ဖက်ခန့်ရှိသည့် ပင်စည်ကြီးကိုတော့ ပိုင်းဖြတ်ထားခြင်း မရှိသေးပါ။ ထိုအခါမှ ထောင်မှူးကြီး ဦးသိန်းမြင့်က ...

''ဟ .... ဘယ်လိုဖြစ်ပါလိမ့်။ ကျွန်တော်တို့ ဒီကညင်ဖြူပင်ကြီးကို နောက်ဆုံးမှ ခုတ်ခဲ့တာ။ ဒါကြောင့် အရင်ခုတ်ခဲ့တဲ့ သစ်ပင်တွေပေါ်မှာ ပိနေတာ။ အစောက လဲသံကြားတာ ဒီအပင်ကြီးပဲ။ ဘာဖြစ်လို့ လဲသံပြန် ပေးရတာလဲ''

ထိုအခါ ထောင်မှူးဦးအေးချိုက ...

''ဆရာကလည်း ရှင်းတာကို ရှုပ်အောင်လုပ်နေပြန်ပါပြီ။ ကညင်ဖြူပင်စောင့်က မကျေနပ်လို့ လဲသံပြန်ပေးတာပေါ့ ... ဆရာရယ်။ ဒါမျိုးတွေ ကျွန်တော် ကြုံခဲ့ဖူးလို့ ပြောရတာပါ''

''အေး ... ဟုတ်မယ်၊ ဦးအေးချိုရဲ့ ကျွန်တော်တို့ကလည်း တော ထဲမှာရှိတဲ့ သစ်ပင်ကြီး၊ သစ်ပင်လေး ဘာပင်ကိုမှ မရှောင်ဘဲ လိုအပ်ရင်





လိုအပ်သလို ခုတ်ပစ်နေရတော့ တောင်းပန်တိုးလျှိုးတာတို့၊ ခွင့်တောင်းတာတို့ မပြုမိဘူးဗျ။ ခုတ်ချင်သလို ခုတ်ခဲ့ကြတာပဲ။ ဒါကြောင့်ပဲ ထင်ပါရဲ့ဗျာ။ ဒီ ကညင်ဖြူပင်ကြီး ခုတ်ပြီးကာမှ တော်လဲသံကြီးနဲ့ အသံပြန်ပေးတာ နောက် ဆို ကျွန်တော်တို့လည်း သတိထားပြီး ခွင့်တောင်းပြီးမှ သစ်ပင်ခုတ်ရရင် ကောင်းမယ်ထင်တယ်''

ထိုအခါမှ ကျွန်တော်က ...

''ဟုတ်ပါတယ် ... ဆရာ။ ခွင့်တောင်းပြီးခုတ်တာ မမှားပါဘူး။ ဒါပေမဲ့ သစ်ပင်တိုင်းတော့ မဟုတ်ပါဘူး။ အဓိပတိသစ်ပင်ကြီးတွေကိုတော့ ခွင့်တောင်းပြီးမှ ခုတ်တာ အကောင်းဆုံးပါပဲ။ အန္တရာယ်လည်း ကင်းတာ ပေါ့''

သို့နှင့် ထိုညက ကျွန်တော်တို့ တောဆိတ်သားဖြင့် မိုက်ကားအောင် စားကြပြီး အိပ်ရာဝင်ခဲ့ကြပါတော့သည်။ ထိုနောက်ပိုင်းတွင်လည်း စခန်း သို့ အကျဉ်းဦးစီးဌာန ညွှန်ချုပ်နှင့်အဖွဲ့ လာရောက်စစ်ဆေးမည်ဟု မင်းကုန်း ကွပ်ကဲမှုစခန်းမှ အကြောင်းကြားစာ ပေးပို့လာသောကြောင့် ကျွန်တော်တို့ စခန်းကြီးတစ်ခုလုံး မွန်းမံပြင်ဆင်ရပါသည်။ ညှော်ဂေဟာ တဲစခန်းကြီးကို လည်း ပြည့်စုံအောင် အပြီးဆောက်ကြရသောကြောင့် တစ်ပတ်ခန့် အချိန် ကုန်သွားသည်။ ထို့ကြောင့် ကျွန်တော်နှင့် တပည့်မုဆိုးများအဖွဲ့ တော မလည်နိုင်ဘဲ ဂျပန်ရတနာသိုက် တည်ရှိရာဘက်သို့ မရောက်ကြပါ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် စခန်းတာဝန်ခံ ထောင်မှူးကြီးက အကျဉ်းဦးစီးဌာန ညွှန်ချုပ်နှင့်အဖွဲ့ ညနေပိုင်းတွင် ရောက်ရှိမည်ဟု သတင်းရကြောင်း ကျွန်တော့်အားလည်း ဧည့်သည်အဖွဲ့အားလည်း တောတွင်းရှိ တောကောင်သားတစ်မျိုးမျိုးဖြင့် ဧည့်ခံလိုသောကြောင့် မုဆိုးအဖွဲ့နှင့်အတူ ရှာဖွေပေးပါရန် တာဝန်ပေးအပ်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့်တပည့် မုဆိုးများအဖွဲ့ တောလည်၍ အမဲပစ်ရန် အကြောင်းပေါ်လာပါတော့သည်။ ထို့ကြောင့် တနင်္ဂနွေမနက်တွင် မနက်စောစော စားသောက်ကြပြီး တောလည်ရန်အတွက် ကျွန်တော်တို့အဖွဲ့ ပြင်ဆင်နေကြတာ ဟီးနိုးတီအီးကားကြီးတစ်စီး စခန်းအတွင်းသို့ ဝင်ရောက်လာပါသည်။ သစ်လုပ်ငန်းမှ ကားကြီးဖြစ်ပါသည်။ အကျဉ်းဦးစီးဌာနမှ ရိက္ခာပို့ကား မဟုတ်ပါ။ ယခင်ကလည်း လာနေကျစခန်းမှ လိုအပ်သော ဝါးများကို ရဲဘက်များက ခုတ်ပေးရသည်။

မင်းကုန်းစခန်းမှ ၎င်းတို့၏ လိုအပ်သော အဆောက်အအုံများဆောက်လုပ်ရန်အတွက် လာသယ်နေကျဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် အလေးအနက် ဂရုမထားမိပါ။ သို့သော် ဟီးနိုးကားဆရာ ကိုအောင်သိန်းက စခန်းရုံးရှေ့ရှိ ကားကြီးရပ်သည်နှင့် ကျွန်တော့်အား လှမ်းခေါ်ပါသည်။





"ဆရာသိန်းဝင်း ... ဒီမှာ ဆရာ့ဧည့်သည်ပါလာတယ်"

ဟု ပြောသောကြောင့် ကျွန်တော် လှမ်းကြည့်လိုက်တော့ ကားခေါင်းခန်းမှ ဆင်းလာသည့် အင်းစိန်ထောင်မှ အမျိုးသမီးထောင်မှူး ဒေါ်ခင်မြကြွယ်ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော် အပြေးအလွှား ကြိုဆိုရပြီး ကားဆရာနှင့် ဒေါ်ခင်မြကြွယ်တို့အား ကျွန်တော်တို့နေထိုင်သည့် တဲအတွင်းသို့ ခေါ်ပြီး မနက်စာ ကျွေးရပါသည်။ ထို့နောက် ကားဆရာအား စခန်းမှ ခုတ်ထားသော ဝါးများကို စခန်းမှရဲဘက်များဖြင့် သယ်စေပြီး ကျွန်တော်တို့ ဦးတည်ချက်အတိုင်း တောလည်ရန်ဖြစ်သောကြောင့် ဧည့်သည်ဒေါ်ခင်မြကြွယ်ကိုလည်း တောတွင်းသို့ ခေါ်ခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့က အသားရိက္ခာအတွက် တောကောင်များကို စူးစမ်းရှာဖွေသည်။ ဒေါ်ခင်မြကြွယ်က အမျိုးသမီးပီပီ သစ်ပင်ကြီးများပေါ်သို့မော့၍ သစ်ခွပန်းများ ရှာဖွေနေပါတော့သည်။ ကျွန်တော်တို့အဖွဲ့ ကညင်နှစ်ပင်စခန်းဘက်ရောက်ပြီး တပည့်များက သေချာသော ရေအိုင်အတွင်းမှ ငါးများကို ဖမ်းရန် စီစဉ်နေကြသည်။ ကျွန်တော်နှင့် ဒေါ်ခင်မြကြွယ်တို့က ကမ်းနဖူးရှိ မျောက်ချော့ပင်အောက်တွင် အနားယူ အပန်းဖြေကြပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့၏ နောက်ကျောဘက်မှ လူသံဆူသံများ ကြားရသောကြောင့် ထကြည့်သောအခါ ဆရာဝန်ကြီးနှင့် ဆေးမှူးသိန်းဆန်းတို့အဖွဲ့ လက်နက်မုဆိုးအဖွဲ့တစ်ဖွဲ့နှင့် စကားပြောနေကြခြင်း ဖြစ်ပါသည်။ အနီး၌လည်း ကျွန်တော်တို့စခန်းမှ ရဲဘက်ဗိုလ်ခေါင်းကြီး ဦးအောင်မြတ်ကိုလည်း တွေ့ရှိရပါသည်။ သူတို့အဖွဲ့ ဝါးပင်ပေါက် ကလေးများရှိသော ရိုးမတောင်ဆင်ခြေလျှောနေရာအား လက်ညှိုးထိုး၍ ပြောဆိုနေကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် သဘောပေါက်သည်မှာ ဂျပန်ရတနာသိုက်နှင့် ပတ်သက်ဆက်နွယ်နေသူများဖြစ်ရမည်ဟု မှတ်ယူမိပါသည်။ ထို့ကြောင့် ဒေါ်ခင်မြကြွယ်ကိုခေါ်၍ ၎င်းတို့ စုဝေးနေရာသို့ လျှောက်လှမ်းကြပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါတွင် ဆရာဝန်ကြီးဦးမောင်မောင်တို့က ကျွန်တော်တို့အား မြင်သည်နှင့် လှမ်းခေါ်ပါသည်။

"ဆရာသိန်းဝင်းရေ . . . ကျွန်တော်တို့ အဖွဲ့စုံပြီဗျို့။ ဒီက ဂျပန်ရတနာသိုက်နဲ့ပတ်သက်ပြီး ဒီကနေ့ လူစုံတက်စုံ တွေ့နေကြတာပါ။ ကျွန်တော်တို့အဖွဲ့က အဆက်အသွယ်ရှိကြလို့ ဒီကနေ့ တွေ့ဆုံကြတာပါ။ အဲဒီတုန်းက ပါဝင်ခဲ့ကြသူတွေကတော့ ကျွန်တော်တို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အဖေတွေပါ။ အဲဒီအချိန်တုန်းက ပါဝင်ခဲ့သူတွေကတော့ ဂျပန်ချွေးတပ်သားတွေပါ။ ကျွန်တော့်အဖေက ဦးတင်မောင်၊ ဟော့ဒီက ဆေးမှူးကိုသိန်းဆန်းအဖေက ဦးကျော်ရွှေ ဟော့ဒီက ရဲဘက်ဗိုလ်ခေါင်းကြီး ဦးအောင်မြတ်အဖေက ဦးစောသာ၊ ဒီက မုဆိုးအဖွဲ့က ကိုစိမ်းအောင်ရဲ့ အဖေနာမည်ကတော့ ဦးတိုးအောင်တဲ့ဗျ။ နောက်တစ်ယောက် ကျန်သေးတယ်ဗျ။ သူကတော့ ထွက်အပြေးမှာ ဂျပန်တွေ အသတ်ခံရလို့ သေဆုံးသွားတယ်၊ ချွေးတပ်သားကြီးတစ်ယောက်ပဲ။ သူ့နာမည်ကတော့ ဦးစိုးဝေတဲ့။ သူ့မိသားစုဝင်တွေနဲ့တော့ ကျွန်တော်တို့ အဆက်အသွယ် မရသေးဘူးဗျ"

"ကျွန်တော်တို့ အဖေတွေကလည်း သေဆုံးသွားပြီဖြစ်ကြလို့ သူတို့နဲ့အတူ ပါဝင်ခဲ့ကြတဲ့ ချွေးတပ်သားနာမည်တွေကို ပြောသွားခဲ့တော့ ကျွန်တော်တို့ သားသမီးတွေ အဆက်အသွယ် ရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ရိုးမတောကြီးထဲမှာ မြေပုံလည်း အတိအကျမရှိဘဲ ကွယ်လွန်သွားတဲ့ အဖေတွေက ခန့်မှန်းပြောခဲ့တာတွေကို ဒီက မုဆိုးကြီးတို့အဖွဲ့က ရှာဖွေပေးတာပါ။ ဒါကြောင့် ဒီနေရာကို ကျွန်တော်တို့ ရှာတွေ့ခဲ့တာပါ။

ဒါပေမဲ့ ဂျပန်ရတနာသိုက်တွေရဲ့ ထုံးစံအတိုင်း လျှို့လျှို့ဝှက်ဝှက်နဲ့ အန္တရာယ်တွေ များတာကြောင့် ဘယ်သူမှ မခေါ်ရဲခဲ့ကြဘူး။ အဲဒီအချိန်အတွင်းမှာ ဆရာဦးသိန်းဝင်းတို့ မုဆိုးအဖွဲ့က ဒီရတနာသိုက်ကို ရှာဖွေတွေ့ခဲ့ပြီး စူးစမ်းလေ့လာနေကြောင်း ရဲဘက်ဗိုလ်ခေါင်းဦးအောင်မြတ်က သတင်းပေးတာကြောင့် ဆရာဦးသိန်းဝင်းကိုလည်း ကျွန်တော်တို့ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လက်ခံကြပါတယ်"





"ဆရာထောင်မှူးက အတွေ့အကြုံရှိတာမို့ ခေါင်းဆောင်ပြီး ရတနာသိုက်ဖော်ဖို့ ကြိုးစားပေးစေချင်ပါတယ်။ အဲဒါကြောင့် ဆရာသိန်းဝင်းရဲ့ အမြင်ကိုလည်း ပြောပြပါဦး"

"အင်း . . . ကျွန်တော်ထင်တော့ ထင်ပါတယ်။ ဒီနေရာက ရတနာသိုက်သာဆိုတယ် လူသွားလူလာများလို့ သွားလမ်းလာလမ်း မှဆိုးလမ်းက ဖုံးနေတာ။ ဒါကြောင့် လူအများနဲ့သက်ဆိုင်ပြီး ရှာဖွေတူးဖော်ဖို့ ကြိုးစားနေကြကြောင်း ကျွန်တော် ရိပ်မိပါတယ်၊ ဒါပေမဲ့ ဒီ ရတနာသိုက်ကြီးက ဂျပန်တွေ စနစ်တကျ မြှုပ်နှံထားခဲ့တာမို့ အန္တရာယ်အလွန်ကြီးပါတယ်။ ဂျပန်တွေရဲ့ ထုံးစံအတိုင်း ရတနာမြှုပ်ရာမှာ အယောင်ပြပြီး တကယ့်နေရာကို လျှို့ဝှက်ထားတတ်ပါတယ်။ အန္တရာယ်လည်း အလွန်များပါတယ်။ သူတို့က မဆိုင်တဲ့ နေရာတွေမှာ ဗိုင်းနမိုက်တွေနဲ့ မိုင်းဗုံးတွေထောင်ထားတတ်တယ်။ ရတနာသိုက်နာမည်ကိုက ဂျပန်လို 'ဂေါ်ခုချိ ဂင်ဂိုး' လို့ အမည်ပေးထားတဲ့အတွက် မြန်မာလိုတော့ ငါးပေါက်တွင်းရတနာသိုက်လို့ ခေါ်ရမှာဖြစ်ပါတယ်"

"ကျွန်တော်တို့ တွေ့ထားတဲ့နေရာတွေမှာ တွင်းငါးတွင်းကို ရှာဖွေတွေ့ရှိရပေမယ့် ကျန်တဲ့တွင်း နှစ်တွင်းကို ရှာဖွေမတွေ့ရသေးပါဘူး။ ရှာဖွေရှိတဲ့ တိုင်အောင်လည်း တကယ်တမ်း ရတနာပစ္စည်းတွေထားတဲ့တွင်း ဟုတ်ချင်မှဟုတ်မယ်။ ကျွန်တော့်အမြင် ပြောရရင်တော့ တွင်းငါးတွင်းမှာ (၁)တွင်းပဲ ရတနာတွေထားတဲ့တွင်းဖြစ်နိုင်တယ်။ ကျန်တဲ့တွင်း (၄)တွင်းက အရောင်ပြဖြစ်မယ်။ မိုင်းတွေလည်း ဆင်ထားလိမ့်မယ်။ ပစ္စည်းထားတဲ့ အဓိကတွင်းတော့ မိုင်းတွေဆင်ထားမယ်လို့ မထင်ဘူး။ အဲဒီလျှို့ဝှက်ချက်ကို သိဖို့အတွက် အကြောင်းရင်းခံ အချက်လိုနေတယ်။ အဲဒီအကြောင်းရဲ့ အစအနလေးကို သိမှသာ ကျွန်တော်တို့ အန္တရာယ်ကင်းကင်းနဲ့ ရတနာတွေကို ဖော်ထုတ်နိုင်မယ်။ မိုက်တိမိုက်ကန်းနဲ့ တွေ့တဲ့နေရာကို ဖွတ်ရွတ်ပြီး တူးမယ်ဖော်မယ်ဆိုရင်တော့ အသက်အန္တရာယ် အလွန်ကြီးပါတယ်"

ထိုအခါမှ ဆရာဝန်ကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသိန်းဝင်းရေ . . . ကျွန်တော်တို့လည်း အဲဒီအကြောင်းတွေ ကြားဖူးနားဝရှိလို့ စွတ်ရွတ်ပြီး မဖော်ရဲကြပါဘူး။ ဒီရတနာသိုက်ကိစ္စက ကျွန်တော်တို့ ငယ်စဉ်ကတည်းက အဖေတွေပြောဖူးကြလို့ စိတ်ဝင်တစား ရှိခဲ့ကြပါသည်။ ဒါပေမဲ့ ရိုးမတောကြီးက အလွန်နက်ပြီး တောကောင်နဲ့ ရောင်စုံသူပုန်တွေရန်ကြောင့် ကျွန်တော်တို့အဖွဲ့တွေ ဘယ်သူမှ ဒီဘက်ကို မလာဝံ့ကြဘူး။ မုဆိုးကိုစိမ်းအောင်တို့အဖွဲ့လည်း ဖောင်ကြီးဘက်မှာ နေပေမယ့် ဒီဘက်ကို မလာဝံ့ကြပါဘူး။ အခုမှ ရန်ကုန်မန္တလေး လမ်းမကြီးဖောက်ပြီး အကျဉ်းဦးစီးဌာနက တောထဲမှာ အထိုင်စခန်းတွေချပြီး လုံခြုံရေး ကောင်းလာတာကြောင့် ရောင်စုံသူပုန်တွေလည်း အဝေးကို ပြေးကြပါပြီ။ ဒါကြောင့် မုဆိုးကိုစိမ်းအောင်တို့အဖွဲ့က ဒီနေရာကို ရှာဖွေတွေ့ရှိတာမို့ ကျွန်တော်တို့ကို အကြောင်းကြားတာပါ"

"ဒါကြောင့် ကျွန်တော်တို့အဖွဲ့တွေလည်း စုစည်းပြီး ဒီစခန်းကို မရောက်ရောက်အောင် လာခဲ့ကြတာပါ။ ဒါပေမဲ့ ဆရာသိန်းဝင်းပြောသလို ဂျပန်တွေက ဉာဏ်များတော့ ဘယ်တွင်းကစပြီး ဖော်ရမှန်း မသိကြပါဘူး။ ဖော်လည်း မဖော်ရဲကြပါဘူး"

"ဟုတ်တယ် . . . ဆရာကြီး၊ ဒီရတနာသိုက် ဖွင့်ဖို့အတွက် အကွာရာ အကြောင်းအရာ သော့ချက်ရှိလိမ့်မည်။ အဲဒီအချက်အလက်ကို သိဖို့ အရေးကြီးတယ်၊ ဆရာကြီးတို့ အထဲက အဖွဲ့ဝင်တွေရဲ့ အဖေတွေက ဒီရတနာသိုက်နဲ့ပတ်သက်လို့ လျှို့ဝှက်ချက်တစ်စုံတစ်ရာကို အသိပေးသွားတာ ရှိသလား ကျွန်တော်သိချင်ပါတယ်"

ထိုအခါတွင် ဆရာဝန်ကြီးက . . .

"အဲဒါခက်တယ် . . . ကိုသိန်းဝင်းရယ်၊ ကျွန်တော်တို့ အဖေတွေပါတဲ့ ချွေးတပ်သား ငါးယောက်ကို ချောဆွဲလာပြီး ဒီနေရာမှာ သူတို့ရတနာတွေမြှုပ်ဖို့အတွက် ကျင်းတွေတူးပေးရတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ရတနာတွေကို ချွေးတပ်သားတွေက သယ်လာပေးခဲ့ရပေမယ့် မြှုပ်နှံတဲ့ နေရာမှာတော့ ဂျပန်စစ်တပ်က လျှို့လျှို့ဝှက်ဝှက်နဲ့ ကိုယ်တိုင်လုပ်ကြတာ





လို့ အဖေတို့ကပြောတယ်။ အဲဒါကြောင့် ဘယ်တွင်းမှာ ရတနာမြှုပ်ခဲ့ကြတယ်ဆိုတာကိုလည်း သူတို့ကိုယ်တိုင် မသိသလို အသေအချာ မပြောနိုင်ခဲ့ပါဘူး။ နေရာဒေသကိုတောင် သူတို့ နားလည်သလိုသာ ဆွဲထားတဲ့ ခန့်မှန်းမြေပုံကိုသာ ကျွန်တော်တို့ သားသမီးတွေကို ပြောပြခဲ့ကြတာပါ"

"ကဲ . . . အဲဒါဆိုရင် ဆရာကြီးရေ၊ အခု ကျွန်တော်တို့က ရတနာမြေပုံပေါ်ကို ရောက်ရှိနေကြပါပြီ။ ဒါပေမဲ့ ဘယ်ကစပြီး တူးကြမလဲ။ တူးရဲတဲ့သူ ဘယ်သူရှိသလဲ"

"အေးဗျ . . . အဲဒါ အခက်ပဲ။ အဲဒါကြောင့်လည်း ကျွန်တော်တို့အဖွဲ့တွေ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်ရှိကြပေမယ့် ဘယ်သူမှ ဦးဆောင်ပြီး မတူးရဲကြဘူး။ ဆရာသိန်းဝင်းပြောသလို လျှို့ဝှက်ချက်တစ်ခုကိုသိမှ ဖော်လို့ရတော့မယ် ထင်ပါရဲ့"

"ဟုတ်တယ် . . . ဆရာကြီး။ (၁)တွင်းချင်းကိုဖြစ်စေ၊ (၁)တွင်းထဲကိုပဲ ရွေးချယ်၍ တူးလို့ဖြစ်စေ၊ မှန်ရင်တော့ ကောင်းတာပေါ့။ မမှန်ရင်တော့ အသက်နဲ့လဲရမယ်။ ဒါကြောင့် ကျွန်တော် ဒီရတနာ မြေပုံရဲ့ လျှို့ဝှက်ချက်ကို ရှာဖွေစဉ်းစားနေတာပါ။ အဲဒီအချက်တစ်ချက်ကိုလည်း ဆရာတို့ အဖေတွေပါဝင်တဲ့ ချွေးတပ်သားထဲက တစ်စုံတစ်ယောက်ကတော့ အနည်းနဲ့အများ သိလောက်မယ်ထင်ပါရဲ့။ သဲလွန်စလေးတစ်ခုပေါ့ ဆရာရယ်"

ကျွန်တော် ထိုသို့ပြောတော့ ရတနာသိုက်နှင့် သက်ဆိုင်သူဟုဆိုသူများ မည်သူမျှ စကားမဟာကြပါ။ ထို့ကြောင့် ထိုနေ့က သူတို့အားထားခဲ့ပြီး ကျွန်တော်တို့ အဖွဲ့ကတော့ စခန်းသို့လာကြမည့်စည့်သည်တော်ကြီးများအတွက် အသားရိက္ခာရှာဖွေရန် တောတွင်းဝင်ခဲ့ကြပါသည်။

မှူးပြထားသော ပျဉ်းမပင်ကြီးအနီးရှိ မုဆိုးလမ်းကလေးအတိုင်း ရိုးမတောင်ကျောပေါ်သို့ တက်ခဲ့ကြပြီး တောနက်ထဲသို့ ဝင်ခဲ့ကြပါသည်။ ပျဉ်းကတိုးပင်ကြီးတစ်ပင်ပေါ်မှ မျောက်ညိုအုပ်ကို တွေ့ရသောကြောင့် ကျွန်တော်တို့ ဝိုင်းကြသည်။ သို့သော် မျောက်ညိုအုပ်မှာ ရုတ်တရက် လျင်မြန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားသောကြောင့် ကျွန်တော်တို့ မပစ်လိုက်ရပါ။ ထို့ကြောင့် ဆက်လက်၍ ရှေ့သို့ တိုးခဲ့ရပြန်သည်။

အမျိုးသမီးပါနေသောကြောင့် ယခင်ကလို ဆရာတပည့်များ လွတ်လွတ်လပ်လပ်လည်း မသွားလာနိုင်ကြပါ။ ရှေ့တောင်ကျော အဆင်းတစ်ဖက် လွင်ပြင်တွင် ဆီးဖြူတောနဲ့ တောဝွေးပင်များရှိသည့်နေရာသို့ ရောက်တော့မည်ဟု မုဆိုးအောင်သန်းက သတိပေးသောကြောင့် အမျိုးသမီးကို မျောက်တင်သောင်းနှင့် အစောင့်ထား၍ လုံခြုံရာတွင် နေစေခဲ့သည်။ ကျွန်တော်နှင့် မုဆိုးအောင်သန်းတို့သာ ရှေ့သို့တက်ခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်းပဲ ဆီးဖြူတော၌ နီရဲနေသောအဆင်းရှိသည့် ချေများနှင့် ဆတ်ဖားကြီးတစ်ကောင်ကို တွေ့ရှိရသောကြောင့် ကျွန်တော် ဆတ်ဖားကြီးကို ဦးစားပေး ပစ်ခတ်ရန်အတွက် တစ်ဦးတည်း မိကျောင်းသွားတက်ခဲ့ပြီး လဲကျနေသော တောင်သရက်ပင်ကြီး၏ ပင်စည်ကို အကာအကွယ်ပြုသည်။ စိတ်တိုင်းကျ ချိန်ရွယ်၍ ပစ်ခတ်ရပါသည်။

ကိုက်(၁၀၀)အတွင်း ပစ်မှတ်ဖြစ်သောကြောင့် ဆတ်ဖားကြီးကို သေချာစွာချိန်ရွယ်၍ ပစ်ခတ်နိုင်ပါသည်။

"ဒိုင်း . . . ဒိုင်း . . ."

ရိုင်ဖယ်သေနတ်သံမှာ တိုရ်၍ ပြတ်သည်။ ချက်ကောင်းကို ထိမှန်ဟန်ဖြင့် ဆတ်ဖားကြီး တစ်ချေ့ခုန်ပြီး လဲကျသွားသည်။ ထိုစဉ်တွင် ချေအုပ်စုမှာ အလန့်တကြား ထွက်ပြေးကြသော်လည်း ငေးကြောင်၍ သမင်လည်ပြန် ရပ်ကြည့်နေသော ချေပေါက်တစ်ကောင်ကိုလည်း ကျွန်တော် လက်တန်းထိုး ပစ်ခတ်ရာ ရရှိပြန်ပါသည်။

ထို့ကြောင့် တပည့်များအားခေါ်၍ တောကောင်သေများအား သယ်ဆောင်ရန် စီစဉ်ရပြန်ပါသည်။ သို့သော် ငါးအထုပ်ကြီးလည်း ပါသေးသည်။ ဆတ်ဖားကြီးမှာ ပိဿာ(၆၀)ကျော်ခန့် အလေးချိန်ရှိသောကြောင့် မနိုင်ပါ။ ထို့ကြောင့် မျောက်တင်သောင်းအား ငါးထုပ်ကြီးကိုထမ်း၍ အထမ်းသမားများခေါ်ရန် စခန်းသို့ ပြန်လွှတ်ရပြန်ပါသည်။ ကျွန်တော်တို့အဖွဲ့ စုစည်း၍





ဆီးဖြူတော၌ စောင့်ဆိုင်းရင်း နားနေကြစဉ် မုဆိုးအောင်သန်းက ဆီးဖြူသီးများကို ခူးဆွတ်၍ စုဆောင်းပါသည်။

ထိုအချိန်တွင် ဒေါ်ခင်မြကြွယ်က မိန်းမသားပီပီ သစ်ပင်ကြီးများပေါ်သို့ မော့ကြည့်ရင်း သူ တွေ့မြင်ရသော သစ်ခွပန်းပင်များကို လက်ညှိုးထိုးနေရာ မုဆိုးအောင်သန်းက သစ်ပင်ပေါ်သို့တက်၍ ခူးဆွတ်ပေးရပြန်ပါသည်။

မကြာလှပါ။ နာရီဝက်ခန့်အတွင်း၌ပင် မျောက်တင်သောင်း အဖော်နှစ်ယောက်နှင့်အတူ ပြန်လည်ရောက်ရှိလာပါသည်။

"ဟကောင် . . . မြန်လှချည်လား"

"မြန်ဆို . . . ဆရာရေ၊ ဖိုကြီးက ရဲဘက်ဗိုလ်ခေါင်း ဦးအောင်မြတ်နဲ့ ရဲဘက်နှစ်ဦးကိုတွေ့လို့ ငါးထုပ်ကြီးကို ဦးအောင်မြတ်ကိုပေးပြီး ထင်းရှာတဲ့ သူ့အဖွဲ့နှစ်ယောက်ကို ချောဆွဲလာခဲ့တာ။ ဒါကြောင့် မြန်တာ။ စခန်းအထိ သွားခေါ်ရရင်တော့ တစ်နာရီ၊ နှစ်နာရီလောက် ကြာနေမှာ"

"အေး . . . ကောင်းတာပေါ့ကွာ။ အချိန်ရတော့ ရုံးချုပ်က ညှိသည်တွေအတွက် ငါတို့တွေ ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်ချိန်ရတာပေါ့။ ကဲ . . . မင်းတို့တွေ တောကောင် နှစ်ကောင်ကို ထမ်းပြီးသယ်ကြဖို့ အမြန်ပြင်ဆင်ကြပေတော့"

ထို့ကြောင့် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့က ချေပေါက်ကြီးကို ဝက်တုပ်,တုပ်၍ နီးရာဝါးရုံမှ ဝါးလုံးခုတ်ပြီး လျှို၍ထမ်းသည်။ ဖိုကြီးမှ ရဲဘက်ကြီးနှစ်ဦးကလည်း ဆတ်သေကြီးအား ဝါးလုံးလျှို၍ ထမ်းသည်။ သို့သော် သူတို့ဗလနဲ့ မနိုင်ကြသောကြောင့် မျောက်တင်သောင်းနဲ့ မုဆိုးအောင်သန်းတို့အတွဲက ပြောင်း၍ ထမ်းကြသည်။ ထိုအခါမှ ချေသေရော ဆတ်သေပါ သယ်ဆောင်၍ ရတော့သည်။

ကျွန်တော်တို့အဖွဲ့ ရိုးမတောင်ကျောပေါ်သို့ ခက်ခက်ခဲခဲ တက်ခဲ့ကြပြီး ကုန်းအဆင်း၌လည်း မုဆိုးလမ်းကိုရှာ၍ ခက်ခက်ခဲခဲ ဆင်းခဲ့ကြရပါသည်။ ဂျပန်ရတနာသိုက်အနီးသို့ ရောက်သောအခါ စုစုဝေးဝေးရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



သော ဆရာဝန်ကြီးတို့အဖွဲ့နှင့် မှဆိုးကိုစိမ်းအောင်တို့အဖွဲ့ မရှိကြတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့လည်း မြေပြန့်လမ်းအတိုင်း ထမ်းလာကြရာ စခန်းသို့ ငါးထုပ်ကြီးကို သယ်သွားသော ဖိုကြီးမှ ရဲဘက်တွေ၏ အကြောင်းပြချက် အရ စခန်းမှ ရဲဘက် (၁၀) ယောက်ခန့် လာကြိုကြသောကြောင့် မှဆိုး အောင်သန်းတို့က ပုခုံးလွှဲပြီး အေးဆေးစွာ ပြန်ခဲ့ကြပါတော့သည်။

စခန်းသို့ရောက်သောအခါ ဖိုကြီးအနီးတွင် တောကောင်များအား ဖြတ်ရိုက်ပြုတ်ရန် ပြင်ဆင်ကြရာ စခန်းတာဝန်ခံ ထောင်မှူးကြီးဦးသိန်းမြင့် က လာရောက်ကြည့်ရှုပြီး ...

''ကိုသိန်းဝင်းရေ ... ကျေးဇူး အလွန်တင်တယ်ဗျာ။ ဆတ်ဖားကြီးက ခြောက်စထောင်ချိုကားကြီးဆိုတော့ ဦးချိုနဲ့ ခေါင်းကို ကျွန်တော် ညနေရောက်လာမယ့် ညွှန်ချုပ်ကြီးကို လက်ဆောင်ပေးချင်တယ်။ ခင်ဗျား က ပိုင်ရှင်ဆိုတော့ ခွင့်တောင်းရတာပေါ့''

''လုပ်ပါ ... ဆရာရယ်။ ဧည့်သည်တွေကို လုံလုံလောက်လောက် အသား၊ ငါးတွေ ချက်ပြုတ်ကျွေးနိုင်တော့မှာမို့ ကျွန်တော် ဝမ်းသာလှပါပြီ။ ပင်ပန်းရကျိုး နပ်ပါတယ်။ ကျွန်တော့် အမျိုးသမီးလည်း ရောက်နေတော့ တောကောင်သားမျိုးစုံ စားဖူးရတာ အမြတ်ပေါ့''

ထိုအချိန်တွင် ဒေါ်ခင်မြကြွယ်က ...

''ကျွန်မကတော့ တောတိရစ္ဆာန်တွေကို သနားလို့ မဗျာပိုပေးပြီး မမှန်ပါစေနဲ့လို့ ဆုတောင်းနေတာ။ ဒါကြောင့် မျောက်အုပ်ကြီးလွတ်သွားတာ။ အဲဒါကြောင့် ဦးသိန်းဝင်းက ကျွန်မကို သူ့တပည့်နဲ့ အဖော်ထားခဲ့ပြီး ဆီးဖြူတောမှာ သွားပစ်မှ ချေတစ်ကောင်နဲ့ ဆတ်ကြီးတစ်ကောင်ကို ရတာ''

ထိုအခါတွင် ထောင်မှူးကြီး ဦးသိန်းမြင့်က ...

''ဆရာမရေ ... ဆရာမ မသိလို့၊ ကျွန်တော်တို့စခန်းမှာ အခုလောလောဆယ် ဘဲဥတွေနဲ့ ကျွန်တော့်အိမ်ကပို့တဲ့ ငါးခြောက်၊ ငါးခြမ်းလောက်သာရှိတာ။ ဧည့်သည် ညွှန်ချုပ်ကြီးနဲ့ အဖွဲ့အတွက် ညစာကျွေးဖို့ တခြား





ဘာမှမရှိဘူး။ တောထဲတောင်ထဲမှာဆိုတော့ ဘယ်ကမှလည်း ဈေးသွားဝယ်လို့ မရနိုင်ဘူး။ နီးစပ်ရာ ရွာဆိုတာကလည်း ဒီစခန်းနဲ့ နှစ်မိုင်၊ သုံးမိုင် ဝေးတယ်။ ကြက်ကလေး၊ ဘဲကလေးဝယ်ဖို့တောင် မလွယ်ကူပါဘူးဗျာ။ အခု ဦးသိန်းဝင်းတို့က ရှာဖွေပစ်ခတ်ပေးလို့ မျက်နှာပန်းလှလှ ညစာကျွေးလို့ ရပြီပေါ့ဗျာ။ ကျေးဇူးတင်လိုက်တာ ဦးသိန်းဝင်းရယ်။ ညွှန်ချုပ်ကြီးသိရင်လည်း ချီးကျူးမှာပါ''

''အဲဒါတွေ မလိုပါဘူး ... ဆရာရယ်၊ အဝေးက ဧည့်သည်လာလို့ ဧည့်ဝတ်ကျေရင်ပဲ ကျွန်တော်တို့ ပင်ပန်းခံရကျိုး နပ်ပါပြီ''

''အေးဗျာ ... ခင်ဗျားကတော့ ဒီစခန်းကြီးဆောက်တဲ့အတွက်လည်း မင်းကုန်းမှာ နာမည်ကြီးနေတာ အခုလည်း ညွှန်ချုပ်ကြီးလာတဲ့အချိန်မှာ တောကောင်သားမျိုးစုံနဲ့ ကျွေးနိုင်မွေးနိုင်အောင် စီစဉ်ပေးတဲ့အတွက် နာမည်ကောင်းရဦးမှာပါ။ ခင်ဗျားတို့လည်း ဒီနေ့ကစပြီး ကျွန်တော်တို့ စုပေါင်းဆောက်ထားတဲ့ ရုံးခန်းကြီးကို ပြောင်းခဲ့ကြတော့ကွာ။ ဟိုမှာလည်း အားလုံး ပြီးစီးနေပါပြီ။ စုစုဝေးဝေး စည်းစည်းရုံးရုံးနဲ့ ညီညီညွတ်ညွတ် နေကြရအောင်ပေါ့''

''ကောင်းပါပြီ ... ဆရာရယ်''

ကျွန်တော်တို့ စခန်းရှိ အရာရှိနှင့် ဝန်ထမ်းရဲဘက်များ ရောက်ရှိလာတော့မည့် ဧည့်သည်တော်ကြီးများအတွက် အသစ်ဆောက်လုပ်ပြီးစီးသော ဧည့်ဆောင်ပေါ်တွင် ခင်းကျင်းနေရာချရခြင်း၊ အစားအသောက်များ အတွက် ပြင်ဆင်ချက်ပြုတ်ရခြင်းတို့အတွက် အတော် အလုပ်များသွားပါပြီ။ အကျဉ်းဦးစီးဌာန ညွှန်ချုပ်ကြီးတို့အဖွဲ့မှာ ညနေ မှောင်စပြုချိန်မှ ကားနှစ်စီးဖြင့် ရောက်ရှိလာကြပါသည်။

တစ်စီးက မာစတာဂျစ်၊ ရန်ကုန်မှ ညွှန်ချုပ်ကြီးတို့အဖွဲ့ နောက်တစ်စီးက ဟီးနိုးတီအီးကားကြီး ရန်ကုန်-မန္တလေး အမြန်လမ်း၊ ကွပ်ကဲမှုရုံး မင်းကုန်းမှ ထောင်ပိုင်ကြီးဦးအုန်းကျော်တို့အဖွဲ့ ဖြစ်ကြပါသည်။ ကျွန်တော်တို့က ဧည့်သည်များအား အရုံသင့်ကြိုဆို၍ စခန်းမြောက်ဘက် ဧည့်ဂေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အသစ်ကြီးတွင် နေရာချထားပေးပါသည်။ လူများ၏ အချို့ကိုတော့ ကျွန်တော်တို့၏ ရုံးခန်းဆောင်သစ်ကြီးတွင် ခွဲဝေ၍ နေရာပေးရသည်။

ထိုအခါတွင် ထောင်ပိုင်ကြီး ဦးအုန်းကျော်က . . .

"ကိုသိန်းမြင့်နဲ့ ကိုသိန်းဝင်းတို့ . . . ညွှန်ချုပ်ကြီးလာမယ်ဆိုတော့ ကျွန်တော်တို့အဖွဲ့လည်း မလိုက်လို့မရဘူး။ ခင်ဗျားတို့စခန်းမှာ အစားအသောက် အနေအထိုင်ကိစ္စ ခက်ခဲမယ်ထင်လို့ ကျွန်တော် မင်းကုန်းစခန်းက ချက်ပြုတ်ပြီး ဟင်းတွေ ယူလာပါတယ်။ ဒီရောက်တော့ ခင်ဗျားတို့စခန်းက ကျွန်တော်တို့ ထင်ထားတာထက်တောင် ကောင်းမွန်နေသေးတယ်။ ဂုဏ်ယူချီးကျူးပါတယ်ဗျာ။ ညွှန်ချုပ်ကြီးကလည်း ခင်ဗျားတို့ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်တဲ့အတွက် သဘောကျမှာပါ"

ထိုအချိန်တွင် ထောင်မှူးကြီး ဦးသိန်းမြင့်က . . .

"ဆရာကြီးခင်ဗျား . . . . ဒီစခန်းဆောက်တာ ဦးသိန်းဝင်းရဲ့ လက်ရာတွေပါပဲ။ ကျွန်တော်က နောက်မှရောက်လာပြီး အချောသတ် ပံ့ပိုးကူညီရုံလောက်ပါပဲ။ အခုလည်း ညွှန်ချုပ်ကြီးနဲ့ ဆရာတို့ကို ဧည့်ခံကျွေးမွေးဖို့ ဦးသိန်းဝင်းကိုယ်တိုင် ပစ်ခတ်ရရှိထားတဲ့ ဆတ်သားနှင့် ချေသားအပြင် သူ့တပည့်တွေရှာဖွေထားတဲ့ ငါးမျိုးစုံဟင်းလျာတွေနဲ့ ဧည့်ခံဖို့ အသင့်ဖြစ်နေပါပြီ"

"ကောင်းပါ့ဗျား . . .။ ဦးသိန်းဝင်းက အင်းစိန်ထောင်မှာ နေခဲ့တော့ မြို့သားထောင်မှူးပေ့ါ။ တောထဲရောက်တော့ အနေအစားဆင်းရဲပြီး ဒုက္ခတွေ့မယ်လို့ ကျွန်တော်တို့က ထင်ထားတာ အခုတော့ တောပျော်မုဆိုးဖြစ်ပြီး စခန်းအဆောက်အအုံကိုလည်း စနစ်တကျ ဆောက်နိုင်လို့ ဂုဏ်ယူပါတယ်ဗျာ။ ဒါနဲ့ အမျိုးသမီးထောင်မှူး ဒေါ်ခင်မြကြွယ်လည်း ရောက်နေတယ်ဆို"

"ဟုတ်ပါတယ် . . . ဆရာ။ သူက မနက်ကတည်းက ရောက်နေတာပါ။ ကျွန်တော်တို့ တောပစ်သွားတော့လည်း အတွေ့အကြုံရအောင် သူ့ကိုခေါ်သွားတာပါ"





"ကောင်းတယ်ဗျို့ . . . ဒါပေမဲ့ ညအိပ်ညနေ တောထဲမှာ ငှက်ဖျားခြင်ကပေါ်တော့ သတိတော့ထားနေဗျ။ အကြာကြီး မနေစေနဲ့"

"ဟုတ်ကဲ့ပါ . . . ဆရာ။ သူလည်း အကြာကြီးနေလို့ မရပါဘူး။ အင်းစိန်ထောင်က အလုပ်များတော့ မနက်ဖြန်လောက် ပြန်မှဖြစ်မှာပါ"

"အဲဒါဆိုရင်လည်း ကိုယ်တို့နဲ့ ထည့်ပေးလိုက်ပေ့ါ။ ရန်ကုန်အထိ ညွှန်ချုပ်ကြီးတို့ကို လိုက်ပို့ရမှာမို့ ပို့ပြီး အဆင်ပြေသွားတာပေ့ါ"

"ဟုတ်ကဲ့ပါ . . . ဆရာ။ အလွန်အဆင်ပြေပါတယ်"

ထိုညတွင် ညွှန်ချုပ်ကြီးနဲ့ ထောင်ပိုင်ကြီး ဦးအုန်းကျော်တို့အဖွဲ့က ဧည့်ဂေဟာအသစ်ပေါ်တွင် ကျွန်တော်တို့ အရေးပေါ် ပြင်ဆင်ထားတာ ဖါးစားပွဲ၊ ဝါးထိုင်ခုံများပေါ်တွင် နေရာပေးပြီး တောကောင်သားမျိုးစုံနှင့် ချက်ပြုတ်၍ဧည့်ခံရာ ညွှန်ချုပ်ကြီးတို့အဖွဲ့က မင်းကုန်း ကွပ်ကဲမှုစခန်းမှ ထောင်ပိုင်ကြီးဦးအုန်းကျော် ချက်ပြုတ်၍ ယူဆောင်လာခဲ့သော ဟင်းများကိုပင် မနှိုက်တော့ဘဲ ကျွန်တော်တို့ စခန်းချက် တောတွင်းလက်ရာ၊ တောကောင်သားဟင်းအမျိုးမျိုးကိုသာ နှစ်ခြိုက်စွာ အားပါးတရ စားသောက်ခြင်းကြောင့် ကျွန်တော်တို့ အိမ်ရှင်များ ကျေနပ်ပီတိ ဖြစ်မိကြပါသည်။

ညွှန်ချုပ်ကြီး ဒေါ်ခင်မြကြွယ်ကိုလည်း နှုတ်ဆက်ပြီ အားပေး၍ အရွှန်းဖောက်ပြီး ဖနောက်ပြောင်ပါသည်။ ကျွန်တော်နှင့် ထောင်မှူးကြီး ဦးသိန်းမြင့်ကိုလည်း ချီးကျူးစကား ပြောကြားပါသည်။ ထိုစဉ်ကတည်းက ကျွန်တော်သည် အဆောက်အအုံ ဆောက်လုပ်ရာတွင် နာမည်ကောင်းရပြီး ဂျပန်ခေတ်က ထန်းပင်တက် လက်မှတ်ရသော ရွာသားတစ်ဦးလို ဖြစ်ခဲ့ရပါသည်။

တကယ်ဘာမ်းလည်း မပြည့်မစုံသော လက်နက်ကိရိယာများဖြင့် တောတွင်း၌ သစ်၊ ဝါးများအား ရှာဖွေ၍ အချိန်မီ စခန်းအဆောက်အအုံများ ပြီးစီးရန်အတွက် ကြိုးပမ်းရသည်မှာ လွယ်ကူသော ကိစ္စတစ်ခုတော့ မဟုတ်ပါ။ ဝန်ထမ်းရဲဘက်လူဦးရေ (၅၀၀)ကျော်ခန့် နေထိုင်နိုင်သော စခန်းကြီးတစ်ခု ဖြစ်ပေါ်လာဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ စေတနာ၊



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာ၊ အနှစ်နှစ်ခံကြိုးပမ်းကြသောကြောင့်သာ ပြည့်စုံသော ရဲဘက်စခန်းကြီးတစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

အထက်လူကြီးများ၏ လက်ညှိုးထိုးခိုင်းစေမှုကို အောက်က အရာရှိငယ်များ မည်သို့မည်ပုံ ကြိုးပမ်းအားထုတ်ရသည်ကိုတော့ သူတို့ လူကြီးများ အသေးစိတ် သိရှိကြမည်ဟုတော့ မထင်မိပါ။ သို့သော် ကိုယ့်လက်ရာကို ပြန်ကြည့်၍ ပီတိဖြစ်ရသည်ကတော့ အမှန်ပင် ဂုဏ်ယူမိပါသည်။ နောက်တစ်နေ့ မနက်တွင် ညွှန်ချုပ်ကြီးနှင့်အဖွဲ့က ကျွန်တော်တို့ စခန်းကြီးအား အသေးစိတ်ပတ်၍ကြည့်သည်။ လိုအပ်သည်များကို ညွှန်ကြား၍ မနက်စာစားပြီး ပြန်သွားပါသည်။ ကျွန်တော်၏ အမျိုးသမီးဒေါ်ခင်မြကြွယ်လည်း ထောင်ပိုင်ကြီး ဦးအုန်းကျော်တို့ကားဖြင့် ပြန်လည်လိုက်ပါသွားပါသည်။

❁ ❁ ❁

❑

နောက်တစ်နေ့ညတွင် စခန်းဆေးရုံ၌ တက်ရောက်ကုသနေကြသော ရဲဘက်တစ်ဦးမှ ကျွန်တော်နှင့် တွေ့လိုကြောင်း ခွင့်တောင်းသည်ဟု ဆိုကာ ဆေးရုံမှ ဆေးမှူးသိန်းဆန်း လာရောက်အကြောင်းကြားပါသည်။

''ကိုသိန်းဆန်း . . . ဘယ်ကရဲဘက်လဲ၊ ဘယ်သူလဲ''

''ဆရာရေ . . . ရဲဘက်ဗိုကြီးက ဆရာ့တပည့်ဟောင်း၊ ဗိုခေါင်းကြီး ဦးအောင်မြတ်ပါ။ မနေ့က ဆရာတို့နဲ့အတူ တောကောင်ထမ်းပြီး ပင်ပန်းသွားလို့လား မသိဘူး ငှက်ဖျားဝင်လာတယ်။ အဲဒါကြောင့် အရေးပေါ် စခန်းဆေးရုံကိုရောက်လာလို့ ကျွန်တော်တို့လည်း တတ်နိုင်သမျှပြုစုပြီး Grig





တွေ ချိတ်ထားပေးတယ်။ Qüile လည်း ထိုးထားပြီးပြီ။ ဒါပေမဲ့ အဘိုးကြီး အခြေအနေက သိပ်မကောင်းဘူး ဆရာ။ အဖျားကလည်း မကျဘူး။ အဲဒါ ဆရာနဲ့ နှစ်ကိုယ်တည်း တွေ့ချင်တယ်ဆိုလို့ ဆရာဝန်ကြီးက ကျွန်တော့်ကို အခေါ်လွှတ်တာပါ။ ဆရာလိုက်ခဲ့ပြီး အားပေးပါဦး''

''ဩော် . . . အဲလိုလား၊ ဦးအောင်မြတ်ကြီး သားကောင်ထမ်းရပြီး ညှိသည်တွေအတွက်လည်း ဟင်းမျိုးစုံချက်ရပြုတ်ရနဲ့ အတော်ပင်ပန်းသွားပြီး ရုတ်တရက် ငှက်ဖျားဝင်တယ် ထင်ပါရဲ့။ ကိုယ်လည်း အခုလည်း လိုက်ခဲ့ပြီး အားပေးပါ့မယ်''

ထို့ကြောင့် ကျွန်တော် ဆေးမှူးသိန်းဆန်းနှင့်အတူ ဆေးရုံဆောင် လူနာရှိရာ တောင်ကုန်းပေါ်သို့ တက်၍ လိုက်ခဲ့ပါတော့သည်။ လူနာဦးအောင်မြတ်မှာ ဆေးရုံပေါ်ရှိ ဝါးကုတင်ပေါ်တွင် ဆရာဝန်ကြီး ဦးမောင်မောင်ကိုယ်တိုင် ကြီးကြပ်ကုသနေသော်လည်း သက်သာဟန်မရှိပါ။ အမောဖောက်နေဟန် တူပါသည်။ ကျွန်တော်ရောက်ရှိသောအခါတွင် ကျွန်တော့်အား လက်ယပ်ခေါ်၍ ဆရာဝန်ကြီးနဲ့ ဆေးမှူးအပြင် လူနာစောင့်အားလုံးအား အပြင်သို့ ထွက်ပေးရန် လက်ပြနေပါသည်။ ထို့ကြောင့် ကျွန်တော်က ဦးအောင်မြတ်၏အနားသို့ကပ်၍ . . .

''ဦးလေး . . . အားတင်းထားပါ။ ဒီစခန်းမှာ ဆရာဝန်ကြီးနဲ့ ဆေးမှူးကော၊ ဆေးဝါးပစ္စည်းပါ ပြည့်စုံပါတယ်။ လိုအပ်ရင် မနက်ဖြန်ကျရင် မင်းကုန်းကတစ်ဆင့် ရန်ကုန်ဆေးရုံကြီးကို ပို့နိုင်အောင် ကျွန်တော် ကူညီပါ့မယ်''

ထိုအခါတွင် ဦးအောင်မြတ်က တိုးလျသောလေ သံကလေးဖြင့် ကျွန်တော့်အား . . .

''ဆရာထောင်မှူး . . . ကျေးဇူးအလွန်တင်ပါတယ်။ ကျွန်တော့်ကိုလည်း ဗိုခေါင်းခန့်ပြီး သူကောင်းပြုထားတာ တစ်သက်မမေ့ပါဘူး။ ဒါပေမဲ့ အခု ကျွန်တော့်အခြေအနေ မကောင်းဘူး။ ကျွန်တော့်ဘာသာ ကျွန်တော် သိပါတယ်။ ဒါကြောင့် တခြားလူတွေကို အသိမပေးရသေးဘဲ ရတနာသိုက်ကိစ္စနဲ့ပတ်သက်၍ လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော် ဆရာ့ကို အားကိုး



www.burmeseclassic.com

www.burmeseclassic.com



တကြီးနဲ့ အသိပေးခဲ့ချင်ပါတယ်။ အဲဒါကတော့ ကျွန်တော့်အဖေ ဂျပန်ချွေးတပ်သားကြီး မကွယ်လွန်ခင်က ပြောခဲ့တဲ့ စကားတစ်ခွန်းပါ''

''ဆရာ . . . ဟိုနေ့ကပြောခဲ့တဲ့ ရတနာသိုက်နဲ့ ပတ်သက်လို့ လျှို့ဝှက်ချက်တစ်ခုဆိုတာ အဲဒါလည်း ဖြစ်ရင်ဖြစ်နိုင်ပါလိမ့်မယ်။ အထောက်အကူတစ်ခုအနေနဲ့ ဆရာသိပြီး စဉ်းစားတတ်ရင်တော့ တစ်စုံတစ်ရာ အကျိုးထူးမယ်ထင်လို့ ကျွန်တော် ပြောရခြင်းဖြစ်ပါတယ်''

''ဦးလေးဦးအောင်မြတ် . . . မောနေပါ့မယ်။ ဖြည်းဖြည်းပြောပါ''

ကျွန်တော့်အခြေအနေကို ကျွန်တော်သိတယ် ဆရာ။ တကယ်လို့ ကျွန်တော် ဒီရောဂါနဲ့ ကွယ်လွန်သွားခဲ့ရင် ကျွန်တော့်နောက်ကျန်ခဲ့တဲ့ မိသားစုကို ကူညီပံ့ပိုးပေးပါ ဆရာ။ ကျွန်တော်နေတဲ့ ရွာက ဆရာ့တပည့်မှဆိုးအောင်သန်းနဲ့ တင်သောင်းတို့နေတဲ့ ဆရာစံအလဲတောင်ခြေက လှည်းလမ်းကူးဆိုတဲ့ ရွာကလေးမှာပါပဲ''

''ဟုတ်ကဲ့ . . . ကျွန်တော် ကတိပေးပါတယ်။ ဒီရတနာသိုက်ကို ဖော်ထုတ်နိုင်ရင်လည်း ကျွန်တော်က မျှမျှတတနဲ့ သက်ဆိုင်သူတွေအားလုံးကို အကျိုးရှိအောင် ညီတူညီမျှ ခွဲဝေပေးမှာပါ။ ဒါကြောင့် ဦးလေးသိထားတဲ့ လျှို့ဝှက်ကိစ္စမှန်သမျှ မချွင်းမချန် ပြောပြပါ။ ကျွန်တော် ကြိုးစားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပါ့မယ်''

''ဒီလိုပါ ဆရာ။ ကျွန်တော့်အဖေနဲ့ ချွေးတပ်သား (၄)ဦးတို့ ဂျပန်တွေတူးခိုင်းတဲ့ ကျင်းတွေကို တူးပြီးနောက်မှာ ဂျပန်တွေက နှုတ်ပိတ်ပြီးသတ်ပစ်တော့မယ်ဆိုတာကို သိကြပါတယ်။ ကျွန်တော့်အဖေက ဘွန်ဟိုက်ချိုလို့ခေါ်တဲ့ ချွေးတပ်သား တပ်ခွဲမှူးခေါင်းဆောင်ပါ။ ကျန်တဲ့ ချွေးတပ်သားတွေကလည်း ဘွန်ချိုလို့ခေါ်တဲ့ တပ်စိပ်မှူးခေါင်းဆောင်တွေပါ။ အဲဒါနဲ့ ကျွန်တော့်အဖေလည်း ကျန်လေးဦးကို စည်းရုံးပြီး ထွက်ပြေးကြရာမှ ဂျပန်တွေသိသွားလို့ သေနတ်တွေနဲ့ လိုက်လံပစ်ခတ်ပြီး သတ်ဖြတ်ခဲ့ပါတယ်။

အဲဒီမှာ တစ်ယောက်ကျသွားပြီး ကျန်တဲ့ ကျွန်တော့်အဖေ အပါအဝင် ချွေးတပ်သားလေးဦးလည်း ခြေဦးတည့်ရာပြေးရင်း လူစုကွဲသွားပါ





တယ်။ အဲဒါ အဖေက အခြားချွေးတပ်သားတွေကို လွတ်ရာကျွတ်ရာ ဝေးဝေးကို မပြေးဘဲ လုံခြုံရာမှာ ပုန်းအောင်းနေတယ်။ ဘာကြောင့်လဲဆိုတော့ နိုးမတောနက်ကြီးအတွင်းမှာ ညနေမှောင်စပြုပြီဖြစ်လို့ တောထဲတောင်ထဲ လမ်းမသိဘဲ ပြေးလွှားနေရင်လည်း တောကောင်ကြီးတွေ အစာဖြစ်မှာစိုးလို့ လုံခြုံရာမှာ ပုန်းအောင်းနေရတာပါ။ အဲဒါနဲ့ အတော်မှောင်လာတော့ အဖေက ပုန်းအောင်းနေရာမှာ ဗိုက်အလွန်ဆာပြီး ရေလည်း အလွန်ငတ်လာတယ်။ ဒါကြောင့် ပုန်းအောင်းရာက ထွက်ပြီး ဂျပန်တွေ ယာယီစခန်းချတဲ့ နေရာဘက်ကို ကြည့်မိတော့ ဂျပန်တွေဟာ တဲကြီးတစ်တဲမှာ စုဝေးပြီး အောင်ပွဲခံနေကြတာကို တွေ့ရတယ်။

ဂျပန်စစ်ဗိုလ်ကတော့ အစွန်တဲမှာနေပြီး ဂျပန်စစ်သားတွေက သီးသန့်တဲကြီးမှာ နေကြတာဖြစ်တယ်။ ဒါကြောင့် အဖေက ဂျပန်စစ်ဗိုလ်နေတဲ့ ယာယီအစွန်တဲကို အရဲစွန့်ပြီး ချဉ်းကပ်ခဲ့တယ်။ အဖေ့ဆန္ဒကတော့ သောက်ရေနဲ့ စားစရာလေးများ ရလိုရငြားပေါ့။ အဲဒါနဲ့ တဲထဲကိုကြည့်တော့ ဂျပန်စစ်ဗိုလ်ကြီး မရှိဘူး။ သူလည်း အောင်ပွဲခံရင်း ဂျပန်စစ်သားတွေနေတဲ့ တဲကြီးဘက်ကို ရောက်နေဟန်တူပါရဲ့။

အဲဒါနဲ့ အဖေလည်း တဲကြီးထဲကို ဝင်သွားတော့ တဲကြီးထဲက ဝါးစားပွဲပေါ်မှာ ပုံဆွဲထားတဲ့ ရတနာမြေပုံနဲ့အတူ သစ်သီးတစ်လုံးပုံကို ရေးဆွဲထားတာကို တွေ့ရတယ်။ အဲဒီအသီးက ရှည်ရှည်အလုံးပုံစံ အသီးပေါ်မှာ အစက်ကလေး ငါးစက်ကို ရေးထိုးထားတယ်။ အဖေတို့ ကျင်းတူးခဲ့ရတဲ့ နေရာတွေလို့ ထင်ရတဲ့နေရာတွေမှာလည်း ငုတ်တိုင်ကလေးတွေ ငါးခုကို တစ်နေရာနဲ့တစ်နေရာ ခပ်လှမ်းလှမ်းကလေး ဆွဲထားတယ်။ ဒါကြောင့် အဖေက ရတနာမြေပုံဆိုတာ သိခဲ့ခြင်းဖြစ်တယ်။ ဒါပေမဲ့ မြေပုံအောက်မှာ ရေးဆွဲထားတဲ့ အသီးကလွဲပြီး ရတနာတွေ မြှုပ်နှံထားတဲ့နေရာကိုတော့ မသိရပါဘူး''

''အဲဒါနဲ့ အဖေ အဲဒီစခန်းက ပြန်လွတ်လာပြီး ငှက်ဖျားရောဂါနဲ့ သေကောင်ပေါင်းလဲ ဖြစ်နေချိန်မှာ ကျွန်တော့်ကို ရတနာမြေပုံနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ မှတ်မိသမျှ အမှတ်အသားနဲ့ နေရာတွေကို ပြောပြခဲ့တဲ့အပြင် သူနဲ့ အတူပါဝင်ခဲ့တဲ့ ရွှေးတပ်သားတွေလည်း နာမည်နဲ့ နေရပ်လိပ်စာတွေပါ ပြောပြခဲ့တယ်။ သစ္စာရှိရှိနဲ့ တစ်ဦးကိုတစ်ဦး သစ္စာမဖောက်ဘဲ ညီတူညီမျှ တိုင်ပင်ပြီး ခွဲဝေယူကြဖို့လည်း သတိပေးသွားပါတယ်''

''ဒါပေမဲ့ အဖေကိုယ်တိုင် တကယ်တမ်း ရတနာမြှုပ်နှံတဲ့ ရတနာကျင်း အမှတ်အသားကို မသိရှိခဲ့ပါဘူး။ ကျင်းငါးကျင်းအနက် တစ်ကျင်းကျင်း ဖြစ်မယ်ဆိုတာတော့ သူ ပြောပါတယ်။ ရတနာတွေကို သူတို့က ကိုယ်တိုင် ကိုယ်ကျ မြှုပ်ပေးရတာမဟုတ်ဘဲ သူတို့ကို မယုံလို့ ပစ်သတ်ပြီး ဂျပန်စစ်သား တွေကိုယ်တိုင်ကိုပဲ မြှုပ်နှံခိုင်းတာဖြစ်သတဲ့။ ဒါကြောင့် လျှို့ဝှက်ချက်အနေနဲ့ အစက်ငါးစက် ရေးဆွဲထားတဲ့ အသီးဟာ သော့ချက်ပဲလို့ထင်တယ်။

ဒါကြောင့် အဖေက သေခါနီးဆဲဆဲမှာ ငါးပေါက်သီးကို သတိထားလို့ အသေအချာ မှာကြားသွားပါတယ်။ ဒါကြောင့် ဆရာထောင်မှူး လည်း ပညာတတ်ဆိုတော့ ကျွန်တော်တို့ မကြံစည် မရှာဖွေနိုင်တဲ့ကိစ္စ ဖြစ်တဲ့ ငါးပေါက်သီးဆိုတာကို ရှာဖွေလေ့လာပြီး လျှို့ဝှက်ချက်ကို ဖော်ထုတ် ပေးပါဆရာ။ အားကိုးစရာ ဆရာထောင်မှူးပဲ ရှိပါတယ်။ နောက်ပြီးတော့ ဆရာကကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ။ ဒါကြောင့် ဘယ်သူ့ကိုမှ မပြောဘူး တဲ့ ဒီလျှို့ဝှက်ချက်ကို ဆရာ့ကိုသာ ပြောပြပြီး အကူအညီတောင်းရခြင်း ဖြစ်ပါတယ်။ ဆက်လုပ်ပါ ... ဆရာ၊ ကျွန်တော် မောနေပါပြီ။ အနားယူ ပါရစေ''

''ကောင်းပါပြီ ... ဦးလေးအောင်မြတ် ကျွန်တော် ကတိပေးပါ တယ်။ သက်သက်သာသာ အနားယူပါ။ ဦးလေး ဒီရောဂါက ပျောက်ကင်း ချမ်းသာဖို့လည်း ကျွန်တော် မေတ္တာပို့ပြီး ဆုတောင်းနေပါ့မယ်''

''ကျေးဇူးတင်ပါတယ် ဆရာ''

ကျွန်တော် လူနာဦးအောင်မြတ်နှင့် စကားပြောပြီး အပြင်သို့ထွက် လာသောအခါ ဆရာဝန်ကြီးနှင့် ဆေးမှူးကိုသိန်းဆန်းတို့က သိလာသော အမူအရာနှင့် စောင့်မျှော်နေကြသည်။





''ဆရာထောင်မှူး ... လူနာဦးအောင်မြတ်က ဆရာနဲ့ အရေး တကြီး စကားပြောချင်တယ်ဆိုလို့ ကျွန်တော်တို့က ခေါ်ပေးရတာပါ''

''ဟုတ်ပါတယ် ... ဆရာတို့ ရတနာမြေပုံကိစ္စပါပဲ။ ဆရာတို့ရဲ့ အဖေတွေနဲ့လည်း သက်ဆိုင်ကြောင်း ကျွန်တော့်ကို ဦးဆောင်ပြီး ရတနာ သိုက်ကို ဖော်ထုတ်ဖို့ အားကိုးတကြီး မှာတာပါ။ ကျွန်တော်လည်း ဒီရတနာ သိုက်နဲ့ပတ်သက်လို့ သက်ဆိုင်တဲ့သူတွေကိုလည်း သိရပါပြီ။ ဒါပေမဲ့ ဆရာ တို့ရေ ဒီဂျပန်ရတနာသိုက်က လျှို့ဝှက်ချက်တွေ အများကြီးရှိပါတယ်။ မသိ နားမလည်ဘဲ လောဘတကြီးနဲ့ မလေ့လာဘဲ တူးဖော်ရင်တော့ ဂျပန်တွေ မြှုပ်နှံထားခဲ့တဲ့ ဒိုင်းနမိုက်တွေ ပေါက်ကွဲပြီး တူးဖော်သူတွေအတွက် အသက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် အခြားမဆိုင်တဲ့သူတွေ မသိရှိရအောင် ဆရာတို့လည်း နှုတ်လုံကြပါ။ လျှို့ဝှက်ပြီး ထိန်းသိမ်းကြပါ။

အခု ဦးအောင်မြတ် မှာကြားတာကတော့ သူ့အဖေ ဂျပန်စစ်ဗိုလ် ရဲ့ တဲအတွင်းမှာ တွေ့ခဲ့ရတဲ့ ရတနာမြေပုံနဲ့အတူ အသီးတစ်လုံးပုံစံပဲ။ အဲဒီ အသီးပေါ်မှာလည်း အစက်ကလေး ငါးစက်ပါတယ်။ ဒါကြောင့် သူ့အဖေက သူ့အမြင်နဲ့ ငါးပေါက်သီးလို့ နာမည်ပေးပြီး အဲဒီအသီးကို လေ့လာပြီး သတိ ထားဖို့ မှာသွားတယ်လို့ ပြောပါတယ် ... ဆရာဝန်ကြီး''

''ဦးသိန်းဝင်းရေ ... အဲဒီအသီးက မြန်မာပြည်မှာ ရှိလို့လားဗျ။ ဦးအောင်မြတ်အဖေပြောတဲ့ ငါးပေါက်သီးဆိုတာ ကျွန်တော်တော့ တစ်ခါမှ မကြားဖူးပါဘူး။ ဂျပန်စစ်ဗိုလ်က ဆွဲထားတဲ့ပုံဆိုတော့ ဂျပန်ပြည်မှာရှိတဲ့ အသီးပဲဖြစ်လိမ့်မယ် ထင်ပါတယ်။ အသီးနာမည်ကလည်း တခြားဖြစ်လိမ့် မယ်ထင်တယ်''

''အသီးနာမည်က ဂျပန်လို အခြားနာမည်လည်း ဖြစ်ချင်ဖြစ်နိုင် ပါတယ်။ ဒါပေမဲ့ အဲဒီ ဂျပန်ရတနာသိုက်အနားက ပျဉ်းမပင်ကြီးကို ထွင်း ပြီး ဂျပန်စာနဲ့ ရေးထားတာကတော့ 'ဂေါ်ခုချို ဂင်ဂို' လို့ ရေးထားတော့ မြန်မာအဓိပ္ပါယ်နဲ့ဆိုရင် တွင်းငါးပေါက် ရတနာသိုက်လို့ ရေးထားတာပါ။ ကျွန်တော်က နိုင်ငံခြားဘာသာသိပ္ပံက ဂျပန်ဘာသာသာအဓိကနဲ့ ဒီပလိုမာ



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တာမို့ ဂျပန်စာကို တတ်ကျွမ်းပါတယ်။ ဒါကြောင့် ဦးအောင်မြတ်ရဲ့ အဖေ မကွယ်လွန်မီက ပြောသွားခဲ့တဲ့ ငါးပေါက်သီးကို သတိထားလို့ သတိပေးသွားတာဟာ ဂျပန်စာတွေ ရေးသွားတဲ့ 'ဂေါ်ခုချိုင်ဂိုး' ခေါ်တဲ့ ရတနာသိုက်နာမည်နဲ့ ဆင်တူနေတာမို့ ဒီငါးပေါက်သီးဆိုတာဟာ ဒီဂျပန်ရတနာသိုက်ရဲ့ အဓိက ဆက်စပ်ပတ်သက်နေလိမ့်မယ်လို့ ကျွန်တော်တော့ ထင်ပါတယ်။

ကျွန်တော် စဉ်းစားလေ့လာ ကြည့်မိသလောက်တော့ အသီးပေါ်က အစက်ငါးစက်ထဲက အခုဟာ ရတနာသိုက်ရဲ့ သော့ချက်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီအစက်တစ်စက်ထဲက လျှို့ဝှက်တစ်နေရာဟာ အဓိက ရတနာတွေ မြှုပ်နှံထားတဲ့ကျင်းဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဒီအစက် ငါးစက်ပါတဲ့ ငါးပေါက်သီးဆိုတာဟာ တကယ်ရှိပြီး ဘယ်လိုနေရာမျိုးမှာ ပေါက်တတ်တဲ့ အသီးလဲဆိုတာ အရင်ဆုံး အဘိဓာန်ကျမ်းတွေမှာ ရှာဖွေရမယ်လို့ ကျွန်တော်တော့ ထင်တယ်"

"ဒါကြောင့် ကျွန်တော် ရန်ကုန်ကို သွားရမယ်။ စာကြည့်တိုက်ကြီးတွေမှာ ငါးပေါက်သီးနဲ့ ပတ်သက်လို့ သက်သေခံအကြောင်းအရာ အချက်အလက်ကို ရှာဖွေရမယ်"

ဆေးမှူးသိန်းဆန်းက ...

"လုပ်ပါ ... ဆရာရယ်။ လိုအပ်ရင် ကျွန်တော်တို့ကို ခိုင်းပါ။ လေ့လာဖို့အတွက် ကုန်ကျစရိတ်တွေရှိရင်လည်း ကျွန်တော်တို့ မျှခံကြတာပေါ့"

"ကောင်းပါပြီဗျာ ... ဒီကိစ္စက အဘောတလျှင် ဆောင်ရွက်လို့မရဘူး။ စဉ်းစဉ်းစားစားနဲ့ အချိန်ယူပြီး လေ့လာဆန်းစစ်ပြီး ဆောင်ရွက်ရမှာပါ။ ဆရာတို့ လုပ်ရမှာကတော့ တခြားသူတွေကို မပေါက်ကြားစေဘဲ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ပဲ အရေးကြီးပါတယ်"

သို့နှင့် ထိုညက ကျွန်တော် တဲစခန်းသို့ ပြန်လာပြီး အပြန်ပြန်အလှန်လှန် စဉ်းစားပါတယ်။ ဤကိစ္စနှင့် ပတ်သက်၍လည်း တပည့်များထံ





မှ အကြံဉာဏ်ကောင်း၍လည်း ရမည်မထင်ပါ။ တပည့်မှူးဆိုများကတော့ တောသူတောင်သား သားသမီးများပီပီ ကျွန်တော်ခိုင်းသလို တူးဆိုတူး လုပ်ဆိုလုပ် ခိုင်းသမျှကိုသာ လုပ်ကြမည့်သူများ ဖြစ်ပါသည်။ အသက်အန္တရာယ်ရှိသော လုပ်ငန်းဖြစ်ခြင်းကြောင့် ကျွန်တော်ကလည်း မသေချာမရေရာဘဲ တပည့်များအား မခိုင်းရက်ပါ။

ထို့ကြောင့် တွေးခေါ်စဉ်းစား ရှာဖွေပြီး သေချာမှသာ တူးဖော်မည်ဟု ဆုံးဖြတ်ထားပါသည်။ ထိုညက ကျွန်တော် တဲအတွင်း ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် စဉ်းစားတွေးခေါ်ရင်း အိပ်ပျော်သွားခဲ့ရာ မည်မျှအချိန်ကြာသွားသည်မသိ တပည့်များကနှိုးတော့ ည (၁၁)နာရီခန့် ရှိပါပြီ။ ဤကဲ့သို့ ငှက်ဖျားရောဂါဖြစ်နိုင်ချေ အများဆုံးရှိသော နေရာမျိုးတွင် ခြင်ထောင်အတွင်း (သို့မဟုတ်) အကာအကွယ်မရှိသော နေရာမျိုးတွင် ကျွန်တော် အမှုမဲ့အမှတ်မဲ့ နေလေ့မရှိပါ။ တပည့်များက မီးပုံကလေး ဖိုထားသော်လည်း ခြင်အကိုက်ခံရမည်မှာ မလွဲပါ။

ထို့ကြောင့် ခြေလက်ဆေးပြီး ဘုရားဝတ်ပြု၍ ခြင်ထောင်အတွင်း အိပ်ယာဝင်တော့ ညဥ့်သန်းခေါင် (၁၂) နာရီခန့် ရှိပါသည်။ မကြာမတင် အိပ်ပျော်ခြင်းသို့ ရောက်ပါသည်။ အတွေးမြင်မပြတ် စိတ်စွဲလမ်းသောကြောင့်လည်း ရတနာသိုက်ကိစ္စက ကျွန်တော်၏ အိပ်မက်ထဲထိ ဝင်ရောက်နေရာယူခဲ့ပါသည်။

နောက်နေ့မနက် အိပ်ရာက နိုးတော့လည်း ခေါင်းမကြည်လင်ပါ။ ခန္ဓာကိုယ်ကလည်း နွေးနေသလိုပါ။ ညက အကာအကွယ်မဲ့ အပြင်တွင် အိပ်ပျော်သွားမိသောကြောင့် ခြင်ကိုက်ခံရပြီး ငှက်ဖျားဝင်ဟန် တူပါသည်။ ကျွန်တော်က ငှက်ဖျားရောဂါ ကာကွယ်ဆေးကို မှန်မှန်သောက်သောကြောင့် ငှက်ဖျားဝင်လျှင်လည်း မစိုးရိမ်ရပါ။ သို့သော် ငှက်ဖျားရောဂါအချိန်ကြောင့် (၁)ရက်၊ (၂)ရက်တော့ ကိုယ်အပူကြီးပြီး ဖျားဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုနေ့က အစာကြေလွယ်စေရန် ဆန်ပြုတ်သောက်၊ ငှက်ဖျားကာကွယ်ဆေးသောက်ပြီး စောင်ခြုံ၍ ကွေးနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်အရေးကျကာမှ ဖျားနာရခြင်းအတွက်တော့ စိတ်ထဲတွင် မကျေမနပ်ဖြစ်မိပါသည်။ သို့သော် ကျွန်တော်လုပ်ရမည့်အလုပ်မှာ စဉ်းစဉ်းစားစားဖြင့် အချိန်ယူ၍လုပ်ရမည့် အလုပ်ဖြစ်ပါသည်။ (၂)ရက်၊ (၃)ရက်ခန့် ကျွန်တော် နားနေရသည်။ ဆရာဝန်ကြီးနှင့် ဆေးမှူးတို့ကလည်း ကျွန်တော့်အား ဂရုတစိုက်ပြုစုကြပါသည်။

ငှက်ဖျားရောဂါ၏ သဘောမှာ ရောဂါဝင်သည်နှင့် ချက်ချင်းပင် အစားအသောက်ပျက်ပြီး ချမ်းလိုက်ပူလိုက်နှင့် နှစ်ရက်သုံးရက် အဖျားဒဏ်ကို အလူးအလိမ့် ခံစားရတတ်ပါသည်။ ထိုအချိန်မျိုးတွင် ဆန်ပြုတ်ဖြစ်စေ၊ ကြက်သားစွပ်ပြုတ်လို အာဟာရဖြစ်စေတတ်သော အသားပြုတ်ရည် တစ်မျိုးမျိုးကိုဖြစ်စေ သောက်သုံးနိုင်ပါက ချွေးထွက်ပြီး အဖျားကျပြီး ကုသဆေးကို လိုအပ်သလို မှီဝဲနိုင်ပါက နှစ်ရက်သုံးရက်အကြာတွင် ချွေးထွက်ပြီး ပျောက်ကင်းတတ်ပါသည်။

ရောဂါပျောက်ကင်းလျှင်လည်း အာဟာရဖြစ်စေသော အစားအစာများကို စားသုံးရန်လည်း လိုအပ်ပါသည်။ အကယ်၍ ငှက်ဖျားရောဂါဖြစ်သည့် လူနာက ကာကွယ်ဆေးကို အပတ်စဉ် ပုံမှန်မသောက်ဘဲ ငှက်ဖျားရောဂါဖြစ်လာပါမှ ကုသဆေးကို အသုံးပြုသည်ဆိုပါလျှင် ဆေးကမဦးဘဲ ရောဂါက ဦးသွားပါက ဦးနှောက်အတွင်းသို့ ငှက်ဖျားပိုးရောက်ရှိပြီး ရူးလျှင်ရူး၊ မရူးလျှင်လည်း သေဆုံးနိုင်ပါသည်။

ဤရောဂါမျိုးမှာ တောတောင်များဖြင့် ပတ်သက်သူ လူတိုင်းအတွက် ဖြစ်နိုင်သော ရောဂါဆိုးကြီးဖြစ်ပါသည်။ ကုသရန် နည်းလမ်းများကတော့ အင်္ဂလိပ်ဆေး၊ မြန်မာဆေး၊ ကုသပုံ၊ ကုသနည်းမျိုးစုံ ရှိပါသည်။ ကြိုတင်ကာကွယ်ဆေး မသောက်သုံးသူများအတွက်တော့ ငှက်ဖျားရောဂါဝင်လာလျှင် အသက်အန္တရာယ်ကို လွန်စွာ စိုးရိမ်ရပါသည်။ ကာကွယ်ဆေးသောက်သုံးသူလည်း တောတွင်း၌ နေထိုင်ပါက ရောဂါမဖြစ်ဟု မဆိုလိုပါ။ ငှက်ဖျားရောဂါ ဖြစ်နိုင်ချေရှိပါသည်။ သို့သော် အသက်အန္တရာယ်ကိုတော့ မစိုးရိမ်ရပါ။





ကျွန်တော် နှစ်ရက်၊ သုံးရက်ခန့်ကြာတော့ နေကောင်းသွားပါသည်။ သို့သော် အားကပြတ်နေသေးသောကြောင့် ဆေးမှူးနဲ့ ဆရာဝန်ကြီးတို့က အားဆေးများ ထိုးပေးသည်။ တပည့်များကလည်း ငါးဆန်ပြုတ်နှင့် တောကြက်သားစွပ်ပြုတ်တို့ကို တိုက်ကျွေးပါသည်။ လေးငါးရက်ခန့်ကြာမှ ကျွန်တော် ပုံမှန်ပြန်ဖြစ်သည်။ ထို့ကြောင့် အနားယူရန် အကြောင်းပြချက်ဖြင့် စခန်းတာဝန်ခံ ထောင်မှူးကြီးထံ ခွင့်တောင်းပြီး ရန်ကုန်သို့ ပြန်ခဲ့ပါသည်။

ရန်ကုန်အိမ်၌လည်း တကယ်တမ်းတော့ အနားယူနိုင်ခြင်း မရှိပါ။ ကျွန်တော်၏ ခေါင်းထဲ၌ အဓိကနေရာယူထားသော ငါးပေါက်သီးဟူသော အသီးတစ်မျိုး၏ အကြောင်းအရာကို သိချင်နေသောကြောင့် အမြန်ဆုံး ရှာဖွေလေ့လာရန် ကိစ္စကိုသာ စိတ်ထဲ၌ စွဲထင်နေမိပါသည်။ ထို့ကြောင့် အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းအတွင်း ဖွင့်လှစ်ထားသော အကျဉ်းထောင်စာကြည့်တိုက်သို့ သွားခဲ့ပြီး အဘိဓာန်စာအုပ်ကြီးများအား လှန်လှောကြည့်မိပါသည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (င)အက္ခရာအတွဲတွင် ငါးပေါက်သီးဟူသော ခေါင်းစဉ်ဖြင့် ရှာဖွေကြည့်ရှုမိရာ စာတိုင်တွင် ငါးပေါက်သီးဟူသည်မှာ အခွံမာသီးတစ်မျိုးဖြစ်ပြီး အသီးခွံပေါ်၌ အစက်ကလေးငါးစက်ပါရှိကြောင်း၊ အတွင်းသားကို ချဉ်ရည်ဟင်းချက်၍ စားနိုင်ပြီး သီဟိုဠ်စေ့ အရသာလိုဖြစ်ကြောင်းနှင့် ပေါက်ရောက်ရာဒေသမှာ ဂျပန်ပြည် ဟိုကိုင်းဒိုးကျွန်းနှင့် ဟွန်ရှူး၊ ရှီကိုကု ကျွန်းများအနီးတွင် ပေါက်ရောက်တတ်ကြောင်း၊ သမအအေးပိုင်း ဒေသများတွင်လည်း ပေါက်ရောက်တတ်သော အပင်ကြီးမျိုးဖြစ်ကြောင်း၊ မြန်မာပြည်၌လည်း ကချင်ပြည်နယ်ဘက်၌ ပေါက်ရောက်ကြောင်း ဖော်ပြထားသော်လည်း အသီး၏ဓာတ်ပုံ မပါပါ။ အကြောင်းအရာ ဖော်ပြချက်မှာ အတိုကလေးသာဖြစ်ပါသည်။ သို့နှင့် ကျွန်တော် ငါးပေါက်သီးနှင့် ပတ်သက်မည့် အချက်အလက်ကလေးများကို မြင်တွေ့မည်ဟု ရသည့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများနှင့် စာတိုကျမ်းများအား အတော်နှံ့စပ်အောင် ရှာဖွေကြည့်ခဲ့သော်လည်း ထူးထူးခြားခြား မတွေ့ရှိခဲ့ရပါ။

ထို့ကြောင့် နောက်နေ့များတွင် မြို့တော်ခန်းမတွင် ဖွင့်လှစ်ထားသည့် အမျိုးသားစာကြည့်တိုက်များနှင့် တပ်မတော် စာကြည့်တိုက်များသို့ လှည့်လည်ကြည့်ရှု အဘိဓာန်ပေါင်းစုံ၊ စွယ်စုံကျမ်းမျိုးစုံတို့အား လက်လှမ်းမီသမျှ လေ့လာကြည့်ရှုရာမှ ထိုခေတ်အချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ထုတ်ဝေသည့် မြန်မာပြည်မြောက်ပိုင်း တာလောကြီးရွာနှင့် ဆင်ဘိုဟူသော ဧရာဝတီမြစ်ကမ်းဘေး ရွာကြီးနှစ်ရွာအကြားတွင်ရှိသည့် ငါးပေါက်တောင်ဟူသော နေရာတွင် တွေ့ရှိနိုင်ကြောင်း ဖတ်ရှုကြည့်ရှုရပါသည်။ အသီးအရွယ်အစားနှင့် ပုံစံအပင်သဏ္ဌာန်တို့အား ရေးသားဖော်ပြထားသော်လည်း အခွံမာပေါ်တွင်ရှိသည့် အပေါက်ကလေးငါးစက်အနက် မည်သည့်အပေါက်၏ အောက်ခြေတွင် အစေ့အဆန်တည်ရှိကြောင်း ဖော်ပြထားခြင်း မရှိပါ။

ထို့ကြောင့် ကိုယ်တိုင်သွား၍ ငါးပေါက်သီးအား ရှာဖွေပြီး ကိုယ်တိုင်စနစ်တကျ ခွဲစိတ်ကြည့်ရှုပါမှသာလျှင် အသေအချာ သိရှိနိုင်မည်ဖြစ်ပါသည်။ အသီးပေါ်ရှိ အပေါက်ကလေး ငါးပေါက်အနက် မည်သည့်အပေါက်၏ အောက်ခြေတည့်တည့်တွင် အစေ့အဆန် တည်ရှိနေသည်ကို အသေအချာ သိရှိပါမှသာလျှင် ရတနာသိုက် တူးဖော်ရာတွင် အန္တရာယ်ကင်းပြီး ဘေးရှင်းမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်မြောက်ပိုင်းသို့ ခရီးထွက်ရမည်ဖြစ်ရာ ကျွန်တော့်တွင် စိတ်ချရသော အဖော်ခေါ်သွားပါသည်။

ထို့ကြောင့် ရန်ကုန်တွင် နှစ်ညအိပ်၊ သုံးရက်ခန့်နေပြီး တောစခန်းသို့ ပြန်ခဲ့ပါတော့သည်။ စခန်းရောက်မှသာ တပည့်များ၊ အဖွဲ့ဝင်များနှင့် တိုင်ပင်ပြီး ခရီးထွက်ပြီး ငါးပေါက်သီးအား ရှာဖွေရမည်ဖြစ်ပါသည်။ စခန်းသို့ ရောက်သောအခါ၌လည်း ထူးခြားချက် မရှိပါ။ ကျွန်တော် ဦးဆောင်၍ လုပ်ရှားမှသာလျှင် လုပ်ငန်းက အောင်မြင်ပြီးစီးမည့် သဘောရှိပါသည်။ လျှို့ဝှက်သော အတွင်းရေးကိစ္စရှိသောကြောင့် တပည့်လူယုံများမှ လွဲပြီး တခြားလူများကိုလည်း ကျွန်တော် မသုံးချင်ပါ။ သို့သော် ကျွန်တော့်တပည့်





လူယုံနှစ်ဦးမှာ အကျဉ်းကျခံနေရသည့် ရဲဘက်တပည့်မှုဆိုးများ ဖြစ်ကြရာ ရက်ရှည် ခရီးဝေးထွက်ရန်အတွက် ကျွန်တော့်တွင် တပည့်များအား ခေါ်ဆောင်သွားရန် အကြပ်ရက်နေပါသည်။

ထိုစဉ်အချိန်၌ပင် စခန်းသက်(၆)လပြည့်ပြီးသော ရဲဘက်ကြီးများအား ခွင့်ရက်ပေးရန် အကျဉ်းဦးစီးဌာန ရုံးချုပ်မှ အကြောင်းကြားစာရောက်ရှိလာပါတော့သည်။ ထို့ကြောင့် ကျွန်တော်နှင့်အတူ စခန်းဆောက်ကြသော ရဲဘက်ဟောင်းကြီးများမှာ အကျုံးဝင်ပါသည်။ အခြားရဲဘက်သစ်များကတော့ ခွင့်မရနိုင်သေးဘဲ ရဲဘက်ဟောင်းကြီးများ၏ နေထိုင်ရာလိပ်စာအတိုင်း ခွင့်ငါးရက်မှ ခွင့်(၇)ရက်အထိ ခရီးအနီးအဝေးအလိုက် ခွင့်ပေးခြင်းဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေထိုင်ကြသော ရဲဘက်ကြီးများဖြင့် ခွင့် (၅)ရက် ခံစားခွင့်ဖြစ်သည်။ သာယာဝတီမြို့နယ်တွင်နေထိုင်သော ကျွန်တော့်တပည့် မုဆိုးနှစ်ဦးအတွက်တော့ ခွင့်နှစ်ရက်ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ ရက်ရှည် ခရီးသွားရမည်ဖြစ်သောကြောင့် ကျွန်တော့်အတွက်လည်း ခွင့်ယူရန် လိုအပ်လာပါသည်။

တစ်ခု ကံကောင်းသည်ကတော့ ကျွန်တော် ဤစခန်းသို့ ထွက်လာကတည်းက ခွင့်ရက်ရှည်ယူခြင်း မရှိခဲ့ပါ။ ရန်ကုန်သို့ ရုံးပိတ်ရက်တွင် ခေတ္တခဏ ပြန်ခြင်းကတော့ နားလည်မှုဖြင့် စခန်းတာဝန်ခံထံ ခွင့်တောင်းပြီး ပြန်ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ဖခင်နေမကောင်းဟု အကြောင်းပြပြီး ခွင့်ရက် တစ်ပတ်တင်လိုက်ပါသည်။ စခန်းတာဝန်ခံ ထောင်မှူးကြီးကလည်း စခန်းစဆောက်ကတည်းက ကျွန်တော် အပင်ပန်းခံ၍ ဆောက်လုပ်ခဲ့ခြင်း သိရှိသောကြောင့် ထောက်ခံပေးပါသည်။ ထို့ကြောင့် ကျွန်တော် တပည့်ရဲဘက်နှစ်ဦး ခွင့်ရက်ရှည်ရသဖြင့် မင်းကုန်းကွပ်ကဲမှု စခန်းသို့ တင်ပြပြီး ခရီးရက်ရှည် ထွက်ခဲ့ကြပါတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

□

ရတနာ့သိုက် တူးဖော်ရေးအဖွဲ့ဝင် ဆေးမှူးကိုသိန်းဆန်းနဲ့ ဆရာဝန်ကြီးတို့ကလည်း ကျွန်တော်တို့ လမ်းခရီးတွင် အသုံးပြုရန်အတွက် ခရီးစရိတ်နှင့် အသုံးအဆောင်များ ပိုင်းဝန်းထောက်ပံ့ကြပါသည်။ အချိန်ကန့်သတ်ချက်ရှိသောကြောင့် ကျွန်တော်တို့ ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့် လိုက်ခဲ့ကြပါသည်။ မန္တလေးမြို့သို့ရောက်သောအခါ၌လည်း ကြံ့ရာရထားဖြင့်လည်း မြစ်ကြီးနားမြို့သို့ လိုက်ခဲ့ကြပါသည်။

မြစ်ကြီးနားမြို့သို့ ရောက်မှသာလျှင် မြစ်ကြီးနားဆောင်၊ ညွှန့်ဂေဟာတွင် ညအိပ်တည်းခိုပြီး မြစ်ကြီးနား ဆင်တိုနှစ်ထပ်သင်္ဘောကြီးလက်မှတ်ကို ဝယ်ရသည်။ သင်္ဘောကြီးမှာ နောက်တစ်နေ့ မနက် (၇)နာရီအချိန်တွင် ထွက်မည်ဖြစ်သည်။ ထို့ကြောင့် မြစ်ကြီးနားဆောင်မှ အရာရှိများက အကျဉ်းထောင်သုံးကားကြီးဖြင့် လိုက်ပို့ပေးသောကြောင့် နောက်တစ်နေ့မနက် (၇)နာရီ အမီ ဆိပ်ကမ်းသို့ ဆင်းနိုင်ပါသည်။

မြစ်ကြီးနား ရာသီဥတုမှာ ဆောင်းနှောင်းရာသီဖြစ်သော်လည်း အလွန်အေးချမ်းပါသည်။ ဧရာဝတီမြစ်ကြီးအတွင်း နှင်းမှုန်များက ဝေ့ဝဲပြီး လေဓာတ်ဖြင့်ရောကာ မြစ်အတွင်း ဝေ့ဝဲနေသည်။ အဝေးသို့ လှမ်းမမြင်ရပါ။ သို့သော် သင်္ဘောကြီးကတော့ သူ၏ နေ့စဉ် ပုံမှန်ခရီးစဉ်အတိုင်း





မနက် (၇)နာရီတိတိအချိန်တွင် စတင်ထွက်ခွာပါသည်။ တစ်ဖက်ကမ်းရှိ ဝိုင်းမော်မြို့သို့ ခေတ္တဝင်ပြီး ခရီးသည်နှင့် ကုန်များကို တင်ဆောင်ပါသည်။ ကျွန်တော်တို့က အပေါ်ထပ် သင်္ဘောကြီး၏ ညာဘက်ဘေးတွင် နေရာရပါသည်။ သင်္ဘောကြီးမှာ နှစ်ထပ်သင်္ဘောအိုကြီး ဖြစ်သော်လည်း ကျယ်ဝန်းပါသည်။ သို့သော် သင်္ဘောစီးခရီးသည်ထက် ကုန်ပစ္စည်းများကို သယ်ဆောင်ရသည်က ပို၍များပါသည်။

ဝိုင်းမော်သို့ ဆိုက်ရောက်ချိန်တွင် ခရီးသည်များ တက်လာသည့်အနက် ကျွန်တော်တို့အနားလို့ လာရောက်ထိုင်သည့် ခရီးသည်က ရှမ်းလူမျိုး အသက် (၅၀)ခန့် ဦးကြီး တစ်ဦးဖြစ်ပါသည်။ ထိုဦးကြီးက ကျွန်တော်တို့အနားတွင် ထိုင်သည်နှင့် မိတ်ဆွေဖွဲ့သော သဘောဖြင့် သူ့တွင်ပါလာသည့် ဝါးတောင့်ရေနွေးအိုးကိုဖွင့်ပြီး ဝါးခွက်ကလေးများဖြင့်ထည့်ကာ သူတို့အပေါ်ခေါ်းရည်ဟုခေါ်သည့် လက်ဖက်ခြောက်ခပ်ထားသည့် ရေနွေးကြမ်းကျကျကို ကျွန်တော်တို့ကို တိုက်ပါသည်။ လွန်စွာကောင်းမွန်သည့် လက်ဖက်ခြောက်ဖြစ်သောကြောင့် ဖန်ခါးရည်မှာ လွန်စွာသောက်၍ အရသာရှိပါသည်။ လက်ဖက်ခြောက်ရနံ့နှင့် ဝါးခွက်ကလေးများ၏ ဝါးမွှေးအနံ့ကြောင့် လက်ဖက်ရည်အခါးမှာ သင်းပျံ့မွှေးကြိုင်နေပါသည်။

"လူကလေးတို့က ဘယ်ဘက်ကို သွားကြမှာလဲ"

"ကျွန်တော်တို့က သင်္ဘောခရီးလမ်းအဆုံး ဆင်ဘိုရွာကြီးအထိပဲ ဆိုပါတော့ . . . ဦးကြီးရယ်"

"ဩော် . . . ရွှေရှာမဲ့ အဖွဲ့တွေထင်ပါရဲ့။ ကျုပ်တို့ရွာက ပထမမြစ်ကျဉ်းနဲ့နီးတော့ ရွှေကျင်တဲ့အဖွဲ့တွေ လာကြတယ်ကွယ့်"

"ဦးကြီးတို့ရွာကလည်း ဆင်ဘိုရွာကြီးပဲလား"

"ဟုတ်ပါ့ကွယ် . . . ဦးကြီးက ဆင်ဘိုရွာ မွေးဇာတိပါ။ အဲဒီမှာပဲ နေတယ်။ ဒါပေမဲ့ ဦးကြီးက ငယ်စဉ်ကတော့ ရွှေရှာခဲ့ပေမယ့် အခု အသက်ရလာတော့ ပင်ပန်းတဲ့ ရွှေရှာတဲ့အလုပ်ကို မလုပ်တော့ဘဲ စိုက်ပျိုးရေးပဲ လုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဦးတို့က ဆင်ဘိုရွာ ကမ်းနားပိုင်းမှာနေပြီး တောင်ခြေမှာတော့ ရာသီပေါ်စိုက်ခင်းနဲ့ နှစ်ရှည်စိုက်ခင်းတွေ လုပ်ပါတယ်။ အခုလည်း အဲဒီခြံထွက် ပစ္စည်းတွေကို ပိုင်းမော်မြို့မှာ လာရောင်းတာ။ အဲဒီကမှ အိမ်သုံးလိုအပ်တဲ့ ပစ္စည်းတွေဝယ်ပြီး အပြန်ခရီးပေါ့ကွယ်။ ဦးက တစ်ပတ်တစ်ခါ ဒီခရီးကို သွားနေကြပဲ''

''ကျွန်တော်တို့က ရှေ့ရှာမယ့် အဖွဲ့တွေ မဟုတ်ပါဘူး ခင်ဗျာ။ ဒေသန္တရဗဟုသုတအတွက် အားရက်ကလေးရတုန်း ဦးတို့ဘက်ကို မရောက်ဖူးလို့ လေ့လာရေးခရီး ထွက်ခဲ့ကြတာပါ''

''ဩော် ... မောင်ရင်လေးတို့က လေ့လာရေးသမားတွေကိုး။ ဝန်ထမ်းတွေ ထင်ပါရဲ့။ ဦးတို့ဘက်မှာ ဘာတွေများ လေ့လာချင်လို့တုံး ကွယ့်''

''ဒီလိုပါ... ဦးကြီး ကျွန်တော်တို့က ဦးကြီးတို့ဘက်က ငါးပေါက်သီးဆိုတာကို အသေအချာကြည့်ပြီး လေ့လာချင်လို့ပါ''

''လူကလေးတို့ရဲ့ ငါးပေါက်သီးများ ဘာထူးဆန်းလို့လဲ။ အထဲက အသားကို ချဉ်ရည်ဟင်းချက်စားရတယ်။ ချည်ပြုံးပြုံးနဲ့။ အဲ ... အထဲက အဆန်ကတော့ အတော်စိမ့်သကွယ့်။ တို့များဆီက ကလေး၊ လူကြီးတွေကတော့ ငါးပေါက်သီးပေါ်ချိန်ကျရင် အလုအယက် သွားရောက်ခူးကြတယ်။ သွားညှော်တ အနေနဲ့ အဆန်ကိုလှော်ပြီး စားကြသကွယ့်။ ဈေးထဲမှာလည်း ရောင်းကြပါတယ်။ ဒါပေမဲ့ အခုအချိန်က ဆောင်းနှောင်းရာသီဖြစ်လို့ ငါးပေါက်သီး တုံးပြီကွယ့်။ ငါးပေါက်တောင်ကို သွားရင်တော့ အပင်တွေပေါ်မှာ လက်ကျန် အသီးလေးများတော့ ရှိကောင်းရှိနိုင်ပါသေးတယ်''

''ဦးကြီး ... အဲဒီ ငါးပေါက်သီးတွေ သီးတဲ့တောင် ဘယ်နားမှာ ရှိတာလဲ''

''ဟောဒီ သဘော်ကြီးစီးပြီးသွားရင် ခရီးစဉ်အဆုံးနားမှာ တာလောကြီးကျေးရွာလို့ ခေါ်တဲ့ ရွာကြီးတစ်ရွာရှိတယ်။ တာလောကြီးကျေးရွာက





ဦးတို့နေတဲ့ ဆင်ဘိုဆိုတဲ့ ရွာကြီးရောက်ပြီး၊ အဲဒါဟာ သဘော်ခရီးစဉ် အဆုံးပဲ။ ငါးပေါက်သီးတောင်ဆိုတာက အဲဒီရွာကြီးနှစ်ရွာကြား ဒီကနေသွားရင် ညာဘက်ကမ်းမှာရှိတယ်။ တောင်တစ်တောင်လုံး ငါးပေါက်သီးအပင်တွေနဲ့ ဖုံးနေတာ''

''ဦးကြီး ... ငါးပေါက်သီးပင်ဆိုတာက ဘယ်လိုပုံစံမျိုးလဲ''

''အေးကွယ့် ... ပြောရရင်တော့ ငါးပေါက်သီးဟာ အပင်ကြီးမျိုးပဲကွယ့်။ မင်းတို့ မအူပင်ဆိုတာကို သိလား''

''ဟုတ်ကဲ့ ... သိပါတယ် ဦးကြီး။ မအူပင်ဆိုတာက ထိန်ပင်လို့လည်း ခေါ်တယ်မဟုတ်လား။ အရွက်ဖားဖားနဲ့ အဝါရောင်ဘောလုံးလို အပွင့်တွေပွင့်လို့ ကလေးတွေ ဘောလုံးပန်းပင်လို့လည်း ခေါ်ကြတယ် မဟုတ်လား''

''ဟုတ်ပါ့ဗျာ ... ငါးပေါက်သီးပင်က အဲဒီအပင်နဲ့ အလွန်ဆင်တူတယ်။ အရွက်ဖားဖားချင်း တူပေမယ့် အပွင့်နဲ့ အသီးကတော့ မတူပါဘူး။ နောက်ပြီးတော့ မအူပင်က မိုးရာသီမှာ အဖူးပွင့်ပြီး သီးတယ်။ ငါးပေါက်သီးပင်ကတော့ ဆောင်းဦးပေါက်မှာ စသီးပြီး ဆောင်းကုန်တာနဲ့ တုံးတော့တာပဲ''

''ဒါနဲ့ ဦးကြီး ငါးပေါက်သီးက အတွင်းမှာ အစေ့အဆန် ဘယ်နှစ်ခု ပါသလဲ''

''အဲ ... သူက အထဲမှာ အစေ့တစ်ဆန်ပဲပါတယ်။ ငါးပေါက်သီး ဆိုပေမယ့် အဆန် (၅)ခုမပါဘူး''

''ဦးကြီး အဲဒီအဆန် (၁)ခုထဲက ငါးပေါက်သီးအပေါ်ခွံမှာပါတဲ့ ချိုင့်ကလေး (၅)ပေါက်အနက် ဘယ်အချိုင့်နဲ့တွဲပြီး အထဲက အစေ့အဆန်ကလေးက ပါတာလဲ''

''အဲဗျာ ... အဲဒါမှ ဒုက္ခပဲ။ ကျုပ်တို့လည်း ငယ်စဉ်ကတည်းက ငါးပေါက်သီးအစေ့ကို စားလာခဲ့ကြတာ။ ဘယ်အချိုင့်နဲ့ အစေ့ ဆက်စပ်နေတယ်လဲဆိုတာ သတိမထားမိပါဘူးကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ... ဦးကြီးရယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က အခွံပေါ်မှာပါတဲ့ ဘယ်အချိုင့်နဲ့ အတွင်းက အစေ့အဆန်ကလေးက ဆက်စပ်နေသလဲဆိုတာ သိချင်တာပါ"

"အေး ... အဲဒါဆိုရင်တော့ ငါ့တူတို့ ဦးကြီးအိမ်မှာပဲ ညအိပ်နားနေကြပြီး ငါးပေါက်တောင်ကို သွားကြည့်ကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ ... ဦးကြီး ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်တို့မှာ ငါးပေါက်သီးကို လေ့လာချင်လို့ လာခဲ့ကြတာ။ ဘယ်မှာရှိမှန်း သိတာမဟုတ်ဘူး။ နောက်ပြီး ဒီလမ်းခရီးမှာလည်း အသိအကျွမ်းက မရှိတော့ဖြစ်သလိုပဲ တည်းခိုနေထိုင်စားသောက်ကြရမှာ။ အခုတော့ ဦးကြီးက ဖိတ်ခေါ်တာမို့ အလွန်ပဲ အဆင်ပြေသွားပါပြီ။ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား"

"ရပါတယ်ကွယ် ... ဦးကြီးတို့အိမ်က ကျယ်ပါတယ်။ သားအမိသားအဖ (၃)ယောက်ထဲရှိတာမို့ လူလည်းနည်းပါတယ်။ ငါ့တူတို့ကိစ္စ မပြီးမချင်း ကြိုက်သလို တည်းခိုနားနေလို့ ရပါတယ်။ နောက်ပြီး ဦးကြီးတို့ဒေသက အစားအသောက် အသီးအနှံ၊ သားငါး အလွန်ပေါသကွယ်"

သို့နှင့် တစ်နေ့ကုန် ရေလမ်းခရီးပေါ် စုန်ဆင်းလာခဲ့ကြရာ တာလောကြီးရွာကြီးကိုလွန်တော့ လက်ယာဘက် ကမ်းတွင်ရှိသည့် ငါးပေါက်သီးတောင်ကို ဦးကြီးက ညွှန်ပြပါသည်။ ငါးပေါက်သီးတောင်မှာ ဧရာဝတီမြစ်ကမ်း အနီးတွင်ရှိသော ကုန်းမြင့်ကြီးတစ်ခုပေါ်၌ အပင်ကြီးများ စိမ်းစိုပြီး စုဝေးပေါက်ရောက်နေကြသည့် နေရာတစ်ခု ဖြစ်ပါသည်။ မကြာမတင်၌ပင် တာလောကြီးရွာကိုကျော်ပြီး ဆင်ဘိုရွာကြီးသို့ ရောက်ပါသည်။

သင်္ဘောကြီးခရီးစဉ်က ဆုံးပြီဖြစ်ပါသည်။ သင်္ဘောကြီးမှာ ဆင်ဘိုရွာကြီး၌ ညအိပ်ရပ်နားပြီး နောက်တစ်နေ့ မနက် (၇)နာရီအချိန်တွင် အဆန်ခရီးကို ပြန်လည်ခုတ်မောင်းထွက်ခွာမည် ဖြစ်ပါသည်။ ခရီးစဉ်ဆုံးပြီဖြစ်သောကြောင့် ခရီးသည်များအားလုံး ဆင်းကြသည်။ ဆင်ဘိုရွာ ဆိပ်ကမ်း





မှာ အတော်မတ်စောက်သည်။ ထူးခြားချက်မှာ ကြီးမားသော ရေသဖန်းပင်ကြီးက ကမ်းစပ်တွင်မိုး၍ ပေါက်ရောက်နေခြင်းဖြစ်ပါသည်။ ဦးကြီး ဦးဆောင်၍ ကျွန်တော်တို့အဖွဲ့ ကမ်းပါးပေါ်သို့ တက်ခဲ့ကြသည်။

ဦးကြီးသယ်လာသည့် ပစ္စည်းထည့်လာသော ဝါးခြင်းအလွတ်များကိုလည်း ကျွန်တော့်တပည့်များက ထမ်းပိုးသယ်ယူခဲ့ကြသည်။ ဆင်ဘိုရွာဆိပ်ကမ်း ကမ်းပါးပေါ်ရောက်တော့ ကမ်းစပ်တွင် ဆိုင်ကလေးများ အစီအရီခင်းကျင်းထားသည်ကို တွေ့ရသည်။ ကျေးရွာထွက် အသီးအနှံများ၊ သားငါးများကို ရောင်းချသော ဆိုင်ကလေးများအပြင် သင်္ဘောခရီးစဉ် အဆုံးဖြစ်သောကြောင့် ထမင်းဆိုင်နှင့် စားသောက်ဆိုင်ကလေးများလည်း ရှိပါသည်။ ခရီးသွားလာသူများဖြင့်လည်း အတော်စည်ကားပါသည်။

ဆင်ဘိုရွာကြီးမှာ ရဲစခန်း၊ စာသင်ကျောင်း၊ သစ်တောဌာန စသည်တို့ဖြင့် တောမြို့လေးတစ်မြို့အလား အတော်သပ်ရပ်ပြီး မြေလမ်းကျယ်ကြီးများ ရှိသောကြောင့် စနစ်လည်း အလွန်ကျပါသည်။

ဦးကြီးဦးဆောင်မှုဖြင့် ၎င်း၏အိမ်သို့သွားကြရာ ဦးကြီးတို့အိမ်မှာ ဆင်ဘိုရွာ မြစ်ကမ်းနဖူးတွင်ရှိပြီး ခြံပိုင်းကြီးအလယ်တွင်ရှိသော နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အိမ်ကြီးထဲမှ အဒေါ်ကြီးတို့နှင့် သမီးဖြစ်ဟန်တူသော အမျိုးကလေးတစ်ဦးက ထွက်၍ ကြိုကြသည်။

"ငါ့ဧည့်သည်တွေ ... ပါတယ်ဟေ့။ ညစာ ကောင်းကောင်းချက်ကြ။ ဧည့်သည်တွေက ဒီမှာပဲ ညအိပ်ကြမယ်။ အိပ်ရာ၊ အိပ်ခင်းလည်း ပြင်ဆင်ထားကြ"

"ဪ ... ဟုတ်ကဲ့ပါ အဖေ"

ထို့ကြောင့် အိမ်အောက်ထပ် ဧည့်ခန်းရှိ ကွပ်ပျစ်များပေါ်တွင် ကျွန်တော်တို့ ပစ္စည်းများထားကြပြီး ခင်းကျင်းထားသော အညာစားပွဲပုံခုံတန်းရှည်ကြီးများပေါ်၌ ထိုင်၍ အနားယူနေကြစဉ် အပျိုမလေးက လက်ဖက်စုံသုပ်နှင့် အသီးအနှံများ အခါးရည်တို့ကို လာရောက်ချထားပြီး ဧည့်ခံကျွေးမွေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ခေတ္တနား၍ စားသောက်ကြသည်။ ဦးကြီး ဦးဆောင်၍ ရောဝတီမြစ်တွင်းသို့ဆင်းပြီး ရေချိုးကြပါသည်။ ရာသီဥတုမှာ အတန်ငယ် အေးသော်လည်း ခရီးပန်းလာသောကြောင့် ရေချိုးကြရသည်မှာ အလွန်ကောင်းပါသည်။ ရေချိုးပြီးသောအခါ ကမ်းပေါ်သို့ ပြန်တက်စဉ် ဦးကြီးက ...

"ဒီကနေ အောက်ကိုစုန်ဆင်းရင် ရှေ့ သုံးမိုင်လောက်မှာ ရောဝတီရဲ့ ပထမမြစ်ကျဉ်းရှိတယ်။ ရှုရှာသူတွေအတွက် အဓိကစခန်းကြီးပေါ့။ လူကလေးတို့ အချိန်ရလို့ အားတဲ့နေ့ကျရင် ဦးကြီးလိုက်ပို့ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... ဦးကြီး"

ထိုညက ဦးကြီးတို့အိမ်တွင် ညစာစားကြရာ အသီးအနှံဟင်းများ အပြင် ငါးအမျိုးမျိုးဟင်းများနှင့် ငါးဖန်ဝိုင်းခေါ် ဝင်းဝါနေသော အဆီရွှဲရွဲ ငါးဖန်းမကြီးများအား ကင်ထားသည်မှာ လက်ဖဝါးခန့်ရှိပြီး လွန်စွာမှ စား၍ကောင်းပါသည်။ စားသောက်ပြီးနောက် အဖန်ဝိုင်းဖွဲ့ကြပြီး ညအိပ်ရာဝင်သောအခါ၌လည်း ရောဝတီမြစ်ကမ်းဘေး တိုက်ခတ်လာသော လေနုအေးကလေးများကြောင့် လွန်စွာ အိပ်၍ အလွန်ကောင်းလှပါသည်။

နောက်တစ်နေ့မနက်၌ မနက်စာစာအဖြစ် တည်းခိုအိမ်မှ စီစဉ်ပေးသော ရှမ်းထမင်းချဉ်နှင့် အခါးရည်တို့ကို စားသောက်ကြပြီး ဦးကြီး ငှားရမ်း၍ စီစဉ်ပေးသော စက်လှေကလေးဖြင့် ဆန်တက်ကြပြီး ငါးပေါက်သီးတောင်ဘက် တက်ခဲ့ကြပါသည်။

အဆန်ခရီးဖြစ်၍ ရေစီးသန်လှသော်လည်း၊ စက်လှေဆရာ၏ ရေကြောင်းနားလည် ကျွမ်းကျင်မှုကြောင့် ရေစီးသန်သော မြစ်လယ်ကောင် တစ်လျှောက်ရှိ မြစ်ကမ်းစပ် ရေစီးပျော့ရာနေရာမှ ခရီးနှင်ကြသောကြောင့် အဆင်ပြေပါသည်။ ငါးပေါက်ကြီးတောင်ခြေအရောက်တွင် တစ်ဖက်ကမ်းရှိ ရေလယ်ကို ဖြတ်၍ကူးစဉ်မှာတော့ ရေဝဲလွတ်အောင် အတော်သတိထား၍ ဖြတ်ကူးကြရပါသည်။





တောင်ခြေကိုရောက်တော့ တောင်ခုံပေါ်တွင် စက်လှေကို ဆိုက်ထားပြီး ဦးကြီး ဦးဆောင်ရာ ငါးပေါက်တောင်ပေါ်သို့ တက်ခဲ့ကြပါသည်။ တောင်တက်လမ်းမှာ လူအများသွားလာထားသဖြင့် ဖုန်၍နေပါသည်။ တောင်ကုန်းအမြင့်က ပေ(၁၀၀)ကျော်ခန့် မြင့်ပါသည်။ တောင်ကုန်းမှာအပေါ်တွင် အတော်အတန် ကျယ်ပြန့်သည်။ အခြားအပင်များ မရှိပါ။ ဦးကြီးပြောသလိုပဲ မအူပင်နှင့်တူသည့် အရွက်ဖားဖားအပင်ကြီးများ၊ စုဝေးပေါက်ရောက်နေခြင်းသာ ဖြစ်သည့် ငါးပေါက်သီးပင်ကြီးများ ဖြစ်ပါသည်။ အပင်များပေါ်၌ ငါးပေါက်သီးများကို မတွေ့ရှိရပါ။

ထို့ကြောင့် ကျွန်တော်၏တပည့် သစ်ပင်တက်ကျွမ်းကျင်သော မျောက်တင်သောင်းက အသီးရှိမည်ဟု ထင်ရသော အပင်ကြီးများပေါ်သို့ တက်ရောက်၍ ရှာဖွေရာ ရွက်ပုန်းသီးအဖြစ် ငါးပေါက်သီး ငါးလုံးခန့် ရရှိပါသည်။ ကျွန်တော်တို့အတွက် ဖူလုံပြီဖြစ်သောကြောင့် ပြန်ဆင်းခဲ့ကြပါတော့သည်။ ဒုတိယညအဖြစ် ဦးကြီးတို့အိမ်တွင် ညအိပ်တည်းခိုပြီး ညစာစားကြတော့လည်း အိမ်ရှင်များက ဖွယ်ဖွယ်ရာရာ စုံလင်စွာဖြင့် ဟင်းမျိုးစုံကို ချက်ပြုတ်ကျွေးမွေးကြပါသည်။ လွန်စွာမှ ညွှိဝတ်ကျေပွန်သော မိသားစုများဖြစ်ကြပါသည်။ ထိုညကလည်း ဦးကြီးတို့အိမ်တွင် ကောင်းမွန်စွာ စားသောက်ရပြီး ကောင်းစွာ အိပ်ပျော်ခဲ့ပါသည်။

နောက်တစ်နေ့ မနက်တွင် မနက်စာစာ စားသောက်ကြပြီး ကျွန်တော်တို့အဖွဲ့ မြစ်ကြီးနားသို့ ပြန်ရန်အတွက် သဘော်ဆိပ်သို့ဆင်းရန် ပြင်ဆင်နေကြစဉ် ကျွန်တော်မှ ကျေးဇူးတင်သဖြင့် ဦးကြီးအား ထမင်းစရိတ်နှင့် တည်းခိုခအတွက် အခြားလက်ဆောင်ပစ္စည်းလည်း ပါမလာသောကြောင့် ငွေကြေးဖြင့် ကန်တော့ရာ ဦးကြီးက အတန်တန် ငြင်းဆန်ပါသည်။ နောင်အခါတွင်လည်း အချိန်မရွေး သူ့အိမ်တွင် လာရောက်တည်းခိုနိုင်ပါကြောင်း ဖိတ်မန္တကပြုပါသည်။

သဘော်ဆိပ်သို့ ရောက်သောအခါ ယမန်နေ့က ဆိုက်ကပ်ရပ်နားထားသော သဘော်ကြီး ပြန်လည်ထွက်ခွာခြင်းဖြစ်ပါသည်။ ခရီးအစဖြစ်

www.burmeseclassic.com



သောကြောင့် ဆင်ဘိုရွာမှ ခရီးသည်များနှင့် ပစ္စည်းများသာ ပါရှိပါသည်။ လမ်းတွင်ရှိသည့် တာလောကြီးရွာနှင့် အခြားရွာများမှ ခရီးသည်များ လိုက်ပါကြဦးမည် ဖြစ်သောကြောင့် အဆန်ခရီးမှာလည်း အစုန်ခရီးလိုပင် ခရီးသည်များ ပြည့်ကျပ်သွားဦးမည် ဖြစ်ပါသည်။

မြစ်ကြီးနားမှ ဆင်ဘိုရွာခရီးလမ်းမှာ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးကြရခြင်းဖြစ်ပါသည်။ မနက်ထွက်လာသော သင်္ဘောကြီးမှာ အဆန်ခရီးဖြစ်သောကြောင့် မြစ်ကြီးနားဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် ညမှောင်ရီပျိုးပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဆရာတပည့်အဖွဲ့ မြစ်ကြီးနားထောင် ဧည့်ဂေဟာတွင် တစ်ညတာ နားခိုကြပြီး နောက်တစ်နေ့မနက်တွင် မြစ်ကြီးနား မန္တလေး အစုန်ရထားဖြင့် ပြန်ဆင်းရန်အတွက် ပြင်ဆင်ကြရပါတော့သည်။

ခွင့်ရက်မှာ (၁)ပတ်သာရသောကြောင့် ကျွန်တော်တို့အဖွဲ့ မြစ်ကြီးနားမြို့တွင် အေးဆေးစွာ အနားယူ အပန်းမဖြေနိုင်ပါ။ မြစ်ကြီးနားမြို့မှ ထောင်ပိုင်ကြီးက ရောက်တုန်းရောက်ခိုက် ကရိန်နော် အပန်းဖြေစခန်းနှင့် အလွန်သာယာလှသော ဧရာဝတီမြစ်ဆုံသို့ နောက်တစ်နေ့တွင် လိုက်ပို့မည်ဟုပြောသောကြောင့် မရောက်ဖူးသဖြင့်လည်းကောင်း၊ ရထားလက်မှတ်မှာ ချက်ချင်း မရနိုင်သောကြောင့်လည်းကောင်း၊ တစ်ရက်ထပ်၍ နေရပါသေးသည်။ နောက်တစ်နေ့မနက်တွင်မှ ရထားလက်မှတ်ရသောကြောင့် မန္တလေးမြို့သို့ ဆင်းခဲ့ကြပါတော့သည်။

❀ ❀ ❀

## အခန်း [၂]

❑

ညနေစောင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ အချိန်မရတော့သဖြင့် မန္တလေးဘူတာကြီးမှ မီးရထားရုံပိုင်ကြီးအား အကူအညီတောင်း၍ ညရထားဖြင့် ရန်ကုန်မြို့သို့ စုန်ဆင်းခဲ့ကြရာ ရန်ကုန်မြို့သို့ နောက်တစ်နေ့မနက် (၇)နာရီအချိန်ခန့်တွင် ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ ခရီးသွားနေစဉ်အတွင်း ငါးပေါက်သီး ငါးလုံးအား ကျွန်တော် ဓားထက်ထက်ဖြင့် စနစ်တကျ ခွဲကြည့်ရာ ငါးပေါက်သီး ငါးလုံးစလုံး၌ပင် အခွံပေါ်တွင်ပါရှိသည့် ချိုင့်ကလေး ငါးခုအနက် စတုတ္ထမြောက် ချိုင့်ကလေးနေရာတွင် အသီးအတွင်း၌ အစေ့အဆန်ပါရှိကြောင်း တူညီစွာ တွေ့ရှိရပါသည်။

ထို့ကြောင့် ‘ဂေါ်ခုချိုင်ဂိုး’ ဟုခေါ်တွင်သော ဂျပန်ရတနာသိုက်၏ အဓိက ရတနာများ မြှုပ်နှံထားရာနေရာမှာ အမှတ်လေးကျင်းဖြစ်ကြောင်း သေချာထင်ရှားစွာ သိရှိရပါတော့သည်။ ထို့ကြောင့် ထိုလျှို့ဝှက်ချက် မပေါက်ကြားစေရန်အတွက် အစေ့အဆန်များကို ယူ၍ အသီးများအား လမ်းခရီးတွင် စွန့်ပစ်ခဲ့ပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အိမ်၌ပင် မနားတော့ဘဲ ကျွန်တော်တို့ ဆရာတပည့် စခန်းသို့ တန်း၍ ပြန်ခဲ့ကြသည်။ ကွပ်ကဲမှုဌာနချုပ် မင်းကုန်းစခန်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းပို့၍ ထုံးစံအတိုင်းပင် သစ်တောဦးစီးဌာနမှ ဟီးနိုးကားကြီးကို ချေးဆွဲပြီး သုံးတန်ကူးစခန်းကို ပြန်ခဲ့ကြရာ ညနေစောင်းမှ စခန်းသို့ ပြန်လည်ရောက်ရှိကြပါသည်။ စခန်းအခြေအနေမှာ အေးချမ်းနေပါသည်။

ထို့ကြောင့် ဆရာဝန်ကြီးနှင့် အဖွဲ့ကအား လျှို့ဝှက်ချက်ကို သိရှိပြီဖြစ်သောကြောင့် လာမည့်တစ်ရက်အကျော် တနင်္ဂနွေ အလုပ်ပိတ်ရက်တွင် ဂျပန်ရတနာသိုက်အား တူးဖော်ကြရန် စီစဉ်ရပါတော့သည်။ ဖောင်ကြီးတွင် နေသော မဆိုးကိုစိမ်းအောင်တို့ အဖွဲ့ကိုလည်း အကြောင်းကြားရန်နှင့် လိုအပ်သော ကန်တော့ပွဲများ ဝယ်ယူရန်အတွက်လည်း ဆေးမှူးကိုသိန်းဆန်းအား တာဝန်ပေးထားပါသည်။ တူးဖော်မည့် ပစ္စည်းများအတွက်ကိုတော့ ကျွန်တော်တို့စခန်းမှာ လမ်းဖောက်လုပ်ရေး အလုပ်စခန်းဖြစ်သောကြောင့် ကျွန်တော်၏ ထောက်ပံ့ရေးဌာန ဂိုဒေါင်အတွင်း၌ အသင့်ရှိပြီး ဖြစ်ပါသည် တူးဖော်ရာ၌လည်း အခြားရဲဘက်များကို ခေါ်ရန်မလိုဘဲ ကျွန်တော်တို့အဖွဲ့ အင်အားဖြင့်ပင် တူးဖော်ကြရန်ကိုလည်း တိုင်ပင်ညှိနှိုင်းရပါသေးသည်။

ရတနာသိုက်ဖော်မည်ဆိုတော့လည်း ပါဝင်သက်ဆိုင်သူများအားလုံး လွန်စွာညီညွတ်ကြသည်။ တက်ကြွမှုလည်း ရှိကြသည်။ အချိန်ရသော စနေနေ့ ကြားရက်တွင် ကျွန်တော်နှင့် တပည့်များ၊ အမဲလည်ရင်း ရတနာသိုက်မြေနေရာကို အသေအချာ ဆန်းစစ်လေ့လာရပါသည်။ ကျွန်တော်တို့ တူးဖော်ရာတွင် အမှတ်(၄)ကျင်းမှာ တောဆိတ်ကြီးကို ပစ်ခတ်ရရှိပြီး ပထမဆုံးတွေ့ရှိရသည်မှာ အမှတ်(၄)ကျင်းပင် ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော့်အမြင်မှာ တောဆိတ်ကြီးမှာ ရတနာတွင်းကို ညွှန်ပြသည့် ရတနာတောကောင်ကြီး၊ ဖြစ်နေကြောင်း၊ နောက်ပိုင်းမှ စဉ်းစားမိပါတော့သည်။ ထိုနေ့က တောနက်ထဲကိုဝင်၍ တောမလည်တော့ဘဲ ရတနာတွင်းဖော်ထုတ်ရာတွင် လိုအပ်မည်ဟုထင်ရသော သစ်များနှင့်





ဝါးများကိုသာ ခုတ်၍ အနီးအနားတွင် စုပြုံပြီး ထားခဲ့ပါသည်။ အပြန်တွင် ကျောင်းထောက်မစ္စာဖြင့် ကညင်နှစ်ပင်စခန်းအနီးတွင် ရေသောက်ဆင်းလာကြသော တောဝက်မတစ်ကောင်နှင့် ချေတစ်ကောင်ကို ပစ်ခတ်ရရှိပါသည်။ ထို့ကြောင့် မုဆိုးများ အပြန်တွင် မျက်နှာပန်းလှပါသည်။

ညစာအတွက် တောဝက်မနှင့် ချေသားတို့အား ဝေငှပြီး ချက်ပြုတ်၍ စားရသည်မှာ အခါတိုင်းနှင့်မတူ ပိုမို၍ အရသာရှိသည်ဟု ထင်ရပါသည်။ ထိုနေ့ညနေက ဖောင်ကြီးမှ မုဆိုး ကိုစိမ်းအောင်တို့အဖွဲ့လည်း ဆေးမှူးကိုသိန်းဆန်းနှင့်အတူ စခန်းသို့ လိုက်ပါပို့ဆောင်ရင်း ပါလာကြသောကြောင့် ညနေ အရက်ဝိုင်းကလေး ဖြစ်ကြသေးသည်။ မုဆိုးကိုစိမ်းအောင်တို့မှာ ကျွန်တော့်အား လွန်စွာအားကိုးကြပြီး အဖြေသိရပြီး နောက်တစ်နေ့ မနက် (၉)နာရီတွင် စတင်တူးဖော်မည်ဟု ဆိုသောကြောင့် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။ စားသောက်ပြီးတွင် စခန်းသို့သယ်လာသော သစ်တောဌာနဟီးနိုးကားကြီးဖြင့် လမ်းကြုံပြန်ကြပါသည်။

ကျွန်တော့်အနေဖြင့် တာဝန်ယူထားရသည့် ဦးဆောင်သူပီပီ အန္တရာယ်ကင်း လုံခြုံပြီး ရတနာသိုက်တူးဖော်ရာ၌ အောင်မြင်အထမြောက်စေရန်အတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပြီး တပည့်များအား အသေးစိတ်မှာကြားရပါတော့သည်။ ထိုညက လုပ်ငန်းတာဝန်များကို စိတ်ထဲ၌ စီစဉ်ရေးဆွဲပြီး အနှောင့်အယှက် မရှိစေရန်အတွက် လည်းကောင်း၊ လုံခြုံရေးကိစ္စများအတွက်လည်းကောင်း စီစဉ်စဉ်းစားပြီး အတော်ညဉ့်နက်မှာ အိပ်ရာဝင်ခဲ့ရပါတော့သည်။

နောက်တစ်နေ့မနက် (၇)နာရီကျော်ကတည်းက ကျွန်တော်တို့ဆရာတပည့်များ အသင့်ဖြစ်နေပါပြီ။ မနက်စောစော စားသောက်ကြပြီး လက်နက်ကိရိယာများအား မျောက်တင်သောင်းနှင့် ဆေးမှူးကိုသိန်းဆန်းတို့အား သယ်ဆောင်စေပြီး ရတနာသိုက်တူးဖော်မည့်နေရာသို့ အရင်စေလွှတ်ရသည်။ မနက် (၈) နာရီခန့်မှာ ကျွန်တော်နှင့် ဆရာဝန်ကြီး နောက်တန်းဆေးရုံမှ ကျန်းမာ၍ ပြန်ဆင်းလာသော ဗိုလ်ကြီးဦးအောင်မြတ်တို့က အုပ်စုလိုက် စခန်း



www.burmeseclassic.com

www.burmeseclassic.com



မှ မထွက်ကြဘဲ အဖွဲ့ခွဲ၍ ထွက်ခဲ့ကြပါသည်။ ကျွန်တော်ကတော့ အလုပ်ပိတ်ရက်တွင် တောလည်တတ်သည့်အတိုင်း ရိုင်ဖယ်သေနတ်ကြီးထမ်း၍ မုဆိုးအောင်သန်းကိုခေါ်ကာ တောတွင်းသို့ ဝင်ခဲ့ကြပါသည်။

ရှိုးမတောင်ခြေ ရတနာသိုက်အနီးသို့ မနက် (၈)နာရီခွဲခန့် ကျွန်တော်တို့ ရောက်ကြတော့ အဖွဲ့ဝင်များ စုံလင်နေကြပါသည်။ မုဆိုးကိုစိမ်းအောင်တို့အဖွဲ့လည်း လှည်းတစ်စီးဖြင့် ငှက်ပျောပွဲ၊ အုန်းပွဲများတင်ကာ ရောက်ရှိနေကြပါသည်။ ထို့အပြင် သူတို့အဖွဲ့က ယမန်နေ့က ဆတ်ကြီးတစ်ကောင်ကို ရရှိထားသည်ဟုဆိုကာ ရတနာသိုက်တူးမည့် နေရာအနီးတွင် နေ့လယ်စာထမင်းစားရန်အတွက် ပြင်ဆင်ချက်ပြုတ်နေကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့များ စုဝေးကာ ရတနာသိုက်တူးမည့်သူများ၏ ထုံးတမ်းစဉ်လာအတိုင်း တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဆိုင်ရာပိုင်ရာများအတွက် ကန်တော့ပွဲ (၃) ပွဲ စီစဉ်ကြသည်။ ပြီးနောက် ကျွန်တော်ကပင် ဦးဆောင်ကာ တွင်းတူးမည့်အဖွဲ့များအား လက်နက်ကိုယ်စီဖြင့် ခေါ်ဆောင်ကာ အမှတ်(၄)ကျင်းအနီးတွင် နေရာချထားပေးပါသည်။

ကျွန်တော်တို့ သတ်မှတ်ထားသည့်အချိန် မင်္ဂလာအချိန် မနက် (၉)နာရီတိတိတွင် ကျွန်တော့်တပည့် မုဆိုးအောင်သန်းအား အမှတ်(၄)ကျင်း အင်္ဂတေငုတ်အား စတင်၍ တူးစေပါသည်။ အမှတ်(၄)ကျင်း ငုတ်တိုင်အင်္ဂတေအုပ်ထားသည့် တိုင်အရင်းအား တူရွင်းဖြင့် ဖော်လိုက်သောအခါ အပေါက်ကြီးဖြစ်သွားသည်။ အတွင်း၌ ကျင်းအခေါင်းကြီးရှိနေပြီး အပေါ်မှ (၄)ပေပတ်လည်ခန့် ကျယ်ပြန့်သော သင်ပုန်းကျောက်ချပ်ပြားကြီး ဖုံးအုပ်ထားသည်ကို သိရှိရပါသည်။ အတွင်းရှိ တွင်းကြီးမှာ မှောင်မဲနေပါသည်။

ထို့ကြောင့် (၄)ပေပတ်လည်ခန့်ရှိသော သင်ပုန်းကျောက်ပြားကြီး၏ အနားများအား စုပေါင်း၍ ဖော်ကြပြီးနောက်မှ ထိုကျောက်ပြားချပ်ကြီးကို တွင်းဝမှ ဖယ်ရှားရန်အတွက် ကျွန်တော်တို့ဆရာတပည့် ယမန်နေ့ကခုတ်ထားသော မျောတိုင်များဖြင့် အပေါက်အား ကန့်လန့်ပြီး အဖုံးကျောက်ပြားကြီးအား ကွာဟစေရန် မ,တင်ရပါသည်။ အဖုံးကျောက်ပြားကြီးမှာ (၄)ပေ





ပတ်လည်ခန့်သာ ရှိသော်လည်း ကျောက်သားစစ်စစ်ဖြစ်သောကြောင့် အတော်လေးလံပါသည်။ သို့သော် လူအင်အားတောင့်၍ လက်နက်ပစ္စည်းစုံလင်သောကြောင့် မကြာမြင့်မီ အချိန်မှာပင် အံလွဲ၍ ရွေ့သွားသည်။

ထို့ကြောင့် ထိုအဖုံးကျောက်ပြားကြီးအား သံတူရွင်းများဖြင့် တဖြည်းဖြည်းကလော်ပြီး ဘေးသို့ ရွှေ့ရသည်။ အဖုံးကျောက်ပြားကြီး နံဘေးသို့ လွတ်ကင်းစွာ ရွှေ့သွားသော်လည်း အတွင်းမှ လိုဏ်ခေါင်းမှာ မဲမှောင်နေသည်။ ထို့ကြောင့် အသင့်ဆောင်ယူလာသော ကျွန်တော်၏ ရှစ်တောင့်ထိုးအမဲလိုက်ဓာတ်မီးဖြင့် ထိုးကြည့်တော့ အတွင်း၌ ၈ ပေ ပတ်လည်ခန့် မြေတိုက်ခန်းတူးထားပြီး အနက်မှာ ၇ ပေခန့် နက်ရှိုင်းပါသည်။ အတွင်း၌ စစ်သုံးတည်ဆန်သေတ္တာကြီး ငါးလုံးအား စီ၍ထားသည်။ နံရံများ၌လည်း ဂျပန်တင်ဒီဓားများနှင့် ဂျပန်ရိုင်ဖယ်သေနတ်များကိုလည်း ထောင်၍ ထားပါသည်။ အသေအချာ မီးဖြင့်ထိုးကြည့်မှ သေတ္တာကြီးငါးလုံးအနီးတွင် မြွေများနှင့် တင်းမလက်မဲများက လှုပ်လှုပ်ရွရွနှင့် များစွာရှိနေပါသည်။

ထို့ကြောင့် ကျွန်တော် ကြိုတင်မှန်းဆထား၍ သိမြင်ထားသလို အန္တရာယ်များသောကြောင့် ရတနာကျင်းအတွင်းသို့ လူမဆင်းစေတော့ဘဲ ဓနက်ဝါးချိတ်များနှင့် သံခေါင်းတပ်ထားသော ကြိုးချိတ်များကို အသုံးပြုရန် စီစဉ်ရပါတော့သည်။ ထိုအခါမှ အဖွဲ့ဝင်များက ကျွန်တော့်အား ချီးကျူးကြပါသည်။ ကျွန်တော်လည်း ရတနာသိုက်တူးဖော်ရာတွင် လက်တွေ့အတွေ့အကြုံ ရှိခြင်းကြောင့် မဟုတ်ပါ။ ဖတ်ဖူး၊ မှတ်ဖူးသော စာရေးဆရာကြီးများ၏ ရတနာသိုက်ရှာဖွေပုံ၊ တောတွင်းစွန့်စားခန်း ဝတ္ထုများကို ဖတ်ဖူး မှတ်ဖူးခြင်းကြောင့်သာ ဤကဲ့သို့ ကြိုတင်စီစဉ်နိုင်ခြင်း ဖြစ်ပါသည်။

ပထမဆုံး သံသေတ္တာကြီးတစ်လုံးအား လက်ကိုင်ကွင်းနေရာသို့ သံချိတ်နှစ်ချောင်းကြိုးတစ်၍ ချဆွဲသော်လည်း မရပါ။ အောက်ခံမြေသားနှင့် ကပ်၍ နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အသစ်ခုတ်ထားသော ဓနက်ဝါးတစ်လုံးကိုချွန်ပြီး သေတ္တာအခြေအား နှံ့ပေးရသည်။ အားဖြင့်လည်း အလျှင်စလို မလုပ်ရဲပါ။ သံသေတ္တာကြီးများမှာ ဒုတိယကမ္ဘာစစ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



က မြှုပ်နှံခဲ့ခြင်း ဖြစ်သောကြောင့် အောက်ခံသား ဆွေးမြည့်နေသောကြောင့် ဖြစ်ပါသည်။ အရမ်းကာရော နှုတ်၍ဆွဲမည်ဆိုပါက အောက်ခံသဲသေတ္တာ အောက်ခြေ ပွင့်ထွက်သွားပြီး ရတနာပစ္စည်းများ ကျန်ခဲ့ပြီး အပေါ်သို့ဆွဲတင်ပါက သဲသေတ္တာ အခွံသာ ရရှိမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စနစ်တကျ အချိန်ယူ၍ တဖြည်းဖြည်းချင်း လုပ်ဆောင်ရပါတော့သည်။

ပထမဆုံး သေတ္တာမှာ အစပိုင်းဖြစ်၍ အတော်အချိန်ယူရပါသည်။ နောက်သေတ္တာများမှာတော့ အတွေ့အကြုံရပြီးဖြစ်၍ လျင်မြန်စွာ အပေါ်သို့ ဆွဲတင်နိုင်မည်ဖြစ်ပါသည်။ သေတ္တာများငါးလုံး အစုံအညီ အပေါ်သို့ရောက်သောအခါ တပည့်များက ကင်ဒိုဓားများနှင့် ဂျပန်ရိုင်ဖယ်သေနတ်များကိုလည်း ဆွဲ၍ ကိုင်ကြပြန်သည်။ ပစ္စည်းများအားလုံး ရရှိသောအခါ ကျွန်တော် ကျည်ဆန်သေတ္တာကြီးတစ်လုံးအား အများအရှေ့တွင် ဖွင့်ကြည့်ကြသည်။ သေတ္တာအတွင်း၌ အင်္ဂလိပ်ခေတ်သုံး ကျောက်တုံးရွှေဒင်္ဂါးပြားများ ဖြစ်ကြသည်။ တခြားသေတ္တာများအတွင်း၌လည်း ပထမသေတ္တာကဲ့သို့ပင် ပါရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် အချိန်မကုန်စေရန် သက်ဆိုင်သူများအား ဝေလိုက်ပြီး ကျွန်တော်လည်း တစ်လုံးယူပါသည်။ အားလုံးလည်း ဝမ်းသာကျေနပ်ကြပါသည်။ သက်ဆိုင်သူများသည် ကိုယ့်သက်ဆိုင်ရာ အစုနဲ့ကိုယ် ဝေမျှယူကြရန်ဖြစ်ပါသည်။ ရတနာသေတ္တာများကို ဆရာဝန်ကြီးတစ်လုံး၊ ဆေးမှူးကိုသိန်းဆန်းအား တစ်လုံး၊ မဆိုးကိုစိမ်းအောင် တစ်လုံး၊ ဗိုလ်ခေါင်း ရဲဘက်ကြီး ဦးအောင်မြတ်အား တစ်လုံး၊ ကျွန်တော်က တစ်လုံးယူကြရာ . . .

"ဆရာထောင်မှူး . . . ကျွန်တော်က အကျဉ်းကျခံနေရတဲ့ ရဲဘက်တစ်ဦးဆိုတော့ ဒီရတနာသေတ္တာကြီးကို သိမ်းဆည်းထားဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဆရာထောင်မှူး သိမ်းထားပေးပါ။ ဒါမှမဟုတ်လည်း ကျွန်တော် နေတဲ့ သာယာဝတီမြို့နယ် လှည်းလမ်းကူးရွာက အိမ်ကို ပို့ပေးစေချင်ပါတယ်။ ကျွန်တော့်အိမ်ကို တစ်ရွာသားတွေဖြစ်တဲ့ မဆိုးအောင်သန်းနှင့် တင်သောင်းတို့ သိကြပါတယ်။ ကျွန်တော့်ဝေစုထဲကပဲ မဆိုးအောင်သန်းနဲ့





တင်သောင်းတို့ကို ထိုက်သင့်သလို ဝေပေးချင်ပါသေးတယ်။ အဲဒီကိစ္စကိုတော့ ဆရာပဲ ခေါင်းဆောင်လုပ်ပြီး မျှတအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဆရာ ခွဲဝေပေးသမျှ ကျွန်တော် ကျေနပ်ပါတယ်။ ဆရာ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ဆပ်လို့မကုန်အောင် တင်ရှိနေပါတယ်။ ဒါကြောင့် ဆရာထောင်မှူးပဲ ဒီ ရတနာပစ္စည်းတွေနဲ့ ပတ်သက်လို့ စိတ်တိုင်းကျ စီစဉ်ပြီး ခွဲဝေပေးပါ။ ကျွန်တော် ကျေနပ်ပါတယ်"

"ဦးအောင်မြတ်ရေ . . . ယုံကြည်လို့ အပ်နှံတဲ့ ရတနာပစ္စည်းတွေကို ကျွန်တော်လည်း မျှတအောင် ဆောင်ရွက်ပေးမှာပါ။ ကျွန်တော်ရမယ့် ဝေစုထဲကလည်း ကျွန်တော့်တပည့်တွေကို ခွဲဝေပေးမယ်လို့ စီစဉ်ထားပါတယ်"

"အဲဒါလည်း အဲဒါပေါ့ . . . ဆရာရယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကျွန်တော့်အဖေရဲ့ အမွေရတနာသိုက်မြေပုံကို သတင်းရထားတာ ကြာပြီဖြစ်ပေမယ့် မလုပ်တတ်မကိုင်တတ်နဲ့ အချိန်တွေသာ ကုန်သွားတာ၊ ဘယ်လိုမှ အကျိုးအမြတ် မရှိခဲ့ပါဘူး။ တခြားအဖွဲ့ဝင်တွေလည်း ကျွန်တော့်လိုပဲနေမှာပါ။ ဆရာက ဦးနှောက်သုံးပြီး စဉ်းစဉ်းစားစားနဲ့ ဦးဆောင်ပြီး ဆောင်ရွက်နိုင်လို့သာ ရတနာပစ္စည်းတွေ ရရှိခဲ့တာပါ။ ဒါကြောင့် အဖွဲ့ဝင်တွေ အားလုံး ဆရာ့ကို ကျေးဇူးတင်ကြပြီး ဆရာဆုံးဖြတ်သလို နာခံကြရမှာပါ"

"ဟုတ်ကဲ့ . . . အနုကိစ္စတွေက အားလုံးပြီးဆုံးသွားပါပြီ။ ဒါကြောင့် အားလုံးပဲ ဒီရတနာပစ္စည်းတွေကို သိုသိုသိပ်သိပ်နဲ့ အများမပေါက်ကြားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါ။ ကွယ်လွန်သွားကြရှာပြီဖြစ်တဲ့ မိဘတွေလည်း သွေးနဲ့ချွေးနဲ့ ရွှန်းစားပြီး သားသမီးတွေကို အမွေပေးခဲ့တယ်လို့ပဲ သဘောထားကြပါ။ အမွေဆိုတာ ခံစားထိုက်မှ ခံစားရတဲ့ သဘောရှိပါတယ်။ ဒါကြောင့် စည်းနဲ့ကမ်းနဲ့ သုံးစွဲကြပါ။ ကိုယ့်အစုနဲ့ကိုယ် ပေးကမ်းသင့်တဲ့ သူများကိုလည်း ပေးကမ်းဝေငှကြပါ"

"ဟုတ်ကဲ့ပါ . . . ဆရာထောင်မှူး၊ ကျွန်တော်တို့အားလုံး ဆရာထောင်မှူးကို ကျေးဇူးအလွန်တင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ကျွန်တော်တို့အားလုံး မုဆိုးကိုစိမ်းအောင်တို့အဖွဲ့ စီစဉ်ချက်ပြုတ်ထားသော ဆတ်သားဟင်းနှင့် ထမင်းကို မြိန်ယှက်စွာ စားသောက်ကြပြီး အသီးသီး လမ်းခွဲ၍ ပြန်ခဲ့ကြပါတော့သည်။

ကျွန်တော် ကံကောင်းသည်ကတော့ ကျွန်တော်တို့ စခန်းပြန်ရောက်နေချိန်တွင် ကျွန်တော် အမျိုးသမီးနှင့် ညီမ၊ ဦးလေးတို့အဖွဲ့ ကားလေးတစ်စီးဖြင့် ရောက်ရှိနေကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ စခန်းအထိ အတွင်းမြေကားလမ်းပေါက်သွားပြီ ဖြစ်သောကြောင့် ကားကလေးများလည်း စခန်းသို့ လာ၍ရနေပြီဖြစ်ပါသည်။ အခြားထောင်ဝင်စာတွေ့လာကြသော ကားလေးများလည်း စခန်းသို့ ရောက်ရှိလာရာ ရဲဘက်အင်အားနဲ့ ဝန်ထမ်းအင်အား၊ (၅၀၀)ကျော်၊ (၆၀၀) ခန့်ရှိသော ကျွန်တော်တို့၏ ရဲဘက်စခန်းကြီးမှာ လွန်စွာစည်ကားပါသည်။ ပိတ်ရက်ဖြစ်သော ယနေ့လို တနင်္ဂနွေနေ့မျိုးတွင် ပို၍စည်ကားပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ရတနာသေတ္တာကြီးများအား ကားပေါ်သို့ လျို့ဝှက်စွာတင်ပေးပြီး ညှော်သည်များအား နွေလယ်စာဖြင့် ကျွေးမွေးညှော်ခံရပါသည်။ သူတို့က ညမအိပ်တော့ဘဲ နေ့ချင်းပြန် ခရီးလာကြခြင်းဖြစ်သောကြောင့် ကျွန်တော်က တပည့်များနှင့် တောတွင်းသို့ လည်ပတ်ရင်း စုဆောင်းထားသည့် သစ်ခွပန်းပင်များအား အမျိုးသမီးအား လက်ဆောင်အဖြစ် ပေးလိုက်ပါသည်။ ထို့အပြင် ရတနာပစ္စည်းများကိစ္စက ရှိသေးသောကြောင့် စခန်းတာဝန်ခံအား ခွင့်ပန်ပြီး ကျွန်တော်လည်း အမျိုးသမီးတို့ကားဖြင့် ရန်ကုန်သို့ လိုက်ခဲ့ပါသည်။

ရန်ကုန်မြို့နေအိမ်သို့ တစ်ညအိပ်အနားယူပြီး ရတနာပစ္စည်းများအား လုံခြုံအောင် ထားသိုရတော့သည်။ နောက်တစ်နေ့တွင် စခန်းသို့ပြန်ခဲ့ရာ မင်းကုန်းကွပ်ကဲမှုစခန်းသို့ အရောက်တွင် အဆောက်အအုံဆောက်လုပ်ရာ၌ စိတ်ချရသောကြောင့် ဂျပန်ခေတ်ကလို ထန်းပင်တက်လက်မှတ်ရထားသော ကျွန်တော့်အား ရွှေတန်းစခန်းသစ်တစ်ခု ဆောက်လုပ်ရန်အတွက် ပြောင်းရွှေ့မိန့်ထွက်လာကြောင်း သိရှိရပါသည်။

---

**စိတ်ကူးသစ်စာပေ**



ထို့ကြောင့် ကျွန်တော် သုံးတန်ကူးစခန်းကို ကားကြုံဖြင့် ပြန်ခဲ့ပါသည်။ စခန်းသို့ပြန်ရောက်သောအခါ စခန်းတာဝန်ခံ ထောင်မှူးကြီးအား အမိန့်စာတင်ပြပြီး ရွှေတန်းစခန်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်ရပါတော့သည်။

ဤစခန်းတွင် ကျွန်တော်ကိုင်ထားသော ထောက်ပံ့ရေးဌာနရှိ ပစ္စည်းများကိုလည်း လက်ကျန်ပစ္စည်းကောက်ယူပြီး စာရင်းဇယားများဖြင့် ညှိနှိုင်းကာ စခန်းတာဝန်ခံ ထောင်မှူးကြီးကို လွှဲပြောင်းပေးအပ်ရပါသည်။ စခန်းတာဝန်ခံထောင်မှူးကြီးနှင့် ဝန်ထမ်းများ ရဲဘက်များနှင့် ကျွန်တော်ပြောင်းရွှေ့ရခြင်းအတွက် စိတ်မကောင်းဖြစ်ကြပါသည်။

ကျွန်တော့်အမျိုးသမီး ကိုယ်တိုင်လည်း ဝေးလံလှသော ရွှေတန်းစခန်းသို့ ပြောင်းရွှေ့ရမည်ဖြစ်သောကြောင့် နောင်အခါများတွင် စခန်းသို့ လိုက်လည်ရန်မဖြစ်နိုင်တော့ပါ။ သို့သော် ဝန်ထမ်းဖြစ်သောကြောင့် အထက်အမိန့်ကို ငြင်းပယ်နိုင်စွမ်းမရှိပါ။ စေလိုရာစေ၊ မင်းခစား ကမ်းနားသစ်ပင်တွန်းပင် ရေးက ဆိုစကားပင် ရှိသည်မဟုတ်ပါလော။

ထို့ကြောင့် နောက်တစ်နေ့တွင် မင်းကုန်းစခန်းမှ စေလွှတ်ပေးသော ဟီးနိုးကားကြီးဖြင့် တစ်ပတ်စာ ရိက္ခာပစ္စည်းများနှင့် ကျွန်တော် စခန်းသစ်ဆောက်ရန်အတွက် အားကိုးရမည့် ရဲဘက်(၂၀)အား ရွေးချယ်ပြီး လက်နက်ပစ္စည်းများကိုပါ ယူဆောင်ကာ တပည့်ဝန်ထမ်းလေးဦးကိုလည်း ခေါ်ဆောင်၍ ရွှေတန်းစခန်းသို့ ထွက်ခဲ့ကြပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ စခန်းချင်း ဆက်သွယ်သွားလာနိုင်ရန်အတွက် တောတွင်းမြေလမ်းအား ဘူဒိုဇာဖြင့်ထိုး၍ လမ်းကြမ်းဖောက်လုပ်ထားရာ ကျွန်တော်တို့ စခန်းမှထွက်ပြီး မုဆိုးကိုနေတို့ မြေနီကွင်းများကိုကျော်ပြီး ညောင်နှစ်ပင်စခန်းခွဲသို့ ရောက်သည်။ ထိုမှ ဆက်လက်၍ လာကြရာ မအူပင်ဆိပ်စခန်းဟူသော ရဲဘက်စခန်းကြီးတစ်ခုသို့ ရောက်ပါသည်။

ထိုစခန်းကြီးမှာ ပဲခူးချောင်းအနီး ဆီးတောကြီးဟူသော ရွာဖြင့် မလှမ်းမကမ်း လယ်ကွင်းမြေကျယ်ကြီးအတွင်း ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ စခန်းကြီး၏အနောက်ဘက်တွင် ဖောင်းတူရွာရှိပြီး ထိုရွာအနီး၌လည်း ဆည်တည်၍ရေအားလျှပ်စစ် စက်ရုံကြီးတစ်ခု တည်ဆောက်နေကြောင်းလည်း သိရပါသည်။

မအူပင်ရဲဘက်စခန်းကြီး အုပ်ချုပ်သူ တာဝန်ခံမှာ ထောင်မှူးကြီး ဦးကျော်ထင်ဖြစ်ပါသည်။ ငင်းပုဂ္ဂိုလ်မှာ မြန်မာ့လက်ရွေးစင် ဘောလီဘောသမားကြီးဖြစ်ပါသည်။ အရပ်က (၆)ပေကျော်ပါသည်။ စိတ်မြန်လူမြန်ဖြစ်ပြီး အလွန်လည်း စိတ်ကြီးပါသည်။ ကျွန်တော်တို့ စခန်းရောက်ချိန်မှာ နေ့လယ် (၁၂)နာရီခန့် ဖြစ်သောကြောင့် ထိုစခန်း၌ပင် စခန်းတာဝန်ခံ ဦးကျော်တင်နှင့်အတူ နေ့လယ်စာစားကြရပြီး ကျွန်တော်နှင့် အတူပါလာ





သော ဝန်ထမ်းနှင့် ရဲဘက်များကိုလည်း ထိုစခန်းမှပင် နေ့လယ်စာ ကျွေးပါသည်။

"ကိုသိန်းဝင်းရေ ... ခင်ဗျားက စခန်းဆောက်တာ အလွန်ကျွမ်းတယ်ဆိုဗျ။ အမဲလိုက်မုဆိုးလုပ်တာလည်း အလွန်တော်သတဲ့"

"ဆရာ့ကို ဘယ်သူက ပြောတာလဲ။ ကျွန်တော်လည်း ဝါသနာပါလို့ တတ်သမျှ မှတ်သမျှ လုပ်တာပါ။ အဆောက်အအုံဆောက်လုပ်တဲ့ အင်ဂျင်နီယာလည်း မဟုတ်ပါဘူး"

"ခင်ဗျားက အင်ဂျင်နီယာ ဟုတ်မဟုတ်၊ မုဆိုးကျော်ဟုတ်မဟုတ်တော့ မသိပါဘူးဗျာ။ မင်းကုန်း ကွပ်ကဲမှုစခန်းက ညွှန်ကြားရေးမှူးဗိုလ်မှူးသာဒိုးနဲ့ အထူးအရာရှိ ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ လာတုန်းက ခင်ဗျားအကြောင်းတွေကို ချီးမွမ်းပြောဆိုပြီး နောက်ထပ် စခန်းသစ်ဆောက်ဖို့အတွက် ခင်ဗျားနှင့်အတူ ကျွန်တော်ပါ ကြီးကြပ်ဆောင်ရွက်ဖို့အတွက် တာဝန်ပေးသွားပါရဲ့ဗျာ"

"လူကြီးတွေ ချီးမွမ်းတာတော့ ကောင်းပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့ စခန်းသစ်တစ်ခု ဆောက်မယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ အစဦးဆုံးရောက်တဲ့ ဝန်ထမ်းရော၊ ရဲဘက်ပါ အလွန်ဒုက္ခရောက်တာ။ ပင်ပန်းဆင်းရဲသာမက ငှက်ဖျားရောဂါနဲ့ တောကောင်တွေရဲ့ ရန်ကလည်း အလွန်ကြောက်ဖို့ကောင်းတယ်။ ခု ကျွန်တော်တို့သွားရမယ့် သျှော်တုန်းချောင်းဘက်က ဒေသဟာလည်း သစ်ခင်သန်းထွန်းတို့ ကြီးစိုးတဲ့ ဗကပနယ်မြေပဲ။ ဒါကြောင့် ငှက်ဖျားရောဂါနဲ့ တောကောင်တွေရဲ့ရန်အပြင် ဗကပတွေရဲ့ရန်ကလည်း ရှိသေးတယ်။ ကျွန်တော်တို့ကို ဘယ်လို လုံခြုံရေး ပေးမှာလဲ"

"ကိုသိန်းဝင်ကလည်း သိရဲ့သားနဲ့ဗျာ။ ကျွန်တော်တို့မှာ ဝန်ထမ်းသက်နက်ကိုင်အင်အား (၁၀)လောက်နဲ့ မြေထိုးစက်ကြီးသမားတွေလည်း ပါပါတယ်။ မြေထိုးစက်ကတော့ (DS.D4) (၄)စင်းတောင်ဗျ။ ရဲဘက်အင်အားလည်း (၅၀)လောက်ပါမှာဆိုတော့ လူအင်အားတော့ တောင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားရလာရမဲ့ အစီအစဉ်ကိုလည်း ပြောပါဦး ဆရာ"

"အဟင်း . . . ခင်ဗျားက လုပ်ပြန်ပါပြီ။ ကျွန်တော်တို့ ရဲဘက်စခန်းတွေအတွက် ယာယီမော်တော်ကားလမ်းက မင်းကုန်းကနေ အခု ခင်ဗျားတို့ရောက်နေတဲ့ မအူပင်ဆိပ်စခန်းအထိပဲ လမ်းပေါက်တာ။ ဟိုးရှေ့က ပဲခူးချောင်းကိုကျော်ပြီး ရှေ့ဆက်သွားတာနဲ့ ကားလမ်းမရှိတော့ဘူး။ မုဆိုးခြေလျှင်လမ်းခရီးပဲပေါ့ကွာ။ လမ်းမရှိတော့လည်း ကားသွားလို့ မရတော့ဘူးပေါ့။ ဒါပေမဲ့ ကျွန်တော် စီစဉ်ထားပါတယ်"

"ဆရာ ဘယ်လိုစီစဉ်ထားတာလဲ"

"ဘူဒိုဇာ လေးစီးက ရှေ့က လမ်းဖောက်ပြီးသွားမယ်။ ကျွန်တော်တို့က နောက်ကနေ ဟီးနိုးကားကြီးနဲ့ လိုက်ကြရုံပဲပေါ့"

"ဆရာဦးကျော်ထင် အပြောမလွယ်နဲ့နော်။ ဘူဒိုဇာကားကြီးနဲ့ လမ်းဖောက်တယ်ဆိုရင်ဖြင့် မြေပြင်ညီလမ်းမဟုတ်ဘူး။ ကုန်းဂမူတွေ၊ လျှိုတွေ၊ မြောင်တွေက ရှေ့မှာခံနေတယ်။ အဲဒါတွေကို မြေဖို့မြေညှိပြီးမှ ကားလမ်းဆိုတာ ဖြစ်လာတာ။ အဲဒီလိုလုပ်ဖို့အတွက် ကားလမ်းပေ(၂၀) လောက်ဖောက်ရတာဟာ အချိန် (၁)နာရီလောက်တောင် ကြာနိုင်တယ်။ ကျွန်တော်တို့ ကားလမ်းအတိုင်း နောက်ကလိုက်ရတာ လမ်းမကြီးပဲ သွားလို့ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် အခု ကျွန်တော်တို့ စခန်းသစ်ဆောက်မယ့် သျှော်တုန်းချောင်းကြီးကို လမ်းခရီးမှာ ဘယ်နှရက်ကြာကြာ သွားရဦးမယ်ဆိုတာ ခန့်မှန်းလို့ ရမှာမဟုတ်ဘူး။ စခန်းဆောက်ပြီး လမ်းဖောက်ပြီးလို့ လူကြီးတွေက ကားလေးနဲ့ အသင့်လာကြမှာ ကျွန်တော်တို့ တွေ့ကြုံခံစားရတဲ့ဒုက္ခတွေကို သူတို့ သိကြမှာ မဟုတ်ဘူး"

"အေးဗျာ . . . ကျွန်တော်ကတော့ ဘူဒိုဇာလေးစင်းနဲ့ လမ်းဖောက်တယ်ဆိုတော့ နေ့ချင်းပြီးအောင် ရောက်မယ်ထင်တာ။ ခင်ဗျားပြောတာလည်း ဟုတ်တာပဲ။ ဒါဆိုရင် ကျွန်တော်တို့အဖွဲ့ စခန်းမရောက်မီ လမ်းခရီးမှာတင် ဘယ်နှစ်ရက်လောက် ညအိပ်စခန်းချပြီး ဒုက္ခခံကြရဦးမလဲ မသိဘူး"





"ဟုတ်ပါ့ . . . ဆရာရယ်။ တောလမ်းခရီးဆိုတာ လမ်းလျှောက်ပြီး သွားတာက ပိုမြန်ပါတယ်။ လမ်းဖောက်ပြီးရင်တော့လည်း ကားနဲ့လည်း ပိုမြန်တာပေါ့။ ကျွန်တော်တို့ကတော့ စခန်းသစ်ဆောက်တဲ့ အတွေ့အကြုံသင်ခန်းစာတွေရပြီး တောထဲမှာလည်း ၆ လကျော်လောက် နေပြီးဖြစ်တာကြောင့် ထုသားပေသား ရနေပါပြီ"

"အေးဗျ . . . အဲဒါ ကွာတာပေါ့။ ကျွန်တော်ကတော့ ကားလမ်းဖောက်ပြီးမှ ကျွန်တော်တာဝန်ကျတဲ့ ဒီ မအူပင်ဆိပ်ဆိုတဲ့စခန်းကိုရောက်လာတာ။ စခန်းကလည်း လယ်ကွင်းပြင်ကျယ်ကြီးဆိုတော့ တောရှင်းစရာတောင် မလိုပါဘူး။ ဒါကြောင့် ခင်ဗျားတို့လို တောတောင်အတွေ့အကြုံ မရှိခဲ့တာပေါ့"

"ဒီလိုပဲပေါ့ . . . ဆရာရယ်။ အတွေ့အကြုံဆိုတာ အလုပ်က သင်သွားတာပါပဲ"

သို့နှင့် ကျွန်တော်တို့အဖွဲ့ စားသောက်လူကြုံ စက်ကြီးသမားများနှင့် စုရုံး၍ စတင်ထွက်ခွာလာကြတော့ ညနေ (၂)နာရီကျော် (၃)နာရီခန့်ရှိပါသည်။ ကျွန်တော် ပြောခဲ့သည့်အတိုင်းပဲ ပဲခူးချောင်းကိုကျော်ပြီး လယ်ကွင်းပြင်ကို ဖြတ်ပြီးသည်နှင့် တောစပ်အတွင်းသို့ စတင်ဝင်ရောက်ခဲ့ပါသည်။

တောစပ်တွင် ချုံပင်နှင့် သစ်ပင်ပေါက်ကလေးများသာ ရှိသောကြောင့် မြေထိုးစက်ကြီးများက အလွယ်တကူလမ်းရှင်းနိုင်ပြီး တစ်ဖာလုံခန့် ရောက်သည်နှင့် သစ်ပင်ကြီးများနှင့် ဝါးရုံကြီးများနှင့် တိုးတော့သည်။ တောလမ်းဟုဆိုသော်လည်း ကွေးကောက်၍သွားမရပါ။ ရိက္ခာသယ်ကားကြီးများနှင့် ကုန်တင်ကားကြီးများ သွားလာကြမည်ဖြစ်သောကြောင့် အတတ်နိုင်ဆုံး လမ်းဖြောင့်ရန် လိုပါသည်။

ထို့ကြောင့် ဝါးရုံပင်ကြီးများနှင့် သစ်ပင်ကြီးများကိုလည်း မြေထိုးစက်ကြီးများဖြင့် ကလော်၍ ဖယ်ရှားရတော့သည်။ ထို့ကြောင့် (၁)ဖာလုံခရီးကို မပြောနှင့် ပေ (၂၀)ခန့်ခရီးကိုပင် နာရီအတော်ကြာ ရှင်းရပါသည်။ ထိုနေ့ညက ကျွန်တော်တို့ ပဲခူးချောင်းကလေးတစ်ဖက်ကမ်း ဆီးတောရွာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



တောစပ်၌ ယာယီစခန်းချပြီး စားသောက်ရန်အတွက် ချက်ပြုတ်လုပ်ကိုင်ရပါသည်။

သို့နှင့် မအူပင်စခန်းမကြီးမှ (၃) မိုင်ခန့်ကွာဝေးသော လူကြီးများသတ်မှတ်ပေးထားသည့် စခန်းခွဲသို့ ရောက်သည်အထိ သုံးညအိပ်လေးရက်ခန့် ကြာပါသည်။ ထိုနေရာတွင်လည်း (၁)ညအိပ်၊ စခန်းခွဲဆောက်ရန်အတွက် (၁)ဧကခန့်ကျယ်သော တောတွင်းမြေပြန့်ခနရာကို ရှင်းလင်းပေးရပါသည်။ နောက်တက်လာမည့် အဖွဲ့က စခန်းသစ်ဆောက်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အဖွဲ့ ဆက်လက်ပြီး လမ်းဖောက်ခဲ့ကြရာ လျှိုတွေမြောင်တွေ တောင်ကုန်းတွေကို ဖြိုရ၊ ဖို့ရသည်မှာ အတော်ခက်ခဲပါသည်။ အတွေ့အကြုံရှိသော စက်ကြီးသမားများနှင့် ရဲဘက်ဟောင်းကြီးများအဖွဲ့ ပါရှိသောကြောင့်သာ အတော် လျင်မြန်ခြင်းဖြစ်ပါသည်။ နောက်ထပ် (၃)ညအိပ်၊ လေးရက်ကြာပါမှ ကျွန်တော်တို့ အထိုင်ချစခန်းကြီးဆောက်ရမည့် သျှော်တုန်းချောင်းအနီး ကျွန်းတောကြီးသို့ ရောက်ရှိပါသည်။

ထိုနေရာတွင် ချောင်းကမ်းနဖူးဖြစ်သလို စခန်းအတွက် အသုံးပြုရန် သောက်သုံးရေလည်း လုံလောက်စွာ ရရှိနိုင်ပါသည်။ သို့သော် စခန်းဆောက်ရန် ကျယ်ဝန်းသောမြေနေရာ ရရှိရေးအတွက် ကျွန်းတောကြီးကို ရှင်းလင်းခုတ်ထွင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ချောင်းကမ်းနဖူးတွင် ယာယီစခန်းချကြပြီး ကျွန်းပင်များအား ခုတ်ထွင်သူနှင့် စက်ကြီးများက ငုတ်များဖော်ပြီး မြေထိုးမြေညှိ လုပ်ကြရပါသည်။

ထိုနေ့က အလုပ်စသောနေ့ဖြစ်သောကြောင့် ယာယီစခန်းချပြီး လုပ်ကိုင်ရသောကြောင့် အလုပ်မတွင်လှပါ။ တောနက်တွင်းဖြစ်သောကြောင့် ညနေ (၄)နာရီခန့်အချိန်တွင် မှောင်စပြုလာသောကြောင့်လည်းကောင်း၊ ကျားဟိန်းသံနှင့် ဆင်အော်သံများကြောင့်လည်းကောင်း၊ စက်ကြီးလေးစီးဖြင့် ဟီးနိုးကားကြီးကို အဝိုင်းအဝန်းသဏ္ဌာန်ပြုလုပ်၍ အတွင်း၌ မီးပုံဖိုပြီး





ညအိပ်စခန်းချကြရပါသည်။ ချောင်းရေစပ်နှင့် နီးသောကြောင့် အဆောင်အဆောက်မှာ အတော် စိမ့်အေးနေပါသည်။

ထို့ကြောင့် ခရီးပန်းကြသဖြင့် အလျင်အမြန် ချောင်းထဲဆင်း၍ ရေချိုးကြပြီး ညစာအတွက် ဝိုင်းဝန်းစီစဉ် ချက်ပြုတ်ကြပါသည်။ စက်ကြီးများအလယ် ဖြစ်သောကြောင့် ယာယီအမိုးလောက်သာ လုပ်နိုင်ပါသည်။ အိပ်ရာနေရာကတော့ မြေမွေ့ရာပဲ ဖြစ်ပါတယ်။ စောစီးစွာ စားသောက်ကြပြီး ည (၈)နာရီခန့်အရောက်၌ပင် အနီးကပ် ဟိန်းလိုက်သော ကျားဟိန်းသံများကို ကြားလိုက်ရပါသည်။ လူအင်အားများသော်လည်း ညအချိန် တောနက်ကြီးဖြစ်သောကြောင့် အားလုံး တုန်လှုပ်ကြပါသည်။

အတွေ့အကြုံရှိသော ရဲဘက်ကြီးများက ထင်းခြောက်များစုကာ မီးပုံကြီးများ ဖိုထားခြင်းကြောင့်သာ ကျားများ ကျွန်တော်တို့ မြင်တွေ့နိုင်လောက်သည့် အနီးသို့ ကပ်မလာရဲကြသော်လည်း မနီးမဝေးမှ ဝမ်းခေါင်းသံကြီးများဖြင့် ဟိန်းဟောက်နေသည်မှာ ကြောက်ခမန်းလိလိ ကျယ်လောင်လှပါသည်။

သေနတ်များပါသော်လည်း မပစ်ရဲကြပါ။ အကောင်အထည်လည်း မတွေ့ရသေး။ ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့ကြသည့် သုံးတန်ကူးစခန်းကြီး စဆောက်လုပ်စဉ်ကလည်း မိုးကရွာပြီး ကျားဟိန်းသံ၊ ဆင်အော်သံများကို ကြားကြရသော်လည်း တောကောင်ကြီးများမှာ အနီးသို့ ကပ်မလာကြပါ။ ယခု သျှော်တုန်းချောင်းအနီးရှိ စခန်းမှာတော့ ပိုမိုတောနက်သောကြောင့် တောကောင်ကြီးများ ပျော်မြူးကျက်စားရာနေရာကို လူများ ကျူးကျော်ဝင်ရောက်လာသောကြောင့် မနှစ်သက်သောသဘောဖြင့် ဟိန်းဟောက်အသံပေးကြခြင်း ဖြစ်ဟန်တူပါသည်။

ထို့ကြောင့် စက်ကြီးများအလယ်ခေါင်တွင် မီးပုံကြီးများဖို၍ လူများစုစုဝေးဝေးဖြင့် နေထိုင်ကြရသော်လည်း နောက်ကျောမလုံပါ။ မည်သည့်အချိန်တွင် တောကောင်ကြီးများ ဘွားခနဲပေါ်လာမည်ကို မှန်းဆတွေးတောကြောက်ရွံ့ကြပြီး ပင်ပန်းသော်လည်း မည်သူမျှ မအိပ်ရဲကြပါ။ ည (၉)



www.burmeseclassic.com

www.burmeseclassic.com



နာရီအချိန်ခန့်သို့ ရောက်သော် တောကောင်ကြီးများမှာ အနီးကပ်၍ ရောက်ရှိလာကြကြောင်း၊ တောချုံများ အသံကြောင့် သိရှိရပါသည်။ ကြားရသည့် အသံများအရ ကျားဟိန်းသံက ကျွန်တော်တို့စခန်းချရာ ပတ်လည်အနီးတွင် ဖြစ်နေပြီး ဆင်အော်သံများက အပြင်စည်းမလှမ်းမကမ်းတွင် ဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့် ညဉ့်နက်လေ အခြေအနေဆိုးလေ ဖြစ်မည်ဖြစ်သော ကြောင့် တောကောင်ကြီးများ အနီးသို့ ကပ်မလာစေရန်အတွက် မီးပေါ်သို့ ထောင်၍ သေနတ်ပစ်ဖောက်ပြီး စက်ကြီးများကိုလည်း စက်နှိုး၊ မီးများဖွင့်ပြီး တစ်ညလုံး ငုတ်တုတ်ထိုင်၍ သတိအနေအထားဖြင့် စောင့်ကျပ်ကာ မိုးလင်းအောင် စောင့်ရပါတော့သည်။

အရှက်ဦးရောင်နီလာချိန် မနက်(၄)နာရီအချိန်ခန့်မှာ တောကောင် အသံများ တဖြည်းဖြည်း ငြိမ်သက်သွားပါသည်။ ထို့ကြောင့် စက်ဆီမကုန် စေရန်အတွက် မြေထိုးစက်ကြီးများအား တစ်စီးပြီးတစ်စီး တဖြည်းဖြည်း စက်ရပ်ကြရပါသည်။ မိုးစင်စင်လင်းတော့မှပဲ စက်ကြီးများ အပြီးသတ်စက် ရပ်ကြရပြီး လူများလည်း တလဲစီခွေခွေကာ အိပ်စက်ကြရပါသည်။ စားသောက် ရန် ချက်ပြုတ်ကြရသည့် ထမင်းချက်ဖိုကြီး အဖွဲ့သားရဲဘက်များကတော့ လုံးဝ အိပ်စက်ခြင်း မပြုကြရပါ။ မနက်ခင်း (၈)နာရီခန့်အချိန်တွင် မနက်စာစား စားကြရပြီးနောက် လုပ်ငန်းစတင် ဝင်ကြရပြန်ပါသည်။ ဖိုကြီးအဖွဲ့သားများ ကတော့ အနီးအနားတွင်ထင်းရှာ၊ ရေခပ်၊ ဟင်းချက်စရာရှာ စသောအလုပ် များနှင့် အလုပ်ရှုပ်ကြရပြန်ပါသည်။

ထိုနေ့က အိပ်ရေးပျက်ကြသောကြောင့် စခန်းဆောက်ရန်အတွက် မြေနေရာရှင်းရသည်မှာ အလုပ်မတွင်လှပါ။ သို့သော် ကျွန်တော်တို့မုဆိုး အဖွဲ့က ပတ်ဝန်းကျင်ရှိ တောချုံများကို အတော်အတန် ရှင်းလင်းနိုင်သော ကြောင့် ညအခါတွင် တောကောင်ကြီးများကပ်လာပါက မြင်တွေ့နိုင်သော အနေအထားပင်ဖြစ်ပါသည်။ ထိုနေ့ညကတော့ သျှောင်တုန်းချောင်းအတွင်းမှ ငါးများရသောကြောင့် ငါးဟင်းဖြင့် ညစာထမင်းကို ကောင်းစွာ စားရပါ





သည်။ မြောင်းစပ်တွင် ပေါက်ရောက်နေသော ကတက်ပင်များနှင့် တောစပ် မှ ကြောင်လျှာသီး၊ မလွှသီးနှင့် ဆီးဖြူသီးများရရှိသောကြောင့် ငရုတ်သီး ဆားထောင်းကလေးဖြင့် ဟင်းတစ်မယ်တို့စရာ လွန်စွာစားမြိန်ကြပါသည်။

ညအချိန်၌လည်း ကျွန်တော်၏ မုဆိုးတပည့်များက ကျွန်တော် တို့၏ စခန်းဝင်းအပြင်ဘက် ခပ်လှမ်းလှမ်း၌ပင် ထင်းတုံးကြီးများကို မီးရှို့ ၍ နေရာအနှံ့ မီးပုံများလုပ်ထားသောကြောင့် မီးခိုးငွေ့ တလူလူထွက်နေ သောကြောင့် တောခြင်ရိုင်းကြီးများ၏ ရန်ကလည်း သက်သာပြီး ကျားဟိန်း သံများလည်း အနီးကပ်၍ မကြားရတော့ပါ။ ထို့ကြောင့် ထိုညကတော့ ညစာစားပြီးသည်နှင့် ဝန်ထမ်းများနှင့် ရဲဘက်များအား တစ်လှည့်စီ ကင်း စောင့်စေပြီး အိပ်စက်ကြရပါသည်။

တတိယညတွင်တော့ ကျွန်တော်တို့အဖွဲ့လည်း အတွေ့အကြုံရရှိ ကြပြီးသောကြောင့် ကြောက်လန့်ခြင်း မရှိတော့ပါ။ မုဆိုးအဖွဲ့က ဝါးဆစ်ပင် များကို စုဆောင်းထားပြီး (၁၅)မိနစ်လျှင် တစ်ကြိမ်စီခန့် မီးပုံအတွင်းသို့ထည့် ၍ မီးရှို့ကြရာ တဖောင်းဖောင်း၊ တဒိုင်းဒိုင်းဖြင့် သေနတ်ပစ်ဖောက်သံလို အသံမျိုး ဖြစ်ပေါ်လာသောကြောင့် တောကောင်ကြီးများ အနီးသို့ ကပ်မလာ ကြသောကြောင့် ည အိပ်စက်ကြရတာ ပိုမိုအဆင်ပြေပါသည်။

တစ်ပတ်ခန့် ကြာသောအချိန်တွင် စခန်းဆောက်မည့်မြေနေရာ တွင် တစ်ကေခန့် မြေကွက်လပ်ကြီးအား ဖော်နိုင်ပြီး ကျွန်တော်တို့ အဖွဲ့များ တည်းခိုစခန်းစတည်းချရန်အတွက် ခိုင်ခံ့သော တဲကြီးတစ်လုံးကိုလည်း ဆောက် လုပ်ပြီးစီးသွားပါသည်။ တဲအပြင်၌လည်း ထမင်းချက်ဖိုကြီးနှင့် ခြံစည်းရိုး အကာအရံများအား ပြုလုပ်ထားပါသေးသည်။ မုဆိုးအဖွဲ့ကလည်း သျှောင်တုန်း ချောင်းအတွင်းမှ ငါးကြီးများကို ရှာဖွေဖမ်းဆီးနိုင်သောကြောင့် အသားရိက္ခာ လည်း ဖူလုံပါသည်။ တောတွင်းအသီးအနှံများကတော့ လူအင်အား၊ မများ သေးသောကြောင့် အနီးပတ်ဝန်းကျင်၌ပင် ရှာဖွေခူးဆွတ်နိုင်ပါသည်။

တစ်ပတ်ခန့်ကြာလာတော့လည်း ဝန်ထမ်းနှင့် ရဲဘက်များအားလုံး သူ့ဟာနှင့်သူ ကိုယ်စီတာဝန်ကို သိရှိကြသည်။ မခိုင်းမစေရဘဲ ပုံမှန်လုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြပါတော့သည်။ တစ်ပတ်ကျော်တော့ ကျွန်တော်တို့အဖွဲ့ ရဲဘက်ကြီးများနေထိုင်ရာ ဘားတိုက်ကြီးများကို စတင် ပန္နက်ရိုက်၍ ဆောက်လုပ်ကြရပါသည်။

အတွေ့အကြုံအရ ဤတစ်ခါတွင်တော့ စခန်းပတ်ဝန်းကျင် ခြံစည်းရိုးပတ်လည်အား လုံခြုံအောင် အလျင်ကာရံရပါသည်။ လိုအပ်သော သစ်၊ ဝါးနှင့် အမိုးအကာအတွက် တောင်ထန်းနှင့် သလူရွက်များကလည်း ပေါများသောကြောင့် ဘားတိုက်များ ဆောက်လုပ်သည့်အဖွဲ့၊ အမိုးရှာသူအဖွဲ့တိုင်နှင့် ဝါးရှာသူအဖွဲ့ ကျွမ်းကျင်သောသူများအား အကာထရံရက်ရန်အတွက် တာဝန်ခွဲဝေပေးထားပါသည်။

✿ ✿ ✿

❑

ထိုစခန်းသစ်သို့ ရောက်သည်မှ (၁၀) ရက်ခန့် အချိန်ကြာမြင့်လာသောအခါ ကျွန်တော်တို့အဖွဲ့ ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်လာပါသည်။ မြေထိုးစက်ကြီးများအဖွဲ့လည်း နောက်တန်းသို့ ပြန်ကြတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ကျန်ရှိသောအဖွဲ့ အင်အားနည်းသွားပြီဖြစ်ပါသည်။ နောက်တန်းနှင့် ဆက်သွယ်ရန် အဆက်အသွယ်မရှိပါ။ စက်ကြီးများအဖွဲ့ ပြန်ကျမှသာလျှင် အဆက်အသွယ်လုပ်နိုင်မည် ဖြစ်ပါသည်။

စက်ကြီးများအဖွဲ့နှင့်အတူ ထောင်မှူးကြီးဦးကျော်ထင်ကလည်း သူ၏ မအူပင်ဆိပ်စခန်းသို့ ပြန်မည်ဖြစ်သောကြောင့် နောက်ဆုံးတော့ ထုံးစံ





အတိုင်း ကျွန်တော်နှင့် ဝန်ထမ်း၊ ရဲဘက်များသာ ကျန်ရှိတော့မည်ဖြစ်ပါသည်။ ရိက္ခာကလည်း ပြတ်တော့မည်ဖြစ်ရာ ထောင်မှူးကြီးဦးကျော်ထင် မပြန်၍မဖြစ်ပါ။ သူပြန်ပြီး စီစဉ်ပေးပါမှ ကျွန်တော်တို့အဖွဲ့ ရိက္ခာဆက်နိုင်မည်ဖြစ်ပါသည်။

သူတို့အဖွဲ့ မနက်စာစားသောက်ပြီး ပြန်ကြရာ ထိုနေ့ကတော့ ကျွန်တော် ဝန်ထမ်းနှင့် ရဲဘက်များအဖွဲ့အား ဘားတိုက်များ ဆောက်လုပ်ရန်တာဝန် ကိုယ်စီပေးခဲ့ပြီး မုဆိုးအဖွဲ့အားခေါ်၍ ပတ်ဝန်းကျင်ကို လေ့လာရင်း တောလည်ထွက်ခဲ့ပါသည်။

လမ်းမများစေရန်အတွက် သျှော်တုန်းချောင်းအတိုင်း အောက်ဘက်သို့ ခုန်ဆင်းလာကြရာ သားကောင်များ အလွန်ပေါသည်ကို တွေ့ရှိရပါသည်။ ချောင်းအတွင်း ရေသောက်ဆင်းလာကြသော တောဝက်အုပ်နှင့်တွေ့၍ တောဝက်မတစ်ကောင် ရသည်။ နောက်တစ်နေ့ရာ တောရွေးပင်အောက်၌ ချေအုပ်နှင့်တွေ့၍ ချေပေါက်တစ်ကောင်ရပြန်သည်။ နောက်တစ်နေ့ရာတွင် ရစ်ဒေါင်းအုပ်နှင့်တွေ့၍ ရစ်ဒေါင်းတစ်ကောင် ရပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ တောကောင်များအား ထမ်းပြီး ပြန်လာကြရာ မနက် (၁)နာရီခန့် စခန်းသို့ ပြန်ရောက်တော့ ဗိုခေါင်းမှ နေ့လယ်စာချက်ပြုတ်ရန်သာ ဆန်ရှိပြီး ညနေစာအတွက် မလုံလောက်တော့ကြောင်း သတင်းပို့ပါသည်။ ထို့ကြောင့် နေ့လယ်စာကို ဝဝစားပြီး ညနေစာကိုတော့ ဆန်ပြုတ်နှင့် တောကောင်သားများအား စားကြရန် စီစဉ်ရပါတော့သည်။

ကျွန်တော်တို့တွင် နောက်တစ်နေ့မနက်စာ စားသုံးရန်အတွက် ဆန်မရှိတော့ပါ။ ကံကောင်းထောက်မ၍ ထောင်မှူးကြီးဦးကျော်ထင်က ရိက္ခာပစ္စည်းပို့မှသာလျှင် ရိက္ခာဆက်နိုင်တော့မည် ဖြစ်ပါသည်။ သို့သော် နေ့လယ်စာ စားသုံးကြပြီး လုပ်ငန်းခွင်ဝင်ကြစဉ် ညနေပိုင်း (၄)နာရီခန့် အလုပ်သိမ်းချိန်တွင် ကားကြီးတစ်စီး၏ အသံကို ကြားရပါသည်။ ရိက္ခာပို့လာသော ကားဖြစ်ပါစေဟုသာ ဆုတောင်းကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းထောက်မစွာ မအူပင်ဆိပ်စခန်းမှ ဦးကျော်ထင် လွှတ်လိုက်သော ရိက္ခာကားဖြစ်ပါသည်။ ဆန်၊ ပဲ၊ ဆီ၊ ဆားတို့အပြင် အမဲသား၊ အသားရိက္ခာများလည်း ပါလာပါသည်။ ကားကြီးအပြန်တွင် ကျွန်တော်တို့စခန်းမှ ရရှိနိုင်သမျှ ဝါးများကိုလည်း တင်ပေးလိုက်ရန် ထောင်မှူးကြီးဦးကျော်ထင်က မှာကြားလိုက်ကြောင်း သိရပါသည်။ ထိုညက ရိက္ခာပို့ကားကြီးအား ကျွန်တော်တို့စခန်းတွင် ညအိပ်ပါသည်။ ထို့ကြောင့် ထိုညက စခန်းတွင် ဆန်ပြုတ်မစားရတော့ဘဲ အသားရိက္ခာ စုံလင်စွာဖြင့် ဝဝလင်လင် စားကြသောက်ကြပါသည်။

နောက်တစ်နေ့မနက် ရိက္ခာပို့ကားကြီးပြန်တော့ ကျွန်တော်တို့ လိုအပ်သော လက်နက်တန်ဆာပလာနဲ့ ရဲဘက်အင်အားတိုးမြှင့်ပေးရန် တောင်းခံရပါသည်။ ကျွန်တော်တို့အဖွဲ့မှာ ရှိသည့်အင်အားဖြင့် ရင်ကွဲဘားတိုက်ကြီး ငါးလုံးအား ဆောက်လုပ်နေရာ အမိုးအကာနှင့် အခင်းများလုပ်ကိုင်ရန် ကျန်ရှိပါတော့သည်။

ထို့ကြောင့် တတိယအပတ်တွင် ကျွန်တော်တို့အဖွဲ့ တာဝန်ခွဲဝေပြီး ရဲဘက်ဘားတိုက်ကြီးများအား အမိုးအကာနှင့်အခင်း တာဝန်ခွဲ၍ လုပ်ဆောင်နေကြစဉ် ဟီးနိုးကားကြီး သုံးစီးဖြင့် ထောင်မှူးနှင့် ဝန်ထမ်းများ ရဲဘက်များ ရိက္ခာများ ထပ်မံရောက်ရှိလာပါသည်။ ထို့ကြောင့် အင်အားရှိသွားသည်။ အလျင်အမြန်ပြီးစီးရန် ဘားတိုက်ကြီးများအား အပြီးသတ် ဆောက်လုပ်ကြရပါသည်။

နောက်ထပ်ရောက်ရှိလာသော ဝန်ထမ်းနှင့် ရဲဘက်များအား ပြီးစီးသွားသည့် ရဲဘက်ဘားတိုက်ကြီးများအတွင်း၌ ယာယီနေရာချထားပေးပြီးနောက် ဝန်ထမ်းအိမ်ရာများနှင့် စခန်းအုပ်ချုပ်ရေး ရုံးတဲကြီးဆောက်လုပ်ရန် ဗိုကြီးနှင့် ရိက္ခာဂိုဒေါင်ဆောက်လုပ်ရန် ဆက်လက်ဆောင်ရွက်ကြရပြန်ပါသည်။ စတုတ္ထအပတ်ပြီးမှသာ စခန်းပုံစံပေါ်လာပြီး စခန်းအင်္ဂါရပ်နှင့် ညီပါတော့သည်။





တစ်လပြည့်သောအခါ နောက်ထပ် ရဲဘက်အင်အား (၁၀၀)နှင့် ဝန်ထမ်းများ၊ အုပ်ချုပ်သူ၊ ထောင်မှူးတစ်ဦး၊ လိုအပ်သော ရိက္ခာပစ္စည်းများ ရောက်ရှိလာပြန်ပါသည်။ အရေးကြီးသော ဆေးမှူးတစ်ဦးနှင့် ဆေးဝါးများလည်း ရောက်ရှိလာပါသည်။ စခန်း၌လည်း ပထမဆုံး ကျွန်တော်နှင့်အတူ ရောက်ရှိလာကြသော ရဲဘက်ကြီးများနှင့် ဝန်ထမ်းများလည်း ငှက်ဖျားရောဂါခံစားနေရသူများဖြစ်ပါသည်။ ဤစခန်းမှာ သျှော်တုန်းချောင်းနှင့်နီးပြီး အလွန်စိမ့်၍ အေးသောနေရာဖြစ်သောကြောင့် ငှက်ဖျားရောဂါဖြစ်ကြသူများ တစ်စတစ်စ များပြားလာပါသည်။

ရဲဘက်များ အသေအပျောက်လဲ ရှိ၍လာပါသည်။ တဖြည်းဖြည်းနှင့် ရဲဘက်အင်အား (၂၀၀)ကျော်သာရှိသော စခန်းကြီးမှာ သုံးပုံတစ်ပုံခန့်က ငှက်ဖျား၊ လူမမာများ ဖြစ်၍နေကြသည်။ ချောင်းရေကိုသာ အမှီပြု၍ သောက်သုံးကြရသောကြောင့်လား မသိ။ ဝမ်းကိုက်၊ ဝမ်းလျှော၊ ရောဂါများလည်း ဖြစ်၍လာပါသည်။

ရိက္ခာပို့ကားကြုံများဖြင့် လူမမာများအား နောက်တန်းသို့ ပြန်ပို့ရသောကြောင့်လည်း လူအင်အားက တဖြည်းဖြည်း နည်းပါးလာပါသည်။ နောက်တန်းစခန်းများမှ လူအင်အား ထပ်မံပေးပို့ခြင်းလည်း မရှိပါ။ ဆေးဝါးပစ္စည်းများလည်း မပြည့်စုံသောကြောင့် စခန်းဆေးမှူးက တင်ပြလာပါသည်။ ကျွန်တော့်အနေအထားမှာ အုပ်ချုပ်သူ ထောင်မှူးကြီးလည်း ထပ်မံရောက်ရှိလာခြင်း မရှိသောကြောင့် ဒီနေရာထောင်မှူးအနေဖြင့် အလိုအလျောက် စခန်းတာဝန်ခံ ဖြစ်၍နေပါတော့သည်။

ချို့တဲ့သောလူအင်အားဖြင့် လုပ်ငန်းလည်း ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ပါ။ လမ်းနယ်ပယ် တောခုတ်ခြင်း၊ တောရှင်းခြင်း၊ အလုပ်လောက်သာ ထောင်မှူးတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦးကို ကြီးကြပ်စေပြီး ရဲဘက်အင်အား(၅၀)ခန့်ပင် ဆောင်ရွက်နေရပါသည်။ ထိုရဲဘက်များမှလည်း ကောင်းကောင်းကြီး ကျန်းမာသန်စွမ်းသော ရဲဘက်များ မဟုတ်ကြပါ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ရောက်ရှိလာသော ထောင်မှူးတစ်ဦးမှာလည်း ငှက်ဖျားရောဂါဖြစ်ပွား၍ နောက်တန်းဆေးရုံသို့ ပြန်သွားပြန်ပါသည်။

ထို့ကြောင့် ကျွန်တော့်အောက်တွင် ရိက္ခာထောင်မှူးတစ်ဦးနှင့် ရှေ့တန်းတပ်ခွဲတာဝန်ခံ ထောင်မှူးတစ်ဦးတို့သာ ကျန်ရှိနေသောကြောင့် ကျွန်တော့်မှာ စခန်းအုပ်ချုပ်ရေးတာဝန်အပြင် ထောင်ကျဝရမ်းများကိစ္စ၊ ရှေ့တန်းလုပ်ငန်း စစ်ဆေးခြင်းကိစ္စတို့ဖြင့် အလွန်ပင်ပန်းပါသည်။ သို့သော် ရေကို ကျိုချက်သောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်သလို နေ့စဉ် သေနတ်ထမ်း၍ လုပ်ငန်းခွင်စခန်းသို့ လှည့်ပတ်သွားလာနေရခြင်းကြောင့် ငှက်ဖျားရောဂါတော့ ထပ်မံမဖြစ်ပွားတော့ပါ။

စခန်းသက် (၂) လကျော်ခန့် ကြာသောအချိန်တွင် ကျွန်တော့်အား နောက်တန်း လေ့လော့်အင်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာ ရောက်ရှိလာပါသည်။ ထို့ကြောင့် စခန်းကို လွှဲပြောင်းယူမည့် ထောင်မှူးကြီးတစ်ဦးအား စောင့်စားရင်း လွှဲပြောင်းပေးရမည့် အလုပ်ကိစ္စများကို စီစဉ်ဆောင်ရွက်ရပါတော့သည်။ ဤကဲ့သို့ အနေအထိုင် ဆိုးဝါးကြမ်းတမ်းသော အနေအထားရှိသည့် သျှော်တုန်းစခန်း၌လည်း ဆက်၍ မနေချင်တော့ပါ။

ဤသျှော်တုန်းစခန်းအား ယခင်က ဌာနေမှုဆိုးများပင် ကျားကိုက်ခံရ၍ သေဆုံးခြင်း၊ ငှက်ဖျားရောဂါနှင့် သေဆုံးခြင်းတို့ကြောင့် ဌာနေမှုဆိုးများအခေါ် 'လူသေမြှောင်' စခန်းဟု ခေါ်တွင်ခဲ့ကြောင်းလည်း သိရှိရပါသည်။ စခန်းအမည်ဆိုးသောကြောင့် ကွပ်ကဲမှုရုံးမှလူကြီးများက 'လူသေမြှောင်' စခန်းအစား သျှော်တုန်းချောင်းဖြင့် နီးသောကြောင့် သျှော်တုန်းရဲဘက်စခန်းဟု ပြောင်းလဲမည့်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ဤစခန်းမှာ စခန်းအမှတ်စဉ်အရ အမှတ်(၉)စခန်း ဖြစ်ပါသည်။ ဤဒေသရှိ အနီးဆုံးရွာမှာ ဘောနက်ကြီးရွာဖြစ်သောကြောင့် ဘောနက်ကြီးစခန်းဟုလည်း ခေါ်ကြပါသည်။

ကျွန်တော်တို့စခန်းမှ အရှေ့ဘက်သို့ ဆက်၍ တက်မည်ဆိုပါလျှင် နိုးမ(၂)ဟူ၍ ခေါ်ဆိုသော ညောင်လေးပင်မြို့နယ်စခန်းသာ ရှိပါတော့သည်။





ဤအမြန်လမ်းစခန်းအား လှည်းကူးမြို့နယ်၊ စာဘူးတောင်းရွာ နောက်ကျောမှ စတင်၍ဖောက်လာခဲ့ရာ ဖောင်ကြီးစာဘူးဘောင်း ရဲဘက်ကားလမ်းဆုံမှ မင်းကုန်းကွပ်ကဲမှုစခန်းအထိသာ မြေလမ်းကြမ်း ပြီးစီးပြီး လမ်းအကျယ်၊ လမ်းနယ်ဇရိယာမှာ ပေ (၆၀၀)အကျယ် လမ်းကျယ်ယံ ခုတ်ထွင်ထားသော်လည်း၊ လမ်းနယ်အတွင်းမှ ခုတ်လှဲထားသော သစ်ပင်သစ်လုံးများကိုလည်း ရှင်းလင်းနိုင်ခြင်း မရှိသေးပါ။

ပြည်ထဲရေးဝန်ကြီး၊ အဆိုအမိန့်အရ လမ်းဖောက်လုပ်ရာတွင် စက်အင်အားကို အသုံးမပြုဘဲ Man Power ဟုခေါ်ဆိုသော ရဲဘက်လုပ်အားဖြင့်သာ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ်ရန် စီစဉ်ခြင်းကြောင့် ဤမျှ ခက်ခဲကြမ်းတမ်းပြီး လုပ်ငန်းမတွင်ကျယ်ဘဲ ဝန်ထမ်းရဲဘက် အသေအပျောက် များရခြင်းဖြစ်သည်ဟု ကျွန်တော် ယူဆသည်။

ကျွန်တော်နှင့် အလုပ်လွှဲပြောင်းလက်ခံသည့် ထောင်မှူးကြီးတစ်ဦး ရောက်ရှိလာသောအချိန်တွင် ကျွန်တော် နှစ်ရက်ခန့် အလုပ်လွှဲပြောင်းရပါသေးသည်။ ထိုထောင်မှူးကြီးကတော့ လူသစ်ဖြစ်သောကြောင့် လွန်စွာတက်ကြွနေပါသည်။ နှစ်ရက်သုံးရက်ခန့် စခန်းလုပ်ငန်းကိစ္စများအား လွှဲပြောင်းပေးပြီးနောက် ကျွန်တော်နှင့် တပည့်ရဲဘက်မှုဆိုးနှစ်ဦးတို့ နောက်တန်းသို့ ရိက္ခာပို့ကားကြုံဖြင့် ပြန်လည်ဆင်းကြပါသည်။ လမ်းခုလတ် မအူပင်ဆိပ်စခန်းတွင် တစ်ညအိပ်ရပါသေးသည်။ ထိုစခန်းမှ နောက်တစ်နေ့တွင် ကားကြုံဖြင့် ဆက်လက်၍ဆင်းလာရာ နောက်တန်း မင်းကုန်းကွပ်ကဲမှုစခန်းသို့ ညနေစောင်းတွင် ရောက်ရှိပါသည်။

ကျွန်တော် တာဝန်ကျရာစခန်းမှာ လေ့လော့်အင်း၊ ခြေကျင်းစခန်းအမှတ်(၃)ဖြစ်သောကြောင့် ထိုညနေ၌ပင် မင်းကုန်းစခန်း ထောင်ပိုင်ကြီးများထံပြောင်းရွှေ့ရရှိကြောင်း သတင်းပို့ပြီးနောက် ကားတစ်စီးတောင်းပြီး တာဝန်ကျရာ လေ့လော့်အင်း၊ ရဲဘက်ခြေကျင်းစခန်းအမှတ်(၄)သို့ မုဆိုးတပည့်နှစ်ဦးကိုပါ ခေါ်ဆောင်ပြီး ပြောင်းရွှေ့ရောက်ရှိပါသည်။ ရောက်ရှိသည့်စခန်းတာဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်မှာ ဦးတင်မောင်နွဲ့ဟူသော အသက်အရွယ်ကြီးသည့် ထောင်ပိုင်တစ်ဦးဖြစ်ပါသည်။

ခြေကျင်းစခန်းအား ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးအနီး လမ်းဘေး၌ တည်ဆောက်ထားပြီး ရဲဘက်စခန်းတစ်ခုလုံးအား သံဆူးကြိုးဝန်းနစ်ထပ်ခတ်ထားပြီး ရဲဘက်များအားလည်း ခြေကျင်းခတ်ထားပါသည်။ ထို့ကြောင့်လည်း ခြေကျင်းစခန်း အမှတ်(၄)ဟု ခေါ်တွင်ရခြင်းဖြစ်ပါလိမ့်မည်။ စခန်းမှာ လမ်းနှင့်ယှဉ်ယှဉ် ပေ (၆၀၀) အတွင်း၌ တည်ရှိပြီး ယာယီတဲသာသာ အဆောက်အအုံများသာ ရှိပါသည်။

ကျွန်တော်တို့ ရှေ့တန်းစခန်းများတွင် တာဝန်ကျသည့် ရဲဘက်များအား ခြေကျင်းခတ်ထားခြင်း မရှိပါ။ ရဲဘက်ကြီးများလည်း ဖြစ်ပါသည်။ အလုပ်လည်း ပင်ပန်းခြင်းသိပ်မရှိပါ။ သစ်ပင်ရှင်း၊ တောခုတ်ရခြင်းအလုပ်သာ ရှိပါသည်။ ထို့ကြောင့် ရဲဘက်များ၏ အိပ်ဆောင်များကိုလည်း တောကောင်များ၏ရန်မှ ကင်းဝေးစေရန် ဝါးစည်းရိုးကာရံထားခြင်းသာရှိပြီး ရဲဘက်များကိုလည်း သံခြေကျင်းခတ်ထားခြင်းလည်း မရှိပါ။ ရဲဘက်ကြီးများကလည်း ထွက်ပြေးခြင်း မပြုကြပါ။

ယခု နောက်တန်းစခန်းများတွင်တော့ တောတောင်များ ရှင်းလင်းသွားပြီး အရိပ်ရသော သစ်ပင်ကြီးများလည်း မရှိပါ။ ငှက်ဖျားရောဂါလည်း မရှိတော့ပါ။ ကွင်းခေါင်ခေါင် လမ်းနှင့်ယှဉ်ယှဉ်ဖြစ်သောကြောင့် မြေလုပ်ငန်းကို လုပ်ကိုင်ကြရပါသည်။ ပေ (၁၀၀)လမ်းနှင့်၏ တစ်ဖက်တစ်ချက်တွင် ရေမြောင်းများတူး၍ တာဖို့ခြင်း၊ တံတားဆောက်ရခြင်း၊ အချို့ ငါးဆူတောင်နှင့် လှေလှော်အင်းဘက်တွင် တောင်ကြီးများအား အလယ်မှ လူလုပ်အားဖြင့်ခွဲ၍ မြေသယ်ကပ်ဖြင့် မြေကြီးသယ်ကာ လမ်းဖို့ရခြင်း စသောလုပ်ငန်းများမှာ အရိပ်မရှိသော နေပူထဲ၌ လွန်စွာပင်ပန်းလှပါသည်။

ထို့ကြောင့် ရဲဘက်များက လစ်လျှင်လစ်သလို ပြေးကြသည်။ သံဆူးကြိုးနှစ်ထပ်ကာရံထားသော ဆူးကြိုးဝင်းအိပ်ဆောင်များအတွင်းကပင် ညဘက်တွင် ဝန်းကိုကျော်၍ဖောက်၍ ပြေးလွှားကြသေးသည်။ ထို့ကြောင့်လည်း





နောက်တန်းရဲဘက်များအား ခြေချင်းခတ်၍ထားရကြောင်း သိရှိရပါသည်။ ကျွန်တော်တို့ရှေ့တန်း ရဲဘက်စခန်းများတွင် ဝန်ထမ်းများရော ရဲဘက်များပါ စည်းကမ်းရှိကြပါသည်။

ရဲဘက်ဘားတိုက်များအား သံဆူးကြိုး ခတ်ထားခြင်းလည်း မရှိ၊ ရဲဘက်ကြီးများအားလည်း သံခြေချင်းခတ်ထားခြင်း မရှိပါ။ ညနေ (၄)နာရီ အလုပ်ချိန်ပြီးသည်နှင့် ရဲဘက်ကြီးများ စခန်းအနီးပတ်ဝန်းကျင်သို့ လွတ်လပ်စွာ သွားလာပြီး ဟင်းသီးဟင်းရွက် ရှာဖွေခွင့် ပေးထားပါသည်။ ထို့ကြောင့်လည်း ရဲဘက်ကြီးများမှာ ထွက်ပြေးကြသူ အလွန်ရှားပါသည်။ အလုပ်တာဝန်ကလည်း နောက်တန်းရဲဘက်များလို မြေကြီးလုပ်ငန်းလုပ်ရခြင်း မရှိခြင်းကြောင့် အလုပ်သက်သာသည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့အပြင် တောနက်ကြီးအတွင်း သစ်ပင်၊ ဝါးပင်၊ ခုတ်ထွင်ရသော အလုပ်သာဖြစ်သောကြောင့် နောက်တန်းရဲဘက်များလောက် နေဒဏ်၊ လေဒဏ်တို့ မခံစားရဘဲ သက်သာ၍ မပြေးလွှားခြင်းလည်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်ပင် လှေလှော်အင်း ရဲဘက်စခန်းသို့ ရောက်ခါစက မနေတတ်၊ မထိုင်တတ် ဖြစ်မိပါသေးသည်။ သစ်၊ ဝါးရိပ် မရှိသောကြောင့် နေ့အခါ လမ်းနှင့်ဧရိယာ ပေ(၆၀၀)အတွင်းရှိ ကွင်းပြောင်ပြောင်၌ အပူကြီးတိုက်ပြီး ဖုန်မှုန့်များလွင့်စင်လာရာ လွန်စွာမှ နေရထိုင်ရခက်ပါသည်။ စားသောက်ရန်အတွက်လည်း၊ တောကောင်သားမရှိ၊ တောသီးတောနှံလည်း ရှာဖွေ၍ မရနိုင်ပါ။ မုန့်ပဲသရေစာနှင့် သားငါးများကိုတော့ ဝယ်၍စားလျှင် ရနိုင်ပါသည်။

ကျွန်တော်တို့ ရှေ့တန်းစခန်းများတွင် တာဝန်ကျစဉ်ကတော့ ငွေကြေးသုံးစွဲဝယ်ယူရန် ဘာကိစ္စမျှမရှိပါ။ ထို့ကြောင့် ကျွန်တော် ငွေကြေးကိုပင် သုံးစွဲရသည့် ပစ္စည်းဟူ၍ တန်ဖိုးမထားမိပါ။ တစ်လတစ်ခါ ကွပ်ကဲမှုမှ လာရောက်၍ လစာထုတ်ပေးသော ငွေကြေးများမှာလည်း အသုံးမပြုဘဲ သည့်၍ အဝတ်သေတ္တာထဲ၌ ထည့်ထားရပြီး အထုတ်အသွင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကြောင့် နောက်တန်း လေ့လော့အင်းစခန်းသို့ ရောက်သောအခါ တောကောင်ရှာစရာမလို၊ တောတောင်လည်း မရှိသောကြောင့် ကျွန်တော်၏ ရဲဘက်မှဆိုးများလည်း အမဲလိုက်မှဆိုးအလုပ် မရှိတော့ပါ။ ထို့ကြောင့် ကျွန်တော်၏ ဝေယျာဝစ္စ၊ ထမင်းချက်၊ ဟင်းချက်၊ အဝတ်လျှော်သော အလုပ်သာ ရှိကြပါတော့သည်။ နောက်တန်း လေ့လော့အင်းစခန်း အမှတ်(၄)တွင် စခန်းတာဝန်ခံ ထောင်ပိုင်ကြီးက ကျွန်တော့်အား ထောက်ပံ့ရေးဌာန တာဝန်ခံအဖြစ် တာဝန်ပေးထားပါသည်။

ကျွန်တော့်လက်အောက်တွင် ရိက္ခာကိုဒေါင်မှူး တပ်ကြပ်ကြီးတစ်ဦး ရှိနေပြီး ရုံး၌လည်း စာရင်းဇယားရေးဆွဲရန် စာရေးတစ်ဦးနှင့် အကူရဲဘက်စာရေးတစ်ဦး ရှိနေပါသည်။ အရှိန်ရနေပြီဖြစ်သော လုပ်ငန်းကြောင့် ကျွန်တော့်တွင် တာဝန်ကြီးလေးမှု မရှိပါ။ ထို့ကြောင့် မနက်ပိုင်း (၉)နာရီ (၁၀) နာရီခန့် ရုံးအလုပ်များ လုပ်ပြီးသည်နှင့် အားလပ်နေတတ်ပါသည်။ ညနေပိုင်း အားလပ်ချိန်များတွင်လည်း နီးစပ်ရာ ချောင်းကုန်းရွာနှင့် ကြို့ကုန်းရွာများသို့ သွားရောက်လည်ပတ်ပြီး စားသောက်နိုင်ပါသေးသည်။

ဤနောက်တန်း စခန်းရောက်မှသာ အဝတ်သေတ္တာထဲ၌ အိပ်မှုပျော်နေကြသော ငွေကြေးများကိုထုတ်၍ သုံးစွဲရကောင်းမှန်း သိလာရတော့သည်။ ရုံးပိတ်ရက် တနင်္ဂနွေနေ့များ၌လည်း ရန်ကုန်မြို့သို့ စနေနေ့ ညနေကတည်းက ညပြန်အိပ်၍ ရပါသည်။ တစ်ခါတစ်ရံ စနေနေ့ညတွင်သာမက တနင်္ဂနွေနေ့ညတွင် အိပ်ပြီး တနင်္လာနေ့မနက်မှ စခန်းသို့ ပြန်လာသော်လည်း ထောင်ပိုင်ကြီးက ပြောဆိုခြင်းမရှိပါ။

လေ့လော့အင်းစခန်းမှ ရန်ကုန်–မန္တလေးလမ်းမကြီး အစအဦးဆုံး အထိုင်စခန်းဖြစ်သော်လည်း လမ်းမကြီးအား စမ်းသပ်ပြီး မြေညီလမ်းကျယ်ကြီး ခင်းထားပါသည်။ လိုအပ်သောနေရာများ၌လည်း အခိုင်အမာ ကွန်ကရစ်တံတားကြီးများခင်းထားရာ အလွန်ပြန့်ပြူးညီညာသော မြေညီလမ်းမကြီး ဖြစ်ထွန်းနေပြီဖြစ်သောကြောင့် ကျွန်တော်တို့ ရဲဘက်စခန်းများမှ ဖောင်ကြီး





သို့သွားသည့် ကတ္တရာကားလမ်းမကြီးမှတစ်ဆင့် လှည်းကူးမြို့သို့လည်းကောင်း၊ ဖောင်ကြီးမြို့သို့လည်းကောင်း၊ မော်တော်ကားဖြင့် အလွယ်တကူ သွားလာနိုင်ပါသည်။ ဖောင်ကြီးလှည်းကူး၊ လမ်းပေါ်တွင် ချက်ပလက်ဖိုက်မှ ခရီးသည်တင်ကားများ၊ ပြေးဆွဲနေသောကြောင့် အဆင်ပြေပါသည်။ တခြားကားကြုံများလည်း ရှိပါသည်။

ထို့ကြောင့် ယခင်လို တောတွင်းစခန်း၌ ခြေလျင်ခရီးကိုသာ အားကိုးရန်မလိုတော့ဘဲ အဆင်ပြေသောကားဖြင့် လှည်းကူးမြို့သို့သာမက ရန်ကုန်မြို့သို့ပင် လွယ်ကူစွာ သွားနိုင်လာနိုင်ပါသည်။ လေ့လော့အင်းစခန်းများဟု ခေါ်ရခြင်းမှာလည်း ယခင် ကရင်မြန်မာ တိုက်ပွဲများ၌ နာမည်ကြီးခဲ့သော ကရင်လူမျိုးများ အများစုနေထိုင်ကြသည့် တာဘူးတောင်းဟူသော ရွာတန်းရှည်ကြီး၏ အနောက်ဘက်၊ ကျွန်တော်တို့ အမြန်လမ်းစခန်းများ၏ အရှေ့ဘက်ကြားတွင် ရှိသည့် လေ့လော့အင်းဟူသော အင်းကြီးတစ်ခုကြောင့် အနီးတွင်ရှိသည့် ရဲဘက်စခန်းများအားလုံးကိုလည်း လေ့လော့အင်းစခန်းများဟု ခေါ်တွင်ခြင်းဖြစ်ပါသည်။

လေ့လော့အင်းဟု ခေါ်ဆိုသော အင်းကြီးတစ်ခု၏ အနီးဆုံးတွင် လေ့လော့အင်းစခန်းသစ်ဟူသော ဝက်မွေးမြူရေးစခန်းကြီးအား စတင်ဆောက်လုပ်နေပြီး ထိုစခန်းကြီးမှ ကျွန်တော်တို့ ကျန် လေ့လော့အင်းစခန်း တစ်ခုအတွက် အထိုင်စခန်းကြီးအဖြစ် ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးနေခြင်းဖြစ်ပါသည်။ အထက်တွင် ကျွန်တော်တို့ နေထိုင်ခဲ့သော ကွာလှမ်းလှသည့် တောတွင်းစခန်းများ မဟုတ်မူဘဲ လမ်းပန်းခရီး ဆက်သွယ်ရေး ကောင်းမွန်လှသော မြေပြန့်စခန်းများ ဖြစ်သောကြောင့် ဆက်သွယ်သွားလာရေး လွန်စွာမှ အဆင်ပြေလှပါသည်။ တောကြီးမျက်မဲ မဟုတ်တော့ဘဲ မြေပြန့်ကွင်းထီးထီးသာဖြစ်သောကြောင့် ငှက်ဖျားလည်း မရှိပါ။ ချုံပုတ်နှင့် ကျူပင်ကိုင်းထင်လောက်သာ ရှိသောကြောင့် တောကောင်လည်း မရှိပါ။ ချောင်းရိုး၊ မြောင်းနိုကလေးများအတွင်း၌ ငါးကလေးများလောက်သာ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်နှင့် ဝန်ထမ်းများအနေဖြင့်တော့ မြေကြီးလုပ်ငန်းကို လက်တွေ့တူးဖော် ခင်းကျင်းခြင်း လုပ်နေရသောကြောင့် အရိပ်မရှိသော ကွင်းခေါင်ခေါင်ပေါ်တွင် နေပူဒဏ်ကြောင့် အတော်ပင်ပန်းကြပါသည်။ ထို့ကြောင့် ရဲဘက်များ၏ ထုံးစံအတိုင်း ပင်ပန်းလျှင် ထွက်၍ပြေးကြသည်။ လုပ်ငန်းတွင် လုပ်ကိုင်ရာမှာ ဝန်ထမ်းများလစ်လျှင် လစ်သလို ထွက်ပြေးကြသည်။ ညအိပ်ချိန် စခန်း ဆူးကြိုးဝင်းအတွင်းမှလည်း ထွက်၍ ပြေးလေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ထောင်မှူးများ တစ်လှည့်စီ တာဝန်မှူးဝင်၍ ညကင်းပတ်ရပါသည်။

ကျွန်တော်တို့ ထောင်မှူးများဟု ဆိုရာတွင် စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးတင်မောင်ညွှန့်၏ လက်အောက်၌ ကျွန်တော်နှင့် ထောင်မှူးမောင်မောင်၊ ထောင်မှူးသန်းနိုင်တို့ ရှိကြပြီး ထောင်မှူး မောင်မောင်က ဦးနှင့်ရေဌာနကိုကိုင်ပြီး ထောင်မှူးသန်းနိုင်က ရှေ့တန်းလုပ်ငန်းခွင်ကို ကိုင်ပါသည်။ ကျွန်တော်ကတော့ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထောက်ပံ့ရေးဌာနကို ကိုင်ပါသည်။ ထို့ကြောင့် သုံးရက်ခြားတစ်ခါ တာဝန်မှူးကျပြီး တာဝန်ကျသော ရက်များတွင် နောက်တန်းစခန်း လုံခြုံရေးနှင့် ရှေ့တန်း လုပ်ငန်းခွင်လုံခြုံရေးတို့အတွက် သွားရောက်စစ်ဆေးရပါသည်။

တစ်ခါတစ်ရံတွင်လည်း ထောင်ပိုင်ကြီး ဦးတင်မောင်ညွှန့်က ကျွန်တော်တို့နှင့်အတူ လိုက်ပါစစ်ဆေးလေ့ရှိပါသည်။ သို့သော် နေပူပြီး ဖုန်ထူ၍ လေပွေကြမ်းကြီး အမြဲတမ်း တိုက်နေလေ့ရှိသော လုပ်ငန်းခွင်လမ်းမကြီးပေါ်တွင် ပန်းနာရင်ကျပ်ရှိသော ထောင်ပိုင်ကြီးမှာ တစ်ခါလောက် လုပ်ငန်းခွင်စစ်ဆေးသည်နှင့် ရင်ကျပ်ပြီးချောင်းဆိုး သုံးလေးရက်ခန့် လဲနေတတ်ပါသည်။

ထို့ကြောင့် နောက်ပိုင်းတွင် ကျွန်တော်တို့ ထောင်ပိုင်ကြီးအား ရှေ့တန်းလုပ်ငန်းခွင်ထဲသို့ မခေါ်တော့ပါ။ တာဝန်ကျသည့် တာဝန်မှူးထောင်မှူးကသာ သွားရောက်စစ်ဆေးပြီး အစီရင်ခံစာ တင်ပေးရပါသည်။





ထို့ကြောင့်လည်း ထောင်ပိုင်ကြီးက ကျွန်တော်တို့ ထောင်မှူးများကို အလွန်အားကိုးပါသည်။

ကျွန်တော်၏ အမျိုးသမီး ဒေါ်ခင်မြကြွယ်မှာလည်း ကျွန်တော် တာဝန်ကျရာစခန်းမှာ ခရီးလမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ငှက်ဖျားမရှိသောကြောင့် မကြာခဏ ညအိပ် လာလည်တတ်ပါသည်။ ထိုအချိန်များတွင် တပည့်မှတ်ိုးများက နီးစပ်ရာရွာများမှ ဝယ်၍ချက်ရသော ကြက်၊ ဘဲများအပြင် စခန်းအနီးရှိ ချောင်းမြောင်းများမှ ဖမ်းယူရရှိသော ငါးမျိုးစုံဖြင့်လည်း ချက်ပြုတ်ဧည့်ခံတတ်ပါသည်။

စခန်းအတွင်း၌လည်း ဝန်ထမ်းများ၏ ဇနီးသည်များက အိမ်ဆိုင်ကလေးများ ဖွင့်လှစ်ထားရာ လိုအပ်သည်များကိုလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ကျွန်တော့်အနေဖြင့်လည်း ပိတ်ရက်များတွင် ဒေါ်ခင်မြကြွယ်ရှိရာ အင်းစိန်ထောင်ဝင်းနေအိမ်သို့ မကြာခဏ သွားရောက်လည်ပတ်နိုင်ပါသည်။

တစ်နေ့ မနက်ခင်းတွင် ကျွန်တော် တာဝန်မှူးကျ၍ ရှေ့တန်းသို့ သွားရောက်စစ်ဆေးနေစဉ် ရှေ့တန်းရှိ လုပ်ငန်းခွင်ဝင် ဝန်ထမ်းနှင့် ရဲဘက်များအတွက် သောက်သုံးရေ လာပို့လေ့ရှိသော ရေဘောက်ဆာကားကြီးမောင်းသူ ကားဆရာ ကိုတင်ဝင်းဆိုသူမှာ ကျွန်တော်နှင့် ရှေ့တန်းမှာနေစဉ်ကတည်းက ရင်းနှီးသူဖြစ်ပါသည်။ ထို့ကြောင့် သူက ...

"ဆရာ ... အမဲကလေးဘာလေး မလိုက်တော့ဘူးလား"

"ဟဲ ... ဟဲ ... ကိုတင်ဝင်းက နောက်နေပြန်ပြီပြီ။ ဘယ်တောရှိလို့ ဘယ်နေရာမှာ အမဲလိုက်ရမှာလဲဗျ"

"ဆရာရေ ... တောကောင်ဆိုတာက သစ်တောအုပ်ထဲမှာ နေတတ်သလို ဒီလို ကွင်းပြင်မှာလည်း နေတတ်တဲ့ တောကောင်ရှိပါတယ်ဗျာ။ ဒီဘက်ကွင်းတွေမှာတော့ လူသံဆူသံတွေကြောင့် တောကောင်တွေ အမြဲမနေတတ်ပေမယ့် ညဘက် ကျွန်တော့်တို့ သွားလာရင်း ကားမီးရောင်အောက်မှာ တောယုန်အုပ်တွေကိုတော့ မကြာခဏ မြင်ရပါတယ်။ နေ့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာသာ ချုံကောင်းကောင်းမှာ အိပ်နေကြတာမို့ မတွေ့ရတာပါ။ ကျွန်တော် ဒီနေ့ မင်းကုန်းက ရေတင်ပြီး ဒီ လေ့လော့်အင်းစခန်းတွေဘက် ထွက်လာတော့ အရင် ဝါယားကုန်းဆိုတဲ့ ရဲဘက်စခန်းဟောင်းဘက်ကို တောဝက်မအုပ် ကားလမ်းကိုဖြတ်ပြီး ဝင်သွားတာကို တွေ့လိုက်ရတယ်''

''ဝါယာကုန်းစခန်းက ဒီကနေ ဘယ်လောက်ဝေးသေးသလဲ''

''ဆရာရေ . . . သုံးလေးမိုင်လောက် ဝေးလိမ့်မယ်။ သစ်ပင်ကြီးကြီးမရှိပေမယ့် ဝါးရုံအလွန်ထူတဲ့ စခန်းပဲ။ အရင်တုန်းကတော့ ရဲဘက် (၁၀၀)လောက်ဆံ့တဲ့ ယာယီစခန်းကလေး ဖွင့်ခဲ့ဖူးတယ်။ ငှက်ဖျားကြီးပြီး ဝန်ထမ်းရော၊ ရဲဘက်ပါ အသေအပျောက်များလို့ စခန်းကို အရေးပေါ်ပိတ်သိမ်းလိုက်ရတာ။ အဲဒီစခန်းနေရာကလည်း အရင်တုန်းက ရွာသချိုင်းဟောင်းတစ်ခုလို့ သိရပါတယ်။ စခန်းအနောက်ဘက်မှာတော့ ရေစပ်စပ်ကျန်တော့ ချောင်းမြောင်းကလေးတွေ ကျန်သေးတယ်။ ဒါကြောင့် တစ်ခြားမှာ နေစရာမရှိတဲ့ တောကောင်တွေ ပျော်ကြဟန်တူပါတယ်။ ဆရာတို့ သွားပစ်ကြမလားကျွန်တော့်ကား အပြန်ကြုံနေတာပဲ။ မဝေးပါဘူး။ နောက်တစ်ခေါက် ကျွန်တော် ရေထည့်ပြီး ဒီစခန်းပြန်တော့လည်း ကားကြုံနဲ့ ပြန်လိုက်ခဲ့ရုံပါပဲ။ လမ်းလျှောက်စရာ မလိုပါဘူး''

''အမဲမလိုက်တာ ကြာတော့ လိုက်ချင်ပါရဲ့ဗျာ။ အချိန်လည်း စောပါတယ်။ ဒါပေမဲ့ ကျွန်တော့်တပည့် မုဆိုးတွေ ပါမလာတော့ စခန်းပြန်ပြီး သူတို့ကိုခေါ်ပြီးမှ သွားကြရင် ကောင်းမယ်ထင်ပါတယ်''

''ရပါတယ် . . . ဆရာရယ်။ ကားနဲ့သွားတာလာတာပဲ အပန်းမကြီးပါဘူး''

သို့နှင့် ကျွန်တော် ဦးတင်ဝင်း ရေသယ်ဘောက်ဆာကားကြီးဖြင့် စခန်းသို့ ခေတ္တပြန်ခဲ့သည်။ လိုအပ်သည်များ ယူဆောင်၍ တပည့်မုဆိုးနှစ်ဦးအား ခေါ်ဆောင်ကာ ဝါးယားကုန်းစခန်းဘက်သို့ လှမ်းခဲ့ကြပါတော့သည်။ ကားဆရာဦးတင်ဝင်းပြောသလိုပင် ဝါးယားကုန်းစခန်းမှာ ကျွန်တော်တို့ အလုပ်လုပ်နေကြသည့် လုပ်ကွက်ဖြင့် သိပ်မဝေးလှပါ။ သုံးလေးမိုင်ခန့် မောင်းပြီး





မြေလမ်းကြမ်းရောက်တော့ လက်ဝဲဘက်တွင်ရှိသည်။ ဝါးရုံပင်အုပ်ကို ကားဆရာ ကိုတင်ဝင်းက ညွှန်ပြပါသည်။

''ကဲ . . . ဆရာရေ . . . . ဟောဟိုညာဘက်က ဝါးရုံပင်အုပ်ထဲဝင်သွားရင် မလှမ်းမကမ်းမှာ တဲအိမ်ပျက် အစအနလေးတွေ တွေ့လိမ့်မယ်။ အဲဒါ ဝါးယားကုန်းစခန်းဟောင်းပဲ။ သစ်ပင်ကြီးတွေတော့ မရှိဘူးဆရာ။ တောချုံပုတ်နဲ့ ဝါးရုံပင်အုပ်လောက်သာရှိတယ်။ အနောက်ဘက် ဆက်ဆင်းရင်တော့ လျှိုမြောင်ကလေးတွေ ရှိတယ်။ ရေစပ်စပ်ရှိသေးလို့ တောကောင်တွေ အောင်းနေတတ်တယ်လို့ ကြားဖူးပါတယ်။ တောကောင်ဆိုတာကလည်း တောဝက်နှင့် ချေဆတ်၊ ယုန်လောက်ပါပဲ ဆရာ။ တစ်ခု သတိထားဖို့ကတော့ ဒီစခန်းဟောင်းက မြေအလွန်ကြမ်းတယ်နော်။ သတိထားပါ။ ကျွန်တော်လည်း မင်းကုန်းစခန်းမှာ ဘောင်ဆာထဲ ရေထည့်ပြီးတာနဲ့ တစ်ခေါက် ပြန်လာမှာပါ။ အသွားအပြန် တစ်နာရီလောက်တော့ ကြာမယ်။ ဒီနားရောက်ရင် ကျွန်တော် ဟွန်းသံပေးပါမယ်။ ဆရာတို့ အမြန်ထွက်ခဲ့ကြပါ။ ကျွန်တော်တို့ ကားသမားတွေက ဒီ ဝါးယားကုန်စခန်းကို ကြောက်လို့ ဝေးဝေးကရှောင်ကြတယ် . . . ဆရာရေ''

''ဟုတ်ပါပြီဗျာ . . . တစ်နာရီလောက်ဆို ကျွန်တော်တို့ အချိန်ရပါတယ်။ ဒီအထဲမှာ ကျွန်တော်တို့ ရှိနေတာပဲ။ ကိုတင်ဝင်း ကြောက်စရာမရှိပါဘူး။ ခင်ဗျားတွေ့ခဲ့တဲ့ တောဝက်အုပ်ကို အမိလိုက်လိုက်ဦးမယ်။ ရရင်တော့ တောကောင်သား မစားရတာ ကြာပြီဖြစ်လို့ အလွန် ဟန်ကျမှာပါပေါ့''

''ဟုတ်ကဲ့ပါ . . . ဆရာ။ ကျွန်တော် လစ်တော့မယ်''

သို့နှင့် ကျွန်တော်တို့ ဆရာတပည့် မြေလမ်းမကြီးပေါ်မှ ဖယ်ဆင်း၍ ဝါးရုံတောအတွင်းသို့ ဝင်ခဲ့ကြပါတော့သည်။ အတွင်းသို့ ဝင်လမ်းမှာ ယခင်က လူသွားလူလာ များခဲ့ဟန်ဖြင့် လမ်းမှာ ဖုံနေပါသည်။ ထိုမြေထိမ်းကလေးပေါ်တွင် ဝက်သားအုပ်မကြီးခြေရာကို ထင်ထင်ရှားရှား မြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့ လေတင်လေအောက် ရွေးချယ်ပြီး ခြေသံ လုံစေရန် သတိထား၍ ကြခတ်ဝါးရုံများအား အကာအကွယ်ယူ၍ အတွင် သို့ဝင်ခဲ့ကြပါတော့သည်။ အတွင်းစခန်း တဲအိမ်ပျက်ကလေးများအနီး၌ တောဝက်များအုပ်စုနှင့် ထိုးမွှေထားသောကြောင့် မြေများ ပွလျက်ရှိသည့် အချို့သောနေရာများတွင် လူအရိုးစုနှင့် ဦးခေါင်းခွံ၊ လက်ဖျံရိုးများကိုပင် ပေါ်၍နေပါသည်။ ကားဆရာ. ဦးတင်ဝင်းပြောသော ရွာသချိုင်းဟောင်းမြေ ဆိုသည်မှာ ဟုတ်ပုံရပါသည်။

သို့နှင့် ကျွန်တော်တို့ဆရာတပည့် တောဝက်အုပ်ကြီး၏ ခြေရာ ခြေချောင်းနှင့် လမ်းတစ်လျှောက်လုံး ထိုးမွှေသွားသော အရာများကို ကြည့် ရှု၍ လိုက်ခဲ့ကြပါတော့သည်။ ရွာကုန်းဟောင်းဆုံးသောအခါ အနောက်ဘက် တွင် တဖြည်းဖြည်း နိမ့်လျှောပြီး မတ်စောက်သည့် လျှိုကြီးကို တွေ့ရသည်။ လျှိုမှာ ကျယ်ဝန်းခြင်း မရှိသော်လည်း ကြွက်နွယ်ချုံ၊ ဒိုးချုံနှင့် ကြိမ်ချုံများ ဖုံးအုပ်နေသောကြောင့် အတွင်းသို့ မမြင်ရပါ။ သို့သော် ရေစီးသံ သဲ့သဲ့ကို ကြားနေရပါသည်။ ကျွန်တော်တို့ ဆရာတပည့်များ အောက်သို့ဆင်းသည့် မှဆိုးလမ်းအရောက် လမ်းကလေးအတိုင်း အောက်သို့ နွယ်ပင်နှင့် သစ်ပင် ပေါက်ကလေးများအား နို၍ ဆင်းခဲ့ကြပါသည်။ ထိုအချိန်တွင် ခပ်လှမ်းလှမ်း နေရာမှ . . .

"ဂူး ဂဲ အစ် . . . အစ် . . . ဗွမ်း . . . ဗွမ်း"

ဟူသော အသံများကို ကြားရပါသည်။ ထို့ကြောင့် လျှိုအောက် သို့ အ်လျင်ဆင်း၍ ရောက်နှင့်သော ကျွန်တော်က တပည့်မုဆိုးနှစ်ဦး အား သင့်ရာတွင် ထားရစ်ခဲ့ပြီး တစ်ဦးတည်း အကာအကွယ်ယူ၍ အော်သံများကြားရပြီး တဖြည်းဖြည်း လှမ်း၍မြင်ရသည်မှာ ကမ်းပါးပေါ်တွင် ပေါက်သည့် ကမ်းနစ်ဖက် လက်ချင်းယှက်သလို ယှဉ်တွဲပေါက်ရောက် သည့် ဝါးရုံပင်အရိပ်အောက်ရှိ ရေအိုင်ကလေးအတွင်း၌ တောဝက်မ ကြီး ပျော်မြူးရင်း ရေကစားနေကြခြင်း ဖြစ်ပါသည်။ တောဝက်မကြီး အချိန် လေးငါးဆယ်ခန့်ရှိသော်လည်း တောဝက်ကလေးများမှာ တစ်ကော





လျှင် (၁၀)ပိဿာခန့်ဆီလောက်သာ ရှိသော ဝက်ဖျန်းကလေးများ ဖြစ်ကြ ပါသည်။ သားမကွဲတစ်ကွဲအရွယ်များ ဖြစ်ကြပါသည်။

ကျွန်တော့်အနေဖြင့် တောဝက်ပေါက်ကလေးများနှင့် သားသည် အမေကြီးကို မည်သို့ပစ်ခတ်ရမည်ကို မစဉ်းစားတတ်အောင်ဖြစ်သွားရသည်။ စခန်းက ထွက်လာစဉ်တုန်းကတော့ တောကောင်သံကြားသည်နှင့် မပစ်ခတ် ရသည်မှာ ကြာပြီဖြစ်သောကြောင့် မည်သို့မျှ စဉ်းစားခြင်းမပြုဘဲ တောကောင် ရလျှင်ပြီးရောဟူသော သဘောဖြင့် ထွက်ခဲ့ခြင်းဖြစ်ပါသည်။

တကယ်တမ်း ဆုံပေတော့လည်း တောဝက်သားအုပ်အမိဟု မည် သို့ စတင်ပစ်ခတ်ရမှန်း မဆုံးဖြတ်တတ်တော့ပါ။ ထို့ကြောင့် တွေဝေဝေးမော နေမိရင်း တောဝက်မကြီးမှာ လှုန့်ရသည့်ဟန်ဖြင့် 'တဂူးဂူး' အော်ဟစ်ပြီး ၎င်း၏ ဝက်ပေါက်ကလေးများအား အချက်ပေး၍ ခေါ်ယူနေစဉ် မည်သည့် နေရာမှ ပေါ်ထွက်လာမှန်းမသိသော တောဝက်သိုးကြီးတစ်ကောင်မှ လျှို အဖျားဘက်မှ ပြေးဆင်းလာသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရပါသည်။ ကျွန်တော် ရောက်ရှိနေသော နေရာမှာ လျှိုအတွင်းဖြစ်သောကြောင့် ရှောင် ရှားစရာ နေရာလည်း မရှိပါ။ ထို့ကြောင့် အန္တရာယ်ရှိသော တောဝက်သိုးကြီး ကို လက်ဦးမှုရယူ၍ အလျင်အမြန် ပစ်ခတ်ရပါတော့သည်။

တောဝက်သိုးကြီးမှာ ဦးခေါင်းကိုမှန်၍ ယိုင်အလဲ၌ပင် တောဝက်မ ကြီးက ကျွန်တော့်ဘက်သို့ လှည့်၍ ပြေးလာပြန်သဖြင့် နောက်တစ်ဆင့် ထပ်မံ၍ ပစ်ရပြန်ပါသည်။

"ဒိုင်း . . . . ဒိုင်း . . ."

ထိုအခါတွင်မှ တပည့်များအား လက်ပြသောကြောင့် တပည့် မုဆိုးနှစ်ဦး အပြေးလာကြပြီး လျှိုတစ်လျှောက် ပြေးကြသော ဝက်ပေါက် ကလေးများနောက်သို့ လိုက်ကြတော့သည်။ တောဝက်ပေါက်ကလေးများမှာ ဝက်ဖျန်းအရွယ် ဖြစ်သော်လည်း အိမ်မွေးဝက်များဖြင့် မတူပါ။ တောသူငါ များပီပီ လွန်စွာ လျင်မြန်ကြပါသည်။ သို့သော် ကျွန်တော်၏တပည့် ရဲဘက် မုဆိုးများကလည်း လူသားများပီပီ လွန်စွာပါးနပ်ကြပါသည်။

www.burmeseclassic.com



ထို့ကြောင့် ဝက်ပေါက်ကလေး ငါးကောင်တွင် သုံးကောင်လွတ်သွားပြီး နှစ်ကောင်ကို ရရှိလိုက်ပါတော့သည်။ တောဝက်သိုးကြီးနှင့် တောဝက်မတစ်ကောင်၊ ဝက်ဖျန်းပေါက်ကလေး နှစ်ကောင်ရသောကြောင့် ကျွန်တော်တို့ စခန်းတစ်ခုလုံး ညနေစာအဖြစ် ကျွေးမွေးရန် လုံလောက်ပါသည်။ သို့သော် တောဝက်သိုးကြီး တောဝက်မကြီးတို့အား လှိုကမ်းပါးထိပ်သို့ သယ်ဆောင်ယူဆောင်ရန် မလွယ်ကူပါ။

ထို့ကြောင့် နွယ်ကြိုးများရှာပြီး အပေါ်က ဆွဲသူကဆွဲ၊ အောက်က ပင့်သူကပင့်နဲ့ အတော် အလုပ်များကြသည်။ ဝက်ပေါက်ကလေးများကိုတော့ တပည့်နှစ်ဦးက ထမ်း၍ တင်ကြပါသည်။ ထိုသို့ကမ်းပါးမှာ ကားလမ်းဖြင့်နီးရာ ငါးရုံရိပ်သို့ထမ်း၍ ထပ်မံရွှေ့ရပြန်ပါသည်။ တပည့်များ အခေါက်ခေါက် အခါခါထမ်း၍ ထပ်မံ ရွှေ့ရပြန်ပါသည်။ တပည့်များ အခေါက်ခေါက် အခါခါထမ်း၍ ရွှေ့ကြပြီး ကျွန်တော်က သေနတ်ထမ်း၍ စောင့်နေရသည်။ မှုဆိုးတပည့်များမှာ ဗလတောင့်သူများ ဖြစ်ကြသော်လည်း ဝက်သိုးကြီးနဲ့ ဝက်မကြီးကိုတော့ တစ်ဦးတည်းထမ်း၍ မပြန်နိုင်ကြပါ။ ခြေလက်တို့အား ဝက်တုပ်ချည်နှောင်ပြီး ရှေ့နောက် နှစ်ဦးထမ်းရခြင်း ဖြစ်ပါသည်။ ဝက်ပေါက်ကလေးများကိုတော့ တစ်ယောက်တစ်ကောင်စီ၊ တစ်ခေါက်တည်း ထမ်းနိုင်ကြပါသည်။

ကျွန်တော်တို့ ကားလမ်းအနီးရှိ ငါးရုံပင်ရိပ်၌ ဦးတင်ဝင်း၏ ရေကားကြီးအားစောင့်ရင်း နားနေကြစဉ် လေပွေတိုက်လာပြီး လေကန်တော့ကလေးမှာ ငါးရုံပင်ရိပ် မြေပြင်ပေါ်တွင် စုပုံ၍ချထားသော ဝက်သေများအား လှည့်ပတ်၍ တိုက်နေသည်။ လေကန်တော့ကလေးမှာ တိုက်ခတ်နေစဉ်အတွင်း သေးရာမှ တဖြည်းဖြည်း ကြီးလာပါသည်။ ထိုအချင်းအရာကို မြင်သော မှုဆိုးတပည့် အောင်သန်းနဲ့ တင်ဆောင်းတို့က တောသူတောင်သားများပီပီ သဘောပေါက်ဟန်ဖြင့် ပတ်လည်မွှေ့နေသော တဖြည်းဖြည်း ကြီးလာသည့် လေကန်တော့ကို ဝက်များအား လှို၍ထမ်းလာသည့် ငါးစိမ်းတုတ်များဖြင့်





လိုက်၍ ရိုက်ကြတော့သည်။ ထိုအခါတွင် ‘တဖောင်းဖောင်း’ မြည်သံများ ကြားရသည်။ လေကန်တော့မှာ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။

အံ့ဩနေသော ကျွန်တော်က . . .

‘‘ဟကောင်တွေ . . . ဘာဖြစ်တာလဲဟ’’

‘‘တောစီးတာ ဆရာ’’

ထိုအခါမှ သဘောပေါက်သော ကျွန်တော်က . . .

‘‘အေးကွာ . . . သူတို့လည်း စားချင်သောက်ချင်မှာပေါ့။ မင်းတို့ မှုဆိုးထုံးစံအတိုင်း ဝက်သေတွေရဲ့ နားရွက်ဖျား၊ အမြီးဖျား၊ နှာဖျား၊ လျှာဖျားတွေ တင်မြှောက်လိုက်ပေါ့။ ဒါကြောင့်လည်း ကားဆရာ၊ ကိုတင်ဝင်းက ဒီ ငါးယားကုန်းစခန်းက မြေကြမ်းတယ်လို့ အစောပိုင်းက သတိပေးခဲ့တာကိုး’’

ကျွန်တော် ပြောသည့်အတိုင်း တပည့်များက မှုဆိုးထုံးစံအတိုင်း ပြုလုပ်နေကြစဉ် ခပ်လှမ်းလှမ်းဆီက ဟီးနိုးကားဟွန်းသံကြီးကို ကြားရပါသည်။

‘‘ပွမ် . . . ပွမ် . . . ပွမ် . . .’’

ထို့ကြောင့် ကျွန်တော် ကားလမ်းမဘက်ထွက်၍ လက်ပြရာ ကိုတင်ဝင်း၏ ရေသယ်ဘောင်စာကားကြီး ကျွန်တော့်အနီးတွင် ဆိုက်ကပ်လာပါသည်။

‘‘ဆရာ . . . . အဆင်ပြေရဲ့လား’’

‘‘ပြေပါ့ဗျာ . . . ခင်ဗျားပြောတဲ့ တောဝက်မကြီးအပြင် တောဝက်သိုးကြီးတစ်ကောင်ပါ ရတယ်။ အဲဒါအပြင် ဝက်ပေါက်နှစ်ကောင်ကိုလည်း ရတယ်။ ကျွန်တော်တို့ စခန်းအတွက်တော့ ဖူလုံသွားပြီ’’

‘‘ဘယ်က ဝက်သိုးကြီးက ရောက်လာတာလဲ ဆရာ’’

‘‘ကုန်းပေါ်မှာ မိတာမဟုတ်ဘူး။ လျှိုထဲမှာ ရုတ်တရက်ရောက်လာပြီး ပစ်လို့ရတာ။ လျှိုထဲမှာလည်း ရှောင်စရာလမ်းမရှိတော့ ချက်ကောင်းမှန်လို့ ရတယ်ဆိုပါတော့’’



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကားပေါ်တင်ပြီး စခန်းကိုပြန်ကြစို့"

သို့နှင့် ကျွန်တော်တို့ တောဝက်အသေကောင်များအား ရေသယ်ကားကြီး၏ အလယ်ဖက်ပေါ်တွင် တင်ဆောင်ပြီး စခန်းသို့ ပြန်ခဲ့ကြပါတော့သည်။ စခန်းသို့ရောက်သည်နှင့် တပည့်မှုဆိုးများက တောဝက်ကောင်ကြီးများအား ဝန့်ထမ်းနှင့် ရဲဘက်ဖိုကြီးတို့ကိုအပ်ပြီး ညနေစာအတွက် စခန်းတစ်ခုလုံးအား ကျွေးမွေးရန် စီစဉ်သလို ကျွန်တော်တို့ ထောင်မှူးများအတွက်တော့ တောဝက်ပေါက်နှစ်ကောင်၏ ဝမ်းတွင်းကလီစာဟင်းများ၊ ခေါင်းသုတ်နှင့် ခြေလက်စွပ်ပြုတ်များအား ချက်ပြုတ်နေကြပါတော့သည်၊ နေ့လယ်စာကိုတော့ မမီတော့ပါ။ ကားဆရာ ကိုတင်ဝင်းမှ တောဝက်သား မစားရသည်မှာ ကြာပြီဟုဆိုကာ တတိယအခေါက် ရေသယ်ရင်း ညနေစာကို စောင့်၍ စားသွားပါသေးသည်။

ပန်းနာရင်ကျပ်သမား ထောင်ပိုင်ကြီးကလည်း ထိုညက ဝက်ပေါက်ကလေးများအသားဖြင့် ထမင်းမြိန်စွာစားသုံးပြီး ညအိပ်ခါနီးတွင် ပန်းနာရင်ကျပ်ချောင်းဆိုးပြီး အသက်ရှုကျပ်နေသောကြောင့် ညောင်ကုန်းကျေးရွာမှ ဆရာဝန်ကို ကားဖြင့်သွားပင့်ရပြီး အရေးပေါ် ကုသပေးရပါသည်။ ထိုညက စခန်းတစ်ခုလုံး တောဝက်သားဟင်းဖြင့် ထမင်းစားရသောကြောင့် ကျေနပ်နှစ်သိမ့်နေကြပါသည်။

ကျွန်တော်တို့ စခန်းမှာ တောနှင့်လည်း ဝေးပြီ၊ မြို့နှင့်လည်း မနီးသောကြောင့် အစားအသောက်အတွက် ချက်ပြုတ်ရန် ဟင်းသီး၊ ဟင်းရွက်နှင့် သားငါး ရှားပါးပါသည်။ ရိက္ခာစိုအနေဖြင့် ဘဲဥနှင့် အမဲသား (သို့) ဆိတ်သွပ်ဗူးများသာ စားရခြင်းဖြစ်ပါသည်။ အမဲသား ဟူရာ၌လည်း အသားကောင်းကောင်း စားရခြင်းမဟုတ်ပါ။ အသက်ကြီးသော နွားပိန်သားကိုဖော်၍ ကျွေးခြင်းဖြစ်သောကြောင့် ကိုက်ဝါးမရသော အရွတ်က များပါသည်။ ကျွန်တော်ကတော့ အမဲသားမစားသောကြောင့် တတ်လုံးခေါ် ဘဲဥဖြင့်သာ နှစ်ပါးသွားရသည်က များပါသည်။

❁ ❁ ❁

❑

နောက်တစ်ပတ်တွင် အမိန့်စာတစ်ခု ရောက်လာပြန်ပါသည်။ ကျွန်တော်နှ လေ့လော့်အင်း ခြေကျင်းစခန်းသို့ ပြောင်းရွှေ့ရောက်ရှိပြီး (၆)လခန့်အကြာလောက်တွင် ဖြစ်ပါသည်။ ကျွန်တော့်အား ရိုးမ (၂)စခန်းကို ယာယီပြောင်းရွှေ့ပြီး တောင်ငူထောင်သို့ မန္တလေးအထက် အညာဘက်မှ ပေးပို့လာသော ရဲဘက်များအား ကြိုပြီး တောင်ငူထောင်မှတစ်ဆင့် ရိုးမ(၂)စခန်းသို့ ပို့ပေးရမည့် ကြိုပို့လုံခြုံရေး တာဝန်ခံဖြစ်ပါသည်။

ခြေကျင်းစခန်း(၃)တွင် အနေကြာလာတော့လည်း ပျင်းရိညည်းငွေ့ပါသည်။ မနီးမဝေးတွင်ရှိသည့် ညောင်ကုန်းနှင့် ကြို့ကုန်းဟူသော ရွာများကလည်း အတွင်းဖြတ်လမ်းမှသွားလျှင် သုံးမိုင်ကျော်ဝေးသောကြောင့် တစ်နာရီခန့် လျှောက်ရပါသည်။ အနီးတွင်ရှိသည်ဟုဆိုသော လေ့လော့်အင်းရဲဘက်စခန်းများကလည်း ကားဖြင့်သွားလျှင် မဝေးလှသော်လည်း ခြေလျင်ခရီးသွားပါက အတော်လျှောက်ရပါသည်။ ရွာများနှင့်လည်း နီးသောစခန်းများ မဟုတ်ပါ။ ထို့ကြောင့် ခရီးသွားခြင်းကို ဝါသနာပါ၍ ခြေဖဝါးတွင် မွေးပါသော ကျွန်တော့်အတွက် ထွက်ပေါက်တစ်ခုဖြစ်ပါသည်။ သို့သော် ယာယီတာဝန်ဖြင့် တောင်ငူထောင်တွင် စတည်းချ နေရမည်ဖြစ်သောကြောင့် တပည့်မှုဆိုးများကိုတော့ ခေါ်ဆောင်ခြင်း မပြုနိုင်တော့ပါ။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



တပည့်မှဆိုးများမှ ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်း ဖောက်လုပ်မည့် စခန်းများတွင် ကျွန်တော် ပြောင်းရွှေ့သည့် နေရာတိုင်းကို အတူလိုက်ပါပြောင်းရွှေ့ပြီး လိုအပ်သလို လုပ်ကျွေးပြုစုကြသူများ ဖြစ်ကြပါသည်။ လွတ်ရက်လည်း နီးကြသူများဖြစ်ကြပါသည်။ ရန်ဖြစ်ပြီး ဓားခုတ်မှုကြောင့် သုံးနှစ်စီ ထောင်ကျလာရာ ချုပ်ရက်၊ ထောင်နေသားနှင့် စခန်းလုပ်သက်များပေါင်းပြီး လျှော့ရက်စနစ်ဖြင့် တွက်ချက်ပါက မကြာမီ လွတ်မြောက်ကြတော့မည် ဖြစ်ပါသည်။

သို့သော်လည်း သူတို့နှစ်ဦးက သူတို့ လွတ်မြောက်ကြလျှင်လည်း ကျွန်တော် တာဝန်ထမ်းဆောင်ချိန် နှစ်မပြည့်သေး၍ ရှိနေသေးပါက ကျွန်တော် မိခင်ဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်အထိ ပြုစုလုပ်ကျွေးသွားကြမည်ဟု ရည်ရွယ်ထားသူများ ဖြစ်ကြပါသည်။ တောတွင်းမှဆိုး အလုပ်ဆိုသည်မှာ တစ်ဦးကိုတစ်ဦး ယုံကြည်မှုရှိရမည်ဖြစ်ပြီး အသက်ပေး၍ ကတိသစ္စာမြဲစွာ တစ်ဦးနှင့်တစ်ဦး ကာကွယ်ကြရမည်ဖြစ်သောကြောင့် ညီရင်းအစ်ကိုလို ချစ်ခင်ကြမည်ဆိုသည်မှာ မမှားပါ။ လက်တွေ့ဘဝ၌လည်း ကျွန်တော်တို့ အချင်းချင်း တစ်ဦးကိုတစ်ဦး စောင့်ရှောက်ကူညီကယ်တင်ခဲ့ကြရသည့် အကြိမ်ပေါင်း အတော်များသည် ဖြစ်ပါသည်။

ကျွန်တော်တို့ ဆရာတပည့်များ တစ်ဦးနှင့်တစ်ဦး မခွဲမခွာ အတူနေလာခဲ့ကြသည်မှာ ရန်ကုန်–မန္တလေး စခန်းများတွင် တစ်နှစ်ခွဲခန့်ရှိပါသည်။ အခုမှ ကျွန်တော် တစ်ဦးတည်း ယာယီပြောင်းရွှေ့ ခရီးထွက်သောအခါတွင် တပည့်ကျော် မုဆိုးနှစ်ဦး၊ ကျန်ခဲ့မည်ဖြစ်သောကြောင့် မနေတတ်မထိုင်တတ် မဖြစ်စေရန်အတွက် ကျွန်တော့်လက်အောက်မှာ ရိက္ခာကိုဒေါင်စောင့် တပ်ကြပ်ကြီးအား မှာခဲ့ပြီး ရိက္ခာကိုဒေါင်လုပ်ငန်းတွင် အလုပ်ပေးထားရန် အပ်နှံခဲ့ရပါသည်။

နောက်တစ်နေ့တွင် ဟီးနိုးကားသစ်ကြီးနှစ်စီးဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရန်အတွက် လက်နက်ကိုင်တပ်သား (၂၀)ယောက်နှင့်အတူ





ကျွန်တော်တို့အဖွဲ့ တောင်ငူထောင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ခရီးထွက်ခဲ့ကြပါတော့သည်။

ထိုအချိန်က တောင်ငူအကျဉ်းထောင်တာဝန်ခံ ထောင်ပိုင်မှာ နှုတ်ခမ်းမွှေးဦးသိန်းမြင့်ဆိုသူဖြစ်သည်။ ကျွန်တော် ရန်ကုန်–မန္တလေး လမ်းသုံးတာန်ကူးစခန်းကို ဆောက်လုပ်ပြီး စခန်းတာဝန်ခံ ထောင်မှူးကြီးအဖြစ် အုပ်ချုပ်သူမှာ နာမည်တူ ဦးသိန်းမြင့်ပဲ ဖြစ်ပါသည်။ သို့သော် သူက နှုတ်ခမ်းမွှေး မရှိ ဝ၍ ဗိုက်ရွှဲသည်။ ထို့ကြောင့် အကျဉ်းဦးစီးဌာနတွင် ထိုသို့ နာမည်တူသူများကို ခန္ဓာကိုယ်ထူးခြားချက်အရ အနွတ္ထနာမည်များ ပေးလေ့ရှိရာ ဤသို့ပင် နာမည်တူပါက ခွဲခြား၍ ခေါ်လေ့ရှိပါသည်။

မောင်မောင်ဟူသော အမည်များလည်း အကျဉ်းဦးစီးလောကတွင် ပေါများသောကြောင့် စာရေးဆရာဖြစ်သူ ဦးရန်အောင်မောင်မောင်၊ မျက်မှန်တပ်သည့် ရွှေကိုင်းမောင်မောင်၊ ခြင်းခတ်သူ ခြင်းမောင်မောင်နှင့် စကားပြောလျှင် သူ့ကိုယ်သူ ဂုဏ်တင်၍ ပြောလေ့ရှိသူကိုတော့ မင်္ဂလာမောင်မောင်ဟူ၍ ကင်ပွန်းတပ်သေးပါသည်။ ထိုသို့ အနွတ္ထဝိဟာရ နာမည်ပြောင်များ တပ်ထားခြင်းအတွက်လည်း အားလုံးက တညီတညွတ်တည်း ခေါ်ဆိုကြသလို အခေါ်ခံရသူကလည်း ၎င်းနာမည်ပြောင်အတွက် စိတ်မဆိုးကြပါ။ လက်သင့်ခံကြပါသည်။

တောင်ငူထောင်တွင် ထောင်ပိုင်နှုတ်ခမ်းမွှေး ဦးသိန်းမြင့်က ကျွန်တော်နှင့် ဝန်ထမ်းအဖွဲ့အား ရေနံရေဝနေသော ပျဉ်ထောင်ညှပ်ဂေဟာ အဆောက်အအုံ အဆောင်းကြီးတစ်ခုတွင် နေရာချထားပေးပါသည်။ စားသောက်ရန်ကိစ္စကိုတော့ အကျဉ်းထောင် ရဲဘက်ဗိုကြီးက သီးခြားချက်ပြုတ်ပြီး ပြင်ဆင်ကျွေးမွေးပါသည်။ ထမင်းဟင်းများကို ထောင်တွင်းရှိ ရဲဘက်ဗိုကြီးက ချက်ပြုတ်ပြင်ဆင်ကျွေးမွေးသည်ဟု ဆိုသော်လည်း ထောင်ပိုင်ဦးသိန်းမြင့်၏ အစီအစဉ်ကောင်းမှုကြောင့် ထမင်းနှင့်ဟင်းလျာများ ပြည့်စုံကောင်းမွန်ပါသည်။ ဝန်ထမ်းများလည်း ကျေနပ်နှစ်သိမ့်ကြပါသည်။ ကျွန်တော်တို့အဖွဲ့

www.burmeseclassic.com



မှာ ရဲဘက်များအား ကြိုရခြင်း၊ အကျဉ်းထောင်တွင် နေရာချထားပြီးနောက် ရိုးမ(၂)ဟူသော ညောင်လေးပင်မြို့ဘက်ရှိ ရိုးမတောင်ပေါ်စခန်းသို့ ကားများဖြင့် ပို့ပေးရခြင်း ဖြစ်ပါသည်။

တောင်ငူမြို့နှင့် ညောင်လေးပင်မြို့မှာ မဝေးလှသော်လည်း ညောင်လေးပင်အလွန် 'ဖတို' ဟူသော တောမြို့ကလေး လမ်းအတိုင်း ပဲခူးရိုးမတောင်ခြေ (ခလရ – ၆၆)တပ်စခန်းအနီးမှ ရဲနွယ်ချောင်းအား ဖြတ်ကျော်ပြီး အကျဉ်းဦးစီးဌာနမှ ရိက္ခာများ ယာယီသိုလှောင်ထားရာ ရိက္ခာထောက်စခန်းကလေးတွင် ခေတ္တနားကြရပြီး ထိုတွင် နေ့လယ်စာ စားကြရသည်။ ထိုမှတစ်ဆင့် တောင်တက်လမ်းဖြစ်သည်။

အချို့နေရာများတွင် တောင်ကြီးမှာ အတော်မတ်စောက်မြင့်မားသည်။ ရဲနွယ်ချောင်းဖြင့် ယှဉ်ပြီး တောင်ပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ရသည်။ မြန်မာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်း လုပ်ကြံခံရပြီး ကျဆုံးရာ နေရာဌာနလည်း ဖြစ်ပါသည်။ တစ်ခုသော ရဲနွယ်ချောင်းကမ်းပါးပေါ်တွင် သခင်သန်းထွန်းအုတ်ဂူကိုလည်း မပြုမပြင်ဘဲ ထားသောကြောင့် ရေညှိတက်နေသော အထိမ်းအမှတ်နေရာ ဂူသချိုင်းကိုလည်း မြင်တွေ့နိုင်ပါသည်။

တကယ်တမ်းဆိုရလျှင် ထိုစဉ်အခါက တောင်ပေါ် (၁၄)ရွာဟူသော တောင်ပေါ်ကရင်ရွာများကို မြန်မာပြည် ကွန်မြူနစ်ပါတီအဖွဲ့ဝင်များ အားကိုးအားထား မပြုနိုင်စေရန်အတွက် မြန်မာ့တပ်မတော်က ကရင်ရွာ (၁၄)ရွာအား 'ဖတို' မြို့အဝင် နေရာတစ်ခုတွင် နေထိုင်ကြရန် သွပ်မိုး၊ ပျဉ်ထောင်အိမ်များ၊ မူလတန်းကျောင်းများ ဆောက်လုပ်ပေးပြီး ပြောင်းရွှေ့ရန် ထိုင်စေသော်ငြားလည်း တောင်ပေါ်သားများပီပီ မြေပြန့်တွင် မနေထိုင်တတ်ကြဘဲ တောင်ပေါ်သို့ ပြန်လည်တက်ကြပြီး နေထိုင်ကြပြန်သဖြင့် ဒုတိယတောင်ပေါ် (၁၄)ရွာစခန်းဖြစ်၍ နေပြန်သည်။

ကျွန်တော်တို့ တောင်ငူထောင်မှ ရဲဘက်များအား ပို့ပေးရသည့် ရိုးမ(၂) ရဲဘက်စခန်းများမှ တောင်ပေါ် (၁၄)ရွာစခန်းနှင့် မနီးမဝေးတွင်ရှိ





ပါသည်။ ထိုစဉ်အချိန်အခါက သခင်သန်းထွန်း ကျဆုံးသွားသော်လည်း မြန်မာပြည် ကွန်မြူနစ်ပါတီဝင်များမှာ နစ်နီ၊ နစ်ဖြူ (၂)စုကွဲ၍ သောင်းကျန်းနေသူများလည်း ရှိသည်။ အလင်းဝင်သူများလည်း ရှိပါသည်။

ထို့ကြောင့် ရိုးမ (၂) ရဲဘက်စခန်းမှာ သောင်းကျန်းသူများ၏ အန္တရာယ်ဖြင့် အလွန်တရာနီးစပ်ပြီး လွန်စွာတောနက်သောကြောင့် တောကောင်ကြီးများ၏ အန္တရာယ်ဖြင့်လည်း မကြာခဏ တွေ့ဆုံရင်ဆိုင်ရသော စခန်းကြီး ဖြစ်ပါသည်။ တောနက်ကြီးအတွင်းမှ စခန်းကြီးဖြစ်သောကြောင့် ငှက်ဖျားအန္တရာယ်က အလွန်ဆိုးရွားပါသည်။

လူအင်အားများပြီး လုံခြုံရေးအင်အား ကောင်းမွန်သောကြောင့် တောကောင်အန္တရာယ်နှင့် သောင်းကျန်းသူများ အန္တရာယ်ကတော့ စိုးရိမ်စရာမရှိပါ။ စခန်းအနီးတွင်လည်း လုံထိန်းရဲတပ်ရင်းက အဆင်သင့်ရှိနေပါသည်။ ကျွန်တော်တို့တာဝန်မှာ မနက်ပိုင်း တောင်ငူထောင်အတွင်းမှ ရဲဘက်များကိုထုတ်၍ ရိုးမ(၂) ရဲဘက်စခန်းသို့ ပို့ပေးရခြင်းဖြစ်ရာ တစ်ခါတစ်ရံ လမ်းခရီးတွင် အခက်အခဲရှိပါက စခန်းသို့ မိုးချုပ်မှ ရောက်တတ်ပါသည်။

ထိုသို့ နောက်ကျသော အခါများတွင် ရိုးမ(၂)စခန်း၌ ညစာစားသောက်ကြရပြီး ညအိပ်ရပါသေးသည်။ နောက်နေ့များတွင် ရဲဘက်ပို့ရန်ကိစ္စမရှိပါကလည်း အဖွဲ့ခေါင်းဆောင် ကျွန်တော်က ကျွန်တော့်လက်အောက်ဝန်ထမ်းများအား ရိုးမ (၂) စခန်းတွင် အနားယူစေပြီး ကျွန်တော်ကတော့ ရိုးမ(၂)စခန်းမှ ထောင်မှူးမှူးဆိုး ဦးညာဏ်ကြီးနှင့် ဒေသခံမုဆိုး ကိုသိန်းအောင်တို့နှင့်အတူ အမဲလိုက်လေ့ရှိပါသည်။ ထိုဒေသမှာ ရေဝင်ရေလွှဲ အမြဲစိမ်းလန်းသော သစ်တောကြီးများဖြင့် လွန်စွာတောနက်ပြီး ရှုပ်ထွေးပါသည်။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့သော သုံးတန်ကူးစခန်းနှင့် သျှော်တုန်းစခန်းများကို ရိုးမအမှတ်(၁)စခန်းဟု ခေါ်ဆိုပြီး ယခုစခန်းကိုတော့ ရိုးမ(၂)စခန်းဟု ခေါ်ဆိုပါသည်။

ရိုးမ (၂) စခန်းမှာ ပဲခူးရိုးမတောင်ကျောအလယ် အလွန်တရာ နက်ရှိုင်းလှသော တောကြီးအတွင်း၌ ရှိသောကြောင့် ကျား၊ ဆင်နှင့် ဝံများ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပေါ်များပါသည်။ ထိုစခန်းမှ ထောင်မှူးမုဆိုး ပြောပြသည်မှာ နွေရာသီ ပူပြင်းသော နေ့တစ်နေ့တွင် သူတို့မုဆိုးအဖွဲ့ အမဲလည်ကြရင်း အလွန်ပူပြင်းသောကြောင့် အရိပ်အလွန်ကောင်းသော ညောင်မုတ်ဆိတ်ပင် တစ်ပင်၏ အရိပ်အောက်သို့ နားခိုရန် အပြေးအဝင်တွင် သူတို့ထက်စော၍ အလျင်ရောက်ရှိနားခိုနေသော ဆင်ရိုင်းအုပ်ကြီးဖြင့် တိုးတော့သည်။

ထိုအခါ ဆင်ရိုင်းများကလည်း လန့်၍အထ သူတို့မုဆိုးများကလည်း လန့်၍ပစ်ရာ ဆင်တစ်ကောင်အား ထိ၍သွားသည်။ တောလိုက်မုဆိုးဥပဒေတွင် ဆင်ရိုင်းများအား လိုင်စင်မရှိဘဲ ပစ်သတ်ပိုင်ခွင့်မရှိသည်ကိုလည်း သူတို့မုဆိုးအဖွဲ့က သိပါသည်။ သို့သော် အသက်အန္တရာယ်ကြောင့် ရုတ်တရက် ပစ်ခတ်မိခြင်းသာဖြစ်ပါသည်။ ဆင်ရိုင်းအုပ်ကြီးမှာ မုဆိုးအဖွဲ့ကို ရန်မူခြင်းမရှိဘဲ ဒဏ်ရာရသောဆင်တစ်ကောင်အား အခြားဆင်နှစ်ကောင်ကတွဲပြီး ဆင်အုပ်ခေါင်းဆောင် စွယ်စုံဆင်ကြီး၏ ဦးဆောင်ရာသို့ လိုက်ပါသွားကြပါသည်။

စခန်းမုဆိုးအဖွဲ့မှာ ဆင်များသေလျှင် ဆင်သချိုင်းသို့ အရောက်သွားပြီးမှ သေလေ့ရှိကြောင်း ကြားဖူးနားဝရှိသဖြင့် ဆင်သချိုင်းကို တွေ့ရပါက အဖိုးတန်သော ဆင်စွယ်များကို ရလိမ့်မည်ဟု ယုံကြည်ကြသောကြောင့် နောက်က ဆင်အုပ်ကြီးကို ခြေရာခံပြီး မျက်ခြေမပြတ် လိုက်ခဲ့ကြပါသည်။ ထိုနေ့က တောင်(၇)လုံးခန့်ကျော်တော့ နေဝင်လုပြီဖြစ်သည်။ ထိုအခါမှ လောဘဇော်ဖြင့် လိုက်ခဲ့ကြသော မုဆိုးအဖွဲ့မှာ နေ့လယ်စာပင် မစားရကြသေးကြောင်း သတိရကြသည်။ သို့သော် ဆင်အုပ်ကြီးကတော့ ချောင်းတွေ့လျှင် ရေချိုး၊ ရေသောက်ပြီး စခန်းချနားမနေဘဲ ဆက်လက်ခရီးနှင်ဆဲပဲဖြစ်ပါသည်။

ထို့ကြောင့် မုဆိုးအဖွဲ့မှာ ဆက်လက်၍ မလိုက်ရဲကြတော့ဘဲ လောဘကိုသတ်၍ တောတိုးပြီး ပြန်ခဲ့ကြရာ နောက်တစ်နေ့မနက် မိုးလင်းခါနီးမှ ရှီးမ (၂) စခန်းသို့ ပြန်လည်ရောက်ရှိကြောင်း ပြောပြသည်။ တောလမ်း၊ တောင်လမ်း ကျွမ်းကျင်သော ဒေသခံမုဆိုးပါသောကြောင့် အန္တရာယ်ကင်း





ဘေးရှင်းပြီး လမ်းမမှားဘဲ ရှီးမ(၂)စခန်းသို့ ပြန်ရောက်ကြခြင်းဖြစ်ကြောင်း ပြောပြကြသည်။ ထိုအချိန်မှစ၍ စခန်းမုဆိုးအဖွဲ့မှာ တောဆင်အုပ်ကို ဝေးဝေးကပင် ရှောင်ကြဉ်ကြကြောင်း၊ သိရှိရပါသည်။

ထိုတစ်နေ့က ကျွန်တော် ထောင်မှူးမုဆိုး ဦးညဏ်ကြီးနှင့် ဒေသခံမုဆိုးကိုသိန်းအောင်တို့ ရှီးမ(၂)စခန်းတောအတွင်းသို့ တောလည်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့စခန်းမှ ထွက်ခွာပြီး လျှိုတစ်ခုကိုဆင်းပြီး တောင်တစ်လုံးကို ကျော်သည်နှင့် ဒေသခံမုဆိုးကိုသိန်းအောင်က ၎င်းတို့ဆင်အုပ်ကြီးနှင့် ကြုံဆုံခဲ့သော ညောင်မုတ်ဆိတ်ပင်ကြီးကို ပြပါသည်။ ညောင်မုတ်ဆိတ်ပင်ကြီး၏ ပင်စည်ကြီးမှာ လူကြီး လေးငါးဖက်ခန့်ဖြစ်သည်။ အရပ်လေးမျက်နှာသို့ ပြန့်ကားစွာ ထွက်ပြူနေသော ညောင်ကိုင်းကြီးများမှ ညောင်မုတ်ဆိတ်များ တွဲလွဲကျနေပြီး မြေကြီးအတွင်းစိုက်ဝင်၍ ကြီးမားလာသော ညောင်ကိုင်းကြီးအား ဒေါင့်ထောက်ထားသလို လွန်စွာမှ ဆန်းကြယ်၍ အရိပ်အာဝါသ ကောင်းလှပါသည်။

ကျွန်တော်တို့ ရောက်ရှိသော အချိန်တွင်တော့ ဆင်အုပ်ကြီးမရှိပါ။ အခြားတောကောင်များလည်း ညောင်မုတ်ဆိတ်ပင်အောက်တွင် ရှိမနေပါ။ ညောင်သီးစားသော ငှက်များနှင့် နှုတ်သီးမဲမဲဖြင့် ငှက်နှင့် အကောင်ထွားသော တောဆက်ရက်ငှက်တို့၏ ဆူညံသံကိုသာ အဝေးမှ ကြားရပါသည်။ ငှက်ဝါအောက်ကြီးများ၏ တအူအူမြည်သံကိုလည်း ကြားရပါသည်။

ထို့အပြင် အဝါရောက် နှုတ်သီးနှစ်ထပ်နှင့် ခန္ဓာကိုယ်မှာ အဖြူနှင့်အနက်ကြားထားသော အောက်ချင်းငှက်များကိုလည်း အုပ်စုလိုက် တွေ့ရှိရပါသည်။ ကျွန်တော်တို့အဖွဲ့က တောကောင်ပစ်ရန်သာ တောလည်ခြင်းဖြစ်၍ ဒေသခံမုဆိုး ကိုသိန်းအောင်၏ အလိုအရ ငှက်မပစ်ကြပါ။ ကျွန်တော်တို့ကလည်း အမဲပစ်သေနတ်ကြီးများ ထမ်းလာကြသောကြောင့် ငှက်ပစ်ရန် ဆန္ဒမရှိကြပါ။ ထို့အပြင် ချင်းလူမျိုးများ၏ ရိုးရာမျိုးရိုး ဆန္ဒမရှိပါ။ အောက်ချင်းငှက်ကြီးများမှာ အမကို မုဆိုးက ပစ်ခတ်သတ်ဖြတ်မိပါလျှင် ငှက်ဖိုကြီးက ကောင်းကင်ပေါ်သို့ ပျံတက်ပြီး တောင်ပံကိုအုပ်၍ မြေပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို ထိုးစိုက်ကာ သတ်သေလေ့ရှိသည်ဟူ၍လည်း ချင်းရိုးရာပုံပြင် ရှိပါသည်။

ထို့အပြင်လည်း ငှက်မက စုံ၍ သစ်ခေါင်းအတွင်း၌ အကောင်ကယေါက်ကလေးများပေါက်ရန် ဝပ်နေစဉ်တွင် ငှက်ဖိုကြီးက ထိုသစ်ခေါင်းပေါက်အား ရွှံ့ဖြင့်ပိတ်၍ ငှက်မ၏ နှုတ်သီးထွက်ရုံသာ အပေါက်ကလေးထားပြီး အစာရေစာ ရှာဖွေပေးလေ့ရှိကြောင်း အကယ်၍ ထိုနှုတ်သီးထွက်ရာ အပေါက်ပျက်ဆီးနေပါက ငှက်ဖိုကြီးက ငှက်မအား သံသယမကင်းဖြစ်ပြီး နှုတ်သီးဖြင့် ပေါက်တတ်လေ့ရှိကြောင်း၊ သို့မဟုတ်ပါကလည်း နှုတ်သီးထွက်ပေါက်အား ရွှံ့ဖြင့် အလုံပိတ်ပြီး အစာရေစာ ဖြတ်တောက်ပြီး အစာငတ်၍ သေဆုံးစေရန် စီမံလေ့ရှိကြောင်း ငှက်မသေဆုံးပါကလည်း ငှက်ဖိုကြီးမှာ ၎င်းကိုယ်တိုင် သစ်ပင်အမြင့်ပေါ်မှ အတောင်ပံပိတ်ပြီး အောက်သို့ဦးစိုက်ကျွမ်းပျံ ထိုးဆင်းပြီး သတ်သေလေ့ရှိကြောင့် သိရှိရပါသည်။

ထို့ကြောင့် ကျွန်တော်တို့လည်း ညောင်မုတ်ဆိတ်ပင်ကြီးအောက်၌ အပူဒဏ်မှ ကာကွယ်ရန် နားနေကြသော်လည်း အောက်ချင်းငှက်ကြီးများကို မော့ကြည့်ရှုကလွဲ၍ အန္တရာယ်ပေးရန်ပင် စိတ်ကူးမရှိပါ။ ထို့ကြောင့်လားတော့ မသိပါ။ ငှက်ကြီးများက အနေအထားမပျက် နေရာပင်မရွှေ့ ငှက်ဖိုနဲ့ငှက်မ တစ်ကောင်ကို တစ်ကောင် ကျီစယ်ရင်း ကျွန်တော်တို့ခေါင်းပေါ် အနီးကပ်ကိုင်းများပေါ်တွင် မကြောက်လန့် ရှိနေကြပါသည်။

ထို့ကြောင့် သတ္တဝါဟူသည်မှာ တစ်ဦးက မေတ္တာထားလျှင် တစ်ဦးကလည်း အပြန်အလှန် မေတ္တာထားကြောင်း သူတော်စင်များ ပြောကြားကြသည်မှာ မှန်ကန်ပါလိမ့်မည်။ ထိုစဉ်တွင် လေ့လော်အင်းရဲဘက်စခန်း၌ ကျန်ရှိခဲ့သော ကျွန်တော်၏ မှဆိုးတာပည့် အောင်သန်းနှင့်၊ တင်သောင်းတို့ကို သတိရလိုက်မိပါသည်။ ၎င်းတို့၏အနေဖြင့်တော့ ဆရာသမားအတွက် အသားရိက္ခာစားရန် မရှိပါက ဤကဲ့သို့သော သစ္စာရှိသည့် ငှက်ကြီးများကိုလည်း ရှောင်ကြမည်မဟုတ်ပါ။ ကျွန်တော်တို့အဖွဲ့ နာရီဝက်ခန့် နားနေပြီး





တောင်ခြေသို့ဆင်းကာ တောင်ခြေလျှိုချောင်းအတွင်း အမဲလည်ကြပြန်သည်။ လျှိုကြီးမှာ နက်လှသော်လည်း သွားလာရန် ကျောက်ဆောင်ကျောက်တုံးများဖြင့် ခက်ခဲသောကြောင့် ကမ်းပေါ်သို့ ပြန်တက်ခဲ့ကြရန်ပြန်သည်။

သို့နှင့် နောက်တောင်ခြေတစ်ခုသို့ ရောက်ပြန်သည်။ ထိုတောင်ကြီးကတော့ လွန်စွာမြင့်မားပြီး အင်၊ ကညင်ပင်များ ပေါက်ရောက်ရာ ရွက်ကြွေတောကြီးဖြစ်သည်။ တောင်ခြေရင်း ပတ်လည်၌ ကျွန်းတောကြီးကလည်း အရွက်ကြွေ၍နေပြန်သည်။ တောင်လည်ကျောပေါ်ရှိ အင်၊ ကညင်ပင်များကတော့ အဖူးအညှောင့်များ နီနီရဲရဲဖြင့် ထွက်ပြူစ ပြုနေပြီဖြစ်ပါသည်။

ထို့ကြောင့်လည်း တောင်ကျောတစ်ခုလုံး ရွက်ကြွေများ ဖုံးလွှမ်းနေသဖြင့် ရှဉ့်ကလေးများ ဖြတ်ပြေးသည်ကအစ တဝုန်းဝုန်း အသံထွက်နေပါသည်။ ထို့ကြောင့် ရွက်ကြွေများကိုနင်းပြီး တောင်ပေါ်သို့တက်ပါက ခြေသံလုံသောကြောင့် မုဆိုးအတွက် အကျိုးမရှိပါ။ ဒေသခံမုဆိုး ကိုသိန်းအောင်က သူ့တွင် အသင့်ပါလာသည့် ရေဘူးကိုဖွင့်ပြီး ရေတစ်ငုံ မော့လိုက်သည်။

''ဆရာတို့ရေ ... ဒီနေ့ ဘယ်လိုဖြစ်မှန်း မသိဘူး။ တောကောင်ကြီးကြီးမပြောနဲ့ အရင်က အလွန်တရာပေါများတဲ့ တောဝက်နဲ့ ချေတောင် တွေ့မမြင်ရဘူး။ ဘယ်ချောင်ကို သွားတိုးပြီး အိပ်နေကျသလဲမသိဘူး''

ထောင်မှူးမုဆိုး ဦးဉာဏ်ကြီးကလည်း ...

''ဟုတ်ပါတယ် ... ကျွန်တော်တို့လည်း ဆင်ရိုင်းအုပ်ကြီးနဲ့ တိုးပြီး ကတည်းက တောမလည်ဖြစ်ကြတာ ကြာပြီပေါ့။ အရင်တုန်းကတော့ တောဝက်၊ ချေ၊ ဆတ်၊ ဝက်ဝံတွေကို စခန်းအနီးပတ်လည် တောလည်တာတောင် မလွဲမရှောင် တွေ့ကြရတာချည်းပဲ။ ဒီနေ့ တောင်နှစ်လုံးသုံးလုံးတောင် ကျော်လာပြီ မတွေ့ရသေးဘူး''

ထိုစဉ်တွင် မုဆိုးကိုသိန်းကျော်က စကားမပြောရန် အချက်ပြပြီးဖြင့် ကျွန်တော်တို့ နီးစပ်ရာ ကျွန်းပင်ပင်စည်ကြီးအောက်တွင် ကပ်၍ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



စွာ နားစွင့်နေမိကြပါသည်။ ထိုစဉ်တွင် တောင်ကုန်းပေါ်မှ သစ်ရွက်ခြောက်များကိုနင်းကာ တဖြည်းဖြည်း ဆင်းလာနေသော တောကောင်အုပ်၏ခြေသံကို တဝုန်းဝုန်း ကြားရပါသည်။ တောကောင်များမှာ အုပ်လိုက်ဖြစ်၍ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ဆင်းလာကြဟန်တူပါသည်။ ဤကဲ့သို့ အုပ်စုလိုက် မိုက်မဲတတ်သော တောကောင်များမှာ တောဝက်အုပ်များအပြင် အခြားမရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ မုဆိုးအဖွဲ့ တောင်ခြေမှ ကျွန်းပင်ကြီးများ၏ ပင်စည်တစ်ခုစီကို ပုန်းကွယ်ပြီး ကိုယ်ရောင်ဖျောက်၍ အမဲလိုက်သေနတ်များအား ကျည်ထိုးပြီး အသင့်အနေအထား ပြင်ဆင်ထားကြပါသည်။

မကြာပါ။ ကျွန်တော်တို့ မျှော်လင့်ထားသလိုပင် ဝါကြန့်ကြန့်အစွယ်ကောက်ကောက်ကြီးတစ်စုံကို ငေါ့၍ ရဲတင်းစွာ ဝက်အုပ်ကြီးကို ဦးဆောင်၍ ဆင်းလာသည်မှာ အချိန်(၇၀)ဆယ်ခန့်ရှိသည့် တောဝက်သိုးကြီးဖြစ်ပါသည်။ ၎င်းတောဝက်သိုးကြီး၏ ပခုံးနှစ်ဖက်မှာ အမွေးအမျှင်မရှိ မဲနက်ပြောင်လက်နေပြီး အသားမာတက်နေပုံရသည်။ တိုက်ပွဲတိုင်း အောင်နိုင်သောဝက်ကြီးဖြစ်ပုံရပါသည်။ သူ့နောက်တွင်လည်း ဝက်မများနှင့် ဝက်ပေါက်ကလေးများအုပ်စုက စီတန်း၍ လိုက်လာကြသည်။ စုစုပေါင်း အကောင်(၂၀) ကျော်ခန့် ရှိပါလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့ အချင်းချင်း လက်ဟန်ခြေဟန်ဖြင့် တိုင်ပင်၍ မိမိပစ်ရမည့် တောကောင်အား ရွေးချယ်လိုက်ကြပါတော့သည်။ တောဝက်ကြီးများ သေနတ်တစ်ကမ်းသို့အရောက်တွင် မုဆိုးအချင်းချင်းတိုင်ပင်ထားသလိုပင် မိမိတို့ရွေးချယ်ထားရာ အကောင်အသီးသီးကို ပြိုင်တူပစ်လိုက်ကြပေသည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

ကော်ဒိုက်ယမ်းနံ့များ မွှန်သွားသည်။ ခဏအကြာတွင် မြင်ကွင်းရှင်း၍ သေသေချာချာကြည့်တော့ တောဝက်ခေါင်းဆောင် ဝက်သိုးကြီးနှင့် အတူ တောဝက်မနှစ်ကောင် ပေါင်း သုံးကောင် ချက်ကောင်းမှန်၍ သေကျ





ကျန်ခဲ့တော့သည်။ ကျွန်တော်တို့ အချင်းချင်း လက်မထောင်၍ ခေါင်းညိတ်ပြလိုက်ကြတော့သည်။ လူအင်အား (၃၀၀)ကျော်ခန့်ရှိသော ရိုးမ(၂)စခန်းကြီးသို့ အချိန် (၆၀)၊ (၇၀) ခန့်ရှိကြသော တောဝက်ကြီးများမှာလည်း စနစ်တကျ စားသုံးရသော ရဲဘက်စခန်းအတွက် ပြည့်ဝဖူလုံမည်ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ကတော့ တောဝက်သားဟင်း၊ အူကလီစာ၊ ခေါင်းသုပ်နှင့် ဝက်ခြေထောက်ပြုတ်ဟင်းကို ပို၍ကြိုက်ကြပါသည်။ တောဝက်သားမှာတော့ ထောင်အတွင်း၌ အပေါ်များဆုံး အသားဟင်းတစ်မျိုးဖြစ်ပါသည်။ ကျွန်တော်တို့ ပစ်ခတ်ကြပြီး နားနေကြစဉ် ထောင်မှူးမုဆိုး ဦးညာဏ်ကြီး၏ အစီအစဉ်ဖြင့် သေနတ်သံကြားရာသို့ မကြာမတင် ထမ်းပိုးသယ်ယူမည့် ဝန်ထမ်းများနှင့် ရဲဘက်အဖွဲ့များ ရောက်ရှိလာကြပါသည်။

ထောင်မှူးဦးညာဏ်ကြီးက ...

"ကဲ ... ဆရာတို့ အချိန်ကလေးတော့ ရှိသေးတယ်။ ဆက်လည်ကြဦးမလား"

ကျွန်တော်က ...

"အချိန်ရှိရင် ဆက်ပေါ့ ... ဆရာရယ်။ ကျွန်တော်တို့က ညနေပြန်ဆင်းရမှာဆိုတော့ တောင်ငူမြို့ပေါ်က ထောင်ပိုင်ဆရာကြီးသိန်းမြင့်နဲ့ မိတ်ဆွေတွေပဲ၊ ချေသား၊ တောဝက်သားကလေးတွေကို စုံအောင်စားရအောင် ရှာကြသေးတာပေါ့"

သို့နှင့် ကျွန်တော်တို့အဖွဲ့ ရွက်ကြွေတောင်ကြီးကို ပတ်ပြီး အနောက်ဘက်လျှိုကိုပတ်ပြီး ဆက်၍တောတိုးခဲ့ကြရပါသည်။ တောင်မြင့်ကြီးပေါ်တွင် သစ်မာရွက်ကြွေတော ဖြစ်သော်လည်း အနောက်ဘက်၌ လျှိုနှင့် ချောင်းမြောင်းများရှိသောကြောင့် အမြဲစိမ်းတောကြီးဖြစ်သည်။ တောမှာ အတော်ရှုပ်သည်။

မုဆိုးလမ်းကလေးကိုလည်း တောချုံများက ဖုံးအုပ်နေသဖြင့် နယ်ခံမုဆိုး ဦးသိန်းအောင်က လမ်းစရှာဖွေပြီး ဦးဆောင်၍ တောတိုးခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ တောချုံများ၌ ကြက်နွယ်ချုံနှင့် နဖူးချုံ၊ ဒိုးနွယ်ချုံများက အလွန်ပေါသည်။ လမ်းဘေးဝဲယာ၌လည်း မြရာချုံနှင့် ကြိမ်ရုံများက မြင်ကွင်းကိုပင် ဖုံးလွှမ်းထားသည်။

ထို့ကြောင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် တောရှင်းဓားဖြင့် ချုံနွယ်များအား လမ်းထွင်၍ ရှင်းလင်းသွားရသော်လည်း ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ အသံမထွက်စေရန်အတွက် မြက်ရှင်းဓားဖြင့် အပင်များကို မရှင်းရဲတော့ဘဲ တောတိုးခဲ့ကြရပါသေးသည်။ တောအစိုအတွင်းသို့ ရောက်လေတောမှာ ပိုမိုရှုပ်ထွေးလေဖြစ်သည်။

ယခင် တောကောင်ပစ်ခဲ့သောနေရာနှင့် တစ်မိုင်ခန့်ရောက်သောနေရာသို့ ရောက်ရှိလျှင် ဆီးဖြူဖန်ခါးနှင့် တောငွေးပင်များ ပေါက်ရောက်သော စားပင်တောအနီးသို့ ရောက်ရှိလာကြသည်။ ထိုအခါတွင်မှ ဒေသခံမုဆိုး ဦးသိန်းအောင်က လက်မြှောက်၍ပြသည်။ နားစွင့်ပြီးတော့ တောကောင်များ၏ စားပင်တောမှ ကြွေကျသည့် အသီးများအားစားသောက်ကြိတ်ဝါးနေသော အသံသဲ့သဲ့ ကြားရသည်။ ဒေသခံမုဆိုး၏ ကျွမ်းကျင်မှုကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ အပျော်တမ်းမုဆိုးများ အနေဖြင့်တော့ ထိုသို့သော် တောကောင်များ၏ စားသောက်နေသံများကို နားမစွင့်ဘဲ သတိထားမိမည် မဟုတ်ပါ။ ဒေသခံမုဆိုး ဦးသိန်းအောင်က ကျွန်တော်တို့ နားကပ်၍ တိုးတိုးပြောသည်။

"ဆရာတို့ .... တောဝက်အုပ်မဟုတ်၊ ဆတ်နဲ့ချေအုပ်ပဲ တောဝက်အုပ်ဆိုရင် အုပ်ကောင်းတော့ တခြားကို ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် စားကြသောက်ကြတော့ မေးရိုက်သံကို ကြားရလေ့ရှိသည်။ ဆတ်နဲ့ချေကတော့ သိမ်သိမ်မွေ့မွေ့ ရန်သူကိုဂရုစိုက်ပြီး အမှတ်တမဲ့မနေဘဲ သတိထားပြီး စားကြတယ်၊ အဲဒါကြောင့် ကျွန်တော်တို့ မုဆိုးတွေက လေတင်လေအောက် ဂရုတစိုက်နဲ့ သေနတ်တစ်ကမ်းရောက်အောင် တိုးနိုင်သမျှတိုး ပစ်ရခတ်ရမယ်။ ချေနဲ့ဆတ်က တောဝက်တွေလို မဟုတ်ဘူး။ နားအလွန်ပါးတယ်။





အနံ့ခံလည်း ကောင်းတယ်။ လျှင်လည်း အလွန်လျှင်တယ်။ ဒါကြောင့် ကျွန်တော်တို့ အုပ်စုခွဲပြီး စနစ်တကျ နေရာယူပြီး ပစ်ကြတာပေါ့"

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ မုဆိုးများပီပီ သိုသိုသိပ်သိပ်ဖြင့် အသံဗလံမထွက်စေရန် သတိထားကြပြီး နေရာယူလိုက်ကြပါသည်။ တောကောင်များမှာ ချေများက ဆီးဖြူပင်များအောက်တွင် ကြွေကျသော ဆီးဖြူသီးများအား အားရပါးရစားသောက်နေကြခြင်းဖြစ်ပြီး ဆတ်အုပ်ကတော့ တောငွေးသီးများကို နေးကွေးစွာ ကောက်ဝါးနေကြခြင်း ဖြစ်ပါသည်။

တောဝက်အုပ်ဆိုတာက တစ်ကောင်နဲ့တစ်ကောင် တိုးဝှေ့၍ လုယက်စားသောက်ကြခြင်း အလေ့အထရှိပါသည်။ ထို့ကြောင့် အသံဗလံလည်း ထွက်နေတတ်သည်။ တစ်ကောင်နဲ့တစ်ကောင် ရန်စောင်သံ 'တဂူးဂူး တဂဲဂဲ' ဖြင့် အုပ်စုခေါင်းဆောင်တောဝက်သိုးများ၏ မေးရိုးရိုက်သံ 'တဗွပ်ဗွပ်' ကိုလည်း အဝေးမှပင် ကြားနေရတတ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ကိုယ်နဲ့နီးစပ်ရာ အပိုင်ပစ်ခတ်နိုင်မည့် တောကောင်များအား ရွေးချယ်ကြပြီး ဒေသခံမုဆိုး ဦးသိန်းအောင်၏ အချက်ပြသည်နှင့် ပြိုင်တူ ပစ်ခတ်လိုက်ကြပါသည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

ကျွန်တော်နှင့်နီးစပ်သူက ချေပေါက်ကြီးဖြစ်သည်။ ထောင်မှူးဦးညာဏ်ကြီးနှင့် ဒေသခံမုဆိုး ဦးသိန်းအောင်တို့ကတော့ သူတို့နဲ့ နီးစပ်ရာ ဆတ်အုပ်စုကို ပစ်ကြဟန်တူပါသည်။ ယမ်းနံ့၊ ယမ်းငွေ့များစဲတော့ တောကောင်များ အသီးသီးလဲပြို၍ ကျကျန်ရစ်ခဲ့ကြလေသည်။ ထိုနေ့က တောဝက်သုံးကောင်အပြင် ချေတစ်ကောင်နှင့် ဆတ်နှစ်ကောင် ရရှိသောကြောင့် ကျွန်တော်တို့ မုဆိုးအဖွဲ့ ပြည့်စုံဖူလုံပြီဖြစ်သောကြောင့် စခန်းသို့ ပြန်ခဲ့ကြပါတော့သည်။ စခန်း၌ နေ့လယ်စာကို စားသောက်ကြရပါသည်။

စားသောက်ပြီးလျှင် ပြီးချင်းပင် ကျွန်တော်နှင့်တပည့်များ တောဝက်သား၊ ချေသားနှင့် ဆတ်သားအစိုတို့ကို ထောင်ပူထောင်မှုအဖွဲ့များ စားသောက်

www.burmeseclassic.com



နိုင်ရန်အတွက် ယူဆောင်ခဲ့ကြပြီး ပြန်ခဲ့ကြပါသည်။ အချိန်ကလေးရသေးသဖြင့် ဝန်ထမ်းများက လိုအပ်သည်များ ဝယ်လိုသည်ဆိုသောကြောင့် အဝေးပြေးလမ်းမကြီးမရောက်ခင် ဖဒိုကားများကိုရပ်ပေးပြီး ကျွန်တော်တို့က လက်ဖက်ရည်ချိုဆိုင်းသောက်ပြီး စောင့်ဆွဲနား၍ စောင့်ကြရသည်။ ဝန်ထမ်းများကတော့ ဈေးအတွင်းသို့ဝင်၍ ဈေးဝယ်ကြသည်။

ထိုမြို့ကလေး၏ ထူးခြားချက်မှာ ဈေးက စားသောက်ဆိုင်များနှင့် တွဲပြီး တစ်နေ့လုံး စည်ကားနေတတ်သည်။ တောထွက် ဟင်းသီးဟင်းရွက်နှင့် ကိုင်းထွက် အသီးအနှံများတို့အပြင် မြို့ဘက်မှ လာသော အဝတ်အစားနှင့် အစားအသောက် လူသုံးကုန်ပစ္စည်းများကို ရောင်းချခြင်းဖြစ်ပါသည်။

ညောင်လေးပင်မြို့နယ်အတွင်း အုပ်စုတောမြို့ကလေးဖြစ်သောကြောင့် နီးစပ်ရာတောရွာများမှ လာရောက်ဝယ်ယူရောင်းချကြသော ဈေးရောင်းဈေးဝယ်သူများကြောင့် တစ်နေ့လုံး အလွန်စည်ကားပါသည်။ တစ်ခုထူးခြားသည်ကတော့ လမ်းဆုံ၊ လမ်းခွများ၌ မိန်းမပျိုကလေးများ နှစ်ဦးသုံးဦး အုပ်စုဖွဲ့၍ ခုံကလေးခင်းကာ တစ်စုံတစ်ရာကို ရောင်းချနေသော အနေအထားမြင်ကွင်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ လက်ဖက်ရည်သောက်ရင်း မေးမြန်းကြည့်မိတော့မှ မိန်းမပျိုကလေးများ ရောင်းချနေကြသည်မှာ ယိုးဒယားထီဂဏန်း (၃)ဖြစ်ကြောင်း သိရပါသည်။ ဖဒိုမြို့ကလေးတွင် အုပ်ချုပ်သူက တာဝန်ယူထားသောကြောင့် လွတ်လပ်စွာ လောင်းကစားခြင်းဖြစ်ကြောင်း သိရပါသည်။ အဖမ်းအဆီး အဟန့်အတားလည်း မရှိပါ။ တောနယ်သဘာဝ စုစုရုံးရုံးနှင့် လွတ်လပ်စွာ လောင်းကစားနေကြခြင်း ဖြစ်ပါသည်။ ယိုးဒယား ချဲထီမှာ တစ်လလျှင် နှစ်ကြိမ်ထွက်ပြီး ထို ချဲထီထွက်သောရက်များတွင် ဤဈေးကလေးမှာ လွန်စွာစည်ကားသည်။ ညနေ သုံးနာရီ လေးနာရီခန့် ချဲထီဂဏန်းထွက်ပြီး အလျော်အစားလုပ်ပြီးမှ ဈေးသိမ်းလေ့ရှိကြောင်း ဈေးမှာ ညနေ (၅)နာရီခန့်တွင် လူစုကွဲလေ့ရှိကြောင်း သိရပါသည်။





သို့နှင့် ကျွန်တော်တို့အဖွဲ့ ပြန်လာကြရာ တောင်ငူထောင်သို့ရောက်တော့ ညနေ လေးနာရီကျော် ငါးနာရီခန့် ရှိပါသည်။ ထောင်ပိုင်ကြီးဦးသိန်းမြင့်နှင့် နီးစပ်ရာ အရာရှိဝန်ထမ်းများအား ကျွန်တော်တို့ ရရှိလာသော ချေသား၊ ဆတ်သားနှင့် တောဝက်သားတို့အား ဝေငှပေးကမ်းရာ လွန်စွာဝမ်းသာကြသည်။ ထိုနေ့ ညစာမှာလည်း ကျွန်တော်နှင့် ဝန်ထမ်းများအတွက်ကို ယခင်ပုံမှန်စားနေကြ ဟင်းလျာများအပြင် ချေသားနှဲ့ ဆတ်သားတောဝက်သားတို့အား ဖိုခေါင်းကြီးက အထူးချက်ပြုတ်ကျွေးသောကြောင့် ညစာစား၍ အလွန်မြိန်လှပါသည်။

ထိုနေ့ည ညစာ ကောင်းစွာစားရပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေကြစဉ် ထောင်ပိုင်ကြီးဦးသိန်းမြင့်မှ မုံရွာဘက်က ရဲဘက်များ ယနေ့ည (၁၂) နာရီအချိန်တွင် တောင်ငူဘူတာသို့ မီးရထားဖြင့် ရောက်ရှိမည်ဖြစ်သောကြောင့် သွားရောက်ကြိုရန် အကြောင်းကြားလာပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အလျင်အမြန် ပြင်ဆင်ပြီး ဘူတာသို့ ဆင်းကြရပါသည်။ မုံရွာရဲဘက်များအား ဟီးနိုးကားကြီးနှစ်စီးဖြင့် တောင်ငူထောင်သို့ အခေါက်ခေါက် အခါအခါ သယ်ယူရပါသည်။ ရဲဘက်အင်အားမှာ (၂၀၀) ခန့်ဖြစ်သောကြောင့် နောက်နေ့များတွင်လည်း ၎င်းရဲဘက်များအား ရှီးမ (၂)ရဲဘက်စခန်းသို့ ကျွန်တော်တို့ပင် အခေါက်ခေါက် အခါအခါ ပို့ရဦးမည် ဖြစ်ပါသည်။

တောင်ငူထောင်တွင်ရှိသော ဟီးနိုးကားကြီးမှာ စက်မကောင်းသဖြင့် တောင်ငူမြို့တွင်းလောက်သာ သွားလာနိုင်သောကြောင့် ရှီးမ(၂)တောကြမ်း တောင်တက်ခရီးလမ်းကြီးတွင် အသုံးပြု၍ မရနိုင်ပါ။ ထို့ကြောင့် ရဲဘက်အင်အားများသောနေ့များတွင် ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးအဖွဲ့ မနားမနေ သယ်ယူပို့ဆောင်ပေးရတတ်ပါသည်။

ဟီးနိုးကားကြီး တစ်စီးလျှင် ကျပ်ကျပ်တည်းတည်း သယ်ဆောင်ပါမှ ရဲဘက်အင်အား (၄၀)၊ (၅၀)ခန့်သာ ဆံ့ပါသည်။ တောင်တက်ခရီးဖြစ်သောကြောင့် အန္တရာယ်ရှိသဖြင့် နိုင်သလောက်သာ သယ်ယူရခြင်းဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ရိုးမ(၂)စခန်းအတွက် အထက်အညာဘက်မှ ပေးပို့လာသော ရဲဘက်များကို သယ်ယူပို့ဆောင်ပေးရခြင်းမှာ တစ်လခန့်အချိန်ကြာမြင့်ပြီးမှ ကျွန်တော်တို့ လုပ်ငန်းပြီးစီးသဖြင့် ရိုးမ(၂)စခန်းနှင့် တွဲဖက်၍ တာဝန်ချထားခြင်းခံရသော ကျွန်တော်တို့လုပ်ငန်းမှာ ပြီးစီးသောကြောင့် တစ်ခေါက်၍ မူလတာဝန်ကျရာ လေလျော့အင်းစခန်းများသို့ ပြန်ခဲ့ကြပါတော့သည်။

လေလျော့အင်းစခန်းတွင် ပုံမှန်တာဝန်များ ထမ်းဆောင်ကြရင်း ကျွန်တော်၏တပည့်မှဆိုး နှစ်ဦးဖြစ်ကြသော မှဆိုးအောင်သန်းနှင့် တင်သောင်းတို့မှာ ထောင်ဒဏ်ကျခံသည့် ကာလတွင် လျှော့ရက်စနစ်များဖြင့် နှစ်ပြည့်သောကြောင့် ကျွန်တော့်စခန်းမှ နှစ်ပြည့်၍ မပြန်ရမီ ၎င်းတို့နှစ်ဦးက အလျင်လွတ်မြောက်ကြပါသည်။ သို့သော် ၎င်းတို့နေရပ်ဇာတိ သာယာဝတီမြို့နယ် လှည်းလမ်းကူးကျေးရွာသို့ မပြန်ကြသေးဘဲ ကျွန်တော်၏ နှစ်ပြည့်သည့်ရက်ကို စောင့်နေကြသည်။ စခန်း၌သာ နေထိုင်ကြပါသည်။ သူတို့ လွတ်မြောက်ပြီး ဖြစ်ကြောင်းကိုတော့ လူကြုံနဲ့ သူတို့မိဘများထံ အကြောင်းကြားစာပို့ပါသည်။

တပည့်ရင်းများဖြစ်ပြီး ကျွန်တော့်အပေါ်တွင် စခန်းသက်တစ်သက်လုံး ရှာဖွေကျွေးမွေးပြုစုကြသော တပည့်မှဆိုးများအား ကျွန်တော်ကလည်း ပြန်လည်၍ ကြည့်ရှုရန် အချိန်အခါဖြစ်သောကြောင့် ၎င်းတို့၏ ဘဝအခြေအနေ စီးပွားရေးအင်အား လူမှုရေးနှင့်၊ ကျန်းမာရေးအင်အားတို့အား မြှင့်တင်မြှောက်ပေးရန် ကျွန်တော်ကလည်း ကြံရွယ်ထားပါသည်။ သုံးတန်ကူးစခန်းအနောက်ဘက်ရှိ ဂျပန်ရတနာသိုက်ဖြစ်သော ငါးပေါက်တွင်းရတနာသိုက်မှ ရတနာပစ္စည်းများကိုလည်း ၎င်းတို့နှစ်ဦးအား သင့်လျော်သလို ခွဲဝေပေးပြီး မြှင့်တင်မြှောက်ပေးရန် ကိစ္စကလည်း ရှိနေပါသည်။

ထို့ကြောင့် ၎င်းတို့၏ ဘဝတစ်လျှောက်လုံး လုပ်ကိုင်စားသောက်နိုင်ရန်အတွက် လှည်းလမ်းကူးရွာမှ သာယာဝတီ သုံးဆယ်မြို့များပေါ်သို့ ပြောင်း





ရွှေ့နေထိုင်အခြေချပြီး ပုံမှန်ဝင်ငွေရသော လုပ်ငန်းများ ထူထောင်ပေးရန် ကျွန်တော် စဉ်းစားမိပါသည်။ ၎င်းတို့နှင့် တိုင်ပင်သောအခါ၌လည်း သူတို့ဝါသနာပါသော ကားလုပ်ငန်း၊ အထူးသဖြင့် အဝေးပြေးကားထောင်ရန် ဆန္ဒရှိသောကြောင့် နောက်ဆုံးတွင် ၎င်းတို့၏ဆန္ဒနှင့်အညီ ကျွန်တော်နှင့်လည်း အဆက်အသွယ် မပြတ်စေရန်အတွက် အဝေးပြေး လူစီးကားကြီး တစ်စီးစီ၊ ဝယ်ယူပေးပြီး သာယာဝတီနှင့် သုံးဆယ်မြို့များပေါ်တွင် အိမ်ခြံဝင်းကလေး တစ်ကွက်စီဝယ်ယူ၍ တပည့်များ၏ ဘဝရှေ့ရေး ကောင်းမွန်စေရန်အတွက် ကျွန်တော် လုပ်ဆောင်ပေးမည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

❑

၁၉၈၈ ခုနှစ်၊ ဧပြီလဆန်းတွင် ကျွန်တော် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းစခန်းတွင် တာဝန်ထမ်းဆောင်ချိန် နှစ်နှစ်ပြည့်သောကြောင့် ပြောင်းရွှေ့အမိန့်ထွက်လာရာ ကျွန်တော် မူလထောင်မှူးဖြစ်စကပင် တာဝန်ကျခဲ့သော အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ပြီး၊ တာဝန်ထမ်းဆောင်ရပါသည်။ ထိုထောင်ကြီးတွင် အချုပ်ရုံးလုပ်ငန်းတာဝန်ကိုပင် ပြန်လည်တာဝန်ထမ်းဆောင်ရပါသည်။ သမီးဦးကလေးကိုလည်း ရရှိခဲ့ပါသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး၌ နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်တော့်တွင် ခြေဖဝါး ဗွေပါသူပီပီ ကော့သောင်းမြို့နယ်သီအုန်းစိုက်ပျိုးရေးစခန်းများသို့ ပြောင်းရွှေ့ရန် အမိန့်ထွက်ပေါ်လာပြန်ပါသည်။ ကော့သောင်းမြို့ဆိုသည် ယိုးဒယားပြည် ရနောင်းမြို့နှင့် တစ်ဖက်ကမ်းသာ ခြားပါသည်။ နယ်စပ်မြို့ကလေးဖြစ်ပါသည်။





ထိုအချိန်က မှောင်ခိုလုပ်ငန်း လုပ်ကိုင်သူများ သွားချင်တိုင်းသွား၍မရသော ဒေသလည်းဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်တို့ တာဝန်ကျသည်က ကော့သောင်းမြို့ပေါ်တွင် မဟုတ်ပါ။ ကော့သောင်းမြို့နယ် ဘန်ကချွန်ရွာကြီးနှင့် တနင်္သာရီရိုးမကြီး ခြားထားသော အတွင်းဘက်တောတွင်းရှိ သီအုန်းစိုက်ခင်းများ ဖြစ်ပါသည်။ ငှက်ဖျားရောဂါက အလွန်ကြီးသည်။

ကမ္ဘာပေါ်တွင် အဆိုးဆုံးဟုဆိုသော (G) နှင့် (G)Type ဟုဆိုသော အာဖရိကတိုက်တွင်သာရှိသည့် ငှက်ဖျားခြင်များ ပေါက်ဖွားရာဒေသဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကော့သောင်းသီအုန်းစိုက်ခင်း စခန်းများဆီသို့ အပို့ခံရလျှင် မဲဇာတို့သလိုပင် ငှက်ဖျားရောဂါဒဏ် ခံစားကြရသောကြောင့် လွန်စွာကြောက်ရွံ့တတ်ကြပါသည်။

ကျွန်တော်ကတော့ ရန်ကုန်–မန္တလေး အမြန်လမ်း တောတွင်းစခန်းများ၌ နှစ်နှစ်ချို့ နေထိုင်ခဲ့ပြီး ငှက်ဖျားရောဂါကိုလည်း ခံစားရဖူးသောကြောင့် မကြောက်လန့်တော့ပါ။ ထို့အပြင် နယ်စွန်နယ်ဖျား ရောက်ရန်မလွယ်သော ဒေသဖြစ်ခြင်းကြောင့် မိသားစုနှင့် အတူတကွ နေထိုင်ရသည်မှာ မကြာလှသေးသော်လည်း ပျော်ပျော်ရွှင်ရွှင်ပင် သွားရောက်ခဲ့ပါသည်။

ကျွန်တော်တို့ ကော့သောင်းမြို့ကို သွားရောက်ခဲ့စဉ်အချိန်က ရေလမ်းခရီးကိုသာ အားကိုးအားထား ပြုကြရသော အချိန်ဖြစ်ပါသည်။ မော်လမြိုင်မြို့ (သို့မဟုတ်) မြိတ်မြို့များမှ မှောင်ခိုသမားများက စက်လှေဖြင့် သွားကြရသည်။ ကျွန်တော်တို့ကတော့ ထိုအချိန်က ရန်ကုန်မြို့မှ ကမ်းရိုးတန်းဒေသသို့သွားသည့် တောင်ကြီး၊ ဟားခါ၊ မြစ်ကြီးနား။ ပင်လယ်ကူး သင်္ဘောကြီးများအနက် မြစ်ကြီးနား သင်္ဘောကြီးဖြင့် ပြောင်းရွှေ့ရခြင်းဖြစ်ပါသည်။

ယင်းသင်္ဘောကြီးမှာ မြိတ်မြို့တွင်သာ တစ်ခေါက်နားပြီး ပင်လယ်အတွင်း တစ်ညအိပ်၍ ခုတ်မောင်းပြီး နောက်တစ်နေ့ ညနေ သုံးနာရီခွဲအချိန်တွင် ကော့သောင်းမြို့သို့ ဆိုက်ရောက်ပါသည်။ ကော့သောင်းဆိပ်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



မကာပ်နိုင်သောကြောင့် ရေလယ်တွင် ကျောက်ချ၍ ရပ်နားပြီး ကော့သောင်းဆိပ်ကမ်းမှ လာရောက်ကြိုဆိုသော စက်လှေကြီးများဖြင့် ဆိပ်ကမ်းပေါ်သို့ တက်ရသည်။

ဝန်ထမ်းနှင့် ရဲဘက်များအား ဦးစားပေး၍ ဆိပ်ကမ်းမှတစ်ဆင့် တာဝန်ကျရာ ဆီအုန်းစခန်းစုရပ်သို့ ဟီးနိုးကားကြီးများဖြင့် အခေါက်ခေါက်အခါခါ ပြောင်းရွှေ့ရပြန်ပါသည်။ ကော့သောင်းဆိပ်ကမ်းတွင်တော့ သင်္ဘောကြီးပေါ်တွင် ကျန်ရှိသည့် ရိက္ခာပစ္စည်းများကို အကျဉ်းဦးစီးဌာန ထောက်ပံ့ရေးဝန်ထမ်းများက တစ်ညလုံး စက်လှေများဖြင့်ကဲ့၍ ကော့သောင်းဆိပ်ကမ်းပေါ်တွင် စုပုံရသည်။ ထိုမှ အထိုင်စခန်းသို့ ထပ်မံပြောင်းရွှေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပင်လယ်ကူးသင်္ဘောကြီးတစ်စီးလုံးအား အကျဉ်းဌာနမှ စီးလုံးငှားရခြင်းဖြစ်သည်။ အခြားခရီးသည်များ မပါဝင်ပါ။

ထိုညက ကျွန်တော်တို့ ကော့သောင်းဆိပ်ကမ်းတွင် ရဲဘက်များအား ဦးစားပေး၍ အထိုင်စခန်း (ထိုအချိန်က ရေတံခွန်စခန်း)ကို အကျဉ်းဦးစီးဌာန ကွပ်ကဲအုပ်ချုပ်ရေးစခန်းအဖြစ် ပြုလုပ်ထားပါသည်။ ထိုညကတော့ ကော့သောင်းမြို့ပေါ်တွင် ညစာစားရပြီး ရေတံခွန်စခန်းတွင် ကျွန်တော်တို့ ပြောင်းရွှေ့လာသည့်ဝန်ထမ်းအားလုံး ညအိပ်ရပ်နားရပါသည်။ နောက်တစ်နေ့မနက်တွင် ကျွန်တော် တာဝန်ကျရာ ပါဆယ်ပါညန်းဟူသော ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ပြောင်းရွှေ့ရပြန်ပါသည်။

ထိုစခန်းမှာ ညအိပ်ရပ်နားခဲ့သော ရေတံခွန်စခန်းနှင့် (၅)မိုင်ကျော်ခန့်သာ ဝေးကွာသည်ဟု ဆိုသော်လည်း တောင်ဆင်းတောင်တက် လွန်စွာကြမ်းတမ်းသော မြေလမ်းခရီးဖြစ်သောကြောင့် အလွန်အန္တရာယ်များပါသည်။ ဟီးနိုးကားကြီးများမှာ စက်အင်အားကောင်းမွန်သော်လည်း ယခုလိုပွင့်လင်းရာသီ၌သာ သွားလာနိုင်ကြပြီး မိုးရာသီတွင် လမ်းချော်သောကြောင့် ဟီးနိုးကားကြီးများ မသွားလာနိုင်ပါ။ ကုပ်အားကောင်းသော လယ်ထွန်စက်နှင့် စက်အင်အားကောင်းသော မော်တော်ဆိုင်ကယ်များလောက်သာ သွားလာနိုင်သည်ဟု သိရှိရပါသည်။





ကျွန်တော် တာဝန်ကျသော ပါဆယ်၊ ပါညန်း၊ ဆီအုန်းစိုက်ပျိုးရေးစခန်းမှာ တောင်ဆင်းတောင်တက် ခရီးပြီးနောက် မြေပြန့်လွင်ပြင်ပေါ်တွင်ရှိပါသည်။ အုပ်စုထောင်ပိုင်မှ ဦးယဉ်မောင် ဖြစ်သည်။ ထိုအချိန်အခါက ဆီအုန်းစိုက်ပျိုးရေးစခန်းများကို သုံးအုပ်စုခွဲခြားထားရာ ပါဆယ်၊ ပါညန်းအုပ်စုနှင့် အော်ကြီးဒေသ ဆီအုန်းစိုက်ပျိုးရေးစခန်း အမှတ် (၁၊ ၂၊ ၃) တွေ့ရှိပြီး ဟာဝ်စတင်း ဒေသဆီအုန်းစခန်းများလောက်တော့ အထိုင်မကျသေး။ အသင့်ဖွင့်လှစ်နေသော တောရှင်းစခန်းများသာ ဖြစ်သည်။

ပထမဆုံး ကျွန်တော် ထောင်ပိုင် ဦးယဉ်မောင်၏ ပါဆယ်၊ ပါညန်းစခန်းတွင် ထောက်ပံ့ရေးဌာန တာဝန်ခံထောင်မှူးအဖြစ်နှင့်ပင် တာဝန်ချထားခြင်း ခံရသည်။ ဦးဌာနနှင့် ရေးဌာနတာဝန်ခံအဖြစ်တော့ ကျွန်တော်သို့ ထောင်မှူးအပတ်စဉ် (၆)မှ အပတ်စဉ်တူ သူငယ်ချင်းဖြစ်သူ ထောင်မှူးဦးမြင့်ဦးက တာဝန်ယူထားပါသည်။

လုပ်ငန်းတာဝန်ခံ ထောင်မှူးအဖြစ်တော့ ကျွန်တော်တို့ထက် ရှေ့နီယာကျသော ထောင်မှူးဦးထွန်းအောင်လွင်ဆိုသူက တာဝန်ယူထားပါသည်။ ဆီအုန်းတောကြီးမှာ အရှေ့ဘက်တွင် တနင်္သာရီရိုးမနှင့် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ကြီးအကြားရှိ ဒေသဖြစ်ပါသည်။ ယခင်ဒေသခံ ပသျှူးခေါ် ဒေသခံ နှစ်ရှည်သစ်ပင်စိုက်ပျိုးသည့် လူများထံမှ မြေယာများ သိမ်းဆည်းပြီး ဆီအုန်းပင်များ စိုက်ပျိုးခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဆီအုန်းတော အစွန်အဖျားများတွင် တည်းပင်၊ ဗိန္ဓောင်း သရက်ပင်နှင့် သီဟိုဠ်ပင်ကြီးများက ရှိနေပါသည်။ ထို့ကြောင့်လည်း ဝန်ထမ်းနှင့်ရဲဘက်များအတွက် ဒေသခံ အသီးအနှံပင်များက ပေါများလှပါသည်။အချို့နေရာများတွင် ဒူးရင်းပင်များလည်း ရှိပါသည်။

ကျွန်တော် ပါဆယ်၊ ပါညန်းစခန်းတွင် တာဝန်ထမ်းဆောင်ပြီး ဆီအုန်းတောအတွင်း လှည့်ပတ်ကြည့်ရှုရင်း ပေါများလှသော တောကောင်များနှင့် ရင်ဆိုင်တွေ့ရတတ်ပါသည်။ စခန်းတာဝန်ခံ ထောင်ပိုင်ဦးယဉ်မောင်မှာ မုဆိုးလုပ်ခြင်းကို ဝါသနာပါလှသော်လည်း ၎င်းကိုယ်တိုင် တောတွင်းသွား



www.burmeseclassic.com

www.burmeseclassic.com



လာရေး အမဲပစ်ခြင်းကိုတော့ မရှိပါ။ ဝန်ထမ်းနှင့် ရဲဘက်မှုဆိုးများ ရွေးချယ် ခန့်ထားပြီး ၎င်းတို့ ကိုင်းထောင်၍ မိနေတတ်သော တောဝက်နှင့် ချေလော ကိုသာ သေနတ်ဖြင့် သွားရောက်ပစ်ခတ်တတ်ပါသည်။

ကျွန်တော် ပါဆယ်ပါညွှန်း စခန်းသို့ရောက်ရှိသောအချိန်တွင် ဝါသန ပါမှန်းသိသောကြောင့် ဝန်ထမ်း၊ ရဲဘက်မှုဆိုးများနှင့် တွဲဖက်ပြီး ကျွန်တော် အား စခန်းမှုဆိုးတာဝန်များ ပေးအပ်ပါတော့သည်။ ကျွန်တော်ကလည်း ဝါသနာပါသူပီပီ ရဲဘက်မှုဆိုးများ ကိုင်းထောင်၍မိနေသော တောကော များကို လိုက်လံပစ်ပေးသည့်အပြင် တနင်္ဂနွေနေ့မပေါ် တက်၍ အမဲလည် တတ်ပါသေးသည်။

ထိုဒေသတွင် အပေါ်များဆုံး တောကောင်မှာ တောဝက်များဖြ ပါသည်။ တောဝက်များမှာ တောတွင်း၌ပင် နေကြသည်မဟုတ်ဘဲ ဆီအုန် ခင်းအတွင်း၊ အသိုက်လုပ်၍ပင် နေကြပါသေးသည်။ ၎င်းတိရစ္ဆာန်များ ဆီအုန်းပင်အညွန့်ကို ကိုက်ဖြတ်၍ အတွင်းမှ ဆီအုန်းခေါင်း (ဦးနှောက်)ကို လွန်စွာကြိုက်ကြသည်။ ဆီအုန်းသီး ငှက်စာဆော်၍ စတင်သီးသော အသီ များကိုလည်း လွန်စွာကြိုက်ကြသည်။

ထို့ကြောင့် တောတွင်း၌ မနေတော့ဘဲ အစားအစာ အလွန်ပေ သော ဆီအုန်းသီး အခင်းအတွင်း၌သာ အသိုက်ပြုလုပ်၍ နေထိုင်ကြခြင် ဖြစ်ပါသည်။ စခန်းမှုဆိုးများအနေဖြင့် တောဝက်သား စားလိုလျှင် တနင်္ဂ ရိရိုးမသို့တက်ရန်ပင် မလွယ်။ ပေါင်းမရှင်းရသေးသော ဆီအုန်းခင်းများ တောစပ် မီးတားလမ်း အနီး၌ပင် တောဝက်များကို အရွယ်စုံ၊ အုပ်စုလိုက် တွေ့ရှိရတတ်ပြီး ပစ်ခတ်၍ ရရှိနိုင်ပါသည်။

တောဝက်ပေါက်များကိုတော့ ရဲဘက်တစ်ခွဲမှ ပေါင်းမြက်များ ရှင်းလင်းရင်း ပိုင်းဝန်းဖမ်းဆီးပြီး ရရှိနိုင်ပါသည်။ ဒုတိယအပေါ်ဆုံး တော ကောင်က ချေများဖြစ်သည်။ ချေများကိုလည်း ကျွန်တော်တို့ မုဆိုးအဖွဲ့ မကြာခဏ ရရှိတတ်ပါသည်။ ဆတ်နှင့် ဝက်ဝံ၊ ကျားသစ်နက်ကြီးများလည်း မကြာခဏ တွေ့ရတတ်ပါသည်။ သို့သော် မုဆိုးအဖွဲ့က ပစ်ခဲပါသည်။ ရှာ





သော တိရစ္ဆာန်ကြီးများ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဒေသခံပသျှူးလူမျိုး များမှာ သီဟိုဠ်ပင်များကိုသာ စိုက်ပျိုးလေ့ရှိပြီး သီဟိုဠ်စေ့များကို တော့ တစ်ဖက်နိုင်ငံကို ပို့ဆောင်ပြီး ရောင်းချတတ်ပါသည်။

အခြားစီးပွားရေးလုပ်ငန်းက ပင်လယ်ငါးဖမ်းခြင်းနှင့် ယိုးဒယား ဘက်မှ တင်သွင်းလာသော လူသုံးကုန်ပစ္စည်းမျိုးစုံကို ရောင်းစယ်ကြခြင်း ဖြစ်ပါသည်။ ပသျှူးလူမျိုးများမှာ နှစ်ရှည်သီးနှံစိုက်ပျိုးသော ခြံကြီးများကို ပိုင်ဆိုင်ကြပြီး စီးပွားဖြစ်ထက် လုံလောက်ရုံသာ စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့်လည်း ကျွဲလောက်သာရှိသည်။ နွားဖင် မမြင် မိပါ။

ယင်းတိရစ္ဆာန်များကိုလည်း အသုံးပြုသူ အတော်နည်းပြီး အုပ်စု လိုက်ကြီး မွေးမြူထား၍ ယိုးဒယားသို့ အကောင်လိုက် ရောင်းကြခြင်းသာ ဖြစ်ပါသည်။ မွေးမြူရာတွင်လည်း ခြံနှင့်ဝန်းနှင့် အကျအနမွေးမြူကြခြင်း မဟုတ်ပါ။ တောတွင်းသို့ လွှတ်ကျောင်းစနစ်ဖြင့် လွှတ်ထားပြီး လိုအပ်မှ သာ လိုက်လံဖမ်းဆီးရခြင်းဖြစ်သည်။ ထို့အပြင် ပသျှူးလူမျိုးများမှာ ချောင်း မြောင်း အလွန်ပေါသော ဤဒေသတွင် ပေါက်ဖွားသည့် ရေချိုငါးများကို မစားသုံးကြပါ။ ပင်လယ်ငါးကိုသာ အားထား၍ ချက်ပြုတ်စားသောက်ကြ ပါသည်။

ပင်လယ်ငါးတွင်လည်း အကြေးပါသော ငါးများမှလွဲ၍ အကြေးခွံ မပါသော (ဥပမာ)ပင်လယ်ငါးခူလိုမျိုး ငါးများကိုတော့ စားသုံးကြခြင်း မရှိပါ။ ထို့ကြောင့် ဒေသအတွင်းရှိ ချောင်းမြောင်း၊ အင်းအိုင်များတွင် ပေါက်ဖွားနေ တတ်ကြသည့် သဘာဝ ရေချိုငါးများမှာ ဒေသခံ ပသျှူးလူမျိုးများ မစား သုံးကြသောကြောင့် လွန်စွာပေါများပြီး ကြီးထွားကြပါသည်။

ချောင်းမြောင်းများအတွင်းပေါက်သည့် ဖရဲစ်ရိုးများကိုလည်း ယား သည်ဟုဆိုကာ စားလေ့မရှိကြပါ။ ထို့ကြောင့် ဖရဲစ်ရိုးကြီးများမှာ လက်ခြံ အလုံးရှိပြီး နီညိုရောင်အဆင်းဖြင့် လွန်စွာ ပေါများလှသည်။ ကျွန်တော်တို့ ရောက်ရှိသောအခါ ထိုသဘာဝပေါက်ဖွားသည့် ပစ္စည်းများမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ အောက်ပြည်အောက်ရွာသားဟု ခေါ်ဆိုသော မြန်မာ၊ မွန်၊ ကရင်၊ ရှမ်းတို့အတွက် လွန်စွာပေါ်များလှသည့် ရိက္ခာပစ္စည်းများဖြစ်၍ နေပါတော့သည်။

ထို့ကြောင့် ကျွန်တော်တို့ ၁၉၈၄ ခုနှစ်ရောက်စအချိန်တွင် အသီးအနှံနှင့် တောကောင်ငယ်များက အလွန်ပေါ်များလှပါသည်။ တနင်္သာရီရိုးမတောင်ခြေအနီးတွင်ရှိသည့် ဆီအုန်းစိုက်ပျိုးကေ ရာနှင့်ချီ၍ရှိရာ စိုက်ပျိုးစဆီအုန်းပျိုးပင်များအတွက် ရဲဘက်အင်အားဖြင့် မနိုင်မနင်းရှင်းရပါသည်။ စိုက်ပျိုးကေ ရာနှင့်ချီ၍ရှိသော တမျှော်တခေါ် စိုက်ပျိုးခင်းကြီးအား မနိုင်မနင်း ပေါင်းမြက်များကို ရှင်းကြရာ ခုတ်ထွင်ရှင်းလင်းသော လက်နက်ပစ္စည်းများ ကောင်းမွန်ခြင်းမရှိသောကြောင့် လုပ်ငန်းမတွင်ပါ။

ကေပေါင်း ရာနှင့်ချီ၍ရှိသော ဆီအုန်းစိုက်ပျိုးပင်များအား ပေါင်းပင်များက ဖုံးလွှမ်းပြီး၊ သားကောင်မျိုးစုံမှာ ဆီအုန်းခင်းပေါင်းမြက်တောထဲ၌ တောကောင်ငယ်များက အုပ်စုလိုက် အသိုက်လုပ်အိမ်ဆောက်ပြီး မှီခိုနေထိုင်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပေါင်းမြက်ရှင်းသော ရဲဘက်အဖွဲ့များအတွက် အန္တရာယ်လည်း ရှိပါသည်။ ဝန်ထမ်းများက လက်နက်များကိုင်ဆောင်ပြီး အမြဲတမ်းနိုးကြားစွာ စောင့်ကြပ်ပေးနေရသည်။ ရဲဘက်ဆိုသူများကလည်း ကြောက်လန့်ခြင်း မရှိကြပါ။

ပေါင်းမြက်တောအတွင်းမှ ခုတ်ထွင်ရှင်းလင်းစဉ် တွေ့ရှိရသော တောဝက်ပေါက်နှင့် ချေပေါက်ကလေးများ၊ မွေးနှင့် မြေကြွက်ကြီးများ၊ မြွေမျိုးစုံတို့အား ရရှိသည်နှင့် အလုအယက် ဝိုင်းဝန်းဖမ်းဆီးကြသည်။ ၎င်း တောကောင်မှန်သမျှ ရဲဘက်များ၏ ဟင်းစားများ ဖြစ်ကြကုန်သည်။ ပေါင်းမြက်များမှာ ထိပ်ဘက်ကရှင်းလျှင် နောက်ဘက်အကွက်များက ပေါင်းမြက်များ ပြန်ထပြီး မဆုံးနိုင်အောင်ပင် ပေါင်းမြက်သံသရာလည်၍ နေပါတော့သည်။

ပါဆယ်၊ ပါညန်း ဆီအုန်းစခန်းကြီးမှာ လွန်စွာ ကြီးမားကျယ်ပြန့်သည်။ စိုက်ပျိုးကေပေါင်း (၄၀၀)ကျော်ခန့် ရှိပါသည်။ အောက်ချိုင့်ခြိဟု





ခေါ်ဆိုသော ဆီအုန်းပျိုးပင်ပေါက်စခန်းမှ အသင့်ပျိုးပြီးသော (၆)လသားခန့်ရှိသည့် ပျိုးပင်ပေါက်များကို စိုက်ပျိုးရမည့်နေရာ မြေကျင်းတူး၍ ပျိုးထုတ်ကိုမြေပြီး စိုက်ပျိုးရခြင်းဖြစ်သည်။

ကော့သောင်းဒေသမှာ အီကွေတာရာသီဥတု ရရှိသောကြောင့် တစ်နှစ်ပတ်လုံး မိုးအနည်းနှင့် အများ ရွာသွန်းပါသည်။ ထိုရာသီဥတုမျိုးမှာ ဆီအုန်းပင်များ နှစ်သက်သော ရာသီဥတုမျိုးဖြစ်သည်။ မိုးရာသီ၌လည်း လိုအပ်သော မြေဩဇာများ၊ ကျွေးရသောကြောင့် ဖြစ်ထွန်းမှုလည်း မြန်ပါသည်။ ပေါင်းမြက်များကလည်း ဆီအုန်းပင်ကိုကျွေးသည့် ဓာတ်မြေဩဇာများအား မှီခိုပြီး ပိုမိုဖြစ်ထွန်းနေကြခြင်း ဖြစ်သည်။

ဆီအုန်းစိုက်ပျိုးပင်ပေါက်များအား တစ်ပင်နှင့်တစ်ပင် (၁၀)ပေစီခြား၍ အတန်းလိုက် ခွင်ရိုက်၍ စနစ်တကျ စိုက်ပျိုးထားခြင်းဖြစ်ရာ သန်မာဖြစ်ထွန်းနေသော နှစ်သားအရွယ် ပျိုးပင်များမှာ တောင်ကုန်းအဆင်းအတက်၌ စီတန်းပြီး လွန်စွာကြည့်၍ ကောင်းသည်။ ပေါင်းပင်များကိုမနိုင်သော မြေနိမ့်ကွင်းများ၌မူ ပျိုးပင်ပေါက်များအား ပေါင်းမြက်များက ဖုံးအုပ်ထားသဖြင့် အပျက်အဆီး အလွန်များသည်။ ထိုပျက်စီးသော ပျိုးပင်များအား မိုးရာသီ၌ အစားထိုး၍ ဖာထေးစိုက်ပျိုးရသေးသည်။ ဆီအုန်းပင်များမှာ ပုံမှန်အတိုင်း ဖြစ်ထွန်းပါက နှစ်နှစ်သားခန့်တွင် အသီးအပွင့်စ၍ထွက်ပြီး သုံးနှစ်သားခန့်တွင် တန်းဝင်သော ဆီအုန်းပင်ကြီးများ ဖြစ်ထွန်းလာပါသည်။ ဆီအုန်းပင်များမှာ တစ်ပင်ထဲ၌ပင် အဖိုနိုင်နှင့်အမနိုင် လိင်စုံပင်ဖြစ်သည်။ တစ်ပင်ထဲ၌ပင် ဝတ်မှုံကူးပြီး အသီးဖြစ်ထွန်းသော အပင်မျိုးဖြစ်ပါသည်။

အပင်ခြေ ပင်စည်ပေါင်းမှာ မထွက်သေးသော်လည်း သုံးနှစ်သားအရွယ်တွင် အလက်များကြားမှ အဖိုနိုင်နှင့်အမနိုင်များ ထွက်လာသည်။ အဖိုနိုင်မှာ ထန်းဖိုပင်မှထွက်သော အပွင့်နိုင်များကဲ့သို့ဖြစ်ပြီး အမနိုင်မှာ ခနဲသီးကဲ့သို့ ပြားပြားလုံးလုံး အနီရောင်ဖြစ်ပါသည်။ မှည့်၍ ကြွေခါနီးတွင် အသီးခြောက်ရေရင်းက အဝါရောင်ဖြစ်ပြီး အသီး၏ခေါင်းပိုင်းက ရဲရဲနီနေသော ထိပ်ပိုင်းဖြစ်ပါသည်။ ၎င်းအသီးကိုပင် ကြိတ်ခွဲ၍ ဆီအုန်းထုတ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခွံဆီနှင့် အစံဆီဟူ၍ နှစ်မျိုးရသည်။ အခွံဆီမှာ လူတို့စားသုံးရန်အတွက် ကြော်ချက်ရာတွင် အသုံးပြုသည့် ဆီအုန်းဆီဖြစ်သည်။ အဆန်ဆီမှာ ဆီအုန်းသီးအတွင်း၌ရှိသော အုန်းသီးကဲ့သို့ အစေ့အဆန်ကလေးကို ကြိတ်ခွဲ၍ ရရှိသောအဆီဖြစ်သည်။ အုန်းဆီကဲ့သို့ ဖြူသောအရောင်ရှိသည်။ အခွံဆီက ရွှေဝါရောင်ဖိတ်ဆင်းရှိသည်။

သုံးနှစ်သားခန့် ဆီအုန်းသီးများမှာ တန်းမဝင်သေးပါ။ ငါးနှစ်သားခန့်မှ ကြိတ်ခွဲရန် အဆင့်မီသည်ဟု စက်မှု(၁)ဌာနမှ သတ်မှတ်ထားပါသည်။ ထို့ကြောင့် ငှက်စားစော်၍သီးသော ဆီအုန်းသီးများမှာ သဘာဝအလျောက် ကြွေကျပြီး တောကောင်များနှင့် ရဲဘက်များ၏ ကြော်လှော်ချက်ပြုတ်စားရန် အကြော်ခံဆီများ ဖြစ်၍နေပါတော့သည်။ ဆီအုန်းသီးမှည့်များအား ထုထောင်း၍ ရေနွေးအိုးထဲထည့်ပြီး ကျိုလျှင် ဆီအုန်းသီးခွံမှ အဆီများ ပေါ်၍ တက်လာသည်။ ထိုအဆီများကို ရဲဘက်များက ဖွန်းနှင့်ခပ်၍ စားသုံးရန် အကြော်ခံဆီ လုပ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆီအုန်းစိုက်ပျိုးသော ကျေးသောင်းဒေသတွင် ကြော်လှော်ချက်ပြုတ်ရန် ဆီက အလွန်ပေါသည်။ ရဲဘက်များက သူတို့နည်းသူတို့ဟန်ဖြင့် ဆီထုတ်ကြခြင်း ဖြစ်ပါသည်။

သို့သော် ထိုဆီများက စနစ်တကျသန့်စင်၍ ထုတ်ယူရရှိခြင်း မဟုတ်သောကြောင့် အန္တရာယ်အလွန်များပါသည်။ ပြည့်ဝဆီများ ဖြစ်သောကြောင့် စားသုံးရာတွင် ခဲတတ်ပြီး ခန္ဓာကိုယ်အတွင်း ရောက်ရှိသောအခါ၌လည်း ကြေပျက်လွယ်ခြင်းမရှိဘဲ အူနံရံများအား တွယ်ကပ်၍ ဒုက္ခပေးတတ်ပါသည်။

ငှက်ဖျားရောဂါကြီးမားသော ဒေသဖြစ်သောကြောင့် ရဲဘက်များ ဖျားနာ၍သေဆုံးလျှင် (Post Morten) ရင်ခွဲစစ်ဆေးချက် ပြုလုပ်ပြီး ရောဂါရှာဖွေလျှင် သေဆုံးသူ၏ ဝမ်းတွင်းကလီစာများ၌ မကျေပျက်သေးသော ဆီအုန်းဆီများခဲပြီး အတွင်းကလီစာ အူနံရံများ၌ ပါထိန်နေအောင် ကပ်တွယ်နေလေ့ရှိပါသည်။





ထိုအဆီခဲများက အူနံရံနှင့် အတွင်းကလီစာများအား ပိတ်ဆို့ပြီး အစာချေလမ်းကြောင်းကို ဒုက္ခပေး၍လည်းကောင်း၊ ငှက်ဖျားရောဂါနှင့် ပေါင်းပြီး သေဆုံးကြရခြင်း ဖြစ်ပါသည်။ တောကောင်များကတော့ အသီးစိမ်းနှင့် ဆီအုန်းပင်၏ ဦးနှောက်ကို ဖောက်၍စားရခြင်းဖြစ်သည်။ သုံးနှစ်သားခန့်ရှိသော အသီးစုံသည့် ဆီအုန်းပင်ကြီးများကိုတော့ တောကောင်များ ဖျက်ဆီးနိုင်သည့် သဘာဝ ဆီအုန်းလက်များ၌ သဘာဝဆူးများနှင့် ကာကွယ်ထားပါသည်။ ထိုဆူးများခြစ်မိရင်လည်း ဒဏ်ရာအနာ အတော်နှင့် ပျောက်ပါ။ အဆိပ်ရှိသည်ဟု ဆိုရပါမည်။

တောကောင်များကလည်း အံ့လွန်ပါးနပ်ကြပါသည်။ ဆူးပါသည့် ဆီအုန်းလက်များအား ရှောင်ကြပြီး ဆီအုန်းနိုင်ကြီးများကို တစ်လုံးခြင်းဖဲ့၍ စားကြသည်။ ဆီအုန်းနိုင်ကြီးများက အရွယ်မရောက်မီ စိမ်းနေသေးလျှင် ငှက်ကလေးနှင့် ခက်ခဲသော်လည်း မှည့်၍ အချိန်ရောက်လျှင် ထိမိသည်နှင့် ကြွေကျတတ်သည်။ အလိုအလျောက်လည်း အချိန်ရောက်သည့်နှင့် ဆီအုန်းပင်ခြင်းမှ ကြွေကျပါသည်။

ထိုအသီးများကို တောကောင်များကစား၍ အဝေးသို့ပင် အစာရှာထွက်တော့ဘဲ ဆီအုန်းခင်းများအတွင်း ပေါင်းမြက်များကို မှီထောက်၍ ခိုနေကြခြင်းဖြစ်ပါသည်။ ဆီအုန်းခင်းများအတွင်း နားခိုနေထိုင်ကြသော တောကောင်များမှာ တောဝက်ကြီးများနှင့် မြွေကြွက်ကြီးများဖြစ်ကြသည်။

မြွေကြွက်ဆိုရာ၌လည်း ကျွန်တော်တို့ တောရွာလယ်ကွင်းများ၌ တွေ့ရှိရတတ်သည့် လယ်ကြွက်ကြီးများထက် နှစ်ဆခန့် ကြီးမားပါသည်။ အုန်းသီးများကို အဝစားသောက်ရခြင်းကြောင့် ယင်းမြွေကြွက်ကြီးများမှာ ဆီတက်၍ ဖောင်းကားနေပြီး ကြော်ချက်စား၍ အလွန်ကောင်းပါသည်။ ထို့ကြောင့် ရဲဘက်များက မြွေကြွက်ကြီးများအား မြေဝက်ဟု ခေါ်ဆိုကြပါသည်။ ဟုတ်လည်း ဟုတ်ပါသည်။

ယင်းမြွေကြွက်ကြီးများ၏ အသားမှာ အဆီတစ်ထပ်၊ အသားတစ်ထပ် ဝက်သားအတိုင်း၊ စား၍အလွန်ကောင်းသည်။ တောထဲတွင် နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် တောဝက်များမှာ ပြေးလွှားလှုပ်ရှား ရှာဖွေစားသောက်နေရသော ကြောင့် တောဝက်သားမှာ အဆီအလွှန်နည်းပါးသည်။ သို့သော် ဆီအုန်း ခင်းထဲမှ ရရှိသော တောဝက်သားမှာမူ အဆီအလွှန်များပါသည်။ စား လည်း အလွန်ကောင်းပါသည်။

ကျွန်တော်တို့အုပ်စုလည်း ကော့သောင်းဆီအုန်းစိုက်ခင်း စခန်း များသို့ ရောက်ပါမှ တောကောင်သားမျိုးစုံကို စားသောက်ကြမှုခြင်းဖြ ပါသည်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစခန်း ပဲခူးမြို့ တောအတွင်း၊ နေထိုင်ရစဉ် လွန်စွာတောနက်သော်လည်း ယခုကဲ့သို့ တောကောင်စုံစုံအသားကို စားဖူးခြင်း မရှိခဲ့ပါ။

တနင်္သာရီရိုးမတောင်ခြေ ဆီအုန်းစိုက်ပျိုးရေးစခန်းများတွင် တော့ ပဲခူးရိုးမစခန်းများတွင် စားခဲ့ဖူးသည့်တောဝက်၊ ချေ၊ ဆတ်သား အပြင် မြေကြွက်သား၊ ပွေးသား၊ ချေလှောင်နှင့် မြွေသား အမျိုးမျိုး ဆူးတောင်ကြီးများပါသည့် ဖြူသားများ စသဖြင့် အကောင်စုံ၊ အမျိုး အသားတို့အား စားသောက်ကြပါတော့သည်။ ချောင်းမြောင်းများမှလည်း ဒေသခံ ပသျှူးလူမျိုးများ မစားကြသဖြင့် ရေချိုငါးများဖြစ်ကြသော ငါး ငါးခူ၊ ငါးကျည်း၊ ငါးရံ့နှင့် ငါးမြွေထိုးများ ဖားများကိုလည်း စားကြရပါသော သည်။

အမြဲတမ်း စိုစွတ်သော ရာသီဥတုရှိသည့် စခန်းများဖြစ်သော ကြောင့် အသီးပင်များ၊ ဖြစ်ထွန်းအောင်မြင်သလို တောကောင်မျိုးစုံလည်း သဘောဝအလျောက် ပေါက်ဖွားမှီခိုပြီး တိုးပွားနေကြခြင်း ဖြစ်ပါသည်။

၁၉၈၅ခုနှစ်တွင် ကျွန်တော့်အား အောက်ချိုင့် ဆီအုန်းတာဝန်ခံ အဖြစ် ပြောင်းရွှေ့တာဝန်ပေးပါသည်။ မကြာမတင်၌လည်း စာမေးပွဲဖြေ ထောင်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရပါသည်။ ကျွန်တော့်အား ပြောင်းရွှေ့ပေးသော အောက်ချိုင်ခြံစခန်းမှ ယခင်က ပျိုးပင်ပေါက်များ ထောင်၍ ပါဆယ်ပါညန်းစခန်းများအပြင် အော်ကြီးဒေသနှင့် ဟပ်စ





ဒေသများသို့ ပျိုးပင်ပေါက်ကလေးများ ဖြန့်ဝေပေးရန် တည်ထောင်ထား သော စခန်းဖြစ်ပါသည်။

သို့သော် နောက်ပိုင်းတွင် ဝန်ထမ်းများ နည်းပညာ တတ်ကျွမ်းလာ သောကြောင့် ပျိုးပင်ပေါက်များအား မျိုးထုတ်များဖြင့် သယ်ယူရခြင်းကိစ္စ လွန်စွာတာဝန်ကြီးသောကြောင့် နောက်ပိုင်းတွင် အော်ကြီးနှင့် ဟပ်စတင်း ဒေသ အုပ်စုစခန်းသစ်များတွင် တတ်ကျွမ်းသော ပညာရှင်များဖြင့် ပျိုးပင် ပေါက်စခန်းများ ပြောင်းရွှေ့စိုက်ပျိုးပြီး ဖြန့်ဖြူးရပါတော့သည်။

ကျွန်တော် တာဝန်ယူရသော အောက်ချိုင့်ဆီအုန်းစခန်းကလေး မှာ ယာယီစခန်းကလေးသာဖြစ်ပြီး ကျွန်တော့်ရှေ့က တာဝန်ယူသွားသော အရာရှိများမှာ ယာယီပျိုးပင်စခန်းအနေဖြင့် ရဲဘက်နှင့် ဝန်ထမ်းများအတွက် တဲကလေးများကိုသာ ဆောက်လုပ်၍ နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော် အောက်ချိုင့်ခြံစခန်းသို့ ရောက်ရှိပြီး တာဝန်ယူရသောအချိန်တွင် အောက် ချိုင့်ခြံစခန်း၌ ပါဆယ်၊ ပါညန်း၊ အော်ကြီးစခန်းများနှင့် ဟပ်စတင်းအောက် ဆီအုန်းစိုက်ပျိုးရေးစခန်းများမှ ဝန်ထမ်းနှင့် ရဲဘက်လူနာများအတွက် နောက် တန်းဆေးရုံအဖြစ် သတ်မှတ်ဆောက်လုပ်နိုင်ခြင်းကြောင့် အထိုင်စခန်းကြီး အဖြစ် ကျွန်တော်ပင် တာဝန်ယူ၍ ဆေးရုံနှင့် အရာရှိများနေအိမ်၊ ရဲဘက် ဘားတိုက်များကို အခိုင်အမာ ဆောက်လုပ်ရပါတော့သည်။ စခန်းသစ် ဆောက်လုပ်ရသည့် တာဝန်မှာ ယခုအချိန်အထိ ကျွန်တော့်အား ဒုက္ခပေး နေဆဲဖြစ်ပါသည်။

ဝါသနာပါသော ကိစ္စဖြစ်သောကြောင့် ကျွန်တော် မညည်းညူ ပါ။ ဆေးရုံအဆောက်အအုံများအပြင် အောက်ချိုင့် ခြံစခန်းများ၌လည်း ရဲဘက်ဘားတိုက်များ၊ ဝန်ထမ်းအိမ်ရာနှင့် အုပ်ချုပ်သူ ကျွန်တော်တို့ နေထိုင် သည့် ရုံးခန်းကြီး၊ ရိက္ခာရုံကြီးများကိုလည်း စနစ်တကျ နေရာချထား ဆောက်လုပ်ခဲ့ရာ တနင်္သာရီရိုးမ တောင်ခြေ ပြန့်ပြူးညီညာသော ကွင်းပြင် ကလေးပေါ်၌ တနင်္သာရီရိုးမတောင်တန်းနှင့် စီတန်းညီညာနေသော ဆီအုန်း



www.burmeseclassic.com

www.burmeseclassic.com



ပင်တန်းများကို နောက်ခံပြုပြီး အောက်ချိုင့်ဆီအုန်းခြံစခန်းများမှာ လွန်စွာ သာယာလှပပါသည်။

ထို့ကြောင့် ပြည်မမှ ရောက်ရှိလာသော အထက်လူကြီးများနှင့် ဧည့်သည်မှန်သမျှ ကျွန်တော်၏ အောက်ချိုင့်ခြံစခန်းကို သဘောကျနှစ်ခြိုက်ကြပါသည်။ ဧည့်သည်လာလျှင်လည်း တောကောင်မျိုးစုံသားနှင့် ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးပြုစုနိုင်သောအကြောင်းလည်း ပါရှိပါသေးသည်။

ကျွန်တော်တို့ ပါဆယ်ပါညန်း ဆီအုန်းခြံအုပ်စုတွင် ထိပ်ဆုံးပိုင်းဖြစ်သည့် ရေတံခွန်ဆီအုန်းခြံစခန်း၌ တာဝန်ခံမှာ ထောင်မှူးကြီးဦးကျော်ရှိန်ဖြစ်ပြီး ပါဆယ်၊ ပါညန်း အုပ်စု တာဝန်ခံထောင်ပိုင်က ဦးဟန်မြင့်ဖြစ်သည်။ အောက်ချိုင့်ခြံစခန်းတာဝန်ခံက ကျွန်တော်ဖြစ်၍ လဲမွန်စခန်း တာဝန်ခံက ထောင်မှူးကြီးဦးအုန်းမော်ဖြစ်ပါသည်။ ထိုအချိန်တွင် စခန်းများအား စနစ်တကျ စီမံကွပ်ကဲအုပ်ချုပ်နိုင်ပြီး ဖြစ်သောကြောင့် စခန်းတစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်တိုးတက်စေရန် ယှဉ်ပြိုင်၍ နေကြသောအချိန်ဖြစ်ပါသည်။

ပါဆယ်၊ပါညန်းအုပ်စု အော်ကြီးအုပ်စုနှင့် ဟပ်စတင်းဆီအုန်းစိုက်ပျိုးရေးစခန်းအုပ်စုကြီးများအတွက် အဝိက ကွပ်ကဲအုပ်ချုပ်မှုရုံးခန်းကို စိုက်ပျိုးစခန်းများ၏ အလယ်ဖြစ်သော လဲမွန်စခန်းတွင် ပြောင်းရွှေ့ဖွင့်လှစ်ထားရာ ကွပ်ကဲမှုတာဝန်ခံထောင်ပိုင် ဦးသိန်းစိန်ဖြစ်ပါသည်။ တစ်လတစ်ခါခန့် လဲမွန်ကွပ်ကဲအုပ်ချုပ်မှုရုံးတွင် အစည်းအဝေးလုပ်ကြရာ ကျွန်တော်တို့စခန်းမှ ရသမျှအသီးအနှံနှင့် သားငါးများကိုပါ ပံ့ပိုးပေးရသောကြောင့် ထိုနေ့ဆိုလျှင်း အစည်းအဝေးတစ်ခါလုပ်လျှင် စခန်းအစုံမှ အစားအသောက်မျိုးစုံဖြင့် လက်ရာစုံစားသောက်ရသောကြောင့် လွန်စွာ ပျော်စရာကောင်းလှပါသည်။

ကျွန်တော်တို့ နောက်တန်းစခန်းမှာ အထိုင်ကျနေသော စခန်းဟောင်းများဖြစ်ကြသောကြောင့် စနစ်တကျ အုပ်ချုပ်မှုလည်း ခိုင်မြဲနေပါသည်။ ရှေ့တန်းစခန်းများဖြစ်ကြသော အော်ကြီးစခန်းများနှင့် ဟပ်စတင်း





စခန်းများကတော့ အထိုင်မကျသေးသော စခန်းသစ်များဖြစ်ကြသောကြောင့် ခြံသနှာပေါင်းစုံကို တစ်လတစ်ခါ လဲမွန်ကွပ်ကဲမှုရုံးတွင် အစည်းအဝေးလုပ်ပါက ဝိုင်းဝန်းဖြေရှင်းပေးကြရပါသည်။

ထိုတစ်လက ကျွန်တော်တို့ အစည်းအဝေးလုပ်ပြီး အပြန်တွင် လဲမွန်ဆီအုန်းစိုက်ပျိုးရေးခြံတာဝန်ခံ ထောင်မှူးကြီးဖြစ်သူ ဦးအုန်းမောင်က ကျွန်တော့်အား ဒေသခံ နို့ခွဲစအရွယ် ပသျှူးခွေးကလေးနှစ်ကောင်အား လက်ဆောင်ပေးပါသည်။ တစ်ကောင်က အမေနဲ့တူပြီး အမွှေးတိုတို၊ အဝါရောင်၊ နောက်တစ်ကောင်က အမေနဲ့တူသော အမွှေးရှည်ရှည် နီညိုရောင်နှစ်ကောင်စလုံး အထီးကလေးများ ဖြစ်ကြပါသည်။ စခန်းသို့ရောက်သောအခါ ကျွန်တော်၏တပည့်ကျော် အရာရှိဗိုလ်တာဝန်ခံ သံချောင်းအား အပ်နှံပြီး ကျွေးမွေးပြုစုစေရပါသည်။

ခွေးကလေးနှစ်ကောင်မှာ ဒေသခံခွေးမျိုးကောင်းများ ဖြစ်ကြပြီး ကျွန်တော်တို့စခန်းတွင် အသားပေါသောကြောင့် အစားအသောက်ကောင်းသောကြောင့် စခန်းသို့ရောက်ပြီး သုံးလခန့်အကြာမှာပင် ခွေးလားမြောက်လာကြပါပြီ။ သူတို့အား ကျွေးမွေးပြုစုသော ရဲဘော်သံချောင်းအား အလွန်ခင်အလို ခွေးချစ်တတ်သော ကျွန်တော်နှင့်လည်း လွန်စွာရင်းနှီးပါသည်။

၎င်းတို့အား အစပထမတွင် ဆီအုန်းခင်းအတွင်း လှည့်လည်သွားလာရင်း အမဲလိုက်အတွေ့အကြုံကို သင်ပေးရပါသည်။ တောကောင်သားများကို စားသုံးရခြင်းကြောင့်လားတော့ မသိပါ။ ခွေးကလေးနှစ်ကောင်မှာ လွန်စွာပွံ့ဖြိုးပြီး အကြီးမြန်ကြသည်။ ဒေသခံခွေးမျိုးဖြစ်သည့်အလျောက် တောအတွင်း သွားလာရသည်ကိုလည်း လွန်စွာ နှစ်သက်ဟန်ရှိပါသည်။

ခွေးကလေးများ၏ ထူးခြားချက်ကတော့ မှတ်ဉာဏ်ကောင်းခြင်းဖြစ်သည်။ ကျွန်တော်စီးနေကျ ဆိုင်ကယ်၏ စက်သံကိုပင် အခြားသူများ၏ ဆိုင်ကယ်စက်သံများထက်ပို၍ မှတ်မိဟန်ရှိပါသည်။ စခန်းအခြေအနေနဲ့ တည်နေရာကို အနည်းငယ် တင်ပြရန်ရှိပါသည်။ ကျွန်တော်တို့စခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တနင်္သာရီရိုးမ တောင်စွယ်၊ တောင်တန်းများ အကြားတွင် ရှိသောကြောင့် အောက်ချိုင့်ဆီအုန်းခြံဟုလည်း ခေါ်တွင်ကြပြီး ပင်လယ်ကမ်းစပ်ရှိ (ချန်းဖန်း) ဟူသော ရွာကြီးနှင့် နီးသောကြောင့် အချို့က ချန်းဖန်းစခန်းဟု ခေါ်ဆိုကြပါသည်။ ထိုရွာကြီးမှာ ရေလုပ်ငန်းနှင့် စက်လှေများအဝင်အထွက် ရှိသောကြောင့် လူသုံးကုန်ပစ္စည်းမျိုးစုံကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။ ကော့သောင်းမြို့ဈေးထက်တော့ ဈေးပိုကြီးပါသည်။

ဒေသထွက် ရေထွက်ပစ္စည်းများကတော့ အလွန်ပေါပါသည်။ ကျွန်တော်တို့စခန်းများအတွက် ရိက္ခာစို သားငါးများကိုလည်း ထိုရွာကြီးမှ ဝယ်ယူရရှိပြီး ရဲဘော်နှင့်ဝန်ထမ်းများအား အလှည့်နှင့်ကျွေးမွေးရခြင်းဖြစ်ပါသည်။ ငါးခြောက်၊ ငါးခြမ်းလည်း အလွန်ပေါပါသည်။

ကျွန်တော်တို့စခန်းတွင် ယခင်စခန်းတာဝန်ခံများက (၁)ဧကခန့် ကျယ်ဝန်းသော စိုက်ပျိုးခြံကလေးကို ပြုစုလုပ်ကိုင်သွားကြရာ ကျွန်တော့် လက်ထက်တွင် (၅)ဧကခန့်ကျယ်ဝန်းသော ရာသီထွက် စိုက်ပျိုးသီးနှံများကို ချဲ့ထွင်ပြီး စိုက်ပျိုးထားရာ ချောင်းမြောင်း၊ အင်းအိုင်များနှင့် နီးသောကြောင့် အလွန်ဖြစ်ထွန်းပါသည်။ မုန်ညှင်း၊ မုန်လာ၊ ကိုက်လန်၊ ပန်းဂေါ်ဖီနှင့် စင်တင်ဘူးပင်များ၊ ပြောင်းဖူးနှင့် ငှက်ပျောပင်များ အလွန်ဖြစ်ထွန်းသည်။ ထို့ကြောင့်လည်း ကျွန်တော့်စခန်းလက်အောက်တွင် ရှိသော ဝန်ထမ်းနှင့် ရဲဘော်များ၏ ဆေးရုံသို့လည်း လုံလောက်အောင် ပံ့ပိုးနိုင်ပါသည်။ ကျွန်တော်တို့ စခန်းအတွက်လည်း ဝန်ထမ်းရဲဘော် စားသုံးရန်အတွက် အသီးအနှံများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ပါသည်။

ထိုဥယျာဉ်တောင်ယာအတွင်း၌ ဦးအေးမောင်ဟူသော တစ်ကြိမ် တစ်ဦးကို ဥယျာဉ်တောင်ယာ တာဝန်ခံအဖြစ် ခန့်ထားပြီး လိုအပ်သော မျိုးစေ့များ ရဲဘော်အင်အား စိုက်ပျိုးလုပ်ကိုင်ရန် အသုံးအဆောင်များနှင့် သံဓါးများကိုတော့ ကျွန်တော်က ပံ့ပိုးပေးရပါသည်။ တောင်ယာအတွင်း၌ ရာသီအလိုက် သီးပွင့်ကြသည့် သရက်ပင်၊ ရှောက်ပင်၊ သံပရာပင်နှင့် ဒညင်းပင်





နှင့် မျိုးကောင်းလှသော ဒူးရင်းပင်များကလည်း ယခင် ပသျှူးခြံအဟောင်းကြီးများဖြစ်၍ ဖြစ်ထွန်းသီးပွင့်ကြပါသည်။

ဆိုရလျှင် စိုက်ပျိုးစားသောက်တတ်သော ကျွန်တော်တို့ အောက်ပြည်အောက်သားမှ ဝန်ထမ်းများအနေဖြင့် ရေနှင့်မြေ ကျယ်ကျယ်ဝန်းဝန်းရှိလျှင် ဖူလုံအောင် စိုက်ပျိုးပြီး စားသောက်တတ်ကြပါသည်။ ဒေသခံပသျှူးလူမျိုးများအနေဖြင့်တော့ ယခင် ရှေးလူကြီးများ စိုက်ပျိုးထားကြသော နှစ်ရှည်သီးပင်များမှလွဲ၍ နောက်ပိုင်းတွင် စိုက်ပျိုးကြသည်မှာ သီဟိုဠ်ပင်နှင့် ကွမ်းသီးပင်၊ ငရုတ်ကောင်းပင်တို့ ရှိကြပါသည်။

ထိုအပင်များကလည်း နေ့စဉ်၊ လစဉ် ပြုစုပျိုးထောင်စရာမလိုသော အပင်များ ဖြစ်ကြပါသည်။ ရာသီပေါ် အသီးအနှံများကိုတော့ ဒေသခံပသျှူးများက ကော့သောင်းမြို့နှင့် ချန်းဖန်းရွာကြီးမှသာ ဝယ်ယူစားသုံးကြပါသည်။ သူတို့စားသုံးသည်ကလည်း ပင်လယ်ငါးကိုသာ စားသုံးသည်ကများပြီး အသီးအနှံနှင့် အသားကို စားသုံးသည်က နည်းပါသည်။

ပင်လယ်ငါးကို စားရာ၌လည်း အကြေးခွံပါသော ငါးကိုသာ စားကြပါသည်။ အသားမစားကြခြင်းမှာလည်း သူတို့၏ ဘာသာရေးထုံးစံအတိုင်း လည်လှီးပြီးမှ စားသုံးကြခြင်းဖြစ်သောကြောင့် အသားစားသော အလေ့အထနည်းခြင်းလည်း ဖြစ်ပါလိမ့်မည်။ ဒေသအတွင်း၌လည်း တောဝက်နှင့် ချေစသော တောကောင်များသာ ပေါများပြီး ဒေသခံ ပသျှူးလူမျိုးများ မွေးမြူထားကြသည်က ကျွဲများသာဖြစ်ပါသည်။

ထို့ကြောင့် အသားစားနည်းကြခြင်းလည်း ဖြစ်ပါလိမ့်မည်။ ထို့အပြင် သူတို့က ခွေးများကိုလည်း မွေးမြူကြသူ အတော်နည်းပါသည်။ ကျွန်တော်တို့စခန်းမှာ ဆီအုန်းပင်များ စိုက်ပျိုးသော စခန်းဖြစ်သော်ငြားလည်း ဆီအုန်းပင်များ အပြင်ဘက်တောစပ်နှင့် ရွာများအနီး၌ ဒေသခံပသျှူးလူမျိုးများ စိုက်ပျိုးထားကြသည့် သီဟိုဠ်ပင်နှင့် ကွမ်းသီးပင်၊ ငရုတ်ကောင်းပင်၊ အုန်းပင်များ ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပသျှူးလူမျိုးများမှာ စားသုံးဆီသုံး၍ ချက်ပြုတ်စားသော အလေ့အကျင့် မရှိ။ ဟင်းချက်လျှင်လည်း အုန်းနို့ဖြင့်သာ ချက်ပြုတ်စားသောက်တတ်ကြသည်။ ထို့ကြောင့် သူတို့ဟင်းလျာများမှာ ကျွန်တော်တို့လျှာဖြင့် အရသာခံစား၍မရပါ။ ဒေသတွင် အနေကြာလာသောအခါ နီးစပ်ရာရွာများရှိ ပသျှူးလူမျိုးအချို့နှင့် ရင်းနှီးကျွမ်းဝင်ရပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြစ်သောကြောင့်လည်း မကြာခဏ ကျေးရွာများရှိ အုပ်ချုပ်သူအဖွဲ့အစည်းများအဖြစ်လည်း အစည်းအဝေးလုပ်၍ ရပ်ကျိုးရွာကျိုး ပူးပေါင်းပြီး ဆောင်ရွက်ပေးရတတ်ပါသည်။

ထို့ကြောင့် ရပ်ရွာအုပ်ချုပ်သူ ပသျှူးလူမျိုးများနှင့် ကျွန်တော်တို့ အစိုးရဝန်ထမ်းများ ရင်းနှီးကြပါသည်။ မကြာခဏ ကျွန်တော်တို့ ဆီအုန်းခြံများသို့ ဒေသခံ ပသျှူးလူမျိုး ရပ်ရွာအုပ်ချုပ်သူများ အကြောင်းကိစ္စတစ်ခုခုဖြင့် လာရောက်လည်ပတ်ကြလျှင် ကျွန်တော်တို့က စခန်းတွင် မွေးမြူထားသော ကြက်၊ ဘဲ၊ မန်ဒါလီတို့အား ၎င်းတို့ စားသောက်လုပ်ကိုင်ပေးပြီး မြန်မာလက်ရာ ဆီ၊ ဆား၊ ငရုတ်သီး၊ ငံပြာရည်၊ အချိုမှုန့်တို့ဖြင့် ဖွယ်ဖွယ်ရာရာ ကျွေးမွေးတတ်ရာ ၎င်းတို့ အလွန်ခံတွင်းတွေ့ကြဟန်ဖြင့် ချီးကျူးကြပါသည်။ ဟင်းသီးဟင်းရွက်များကိုလည်း စနစ်တကျ ကြော်ချက်၍ကျွေးမွေးရာ ဒေသခံများ လွန်စွာ နှစ်ခြိုက်ကြပါသည်။

ကျွန်တော်တို့စခန်းတွင် မွေးမြူထားသော ပသျှူးခွေးကလေးများ အကြောင်းကို ဆက်ပါဦးမည်။ တစ်နေ့တွင် ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်တော်နှင့် ကျွန်တော့်လက်အောက်က တပ်ကြပ်ကြီးဖြစ်သူ ဦးထွန်းမောင်တို့အပြင် ပါဆယ်၊ ပိညွန်းစခန်းမှ မှဆိုးတင်မောင်နှင့် တနသာင်္ရီမြို့မပေါ်သို့တက်၍ အမဲလည်ကြရန် စီစဉ်ထားပါသည်။ ထိုနေ့က မနက်စောစောစားပြီးကြသည်နှင့် ကျွန်တော်တို့အဖွဲ့ ကျယ်ပြန့်လှသော ဆီအုန်းခင်းကို ဖြတ်ပြီး တနင်္သာရီမြို့မတောင်ခြေသို့ လှမ်းခဲ့ကြပါသည်။ ဖိုခေါင်းသံချောင်းက ကျွန်တော် မွေးမြူထားသော ပသျှူးခွေးနှစ်ကောင်ကိုလည်း ခေါ်လာခဲ့ပါသည်။





ယင်းခွေးနှစ်ကောင်မှာ ယခင်က ဆီအုန်းခင်းအတွင်း၌သာ သွားလာဖူးသော်လည်း ယနေ့တော့ အမဲလိုက် မုဆိုးဖော်တ်သွင်းရန်အတွက် ရည်ညွှန်းသော ကျွန်တော်တို့ မုဆိုးများအဖွဲ့နှင့်အတူ ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ခွေးကလေးနှစ်ကောင်မှာ အနံ့ခံအလွန်ကောင်းသည်ဟု သံချောင်းက ပြောပါသည်။ သံချောင်းနှင့်အတူ ဆီအုန်းခင်းများအတွင်း လှည့်လည်ပြီး မြွေကြွက်ကြီးများ၊ တောဝက်ပေါက်များနှင့် အခြား ချုံတွင်းပုန်းနေသည့် တောကောင်ငယ်များကိုတော့ ခွေးနှစ်ကောင်က အနံ့ခံ၍ ရှာဖွေဖမ်းဆီးတတ်နေပြီဖြစ်ပါသည်။

ကျွန်တော်တို့ မုဆိုးအဖွဲ့လည်း ဆီအုန်းခင်းကြီးကို ဖြတ်ကျော်ပြီး တနင်္သာရီမြို့မတောင်ခြေနှင့် ပိုင်းခြားထားသော (၁၀)ပေ မီးတားလမ်းအနီးသို့ ရောက်ရှိလာကြပါသည်။

"ကဲ ... ဘယ်ဘက်ကို ဦးတည်ပြီး သွားကြမှာလဲ"

ဟု ကျွန်တော်က မေးရာ ရဲဘက်မုဆိုး တင်မောင်နှင့် ကိုနီတို့က ...

"ဆရာ ... တောကောင် စားချင်တာလဲ။ ဒီနေ့တော့ ခွေး (၂) ကောင်လည်း ပါတာကြောင့် ရိုးမကြောပေါ်တက်ပြီး အကောင်ပလောင်ရှာမလို့ စိတ်ကူးထားပါတယ်။ အဖွဲ့ကလည်း စုံလို့ စီစဉ်ထားတာပါ။ တောကောင်မရ မရှိအောင်လည်း ခွေးကလေးတွေကို ခေါ်လာတာ"

"ဘာကောင်တွေ ရနိုင်သလဲ တင်မောင်နဲ့ ... ကိုနီ"

"တောင်ခြေ အနီးပတ်ဝန်းကျင်တော့ တောဝက်နဲ့ ချေတွေအုပ်လိုက်ရှိတယ်ဆရာ။ တောင်ကြောပေါ်မှာတော့ တောကောင်ကြီးတွေ ရှိတယ်။ ဝက်ဝံနဲ့ ကျားသစ်နက်ကြီးတွေတော့ ရှိတယ်။ အဲဒီအကောင်ကြီးတွေက အလွန် သတ္တိကောင်းပြီး ရဲတင်းတယ်။ ခွေးကလေးတွေ ခေါ်လာတာကတော့ လိုက်ရှာဖို့ပဲ။ မှတ်ဥ၊ လိပ်သဲ၊ ကျွဲနို့ခဲဆိုသလို ဒီတနင်္သာရီမြို့မကြောပေါ်မှာ သစ်ရွက်ခြောက်တွေအောက်မှာ ပုန်းအိုနေတဲ့ တောင်ပေါ်လိပ်ခေါ် ဆောက်လိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ရှိတယ်။ အဲဒီလိပ်ကြီးတွေက (၁)ကောင်ကို (၁)ပိဿာကျော်ခန့် ရှိတယ်။ သူ့အသည်းက အတော်ကြီးပြီး စားလို့ အလွန်ကောင်းတယ်၊ အသား ကတော့ အရိုးနုကလေးတွေနဲ့ ရောနေတာကြောင့် စာလို့ အလွန်ကောင်းပါ တယ်။ မချက်တတ်ရင် နည်းနည်းတော့ ညှီတာပေါ့''

''အေးကွာ . . . ငါတို့တော့ လိပ်သား မစားဘူးသေးပါဘူး။ ကြုံ ရင်တော့ စားကြည့်ရမှာပေါ့။ တခြားတောကောင်တွေရော ဘာတွေရှိသေး လဲ''

''တခြားအကောင်တွေကတော့ တောင်ကြောပေါ်မှာ တောဝက်အုပ် ပဲ ရှိတတ်တယ်ဆရာ။ တစ်ခါတစ်ခါ ကြံ့သူတော်လို ရှားပါးတိရစ္ဆာန် အကောင် မျိုးတွေကိုလည်း တွေ့ရတတ်တယ်။ ဒါပေမဲ့ သစ်တောဌာနက တားမြစ် ထားတဲ့ တောကောင်တွေကို မပစ်ကြပါဘူး။ တစ်ခါတစ်ရံ တစ်ဖက်နိုင်ငံ ယိုးဒယားဘက်က လာကြတဲ့ တောမုဆိုးတွေကတော့ တွေ့မရှောင်ဘဲ . . ဆရာရေ၊ ရတဲ့အကောင်ကိုပဲ ပစ်ခတ်သွားကြတော့ အခုဆိုရင် သူတို့ပစ်တာ များလို့ တောင်ကျောပေါ်မှာ ကျားသစ်နက်နဲ့ ဝက်ဝံကြီးတွေ ရှားပါးစပြုနေ ပါပြီ''

''အေးကွာ . . . သူတို့ကလည်း ငါတို့နိုင်ငံအတွင်း ကျူးကျော် လာသေးတယ်။ ရှားပါးတောကောင်တွေလည်း ခိုးပြီး ပစ်တယ်။ အဖိုးတန် သစ်မာတွေကိုလည်း ခေတ်မီ စက်ယန္တရားတွေနဲ့ ခိုးခုတ်ကြသေးတယ် ဆို''

''ဟုတ်တယ် . . . ဆရာ။ ကျွန်တော်တို့ ဆီအုန်းစိုက်ပျိုးရေးစခန်း တွေ စဖွင့်ခါစက တနင်္သာရီရိုးမဆိုတာ အမြဲစိမ်းသစ်တောပဲ။ နေပြောက် မထိုးအောင် ပိတ်ဆီးနေတာ။ အခု ကြည့်ပါလား . . . တောင်ကြောပေါ်မှာ တောင် သစ်မာပင်ကြီးကြီး မရှိသလောက် ရှားသွားပြီ။ နောက်ပြီး အပူပိုင်း သစ်ခွ မျိုးစေ့တွေလည်း ရှားပါးစပြုနေပြီ။ တကယ်တမ်းပြောရလျှင် ယိုးဒယား ဘက်က မျိုးစပ်ပြီး ရောင်းချနေတဲ့ သစ်ခွတွေက ကျွန်တော်တို့နိုင်ငံဘက်





က ထွက်တဲ့ မျိုးတွေချည်းပဲ။ အဲဒီမျိုးတွေကို ခေတ်မီနည်းတွေနဲ့ မျိုးပွားစိုက် ပျိုး မျိုးကောင်းမျိုးတွေအဖြစ် ရောင်းဝယ်ဖောက်ကားနေကြတာပါပဲ။ တကယ်တမ်း ပြောရရင်တော့ ယိုးဒယားလူမျိုးတွေ ဖွံ့ဖြိုးတိုးတက်တာဟာ မြန်မာပြည်က ထုတ်ယူရရှိတဲ့ သယံဇာတပစ္စည်းတွေကြောင့်လို့ ပြောရရင် လည်း မမှားလောက်ပါဘူး ဆရာ''

ကျွန်တော်တို့ စကားပြောဆိုကြရင်း လျှောက်လှမ်းလာကြရာ အုန်းခြံနှင့် တောစပ်ကို မီးမလောင်စေရန်အတွက် ပိုင်းခြားထားသော (…)ပေခန့် အကျယ်ရှိတဲ့ မီးတားလမ်းပေါ်သို့ ရောက်သောအခါ ရှေ့တွင် ဆောင်၍ လျှောက်နေသော မုဆိုးကိုနေအား လက်ထောင်ပြပြီး ရပ်နိုင်း သည်။ ထို့နောက် သံချောင်းအား ခွေးနှစ်ကောင်ကို အသံမထွက်စေဘဲ ထိန်းရန်အတွက် သတိပေးပါသည်။

ကျွန်တော်တို့ နားစွင့်ကြည့်တော့ ရိုးမတောင်ကြောပေါ်မှ တဖြည်း ဖြည်း ဆင်းလာသော တောကောင်များ၏ တောတိုးသံကို တည့်တည့်ကြား ရပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် တပ်ကြပ်ကြီး ဦးထွန်းမောင်တို့ သယ်သေနတ်ကြီးများအား ကျည်ထိုးပြီး အသင့် နေရာယူထားကြပါသည်။ အသံဗလံများ တဖြည်းဖြည်း နီးကပ်လာသောအခါ တောဝက်အုပ်ကြီးဖြစ် ကြောင်း မုဆိုးတင်မောင်က ပြောပါသည်။

တောဝက်များမှာ အုပ်စုကောင်းပြီး ဘာကိုမျှ ဂရုမစိုက်ဘဲ ရဲတင်း စွာ သွားလာတတ်ကြသော တောကောင်များဖြစ်ပါသည်။ မကြာခင်မှာပင် ကျွန်တော်တို့ရှေ့အနီးသို့ တောဝက်အုပ်ကြီး ရောက်ရှိလာကြောင်း တော သံများကြားရသည့် ခွေးများမှာ တောကောင်နံ့ရသောကြောင့် မငြိမ်သက် တော့ပါ။ သံချောင်းအား ခွေးများမဟောင်စေရန်နှင့် ငြိမ်သက်စွာ ထိန်းထား ရန်အတွက် သတိပေးရသည်။ မကြာပါ တောဝက်ခေါင်းဆောင် ဝက်သိုး ကြီးတစ်ကောင်က တောစပ်မှ အစွယ်ပြူးပြူးဖြင့် ဦးစွာ ပေါ်လာပါသည်။ ထို့ကြောင့် တောဝက်တောင်းကြီးနှင့် အနီးစပ်ဆုံး အစွန်ဘက်တွင်ရှိသော တပ်ကြပ်ကြီး ဦးထွန်းမောင်က စတင်၍ ပစ်ခတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . . ဒိုင်း . . ."

သေနတ်သံကြားသည်နှင့် ခွေးနှစ်ကောင်မှာ ထိန်း၍ မရတော့ပါ။ တောဝက်ကြီးနှင့် နပန်းလုံး၍ ကိုက်ခဲကြတော့သည်။ ထို့ကြောင့် ခွေးနှစ်ကောင်နှင့် တောဝက်တောင်းကြီးမှာ လျှိုတစ်ခုအတွင်းသို့ ပြုတ်ကျသွားတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း မနေသာတော့ဘဲ အတင်းလိုက်၍ ပစ်ရတော့သည်။

"ဒိန်း . . . ဒိန်း . . ."

တောဝက်ကြီးမှာ ကျွန်တော်၏ အနီးကပ်ပစ်ခတ်မှုကြောင့် ဦးခေါင်းကိုမှန်၍ ငြိမ်သက်သွားသော်လည်း ကျွန်တော်၏ နီညိုရောင် ဘိုနီဟုခေါ်သော ခွေးကလေးမှာ တောဝက်ကြီးက အစွယ်နှင့် ထိုးသောကြောင့် ဗိုက်ပွင့်သွားပြီး 'တအမ်းအမ်း' အော်နေပါသည်။

ဘိုဖြူဟုခေါ်သော အဝါရောင်ခွေးကလေးကတော့ တောဝက်ကြီးအား ကိုက်ခဲပြီး လျှိုပေါ်သို့ ပြန်ပြေးတက်လာပါသည်။ တောဝက်ကြီးအား မဲနေသောကြောင့် အခြားသော ဝက်အုပ်များလည်း ကစဉ့်ကလျား ထွက်ပြေးကြပြီဖြစ်ပါသည်။ မုဆိုးတပည့်များ လျှိုအတွင်းဆင်း၍ တောဝက်တောင်ကြီးနှင့် ဘိုနီခေါ် ခွေးကလေးအား လျှိုပေါ်သို့ မ,တင်ကြပါသည်။

ဘိုနီခေါ် ခွေးကလေးမှာ ဗိုက်ပွင့်သွားပြီး သွေးများ ရဲနေပါသည်။ သို့သော် အတွင်းကလီစာများ ပြုတ်ထွက်သွားခြင်း ရှိဟန်မတူပါ။ ထို့ကြောင့် ရဲဘက်သံချောင်းက ၎င်း၏ပုဆိုးကို ချွတ်ပြီး ခွေးကလေးဘိုနီအား ပတ်၍ ချည်ပေးပြီးနောက် ဝက်တောင်းကြီးနှင့်အတူ ခြေလက်များအား ကြိုးနှင့်ချည်၍ စခန်းသို့ ထမ်းသယ်လာကြပါသည်။

စခန်းရုံးသို့ ရောက်သောအခါ ခွေးကလေးဘိုနီမှာ သေဆုံးခြင်း မရှိသေးသောကြောင့် စခန်းရှိဆေးမှူးအားခေါ်၍ ပွင့်နေသောဗိုက်အား ချုပ် ပေးရသည်။ ဝက်တောင်းကြီးကိုတော့ စခန်းရှိ ဝန်ထမ်းနှင့်ရဲဘက်များ တ သုံးရန်အတွက် ဖိုကြီးသို့ အပ်နှံလိုက်ပါသည်။





ခွေးကလေးဘိုနီအတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်ကြရပါသည်။ နှစ်ရက်၊ သုံးရက်ခန့် ခွေးကလေးမှာ ဘာအစာမှ မစားပါ။ ရေလောက်သာ သောက်ပြီး ရဲဘက်သံချောင်းကလည်း ၎င်း၏ခွေးကလေးအား အလွန်ဂရုစိုက်၍ ပြုစုပါသည်။ အနာကျက်ဆေးများ လိမ်းပေးရုံသာမက အစားအသောက်များကိုလည်း စားနိုင်သမျှ ချော့၍ ကျွေးမွေးပါသည်။ ထို့ကြောင့် လေးငါးရက်ခန့်အကြာတွင် ခွေးကလေးမှာ အတော် လန်းဆန်းဆန်းဖြစ်လာသည်။ အစားအသောက်လည်း အနည်းငယ် စားလာသည်။ ခွေးသားမှာ ပူသောကြောင့်လားမသိ၊ အနာက အလွန်အကျက်မြန်သည်။

နောက်တစ်ပတ်အကြာတွင် ကျွန်တော်တို့မုဆိုးအဖွဲ့ တောထဲဝင်တော့ ခွေးကလေးဘိုနီကို စခန်းရုံးခန်းတွင် ရဲဘက်သံချောင်းနှင့်အတူ ထား ခဲ့ပြီး ခွေးကလေးဘိုဖြူကိုသာ ခေါ်ကာ တောထဲဝင်ခဲ့ကြပါသည်။ ထိုနေ့ ကလည်း ဆီအုန်းခင်းနှင့် တောအစပ်မှာတင် တောဝက်အုပ်နှင့် တိုးကြ သည်။ တောဝက်အုပ်ခေါင်းဆောင် တောဝက်သိုးကြီးမှာ ကျွန်တော်တို့ မုဆိုးများအနံ့ကို ရရှိသဖြင့် တောတွင်းသို့ဝင်ပြီး နောက်၌ကျန်နေခဲ့သော တောဝက်မတစ်ကောင်ကို ခွေးကလေးဘိုဖြူက ပြေးအကိုက်တွင် မည်သည့် နေရာမှ ပေါ်လာမှန်းမသိသော ခွေးကလေးဘိုနီပါ ရောက်ရှိလာပြီး နှစ် ကောင်ပေါင်း၍ တောဝက်မတစ်ကောင်ကို ဝိုင်းဝန်းပြီး ကိုက်ကြလေ သည်။

ကျွန်တော်တို့ သေနတ်ကိုင် မုဆိုးများမှာ ခွေးကလေးများ ထိမှာ မည်ဆိုးသောကြောင့် မပစ်ရဲကြပါ။ တောဝက်အုပ်ကြီး တောတွင်းသို့ ဝ ရောက်ပျောက်ကွယ်သွားသော အချိန်တွင် ခွေးနှစ်ကောင် ကိုက်ခဲဖမ်း ထားသောကြောင့် တောဝက်တစ်ကောင်ကို အသေရလိုက်တော့သည်။ ဓ အချိန်မှစ၍ ဘိုနီနှင့် ဘိုဖြူဟုခေါ်ဆိုသော ခွေးကလေးနှစ်ကောင်မှာ လိုက်ခွေး ဂိုဝိပြင်ပြင် ဖြစ်လာပါတော့သည်။ အထူးသဖြင့် တော တွေ့လျှင် တားမနိုင် ဆီးမရ လက်စားချေပြီး ရဲတင်းစွာ ကိုက်ကြပါလေ



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . . ဒိုင်း . . ."

သေနတ်သံကြားသည်နှင့် ခွေးနှစ်ကောင်မှာ ထိန့်၍ မရတော့ တောဝက်ကြီးနှင့် နပန်းလုံး၍ ကိုက်ခဲကြတော့သည်။ ထို့ကြောင့် ခွေး ကောင်နှင့် တောဝက်တောင်းကြီးမှာ လျှိုတစ်ခုအတွင်းသို့ ပြုတ်ကျသွ တော့သည်။ ထို့ကြောင့် ကျွန်တော်လည်း မနေသာတော့ဘဲ အတင်းလိုက် ပစ်ရတော့သည်။

"ဒိန်း . . . ဒိန်း . . ."

တောဝက်ကြီးမှာ ကျွန်တော်၏ အနီးကပ်ပစ်ခတ်မှုကြောင့် ဦးခေါ ကိုမှန်၍ ငြိမ်သက်သွားသော်လည်း ကျွန်တော်၏ နီညိုရောင် ဘိုနီဟု သော ခွေးကလေးမှာ တောဝက်ကြီးက အစွယ်နှင့် ထိုးသောကြောင့် ဗိုက်ပ သွားပြီး 'တအမ်းအမ်း' အော်နေပါသည်။

ဘိုဖြူဟုခေါ်သော အဝါရောင်ခွေးကလေးကတော့ တောဝက်ကြ အား ကိုက်ခဲပြီး လျှိုပေါ်သို့ ပြန်ပြေးတက်လာပါသည်။ တောဝက်ကြီးအ မဲနေသောကြောင့် အခြားသော ဝက်အုပ်များလည်း ကစဉ့်ကလျား ထွ ပြေးကြပြီဖြစ်ပါသည်။ မုဆိုးတပည့်များ လျှိုအတွင်းဆင်း၍ တောဝက်တော ကြီးနှင့် ဘိုနီခေါ် ခွေးကလေးအား လျှိုပေါ်သို့ မ,တင်ကြပါသည်။

ဘိုနီခေါ် ခွေးကလေးမှာ ဗိုက်ပွင့်သွားပြီး သွေးများ ရဲနေပါသည် သို့သော် အတွင်းကလီစာများ ပြုတ်တောက်သွားခြင်း ရှိဟန်မတူပါ။ ကြောင့် ရဲဘက်သံချောင်းက ၎င်း၏ပုဆိုးကို ချွတ်ပြီး ခွေးကလေးဘိုနီအ ပတ်၍ ချည်ပေးပြီးနောက် ဝက်တောင်းကြီးနှင့်အတူ ခြေလက်များအား ကြ နှင့်ချည်၍ စခန်းသို့ ထမ်းသယ်လာကြပါသည်။

စခန်းရုံးသို့ ရောက်သောအခါ ခွေးကလေးဘိုနီမှာ သေဆုံး မရှိသေးသောကြောင့် စခန်းရှိဆေးမှူးအားခေါ်၍ ပွင့်နေသောဗိုက်အား ပေးရသည်။ ဝက်တောင်းကြီးကိုတော့ စခန်းရှိ ဝန်ထမ်းနှင့်ရဲဘက်များ သုံးရန်အတွက် ဖိုကြီးသို့ အပ်နှံလိုက်ပါသည်။





ခွေးကလေးဘိုနီအတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်ကြရ သည်။ နှစ်ရက်၊ သုံးရက်ခန့် ခွေးကလေးမှာ ဘာအစာမှ မစားသေး ရ လောက်သာ သောက်ပြီး ရဲဘက်သံချောင်းကလည်း ၎င်း၏ခွေးကလေးအား အလွန်ဂရုစိုက်၍ ပြုစုပါသည်။ အနာကျက်ဆေးများ လိမ်းပေးရုံသာမက အစားအသောက်များကိုလည်း စားနိုင်သမျှ ချော့၍ ကျွေးမွေးပါသည်။ ထို့ကြောင့် လေးငါးရက်ခန့်အကြာတွင် ခွေးကလေးမှာ အတော် လန်းလန်း ဆန်းဆန်းဖြစ်လာသည်။ အစားအသောက်လည်း အနည်းငယ် စားလာသည်။ ခွေးသားမှာ ပူသောကြောင့်လားမသိ၊ အနာက အလွန်အကျက်မြန်သည်။

နောက်တစ်ပတ်အကြာတွင် ကျွန်တော်တို့မုဆိုးအဖွဲ့ တောထဲဝင် တော့ ခွေးကလေးဘိုနီကို စခန်းရုံးခန်းတွင် ရဲဘက်သံချောင်းနှင့်အတူ ထား ခဲ့ပြီး ခွေးကလေးဘိုဖြူကိုသာ ခေါ်ကာ တောထဲဝင်ခဲ့ကြပါသည်။ ထိုနေ့ ကလည်း ဆီအုန်းခင်းနှင့် တောအစပ်မှာတင် တောဝက်အုပ်နှင့် တိုးကြ သည်။ တောဝက်အုပ်ခေါင်းဆောင် တောဝက်သိုးကြီးမှာ ကျွန်တော်တို့ မုဆိုးများအနံ့ကို ရရှိသဖြင့် တောတွင်းသို့ဝင်ပြီး နောက်၌ကျန်နေခဲ့သော တောဝက်မတစ်ကောင်ကို ခွေးကလေးဘိုဖြူက ပြေးအကိုက်တွင် မည်သည့် နေရာမှ ပေါ်လာမှန်းမသိသော ခွေးကလေးဘိုနီပါ ရောက်ရှိလာပြီး နှစ် ကောင်ပေါင်း၍ တောဝက်မတစ်ကောင်ကို ဝိုင်းဝန်းပြီး ကိုက်ကြလေ သည်။

ကျွန်တော်တို့ သေနတ်ကိုင် မုဆိုးများမှာ ခွေးကလေးများ ထိမှန် မည်စိုးသောကြောင့် မပစ်ရဲကြပါ။ တောဝက်အုပ်ကြီး တောတွင်းသို့ ဝင် ရောက်ပျောက်ကွယ်သွားသော အချိန်တွင် ခွေးနှစ်ကောင် ကိုက်ခဲဖမ်းဆီး ထားသောကြောင့် တောဝက်တစ်ကောင်ကို အသေရလိုက်တော့သည်။ ထို အချိန်မှစ၍ ဘိုနီနှင့် ဘိုဖြူဟုခေါ်ဆိုသော ခွေးကလေးနှစ်ကောင်မှာ အဲ လိုက်ခွေး ဂိုဝိပြင်ပြင် ဖြစ်လာပါတော့သည်။ အထူးသဖြင့် တောဝက်များ တွေ့လျှင် တားမနိုင် ဆီးမရ လက်စားချေပြီး ရဲတင်းစွာ ကိုက်ကြပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆီအုန်းခင်းအတွင်းသို့ လမ်းမှားဝင်ရောက်လာသော ကျွဲအုပ်များကို တွေ့လျှင်လည်း အတင်းလိုက်လံ၍ ကိုက်ခဲသောကြောင့် ထိုခွေးနှစ်ကောင်အား အမြဲဂရုတစိုက် ထိန်းထားကြရသည်။

ခွေးကလေးနှစ်ကောင်မှာ တောကောင်များနှင့် တွေ့လျှင် ရိုင်းစိုင်းကြမ်းတမ်းစွာ ကိုက်ခဲလေ့ရှိကြသောကြောင့် သခင်များအပေါ်တွင်တော့ ယုယွန် အနွံ့အတာခံပါသည်။ တစ်ခါတစ်ရံ ရဲဘက်သံချောင်းက ရိုက်လျှင် ကလေးငယ်များလို အော်မြည်၍ အရိုက်ခံတတ်သည်။ သခင့်အပေါ်တွင် ဘန်ဖိ၍ ပြန်လည်ခုခံကိုက်ခဲခြင်း လုံးဝ မပြုလုပ်ကြပါ။ စခန်းအတွင်းရှိ ရဲဘက်များ၊ ဝန်ထမ်းများ၏ ကလေးငယ်များဖြင့်လည်း ဆော့ကစားတတ်သည်။ နာကြင်အောင် ကိုက်ခဲခြင်း လုံးဝ မပြုလုပ်တတ်ကြပါ။ ထို့ကြောင့်လည်း ဘိုနီ၊ ဘိုဖြူဟူသော ခွေးနှစ်ကောင်မှာ ခွေးကြီးများဖြစ်လာပြီး စခန်းတစ်ခုလုံးရှိ ရဲဘက်နှင့် ဝန်ထမ်းများ၊ ကလေးများ၏ အချစ်တော်လည်း ဖြစ်လာကြပါသည်။

✿ ✿ ✿

❑

တော့သောင်းစခန်းများတွင် (၂) နှစ်သာ တာဝန်ထမ်းဆောင်ရစဉ် အတွင်း ကျွန်တော်တို့ ဝန်ထမ်းများမှာ တောနှင့် တောင်နှင့် ဆက်သွယ်လုပ်ကိုင်ရခြင်းဖြစ်သောကြောင့် မဆိုးအတွေ့အကြုံများ ရရှိပါသည်။ ထို့အပြင် အဆောက်အအုံ ဆောက်လုပ်ရာ၌လည်း ယခင်ရိုးမစခန်းများကလို ယာယီ သစ်၊ ဝါး အဆောက်အအုံများသာ မဟုတ်တော့ဘဲ သစ်ရပ်ကောင်းမွန်သော သစ်သားဖြင့် ဆောက်လုပ်ရသည့် ဝန်ထမ်းနှင့် ရဲဘက်ဘားတိုက်များ (၂)ထပ် ရုံးခန်းအဆောက်အအုံများ စသဖြင့် စနစ်တကျ ဆောက်လုပ်ရသောကြောင့် အဆောက်အအုံများဆောက်လုပ်ရာတွင် ဝါသနာပါသော ကျွန်တော်တို့အတွက် ဆောက်လုပ်ရေးပညာ၊ ဗဟုသုတများ ပိုမိုရရှိပါသည်။

ကော့သောင်းစခန်းများတွင် တာဝန်ထမ်းနေစဉ်အတွင်း အောက်ချိုင့်ဆီအုန်းခြံ၌ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ (၆)လခန့်ကြာသောအချိန်တွင် စခန်းအသစ်၌ အထိုင်ကျလာပါသည်။ ကျွန်တော်လိုချင်သော စခန်းပုံစံကိုလည်း ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါသည်။ ဝန်ထမ်းနှင့် ရဲဘက်များကိုလည်း စည်းကမ်းတကျ အုပ်ချုပ်နိုင်ပြီး ပိုက်ပျိုးထား[illegible]သော



www.burmeseclassic.com

www.burmeseclassic.com



ဆီအုန်းခြံကေ (၇၀) ကျော်ခန့်ကိုလည်း ပေါင်းမြက်များကို နိုင်နင်းစွာ ရှင်းလင်းနိုင်သောကြောင့် ကျွန်တော်၏ အောက်ချိုင့်ဆီအုန်းခြံအား ရောက်ရှိလာကြသည့် ဧည့်သည်များနှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများအားလုံး စခန်းနှင့် ဆီအုန်းခင်းကြီးကို လွန်စွာ သဘောကျကြပါသည်။

ဆီအုန်းခင်းကြီးမှာ တောင်ကုန်း၊ တောင်တန်း၊ ကုန်းဆင်း၊ မြေညီစသဖြင့် ရရာနေရာများတွင် စိုက်ပျိုးထားရခြင်း ဖြစ်သော်လည်း စနစ်တကျ အတန်းလိုက် ညီညာစွာ စိုက်ပျိုးထားခြင်းကြောင့် တောင်ကုန်းပေါ်က ကြည့်လျှင်လည်းကောင်း၊ မြေပြင်ပေါ်က ကြည့်လျှင်လည်းကောင်း လွန်စွာ ကြည့်၍ ကောင်းပါသည်။ ကျွန်တော်တို့စခန်းတွင် အမှတ် (၁)မှ အမှတ်(၇) ခြံအထိ ခြံအမှတ်များ ခွဲခြားထားပြီး တစ်ခြံနှင့်တစ်ခြံတွင် အုန်းခင်းစောင့် ဝန်ထမ်း (၁)ဦးနှင့် ရဲဘက်ကြီး (၂)ဦးတို့အား (၁)ပတ်စာရိက္ခာများ ထုတ်ပေးထားသည်။ ရှိင်ဖယ်သေနတ်တစ်လက်စီလည်း ထုတ်ပေးထားပါသည်။

ယင်းအဖွဲ့အနေဖြင့် တစ်ပတ်တစ်ခါ စခန်းအုပ်ချုပ်ရေးရုံးသို့ ဆီအုန်းခင်းနှင့် ပတ်သက်၍ အပျက်အစီးစာရင်းကို အစီရင်ခံစာ တင်ရပါသည်။ သို့မှသာ ကျွန်တော်တို့ အုပ်ချုပ်သူများအနေဖြင့် ဆီအုန်းပင် အသေအပျောက်စာရင်းတွင် ထည့်သွင်းရခြင်း၊ ပျိုးပင်အသစ်များကို အစားထိုး စိုက်ပျိုးရခြင်း ကိစ္စများကို ဆောင်ရွက်ပေးရသည်။ ဆီအုန်းခင်းများမှာ တနင်္သာရီရိုးမတောင်ခြေနှင့် ထိစပ်နေသောကြောင့် တောကောင်များ၏ ဖျက်ဆီးခြင်းကို အမြဲတမ်း ခံရတတ်ပါသည်။

အများအားဖြင့် တောဝက်များ၊ တောကြွက်ကြီးများနှင့် ဖြူကောင်များက ဆီအုန်းပင်များကို ကိုက်ဖြတ်၍ ဖျက်ဆီးတတ်ပါသည်။ ညအချိန်များတွင် အများဆုံး ဖြစ်တတ်ပါသည်။ ထို့ကြောင့် ဆီအုန်းတဲစောင့် ဝန်ထမ်းနှင့် ရဲဘက်ကြီးတို့မှ ဆီအုန်းခင်းများကို စောင့်ရှောက်ကြပြီး ခတ်ဆီသုံးရသော ဝါးဘိုးအမြောက်ခေါ် သကြဲန်အမြောက်ကို ညအချိန်တွင် တဝုန်းဝုန်း ပစ်ဖောက်၍ ခြောက်လှန့်ပေးရပါသည်။ သို့မှသာ တောကောင်အုပ်များ ကြောက်လန့်ပြီး ဆီအုန်းခင်းထဲသို့ မဝင်ရောက်နိုင်ရန် ဖြစ်ပါသည်။





ထိုတစ်နေ့က ကျွန်တော်တို့စခန်း မှုဆိုးအဖွဲ့ အမဲလိုက်ထွေးများ မြင့် တောလည်ကြရင်း ယောဝက်မကြီး (၂)ကောင် ရရှိထားသောကြောင့်သည်းကောင်း၊ ရုံးပိတ်ရက် တနင်္ဂနွေနေ့ မနက်ခင်းဖြစ်သောကြောင့်လည်းကောင်း၊ အောက်ချိုင့်ခြံစခန်းရှိ ဝန်ထမ်းများအားလုံး စန်းသို့ လာရောက်၍ အပတ်စဉ် အစီရင်ခံစာတင်ရင်းနှင့် တစ်ပတ်စာ ရိက္ခာထုတ်ခြင်းတို့ကြောင့် စခန်းတွင် လူစည်ကားနေပါသည်။ ဆီ၊ ဆန်၊ ဆား ရိက္ခာခြောက်များအပြင် ယနေ့ တောဝက်သားကိုလည်း ရိက္ခာစိုအဖြစ် ထုတ်ပေးခြင်းဖြစ်ပါသည်။

စခန်းရှိ ဝန်ထမ်းနှင့် ရဲဘက်များအတွက် ဝန်ထမ်းနှင့် ရဲဘက်ဗိုများသို့ ချက်ပြုတ်ရန် ထုတ်ပေးထားပြီးဖြစ်ပါသည်။ ဆီအုန်းစောင့် တဲ (၇) လုံးမှ ဝန်ထမ်းနှင့် ရဲဘက်များကတော့ ရိက္ခာများ ထုတ်ယူဆဲဖြစ်သည်။ ကျွန်တော့်စခန်းမှ နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် ရဲဘက်တပ်ခွဲမှူးကိုစိုးမြင့်တို့က စနစ်တကျခွဲဝေ၍ ထုတ်ပေးနေခြင်းဖြစ်ပါသည်။

ထိုနေ့က မှတ်မှတ်ရရ ကျွန်တော်တို့ အောက်ချိုင့်ခြံစခန်း၏ အစွန်ဆုံးဆီအုန်းစောင့်တဲမှ ဝန်ထမ်းတင်မောင်နှင့် ရဲဘက်ကြီးနှစ်ဦးတို့အား ရိက္ခာထမ်း၍ ထွက်သွားရာနောက်သို့ စခန်းမှ လုံထိန်းတပ်သား မောင်တင်တို့ အတူတကွ စခန်းမှ ထွက်ခွာသွားကြသည်ကိုလည်း မြင်တွေ့လိုက်ရသည်။ ၎င်းတို့နှစ်ဦးမှာ နာမည်ဆင်ပြီး အလွန်ခင်မင်ကြပါသည်။

လုံထိန်းအဖွဲ့များမှာလည်း ဆီအုန်းခင်း လုံခြုံရေးအတွက် တာဝန်ရှိကြသောကြောင့် အကျဉ်းဌာနဝန်ထမ်းနှင့် ရဲဘက်များဖြင့်လည်း တပူးတွဲတွဲ ခင်မင်စွာ နေကြရသည်မှာ ကောင်းမွန်သောရလဒ် ဖြစ်ပါသည်။ တောထဲနေ ဝန်ထမ်းခြင်းဖြစ်သောကြောင့် တောစာတောင်စာ ရှာဖွေစားသောက်ရင်း ချစ်ချစ်ခင်ခင် နေထိုင်ရခြင်းမှာ လွန်စွာကောင်းသော ဓလေ့စရိုက်ဖြစ်ပါသည်။

ထိုနေ့ည (၈)နာရီ (၉)နာရီခန့်က ကျွန်တော်တို့ ညစာစားသောက်ပြီး အိပ်ရာဝင်ရန်အတွက် ဘုရားဝတ်ပြုနေစဉ် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်မှ အစွန်ဆုံးရှိ ဆီအုန်းစောင့်တဲ (၇)က ရဲဘက်ကြီးနှစ်ဦး စခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့လာ၍ သတင်းပို့ပါကြောင်း၊ ၎င်းတို့၏ ဝန်ထမ်းဆရာ တင်မောင်နှင့် လုံထိ
မှ ဝန်ထမ်းမောင်တင်တို့ နေ့လယ်ပိုင်းကတည်းက သီဟိုဠ်မြများဘက်သို့ ထွ
သွားကြပြီး ယခု ညဉ့်နက်မိုးချုပ်သည့်တိုင် ပြန်မလာသောကြောင့် သတ
ပို့ခြင်း ဖြစ်ပါကြောင်း။ ဝန်ထမ်းတင်မောင်၏ အမှတ် (၇) တဲ၌ ချန်ထားရ
သော ရိုင်ဖယ်သေနတ်ကြီးကိုလည်း ပြန်လည်အပ်နှံလာပါသည်။

ထို့ကြောင့် ကျွန်တော်က နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမော
နှင့် တပ်ကြပ်ဝင်းတင်အပါအဝင် ဝန်ထမ်း (၅)ဦးတို့အား လက်နက်မျ
ထုတ်ပေးပြီး လက်နှိပ်ဓာတ်မီးများကိုယ်စီဖြင့် ဆီအုန်းခြံစောင့်တဲ အမှတ် (
နှင့် ပတ်ဝန်းကျင်ကို ညတွင်းချင်းရှာဖွေရန် စေလွှတ်ရပါသည်။ သူတို့
အတူ အမဲလိုက်ခွေးနှစ်ကောင်ကိုလည်း ထည့်ပေးလိုက်ပါသည်။

ယခင်အချိန်များက ဖြစ်လေ့ဖြစ်ထ မရှိသော ဖြစ်စဉ်ဖြစ်ပေ
ကြောင့်ကျွန်တော်လည်း အိပ်ရာမဝင်နိုင်သေးဘဲ ရုံးခန်းတွင် ရုံးဝန်ထ
ရဲဘက်များနှင့်အတူ သတင်းထူးကို စောင့်မျှော်နေရပါသည်။ ညဉ့်သန်းခေါ
(၁၂) နာရီကျော်ခန့်တွင် စခန်းမှ တပ်ကြပ်ကြီးဦးထွန်းမောင်နှင့် တပ်ကြ
ဝင်းတင်တို့ ဦးဆောင်သော ရှာဖွေရေးအဖွဲ့ အမဲလိုက်ခွေးနှစ်ကောင်နှင့်အ
ပြန်လည်ရောက်ရှိလာကြပါသည်။ တပ်ကြပ်ကြီး ဦးထွန်းမောင်က ..

"ဆရာရေ ... ကျွန်တော်တို့ ရှာဖွေရေးအဖွဲ့ ဆီအုန်းတဲ (
ပတ်လည် နေရာအနှံ့ ပိုက်စိပ်တိုက် ရှာခဲ့ပါတယ်။ သဲလွန်စ မတွေ့ရဘူ
ဆီအုန်းခင်းအနောက်ဘက် လျှိုထဲက ပသျှူးသင်္ချိုင်းကိုလည်း ရောက်
တယ်။ ထူးခြားချက် မတွေ့ရပါဘူး။ အဲဒါနဲ့ အရှေ့ဘက်က ပသျှူးခြံ
ဘက်ကို ရောက်သေးတယ်။ အဲဒီဘက်မှာ ကွမ်းသီးပင်၊ အုန်းပင်နှင့် ငှ
ကောင်းပင်၊ သီဟိုဠ်ခြံတွေ ရှိတယ်။ ကျွန်တော်တို့စခန်းက ဝန်ထမ်းနှင့် ရဲဘ
တွေကလည်း အသုံးစရိတ်လေးရအောင် သီဟိုဠ်စေ့နှင့် ငရုတ်ကောင်းေ
ကွမ်းသီးတွေကို မကြာခဏ ခူးဆွတ်ပြီး ရောင်းစားလေ့ရှိတယ်။ ဒေသ
ပသျှူးလူမျိုးတွေက အသီးတွေ မှည့်ရင့်လို့ အပင်အောက်ကို ကြွေကျမှ
ဦးသူစားပဲ။





တောကောင်တွေစားတာ ရဲဘက်ပဲစားစား အပြစ်မပြောလေ့ မရှိ
ပါဘူး။ သူတို့ကလည်း အသီးအနှံတွေကို အပင်ပေါ်တက်ပြီး ခူးဆွတ်လေ့
မရှိဘူး။ ကြွေကျမှသာ ကောက်ပြီး ရောင်းရတာ။ ကျွန်တော်တို့စခန်းက
ဝန်ထမ်းနှင့် ရဲဘက်တွေကတော့ စည်းကမ်းမရှိကြဘူး။ ငရုတ်ကောင်းသီး
လိုချင်ရင် အပင်ပေါ် တက်ခူးတာမဟုတ်ဘူး။ အောက်ခြေကနေ ပင်ရင်းကို
ဖြတ်ပြီး ဆွဲချကြတာ။ ကွမ်းသီးပင်ကိုလည်း တက်ခူးလေ့မရှိဘူး။ ပင်စည်
ကို ဓားနဲ့ခုတ်ပြီး အပင်လဲမှ လိုတဲ့ကွမ်းသီးကို ခူးယူကြတာ။ နောက်ပြီး
ဒေသခံတွေ ခရေစေ့ခေါ်တဲ့ သီဟိုဠ်သီးကိုလည်း အောက်ကိုကြွေတာ ကောက်ခဲ့
တင်မကဘူး အပင်ပေါ်တက်ပြီး မနုမရင့်တွေကို ခူးလေ့ရှိတယ်။ ဒါကြောင့်
ဒေသခံ ခြံပိုင်ရှင် ပသျှူးလူမျိုးတွေနဲ့ အဆင်မပြေဘူးလို့ ပြောသံကြား
တယ်ဆရာ"

"ရန်ကော ဖြစ်လေ့ရှိသလား"

"အဲလိုတော့ ရန်ရှင်းဆန်ခတ်ဖြစ်သံ မကြားရပါဘူးဆရာ။ ဒါပေမဲ့
နေ့လယ်ပိုင်းက အုန်းတဲ (၇) တဲစောင့်တင်မောင်က ဒီစခန်းက တစ်ပတ်စာ
ရိက္ခာထုတ်ပြီး အုန်းတဲမှာ နေ့လယ်စာ ပြန်စားမယ်၊ လုံထိန်းတပ်သား
မောင်တင်လည်း ပါလို့ ပိုပိုမိုမို ကောင်းကောင်းမွန်မွန် ချက်ထားဖို့ တဲစောင့်
ရဲဘက်တွေကို မှာသွားတယ်လို့ ပြောပါတယ်"

သို့နှင့် ကျွန်တော် အုန်းတဲ (၇)မှ အစောင့်ရဲဘက်ကြီးနှစ်ဦးအား
ခေါ်ယူမေးမြန်းရပြန်ပါသည်။

"ကဲ ... အစောင့်ရဲဘက်တွေ မင်းတို့ဆရာတွေ ရိက္ခာထုတ်ပြီးသို့
တဲ (၇)ကနေ အပြင်ထွက်သွားတော့ လက်နက်တွေ ပါမသွားဘူးလား"

"ပါမသွားဘူး ... ဆရာ။ ကျွန်တော်တို့ဆရာ တင်မောင်က သူ
ကိုင်နေကျ ရိုင်ဖယ်သေနတ်ကြီးကို တဲခေါင်းရင်းမှာ ချိတ်ထားခဲ့ပြီး ပလိုင်း
ကလေးလွယ် ထွက်သွားတာ။ လုံထိန်းဆရာတင်မောင်ကလည်း ဒီကနေ့
သူလွယ်နေကျ စတင်းသေနတ်မပါဘဲ ပလိုင်းကလေးတစ်ခုကို လွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်လာတာ။ သူတို့ ဈေးအသုံးပြုတ်လို့ ပသျှူးခြံတွေထဲဝင်ပြီး အသီး အနှံတွေ ခူးကြမယ်ထင်ပါရဲ့''

''မင်းတို့ဆရာတွေ အရင်ကရော ဒီလိုပဲလား''

''ဟုတ်ကဲ့ . . . အမြဲတမ်းတော့ မဟုတ်ပါဘူး။ သူတို့ ဘိုင်ကျရင် တစ်ပတ် တစ်ခါ၊ နှစ်ခါတော့ အသီးတွေ လိုက်ခူးလေ့ရှိပါတယ်။ အရင်က အဲလိုထွက်သွားပြီး (၂)နာရီကြာရင် ပြန်ရောက်နေကျပါ။ ဒီနေ့မှ နေ့လယ်စာလည်း ပြန်မလာဘူး။ ညဦးနက်သည်အထိ ဆရာတွေ ပြန်မလာကြတာကြောင့် ကျွန်တော်တို့ စခန်းတာဝန်ခံ ဆရာထောင်မှူးကြီးတို့ကို လာပြီး တိုင်တန်းရခြင်း ဖြစ်ပါတယ်''

''အေး . . . ဒါဆိုရင် ရဲဘက်ကြီးတွေက အမှတ် (၇)ခြံ လုံခြုံရေး အတွက် တဲကိုပြန်ကြ။ မပြန်ရဲရင်လည်း ဒီစခန်းမှာပဲ ညအိပ်လိုက်ကြ တော့။ မနက်ဖြန်မနက်မှပဲ လင်းလင်းထင်းထင်း အဖွဲ့နဲ့ ရှာဖွေစစ်ဆေး ရင်း ကွင်းဆင်းကြရမယ်။ ညဦးသန်းခေါင်ကျော်ပြီဖြစ်တော့ မပြန်ပါနဲ့တော့။ ဒီစခန်းမှာပဲ ညအိပ်လိုက်ကြတော့။ ကဲ . . . တပ်ကြပ်ကြီး ဦးထွန်းမောင် နဲ့ တပ်ကြပ်ဝင်းတင်တို့ရေ . . . ခင်ဗျားတို့လည်း ပြန်အိပ်ကြပေတော့။ ကျွန် တော်ကတော့ ထူးခြားဖြစ်စဉ် အစီရင်ခံစာကို ညမအိပ်သေးဘဲ ရေးရတော့ မယ်''

ထို့ကြောင့် ကျွန်တော် ပါဆယ်ပါညွှန်းအုပ်စု ထောင်ပိုင်ထံသို့ အစီရင်ခံစာရေးရန် ည (၂)နာရီကျော် (၃)နာရီခန့်မှ ပြီးစီးပါတယ်။ အစီရင် ခံစာရေးရ၍ ထိုအချိန်မှ အိပ်ရာဝင်ခဲ့ရသည်။ မနက်၌လည်း စောစောထ၍ ဆိုင်ကယ်ဖြင့် အုပ်စုထောင်ပိုင်ထံသို့ သွားရောက်သတင်းပို့ရသည်။ အုပ်စု ထောင်ပိုင်ကလည်း ကွပ်ကဲမှုတာဝန်ခံရုံးနှင့် ကော့သောင်းမြို့ ရဲစခန်းသို့ အမှုဖွင့်ပြီး တိုင်ကြားရပါသည်။ အရေးပေါ်ဝန်ထမ်းများကိစ္စ ဖြစ်သော ကြောင့် မွန်းတည့်ချိန်လောက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ စုစည်း ရုံးပြီး ဝန်ထမ်းများပျောက်ဆုံးသည့် နေရာပတ်ဝန်းကျင်သို့ ရှာဖွေကြရန် ချိန်းဆိုလိုက်ပါသည်။





ကျွန်တော့်အနေဖြင့်တော့ အောက်ချိုင့်ခြံစခန်းသို့ ပြန်ပြီး ညက အဖွဲ့ကိုလည်း ဝန်ထမ်းနှင့် ရဲဘက်အင်အား ဖြည့်တင်းကာ မြင်မြင်ထင်ထင် ထပ်မံရှာဖွေနိုင်းရဦးမည် ဖြစ်ပါသည်။ ကျွန်တော် အောက်ချိုင့်ခြံစခန်းသို့ ပြန်ရောက်သောအခါတွင် ကျွန်တော်၏ အဖွဲ့များမှာလည်း နိုးကြားတက် ကြွစွာဖြင့် အဆင်သင့် ဖြစ်နေကြပါသည်။ ထို့ကြောင့် အမဲလိုက်ခွေးနှစ် ကောင်ကိုပါ ထည့်သွင်း၍ စေလွှတ်ရပြန်ပါသည်။

လူကြီးများနှင့် ကော့သောင်းမြို့မှ တာဝန်ရှိသူများ လာရောက်ကြ သည် ဖြစ်သောကြောင့် ကျွန်တော် စောစီးစွာ နေ့လယ်စာစားပြီး စောင့် ဆိုင်းနေချိန်တွင် ကျွန်တော်တို့စခန်းမှ ရှာဖွေရေးအဖွဲ့ဝင်များ ပြန်လည် ရောက်ရှိလာကြသလို၊ တိုက်တိုက်ဆိုင်ဆိုင်ပင် ရန်ကုန်မြို့မှ တပ်သား တင်မောင်၏ မိဘများနှင့် ဇနီးသည်အပြင် သားနှင့်သမီး နှစ်ဦးတို့လည်း ချောင်းယန်းရှာ လိုင်းကားဖြင့် ရောက်ရှိလာကြပါသည်။ ကျွန်တော့်မှာ အဝေးမှ ရောက်ရှိလာကြသော တပ်သားတင်မောင်၏ မိဘများနှင့် ဇနီးသည်တို့ အား လက်ခံပြီး တပ်သားတင်မောင် ပျောက်ဆုံးနေကြောင်းကို ပြောဆို နေစဉ်အတွင်း ရှာဖွေရေးအဖွဲ့ တပ်ကြပ်ကြီးဦးထွန်းမောင်တို့ ပြန်လည် ရောက်ရှိလာကြသည်။ ထို့ကြောင့် ကျွန်တော်က . . .

''ဦးထွန်းမောင် . . . ဘာအကြောင်းထူးသလဲဗျ''

''ထူးတယ် . . . ဆရာရေ ညကတည်းက ဆရာ့အမဲလိုက်ခွေး နှစ်ကောင်က အမှတ် (၇) ဆီအုန်းခင်းကို လွန်ပြီး ပသျှူးသီဟိုဠ်ခြံတွေဘက် ရောက်တော့ တဂူးဂူး အူနေတယ်။ ကျွန်တော်တို့ ပသျှူးခြံတွေအလယ်က ယောဟိုမြင်နေရတဲ့ တောပြောင် တောင်ခြေအထိ ရောက်တယ်။ ညဦးနက် ပြီဖြစ်လို့ အဲဒီကနေ လှည့်ပြန်လာကြတာ။ ဒီနေ့မနက်တော့ တောင်ခြေတင် မကဘူး အမဲလိုက်ခွေးနှစ်ကောင် ဦးဆောင်ရာ တောင်ပြောင်အပေါ်အထိ တက်ကြတယ်။ အဲဒီတော့မှ ခွေးနှစ်ကောင်က ဦးဆောင်ပြီး တောင်လယ် ကြောကနေ တောင်ကြားလျှိုထဲကို ဆင်းရတယ်။ အဲဒီမှာ အလောင်းတွေ ကို တွေ့ရတော့တာပဲ . . . ဆရာရေ''



www.burmeseclassic.com

တပ်ကြပ်ကြီးဦးထွန်းမောင်က ရှေ့နောက်မဆင်ခြင်ဘဲ ညည်းသူ
များရှေ့တွင် ဟောဟောဒိုင်းဒိုင်း ပြောချလိုက်ရာ ကျွန်တော် တားဆီး
ပင် မရလိုက်ပါ။ တင်မောင်၏မိဘများနှင့် ဇနီးသည်တို့မှာ ရုတ်တရက်ကြ
ကြားလိုက်ရသော သတင်းဆိုးကြောင့် ချုံးပွဲချ၍ ငိုကြတော့သည်။ ထိုအ
တွင်မှ သဘောပေါက်သွားသော တပ်ကြပ်ကြီး ဦးထွန်းမောင်မှာ လွန်
အံ့အားသင့်ပြီး အားနာဟန်ဖြင့် . . .

"ဟော . . . ဆရာရေ ကျွန်တော် မှားသွားပြီ။ ကျွန်တော်လည်
အကြောင်းထူးတာနဲ့ ရုတ်တရက်ကြီး ပြောမိသွားတာပါ"

"ထားပါဗျာ . . . ဒီကိစ္စမျိုးက ဖုန်းထားလို့ရတာမှ မဟုတ်တာ
ဗျာ။ အနေးနဲ့အမြန် ပွင့်ပွင့်လင်းလင်း ပြောရဆိုရမှာ မဟုတ်လား"

ထိုအခါတွင်မှ တင်မောင်၏ မိခင်ဖြစ်သူက . . .

"ဟုတ်ပါတယ် . . . ဆရာရယ်၊ ကျွန်မတို့လည်း သားလေး
ပတ်သက်ပြီး အိပ်မက်ရာမက်တွေ မကောင်းလို့ သတိရပြီး လိုက်လာတာ
ပါ။ အခုတော့ ထင်တဲ့အတိုင်း ဖြစ်နေပြီ"

ဟု ပြောဆိုကာ မိခင်ဖြစ်သူနှင့် တင်မောင်၏ ဇနီးဖြစ်သူတို့မှာ
ချုံးပွဲချ၍ ငိုကြတော့သည်။

"အီး . . . အီး . . . အီး . . ."

ထိုအခါတွင်မှ မောင်တင်မောင်၏ ဖခင်ဖြစ်သူက . . .

"ဆရာရေ ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မလဲ။ အကောင်
ဆုံးဖြစ်အောင်သာ ကူညီပေးပါတော့ . . . ဆရာရေ"

"ဟုတ်ကဲ့ပါ . . . ဦးလေး။ ကျွန်တော့်စခန်းက ဝန်ထမ်းကိစ္စဆို
တော့ ကျွန်တော်တို့အားလုံး တာဝန်ယူပါတယ်။ ဒီကိစ္စကလည်း လူသတ်
မှုဆိုတော့ အမှုအခင်းဖွင့်ပြီး သေမှုသေခင်း စုံစမ်းစစ်ဆေးရဦးမှာပါ။ ဦးလေး
တို့မိသားစု (၇)ရက်လည်သည်အထိတော့ ဒီစခန်းမှာ နေပါ။ စားသောက်
နေထိုင်ရေးနဲ့ အမှုကိစ္စအတွက် လိုအပ်သမျှ ကျွန်တော်တို့ ပံ့ပိုးကူညီပေး
ပါမယ်"





"ဟုတ်ကဲ့ပါ . . . ဆရာ။ ကျွန်တော်တို့လည်း ရောက်တုန်းရောက်
သားရဲ့နာရေးကိစ္စအတွက် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးပါမယ်"

သို့နှင့် မောင်တင်မောင်၏မိသားစုအား ကျွန်တော် နေ့လယ်စာ
ပြီး နှစ်သိမ့်နေစဉ်မှာပင် ပါဆယ်ပါညွန်းစခန်းရှိ အုပ်စုထောင်ပိုင်
နှမြင့်ထံမှ တာဝန်ရှိသူများ၊ ထွက်ခွာလာကြပြီဖြစ်သောကြောင့် အခင်း
ရာနေရာတွင် လက်နက်ကိုင်အစောင့်များနှင့် စောင့်နေရန် ဆတ်သား
အကြောင်းကြားလာပါသည်။ ထိုစဉ်အချိန်က ၁၉၈၅ ခုနှစ်ခန့်က ဖြစ်ပြီး
တော်တို့စခန်းများတွင် ဆက်သွယ်ရန် တယ်လီဖုန်းများလည်း မရှိပါ။
သွယ်ရာတွင် သွားလာမှုအဆင်ပြေ နေရာကျသော မော်တော်ဆိုင်ကယ်
ဆတ်သားဖြင့်သာ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံရခြင်းဖြစ်
ည်။

ထို့ကြောင့်လည်း ကျွန်တော်နှင့် ရှာဖွေရေးအဖွဲ့ဝင်များ အမဲလိုက်
ကောင်ကို ခေါ်ဆောင်ကာ လူသတ်မှုဖြစ်ပွားရာ တောင်ပြောင်
ခြေဘက်သို့ ဆီအုန်းခြံအတွင်းဘက် ဖြတ်လမ်းများမှတစ်ဆင့် ချီတက်
တော့သည်။ စခန်းနှင့် တောင်ပြောင်တောင်ခြေမှ အနည်းဆုံး (၃)
ဝေးပါသည်။ တောင်ပြောင်တောင်ကြီးမှာ မြေညီတောင်ဖြစ်ကာ ရွာ
တ်ဘက်တွင် ထီးထီးကြီးရှိနေပြီး ဦးခေါင်းပြောင်နေသော လူကြီး
ဦးခေါင်းပုံစံ တောင်ခေါင်းတုံးပေါ်၌ သစ်ပင်နှင့် မြက်ပင်များလည်း
ရောက်ခြင်း မရှိပါ။ တောင်လယ်ကြောကိုတော့ ရွှေဝါရောင် တပ်
င်များက ဝိုင်းပတ်၍ ပေါက်နေပါသည်။ တောင်ပြောင်တောင်ကြီးမှာ
၀) ကျော်ခန့် မြင့်မားပြီး တောင်ကြော၏ အလယ်ပတ်လမ်းသို့
ပင် အတော်ခက်ခဲစွာ တက်ရောက်ရမည်ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ သေနတ်များကိုယ်စီလွယ်ပြီး လေးဘက်ထောက်
ရသည်။ အမဲလိုက်ခွေးနှစ်ကောင်ကတော့ 'တဝေါင်းဝေါင်း' အော်
ရှေ့က ဦးဆောင်လမ်းပြ တက်သွားပါသည်။ တောင်လယ်ကြော
လျှင်ပင်တွင် လေက အလွန်ထန်သည်။ တောင်ထိပ်ပေါ်သို့ တက်

www.burmeseclassic.com



ကာ လူသတ်မှုတွင်ပါဝင်သည့် ပသျှူးခြံသမားများက ဆေးမှူးဝင်းနိုင်ကို အငြိုးထားကြသည်ဟု သိရပါသည်။ တကယ်တမ်း၌ လူသတ်မှုတွင် ပါဝင်သည့် ခြိုင်ရှင် အဒူလတင့်ဓခါ ဦးလှတင့်ဆိုသူကိုသာ ဖမ်းဆီးမိသည်။ ကောသောင်းရဲစခန်းတွင် ချုပ်နှောင်ထားပါသည်။ ထိုသူ့ကို စစ်ဆေးချက်အရ လူသတ်မှုတွင်ပါဝင်သည့် ခြံပိုင်ရှင်များမှာ လေးငါးဦးရှိပြီး တစ်ဖက်နိုင်ငံသို့ သွားရောက်ပြီး ပုန်းခိုနေခြင်းကြောင့် အများစု တရားခံများမှာ လွတ်မြောက်နေပါသည်။

သီဟိုဠ်စေ့ခိုးသူ ဝန်ထမ်းနှစ်ဦးအား အငြိုးအတေးဖြင့် လုပ်ကြံသတ်ဖြတ်ပြီးသော်လည်း တရားခံပြေးများက သတင်းအစအန ဖော်ထုတ်ပေးသူ ဆေးမှူးဝင်းနိုင်နှင့် အမှုလမ်းစကိုဖော်ထုတ်သူ ကျွန်တော့်အား အငြိုးအတေးထားကြ၍ ကျွန်တော်လည်း အသွားအလာ ဆင်ခြင်ရပါသည်။ ကျွန်တော့်ပိုင်နက် ခြံအတွင်း၌တော့ ပြဿနာမရှိပါ။ သွားလာလျှင်လည်း ကျွန်တော်တို့က လက်နက်ကိုယ်စီဖြင့် သတိထား၍ သွားလာကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကောသောင်းမြို့သို့ ဆိုင်ကယ်ဖြင့်ဆင်းလျှင်တော့ ကျွန်တော့်အနောက်ဘက်တွင် တပည့်တစ်ဦးသာ ပါပါသည်။

ထိုအချိန်မျိုးတွင် လက်နက်ပါသော်လည်း ကျွန်တော်တို့ အလွန်သတိထားကြရပါသည်။ လူသတ်မှုကို အမှုရင်ဆိုင်နေရစဉ်အတွင်း၌ပင် လူသတ်မှုတွင် ပါဝင်သော အဖွဲ့ဝင်များ ညအချိန်မတော်တွင် ၎င်းတို့၏ မိသားစုရှိရာအိမ်များသို့ လှို့ဝှက်ပြီး စက်လှေများဖြင့် တစ်ဖက်နိုင်ငံမှ ပြန်လာတတ်ကြကြောင်း ကျွန်တော်တို့ သတင်းရရှိသဖြင့် သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့ဝင်များဖြင့် ညှိနှိုင်းပြီး ကျွန်တော်တို့ စောင့်ဆိုင်းဖမ်းကြသော်လည်း ဖမ်းမိခြင်း မရှိပါ။

ထိုအချိန်အတွင်း ကျွန်တော် တာဝန်ထမ်းဆောင်နေချိန် (၂) နှစ်ပြည့်တော့မည် ဖြစ်သောကြောင့် ကျွန်တော်နှင့် စခန်းတာဝန်ကို လွှဲပြောင်းရယူရန်အတွက် ရန်ကုန်မြို့မှ ထောင်မှူးကြီးတစ်ဦး ရောက်ရှိလာပါသည်။ ထိုသူမှာလည်း ကျွန်တော်နှင့် အပတ်စဉ်တူသူ ဦးကျော်ကျော်ဆို





သူဖြစ်သည်။ (ဦး၊ ရေး၊ ထောက်) လုပ်ငန်းဆိုင်ရာ တာဝန်များကို အလျင်လွှဲပြောင်းပြီး စိုက်ပျိုးမြေအတွင်းရှိ ဆီအုန်းခြံ (၇)ခြံအား ကွင်းဆင်း၍ စစ်ဆေးပြီး လွှဲပြောင်းပေးရသောကြောင့် ကျွန်တော်တို့ အလုပ်များနေစဉ်အတွင်း ဆေးမှူးဝင်းနိုင် လုပ်ကြံခံရပြီး သေဆုံးသွားပါသည်။

ဖြစ်စဉ်မှာ ကောသောင်းမြို့မှ အောက်ချိုင့်ဆေးရုံအတွက် ဆေးဝါးများ ထုတ်ယူပြီးအပြန်တွင် ကျွန်တော်တို့ ဆီအုန်းစခန်းများ၏ အစဖြစ်သော ရေတံခွန်စခန်းနံဘေးမှ ရေတံခွန်ဂုံးဆင်းချောက်ကြီးကို ဆိုင်ကယ်ဖြင့်ထိန်း၍ ဆင်းလာစဉ် အောက်ခြေအရောက်၌ မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်မှ လူသတ်သမားက တစ်လုံးထိုး ခြောက်လုံးကျည်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်သည်။ ဆေးမှူးဝင်းနိုင်မှာ နေရာတွင်ပင် ကျည်ထိမှန်၍ သေဆုံးသော်လည်း သူ့အနောက်တွင် ကပ်၍ ဆိုင်ကယ်စီးလာသော တပည့်လုပ်သူမှာ ကျည်မထိဘဲ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

လူသတ်သမားမှာလည်း လွန်စွာ စိတ်ငြိမ်ပြီး အစောင့်အကြပ်ခိုင်မာသော တောလမ်းခရီးတွင် လုပ်ကြံသတ်ဖြတ်ပြီးနောက် အေးဆေးစွာပင် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဆေးမှူးဝင်းနိုင် လုပ်ကြံခံရပြီးနောက် အကြောင်းသိသော လူကြီးများက နောက်အလှည့်မှာ ကျွန်တော်၏အလှည့်ဖြစ်ကြောင်း သတိပေးကြပါသည်။ ကျွန်တော်ကလည်း ပြည်မသို့ပြန်ခါနီးဖြစ်သောကြောင့် လွန်စွာသတိထားပြီး နေထိုင်ရပါသည်။ ထိုကိစ္စများကြောင့် ယခင်အချိန်များက ဆီအုန်းခင်းများအပြင် တနင်္သာရီမတောင်ခြေတောအတွင်း လှည့်ပတ်၍ အမဲလိုက်ရင်း တောသဘာဝနှင့် တစ်ထပ်တည်းကျအောင် ပျော်ရွှင်ခဲ့ရသော အမဲလိုက်မုဆိုးဝါသနာပါသည့် ကျွန်တော့်မှာ ခြေချုပ်မိတော့သည်။

ထို့ကြောင့် ပြည်မသို့ပြန်ရန်သာ ပြောင်းရွှေ့မိန့်ကို စောင့်ပြီး ငြိမ်နေရသည်။ တပည့်တပန်းများက တောတွင်းဝင်၍ အမဲလိုက်ခြင်းအမှုကိုပင် မပြုလုပ်ရန် တားမြစ်လာကြတော့သည်။ ကျွန်တော်က ထင်ထင်ပေါ်ပေါ် နေသူဖြစ်သည်။ တောတွင်းမှ လုပ်ကြံသတ်ဖြတ်ကြမည့်သူများကို



www.burmeseclassic.com

www.burmeseclassic.com



မည်သူမည်ဝါဟူ၍ပင် ကျွန်တော် မသိနိုင်ပါ။ ထို့ကြောင့် စခန်း၌ပင် အကျယ်ချုပ်မိပြီး ငြိမ်နေရတော့သည်။

ကံကောင်းထောက်မစွာ ထိုစဉ်ကာလအတွင်း မိခင်ထောင်ဖြစ်သည့် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ရန် အမိန့်စာထွက်လာသောကြောင့် ကျွန်တော်တို့ ကံကောင်းပါသည်။ ကျွန်တော်တို့ဆိုရာတွင် လူသတ်မှုရှာဖွေရာတွင် ပါဝင်သည့် ကျွန်တော်တို့လက်အောက်မှ တပ်ကြပ်ကြီးဦးထွန်းမောင်နှင့် တပ်ကြပ်ဝင်းတင်တို့အားလည်း လူသတ်သမားများက ခြိမ်းခြောက်ခံထားရကြောင်း သိရှိလာရခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ ဆရာတပည့်များ ကံကောင်းထောက်မစွာ အသက်အန္တရာယ်မှ လွတ်မြောက်ပြီး ပြည်မသို့ ပြန်လာနိုင်ကြပါသည်။ လူသတ်သမားများအဖွဲ့မှလည်း ဖမ်းဆီးရမိသည့် တစ်ဦးတည်းဖြစ်သည့် ဦးလှတင့်ဆိုသူမှလွဲ၍ ကျန်လူများကို ဖမ်းဆီးရမိခြင်း မရှိခဲ့ပါ။

✿ ✿ ✿

## အခန်း [ ၄ ]

❑

တောပျော်မုဆိုးများဖြစ်ကြသည့် ကျွန်တော်တို့မှာ တောမပျော်နိုင်တော့ဘဲ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် တာဝန်ထမ်းဆောင်ကြရပါသည်။ တောနဲ့မြို့တော့ အလွန်ကွာခြားပါသည်။ မြို့ပေါ်တွင် တာဝန်ထမ်းဆောင်ရသည်မှာ ယူနီဖောင်းနှင့် ကြော့ကြော့ကလေး နေကြရသည်။ သူ့အချိန်နှင့်သူ တာဝန်ထမ်းဆောင်ကြရခြင်း ဖြစ်ပါသည်။ တောတွင်းစခန်းများလို လွတ်လပ်ခြင်းတော့ မရှိပါ။ သို့သော် စနစ်တကျ စားချိန် အိပ်ချိန် ပုံမှန်ဖြစ်ပြီး ငှက်ဖျားရန်နှင့် သောင်းကျန်းသူများ၏ရန်မှ ကင်းဝေးပါသည်။

အင်းစိန်အကျဉ်းထောင်သို့ ပြန်ရောက်ရှိပြီး တာဝန်ထမ်းဆောင်စဉ်ချိန်တွင် ကျွန်တော်ကျွမ်းကျင်သည့် အချုပ်ရုံးလုပ်ငန်းနှင့် အဆောင်မှူးအဖြစ် တာဝန်ပေးပြန်ပါသည်။ ၁၉၈၈ ခုနှစ်တွင် အရေးအခင်း ဖြစ်ပွားပြီးနောက် ကျွန်တော့်အား အကျဉ်းဦးစီးဌာနရုံးချုပ် စီမံကိန်းဌာနသို့ ပြောင်းရွှေ့တာဝန်

---



www.burmeseclassic.com

www.burmeseclassic.com



ပေးပါသည်။ ထို့မှတစ်ဆင့် အင်းစိန်ဗဟိုအကျဉ်းထောင်ဝန်းအတွင်း၌ ဖွင့်လှစ်ထားသော မြန်မာပြည်တစ်ပြည်လုံးမှ လာရောက်ကြသည့် သင်တန်းသားများကို (ဦး၊ ရေး၊ ထောက်) ဘာသာရပ်များနှင့် စစ်ပညာ၊ လက်နက်ငယ်ဘာသာရပ်များကို သင်ကြားပေးသည့် အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာသင်တန်းကျောင်းတွင် ဒုတိယကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည့်အပြင် (ဦး၊ ရေး၊ ထောက်) ဆိုင်ရာ ဘာသာရပ်များကိုလည်း သင်တန်းသားများအား သင်ကြားပေးရသည့် ဆရာအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။

ထိုသင်တန်းကျောင်းနှင့် ရုံးချုပ်တွင် (၂)နှစ်ခန့် တာဝန်ထမ်းဆောင်ရပြီးနောက် ကျွန်တော့်အား ပြောင်းရွှေ့မိန့် ထုတ်ပြန်ပါသည်။ ဤတစ်ခါ ပြောင်းရွှေ့ရသည်ကတော့ မြန်မာပြည်မြောက်ဖျား ဆွမ်ပရာဘွမ်လမ်းဖောက်လုပ်ရေး အလုပ်စခန်းသို့ ဖြစ်ပါသည်။ ကော့သောင်းမြို့နယ်ဆီအုန်းစိုက်ပျိုးရေး စခန်းများမှာ မြန်မာပြည်တောင်ဖျားတွင်ရှိပြီး ယခုဆွမ်ပရာဘွမ်း လမ်းဖောက်လုပ်ရေး စခန်းကတော့ မြန်မာပြည်မြောက်ဖျားတွင် တည်ရှိပါသည်။ သူ့ဆန္ဒ်စား ရဲရသော အစိုးရဝန်ထမ်းများပီပီ စေလိုရာစေ တာဝန်ထမ်းဆောင်နေရစဉ်အတွင်း အုပ်ချုပ်သူလူကြီးများ၏ စေလွှတ်ရာသို့ မသွားမဖြစ် သွားကြရမည်မှာ ကျွန်တော်တို့ ယူနီဖောင်းဝတ် ဝန်ထမ်းများ၏ တာဝန်သာ ဖြစ်ပါတော့သည်။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ နံနက်ခင်းတွင် ကျွန်တော်၏ ပြောင်းရွှေ့ရမည့်ခရီးစဉ် စတင်ပါသည်။ အင်းစိန်ဘူတာတွင် အကျဉ်းဦးစီးဌာနမှ စင်းလုံးငှား မီးရထားတွဲကြီးကို ဆိုက်ကပ်ထားပါသည်။ ထိုမီးရထားပေါ်တွင် ပြောင်းရွှေ့ရဲဘက် (၄၀၀) နှင့် ကျွန်တော်တို့ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ လမ်းခရီးလုံခြုံရေးအတွက် စောင့်ကြပ်လိုက်ပါလာကြသည်။ ရဲဝန်ထမ်း(လုံထိန်း)များလည်း ပါလာကြပါသည်။ အင်းစိန်ဘူတာမှ ခရီးစဉ်တစ်ဆက်တည်း ထွက်ခွာရမည်ဖြစ်ပြီး မီးရထားတွဲများလည်း ပြောင်းလဲမစီးရပါ။ စက်ခေါင်းများကိုသာ ပြောင်း၍ ပြေးဆွဲခြင်းဖြစ်သည်။





မန္တလေးမြို့ဟောင်း ဘူတာတွင် ရပ်နား၍ ရိက္ခာပစ္စည်းများ တင်သည်။ ဘူတာမှ မိုးကောင်း၊ မိုးညှင်းမြို့များကို ဖြတ်ပြီး မြစ်ကြီးနားဘူတာသို့ သွားရခြင်းဖြစ်သည်။ လမ်းခရီးတွင် မီးရထားပေါ်၌ စားသောက်နေထိုင်ရသည်။ နီးစပ်ရာ ထောင်နှင့် စခန်းများမှာ ကျွန်တော်တို့ခရီးသည် ရဲဘက်ဝန်ထမ်းနှင့် လုံထိန်းများအတွက် စားသောက်ရိက္ခာ ပို့ပေးပါသည်။ မြစ်ကြီးနားမြို့အဝင် မြို့ပေါ်ဟူသော ဘူတာရုံအနီး၌ပင် မြစ်ကြီးနားမြို့ဘက်မှ ဆင်းလာသော အစုန်ရထားကို K.I.A က မိုင်းထောင်သဖြင့် ထိုတစ်နေ့ညက ကျွန်တော်တို့ ရဲဘက်ရထားကြီး ထိုမြို့ပေါ် ဟူသော ဘူတာကလေးအနီးတွင် စောင့်ဆိုင်းညအိပ်ရပြီး မိုင်းထိသော အစုန်ရထားအား ရှင်းလင်းပြီးပါမှ ကျွန်တော်တို့ အဆန်ရထားကြီး မြစ်ကြီးနားမြို့သို့ ခုတ်မောင်းရပါသည်။

ကျွန်တော်တို့၏ မြန်မာပြည်မြောက်ပိုင်း ခရီးစဉ်အား K.I.A အဖွဲ့က ပွဲဦးထွက် တပ်လှန့်ကြိုဆိုလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုနေ့က မြစ်ကြီးနားဘူတာသို့ ညနေခင်း (၄)နာရီခန့်တွင် ရောက်ရှိခဲ့ကြခြင်းဖြစ်သော်လည်း ကြိုပို့သောယာဉ် မလုံလောက်ခြင်းကြောင့် မိုးအတော်ချုပ်မှ ကျွန်တော်တို့အဖွဲ့ ပိုးဇာခြံရဲဘက်စခန်းဟု ခေါ်တွင်သော မြစ်ကြီးနားမြို့အထွက် ဧရာဝတီမြစ်ဆုံသို့သွားရန် ကတ္တရာလမ်းနံဘေးရှိ ရဲဘက်စခန်းတွင် ညအိပ်ရပ်နားရပါသည်။

ယင်း ရဲဘက်စခန်းမှာ စခန်းလက်ကျန် ရဲဘက်အင်အား (၂၀၀) ခန့်ရှိပြီး ကျွန်တော် ပြည်မမှခေါ်ဆောင်လာသည့် ရဲဘက်အင်အား (၄၀၀) နှင့် ပေါင်းပါက (၆၀၀) ကျော်ခန့် ဖြစ်သွားပါသည်။ ပိုးဇာခြံရဲဘက်စခန်းမှာ ခေတ္တ အထိုင်စခန်းသာလျှင်ဖြစ်ပြီး ရှေ့တန်းစခန်းများဖြစ်ကြသည့် မိုးကောင်း၊ မိုးညှင်း၊ ဆွမ်ပရာဘွမ်နှင့် ပိုင်းမော်၊ ချီဖွေစခန်းများသို့ ရဲဘက်နှင့် ဝန်ထမ်းများအား ပြောင်းရွှေ့ပေးရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ အလှည့်ကျသော စခန်းများသို့ မထွက်ခွာရသေးမီ ညှိသည့်များအဖြစ် မြစ်ကြီးနားမြို့ပေါ်ရှိ ပိုးဇာခြံရဲဘက်စခန်းတွင် တွဲ၍ နေရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးစာခြံရဲဘက်စခန်း တာဝန်ခံမှာလည်း ကျွန်တော်တို့ ထောင်မှူးသင်တန်း အပတ်စဉ်တူသူ ဒုတိယထောင်ပိုင် ဦးငွေစံဆိုသူ ဖြစ်ပါသည်။ သူကလည်း ကျွန်တော့်အား ရှေ့တန်းသို့မထွက်ဘဲ နောက်တန်း၌သာ နေထိုင်ရန် ပြောပါသေးသည်။ သို့သော် ကျွန်တော်က ရည်မှန်းချက်ရှိသည့်အတိုင်း ရှေ့တန်းသို့သာ အလျင်အမြန်ထွက်ခွာနိုင်ရန်ကိုသာ ဦးတည်ချက်ထားပြီး ဆောင်ရွက်ရပါတော့သည်။

မြစ်ကြီးနားမြို့ ဆောင်းရာသီ ရာသီဥတုမှာ အလွန်အေးချမ်းပါသည်။ စခန်းအသီးသီးသို့ ထွက်ခွာရသောယာဉ်တန်းမှာ ရိက္ခာများစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ကားများ စီစဉ်ခြင်း၊ လုံခြုံရေးအနေအထားများ ပြင်ဆင်ရခြင်း စသောအကြောင်းအရာမျိုးစုံကြောင့် စခန်းတစ်ခုလုံး ရဲဘက်များ ပို့မည်ဆိုလျှင် အတော်ပင် စနစ်တကျဖြစ်အောင် စီစဉ်ကြရပါသည်။ ထို့နောက် ကျွန်တော်က စခန်းသို့ အမြန်ဆုံး ထွက်ခွာလိုသော်လည်း အချိန်တစ်လခန့် ယူရဦးမည် ဖြစ်ပါသည်။

တကယ်တမ်းဆိုရသော် ကျွန်တော့်ရှေ့က တစ်လခန့် စောရောက်နေသော ဒုတိယထောင်ပိုင် ဦးကြင်မောင်သန်း၏ စခန်းထွက်ရမည့်အလှည့် ဖြစ်ပါသည်။ သို့သော် သူ၏ဇနီးသည် လိုက်လာမည်ဆိုသောကြောင့် စခန်းသို့ မထွက်လိုပါ။ ထို့ကြောင့်လည်း ကျွန်တော်က အလျင်စလို စခန်းထွက်လိုသောကြောင့် ကျွန်တော်နှင့် တာဝန်လွှဲပြောင်းရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် စခန်းသို့မထွက်ရသေးခင် တစ်လလောက် အချိန်ရသောကြောင့် မြစ်ကြီးနားမြို့၏ ဈေးများ၊ ဆိပ်ကမ်းနှင့် ကရိန်နော် အပန်းဖြေစခန်းများသို့ သွားရောက်လေ့လာပြီး အချိန်ဖြုန်းရပါတော့သည်။ ဝေးဝေးလံလံ နေရာများကိုတော့ မသွားဖြစ်ခဲ့ပါ။

အချိန်တစ်လခန့်ကြာတော့ ကျွန်တော်တို့အဖွဲ့ ဆွမ်ပရာစခန်းများသို့ ပြောင်းရွှေ့ထွက်ခွာရန်အတွက် အစီအစဉ် ကျလာပါသည်။ ရဲဘက် (၄၀၀) အား သယ်ယူမည့်ယာဉ် (၃၇)စီးဖြင့် ရွှေ့ပြောင်းသယ်ယူရမည် ဖြစ်ပါသည်။ တပ်မတော်မှ Cargo ကားကြီးများဖြင့် အရပ်ဘက်မှ ချော်ဆွဲထားသော ဒေါ်ဂျစ်ကားများ ပါဝင်ပါသည်။ လဆန်း (၁)ရက်တွင် ကျွန်တော်တို့ယာဉ်တန်းကြီး မြစ်ကြီးများသို့ ပိုးဇာခြံစခန်းမှ စတင်ထွက်ခွာပါတော့သည်။ ရွှေစက်နှင့် ကရိန်နော်စခန်းကို လွန်တော့ ကြိမ်ခရမ်ဟုဆိုသော လျှပ်စစ်ဓာတ်အား စီမံကိန်းစခန်းအနီးသို့ အရောက်တွင် ကျွန်တော် ရွေးချယ်စီးလာခဲ့သော ဒေါ်ဂျစ်ကားက ရေလယ်အုံ ဘောကြေပြီး စက်ပျက်တော့သည်။





ယာဉ်တန်းဖြင့်သွားလာခြင်း၊ အစီအစဉ်အရ ကားတစ်စီးပျက်လျှင် ယာဉ်တန်းကြီးတစ်ခုလုံး ရပ်ရတော့သည်။ အကျဉ်းသားရဲဘက်များလည်း ပါလာသောကြောင့် လုံခြုံရေးက အရေးကြီးပါသည်။ တပ်မတော်သားများနှင့် ကျွန်တော်တို့ အကျဉ်းဦးစီးဌာနမှ လက်နက်ကိုင်များလည်း ပါဝင်သောကြောင့် လုံခြုံရေးအတွက် စိတ်ပူရန် မလိုသော်လည်း ဝန်ထမ်းနှင့် ရဲဘက်များအား စားချိန်သောက်ချိန် ကျွေးမွေးနိုင်ရန်အတွက် ကြိုတင်စီစဉ်ထားသော အစီအစဉ်များ လွဲချော်ကုန်ပါသည်။ ရေလယ်အုံဘောပျက်သည့်ကားမှ ကားဆရာမှာ စစ်တပ်၏ ကြိမ်းမောင်းအဆူအဆဲကို ခံရပါသည်။

ကားဆရာကြီးကိုယ်တိုင်ကလည်း တပ်မတော်ထွက် တပ်ကြပ်ကြီးဟောင်းတစ်ဦးဟု သိရပါသည်။ သို့သော် ရေပါတာပဲ လိုချင်ပြီး ရေဘူးပေါက်တာ မလိုချင်သော စစ်တပ်အရာရှိများက တပ်မတော်သားချင်း ဖြစ်ခဲ့သော်လည်း စစ်သားဟောင်း ကားဆရာကြီးကို အမျိုးမျိုး ပညာပေးကြပါသည်။

ထို့ကြောင့် ကားဆရာကြီးမှာ အပိုပစ္စည်းပါမလာသော ရေလယ်အုံဘောအတွက် ဆိုင်ကယ်ငှားပြီး မြစ်ကြီးနားမြို့သို့ ပြန်ပြေးပြီး ဝယ်ရသည်။ ရေလယ်အုံဘော ရသော်လည်း ပြန်လည်တပ်ဆင်ကြရာ စုစုပေါင်း အချိန် (၃)နာရီခန့် လမ်းခရီးတွင် ကြာမြင့်သွားပါသည်။ ထို့ကြောင့် ကျွန်တော်တို့ယာဉ်တန်းကြီး တန်ဖရဲခေါ် ခလရ (၃၇) အထိုင်စခန်းကြီးသို့ ရောက်ရှိကြတော့ ညနေ နေဝင်စအချိန် ဖြစ်ပါသည်။ ထို့ကြောင့် ထိုစခန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ ကျောင်းပိတ်ထားသော မူလတန်းကျောင်းဆောင်အခန်းများတွင် ရဲဘက်နှင့် ဝန်ထမ်းများ နေရာချထားပြီး ညအိပ်စခန်းချ၍ ရပ်နားရပါသည်။

ရဲဘက် (၄၀၀) နှင့် ဝန်ထမ်း (၁၀၀)ခန့်အတွက် ညစာစားအပြီး ချက်ပြုတ်စီစဉ်ရသည်မှာ ခရီးသွားနေခြင်းဖြစ်သောကြောင့် မလွယ်ကူလှပါ။ အချိန် အလွန်ကုန်ပါသည်။ ချက်ပြုတ်ရန် အိုးခွက်၊ ပန်းကန်ကလည်း အလုံအလောက်မရှိပါ။ ထို့ကြောင့် ထမင်းဟင်းချက်ပြုတ်သူ ဝန်ထမ်းဖိုခေါင်းနှင့် ရဲဘက်များမှာ အတော်ကလေး ကသီလင်တ ဖြစ်ကြပါသည်။ ညစာကို အလျင်မြန်ဆုံး ချက်ပြုတ်ပြီးတော့လည်း စားသောက်ရသည့်အချိန်မှာ ည (၉)နာရီကျော်ခန့် ဖြစ်ပါသည်။

စားရသည့် ထမင်းဟင်းမှာလည်း အများနှင့်ဖြစ်သောကြောင့် ထွေထွေရာရာ ကောင်းမွန်ခြင်း မရှိပါ။ ထမင်းပူပူကို ကုလားပဲပြုတ်အား ဆီဆမ်း၊ ဆားဖြူး၍ စားရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ညအိပ်စခန်းချသည့် တန်ဖရဲဟူသော ရွာကြီးမှာ မေခနှင့်မလိခမြစ်တို့ ပေါင်းဆုံပြီး ဧရာဝတီမြစ်ကြီး စတင်ဖြစ်ပေါ်လာသည့် မြစ်ဆုံဟူသောနေရာနှင့် တစ်မိုင်သာ ကွာဝေးပါသည်။

ကျွန်တော်တို့ ခရီးဆုံးအောင် သွားရောက်တာဝန်ထမ်းဆောင်ရမည့်နေရာမှာ မလိခမြစ်နှင့်ယှဉ်ပြီး (၈၇)မိုင်တိတိ သွားရောက်ရမည့် ဆွမ်ပရာဘွမ်စခန်းဟု ခေါ်တွင်သော ကြားစခန်းတစ်ခုဖြစ်ပါသည်။ (၈၇)မိုင်ဟူသော အကွာအဝေးခရီးမှာ မြေပြန့်ဒေသတွင် မော်တော်ကားဖြင့် (၃)နာရီခန့်သွားလျှင် ရောက်ရှိနိုင်မည့် ခရီးအကွာအဝေးဖြစ်ပါသည်။ သို့သော် တောင်ဆင်းတောင်တက် ခရီးကြမ်းကြီးတွင် တစ်နေ့သာသွားသော်လည်း ယာဉ်တန်းကြီးနှင့် ဖြစ်သောကြောင့် (၁၀) မိုင်ခရီးကိုပင် မနည်းပေါက်ရောက်အောင် သွားရပါသည်။

တစ်နေ့တာခရီးနှင်ပြီး ယာဉ်နှင့်နီး၍ နားခိုရန်အဆင်ပြေသော နေရာသို့ရောက်လျှင် နေ့လယ်စာ၊ ညစာကို အဆင်ပြေအောင် ချက်ပြုတ်





စားရပါသည်။ Breakfast ဟု ခေါ်ဆိုသော မနက်စောစာကိုကတော့ အဆင်မပြေသဖြင့် မစားကြရပါ။ ခရီးလမ်းတစ်လျှောက်လုံးတွင် ကချင်ရွာများရှိသော်လည်း ကြီးကြီးကျယ်ကျယ်ရွာများ မဟုတ်ကြပါ။

မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်လမ်းဟု ဆိုသော်လည်း ကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ အိန္ဒိယနိုင်ငံသို့ ဆုတ်အပြေးတွင် ယာယီအသုံးပြုရန်အတွက် အရေးပေါ် ဖောက်လုပ်သွားခဲ့သော လမ်းမည်ကာမတ္တ (၁၀) ပေခန့်သာ အကျယ်ရှိပြီး ကျောက်ကြမ်းလမ်းကြီးသာ ဖြစ်ပါသည်။ တောင်ဆင်းတောင်တက် အချို့သောနေရာများတွင် ရေစီးကြောင်းကြောင့် ကျောက်ကုန်းကြမ်းကြီးများက မြေပေါ်သို့ပေါ်နေသည်။ အချို့နေရာများတွင် ကျောက်တုံးကြီးများမရှိသော မြေလမ်းကြီးသာ ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားရသည်မှာ လွန်စွာ နှောင့်နှေးပါသည်။ Cargo ခေါ် စစ်ကားကြီးများမှာ အိုမင်းလှပြီး စက်ကလည်း မကောင်းပါ၊ ဆီစားကတော့ အလွန်များသည်။ ဆီ (၁) ဂါလန်လျှင် တစ်မိုင်နှုန်းသာရကြောင်း စစ်ကားဆရာများကလည်း ညည်းကြသည်။ လမ်းခရီး၌ရှိသော ကချင်ရွာများဖြစ်ကြသည့် ဇွတ်ခါး၊ ဆွမ်းခါး၊ ဖိုအင်ခ၊ အင်ဂျမ်၊ အင်ခါးဟူသော ရွာများကို ယာဉ်တန်းကြီးဖြင့် ကျော်ဖြတ်ရသည်။

ပတ်ဝန်းကျင်တွင် K.I.A အဖွဲ့လည်း ရှိသောကြောင့် ညအိပ်ရပ်နားသောအခါတွင် ရွာများအတွင်း လမ်းပေါ်၌ ရဲဘက်များကို တန်းစီပြီး လုံခြုံရေးအစောင့်များ ပိုင်းရံလျက် အိပ်စေရသည်။ K.I.A များက အခြားတောထဲနေရာများတွင် ချုံခိုတိုက်ခိုက်မည်ဖြစ်သော်လည်း သူတို့ ကချင်ရွာများထဲတွင်တော့ တိုက်ပွဲဖြစ်ပွားလေ့ရှိခြင်း မရှိကြပါ။ သို့ဖြင့် ကျွန်တော်တို့အဖွဲ့ကြီး (၆) ညအဖြစ် တီရန်စွပ်ဟူသော မလိခမြစ်ကမ်းဘေးရှိ အလွန်ကြီးမားသော ကချင်ရွာကြီးသို့ ရောက်ရှိကြပါသည်။

ထိုရွာကြီးတွင် ကျွန်တော်တို့ အကျဉ်းဦးစီးဌာနမှ အရင် ကြိုတင်ရောက်ရှိသော ထောင်မှူးဦးအာဂျွန်တို့၏ ယာယီရဲဘက်စခန်းကလေး ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲဘက်အင်အားတော့ မများပါ။ (၃၀)၊ (၄၀) ခန့် ရှိပါသည်။ သို့သော် ရဲဘက်စခန်းရှိသောကြောင့် ကျွန်တော်တို့နှင့် အတူပါလာသည့် ရဲဘက် (၄၀၀) ကိုတော့ စခန်းအတွင်း လုံခြုံစွာ ထားနိုင်ပြီး ချက်ပြုတ်၍လည်း လုံလောက်စွာ ကျွေးမွေးနိုင်ပါသည်။ (၇)ရက်ခန့်ကြာ ခရီးစဉ်တစ်လျှောက်လုံး ရေမချိုးဖြစ်ခဲ့ကြသော ကျွန်တော်တို့အဖွဲ့ စခန်းနှင့် ကပ်လျက်ရှိသည့် မလိခမြစ်ကမ်းစပ်သို့ ဆင်း၍ ညနေစောင်းတွင် ရေချိုးကြရပါသည်။ ရာသီဥတုမှာ အလွန်အေးသောကြောင့် မလိခမြစ်ရေမှာ ရေခဲရေတမျှ အေးလှသည်။ ထို့ကြောင့်လည်း အလျင်အမြန် ရေချိုးပြီး စခန်းရှိ ထောင်မှူးအာဗျွန်တို့ နေထိုင်ကြသည့် တဲ (၁)လုံးပေါ်သို့ တက်ပြီး အနွေးထည်ဝတ်ပြီး မီးလှုံကြရသည်။

ထိုညနေက ထောင်မှူးအာဗျွန်မှ ကျွန်တော်တို့ဝန်ထမ်းနှင့် အရာရှိများအဖွဲ့အား အစားအသောက်ကောင်းများဖြင့် ညှော်ခံကျွေးမွေးပါသည်။ ကျွန်တော်တို့ အကျဉ်းထောင်အရာရှိများ အဖွဲ့ကိုတော့ အထူးပင် ချက်ပြုတ်၍ သူ၏တဲပေါ်တွင် စားသောက်ရန် စီစဉ်ပေးပါသည်။ ကျွန်တော်တို့ စတင်၍ စားသောက်နေကြစဉ် ဒေသခံ K.I.A များက တစ်ဖက်ကမ်းမှ လက်နက်မျိုးစုံဖြင့် ပစ်ခတ်ပါတော့သည်။ ထို့ကြောင့် တီရန်စွပ်ရွာထဲရှိ ခလရ (၃၇) စခန်းမှလည်း ပြန်လည်ပစ်ခတ်ပြီး တိုက်ပွဲဖြစ်သည်။ ကျွန်တော်တို့ ညှော်သည်များမှာ မည်သည့်နေရာသို့ ပြေးလွှားပုန်းအောင်းရမည်ကို မစဉ်းစားတတ်တော့ပါ။ ထိုအခါတွင်မှ ကျွန်တော်တို့ထက်အရင် တီရန်စွပ်ရွာသို့ ရောက်ရှိနေသော ထောင်မှူးအာဗျွန်က . . .

''ဆရာတို့ . . . တဲအောက်ကို ဆင်းမပြေးနဲ့ ကျည်ဆန်မှန်လိမ့်မယ်။ ဆရာတို့ နောက်ကျောဘက်မှာ အိပ်ရာလိပ်တွေရှိတယ်။ ပက်လက်လှန်ချပြီး ခေတ္တနားနေလိုက်ပါ။ (၁၅)မိနစ်လောက်ကြာရင် တိုက်ပွဲပြီးသွားမှာပါ။ ဒီဒေသမှာက မနက်၊ ည ဒီလိုပါပဲ။ ပြီးတော့လည်း ပြီးတာပါပဲ။ ကျွန်တော်တို့အတွက်တော့ နေ့စဉ် ည၊ မနက် တိုက်ပွဲဖြစ်နေတာကြောင့် ရိုးနေပါပြီ။





အဲ . . . တိုက်ပွဲဖြစ်နေတဲ့အချိန်မှာ ကြောက်လန့်ပြီး အပြင်ကို ထွက်ပြေးရင်တော့ ကျည်ဆန်မှန်ပြီး သေနိုင်ပါတယ်''

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့လည်း စားသောက်နေရင်း ထောင်မှူးအာဗျွန်အကြံပေးသလို ထ,မပြေးနေတော့ဘဲ အနောက်ဘက်သို့ ပက်လက်လှန်၍ လှဲချလိုက်ရပါတော့သည်။ ထိုအချိန်တွင် 'တရှီးရှီး' မြည်သံကြီးနှင့် ဝှိုင့်ဝှိုင့်ဟုခေါ်သော လက်နက်ကြီးကျည်ဆန်က အိမ်ထရံကို ဖောက်ပြီး ကျွန်တော် အစောပိုင်းက ထိုင်၍နေခဲ့သည့် ခေါင်းနေရာတည့်တည့်မှ ဖြတ်သန်းသွားပါတော့သည်။

ကျည်ဆန်၏ ဖောက်ထွင်းသွားသော အပေါက်အကျယ်က နို့ဆီဘူးလုံးခန့် ရှိပါသည်။ ထောင်မှူးအာဗျွန်ပြောသလို အနောက်ဘက်ရှိ အိပ်ရာလိပ်အပေါ်သို့သာ လှဲမချခဲ့ပါလျှင် မတွေးရဲစရာ၊ ခေါင်းပင် ပြတ်သွားနိုင်သည့် အနေအထားဖြစ်ပါသည်။ လာရာလမ်းခရီးတွင် တိုက်ပွဲကလေးများဖြင့် ကြုံဆုံခဲ့သော်လည်း ယခုကဲ့သို့ အန္တရာယ်မများလှပါ။ သို့သော် ထိုညက ခရီးပန်းလာပြီး ရွာကြီးအတွင်းရှိ အထိုင်စခန်းသို့ ရောက်ရှိသောကြောင့် ကောင်းမွန်စွာ စားသောက်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ရပါတော့သည်။

နောက်တစ်နေ့မနက် (၆)နာရီခန့် အချိန်တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြပြန်ပါသည်။ သို့သော် ဤအကြိမ်တွင်တော့ ရိုးသွားပြီဖြစ်သောကြောင့် အိပ်ရာကပင် ထတော့ဘဲ ငြိမ်နေရုံဖြင့် တိုက်ပွဲပြီးသွားပါပြီ။ ထိုနေ့ မနက်စောစောနဲ့ နေ့လယ်စာကို စောစီးစွာ စားကြပြီး ကျွန်တော်တို့ နောက်ဆုံး ရောက်သွားပြီး အထိုင်စခန်းချရမည့် ဒရုခဟူသော စခန်းသို့ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

ဒရုခဟူသော စခန်းမှာ တီရန်စွပ်ရွာကြီးနှင့် အကွာအဝေး (၁၀) မိုင်အတွင်း၌သာ ရှိပါသည်။ ချောင်း၊ မြောင်း၊ တံတားများကို ဖြတ်ကျော်ပြီး တောင်စောင်းများတွင် ဖောက်လုပ်ထားသည့် တောင်ကမ်းပါးယံလမ်းများအား



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်သွားလာရသည်။ ထိုနေရာများတွင် ထူးခြားချက်မှာ အမြဲစိမ်းသော သစ်တောကြီးအပြင် လျှိုအတွင်းပေါက်ရောက်သည့် ဝါးရုံများကို ကျော်ပြီး ချောက်အတွင်းမှ တောင်ထိပ်ပေါ်အထိ ထိုးထွက်ပေါက်ရောက်နေသော သစ်မင်းပင်ကြီးများဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်းတွင် ပေါက်ရောက်နေကြသော သဘာဝပေါက်ပင်မျိုးစုံအနက် ဝါးရုံပင်များကိုတော့ သိပါသည်။ အခြားသော သစ်ပင်အမျိုးအစားကိုတော့ ခွဲခြားမသိနိုင်ပါ။

ညနေ နေဝင်ရီတရောအချိန်တွင် မလိခမြစ်မှ ခွဲထွက်စီးဆင်းလာသော ဒရုခဟူသည့် ချောင်းကမ်းစပ်အနီးတွင်ရှိသော ရဲဘက်စခန်းသို့ ရောက်ကြပါသည်။ ကျွန်တော်တို့၏ လမ်းခရီးတွင် (၆)ညအိပ် (၇) ရက် သွားလာခဲ့ကြရပြီး မြစ်ကြီးနားမြို့နှင့် (၈၇) မိုင် ကွာဝေးသည့် ဆွမ်ပရာဘွမ် ရဲဘက်စခန်းပင် ဖြစ်ပါသည်။ စခန်းမှာ ယာယီရဲဘက်စခန်းကလေးသာ ဖြစ်ပြီး ခလရ (၃၇) တပ်ခွဲ တပ်စွဲထားသော တောင်ကုန်း၏ အောက်ခြေ ဒရုခမြစ်တစ်ဖက်ကမ်း မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်သွားရာ ကားလမ်း၏ အနီးတွင် ယာယီဆောက်လုပ်ထားသော ရဲဘက်တဲစခန်းလေးသာ ဖြစ်ပါသည်။ ထိုစခန်းတွင် တာဝန်ခံထောင်ပိုင်မှာ ဦးသန်းရွှေဆိုသူဖြစ်သည်။ အသားဖြူဖြူ တရုတ်ကပြားဖြစ်ပြီး မိန်းမဆန်သောကြောင့် ကျွန်တော်တို့ အကျဉ်းဦးစီးဌာန လောကတွင်လည်းကောင်း သူ၏ နာမည်ပြောင်အဖြစ် တရုတ်မကြီးဦးသန်းရွှေဟူ၍ ခေါ်ဝေါ်သမုတ်ကြပါသည်။

ရင်းတည်ဆောက်ထားသော ယာယီရဲဘက်စခန်းမှာ အခင်းအကာလည်း လုံခြုံမှုမရှိပါ။ အောက်ပြည်အောက်ရွာ လယ်ကွင်းများထဲတွင် ဘုန်းကြီးပျံပွဲရှိ၍ ဈေးရောင်းရန်အတွက် ဆောက်လုပ်ထားသော ယာယီပျံကျ ဈေးဆိုင်ကလေးများဖြင့်သာ တူနေပါတော့သည်။ လုံခြုံမှုလည်း လုံးဝမရှိပါ။ အကာအရံအနေဖြင့် မလုံမခြုံ ဝါးကပ်စည်းရိုးကလေးကိုသာ ကာထားပြီး အခင်းအနေဖြင့်လည်း မြေကြီးပေါ်၌ ဝါးခြမ်းသာ ခင်းထားပြီး အမိုးကတော့ တောင်ထန်းရွက်များကို မိုးထားပါသည်။ နေရာအကျယ်အဝန်းက





လည်း ဒရုခချောင်းကမ်းစပ်နှင့် ချောင်းကူးတံတားထိပ် ဆွမ်ပရာဘွမ်မြို့သွား လမ်းဟောင်းကြီးနံဘေးတွင် အဖြစ်ဆောက်လုပ်ထားသော ယာယီစခန်းကလေးသာဖြစ်သည်။ သစ်၊ ဝါးပေါသော ဒေသတွင် မှုဆိုးမတဲထက်ပင် အခြေအနေ ဆိုးပါသည်။

ကျွန်တော်ကတော့ အင်းစိန်ထောင်မှ ရဲဘက် (၄၀)အား မြစ်ကြီးနားမြို့မှတစ်ဆင့် ဆွမ်ပရာဘွမ်စခန်းအထိ လုံလုံခြုံခြုံ ခေါ်ဆောင်လာပြီး ထောင်ပိုင်ဦးသန်းရွှေထံ အပ်နှံပြီးဖြစ်သောကြောင့် ကျွန်တော့်တာဝန် ပြီးဆုံးပြီဖြစ်ပါသည်။ ထို့ကြောင့် ထိုညက ခရီးလမ်း ပန်းလာသောကြောင့် ဒရုခချောင်းကမ်းနံဘေးနဖူးတွင် ဆောက်လုပ်ထားသော မြေစိုက်တဲကြီး (၁) လုံးအတွင်း၌ အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ အိပ်စက်ရပါတော့သည်။ ပင်ပန်းသော်လည်း ကောင်းစွာ အိပ်မပျော်ပါ။

အသေရာသီဥတု အေးချမ်းရသည့်အထဲ ချောင်းကမ်းနဖူးတွင် တည်ဆောက်ထားသော အကာအရံ မလုံခြုံသည့် မြေစိုက်တဲကြီးအတွင်း ဒရုခချောင်းရိုးတစ်လျှောက် တိုက်ခတ်လာသော နှင်းလေလေးက စိမ့်ခနဲ စိမ့်ခနဲ နေအောင် အရိုးထဲအထိ ဝင်ရောက်လာပါတော့သည်။ တဲကြီး၏ အမိုးအကာများမှာ ခြောက်သွေ့နေသော တောင်ကြမ်းရွက်များဖြစ်သောကြောင့် မီးဖို၍လည်း မလှုံရဲပါ။ ထို့ကြောင့် အိပ်တစ်ဝက်၊ နိုးတစ်ဝက်ဖြင့် မနက်အရုဏ်ဦး (၄)နာရီခန့်တွင် အိပ်ရာကထပြီး တဲအပြင်သို့ထွက်၍ အပေါ့အပါးသွားပြီး ထိုအချိန်တွင် သံယောဇဉ်ဖြင့် မလုံခြုံသော ရဲဘက်များ၏ တဲစခန်းများဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်မိပါတော့သည်။

ထိုအချိန် အရုဏ်ဦးအလင်းရောင်ဖြူဖြူအောက်၌ ရဲဘက်ဝတ်စုံအဖြူများ ဝတ်ထားကြသော ရဲဘက်များ၊ ဖွေးဖွေးလှုပ်အောင် ချောင်းထဲဆင်း၍ ပြေးနေကြသည်ကို မြင်ရတော့သည်။ ထို့ကြောင့် ကျွန်တော်၏ တာဝန်မဟုတ်ဘဲ စခန်းတာဝန်ခံ ဦးသန်းရွှေ၏ တာဝန်သာ ဖြစ်သော်ငြားလည်း မနေသာဘဲ အသင့်ဆောင်ထားသည့် သေနတ်ကို မိုးပေါ်ထောင်၍ ဆက်ဖောက်ပြီး အချက်ပြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း . . ."

ထို့ကြောင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ နိုးကြားလာကြပြီး ဝိုင်းဖမ်းဆီးသောကြောင့် ရဲဘက်အသစ်များ (၄၀)ခန့် ထွက်ပြေးကြသည့် အနက် (၂၀) ခန့်ကို ပြန်လည်ဖမ်းဆီးရမိပြီး ရဲဘက် (၂၀) ခန့်ကတော့ ထွက်ပြေးလွတ်မြောက်သွားပါသည်။ သို့သော် ဤခရီးလမ်းကြီးမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်သူ အလွန်ရှားပါလိမ့်မည်။ လမ်းခရီးကလည်း အလွန်ကြမ်းတမ်းသည့်အပြင် မြို့ရွာများနှင့် မနီးပါ။ ခရီးကြုံစီးရန်အတွက်လည်း လမ်းကြုံရန် မရှိနိုင်ပါ။ ကုန်းကြောင်းခရီးဖြင့်သာ ထွက်ပြေးရမည် ဖြစ်သည်။ ရာသီဥတုက ကြမ်းတမ်းသည့်အထဲ သောင်းကျန်းသူ K.I.A နှင့် တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်ကလည်း ရှိပါသည်။ ထို့အပြင် ရဲဘက်ပြေးများဖြစ်သောကြောင့် မြန်မာစစ်တပ်ကလည်း တွေ့သည့်နေရာတွင် အလွတ်မပေးဘဲ ပစ်သတ်ကြမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ရဲဘက်ပြေးများကို ကျွန်တော် အလွန် အံ့ဩမိပါသည်။ လမ်းခရီးတောနက်ကြီးအတွင်း၌ လက်နက်ရိက္ခာလည်း မပါပါ။ ခြုံစောင်နှင့် အနွေးထည်လည်း လုံလောက်စွာ ပါမည်မဟုတ်။ ထို့အပြင် အအေးဒဏ်ကို ကာကွယ်ရန်အတွက် မီးခြစ်လည်း ပါမည်မထင်ပါ။ မီးခြစ်ပါရှိပါလျှင်လည်း လူရှိသည်ဟု အချက်ပြသည့် မီးဖိုကို ဖိုရဲမည်လည်း မဟုတ်ပါ။

ထိုနေ့မနက်ကတော့ ခလရ (၃၇) တောင်ကုန်းပေါ်က တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်း ဆင်း၍လာပြီး ရဲဘက်စခန်းအတွင်းသို့ ဝင်၍ ဆူပူကြိမ်းမောင်းသွားပါတော့သည်။ မနက်မိုးလင်းတော့ ကျွန်တော်နှင့် ထောင်ပိုင်ဦးသန်းရွှေတို့အား ခေါ်ယူပြီး ဗိုလ်မှူးက ကျွန်တော့်အား တစ်ဖက်ကမ်း ခလရ (၃၇) တပ်စွဲထားသော တောင်ကုန်း၏ အခြေတွင် ရဲဘက် (၅၀၀) ခန့် ဘားတိုက်ကြီး (၅)လုံးနှင့် ရဲဘက်စခန်း အင်္ဂါရပ်နှင့်အညီ လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ရန် (၁)လ အချိန်ပေး၍ ဆောက်ခိုင်းပါတော့သည်။





ဒုတိယထောင်ပိုင် တရုတ်မကြီးဦးသန်းရွှေကိုတော့ ရေ့တန်းအကြိုရှင်းလင်းရေးစခန်းများ ဖွင့်လှစ်ရန်အတွက် ဝန်ထမ်းနှင့် ရဲဘက်အချို့ကို ခေါ်ဆောင်စေပြီး ရှေ့တန်းသို့ ပို့ပါသည်။ (၁)လလျှင် တစ်ကြိမ်ခန့်သာ ဒရုခစခန်းသို့ ပြန်နားခွင့်ရှိကြောင်းကို ပြော၍ လူပျော်ကြီး ဦးသန်းရွှေကတော့ ပျော်ပျော်ရွှင်ရွှင်ပင် ထိုနေ့မနက်က စခန်းကို ကျွန်တော့်အား လွှဲပြီး ထွက်ခွာသွားတော့သည်။

ယခင်စခန်းဟောင်းတွင် တာဝန်ယူခဲ့သည့် ထောက်ပံ့ရေးဌာန တာဝန်ခံထောင်မှူး အာဂွန်အား ကျွန်တော်မှ ဆက်၍ တာဝန်ပေးပြီး လုပ်ငန်းခွင် ကြီးကြပ်ရန်အတွက်ကိုတော့ ကျွန်တော်နှင့်အတူ အင်းစိန်ထောင်မှ လိုက်ပါလာသည့် ထောင်မှူးအောင်ကြီးအား တာဝန်ခွဲပေးလိုက်ပါသည်။ ကျွန်တော်ကတော့ ရဲဘက်စခန်း ဆောက်လုပ်ရေးတွင် နာမည်ရပြီး ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကင်းကွာ၍မရသော ကံဇာတာပါရှိလာသဖြင့် တောချုံသစ်ပင်များရှင်း၍ မြေ (၁)ဧကခန့်သာ ကျယ်ဝန်းသည့် မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်ကားလမ်းဟောင်းအနီး ခလရ (၃၇) တပ်စွဲထားသော တောင်ကုန်း၏ အောက်ခြေ၌ ရဲဘက်စခန်းသစ်ဆောက်လုပ်ရန် ကြိုးပမ်းရပါတော့သည်။

စခန်းဆောက်လုပ်မည့် နေရာဒေသတွင် ကြိမ်ရုံများ အများအပြား ရှိပြီး ထွာဆိုင်နှင့် တစ်ဖက်တခန့် သစ်ပင်ကြီးငယ်များကလည်း ရှိပါသေးသည်။ ကျွန်တော်တို့အလာ ယာဉ်တန်းနှင့်အတူ ပါလာသည်က ကျောက်ထုရန်နှင့် လမ်းဖောက်ရန် တူနှင့် ပေါက်ပြား၊ တူးရွင်းများ၊ ဓားမကြီးများသာ ဖြစ်ကြပါသည်။ သစ်ခုတ်ရန်အတွက် လိုအပ်သော ငါးမန်းလွှများ၊ ပုဆိန်များ၊ တောရှင်းဓားများ ပါမလာခဲ့ပါ။ ထို့ကြောင့် ရေဘူးပေါက်တာ မလိုချင်ဘဲ ရေပါသာတာ လိုချင်သည်ဟုဆိုသော စစ်တပ်က ဗိုလ်များအတွက် ကျွန်တော်တို့ လုပ်သလို မဖြစ်နိုင်၍ ဖြစ်သလို လုပ်ကြရပါတော့သည်။ ထို့ကြောင့် အချိန်က အတော်ကြာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်များမှာ ကျွမ်းကျင်သော လက်သမားများ မဟုတ်ကြသည့်အပြင် လက်နက်ကိရိယာလည်း မပြည့်စုံသောကြောင့် အတော်ပင် သင်ပေးရသည်။ စခန်းဆောက်လုပ်ရန်အတွက် တောရှင်းပြီး မြေညှိရသည်ပင် (၁)ပတ်ခန့်ကြာသည်။

ပထမဆုံး လုံခြုံရေးအတွက် စခန်းဆောက်မည့် ဝင်းကြီးအား ဝါးများဖြင့် ကျားမောက်၊ ကျားလှုံ၊ စည်းရိုးနှစ်ထပ် ကာရသည်။ ပြီးသည်နှင့် လုံခြုံရေးအတွက် စိတ်မချရသောကြောင့် ဒရုခချောင်းကမ်းစပ်ရှိ ယာယီရဲဘက်ဟောင်းများမှ ရဲဘက်များကို စခန်းသစ် စည်းရိုးဝင်းအတွင်းသို့ ရွှေ့ပြောင်းပြီး ယာယီအမိုးနှင့် တဲကလေးများအောက်၌ နေစေရသည်။ ထိုမှ ရဲဘက် (၁၀၀) စီ ဆန့်သည့် ရင်ကွဲဘားတိုက်ကြီးများကို တစ်လုံးပြီးတစ်လုံး ဆောက်လုပ်ရပါတော့သည်။ သစ်ဝါးပေါများသောကြောင့်လည်းကောင်း၊ ကျွန်တော် အသုံးပြုသော ရဲဘက်ကြီးများမှာ အဆောက်အအုံဆောက်ရာ၌ တောသူတောင်သားများပီပီ လက်စလက်နရှိသောကြောင့်လည်းကောင်း၊ ခလရ (၃၇) တပ်ရင်းမှူး ဗိုလ်မှူးက (၁)လ အချိန်သာ ပေးထားသော်လည်း ကျွန်တော် ရဲဘက်စခန်းအင်္ဂါရပ်နှင့်အညီ လိုအပ်သော အဆောက်အအုံများကို ပြီးစီးအောင် ဆောက်လုပ်နိုင်ခဲ့ပါသည်။

(၁) လပြည့်၍ ဒရုခချောင်းကမ်းစပ်မှ ရဲဘက်အားလုံးကို စခန်းသစ်ဝင်းအတွင်း၌ ရှိသော ရဲဘက်ဘားတိုက်ကြီး (၅)လုံးတွင် လုံလုံခြုံခြုံထားနိုင်ခဲ့ပါသည်။ သို့သော် ဗိုလ်မှူးက လာရောက်ကြည့်ရှုပြီး နောက်ထပ် ရဲဘက်သစ် (၅၀၀) ရောက်ရှိမည်ဖြစ်သောကြောင့် စီစဉ်ဆောင်ရွက်ထားရန် အမိန့်ပေးပြန်ပါသည်။ ကျွန်တော်ဆောက်လုပ်ထားခဲ့သော စခန်းဝင်းအတွင်း၌ နောက်ထပ်ရဲဘက် (၅၀၀) ဆန့် အဆောက်အအုံ ထပ်မံဆောက်လုပ်ရန် မြေနေရာက မရှိတော့ပါ။ ချောင်းရိုးမြောင်းရိုးကလေးများ ခံနေသောကြောင့် ဖြစ်ပါသည်။ သို့သော် အမိန့်ပေးသွားသည့် ဗိုလ်မှူးအကြိုက်ရေပါအောင်တော့ ကျွန်တော်က ပညာပြရမည်ဖြစ်ပါသည်။





ထို့ကြောင့် မူလအစကပင် လိုရမည်ရ ခေါင်မြင့်မြင့်ဆောက်လုပ်ထားသည့် ရဲဘက်ဘားတိုက်ကြီး (၅)လုံးမှ အိပ်စင်များကို နှစ်ထပ်လုပ်ပြီး၊ နှစ်ထပ်အိပ်ဆောင်အဖြစ် စီမံရာ တစ်ပတ်အတွင်း ပြီးစီးပါသည်။ ကြမ်းခင်း ဝါးခြမ်းများကို အောက်ခံအနေတော် သစ်လုံးစဉ်စီပြီး ပေါများလှသော ကြိမ်များဖြင့် အကျအန ကွပ်၍ ချည်နှောင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြီးစီး၍ သတင်းပို့တော့ ဗိုလ်မှူးလာရောက်ကြည့်ရှုပြီး ကျွန်တော့်အား ချီးကျူးပါသည်။ ကျွန်တော်တို့ အကျဉ်းထောင်ဝန်ထမ်းများအား စစ်တပ်အနေဖြင့် ပညာအဆင့် နိမ့်ပါးသော လူကြမ်းကြီးများဟုသာ မှတ်ယူထားဟန် ရှိပါသည်။

ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် အထင်သေးဟန်၊ နှိမ်လိုဟန်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်က လက်တွေ့လုပ်ပြတော့ အထင်ကြီးပြီး လေးစားဟန်ပြလာပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ စားသောက်ပွဲကလေးများလုပ်လျှင် ကျွန်တော့်အား ဖိတ်ခေါ်ပြီး ကျွေးမွေးပြုစုတတ်ပါသည်။ ဤဆွမ်ပရာဘွမ်စခန်းသို့ ရောက်ရှိနေစဉ်အတွင်း၌ ကျွန်တော်သောက်သုံးရန် အတောင့်တဆုံးအရာမှာ လက်ဖက်ခြောက်ကောင်းကောင်းဖြင့် ဖျော်ထားသည့် လက်ဖက်ရည်ချိုဖြစ်ပါသည်။

ထိုအချိန် ၁၉၉၁ ခုနှစ်ခန့်က ယခုကာလကဲ့သို့ ကော်ဖီမစ်နှင့် တီးမစ် အထုပ်များလည်း မပေါ်သေး၊ ရေသန့်ဘူးလည်း မပေါ်သေး၊ ရေနွေးဆူဆူတွင် ထည့်ပြီး (၃)မိနစ်အတွင်း စားနိုင်သည်ဟုဆိုသော ယမ်ယမ် ခေါက်ဆွဲခြောက်ထုပ်လည်း မပေါ်သေးပါ။ ချောင်းရေကိုသောက်ပြီး ထမင်းကြမ်းခဲနှင့် ဟင်းကျန်ကိုသာ အားထား၍ မိုးနိုကာ စားသောက်နေရသော ကာလဖြစ်ပါသည်။ အောက်ပြည်အောက်ရွာလို လက်ဖက်ခြောက်မရှိသော အချိန်တွင် အစားထိုးပြီး လောက်သေရွက်အား နေခြောက်လှမ်း၍ လက်ဖက်ခြောက်အဖြစ် သုံးနိုင်သော လောက်သေရွက်ပင် မရှိပါ။ တောခြင်များ အနေဖြင့်တော့ ခြင်ရိုင်းကြီးများ မရှိပါ။ သို့သော် ဆွမ်ပရာဘွမ်ဒေသတွင် ကိုက်ခဲတတ်သော တောခြင်ကလေးများမှာ အကောင်ငယ်ပြီး အမဲရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုက်၍ကိုက်မှန်းပင် မသိသာလှပါ။ သို့သော် ဆွမ်ပရာဘွမ် စခန်းသို့ ရောက်ရှိကြပြီး (၁)လကျော်ကြာသော သိသာလှပါသည်။

ဝန်ထမ်းနှင့်ရဲဘက်များ ဖျားနာကြပြီး အချို့မှ ဒရခချောင်းရေကို သောက်ကြရသဖြင့် ဝမ်းလျှောရောဂါ ဖြစ်ကြသည်။ ကျွန်တော်တို့တွင် ဆေးဝါးများက ငှက်ဖျားရောဂါ ကာကွယ်ဆေးလောက်သာ ဖြစ်ပါသည်။ ပေါပေါများများ လုံလောက်အောင် ဆေးဝါးကမရှိပါ။ ထို့ကြောင့် နောက်တန်းစခန်းသို့ ခလရ (၃၇) စစ်တပ်မှ ဝါယာလက်စက်ဖြင့် လှမ်းမှာရသည်။ ကျွန်တော်ကတော့ ငှက်ဖျားအခံဖြစ်ဖူးသည့်အပြင် ကချင်ပြည်နယ် နောင်မွန်းမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကျွန်တော်၏အစ်ကိုကြီး ဘဏ်မန်နေဂျာ ဦးအောင်သန်းက ဆောင်ထားရန် ပေးဖူးသော ခန်းတောက်မြစ် (ခေါ်) သဘာဝဆေးမြစ်များက ကျွန်တော့်အတွက် အလွန်အသုံးဝင်ပါသည်။ ငှက်ဖျားဖြစ်သော ဝန်ထမ်းများကိုလည်း ကူညီကယ်တင်နိုင်ပါသည်။ သို့သော် စခန်းတစ်ခုလုံးအတွက်တော့ မတတ်နိုင်ပါ။

ငှက်ဖျားရောဂါ၏ သဘောတရားမှာ အပြင်းဖျားပြီး ချွေးထုတ်လျှင်ပင် သက်သာပျောက်ကင်းတတ်ပါသည်။ အားရှိရန်အတွက်ကိုတော့ အသားစွပ်ပြုတ်များက ထောက်ပံ့ကူညီတတ်ပါသည်။ သို့သော် ဤဒေသ၌ ရာသီဥတုက အလွန်အေးပြီး ချွေးမထွက်နိုင်ပါ။ အာဟာရရှိစေရန်အတွက် အသားစွပ်ပြုတ် လုပ်ကိုင်စားရန်လည်း အသားမရှိသောကြောင့် မလွယ်ကူပါ။ တောကောင်များ ပေါများသည်ဟု ဆိုသော်လည်း တောတွင်း ပတ်ဝန်းကျင်၌ သောင်းကျန်းသူ K.I.A များ ရှိသောကြောင့် သေနတ်များရှိသော်လည်း စခန်းဧရိယာအပြင်သို့ ထွက်ပြီး တောမလည်ရဲပါ။ နေ့စဉ် စားသောက်ရသည်ကလည်း အသားရိက္ခာစုံ မရရှိနိုင်ပါ။ ရက်လွန်အသားဘူး၊ ငါးဘူးလောက်သာ စားကြရခြင်းဖြစ်ပါသည်။ အသီးအရွက်လည်း မရရှိနိုင်ပါ။ ကုလားပဲဟင်းကိုသာ နေ့စဉ် အားထားကြရပါသည်။

ဒရခရဲဘက်စခန်းကြီး ဆောက်လုပ်ပြီးစီးပြီးနောက် ကျွန်တော်တို့ ဝန်ထမ်းနှင့် ရဲဘက်အဖွဲ့များ နေထိုင်ရသည်မှာ စနစ်ကျ၍ အသားကျလာ





သည်ဟု ဆိုရပါမည်။ သို့သော် (၁)လ၊ (၂)လ မှ (၃)လသို့ ရောက်လာသည်နှင့်အမျှ ရဲဘက်စခန်းတွင် ငှက်ဖျားနှင့် ဝမ်းလျှောရောဂါများ ဖြစ်ပွားလာပါတော့သည်။ အထက်က ကျွန်တော် တင်ပြခဲ့သလို ချွေးကလေးစို့လျှင်လည်း သက်သာပျောက်ကင်းတတ်သော ငှက်ဖျားရောဂါမှာ အေးလွန်းသော ဆွမ်ပရာဘွမ်ဒေသတွင် ချွေးမထွက်သောကြောင့် ခန္ဓာကိုယ်တွင်း၌ ငုပ်၍နေပြီး ခန္ဓာကိုယ်အတွင်း၊ အပူရှိန်ကြီးကာ ဝန်ထမ်းနှင့် ရဲဘက်များ အသေအပျောက် ရှိလာခဲ့ပါသည်။ ကားကြဲ့မရှိဘဲလည်း နောက်တန်းသို့ လူနာအား ပို့ရန်မလွယ်ကူပါ။

ထို့ကြောင့် ရောဂါဖြစ်လာပြီဆိုလျှင် ခလရ (၃၇) စစ်တပ်မှ ဆေးမှူးနှင့် ကျွန်တော်၏လက်စွဲ မုဆိုးတပည့်ကျော် ကျော်ထွားတို့ကသာ ရှေ့တစိုက်နှင့် ပြုစုကြရပါတော့သည်။ စစ်တပ်က ဆေးမှူးက ခေတ်ပေါ် အင်္ဂလိပ်ဆေးများဖြင့် ကုသပေးသည်။ သို့သော် ဆေးဝါးက မလုံလောက်ပါ။ ကျွန်တော်၏ မုဆိုးတပည့်ကျော် ကျော်ထွားကတော့ တိုင်းရင်းဆေးဆရာပီပီ တောတွင်းရှိ သစ်ရွက်၊ သစ်ဥ၊ ဆေးမြစ်များနှင့် ကုသပေးခြင်း ဖြစ်ပါသည်။ ကျော်ထွား၏ သဘာဝဆေးများက အလွန်ထိရောက်ပါသည်။ နေ့စဉ်ပင် မုဆိုးကျော်ထွားမှာ ကျွန်တော့်အတွက် တောကြက်၊ ရစ်ငှက်တို့ကို ထောင်၍ ဟင်းစားရှာပေးခြင်း၊ ဝန်ထမ်းနှင့် ရဲဘက်များအတွက် အသုံးဝင်သော ဆေးဖက်ဝင် သစ်သီးသစ်ရွက်၊ သစ်မြစ်၊ သစ်ဖုတို့ကိုလည်း သူ့ခမျာ ရှာဖွေစုဆောင်းရပါသေးသည်။

မုဆိုးကျော်ထွားပြမှ မြန်မာပြည်မြောက်ပိုင်း တောတောင်များအတွင်း၌ ကိုရီးယားမှ ထွက်သည်ဟုဆိုသော ဂျင်ဆင်းဆေးပင်မျိုးကို တွေ့ရှိရပါသည်။ ကျွန်တော်တို့ဆီမှာတော့ ဂျင်ဆင်းဟုမခေါ်ဘဲ မြန်မာအမည်များသာ ဖြစ်ပါသည်။ ထို့အပြင် ဝမ်းရောဂါအတွက် အလွန်အသုံးတည့်သော ဆေးမြင်းခွာဟူသည့် အပင်များကိုလည်း တွေ့ရသည်။

ဆေးမြင်းခွာပင်မှာ ရွှေပန်း၊ ငွေပန်းပင်လို အရိုးအပျော့အပင်ဖြစ်သည်။ အရိုးနှင့် အရွက်ကြောများမှာ နီညိုရောင်ရှိပြီး အပင်အမြင့်မှာ (၄)၊



www.burmeseclassic.com

www.burmeseclassic.com



(၅) ပေခန့်ရှိပါသည်။ အပင်အရင်း၌ မြင်းခွာပုံစံ ဥကြီးများ မြေပေါ်သို့ထွက်၍ ဥနေတတ်ပြီး ဆွဲခွာလိုက်ပါက အပင်ရင်း၌ရှိ အမြစ်များ ကျိုးသွားပြီး နီညို ရောင်အစေးများ ပျစ်ချွဲချွဲဖြစ်ထွက်လာကြသည်။ ထိုအစေးများက ဝမ်းနှင့် ပတ်သက်သော ရောဂါများကို နိုင်သည်။

ဆေးမြင်းခွာဥကို ပါးပါးလှီးပြီး အခြောက်လှန်း၊ ထိုဒေသတွင် လွန်စွာပေါများလှသော ဆင်တုံးမနွယ်အပင်ကိုလည်း ပါးပါးလှီးပြီး နေ ခြောက်လှမ်းပြီး ပျားရည်ဖြင့် ဖော်စားလျှင် ရောဂါပေါင်းစုံ ကာကွယ်ပျောက် ကင်းသည့်အပြင် လူကြီးများအတွက် အားဆေးဖြစ်ကြောင်း ဆေးဆရာ ကျွန်တော်၏ မုဆိုးတပည့်ကျော် ကျော်ထွားက အမြဲတမ်း ပြောတတ်ပါ သည်။

ကျော်ထွားမှာ သဘာဝ ဆေးမြစ်၊ ဆေးရွက်များဖြင့် ဆေးဝါး ကုသရင်း ရောဂါများ ပျောက်ကင်းချမ်းသာ၍ နာမည်ရလာသည်။ ထို့ ကြောင့် ရဲဘက်များနှင့် ဝန်ထမ်းများက မုဆိုးကျော်ထွားအား ဆေးဆရာ ဟု၍ လေးစားစွာ ခေါ်ဝေါ်ပြီး အသိအမှတ်ပြုကြပါသည်။ ပဲခူးရိုးမ အမြန် လမ်းစခန်းများတွင် တာဝန်ထမ်းဆောင်စဉ်ကတော့ ကျွန်တော်၏လက်စွဲ တော် သစ္စာရှိသည့် အမဲလိုက်မုဆိုးများမှာ အောင်သန်းနှင့်တင်သောင်းတို့ ဖြစ်ကြပါသည်။ တနင်္သာရီရိုးမ ဆီအုန်းစခန်းများတွင် တာဝန်ထမ်းဆောင် စဉ်ကတော့ ကျွန်တော်၏လက်စွဲတော် သစ္စာရှိသည့် ရဲဘက်မုဆိုးများမှာ တော့ တင်မောင်နှင့် ကိုနေတို့ ဖြစ်ကြပါသည်။

ဟော . . . ယခုတော့ ထွမ်ပရာဘွမ်စခန်းတွင် ကျွန်တော်၏ သစ္စာ ရှိသည့် ရဲဘက်မုဆိုးများမှာ ကျော်ထွားနှင့် မောင်ဟန်တို့ ဖြစ်ကြပါသည်။ ကျော်ထွားတို့နှင့် နှစ်ပေါက်အောင် မပေါင်းရသေးပါ။ လပိုင်းသာရှိပါသေး သည်။ သို့သော် ကျော်ထွားတို့က တိုင်းရင်းသား ရှမ်းနှင့် ချင်းလူမျိုးများပီပီ ရိုးသားပွင့်လင်းပြီး လွန်စွာ အားကိုးအားထားရပါသည်။ စခန်းရှိ ဝန်ထမ်း နှင့် ရဲဘက်များအတွက်လည်း ဖြစ်လာသမျှ ရောဂါများကို ကျော်ထွားတို့ က သဘာဝရိုးရာ ဆေးဝါးများဖြင့် ထိန်းထားနိုင်ခြင်းဖြစ်ပါသည်။





နောက်ပိုင်းတွင် ဝန်ထမ်းနှင့် ရဲဘက်များက ခလရ (၃၇)မှ ဆေးမှူးကိုပင် အားမကိုးကြတော့ပါ။ မုဆိုးကျော်ထွားကိုသာ အားကိုး အားထားပြုကြသည်။ မုဆိုးကျော်ထွားမှာ ဆေးဆရာတစ်ဆူ ဖြစ်လာသော် လည်း ဆေးဖိုးဝါးခ အခကြေးငွေ တစ်ပြားတစ်ချပ်မှ ရရှိခြင်း မရှိပါ။ စေတနာမေတ္တာဖြင့်သာ ကုသပေးသော တကယ့်မေတ္တာရှင် ဆေးသမား ဖြစ်ပါသည်။

ကျွန်တော်တို့ ရဲဘက်စခန်းတစ်ခုလုံးအပြင် ဒရုခချောင်းအတွင်း ရွှေကျင်လာကြသော အလုပ်သမားများကလည်း မုဆိုးကျော်ထွားအား ဒိန္နောဆေးဆရာကြီးတစ်ဦးလိုပင် အားကိုးအားထားပြုကြသည်ကို တွေ့ မြင်ရပါသည်။ မုဆိုးကျော်ထွားမှာ ကိုယ့်ရိက္ခာ ကိုယ်စားပြီး သဘာဝဆေး ဆရာဖြစ်နေတော့လည်း ပီတိကိုစားပြီး အားရှိဟန်တူပါသည်။ မုဆိုး ကျော် ထွား နေမကောင်း ထိုင်မသာ ဖြစ်သည်ကို တစ်ကြိမ်တစ်ခါမျှ မကြုံဘူး ပါ။

ကျွန်တော်တို့ ရဲဘက်စခန်းကြီး ပြည့်စုံစွာ ပြီးမြောက်သောအချိန် စခန်းတာဝန်ခံဖြစ်သော ကျွန်တော့်အတွက် လုံလုံခြုံခြုံနေထိုင်ရန် တဲအိမ် တစ်လုံး လိုအပ်လာပါသည်။ ယခင်တဲအိမ်ဟောင်းမှာ ဝါးကြမ်းခင်းပြီး စလူ ရွက်မိုး၍ စလူရွက်ကာထားသော ယာယီတဲကလေးသာ ဖြစ်ပါသည်။ ထို့ ကြောင့်လည်း တပည့်များက ကျွန်တော့်အတွက် ကားလမ်းမဲဘေးရှိ ယာယီတဲမှ ရဲဘက်စခန်းတစ်ခုလုံးကို အပေါ်စီးမှ မြင်ရသည့် တောင်ကုန်း အောက်ခြေ ဆင်ခြေလျှောတွင် ခိုင်ခံ့သော တဲကြီးတစ်လုံးကို ဆောက်ပေး ကြသည်။ တဲမှာ မြေစိုက်တဲ ဖြစ်သော်လည်း အိပ်ရန်အတွက် မြေစိုက်ဝါး ခုတင်ကို ကြိမ်ဖြင့် ရက်၍ စနစ်တကျ လုပ်ပေးသည့်အပြင် အသုံးအဆောင် ပစ္စည်းများ ထားသိုရန်အတွက်လည်း ဝါးဖြင့်ပင် အဆင့်ကလေးများထိုး၍ စင်ကလေးများ လုပ်ပေးပါသည်။

ထို့အပြင် ဧည့်ခန်းနေရာတွင် (၂) ယောက်အိပ် ခုတင်ပုံစံ ဝါး ကြမ်းခင်း၊ ကြိမ်ကွပ်၍ ဝါးခုတင်ကြီးလည်းကောင်း၊ ကျွန်တော် စာရေး



www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် ခေါင်းရင်းဘက်တွင် ဝါးစားပွဲနှင့် ဝါးကုလားထိုင်ကိုလည်းကောင်း စီမံဆောင်ရွက်ပေးပါသည်။ အကယ်၍ တိုက်ပွဲဖြစ်ပွားပါလျှင်လည်း ကျည်ဆန် ဒဏ်မှ အကာအကွယ်ရစေရန် မျှောသစ်မာတုံး၊ ထွာဆိုင်ခန်းသစ်လုံးများအား အိပ်ခန်းဘေး တစ်ဖက်တစ်ချက်၌ မြေစိုက်ပြီး ကာရံပေးထားပါသည်။ ထိုအပေါ်မှ လက်ရာမြောက်စွာ လုပသော အကွက်ဖော်ထားသည့် ဝါးထရံများ ကာရံပေးထားပါသည်။ အပြင်ကကြည့်လျှင် ဝါးအိမ်ကလေးသာ ဖြစ်သော်လည်း အတွင်း၌ ကျည်ဆန်ခံ ကတုတ်ကျင်းသဖွယ် ဆောင်ရွက်ပေးထားခြင်းဖြစ်ပါသည်။

မတ်လကုန်၍ ဧပြီလဆန်းပြီး မိုးရာသီက ကျရောက်တော့မည် ဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့် ကျွန်တော်၏တပည့် ထောင်မှူးအောင်ကြီးတို့ လျှို့ဝှက်စွာ နှုတ်ထွက်လွှာတင်ထားခြင်း ကိစ္စကတော့ ကျမလာသေးပါ။ ထိုစဉ်အချိန်က ကျွန်တော်တို့အဆင့် ထောင်မှူးကြီးများ အလုပ်မှ နှုတ်ထွက်ကြခြင်း မရှိသလောက် ရှားပါးသည်။ ကျွန်တော်တို့က နှုတ်ထွက်လွှာတင်ထားသော်လည်း အလုပ်တာဝန်များအား ခိုကပ်ခြင်းမရှိပါ။

ကျွန်တော်က စခန်းသစ်တစ်ခုလုံးအား ဆောက်လုပ်ပြီး အုပ်ချုပ်ရေးကို စနစ်တကျ တာဝန်ယူထားသလို၊ ထောင်မှူးအောင်ကြီးကလည်း လုပ်ငန်းခွင်ဝင် ရဲဘက်တပ်ခွဲများအား သေနတ်ထမ်း၍ ကွပ်ကဲပြီး ဦးစီးနေဆဲသာ ဖြစ်ပါသည်။ မိုးကျလာသော်လည်း အလုပ်တာဝန်များမှ နှုတ်ထွက်စာ ကျလာလျှင်လည်း ကျွန်တော်တို့ မြစ်ကြီးနားမြို့သို့ ပြန်ရန် အလွန်ခက်ခဲပါလိမ့်မည်။

လမ်းခရီး၌ ချောင်းကူး၊ မြောင်းကူး တံတားများကျိုးပြီး ကားများလည်း သွားလာနိုင်တော့မည် မဟုတ်ပါ။ အပြန် ကုန်းကျောင်းခရီး၌ သဘာဝအန္တရာယ် တောကောင်များနှင့် ဒေသခံ K.I.A တို့ကြောင့် သွားနိုင်လာနိုင်ခြင်း ပြုလုပ်နိုင်တော့မည် မဟုတ်ပါ။ ထိုသို့သော အချိန်မျိုးတွင် ဒေသခံ K.I.A တို့က စစ်တပ်နှင့် ရဲအဖွဲ့အစည်းတို့အား မကြာခဏ တိုက်





ခိုက်လေ့ရှိကြောင်းကိုလည်း နှစ်စဉ် အတွေ့အကြုံရှိသော စစ်သားများ၏ ပြောစကားအရ ကျွန်တော်တို့ သိရှိထားပါသည်။

ကျွန်တော်တို့တွင် လက်နက်ဟူ၍ ခြောက်လုံးပြူးနှင့် အမေရိကန် ရိုင်ဖယ်သေနတ်လောက်သာ ရှိပါသည်။ လက်နက်အင်အားလည်း နည်းသလို ကျည်ဆန်အင်အားလည်း အလွန်နည်းပါသည်။ ထို့အပြင် တိုက်ပွဲအတွေ့အကြုံရှိသည့် ဝန်ထမ်းများလည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။ ကျွန်တော်ကိုယ်တိုင်လည်း အမဲပစ်မုဆိုးသာ လုပ်ဖူးပြီး လူအချင်းချင်း ဖြစ်ပွားသော တိုက်ပွဲများတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ဖူးသည့် ကိုယ်တိုင်အတွေ့အကြုံ လုံးဝ မရှိဘူးပါ။ ထို့ကြောင့် မိုးကျလာလျှင် ဖြစ်ပေါ်လာတတ်သည့် တိုက်ပွဲများအတွက် လုံခြုံစွာ အကာအကွယ်ရစေရန် ကြိုတင်ပြီး စဉ်းစားရပါတော့သည်။

ကျွန်တော်၏ တဲအိမ်အသစ်အနောက်ဘက်တွင် လူသုံးရပ်စာခန့် မြင့်မားသော တောင်ကုန်းတစ်ခုရှိသည်။ တဲနှင့် ကပ်၍နေပါသည်။ ထိုတောင်ကုန်း၏ အနောက်ဘက်တွင် နက်ရှိုင်းလှသောလျှိုကြီးခံနေပြီး လျှိုကြီး၏ တစ်ဖက်ကမ်းအနောက်ဘက်တွင် ခလရ (၃၇) က တပ်စွဲထားသော တောင်ကုန်းကြီးရှိပါသည်။ အိမ်အနောက်တောင်ကုန်း၏ လက်ယာဘက်တွင် မော်တော်ကားလမ်းဖြစ်ပြီး လက်ဝဲဘက်၌ သစ်တောကြီးဖြစ်သည်။ ထို့ကြောင့် အိမ်အနောက်ဘက်ရှိ တောင်ကုန်းအား ဥမင်တူး၍ တိုက်ပွဲဖြစ်စဉ် ကာလတွင် ပုန်းအောင်နေထိုင်ရန် အကြံရမိတော့သည်။

ထို့ကြောင့် ကျွန်တော်၏ သစ္စာရှိသော မုဆိုးတပည့်များဖြင့် အတွင်းကျိတ်၍ လျှို့ဝှက်စွာ တိုင်ပင်ကြတော့သည်။ ၎င်းတို့ကလည်း တစ်ခွန်းပြောလျှင် တစ်လံမြင်သော တပည့်များပီပီ သဘောပေါက်ကြသည်။ ထိုပုန်းအောင်မည့် ဥမင်လိုဏ်ခေါင်းကိုလည်း အခြားသောဝန်ထမ်းနှင့် ရဲဘက်များ မသိရှိက ပို၍ကောင်းမည်ဟု အကြံပြုကြသည်။ ထိုဥမင်လိုဏ်ခေါင်းကိုလည်း အခြားရဲဘက်နှင့် ဝန်ထမ်းများအား မလုပ်စေဘဲ ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



(၂)ဦးတည်းသာ တစ်နေ့နည်းနည်းချင်း တတ်နိုင်သမျှ လျှို့ဝှက်စွာ လုပ်ဆောင်သွားကြရန် ကျွန်တော့်အား အကြံပေးပါသည်။ ထို့ကြောင့် ထိုနေ့ကစပြီး နေ့လယ်နေ့ခင်း အားလပ်ချိန်ရတိုင်း ၎င်းတို့ (၂)ဦး ကြိုတ်၍ တူးကြတော့သည်။

ထွက်ရှိလာသော မြေစာများကိုလည်း လျှိုအတွင်းသို့ နည်းနည်းစီ ရေစီးမြောင်းတူးသော သဘောဖြင့် စွန့်ပစ်ကြသည်။ အိမ်အနောက် ဘက်တောင်ကုန်းဥမင်အတွင်းဝင်သည့် အပေါက်မှာလည်း တောင်ကုန်းပေါ်ရှိ သဘာဝ တောနွယ်များဖြင့် ဖုံးလွှမ်းပြီး အစဖျောက်ထားပါသည်။ (၁၀)ရက်ခန့်ကြာပြီး တစ်ညသ၌ ကျွန်တော်တို့ ဆရာတပည့်များ မီးလုံ့ရင်း စကားပြောဖြစ်ကြသည်။

မှဆိုးကျော်ထွားက . . .

"ဆရာရေ့ . . . အတွင်းကို (၁၀)ပေကျော်ကျော်လောက် ဥမင်လိုဏ်ခေါင်းဖောက်ပြီးပြီ။ ဝင်ပေါက်ဝက ကျဉ်းပေမယ့် အတွင်းမှာ လူတစ်ရပ် ချောင်ချောင်ချိချိ လမ်းလျှောက်လို့ရအောင် (၆)ပေအမြင့် လုပ်ထားတယ်။ အတွင်းမှာလည်း (၁၀)ပေပတ်လည်၊ အခန်း (၁)ခန်းလောက် ကျယ်ပြန့်အောင် ကျွန်တော်တို့ ထွင်းထားပါတယ်။ အဲဒီအထဲမှာ နားနားနေနေ တိုက်ပွဲဖြစ်ရင်တောင် ချက်ပြုတ်စားနိုင်အောင် ကျွန်တော် စီစဉ်ထားတယ်။ အင်း . . . နောက်တစ်ခုက အဝင်လမ်းရှိရင် အရေးပေါ်ထွက်ပေါက် အထွက်လမ်းဆိုတာလည်း ရှိရမယ်။ အဲဒါ (၁၀) ပေပတ်လည် အခန်းပြီးတော့ ထွက်လမ်းအတွက် ဥမင်တူးနေတာ။ တစ်ဖက်ခန်းက လိုဏ်သံကြားရတော့ ထူးဆန်းနေတာနဲ့ ကျွန်တော်တို့ ရပ်ထားရတယ်။ မနက်ဖြန်တော့ ဆရာကိုယ်တိုင် လိုက်ပြီး လေ့လာကြည့်ပါဦး။ ကျွန်တော့်အထင်တော့ ဒုတိယကမ္ဘာစစ်အတွင်းက တူးထားခဲ့တဲ့ လျှို့ဝှက်လိုဏ်ဂူတစ်ခုလို့ ထင်တာပဲ"

"အေးကွာ . . . မနက်ဖြန်တော့ ငါ လိုက်ကြည့်ပါ့မယ်။ ဒီဘက်ဒေသတွေက ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလိပ်နှင့် ဂျပန် အသည်းအသန်





တိုက်ပွဲဖြစ်ခဲ့တဲ့ နေရာတွေပဲ။ အခု မင်းတို့ငါတို့ မြင်တွေ့ရတဲ့ သံမဏိကြိုးတံတားကြီးတွေဟာ အဲဒီတုန်းကလည်း ပျက်စီးခဲ့တယ်။ အခုနောက်ပိုင်းလည်း K.I.A က မိုင်းခွဲဖျက်ဆီးလို့ ပျက်စီးနေတာ အမြင်ပဲ။ ဒါကြောင့် ဒီဘက်နယ်မြေတွေတစ်ကြောမှာ လျှို့ဝှက်တဲ့နေရာတွေ အများအပြားရှိမှာပေါ့။ ငါတို့ အခု စခန်းတည်နေတဲ့ ဒရခစခန်းနေရာဟာ အရင်တုန်းကတော့ လူသူမနီးတဲ့ တောတောင်နေရာပဲ။

အခုမှ လူ (၄၀၀)၊ (၅၀၀)၊ (၆၀၀) နဲ့ စည်ကားနေတာ။ ငါတို့ရောက်စကနဲ့တောင် မတူတော့ဘူးလေ။ အခုဆိုရင် ငါတို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းအိမ်ရာတွေ၊ ရဲဘက်စခန်းနဲ့ ထောက်ပံ့ရေး ဂိုဒေါင်ကြီးတွေအပြင် ဆောက်လုပ်ရေးဌာန ဝန်ထမ်းတွေနဲ့ အိမ်ခြေတွေပါ တိုးလာတော့ စည်ကားနေပြီမဟုတ်လား"

"ဟုတ်ပါ့ . . . ဆရာရေ၊ ကျွန်တော်တို့ရောက်စက တောကြီးမျက်မည်း။ အခုတော့ လူတွေ ရာနဲ့ချီရှိနေတော့ အရင်ကထက်စာရင် ဘယ်လိုမှ မှန်းဆလို့ မရနိုင်အောင် အပြောင်းလဲကြီး ပြောင်းလဲသွားပြီး မော်တော်ယာဉ်တန်းကြီး တစ်ခါလာလျှင်လည်း ကျွန်တော်တို့စခန်းမှာ နားကြတော့ တောမြို့လေးတစ်မြို့လို စည်ကားတာပဲနော်။ နီးစပ်ရာရွာတွေကလည်း ဈေးသည်တွေ လာရောင်းကြတော့ ကျွန်တော့်အထင် မြို့ကို ပြန်ရောက်နေသလားတောင် မှတ်ယူမိပါတယ်"

"အေးကွယ် . . . ဒါတွေက မင်းတို့ ငါတို့ ဖန်တီးတည်ဆောက်ခဲ့တဲ့ စခန်းတစ်ခုရဲ့ အခြေအနေပေါ့။ တောခေါင်ခေါင်မှာ ဒီလို လူနေစည်ကားအောင် လုပ်တယ်ဆိုတာ အစိုးရအဖွဲ့အစည်းမှာတောင် ငါတို့ အကျဉ်းဦးစီးဌာန တစ်ခုတည်းပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။ သောင်းကျန်းသူတွေရှိမယ်၊ တောကောင်ကြီးတွေ ရှိမယ်၊ အဲဒီလို တောခေါင်ခေါင် နေရာမျိုးမှာ ငါတို့တစ်တွေ စမ်းသပ်ခံလူသားတွေအနေနဲ့ အရင်ဦးဆုံး ဒဏ်ခံပြီးရင်ဆိုင်နိုင်အောင် ပို့သလားလို့တောင် တစ်ခါတစ်ခါ ငါ စဉ်းစားမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ . . . ဆရာရယ်၊ ရဲဘက်စခန်းတွေဆိုတာက လူသူမနီးတဲ့ တောခေါင်ခေါင်တွေမှာသာ တည်ဆောက်ကြရတာ များတယ်နော်။ ကျွန်တော်လည်း အခုမှ ဆရာပြောလို့ သဘောပေါက်မိတော့တယ်"

"ဆရာရေ . . . လူသူအရောက်အပေါက်နည်းပြီး တောခေါင်ခေါင်မှာ လူနေစည်ကားအောင် လုပ်တာကလည်း နိုင်ငံတော်အစိုးရရဲ့ စေတနာလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ နောက်ပြီး တောချုံအုံကြားမှာ တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော တိုင်းသူပြည်သားတွေ ခေတ်မီတိုးတက်ပြီး ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာအောင်လည်း အုပ်ချုပ်သူများက စဉ်းစားကြဟန်တူပါတယ်"

"အေးကွာ . . . အကောင်းဘက်က တွေးရင်လည်း အလွန်ကောင်းမွန်တာပေါ့။ ဒါပေမဲ့ ဖြစ်နိုင်၊ မဖြစ်နိုင် အကျိုးကျေးဇူး ရှိ၊ မရှိ အရင်စဉ်းစားသင့်တာပေါ့။ ဓတောထဲတောင်ထဲမှာ အသက်ရှိတဲ့ လူတွေကို စေလွှတ်နိုင်းစေပြီး လမ်းဖောက်တယ်ဆိုတာဟာ အကျိုးကျေးဇူးရှိဖို့တော့ လိုတာပေါ့။ ဝန်ထမ်းနဲ့ ရဲဘက်တွေဟာ လူသားစစ်စစ် အသက်ရှိတဲ့လူတွေ ဖြစ်လို့ အဲဒီလူသားမျိုးနွယ်တွေအတွက် စားဝတ်နေရေး ကျန်းမာရေး၊ နေထိုင်ရေးတွေအတွက်လည်း ဘက်စုံပြည့်စုံအောင် စီစဉ်ပေးသင့်တာပေါ့။ အခုတော့ ငါတို့ကပဲ အလုပ်မဖြစ်လို့ ကိုယ်နေဖို့ ထိုင်ဖို့ အဆောက်အအုံကို ကိုယ်ကိုယ်တိုင် ရှိတဲ့လက်နဲ့ တတ်ကျွမ်းတဲ့ ပညာကလေးတွေ စုပေါင်းပြီး နေရေးထိုင်ရေးကို ဖန်တီးကြရတာ လက်တွေ့ မင်းတို့အမြင်ပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် . . . ဆရာရယ်။ ဒါပေမဲ့ ဆရာတို့က အဆောက်အအုံနဲ့ တဲစခန်းတွေ ဆောက်ရာမှာ ရှိတဲ့ပစ္စည်း၊ ရှိတဲ့လက်နက်၊ ရှိတဲ့လူတွေနဲ့ လုပ်တတ်ကိုင်တတ်တော့ မျက်နှာလွှဲပြီး စိတ်ချမ်းသာရလို့ အထက်လူကြီးတွေ အားကိုးတမှုပြုတာလည်း ပါပါလိမ့်မယ်"

"အေး . . . ငါ့အမြင်ကလည်း အဲလိုပဲ ဖြစ်စေချင်ပါတယ်။ စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရင် အကျိုးကျေးဇူးရှိဖို့ အလွန်အရေး





ကြီးတယ်။ ဒီဆွမ်ပရာဘွမ်လမ်းတွေဘက်မှာ တစ်ရွာနဲ့တစ်ရွာ ရွာစပ်က အလွန်ဝေးတယ်။ နောက်ပြီး ရွာက နာမည်သာရှိတာ တစ်ရွာလုံးမှာ အိမ်ခြေ (၁၀)လုံးပြည့်အောင် ရှိတဲ့ရွာက ခပ်ရှားရှားရယ်။

မင်းတို့၊ ငါတို့ တစ်ညအိပ်ခဲ့တဲ့ တီရန်စွပ်ဆိုတဲ့ အလွန်စည်ကားတဲ့ ရွာကြီးမှာတောင် လူနေအိမ် ခြေ (၁၀၀) ကျော် မရှိဘူး။ အဲသလို ဝေးလံခေါင်သီတဲ့ ရွာတွေကို ချိတ်ဆက်ပြီး လမ်းဖောက်တော့ ဘယ်လောက် အကျိုးကျေးဇူးရှိမလဲ။ ငါ့အမြင်တော့ စစ်တပ်ရဲ့ ဗျူဟာလမ်းအဆင့်ပဲ ဖြစ်ပါလိမ့်မယ်။ အစောကပြောခဲ့သလို စီမံကိန်းတစ်ခုလုပ်ရာမှာ အကျိုးကျေးဇူး ဘယ်လောက်ရှိသလဲ၊ အပြစ်အနာအဆာတွေ ဘယ်လောက်ရှိမလဲဆိုတာတွေ ကို တွက်ချက်တတ်ရမယ်။

ဝန်ထမ်းနဲ့ရဲဘက်တွေဆိုတာ အသက်ရှိတဲ့ လူသားတွေပါ။ တောတိရစ္ဆာန်တွေ မဟုတ်ပါဘူး။ အဲဒါတွေကို တွေးရင်တော့ ငါ အလွန်ရင်နာမိတယ်။ စစ်တပ်က တောထဲမှာ စခန်းချပြီး လုံခြုံရေးယူတယ်ဆိုတာက ရပ်ရွာအေးချမ်းသာယာရေးအတွက် မလုပ်မဖြစ် လုပ်ရမဲ့တာဝန်ပဲ။ လုပ်လေ့လုပ်ရမယ့် လမ်းဖောက်လုပ်ရေး တာဝန်ကတော့ စစ်အင်အားလည်း မပါဘဲ၊ လက်နက်ပစ္စည်း မပြည့်စုံဘဲ လူအရင်းအမြစ်ကို အားကိုးပြီး လုပ်ရတာဆိုတော့ ငါတို့ ဗိုလ်ချုပ်ပြောခဲ့သလို တစ်လွဲဆံပင်ကောင်းနေတာနဲ့ အတူတူပဲလို့ ငါတော့ ထင်တာ။ ဒီလမ်းမကြီးကို စစ်အင်အားနဲ့ ဖောက်တော့လည်း တိုင်းပြည်ကြီး ဘယ်လောက် တိုးတက်သွားမလဲ၊ ဆွမ်ပရာဘွမ်မြို့ဆိုတာကလည်း တောင်ပေါ်မြို့ကလေးပါ။ အဖိုးတန် သယံဇာတ ဘာပစ္စည်းမှ ထွက်တာလည်း မဟုတ်ဘူး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

နောက်တစ်နေ့မနက်တွင် မြစ်ကြီးနားမြို့မှ ယာဉ်တန်း ဆင်းလာပြီဖြစ်ရာ ညနေပိုင်းလောက်တွင် ဒရူခစန်းသို့ ရောက်ရှိမည်ဟု ထင်ကြောင်း ခလရ (၃၇) စစ်တပ်မှ တံပ်ကြပ်ကြီးက ကျွန်တော့်အား လာရောက်သတင်းပေးပါသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် နောက်ထပ်ရောက်ရှိလာမည့် ရဲဘက်သစ်များအား နေရာချထားပေးရန်နှင့် ကျွေးမွေးပြုစုရန်တို့အတွက် ပြည့်စုံအောင် စီစဉ်ရပါတော့သည်။ လိုက်ပါပို့ဆောင်သူ အကျဉ်းဦးစီးဌာန ဝန်ထမ်းနှင့် အရာရှိများလည်း လိုက်ပါမည်ဖြစ်သောကြောင့် ကျွေးမွေးဧည့်ခံရန်ကိစ္စကိုလည်း သီးသန့် စီစဉ်ဆောင်ရွက်ရပါသည်။

ကျွန်တော်၏တပည့်ဖြစ်သူ ရဲဘက်မှုဆိုးများကိုလည်း အသားစိုမိုက္ခာအတွက် ရှာဖွေရန် တောတွင်းသို့ လွှတ်ရပါတော့သည်။ ရဲဘက်ဖိုကြီးနှင့်လည်း တိုင်ပင်၍ နောက်ထပ်ရောက်ရှိလာကြမည့် ရဲဘက်အသစ်များနှင့် ဝန်ထမ်းများအတွက် စားသောက်ရေးကို ကြိုတင်ပြီး ပြင်ဆင်မိုင်းထားရပါသည်။ နံနက် (၁၀)နာရီခန့်တွင် မုဆိုးကျော်ထွားတို့ တောကြက်တစ်ကောင်နဲ့ ရစ်ခေါင်း (၁)ကောင်တို့ကို ရရှိလာကြသည်။

ထို့ကြောင့် ညနေစာအတွက် ဖူလုံသွားပါတော့သည်။ ကျွန်တော်တို့ နေ့လယ်စာ စားသောက်ပြီးတော့ ကျွန်တော်၏ နေအိမ်အနောက်ဘက်





ရှိ ကျော်ထွားတို့ တူးဖော်နေသော ဥမင်အတွင်းသို့ ဝင်ရောက်လေ့လာရန် စီစဉ်ရပါသည်။ အတွင်း၌ မှောင်မဲနေသောကြောင့် လက်နှိပ်ဓာတ်မီးများ ယူဆောင်ပြီး လိုအပ်သော လက်နက်ကိရိယာများ ပြင်ဆင်၍ ကျွန်တော်တို့ ဆရာတပည့် (၃)ဦး ဥမင်လမ်းအတွင်းသို့ ဝင်ခဲ့ကြပါတော့သည်။

တပည့်များပြောသလိုပင် ဥမင်အဝင်လမ်းမှာ လေးဘက်ထောက်၍ ဝင်ရသော်လည်း အတွင်းသို့ ရောက်သောအခါ လူတစ်ရပ်စာမြင့်သော (၁၀) ပေပတ်လည် အကျယ်အဝန်းရှိသည့် မြေတိုက်ခန်းကို သပ်ရပ်စွာ တူးဖော်ထားပါသည်။ တစ်ဖက်တွင်တော့ မြေနံရံကြီးရှိရာ အတွင်းမြေအရောင်မှာ အမဲရောင်ဖြစ်ပါသည်။

မုဆိုးကျော်ထွားက အနောက်ဘက်မြေနံရံအား လက်ဝါးဖြင့် ပုတ်ပြရာ လှိုင်သံထွက်နေပါသည်။

"ဘုန်း ... ဘုန်း ..."

"ဆရာ ... ကြားတယ်မဟုတ်လား။ ဟိုနံရံတစ်ဖက်မှာ လိုဏ်ခေါင်းတစ်ခုရှိတာ အသေအချာပဲ။ ဝင်ပေါက်က ဟိုတစ်ဖက်မှာ ဖောက်ထားဟန်တူတယ်။ ကျွန်တော် အဲဒီတစ်ဖက်ကို သွားပြီး လေ့လာကြည့်ပြီးပြီ။ မတ်စောက်တဲ့ တောင်စောင်းလျှိုနံရံကြီးရဲ့ ဝင်ပေါက်လည်း လျှို့ဝှက်ပြီး ဖောက်ထားတာဆိုတော့ ပိတ်သွားဟန်တူပါရဲ့၊ မတွေ့ရဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီအတွင်းဘက်ကနေ အပေါက်ကလေး ဖောက်ကြည့်မလို့ ဆရာ့ကို ခေါ်ပြီး တိုင်ပင်တာပါ"

"အေး ... လုပ်စရာရှိတာ လုပ်ကြကွာ။ ညနေဘက်ကြတော့လည်း မြစ်ကြီးနားယာဉ်တန်းကြီး ရောက်လာမှာဆိုတော့ ရုတ်ရုတ်သဲသဲလည်း အလုပ်ရှုပ်ကြဦးမှာ။ ဒါကြောင့် လုပ်စရာရှိတာတွေကို အခုနေ့ခင်းမှာပဲ ပြတ်အောင် လုပ်ကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

ထို့ကြောင့် ကျော်ထွားနှင့် မောင်ဟန်တို့က သံတူးရွင်းကိုယ်စီဖြင့် တစ်ဖက်နံရံကို အပေါက်ကလေးစ၍ ဖောက်ကြသည်။ တောင်ကုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် မြေစေးဖြစ်သော်လည်း ကျောက်သားမြေမဟုတ်သောကြောင့် တွင်းဖောက်ရသည်မှာ လွယ်ကူပါသည်။ မကြာမတင် တစ်တောင်ခန့် အပေါက်ကလေးဖြစ်သွားတော့ ပစ္စည်းဟောင်းများထားသည့် အခန်းမှ အနံ့တစ်မျိုး စူးရှူးဝါးဝါး ထွက်လာသည်။ ထိုအပေါက်ကလေးအား ထွာဆိုင်ခန့် ချဲ့ထွင်ပြီး အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်တော့ တစ်ဖက်တွင် မှောင်မည်းနေသည့် မြေတိုက်ခန်းကစ်ခုကို တွေ့ရှိရပါတော့သည်။

သို့နှင့် လူဝင်စာရုံ အပေါက်ကို ထပ်မံ၍ ချဲ့ကြပြန်သည်။ ထိုအခါတွင်မှ လက်နှိပ်ဓာတ်မီးဖြင့် ထပ်မံထိုးကြည့်တော့ ကျည်သေတ္တာများ လက်နက်ဟောင်းများနှင့် လူအရိုးစုများကို တွေ့ရှိရပါသည်။ လျှို့ဝှက်လုံခြုံအောင် လုပ်ဆောင်ထားသော မြေတိုက်ခန်းတစ်ခု ဖြစ်ပုံရပါသည်။ ထို့ကြောင့် ကျော်ထွားတို့က လူဝင်၍ရနိုင်သော ဝင်ပေါက်ကို ထပ်မံချဲ့ကြပြန်သည်။

လူတစ်ကိုယ်စာ ဝင်ပေါက်ရရှိသောအခါ မှဆိုးကျော်ထွားက ဝင်မည်လုပ်နေရာ ကျွန်တော်မှ တားထားရသည်။ မောင်ဟန်ကို ဝါးလုံးချောင်းရှာစေ ၍ အတွင်းထဲသို့ မွှေနှောက်ထိုးကြည့်ရသည်။ ထင်သည့်အတိုင်းပင် အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်တော့ အဆိပ်ရှိသော ကင်းအမျိုးမျိုးနှင့် မြွေများ တလွန့်လွန့်လူး၍ ထွက်ပေါ်လာသည်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ မြင်ရတော့သည်။ ထို့ကြောင့် အတွင်းသို့ လူမဝင်စေဘဲ ချိတ်များလုပ် ၍ သေတ္တာများအား ဆွဲယူရန် ကြိုးစားရပြန်သည်။ သို့သော် သေတ္တာများ၏ အောက်ခြေတွင် နှစ်ကာလကြာရှည်သောကြောင့် မြေကြီးအတွင်းမြုပ်နေရာ ချိတ်ဖြင့် ဆွဲယူ၍ မရနိုင်ပါ။

ထို့ကြောင့် နောက်တစ်မျိုး စီစဉ်ရပြန်သည်။ တောင့်တင်းသော ဝါးနက်ဝါးအား ထိပ်ဖျားချွန်၍ သံသေတ္တာများအောက်ခြေတွင် ကလော်ရခြင်းဖြစ်သည်။ တစ်ယောက်ကလည်း ဝါးလုံးတွင် သံချိတ်တပ်၍ ဆွဲယူရခြင်းဖြစ်သည်။ ထို့ကြောင့် ကျည်ဆန်ထည့်သည့် သံသေတ္တာ (၁)လုံးကို ဆွဲ





ယူ၍ ရရှိပါသည်။ သံသေတ္တာများမှာ ကြီးမားခြင်းတော့ မရှိပါ။ ကမ္ဘာစစ်အတွင်း သုံးပြီး လက်ကိုင်ကိုင်း (၂)ခုပါသော ကျည်ဆန်သေတ္တာများ ဖြစ်ပါသည်။

ထို့ကြောင့် အပေါက်ဝအနီးသို့ ရောက်ရှိလာသော သံသေတ္တာအား တဖြည်းဖြည်းမ,၍ အပြင်သို့ ထုတ်ရသည်။ ၎င်းသေတ္တာမျိုးအထဲတွင် (၄)၊ (၅) လုံးခန့် ရှိပါသည်။ ပထမဆုံး သံသေတ္တာအပြင်သို့ ရောက်ရှိ၍ ခတ်ထားသော ကြေးသော့ဂလောက်ကို ဖြတ်ပြီး ဖွင့်ကြည့်ရာ. သေတ္တာအတွင်း၌ လက်ပစ်ဗုံးများကို စနစ်တကျ စီပြီး ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ နောက်သေတ္တာ (၁) လုံးကိုလည်း တဖြည်းဖြည်းဆွဲယူပြီး ဖွင့်ကြည့်ကြပြန်သည်။ ထိုသေတ္တာအတွင်း၌တော့ ရွှေချောင်းကလေးများကို အထပ်လိုက် တန်းစီ၍ တွေ့ရသည်။ Crown ခေါ် သရဖူတံဆိပ်ပါ အင်္ဂလိပ်ခေတ်သုံး ရွှေချောင်းများဖြစ်ပါသည်။ (၁) ချောင်း ၈ အောင်စခန့် အလေးချိန်ရှိမည်ဟု ထင်ရပါသည်။

ရွှေချောင်းများ၏ စုစုပေါင်း အလေးချိန်မှာ မြန်မာအချိန်အတွယ်ဖြင့် ဆိုပါလျှင် (၅)ပိဿာခန့် ရှိပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့ ဆရာတပည့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ နောက်သေတ္တာ (၁)လုံးကတော့ အတော်အလေးချိန်စီးသည်။ ဆွဲယူပြီး ဖွင့်ကြည့်တော့ အင်္ဂလိပ်စစ်တပ်သုံး ပြောင်းတိုခြောက်လုံးပြူးသေနတ်များ ဖြစ်ပါသည်။ သေနတ်အရေအတွက် (၃၀) (၅၀) ခန့် ရှိပါလိမ့်မည်။

နောက်သေတ္တာ (၁)လုံးကလည်း အလေးချိန် အတော်စီးတယ်။ ဖွင့်ကြည့်တော့ (၃၈) မို့ ခြောက်လုံးပြူးကျည်ဆန်များ ထည့်ထားသော ကျည်ဆန်သေတ္တာဖြစ်ပါသည်။ နောက်ဆုံး (၁) လုံးကျန်တဲ့ သံသေတ္တာကို ဆွဲယူဖွင့်ကြည့်သောအခါ အင်္ဂလိပ်ခေတ်သုံး ငွေစက္ကူများ ဖြစ်ဟန်တူပါသည်။ မြေတိုက်အတွင်း အအေးဒဏ်ကြောင့် ဆွေးမြည့်ပျက်ဆီးနေပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆရာရေ . . . မှန်ချက်နဲ့ နှမ်းထွက်က သိပ်မကိုက်ဘူး၊ ကျွန်တော်တို့ထင်တာက သေတ္တာတွေအားလုံး ရတနာတွေပါမယ်လို့ ထင်ထားတာ။ အခုတော့ ရတနာသေတ္တာက (၁) လုံး ပါတယ်''

''ရသလောက်ပေါ့ကွာ . . . ကံကောင်းလို့ရတာ အမြတ်ချည်းပါပဲ။ လောလောဆယ်တော့ ရွှေချောင်းသေတ္တာကိုသာ အပြင်ထုတ်ထားပြီး ကျန်သေတ္တာတွေကို မြေတိုက်ထဲမှာထားတာ ကောင်းပါလိမ့်မယ်။ လက်နက်တွေပါတာကြောင့် အပြင်မှာထားရင် အန္တရာယ် အလွန်များမယ်''

''ဆရာ . . . ဒါဟာ ဂျပန်တွေ ပုန်းအောင်နေခဲ့တဲ့ မြေတိုက်ခန်း ဖြစ်ပုံရတယ်''

''မဟုတ်နိုင်ဘူးကွ . . . လက်နက်နဲ့ ငွေစက္ကူတံဆိပ်တွေက အင်္ဂလိပ်စစ်တပ်သုံး အမှတ်အသားတွေနဲ့၊ နောက်ပြီးတော့ ရွှေချောင်းတွေပေါ်မှာ သရဖူတံဆိပ်ပါလို့ ပုန်းအောင်းနေတာဟာ ဂျပန်စစ်သားတွေ မဟုတ်နိုင်ဘူး။ နောက်ပြီးတော့ ကျန်နေခဲ့တဲ့ လူရိုးတွေကို ကြည့်ရင် အရပ်မြင့်မားတာကြောင့် အင်္ဂလိပ်စစ်သားတွေ ဖြစ်ပုံရတယ်။

ဂျပန်စစ်သားတွေက အရပ်ပုတယ်။ နောက်တစ်ခုက ဂျပန်စစ်ပိုလ်စစ်သားတွေရဲ့ အထိမ်းအမှတ်အနေနဲ့ ကင်ဒိုဓားတွေကို မတွေ့ရဘူး။ ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ကြီးတွေနဲ့ ပြောင်းတို ခြောက်လုံးပြူးသေနတ်ကြီးတွေက အင်္ဂလိပ်စစ်သုံးဖြစ်ကြောင်း သက်သေခံနေတယ်''

သို့နှင့် ကျွန်တော်တို့ ဆရာပည့် ရွှေချောင်းသေတ္တာကိုသာ အပြင်သို့ ထုတ်ခဲ့ပြီး ကျွန်တော်၏အိပ်ရာ ခုတင်အောက်၌ လုံခြုံစွာ ထားလိုက်သည်။ ကျန်သေတ္တာများကိုတော့ မြေတိုက်ခန်း၌သာ ထားရစ်ခဲ့ပါသည်။

ညနေပိုင်းတွင် မုဆိုးကျော်ထွားက ညနေ ကိုင်းထောင်ထားသော နေရာများသို့ လှည့်ပတ်ကြည့်ရှုရန် တောတွင်းသို့ ဝင်သည်။ မုဆိုးမောင်ဟန်ကတော့ ညနေစာ ညေ့်သည်များအတွက် ချက်ပြုတ်ရန် ပြင်ဆင်နေပါတော့သည်။ ညနေ (၄)နာရီကျော်ခန့်တွင် အဝေးဆီမှ မော်တော်ကားစက်သံ





များကို သဲ့သဲ့ကြားရပါသည်။ တောတွင်းစခန်းဆီမှ အချိန်စောသေးသော်လည်း နေမှာ ဝင်လုပြီဖြစ်ပါသည်။ အလင်းရောင်ကလေးမပျောက်မီ ယာဉ်တန်းကားများ အချိန်မီ ရောက်လာပါမှ ကျွန်တော်တို့ ရဲဘက်နှင့် ဝန်ထမ်းများအား နေရာချထားရခြင်း၊ ကျွေးမွေးပြုစုရန် အဆင်ပြေမည်ဖြစ်ပါသည်။

တော်ပါသေးသည်။ အလင်းရောင်မပျောက်မီ အချိန်၌ပင် ယာဉ်တန်းကြီး တစ်စီးပြီးတစ်စီး တဖွဲဖွဲ ရောက်လာပါသည်။ ရဲဘက်အသစ် (၄၀၀) လိုက်ပါလာသည်ဟု ထောင်မှူးများက ပြောကြသည်။ ကျွန်တော် ကြိုတင်မျှော်မှန်းထားသလို ကျွန်တော်၏မိတ်ဆွေ အရာရှိများ ပါလာခြင်းမရှိပါ။ ငယ်ရွယ်သောထောင်မှူးကလေးများသာ ပါလာခြင်းဖြစ်ပါသည်။

ထို့ကြောင့် ၎င်းလူတို့အား ထောက်ပံ့ရန တာဝန်ခံထောင်မှူး အာဏ္ဏနှင့် လုပ်ငန်းခွင်မှ ပြန်လည်ရောက်ရှိနေသော ထောင်မှူးမောင်ကြီးတို့က လမ်းဘေးရှိ ညေ့်ရိပ်သာနှင့် ရိက္ခာဂိုဒေါင် တွဲ၍ထားသော တဲတန်းလျားကြီးတွင် နေရာချထားပေးပြီး ညေ့်ဝတ်ပြုကြပါသည်။ ပါလာသော ရဲဘက်သစ် (၄၀၀) အတွက်တော့ ကျွန်တော်တို့ ဆောက်လုပ်ထားသည့် ဘားတိုက်များက အရံသင့်ရှိနေပါသည်။ စားသောက်ရေးအတွက်လည်း ရဲဘက်ထမင်းချက်ဖိုကြီးက အဆင်သင့်ချက်ပြုတ်ပြင်ဆင်ပြီး ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ ဒရုန်ရဲဘက်စခန်းသို့ စတင်ရောက်ရှိစဉ်ကပင် မလုံမခြုံစခန်းမဟုတ်တော့ပါ။ သူ့နေရာသူ နိုင်ခန့်ကျယ်ပြန့်ပြီး သပ်ရပ်ကောင်းမွန်သော ရဲဘက်စခန်းကြီးအတွင်း၊ တည်းခိုနေထိုင်နိုင်ပြီ ဖြစ်ပါသည်။ ယာဉ်တန်းနှင့်အတူ ကျွန်တော်တို့ ဝန်ထမ်းနှင့် ရဲဘက်များအတွက် မြို့မှ ပေးပို့လာသော ပေးစာများပါဝင်လာသဖြင့် အားလုံး ပျော်ကြပါသည်။ ကျွန်တော်တို့ထံသို့ ပေးနေသော စာများအနက် အကျဉ်းဦးစီးဌာနရုံးချုပ်မှ ပေးပို့လာသော အမိန့်စာများမှာ ကျွန်တော်တို့ လျှို့ဝှက်တင်ထားသော ရာထူးမှ နုတ်ထွက်စာများအတွက် နုတ်ထွက်ခွင့်ပြုကြောင်း ပြန်ကြားစာများပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့ ပျော်ပါသည်။ သို့သော် ကိုယ့်လက်ကိုယ့်ခြေဖြင့် စနစ်တကျ ဆောက်လုပ်ခဲ့ရသော ရဲဘက်စခန်းကြီးအား ပစ်ခွာ၍ ပြည်မသို့ ပြန်ရမည်ဆိုတော့လည်း ဝမ်းနည်းမိပြန်ပါသည်။ သို့သော် ဤအပြန်ခရီးမှာ ကျွန်တော်တို့လိုချင်သော ပုံစံဖြစ်သောကြောင့် မခံမရပ်နိုင်အောင် ဆွေးမြည့်ပူဆွေးခြင်းတော့ မရှိခဲ့ပါ။ မိုးမကျခင်ကလေး ပြည်မသို့ ပြန်ခွင့်ရသောကြောင့် အကျဉ်းဦးစီးဌာနမှ အုပ်ချုပ်သူ အထက်လူကြီးများကိုပဲ ကြဖန်ပြီး ကျေးဇူးတင်ရပါသည်။

ညပိုင်းတွင် ကျွန်တော်၏ အပတ်စဉ်တူ အပေါင်းအသင်းအရာရှိများ ပါမလာကြတော့ပါ။ ဂျူနီယာ အရာရှိများ ဧည့်ခံရာတွင် စခန်းတာဝန်မှူးတစ်ဦးအနေဖြင့် ဧည့်ခံရမည့် တာဝန်ရှိသောကြောင့် ထောက်ထောင်မှူးအာဂျွန်တို့၏ ရိက္ခာတဲကြီးသို့ ဆင်းပြီး တွေ့ဆုံရပါသည်။ ထိုအခါတွင်မှ ကြီးကြပ်လိုက်ပါပို့ဆောင်လာသူ ထောင်မှူးတစ်ဦးက ကျွန်တော်၏ ကိုယ်ရေးကိုယ်တာနှင့် ရုံးစာများကို ပေးပါသည်။ ထိုစာများတွင် ဇနီးသည်စာနှင့်အတူ အကျဉ်းဦးစီးဌာနရုံးချုပ်မှ နုတ်ထွက်ခွင့်ပြုသည့် အမိန့်စာလည်း ပါရှိလာခဲ့ပါသည်။

ယခင်က အမိန့်စာ ချက်ချင်း ကျမလာသောကြောင့် လည်တဆုံ့ဆုံ့ စောင့်မျှော်နေခဲ့ရသော်လည်း တကယ်တမ်း အမိန့်စာ လက်ထဲသို့ ရောက်လာသောအခါတွင် ဝမ်းနည်းဝမ်းသာ ဖြစ်ရတော့သည်။ ဝမ်းသာသည်ကတော့ မိုးမကျမီ အချိန်ကလေး နေရပ်သို့ ပြန်နိုင်မည်ဖြစ်ပြီး ဝမ်းနည်းခြင်းကတော့ ကိုယ်တိုင်ဆောက်တည်ထားသော ရဲဘက်စခန်းကြီးနှင့် တပည့်တပန်းများအား အပြီးတိုင် စွန့်လွှတ်ထွက်ခွာသွားရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုနေ့ညကလည်း ဧည့်သည့်ထောင်မှူးများအား တာဝန်ကျေအောင် ဧည့်ခံ၍ စောစီးစွာ မိမိနေထိုင်ရာ တဲအိမ်သို့ ပြန်လာခဲ့ပါတော့သည်။ အတူနေတပည့်များကိုလည်း ဒီအကျိုးအကြောင်းရှင်းပြတော့ သူတို့ ဝမ်းနည်းလိုက်လှဲစွာ ငိုယိုကြသည်။





မုဆိုးကျော်ထွားမှာ ၎င်း၏ဖခင် သေဆုံးသောအခါကထက်ပင် ဝမ်းနည်းပူဆွေးရကြောင်း ပြောဆိုပြီး ဝမ်းနည်းပန်းနည်း ငိုယိုပါသည်။ မောင်ဟန်ကလည်း ငိုသည်။ ထို့ကြောင့် ကျွန်တော်လည်း မဖြေဆည်နိုင်တော့ပါ။ မျက်ရည်ကျမိတော့လည်း ကျွန်တော်တို့ နွေလယ်က ရရှိခဲ့သော ရွှေချောင်းများကို တပည့်များအား ခွဲဝေပေးသော်လည်း လုံးဝပင် လက်မခံကြပါ။

"ကျော်ထွားရေ . . . ဒီတောကြီးထဲမှာ ဒီရွှေချောင်းတွေကို သုံးလို့မရပေမဲ့ မင်းတို့နောင်ရေးက ရှိသေးတယ်။ အခုတော့ ငါပေးတာတွေကို သိုသိုဝှက်ဝှက် သိမ်းဆည်းထားပြီး မင်းတို့ လွတ်မြောက်တဲ့အခါကျမှ အသုံးပြုပေါ့ကွာ။ အခု ဒီကိစ္စကလည်း မင်းတို့ရှာဖွေပေးလို့ ငါလည်း ရတဲ့သဘောပါ။ တစ်ကိုယ်ကောင်းဆန်ပြီး ငါတစ်ဦးတည်း လက်ဝါးကြီးအုပ် အပိုင်မစီးချင်ပါဘူး"

"အဲလိုလည်း မဟုတ်ဘူးဆရာ။ ကျွန်တော်တို့က တောသူတောင်သားတွေ၊ တောထဲမှာပဲ ပျော်တယ်။ ဒီရွှေချောင်းတွေကို သုံးပြီး သူဌေးလည်း မလုပ်ချင်ဘူး။ ကျွန်တော်တို့အတွက် သုံးဖို့စွဲဖို့ဆိုတာကလည်း လိုအပ်မယ် မထင်ပါဘူး။ ကျွန်တော်ရော၊ မောင်ဟန်ပါ လူပျိုလူလွတ်တွေပဲ။ မိဘတွေရှိကြပေမဲ့ သူတို့အလုပ်နဲ့ သူတို့ပါ။ ဒီရွှေချောင်းတွေ လက်ထဲမှာ ရှိရင်တော့ လောဘသင့္ကာရ အမှုတွေဖြစ်ပြီး ဒုက္ခရောက်ကြဦးမှာ။ ဆရာကတော့ ရန်ကုန်မြို့ပေါ်မှာ နေပြီး အိမ်ထောင်လည်း ရှိတယ်။ အလုပ်ကလည်း ထွက်လိုက်ပြီဆိုတော့ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားကလေးဖြင့် အလွန်လိုအပ်မှာပါ။ ဒါကြောင့် ဆရာပဲ ယူသွားပါတော့။ ဆရာ အမြဲတမ်းနေထိုင်မဲ့ လိပ်စာကလေးကိုသာ ကျွန်တော်တို့ အကျဉ်းသားဘဝက လွတ်ရင် လာတွေ့နိုင်အောင် ပေးခဲ့ပါ . . . ဆရာရယ်"

"ဪ . . . မင်းတို့ကလည်း တစ်မျိုးပဲ။ ရွှေ၊ ငွေကို မလိုချင်တဲ့ လူရယ်လို့ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ အဲဒီတော့ ငါကလည်း ပြောခဲ့ပါရစေ။

www.burmeseclassic.com



မင်းတို့ရှိနေမဲ့ နေရပ်ဒေသတွေကို ငါလည်း ပြောခဲ့ဦး။ ဒါမှ ငါလည်း အပြင်ဘဝရောက်တာနဲ့ လွတ်လွတ်လပ်လပ် မင်းတို့နဲ့ လာတွေ့မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

''အဲ ... တစ်ခုတော့ ရှိတယ်။ ငါ အခု မြစ်ကြီးနားကို ပြန်ရင် မင်းတို့ကို တစ်ခါတည်း ခေါ်သွားပြီး မြစ်ကြီးနားရဲဘက်စခန်းမှာ နေထိုင်ခွင့်ရအောင် နောက်ပိုင်းက ထောင်ပိုင်ကို ငါပြောပေးမယ်။ မြစ်ကြီးနားမြို့ပေါ်မှာဆိုတော့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးနဲ့ ကျန်းမာရေးအတွက် အဆင်ပြေတာပေါ့ကွာ''

''တပည့်တွေကို သံယောဇဉ်ဖြတ်လိုက်ပါ ... ဆရာရယ်။ ကျွန်တော်တို့မှာ ဒီစခန်းနေရတာလည်း အဆင်ပြေပါတယ်။ အဲဒါအပြင် ကျွန်တော်တို့ ဆေးဝါးကုသပေးတာကို မှီခိုနေကြရတဲ့ စခန်းက ရဲဘက်နဲ့ ဝန်ထမ်းတွေ အများကြီးရှိသေးတယ်။ ဟော ... အခုပဲ ရဲဘက်အသစ်တွေ ရောက်လာကြပြန်ပြီ။ ကျွန်တော်တို့ ဆေးဝါးကုသရမဲ့ လူနာအသစ်တွေပေါ့။ ဒါကြောင့် ကျွန်တော်တို့လည်း တတ်သမျှ မှတ်သမျှ ပညာကလေးနဲ့ ကုသိုလ်ယူပါရစေ။ လောလောဆယ် အခြေအနေအရ ဒီစခန်းမှာ ဆေးဝါးမစုံလင်တော့ ကျွန်တော်တို့မရှိရင် မဖြစ်လို့ပါ ဆရာရယ်''

''မင်းတို့က (၇)နှစ်ဆီ ထောင်ဒဏ်ကျခံရတာဆိုတော့ ဘယ်နှနှစ်ဆီ ကျန်သေးသလဲ''

''ကျွန်တော်တို့က အချုပ်နဲ့ ထောင်နေသား စခန်းသက်နဲ့တွက်ရင် (၂)နှစ်ဆီလောက်ပဲ ပြစ်ဒဏ်ခံရသေးတော့ နောက်ထပ် (၅)နှစ်ဆီလောက် ကျန်သေးတာပေါ့ ... ဆရာရယ်။ လျှော့ရက်စနစ်နဲ့ တွက်မယ်ဆိုတော့ နောက်ထပ် (၃)နှစ်စီလောက် ကျန်ဦးမှာပေါ့''

''အေးကွာ ... တိုင်းပြည်ကြီးလည်း ငြိမ်းချမ်းပါစေ။ မင်းတို့တစ်တွေလည်း အမြန် လွတ်မြောက်ကြပါစေ။ ငါ့ဆန္ဒကတော့ ငါတို့ ဆရာတပည့်တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ အမြန်ဆုံး ပြန်လည်ဆုံတွေ့ချင်တာပါပဲ။ အခုလည်း စခန်းမှာ မင်းတို့သုံးစွဲဖို့ ငွေကြေးအလုံအလောက် ပေးခဲ့မယ်။





ငါက မြစ်ကြီးနားမြို့ပေါ်ကို ပြန်ပြီး နုတ်ထွက်ခွင့်ကိစ္စနဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိသေးတော့ မြို့ပေါ်မှာ နေရဦးမှာပဲ။ သကြံန်လည်း ကျခါနီးပြီဆိုတော့ ရထားလက်မှတ်က အခက်အခဲရှိဦးမယ်။ အဲဒါကြောင့် နောက်ယာဉ်တန်းတစ်ခု မိုးမကျခင် တက်လာဦးမယ်လို့ သိရတယ်။ အဲဒါကြောင့် မင်းတို့လိုချင်တာမှန်သမျှ မှာလိုက်ပေရော့။ ငါစိတ်ချရတဲ့လူနဲ့ အပြည့်အစုံထည့်ပေးလိုက်မယ်''

''အဲဒါဆိုရင်တော့ ... ဆရာရေ၊ ကျွန်တော်တို့အတွက် အလွန်လိုအပ်တာက ဆေးရွက်ကြီးပါပဲ။ ဆေးရွက်ကြီးကို ဆေးလိပ် လိပ်သောက်လို့လည်း ရတယ်။ တောထဲ သွားရင်းလာရင်း ငုံထားလို့လည်း ရတယ်။ အဲ ... ဒီတစ်မျိုးတည်းပါပဲ''

''ကဲ ... ကျော်ထွားက ဆေးရွက်ကြီးမှာတော့ မောင်ဟန်က ရောဘာပစ္စည်းမှာဦးမလဲ''

''မလို ... ဆရာ၊ ကျွန်တော်ကလည်း ဆေးရွက်ကြီးလောက်ရရင် တော်ပါပြီ။ ဒီစခန်းမှာက ကျွန်တော်တို့ စားသောက်ဖို့ ထမင်းရှိနေတာပဲ လုံလောက်ပါပြီ။ ဆေးဝါးအတွက်လည်း ကိုကျော်ထွားက ကျွန်တော့်ကိုသူ့ရဲ့ လက်ထောက်ဆရာ တပည့်ရင်းလို သင်ကြားပေးတာမို့ ပူစရာမရှိပါဘူး။ ကျွန်တော် ဒီစခန်းက လွတ်မြောက်သွားရင်လည်း အသက်မွေးဝမ်းကျောင်းအနေနဲ့ လုပ်ကိုင်စားလို့ ရပါပြီ။ အဲဒါတွေအပြင် ကိုကျော်ထွားက ဒီမြောက်ပိုင်း တောတောင်တွေအထဲမှာ ရွှေရှာနည်း၊ ကျောက်စိမ်းရှာနည်း၊ သစ်မွှေးရှာနည်းနဲ့ တောကောင်မျိုးစုံရှာနည်း၊ ထောင်နည်းတွေကို လက်ထပ်သင်ပေးထားတာမို့ ကျွန်တော် အတော်တတ်မြောက်နေပါပြီ။

ဒီပညာတွေက ဝယ်လို့လည်း မရပါဘူး။ စေတနာရှိတဲ့ ဆရာက လက်ထပ်သင်ကြားပေးမှသာ ရရှိနိုင်တဲ့ ပညာတွေပါ။ အခု ကျွန်တော်တို့ဆရာတပည့်(၂)ယောက် ပေါင်းပြီး ဒီစခန်းကြီးမှ ရောဂါအမျိုးမျိုးကို ထိန်းပြီး ကုသပေးနိုင်တာ ဆရာ့အမြင်ပဲမဟုတ်လား။ ဒါကြောင့် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



(၂)ဦး ဒီစခန်းမှာပဲနေပြီး ပြစ်မှုကြွေး ချေနဲ့ဆပ်ရင်း ရနိုင်သမျှ ကုသိုလ်ယူပါရစေ ... ဆရာရယ်''

''အေး ... မင်းတို့ (၂)ယောက်ရဲ့ စိတ်ထားကတော့ အလွန်မွန်မြတ်ပါပေတယ်။ ငါတို့ တောတွင်းရဲဘက်စခန်းဆိုတာ ဝန်ထမ်းရော၊ ရဲဘက်ပါ အစားအသောက်၊ အနေအထိုင်၊ ဆေးဝါးကအစ အလွန်ဆင်းရဲကြတယ်။ အဲဒီလို အခြေအနေမှာ မင်းတို့ရဲ့ သဘာဝသစ်တောထွက် ဆေးဝါးတွေလည်း စခန်းအခြေအနေ ကျန်းမာရေးကောင်းပြီး အဖိတ်အစဉ် အလွန်နည်းတာ ကုသိုလ် အလွန်ရပါတယ်ကွာ။ အဲဒါကြောင့် ငါလည်း ဒီစခန်းကိစ္စကို စိတ်ချလက်ချနဲ့ ပြည်တော်ပြန်ရမှာပေါ့''

''ဟုတ်ကဲ့ပါ ... ဆရာ၊ တပည့်တွေကို စိတ်ချလက်ချနဲ့ ထားခဲ့ပါဆရာ။ ကျွန်တော်တို့ ဒီစခန်းက လွတ်မြောက်တာနဲ့ ဆရာ့ကို အဦးဆုံးဆက်သွယ်ပါ့မယ်''

သို့နှင့် ထိုညက ကျွန်တော်တို့ ဆရာတပည့်များ မီးလှုံရင်း စကားပြောကြရာ ကျော်ထွားနှင့် မောင်ဟန်တို့က ကျွန်တော့်အား တစ်ဖက်တစ်ချက်စီ နှိပ်နယ်ပြုစုရင်း စကားကောင်းကြရာ နောက်တစ်နေ့မနက် အရုဏ်တက်ခါနီးမှပင် စကားပြောရပ်ကြပြီး အိပ်ရာသို့ အသီးသီး ဝင်ခဲ့ကြပါတော့သည်။

နောက်တစ်နေ့တွင် ယာဉ်တန်းကြီးမှ ပါလာသော ရိက္ခာပစ္စည်းများအား ကျွန်တော်တို့စခန်းမှ လက်ခံယူခြင်း၊ ဆောက်လုပ်ရေးဌာနကနောက်တန်းမှ ပေးပို့လိုက်သော တံတားဆောက်လုပ်ရန် ပစ္စည်းများအားလက်ခံယူခြင်းနှင့် ရှေ့တန်းတံတားဆောက်မည့်နေရာများသို့ ကားများဖြင့်လိုက်လံပို့ဆောင်ခြင်း၊ ခလရ (၃၇) စစ်တပ်အတွက် ရိက္ခာနှင့် လိုအပ်သောပစ္စည်းများအား လွှဲပြောင်းပေးအပ်ခြင်းတို့အတွက် ယာဉ်တန်းကြီးမှာ ကျွန်တော်တို့စခန်းတွင် (၁)ည ထပ်၍ အိပ်ရပြန်ပါသည်။ ထိုအတွင်း ကျွန်တော်ကလည်း ဒရုခရဲဘက်စခန်းကြီးနှင့် သက်ဆိုင်သည့် (ဦး၊ ရေး၊ ထောက်)





ဆိုင်ရာ လုပ်ငန်းတာဝန်များကို ရှေ့တန်းစခန်းအတွင်း ရောက်ရှိနေသော ဒုတိယထောင်ပိုင် တရုတ်မကြီးဦးသန်းရွှေသာ အကြောင်းကြားခေါ်ယူ၍ လွှဲပြောင်းပေးရပြန်ပါသည်။

အဆောက်အအုံများမှာ ကျွန်တော်၏လက်ဖြစ် ဖြစ်သော်လည်း အရေအတွက်ဖြင့် အပ်နှံလွှဲပြောင်းပေးရပါသေးသည်။ ဆန်၊ ဆီ၊ ဆား ရိက္ခာပစ္စည်းများနှင့် လုပ်ငန်းခွင်သုံး လက်နက်ပစ္စည်းများ၊ လုံခြုံရေးကိစ္စသုံး လက်နက်ပစ္စည်းများနှင့် အကျဉ်းသားနှင့် ဝန်ထမ်းဖိုသုံး ပစ္စည်းများအားလုံးကိုလည်း စာရင်းကောက်ယူပြီး စနစ်တကျ လွှဲပြောင်းပေးရပါသည်။

ထိုညကလည်း ကျွန်တော်တို့စခန်းမှ ကျန်ရှိခဲ့သည့် အရာရှိများကလည်းကောင်း၊ ခလရ (၃၇)မှ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်းကလည်းကောင်း၊ နှုတ်ဆက်ညစာစားပွဲများ လုပ်ပေးပါသည်။ အစောပိုင်း စခန်းနှုတ်ဆက်ပွဲကို လုပ်ပြီး ည (၈)နာရီခန့်မှစ၍ ခလရ (၃၇) တပ်ရင်းမှူး၏ နှုတ်ဆက်ပွဲကို ၎င်းတို့စခန်းချရာ တောင်ကုန်းပေါ်တွင် ပြုလုပ်ပေးခြင်းဖြစ်ပါသည်။

ထိုနေ့က ထူးခြားချက်မှာ ဧပြီလဆန်းဖြစ်သော်လည်း တောင်နိမ့်များဝေပြီး ဆီးနှင်းများကျလာရာ ညဉ့်နက်လေ ပိုအေးလေ ဖြစ်လာသည်။ ကျွန်တော်တို့အဖွဲ့ နှုတ်ဆက်ပွဲလုပ်သော တောင်ကမ်းပါးယံရှိ လေးဘက်ချ တဲကလေး၏ တံစက်မြိတ်များတွင် ဆီးနှင်းများ ထူထဲစွာ ကျရောက်မှုကြောင့် လေးဘက်လေးတန် တစ်တောင်ခန့်မြင့်သော ရေခဲတံတိုင်းလေး ဖြစ်လာသည်။ ကျွန်တော်တို့အဖွဲ့မှာ စားရင်းသောက်ရင်း အချိန်မည်မျှရှိသည်ကိုမသိ။ မှူးလည်း မမှူးကြဘဲ ရာသီဥတုအအေးဒဏ်ကြောင့် ထုံပေပေဖြစ်နေကြသည်။

တောကြက်များတွန်၍ မနက်လင်းအားကြီးအချိန်ခန့်မှ နာရီကိုယ်သိကြည့်မိတော့ မနက် (၅)နာရီ ထိုးပြီဖြစ်ပါသည်။ နှင်းထုက မကွဲသေးပါပို၍လည်း ချမ်းအေးလာသည်။ တောတွင်းတစ်ခွင်တစ်ပြင်လုံး အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



နှင်းကမ္ဘလာကြီးက အုပ်ဆိုင်ထားသည်။ ထိုအချိန်အခါကျမှ ဗိုလ်မှူးကျော်ဝင်းက စားပွဲသောက်ပွဲကို ရပ်ဆိုင်းသဖြင့် ကျွန်တော်တို့ ထောင်အရာရှိများအဖွဲ့ စခန်းသို့ ပြန်ခဲ့ကြရပါတော့သည်။ စခန်းသို့ ရောက်သောအခါ၌လည်း ဆက်လက်မအိပ်နိုင်တော့ဘဲ မြစ်ကြီးနားမြို့သို့ ပြန်ရန် ပစ္စည်းများ သိမ်းဆည်း၍ စီစဉ်ရပါတော့သည်။

နံနက် (၇)နာရီ အချိန်ခန့်တွင် ကျွန်တော်တို့ မြစ်ကြီးနားပြန်ကြသည့်အဖွဲ့ အဆင်သင့်ဖြစ်ပြီး ပြန်ရမည့်အဖွဲ့ဆိုရာ၌လည်း ထွက်ခွင့်အမိန့်ကျသော ကျွန်တော်နှင့် ထောင်မှူးအောင်ကြီးတို့သာ ဖြစ်ပါသည်။ အခြားသူများကတော့ ညကတော့ နောက်တန်းဆေးရုံသို့ တင်ပို့ရမည့် ဝန်ထမ်းနှင့် ရဲဘက်လူနာ (၁၀)ဦးခန့် ဖြစ်ပါသည်။ ဝန်ထမ်းလူနာများမှာ အခြေအနေကောင်းသော်လည်း အနားယူနိုင်စေရန် ကျွန်တော်က စီစဉ်ပေးခြင်းဖြစ်ပါသည်။ ရဲဘက်လူနာများကတော့ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါတို့ဖြင့် ဝေဒနာခံစားနေရပြီး မြစ်ကြီးနားဆေးရုံကြီးတွင် အားဆေးများသွင်း၍ လုံလောက်သော အနားယူမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်နိုင်စေရန် ဖြစ်ပါသည်။

ထိုနေ့ ယာဉ်တန်းကြီးမှာ ရှေ့တန်းစခန်း ကဝဘက်သို့ ရဲဘက်နဲ့ ပစ္စည်းများ သွားရောက်ပို့ဆောင်နေရသောကြောင့် စောင့်ဆိုင်းနေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြစ်ကြီးနားပြန်မည့် အရစ်ကား (Dotge) (၂)စီးအား ကျွန်တော်တို့ အသုံးပြုရန် ဗိုလ်မှူးကျော်ဝင်းက စီစဉ်ပေးပါသည်။ နောက်မှ ယာဉ်တန်းကြီးက စုစည်းပြီး၊ လိုက်လာကြမည်ဖြစ်ပါသည်။

ကျွန်တော်တို့ယာဉ်တန်း ထွက်ခွာမီ၊ နံနက် (၈)နာရီခန့် အချိန်တွင် ခလရ (၃၇) မှ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်း ရောက်ရှိလာပြီး ကျွန်တော့်အား နှုတ်ဆက်သည်။ ဖက်လဲတကင်း နှုတ်ဆက်ခြင်းဖြစ်သည်။ လက်တွင် ပတ်တီးကြီးဖြင့် နှုတ်ဆက်စကားပြောရင်း မျက်ရည်များလည်း စို့နေသည်။ အခုမှ ရှေ့တန်းစခန်းများတွင် အတူတကွ လက်တွဲနေထိုင်ကြ





သော ယူနီဖောင်းဝတ်များအချင်းချင်း တစ်ဦးကိုတစ်ဦး သံယောဇဉ်မည်မျှရှိကြသည်ကို ဖုံးကွယ်မနေနိုင်ဘဲ သရုပ်သဏ္ဍာန်အမှန် ပေါ်လာကြခြင်း ဖြစ်သည်။

ကျွန်တော်တို့အတွက် လမ်းခရီးတွင် အဖော်ရစေရန် ကျွန်တော်တို့၏ အပြန်ခရီးအတွက် ကျွန်တော်၏ ရုံးစာရေး မောင်ကျော်ဝေအား မြစ်ကြီးနားစခန်းသို့ ပြောင်းရွှေ့ရန် အပြီးအပိုင် ထည့်ပေးခြင်းလည်း ဖြစ်ပါသည်။ မုဆိုးကျော်ထွားနှင့် မောင်ဟန်တို့ကိုတော့ ခေါ်လျှင် ခေါ်သွားနိုင်ကြောင်း၊ ဗိုလ်မှူးက ခွင့်ပြုသော်လည်း ပြစ်ဒဏ်ကျ ရဲဘက်များဖြစ်ကြပြီး တောပျော်မုဆိုးဖြစ်ကြသောကြောင့် မြစ်ကြီးနားမြို့ပေါ်တွင် နေထိုင်တတ်ကြမည် မဟုတ်ပါ။

သူတို့၏ လွတ်မြောက်ရန် ရက်မှာလည်း (၃) နှစ်ခန့် အချိန်လိုသေးပြီး ၎င်းတို့ (၂)ဦးမှာ စခန်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ၏ အားကိုးအားထားရာ ဆေးဆရာများဖြစ်ကြသောကြောင့် စခန်း၌သာ ချန်ထားခဲ့ရပါတော့သည်။ ၎င်းတို့ (၂) ဦးမှာလည်း ကျွန်တော်နှင့် ခွဲခွာရမည်ဖြစ်သောကြောင့် သည်းထန်စွာ ငိုကြွေးကြရာ ကျွန်တော် အလွန်စိတ်မကောင်းဖြစ်မိပါသည်။

လောကတန်ထွာ လူတို့သဘာဝ မွေးလာသည်မှ သေသည်အထိ ခွဲခွာရတတ်သည်မှာ မမြဲတာတရားသဘောဖြစ်သောကြောင့် ခွဲခွာနှုတ်ဆက်ခြင်းကိုယ်စီမှာ အနိုက်အတန့် သဘောသဘာဝပင် ဖြစ်ပါတော့သည်။ ဗိုလ်မှူးကျော်ဝင်းက ကျွန်တော့်အား သူအမြတ်တနိုးထားဟန်တူသော နာရီကလေး (၁) လုံးကို လက်ဆောင်ပေးသည်။

ကျွန်တော်ကလည်း ကျွန်တော် အမြတ်တနိုးထားပြီး စာရေးရာတွင် အသုံးပြုသည့် (Parker) ဘောလ်ပင်လေးတစ်ချောင်းကို လက်ဆောင်ပြန်ပေးခဲ့ပါသည်။ စခန်းမှ ကျန်ရစ်ခဲ့သူ ဝန်ထမ်းများက ကျွန်တော့်အား ဝိုင်းဝန်းပြီး ကန်တော့ကြသည်။ အမှန်တကယ်လည်း ၎င်းဝန်ထမ်းအားလုံးမှာ ဤရှေ့တန်းစခန်းတွင် အစားအသောက်ဆင်းရဲပြီး K.I.A ၏ ရန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဌက်ဖျားနှင့် ဝမ်းရောဂါများကြောင့် အလုပ်မှ အပြီးအပိုင် ထွက်လိုကြသူများ ဖြစ်ကြပါသည်။

ဝန်ထမ်းအားလုံး အလုပ်မှထွက်ကျလျှင် စခန်းကြီး ပျက်သွားမည်စိုးသောကြောင့် ကျွန်တော်က တားမြစ်ထားသောကြောင့် ကျန်ရစ်ခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့်တော့ အထက်လူကြီးများနှင့် ဆက်ဆံရေး အဆင်မပြေသောကြောင့် ရှေ့ဆက်လုပ်လျှင်လည်း ကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုသာ ထိခိုက်မည်ဖြစ်ပြီး ရာထူးတိုးတက်၍ မိသားစုဘဝ ကောင်းစားမည်ဟု မယုံကြည်တော့ပါ။ ကျွန်တော်၏ အကျဉ်းထောင်အရာရှိ ဘဝတစ်ခုလုံး၌လည်း မိသားစုနှင့် လက်တွဲ၍ အေးချမ်းစွာနေရသည့်အချိန်မှာ အလွန်ရှားပါးပြီး လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း နယ်စွန်နယ်ဖျား တောတောင်အတွင်း၌သာ ကျင်လည်ကျက်စားရသည့် အချိန်ကာလက များပြားပါသည်။

ယခုတော့ ကျွန်တော် အလုပ်ကထွက်သည်နှင့် ဥစ္စာ၊ ရတနာများလည်း အသင့်ရရှိပြီးဖြစ်သောကြောင့် မြို့ပေါ်တွင် မိသားစုနှင့်အတူတကွ နေထိုင်၍ ချမ်းချမ်းသာသာ လုပ်ကိုင်စားသောက်၍ ချမ်းချမ်းသာသာ နေထိုင်နိုင်ရန် ကံဇာတ်ဆရာက အလှည့်ပေးလာပြီဖြစ်ပါသည်။ သို့သော် ရွှေငွေ၊ ရတနာ ဥစ္စာပစ္စည်းဆိုသည်မှာ ကံကြမ္မာအပြောင်းအလဲအရ တည်မြဲခြင်း မရှိတတ်ပါ။ အပြန်လမ်းခရီး၌ သောင်းကျန်းသူ K.I.A အဖွဲ့က ဖမ်းဆီးပြီး သိမ်းဆည်းလျှင်လည်း ကျွန်တော် ဇိုရင်းအတိုင်း လက်မဲ့ဖြစ်ရုံသာ ရှိပါသည်။ သို့သော် ဒီတစ်ခါတော့ ကံကိုယုံ၍ ဆုံးပုံနင်းပြီး စွန့်စားရပါတော့သည်။

ကျွန်တော့်တွင်လည်း မြစ်ကြီးနားစခန်းသို့ ထွက်လာစဉ်က အဝတ်အစား ကျွန်းသေတ္တာကြီးတစ်လုံးနှင့် ကျည်ဆန်ထည့်သော သံသေတ္တာတစ်လုံးသာ ပါရှိလာရာ ဒရမ (ဆွမ်ပရာဘွမ်) စခန်းသို့ ထွက်လာသောအချိန်တွင် ရှေ့တန်းသို့ ရောက်လျှင် အလုပ်မှထွက်ရန် အစီအစဉ်ရှိသောကြောင့် အဝတ်အစားများအား မြစ်ကြီးနားဈေးအတွင်းမှ ခရီးဆောင်လက်ဆွဲ





အိတ်တစ်လုံး ဝယ်ယူ၍ ထည့်သွင်းပြီး တိုလီမိုလီ အသုံးအဆောင်ပစ္စည်းများအား ကျည်ဆန်သေတ္တာအတွင်းသို့ ထည့်သွင်း၍ ဆောင်ယူလာခြင်းဖြစ်ပါသည်။ ယခု အပြန်ခရီးတွင်တော့ ကျည်ဆန်သေတ္တာကြီးက (၂)လုံးဖြစ်နေပါသည်။ အဝတ်အစားထည့်သော လက်ဆွဲအိတ်နှင့် တပည့်များကလမ်းခရီး၌ စားသုံးရန်အတွက် အကြော်အလှော် အခြောက်အခြမ်းများထည့်ပေးလိုက်သော ကြိမ်လက်ဆွဲခြင်း (၁)လုံးလည်း ပါရှိပါသည်။

အပြန် ကျွန်တော်တို့ သုံးသည့် Dotge ကား (၂)စီးမှာ ကျွန်တော်စခန်းထွက်စဉ်က အသုံးပြုရှင်းလင်းခဲ့သော မြစ်ကြီးနားအထွက် ရေလယ်အုံဘောကြွပြီး တပ်နှင့် ပြဿနာဖြစ်ခဲ့ရသည့် ယာဉ်မောင်းစစ်တပ်မှ တပ်ကြပ်ကြီး အငြိမ်းစားဦးထွန်းတင်၏ ဒေါ့ဂျစ်ကားပင် ဖြစ်ပါသည်။ နောက်တစ်စီးကတော့ အရပ်ကား အိမ်ရှည် ဒေါ့ဂျစ်ကားတစ်စီး ဖြစ်သည်။ ကျွန်တော် စစ်တပ်သုံး Cargo စစ်တပ်သုံး စစ်ကားကြီးများကို အသုံးမပြုခြင်းမှာလည်း ဒေသခံ သောင်းကျန်းသူ KIA များ ရန်မပြုစေရန်နှင့် ဆီစားများပြီး အလွန်နှေးကွေးသော စစ်ကားကြီးများကို အသုံးမပြုလိုသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ စခန်းကထွက်ပြီး တစ်နာရီကျော်ခန့်အတွင်း၌ပင် တီရန်စွပ်ဟူသော ရွာကြီးသို့ အလျင်အမြန် ရောက်ရှိပါသည်။ ကားနှစ်စီးမှာ ယာဉ်တန်းဖြင့် စောင့်ဆိုင်း၍ သွားရခြင်းမဟုတ်ဘဲ အပြန်ခရီးတာဝန်လည်း မကြီးမားသောကြောင့် ခရီးသွားရသည်မှာ လွန်စွာ အဆင်ပြေသည်။

တီရန်စွပ်ရွာတွင် ခလရ (၃၇)မှ ဗိုလ်မှူးကျော်ဝင်း ထည့်သွင်းပေးလိုက်သော ပစ္စည်းများကို ချပြီးသည်နှင့် ကျွန်တော်တို့ ခရီးဆက်ခဲ့ကြသည်။ လမ်းခရီးတွင် မကြာခဏ လမ်းဘေးမှထွက်၍ ယူနီဖောင်းဝတ်များက တားပြီး နှုတ်ဆက်ကြသည်။ ကျွန်တော်တို့ကတော့ K.I.A များအဖြစ်ဖြင့် လွန်စွာ စိုးရိမ်မိကြသော်လည်း အမှန်မှာ ခလရ (၃၇)မှ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်း ဝါယာလက်စက်ဖြင့် ညွှန်ကြားထားသောကြောင့် ကျွန်တော်



www.burmeseclassic.com

တို့ လမ်းခရီးလုံခြုံရေးအတွက် ကင်းပုန်းဝပ်၍ စောင့်ဆိုင်းနေကြသော စစ်သားများပဲ ဖြစ်ပါသည်။

ထို့ကြောင့် ခရီးစဉ်တစ်လျှောက်လုံး အန္တရာယ်ကင်းပါသည်။ ကျွန်တော်တို့အဖွဲ့ လုံခြုံရေးကောင်းမွန်ပြီး လမ်းခရီးရှိ အင်ဂျစ်ဟူသော ရွာတွင် (၁)ညတာ နားခို၍ အိပ်စက်ကြရသည်။ နောက်တစ်နေ့မနက်တွင် ဆက်လက်၍ ခရီးထွက်လာရာ တန်ဖရဲဟူသော ခလရ (၃၇) တပ်ရင်းစခန်းချသည့် ရွာကြီးသို့ ရောက်ရှိကြပါသည်။ အချိန်က ညနေ (၄)နာရီခန့် အချိန် ဖြစ်ပါသည်။ ထိုတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုယ်တိုင် ကျွန်တော်တို့အား ကြိုဆိုပါသည်။ ထိုဗိုလ်မှူးကြီးမှာ ရှေ့တန်းသို့လာလျှင် ကျွန်တော်တို့ ထောင်အရာရှိများနှင့် အင်္ဂလိပ်စကားလုံးစီ ကစားသော Scrabble ခေါ် ကစားနည်းကို လွန်စွာ ဝါသနာပါသူဖြစ်သည်။

ရှေ့တန်း၌ တိုက်ပွဲဖြစ်နေသော အချိန်အခါတွင်ပင် လည်ပင်း၌ အင်္ဂလိပ်စကားလုံး သစ်သားတုံးကလေးများ ထည့်သွင်းထားသော အဝတ်ရှုပ်အိတ်ကို လက်ကမချတတ်ကြောင်း သတင်းကြီးသူဖြစ်သည်။ လွန်စွာလည်း သဘောကောင်း၍ ဝါသနာတူသူခြင်း အလွန်ခင်မင်တတ်ပါသည်။ သူက စစ်သားကြီးဖြစ်ပြီး Scrabble ကစားနည်းကို အလွန်ဝါသနာပါသော်လည်း အရက်သေစာ မသောက်စားတတ်သောကြောင့် အလွန်ထူးဆန်းပါသည်။ လူတစ်ကိုယ် စရိုက်တစ်မျိုးဆိုသူမှာ ဤကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။

သို့သော် ထိုဗိုလ်မှူးကြီးမှာ ရှေ့တန်းတိုက်ပွဲများ ဆင်နွှဲရာတွင် လွန်စွာ သတ္တိကောင်းပြီး နာမည်ကြီးသူဟု သိရှိရပါသည်။ ဘာသာရေးကိုလည်း လွန်စွာ ကိုင်းရှိုင်းဟန်တူပါသည်။ ကျွန်တော်နှင့် တွေ့သောအခါ ဗိုလ်မှူးကြီးက ...

''ဦးသိန်းဝင်းရေ ... ခင်ဗျားလည်း အလုပ်က အငြိမ်းအပိုင်ထွက်ပြီလို့ သတင်းကြားရပါတယ်။ အဲဒါကြောင့် တာဝန်ဝတ္တရားတွေ မရှိတော့ဘူးမဟုတ်လား။ ဒီတစ်ညတော့ ကျုပ်စခန်းမှာ အိပ်စမ်းပါဗျာ။ ခင်ဗျားကိုလည်း ညှော်ခံရင်း စကားတွေလည်း ပြောကြရင်း Scrabble တစ်ပွဲလောက် ကစားကြရအောင်။ နောက်နေ့မနက်မှာလည်း အလွန်သာယာလှတဲ့ မြစ်ခုံကိုလည်း လိုက်ပို့ပြီး နေ့လယ်စာ ထမင်းကျွေးပါ့မယ်။ ညနေပိုင်းကျရင်တော့လည်း ကျွန်တော့်တပ်က စစ်ကားနဲ့ ခင်ဗျားတို့ စတည်းချမဲ့ မြစ်ကြီးနားက ပိုးဇာခြံစခန်းကို လိုက်ပို့ပါ့မယ်''





''ဟုတ်ကဲ့ပါ ... ဗိုလ်မှူးကြီး။ ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်က အလုပ်က ထွက်လာပြီဆိုပေမယ့် တာဝန်ဝတ္တရားက ရှိပါသေးတယ်။ နောက်ပိုင်း ပိုးဇာခြံစခန်းရောက်မှ လက်မှတ်ထိုးပြီး နုတ်ထွက်စာက အသက်ဝင် အတည်ဖြစ်မှာပါ။ အခုအချိန်မှာတော့ ကျွန်တော့်မှာ ထောင်မှူးကြီးတာဝန် ရှိပါသေးတယ်။ အဲဒီတာဝန်အရ အခု ကျွန်တော်တို့ ကားပေါ်မှာ သေကောင်းပေါင်းလဲ ရောဂါဝေဒနာ ခံစားနေရတဲ့ ရဲဘက်နဲ့ ဝန်ထမ်းလူနာတွေ ပါလာခဲ့တာမို့ အဲဒီလိုတွေကို အသက်ရှင်ရေးအတွက် မြစ်ကြီးနားဆေးရုံကြီးကို ပို့ပေးရမှာ ကျွန်တော့်ရဲ့ အဓိက အလုပ်တာဝန်လို့ ခံယူထားပါတယ်။ ဒါကြောင့် ဗိုလ်မှူးကြီးရဲ့ ဖိတ်ခေါ်ချက်ကို ဝမ်းနည်းစွာနဲ့ ငြင်းပယ်ပါရစေခင်ဗျား''

''အေးဗျာ ... ဒါလည်း ဟုတ်တာပဲ။ ကျွန်တော်ကတော့ ခင်ဗျားကို တွေ့တာနဲ့ အပေါင်းအသင်းဟောင်းတစ်ယောက်ကို တွေ့ရသလို ဝမ်းသာမိတာကြောင့် လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်မိတာပါ။ ခင်ဗျားက ဘယ်တော့ပြည်မကို ပြန်မှာလဲ။ သကြိန်က ကျတော့မယ်ဆိုတော့ ပြည်မကို မပြန်ဖြစ်သေးရင် ကျွန်တော် ခင်ဗျားတို့စခန်းကို လာတွေ့ဦးမယ်''

''ဟုတ်ကဲ့ပါ ... ဗိုလ်မှူးကြီး။ ကျွန်တော်လည်း အလုပ်တွေကို လွှဲပြောင်းအစီရင်ခံပြီးမှ ပြည်မကို ပြန်ရမှာဆိုတော့ ပြန်ရမဲ့ရက်ကို အသေအချာ မသိသေးပါဘူး။ သကြိန်တွင်းမှာ မြစ်ကြီးနားမှာ ရှိဖို့ များပါတယ်။ သကြိန်ကလည်း နက်ဖြန်သဘက်ဆို ကျတော့မှာလေ''

''အေးဗျာ ... ဝါသနာတူချင်း ပညာသင်ရင်း ပြန်တွေ့ချင်စေလှပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို အထင်သေးမိတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့က အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဝပြီး Scrabble ကစား



www.burmeseclassic.com

www.burmeseclassic.com



ရမှာ အမှတ်ယူတတ်ပုံကတော့ အလွန်ပညာပါပြီး အတုယူမှတ်သားဖို့ ကောင်းလှပါတယ်။ ဒီမြို့ မြစ်ကြီးနား တပ်စခန်းတွေမှာတော့ ကျွန်တော်က Scrabble ကစားရာမှာ ထိပ်ပဲဗျ။ ခင်ဗျားတို့နဲ့ ယှဉ်တော့သာ ထိပ်ကနေ ဘိတ်ဖြစ်သွားတာ''

''ဒီလိုပါပဲ ... ဗိုလ်မှူးကြီးရယ်၊ ပညာဆိုတာ ကစားရင်း သင်သွားတာ။ အင်္ဂလိပ်စာ ဘယ်လောက်တော်တော် ဒီကစားနည်းက ဘယ်နေရာမှာ ဘယ်စကားလုံးကို ဆက်ရင် ကိုယ့်မှာရှိတဲ့ စကားလုံးလေးနဲ့ ဘယ်လို အမှတ်ရနိုင်တယ်ဆိုတာ တွက်ချက်ပြီး အမှတ်ယူတတ်ဖို့ အရေးကြီးပါတယ်။ အဲဒါ ဒီကစားနည်းရဲ့ လျှို့ဝှက်ချက် ပညာပါပဲ''

''အေးဗျာ ... ခင်ဗျားတို့လိုလူတွေနဲ့ တွေ့ရတာ အလွန်ဝမ်းသာပါတယ်။ ဒါပေမဲ့ ခင်ဗျားပြန်လာမယ်ဆိုလို့ သတင်းကြားတာနဲ့ ကျွန်တော် အမျှော်လင့်ကြီး မျှော်လင့်နေတာ ကစားပွဲမှာ မဆုံလိုက်ရတော့ ဝမ်းနည်းပါတယ်ဗျာ''

''ဟုတ်ကဲ့ ... ဗိုလ်မှူးကြီး၊ ကျွန်တော် နှုတ်ဆက်ပါတယ်''

ကျွန်တော်က ယူနီဖောင်းဝတ်ပီပီ အကျအန အလေးပြုတော့ ဗိုလ်မှူးကြီးကလည်း 'လေးစားပါတယ်ဗျာ' ဟု ပြောဆိုကာ ပြန်လည်အလေးပြုပါသည်။

သို့နှင့် ကျွန်တော်တို့ယာဉ်နှစ်စီး တန်ဖရဲရှာ ခလရ (၃၇) တပ်ဂိတ်မှ မြစ်ကြီးနားမြို့ဘက်သို့ ဦးတည်ပြီး ကတ္တရာလမ်းကြောင်းအတိုင်း စတည်းချရမည့် ပိုးဇာခြဲရဲဘက်စခန်းဆီသို့ မောင်းနှင်ပြီး ပြန်ခဲ့ကြပါတော့သည်။ ဤခရီးမှာ အသွားတုန်းက လမ်းခရီး၌ (၆)ညအိပ် (၇) ရက်တိုင်တိုင် ယာဉ်တန်းကြီးဖြင့် တလှုပ်လှုပ်သွားခဲ့ရသော်လည်း ယခုတော့ ကျွန်တော်တို့ စက်အားကောင်းသော အရပ်သားပိုင် ဒေါ့ဂျ်ကားနှစ်စီးဖြင့် လွတ်လွတ်လပ်လပ် လျင်မြန်စွာ မောင်းနှင်နိုင်သောကြောင့် ဆွမ်ပရာဘွမ်၊ မြစ်ကြီးနားမြို့ခရီးစဉ်ကို လမ်းတွင် တစ်ညအိပ် (၂)ရက်ခရီးဖြင့် ပြန်လည်ရောက်ရှိလာပါတော့သည်။





ပိုးဇာခြဲရဲဘက်စခန်းတွင် ကျွန်တော်နှင့် တပည့်ထောင်မှူးအောင်ကြီးတို့ အလုပ်တာဝန် လွှဲပြောင်းရင်း အပြန် မီးရထားလက်မှတ် စောင့်ဆိုင်းရင်းဖြင့် သကြိန်တစ်တွင်းလုံး အချိန်ကုန်ရပါသည်။ မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင်မှ ရထားလက်မှတ်ရရှိသောကြောင့် မြစ်ကြီးနား၊ မန္တလေး အစုန်ရထားကြီးဖြင့် ပြန်ဆင်းခဲ့ကြပါတော့သည်။ မန္တလေးဘူတာသို့ ရောက်ရှိသောအခါ၌လည်း ရန်ကုန်သို့ ပြန်ဆင်းရန် ရထားလက်မှတ်က မရနိုင်ပြန်ပါ။ ထို့ကြောင့် မန္တလေးထောင်သို့ အကူအညီတောင်းပြီး လာကြိုတော့ Hino Ranger ကားဖြင့် ထိုအချိန်က နန်းတွင်းရှိ မန္တလေးထောင်ဟောင်းသို့ သွားပြီး ညအိပ်ကြရပါသည်။

မန္တလေးထောင်မှ ထောင်အရာရှိများက ကြိုဆိုကြပါသည်။ ရာထူးမှ နှုတ်ထွက်ခြင်းအတွက်လည်း ဝမ်းနည်းစကား ပြောကြပါသည်။ ကျွန်တော်တို့ မြစ်ကြီးနားမြို့သို့ အသွားခရီး၊ မန္တလေးမြို့ဟောင်းဘူတာတွင် ရိက္ခာများတင်၍ အကူအညီပေးပြီး နှုတ်ဆက်သော ကျွန်တော်၏ အပတ်စဉ်တူ သူငယ်ချင်းထောင်မှူးကြီး ဦးမြဦးမှာ ကျွန်တော်နှင့် တွေ့သည့်အခါ ဝမ်းနည်းဝမ်းသာ စကားပြောကြပြီး ပညာတတ်ဘွဲ့ရ ယောကျ်ားတစ်ယောက်ဖြစ်သောကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တွေပေါ်များကြောင်း စိတ်ဓာတ်မကျရန်နှင့် အားပေးစကား ပြောကြားပါသည်။

အမှန်တော့လည်း ကျွန်တော်တို့၏ အကျဉ်းဦးစီးဌာန ဝန်ထမ်းအရာရှိများမှာ (၂၄)နာရီပတ်လုံး တာဝန်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ဝင်ဖြစ်သောကြောင့် စည်းနဲ့ကမ်းနဲ့ ဘောင်နှင့်စနစ်နှင့် တာဝန်ဆိုတာကြီးမှာ လွန်စွာ ကြီးလေးလှပါသည်။ ဤအလုပ်ကို ရရှိအောင်လုပ်ရသည်က လွယ်ကူခြင်းမရှိသလို တာဝန်ထမ်းဆောင်ချိန်၌လည်း လွန်စွာ တာဝန်ကြီးမားကြောင်း ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့် နှစ် (၂၀)ခန့် အတွေ့အကြုံများက ပြန်လည်ပြောပြနေပါသည်။

သူ့ဆန်စား ရဲရပြီး အစိုးရဝန်ထမ်း ယူနီဖောင်းဝတ် လက်နက်ကိုင်ရမည်။ အကျဉ်းသား၊ အချုပ်သား ရာ, ထောင်, သောင်း၍ အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသော ကျွန်တော်တို့၏ အလုပ်တာဝန်မှာ မည်သည့်အစိုးရဝန်ထမ်း အလုပ်သမားများနှင့် မတူညီပါ။ မြို့များအပြင် မြန်မာပြည်အနှံ့ တောတောင်များအတွင်း နေထိုင်သွားလာပြီး အစိုးရစရိတ်ဖြင့် တာဝန်ထမ်းဆောင်ရခြင်းကတော့ ကျွန်တော်တို့အတွက် ဗဟုသုတအတွေ့အကြုံ စုံလင်စွာ ရရှိစေနိုင်သော အခွင့်အလမ်းကောင်းကြီး ဖြစ်ပါသည်။

သို့သော် ယခုတတ်မှ ရတက်လိမ့်မည်ဖြစ်ပါသည်။ ကျွန်တော်ကတော့ ပဉ္စမတန်းကတည်းက နေ့စဉ်မှတ်တမ်းရေးသားသော အလေ့အကျင့်ကြောင့်လည်းကောင်း၊ စာဖတ်အားနှင့် အတွေ့အကြုံများသော အကြောင်းအရာများကြောင့်လည်းကောင်း စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့သည်ဟုလည်း တင်ပြလိုပါသည်။ ကျွန်တော် ကြုံတွေ့ခဲ့သော အကျဉ်းထောင်နှင့် အလုပ်စခန်းများတွင် စိတ်တူကိုယ်တူ ချစ်ခင်ကြင်နာစွာ ပေါင်းသင်းဆက်ဆံနေထိုင်လာခဲ့သော သစ္စာရှိသော တပည့်ရဲဘက်မှဆိုးများအား သတိတရ ခင်မင်လေးစားသောအားဖြင့် အမှတ်တရ ဤဝတ္ထုကို ရေးသား၍ မှတ်တမ်းတင်ခြင်းဖြစ်ပါကြောင်း . . .

ပရိသတ်အား အစဉ်လေးစားစွာ
ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC

www.burmeseclassic.com